
ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန

ကုန်ဆုံးခြင်းတရားတော်

(အထက်တန်းအဆင့်)



သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၃၈ ကောဇော ၁၃၅၆ ခရစ် ၁၉၉၄

၂/၁၄၇

၂.၂ ၉၈၅


ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန

ဗုဒ္ဓဘာသာ

တရားဓမ္မတော်

(အထက်တန်းအဆင့်)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး-ရန်ကုန်



သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၃၈ ကောဇာ ၁၃၅၆ ခရစ် ၁၉၉၄

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးထွန်း
မှတ်ပုံတင်အမှတ်(ဝ၂၄၀၅/ဝ၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

နိဒါန်း

ဗုဒ္ဓဘာသာတရားတော်(အခြေခံအဆင့်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်များ ရေးသားပြုစုသည့် "ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်)" စာအုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာနက ၁၉၉၄-ခုနှစ်၊ ဇူလိုင်လတွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်၊ အကြံပေးပုဂ္ဂိုလ်များသည် မူလတန်း၊ အလယ်တန်း၊ ကျောင်းသားအရွယ် ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ်များ သင်ကြားရန် ဗုဒ္ဓဘာသာသင်ခန်းစာအဖြစ် ရည်ရွယ်၍ ထိုစာအုပ်ကို ရေးသားပြုစုခြင်းဖြစ်၏။

ထိုစာအုပ်တွင် ဗုဒ္ဓဘာသာဝင်မှန်သမျှ လေ့လာသင်ယူ၍ လိုက်နာပြုကျင့်ရမည့် ဗုဒ္ဓဘာသာ အခြေခံတရားတော်များကို ရေးသားပြုစုထားသည်။ ထိုအခြေခံ သင်ခန်းစာများအတိုင်း သင်ယူလိုက်နာသော ဗုဒ္ဓဘာသာဝင် တစ်ယောက်ကို အခြေခံ ကောင်းသော၊ အခြေခံခိုင်မာသော ဗုဒ္ဓဘာသာဝင်ဟု ခေါ်ဆိုနိုင်ပါသည်။

မိမိတို့ကိုးကွယ်နေသည့် မြတ်စွာဘုရား၏အကြောင်းအရာများကို စွမ်းနိုင်သမျှ၊ လေ့လာသိရှိထားကြရမည်မှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ ပထမဆုံးလိုအပ်ချက်ဖြစ်၏၊ မြတ်စွာဘုရား၏ အကြောင်းအရာများကို

သိလာရသည့်အခါ အသိဉာဏ်ဦးစီးသော ယုံကြည်မှု ကြည်ညိုမှု ဖြစ်လာနိုင်၏၊ "အဘယ်ကြောင့် မြတ်စွာဘုရားကို ကိုးကွယ်ရသည်၊ ရှိခိုးရသည်" ဆိုသည်ကို ကြည်ကြည်လင်လင် သိမြင်လာကာ တစ်စုံတစ်ယောက်သော သူက မေးလာလျှင်လည်း ကောင်းစွာ ဖြေကြားနိုင်၏ ဖြေကြားနိုင်ဖို့လို၏။

ထို့ကြောင့် ထိုအခြေခံအဆင့်တွင် ဗုဒ္ဓရတနာအကြောင်းကို အလေးအနက်ထား၍ ဗုဒ္ဓဝင် အခန်းတစ်ခန်းဖွင့်ကာ ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။

သို့မှသာ မိမိတို့ကိုးကွယ်သော ဘုရားသည် ဘုရားအမျိုးမျိုးရှိကြသည့်အနက် မည်သို့သော ဘုရားဖြစ်သည်ကို ခြေခြေမြစ်မြစ် နားလည်သူ၊ ပြောပြနိုင်သူ ဖြစ်လာမည်။

ဗုဒ္ဓဘာသာတရားတော်(အထက်တန်းအဆင့်)

ယခု အကြံပေးပုဂ္ဂိုလ်များ ရေးသားပြုစု ထုတ်ဝေလိုက်သည့် "ဗုဒ္ဓဘာသာတရားတော်(အထက်တန်းအဆင့်)" စာအုပ်၌မူ ဘုရားရတနာ၊ သံဃရတနာတို့ထက် ဒါန သီလ ဘာဝနာစသော ကိုယ်ကျင့်ပိုင်းဆိုင်ရာ ဓမ္မရတနာကို အလေးအနက်ပြု၍ ရေးသားပြုစုထားပါသည်၊ အထက်တန်းကျောင်းသားနှင့် တက္ကသိုလ်ကျောင်းသား ဗုဒ္ဓဘာသာဝင် လူလတ်ပိုင်းများ လေ့လာသင်ကြားရန် ရည်ရွယ်ပါသည်။

အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဦးကျော်ထွတ်၊ ဦးစဝ်ထွန်းမုတ်ဝင်း၊ ဦးအေးနိုင်၊ ဦးထွန်းလှိုင်၊ ဦးရွှေအောင်၊ ဦးသောင်းလွင်၊ ဦးဌေးလှိုင်နှင့် ဒေါက်တာမင်းတင်မွန်တို့က ဤဗုဒ္ဓဘာသာတရားတော်(အထက်တန်းအဆင့်) စာအုပ်ကို ရေးသားပြုစုကြရာ၌ လိုလေသေးမရှိ၊ အချိန်မီပြီးစီးအောင် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်ခင်တို့၏ စိမ့်ညွှဲနှံကြားချက်အရ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့မောင်နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်တို့က ရုံးလုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်သည် များကို ပံ့ပိုးပေးကြပါသည်၊ ဦးဆောင်သိန်းညွှန့်၊(လက်ထောက် ညွှန်ကြားရေးမှူး)၊ ဦးမြင့်စိန် (ရုံးအုပ်) တို့၏ အနီးကပ် စိမ့်ပံ့ပိုးမှုအရ

ကျမ်းပြုစာတည်းများ ဖြစ်ကြသော ဦးစိုးတင့်၊ ဦးကိုကိုမြိုင်၊ ဦးမြင့်သန်း၊ ဦးလှသိန်းထွတ်၊ ဦးခင်ကျော်၊ ဦးဌေးဆောင်၊ ဦးသူရ၊ ဦးမြင့်ထွန်းတို့၏ စာပေရေးသား ပြုစုမှု အကူအညီကို ရယူခဲ့ကြသည်။

ရှိုတိုးမွားလာမည့် ဘာသာရေးအသိများ

ဗုဒ္ဓဘာသာ သင်ခန်းစာများကို လေ့လာသင်ကြားသူများအား၊ ကြိုတင်၍ ဤစာအုပ်နှင့် မိတ်ဆက်ပေးပါဦးမည်။ ဤစာအုပ်တွင် အခန်း(၁၃)ခန်း ခွဲထားသည်။

အခန်း(၁)တွင် "ပါဠိဖတ်နည်း၊ ပါဠိဆင့်ဖတ်နည်း"တို့ကို ရေးသား ကင်ပြ ထားသည်။ ဗုဒ္ဓဘာသာဝင်များသည် သရဏဂုံယူခြင်း၊ သီလခံယူ ဆောက်တည် ခြင်းတို့မှစ၍ ပါဠိလိုယူကြရ၏၊ ဓမ္မစကြာ၊ အနတ္တက္ခဏသုတ်၊ ပဋိစ္စသမုပ္ပါဒ်၊ ပဌာန်းနှင့် အနှစ်ရာယ်ကင်း ပရိတ်ဂါထာတော်များကိုလည်း ပါဠိလိုပင် ရွတ်ဖတ်သရဇ္ဈာယ်ကြရသည်။ ထို့ကြောင့် ပါဠိဘာသာ ဝေါဟာရ တို့ကို စနစ်တကျ ပီပီသသ ရွတ်ဖတ်တတ်ရန် အထူးလိုအပ်၏။ ဤ 'ပါဠိဖတ်နည်း၊ ပါဠိဆင့်ဖတ်နည်း'သည် ပါဠိဘာသာ လေ့လာလိုက်စား လိုသူများအတွက်လည်း အထောက်အကူ ပြုပါလိမ့်မည်။

အခန်း(၂) တွင် အခြေခံအဆင့်၌ မဖေါ်ပြရသေးသော သုံးလောက ထွတ်တင် သဗ္ဗညုဘုရားရှင်၏ ကြည်ညိုဖွယ်ရော ပါရမီတော် ၁၀-ပါး၊ ဉာဏ်တော်၊ လက္ခဏာတော်နှင့် 'အောင်ခြင်းရှစ်ပါး'တို့ကို တင်ပြထားပါသည်။

သို့မှသာ ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်သော မြတ်စွာဘုရားသည် စိတ်ကူးဖြင့် မှန်းဆရုံသော ဘုရားမဟုတ်၊ သမိုင်းကြောင်း ရှိခဲ့လုံးသော၊ ကျင့်စဉ်ရှိသော၊ ကြောင်းကျိုးဆိုလျော်စွာ ပွင့်ပေါ်လာရသော ဘုရားဖြစ်ကြောင်း ၃၂-ပါးသော လက္ခဏာတော်များ၏ ကြောင်းကျိုး သဘာဝများကို ဆင်ခြင်၍ ဘုရားရှင်ဟူသည် အများအကျိုးဆောင်မှု၊ အနစ်နာခံမှု၊ ကုသိုလ်

ကောင်းမှုမှန်သမျှတို့၏ စံပြ ရုပ်ပုံလွှာတော်ကြီးပင် ဖြစ်ကြောင်းကိုလည်း ကြည်ညိုအားကျစိတ်များ ဖြစ်ပွားလာကြမည် ဖြစ်ပါသည်။

အခန်း(၃)တွင် ရတနာသုံးပါး၊ ဂုဏ်တော်ဖွင့်များ၊ ဂုဏ်တော်ပွားများနည်းနှင့် အကျိုးများ၊ သရဏဂုံနှင့် ဥပါသကာအကြောင်းများကို ကိုးကွယ်မှု သမိုင်းကြောင်းနှင့်တကွ စုံလင်စွာ တင်ပြထားပါသည်။ 'မလွဲမှားနိုင်သော ကိုးကွယ်ရာ' (အပဏ္ဏက သရဏ)ကို ရရှိထားဖို့ အရေးကြီးလှသောကြောင့် ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာနှင့်အဝန်း ထေရဝါဒဗုဒ္ဓဘာသာကို စိတ်ပါဝင်စားသူများ၊ ဗုဒ္ဓဘာသာကူးပြောင်းခံယူသူများ တနေ့တခြား တိုးပွားလာနေသဖြင့် ထေရဝါဒဗုဒ္ဓဘာသာခံယူပုံကို ခြေခြေမြစ်မြစ် တိတိကျကျ သိရှိထားရန် အထူးလိုအပ်နေပါသည်။

ထို့ပြင် 'ဗုဒ္ဓဘာသာဝင် အစ သရဏဂုံက' ဆိုသည့်အတိုင်း သရဏဂုံတည်မှ ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်သောကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်ရေးတွင် သရဏဂုံ၏ အလွန်အရေးကြီးပုံကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်လာလျှင် ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူ 'ဥပါသက' မည်တော့သဖြင့် ဥပါသကာတို့၏ ကိုယ်ကျင့်သိလ၊ ဥပါသကာတို့၏ ပျက်စီးကြောင်းနှင့် ဥပါသကာဂုဏ်ရည်၊ ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက် ဆောင်ရန် ရှောင်ရန်တို့ကို လည်း စိတ်ဝင်စားဖွယ်ရာ လေ့လာကြရမည် ဖြစ်ပါသည်။

အခန်း(၄)ကား 'က် နှင့် က်၏အကျိုး'တို့ကို တင်ပြထားသော အခန်းဖြစ်သည်။ က်နှင့် က်၏အကျိုးတို့ကို သိမြင်ယုံကြည်မှ ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်သောကြောင့် 'က်'သည် ဗုဒ္ဓဘာသာဝင်များအတွက် အခြေခံ ပင်မသဘောထား ဖြစ်၍ အလွန်အရေးကြီးသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း မိမိယုံကြည်လက်ခံထားသည့် က်၏အကြောင်းကိုလည်း စွမ်းနိုင်သမျှ သိထားသင့်ကြ၏။

သို့ရာတွင် က်မည်သည် အထွေထွေ အပြားပြား အလွန်များ၏၊ ပြောဖွယ် သိဖွယ် အလွန်ကျယ်၏၊ သို့ဖြစ်၍ ဤအခန်းတွင် က်နှင့် က်၏အကျိုးပေးပုံ၊ သတ္တဝါတို့ စုတေပုံ၊ ပဋိသန္ဓေနေပုံတို့ကို ကြောင်းကျိုး

ဝတ္ထု သာဓကများနှင့်တကွ မကျဉ်းမကျယ် ဖော်ပြထားရာ လေ့လာသင်ကြား သူများ အဖို့ ကဲ့အကြောင်းကို အခြေခံကျကျ သိရှိနိုင်ကြမည်ဖြစ်သည်။ တဖန် ဗုဒ္ဓအဘိဓမ္မာအမြင်ဖြင့် တမလွန်ဘဝနှင့် ထာဝရဝိညာဉ် (အ်တ္တ) ရှိ မရှိကိုလည်း စိစစ်ထားရာ မိရိုးဖလာအရ လက်ခံထားရသော မိမိတို့ အယူဝါဒအပေါ်၌ အမြင်မကြည်လင်သူ၊ အမှန်ကို ရှာဖွေနေသူများအတွက် အထောက်အကူ ပေးပါလိမ့်မည်။

သို့မှသာ မသေချာသော၊ မမြင်ရသော တန်ခိုးရှင်ကို အားကိုးမည့်အစား မိမိကိုယ် ·မိမိ အားကိုးမှု အခြေခံကောင်းရ၍ အရာရာ၌ အတ္တလွန်ကဲမှု ကင်းဝေးလာမည်။ သာသနာတော်နှင့်ကြုံရသောအခါ အကောင်းဆုံးသော အလုပ် (ဘာဝနာ ကံ)များကို လုပ်ချင်လာမည်၊ မိမိ သူတပါးအကျိုးများအောင် ဘာလုပ်ရမည်ကို တိတိကျကျ သိမြင်လာမည်ဖြစ်ပါသည်။

အခန်း(၅)တွင် ပုညကြိယာဝတ္ထုဆယ်ပါးနှင့် ဒါနအကြောင်းတို့ကို ဖော်ပြထားပါသည်၊ ဗုဒ္ဓဘာသာဝင်တိုင်းသည် ပုညကြိယာဝတ္ထုဆယ်ပါးလုံးကို သိရန် ·အလွန်အရေးကြီး၏၊ ဗုဒ္ဓဘာသာဝင်တို့၏ အနှစ်သာရကား ကျင့်စဉ်တရား ဖြစ်၏။ ပုညကြိယာဝတ္ထုတွင် ဗုဒ္ဓဘာသာ၏ ကျင့်စဉ်တရားများ ဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးလုံး အပြည့်အစုံပါ၏။ ထို့ကြောင့် ပုညကြိယာဝတ္ထုဆယ်ပါးကို လေ့လာလျှင် ဗုဒ္ဓဘာသာ၏ အနှစ်သာရဖြစ်သည့် ကျင့်စဉ်တရားအားလုံးကို သိရှိနားလည်မည် ဖြစ်ပါသည်။

ဒါနခန်းကို လေ့လာသည့်အခါ ဒါနအဓိပ္ပါယ်နှင့် ဒါနအမျိုးမျိုးတို့ကို သဘောပေါက် နားလည်သွားမည့်အပြင် ဒါန၏ အကျိုးတရားများနှင့် ဒါန၏ အကျိုးပြဝတ္ထုများကို သိရသောကြောင့် အလှူဒါန ပြုလိုစိတ်များ ကူညီပေးကမ်းလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ပြင် ဒါနပြုရာ၌ စိတ်ထားနည်း၊ အကျိုးကြီးသော ဒါနနှင့် အကျိုးနည်းသောဒါနတို့ကို ခွဲခြား သိမြင်သွားသဖြင့် အလှူဒါနကို အကျိုးကြီးအောင် စနစ်တကျ ပြုတတ်လာနိုင်ပါသည်။

ဤမှလည်း မိမိချွေးနှင့် ရင်းနှီးကာ ရှာဖွေထားသော ပစ္စည်းဥစ္စာများကို သာသနာအတွက်၊ တိုင်းပြည်နှင့်လူမျိုးအတွက် ထာဝရ အကျိုးဖြစ်ထွန်းရစ်ရန်အောင် ကျေကျေနပ်နပ် စွန့်လွှတ်နိုင်သူများ ဖြစ်လာနိုင်ပါမည်။

အခန်း(၆) ကား သီလအမျိုးမျိုးကို၊ မကျဉ်းမကျယ် တင်ပြထားသည့် အခန်းဖြစ်၏။ ကိုယ်မှု၊ နှုတ်မှုတို့ကို ထိန်းသိမ်း စောင့်စည်းရသောကြောင့် သီလသည် လူတို့၏ ကိုယ်ကျင့်တရား ဖြစ်၏။ ဗုဒ္ဓဘာသာတွင် ကိုယ်နှုတ်တို့ကို စောင့်စည်းမှု မပြုရသော ဒါနထက် ကိုယ်နှုတ် တို့ကို စောင့်စည်း ထိန်းသိမ်းရသော သီလက ‘ပို၍ အရေးပါသည်၊ ပို၍လည်း အကျိုးကြီးသည်။ ဗုဒ္ဓဘာသာဝင်များသည် ဤအခန်းကို လေ့လာသင်ယူလျှင် သီလ၏ ကျိုးပေါက်, ကြောက်, ကြားပုံ၊ သီလ၏ ညစ်နွမ်းပုံနှင့်၊ သီလ၏ အကျိုးကြီးပုံတို့ကို စုံစုံလင်လင် သိရှိနားလည်သွားမည်။ ယင်းသို့ နားလည်သဖြင့် သီလကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်လာမည့်အပြင် မိမိစောင့်ထိန်းသော သီလကိုလည်း မကျိုးမပေါက်, မပြောက်, မကြားအောင်၊ မညစ်နွမ်းအောင် ကောင်းမွန်စွာ စောင့်ထိန်းတတ်မည် ဖြစ်ပါသည်။

သို့မှလည်း နောင်တခေတ် တိုင်းပြည်ကို ဦးဆောင်မည့် စာရိတ္တ ခိုင်မာသော သားကောင်း သမီးကောင်း ရတနာများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

အခန်း(၇)တွင် ဘာဝနာတရား ပွားများနည်းများကို ဖော်ပြထားပါသည်။ ယခုအချိန်ကား မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအရပ်ရပ်၌လည်း သမထဘာဝနာ ဝိပဿနာဘာဝနာတရားများကို အားထုတ်ပွားများနေကြချိန်ဖြစ်၏။

ဤအခန်းတွင် တင်ပြထားသော ဘာဝနာပွားများနည်းများသည် ပို၍ အခြေခံကျကာ တရားအားထုတ်လိုသူနှင့် တရားအားထုတ်နေသူ ယောဂီ ပုဂ္ဂိုလ်များအား များစွာ ကျေးဇူးပြုမည်ဖြစ်ပါသည်။ အထူးသဖြင့် ကမ္မဋ္ဌာန်း အားထုတ်သူတိုင်း မလုပ်မနေရ၊ စတုရာရက္ခကမ္မဋ္ဌာန်း (အစောင့်အရှောက် တရား) လေးပါး ပွားများအားထုတ်ပုံကို ဖော်ပြပေးထားသည်။

သို့မှသာ က် က်၏အကျိုးကို ယုံကြည်ကာမျှသာဖြစ်သော အခြေခံ ဗုဒ္ဓဘာသာဝင် (ကမ္မဿကတာ သမ္မာဒိဋ္ဌိ) အဆင့်မှ ကြောင်းကျိုး ရုပ်နာမ်ကို ကိုယ်ပိုင်သိသော 'ဝိပဿနာဉာဏသမ္မာဒိဋ္ဌိ' အဆင့်မြင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာမည်၊ ပို၍ အခြေခံခိုင်မာသူ ဖြစ်လာမည်။

အခန်း(၈)တွင် အထက်တန်းအဆင့်နှင့် သင့်လျော်သော အဘိဓမ္မာ တရားဆော်များကို တင်ပြထားပါသည်။ အဘိဓမ္မာသည် ဗုဒ္ဓဘာသာဝင်များအဖို့ မလွဲမသွေတတ်သိနားလည်ထားရမည့် သဘာဝတရားတော် ဖြစ်၏။ အဘိဓမ္မာတရားတော်ကို တတ်သိနားလည်မှ အခြေခံခိုင်မာသော ကိုယ်ခံအား ကောင်းသော ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဤအထက်တန်းအဆင့်တွင် အခြေခံနှင့်လျော်ညီစွာ အဘိဓမ္မာသဘောတရား များကို တင်ပြထားခြင်းဖြစ်ပါသည်။

သို့မှသာ မိမိတို့ နေ့စဉ်နေ့တိုင်း ပြောဆို၊ လုပ်ကိုင်မှု စိတ်နေစိတ်ထား များနှင့် တရားထိုင်၍ သိလာသောအသိများ၊ စိတ်ဝင်စားဖွယ် ကောင်းလှသော ရုပ်နာမ်သဘာဝများကို ဘုရားဟော အဘိဓမ္မာနှင့် ညှိနှိုင်းချိန်ဆနိုင်မည် ဖြစ်ပါသည်။

အခန်း(၉)ကား တန်ခိုးထက်မြက်သည့် နှုတ်ငုံဆောင်ဂါထာတော်များကို စုစည်း ဖော်ပြထားသော အခန်းဖြစ်သည်။ ဗုဒ္ဓဂါထာတော်များကို ရွတ်ဆိုမှုသည် မျက်မှောက်ခေတ်၌ ဗုဒ္ဓဘာသာဝင် အများစုတို့ ပြုလုပ်နေကြသော ကုသိုလ်မှုတစ်ခုဖြစ်၏။ ထိုကုသိုလ်သည် ဖြစ်ဆဲ ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့ကို ဖယ်ရှားနိုင်ခြင်း၊ ဖြစ်လတ္တံ့သော ဘေးအန္တရာယ်တို့ကို မဖြစ်အောင် ကာကွယ်နိုင်ခြင်း၊ လာဘ်လာဘ ရာထူး ဂုဏ်သိန် တိုးပွားခြင်း စသည့် အကျိုးတရားများ ဖြစ်ပွားနိုင်ကြောင်း၊ ဂျမ်းဂန်များ၌ ဝတ္ထုသာဓကများ ရှိ၏။ မျက်မှောက်လောကဘဝလည်း ကိုယ်တွေ့ဝတ္ထုသာဓကများ ရှိ၏။ ထို့ကြောင့် ဂါထာရွတ်ဆိုမှု၊ အနက်အဓိပ္ပါယ် ဆင်ခြင်စိတ် ကပ်၍ပါသော ဘာဝနာမှုကုသိုလ်စုကို ပြုလုပ်လိုသူတို့ ပြုလုပ်နိုင်ရန် အခန်းတစ်ခန်း ဖွင့်ကာ နှုတ်ငုံဆောင် ဘုရားဟော ဂါထာတော်အချို့ကို ရွေးချယ်ကောက်နုတ်၍ စုစည်းတင်ပြထားခြင်း ဖြစ်သည်။

သို့မှသာ နေ့စဉ် ရုန်းကန်လှုပ်ရှား သွားလာလုပ်ကိုင်ကြရာ၌ ဘေးဆီး ရန်ကာ အရာရာ အောင်မြင်မှုအတွက် လက်နက်တစ်ခုပမာ၊ အားကိုးရာ အဖော်တစ်ဦးအသွင် အစဉ်အားတက်နေမည်ဖြစ်ပါသည်။

အခန်း (၁၀)တွင် ဗုဒ္ဓသာသနာတော် ပြန့်ပွားဆင်းသက်လာပုံသမိုင်းကို တင်ပြထားပါသည်။ ဗုဒ္ဓသာသနာတော်သည် ကမ္ဘာတွင် နှစ်ပေါင်း နှစ်ထောင်ငါးရာ ကျော် ကြာခဲ့ပြီဖြစ်သည်။ ဗုဒ္ဓသာသနာတော် စတင် ပေါ်ပေါက်လာရာဌာနမှာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဖြစ်သည်။ ထိုမှတဆင့် ကမ္ဘာအရပ်ရပ်သို့ ဗုဒ္ဓသာသနာတော် အဆင့်ဆင့် ပြန့်ပွားလာခဲ့သည်။ ဗုဒ္ဓသာသနာတော် ပြန့်ပွားလာသည့် နိုင်ငံများတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ပြန့်ပွားလာသည့် သာသနာတော်ကား ထေရဝါဒ ဗုဒ္ဓသာသနာတော်ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ ကိုးကွယ်သော မြတ်စွာဘုရား၏ သာသနာ့သမိုင်းကို သိရှိထား သင့်ကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များ လေ့လာသင်ကြားရန် ဗုဒ္ဓသာသနာတော် ပြန့်ပွားဆင်းသက်လာပုံနှင့် မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် ရောက်ရှိ ထွန်းကားပြန့်ပွားလာပုံတို့ကို ကျောက်စာနှင့် သာသနာဝင်ကျမ်းများ၏ အကူအညီကိုယူ၍ ရေးသားတင်ပြထားပါသည်။

သို့မှသာ စင်ကြယ်သော ထေရဝါဒသာသနာတွင် မည်သည့် အရောအနှောများ ဝင်လာခဲ့သည်၊ ဝင်လာနေသည်ကို ခွဲခြားသိမြင်၍ မည်သို့ ဖယ်ရှားရမည်ကို သဘောပေါက်နိုင်မည်၊ ခေါက်ရှာငှက်၏ နိမ့်တုံမြင့်တုံ ပျံသန်းသည့်ပမာ အတက်အကျရှိသော သာသနာသမိုင်းကြောင်းကို ရှုကာ ယခုဘဝ အခွင့်ကောင်းရခိုက် တည်တံ့ပြန့်ပွားအောင် ရွက်ဆောင်နိုင်ကြမည် ဖြစ်ပါသည်။

အခန်း(၁၁)ကား ဗုဒ္ဓယဉ်ကျေးမှုများကို တင်ပြထားသော အခန်းဖြစ်သည်။ ဗုဒ္ဓယဉ်ကျေးမှုဆိုသည်မှာ မြတ်စွာဘုရား၏ အဆုံးအမ တရားဆောက်အတိုင်း လိုက်နာပြုကျင့်သဖြင့် ဖြစ်ပေါ်လာသော ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှု၊ စိတ်ယဉ်ကျေးမှုများဖြစ်၏။ ကိုယ်နှုတ်စိတ်တို့ကို ယဉ်ကျေးအောင် ဆုံးမထားသည့် မြတ်စွာဘုရား၏ အဆုံးအမတရားတော်များသည် ဗုဒ္ဓယဉ်ကျေးမှု ထွန်းကားနေသည့် မြန်မာနိုင်ငံတွင် ကျင့်ဝတ်တရားများ၊ ဆုံးမစာများ၊ မြန်မာ့ဓလေ့ထုံးစံများ အသွင်ဖြင့် တည်ရှိနေကြသည်။

ထိုကျင့်ဝတ်တရားများ၊ ဆုံးမစာများကိုလိုက်နာကျင့်ကြံသောအားဖြင့် မြန်မာတို့သည် ကမ္ဘာပေါ်၌ သူမတူ ကိုယ် နှုတ် စိတ် ယဉ်ကျေး၍ ငြိမ်းအေးချမ်းသာသူများအဖြစ် ထာဝရရပ်တည်နိုင်စေရန် ဤအခန်းတွင် ဗုဒ္ဓယဉ်ကျေးမှုများကို ဖော်ပြထားခြင်းဖြစ်ပါသည်။

ဤကျမ်းစာ၏ ရည်သန်ချက်

ဤမြန်မာပြည်၊ရွှေ့ပြောင်း နေထိုင်ခဲ့ကြသော လူမျိုးတို့သည် ဗုဒ္ဓဓမ္မ၊ ဗုဒ္ဓအသိအမြင်၊ ဗုဒ္ဓယဉ်ကျေးမှုနှင့် စဉ်ဆက်မပြတ် ငြိမ်းချမ်းစွာ ရပ်တည်လာခဲ့ကြသည်ကို ခိုင်လုံသော သမိုင်းအထောက်အထားများ တွေ့ရ၏။

ယခုအခါ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းများ ရှင်သန်ပြန့်ပွားရေးကို နိုင်ငံတော်ကပင် ပြန်လည်အသက်သွင်းပေးနေရ သော်လည်း ရှေးအခါကမူ ဗုဒ္ဓစာပေယဉ်ကျေးမှု ကို အစဉ်အလာအရ ဘုန်းတော်ကြီးများ ကျောင်းရိပ်၌သာ ခိုလှုံ ဆည်းပူးခဲ့ကြရသည်၊ မြန်မာဟု၍ မထင်ရှားမီ ပျူခေတ်ကပင်လျှင် မိန်းကလေးများရော ယောကျ်ားလေးများပါ အသက် ၇-နှစ်ပြည့်လျှင် ခေါင်းတုံးတုံးကာ အသက် ၂၅-အထိ ဘုန်းတော်ကြီးကျောင်းမှာ၌ နေ၍ ဗုဒ္ဓစာပေ သင်ယူခဲ့ကြရသည်ဆိုသော သမိုင်းအထောက်အထားများ ရှိနေပါသည်။

ထိုမြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာကို မျက်ကွယ်မပြုသာသော ဗြိတိသျှကိုလိုနီအစိုးရများသည်ပင် ဗုဒ္ဓဘာသာသင်ခန်းစာများကို ဆရာကိုင်များကိုပါ ရေးသားစေ၍ မူလတန်းမှ အထက်တန်းအထိ ကျောင်းသင် ဘာသာရပ်အဖြစ် ပြဋ္ဌာန်းပေးခဲ့ရ၏၊ လွတ်လပ်ရေးရသည်မှစ၍ ၁၉၆၆-၇ ပညာသင်နှစ်အထိ ဗုဒ္ဓဘာသာ သင်ခန်းစာများကို ကျောင်းများတွင် တပတ်လျှင် နှစ်ကြိမ်ကျ စဉ်ဆက်မပြတ် သင်ကြားပေးခဲ့ကြသည်။

အချိန်အခါအားလျော်စွာ အသစ်ထပ်မံ ရေးသားပြုစုခဲ့ကြသော ဤဗုဒ္ဓဘာသာတရားတော် (သင်ခန်းစာ)များသည်လည်း အဆိုပါ အစဉ်အလာကောင်း ကွက်လပ်အတွက် ဖြည့်စွက်ရန် ပဓာန ရည်သန်၍ ပြုစု ခဲ့ကြသည်ဖြစ်ရာ

အကြောင်းညီညွတ်သောအခါ ထိုရည်သန်ချက် အကောင် အထည် ပေါ်လာလိမ့်မည်ဟု မြော်လင့်ထားပါသည်။ လောလောဆယ်မှာ နွေရာသီကျောင်းပိတ်ရက်များတွင် ဗုဒ္ဓဘာသာသာသင်တန်းများ ဖွင့်လှစ် သင်ကြားရန်နှင့် အခါအား‌လျော်စွာ ပြုလုပ်သော ဝန်ထမ်း‌လေ့ကျင့်ရေး သင်တန်းများတွင်လည်း ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်း သင်ကြားနိုင်ရန်လည်း ရည်သန်ထား‌ပါသည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် တောင်ပေါ်မြေပြန့် ပြည်နယ် ပြည်မ မခွဲခြား‌ဘဲ ရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး‌ရေး‌လုပ်ငန်းများကို အင်တိုက်အား‌တိုက် ဆောင်ရွက်လျက်ရှိရာ တဘက်‌ကလည်း တိုင်းပြည်နှင့်လူမျိုး အတွက် မရှိမဖြစ် ပို၍ အခြေခံကျသော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး‌မှုကိုလည်း ပြုစု ပျိုး‌ထောင်ပေး‌နေပါသည်။ ဤဗုဒ္ဓဘာသာ တရား‌တော် (သင်ခန်း‌စာ) များသည်လည်း တိုင်းပြည်နှင့်လူမျိုး ဘက်စုံ ဖွံ့ဖြိုး‌အောင် ပံ့ပိုး ဖြည့်ဆည်း ပေး‌နိုင်လိမ့်မည်ဟု အား‌ထား‌ယုံကြည်လျက် ရှိကြပါသည်။

အကြံပေး‌ပုဂ္ဂိုလ်များ
သာသနာရေး‌ဝန်ကြီး‌ဌာန

၁၃၅၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်၊
(၂၅-၁၀-၁၉၉၄)၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

ဗုဒ္ဓဘာသာတရားတော်
အခက်တန်းအဆင့်

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

အခန်း (၁)

၁။ ပါဠိပါဌ်ဆင့်ရေးနည်း, ဖတ်နည်း ၃
- သဒိသဒ္ဒေဘော် = အက္ခရာတူဆင့်ခြင်း ၇
- အသဒိသဒ္ဒေဘော် = အက္ခရာမတူဆင့်ခြင်း ၈
- အဘာဝ်အသံထွက်နည်း ၁၂
- ပါဠိဖတ်ပုံဖတ်နည်းနမူနာ ၁၆

အခန်း (၂)

၂။ ဘုရားဖြစ်ရန် ကျင့်စဉ်များ ၂၁
- ပါရမီတော်ဆယ်ပါး ၂၄
- စွန့်ခြင်းကြီးငါးပါး ၂၆
- စရိယာသုံးပါး ၄၀
- မြတ်စွာဘုရား၏ ဉာဏ်တော်များ ၄၂
- ဝိနာသုံးပါး ၄၂
- ဝိနာရှစ်ပါး ၄၃
- ဉာဏ်တော်ဆယ်ပါး ၄၅
- မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးများ ၅၇
- လက္ခဏာတော်ကြီး (၃၂)ပါး ၆၀
- အောင်ခြင်းရှစ်ပါး ၇၃
- အောင်ခြင်းရှစ်ဖြာ သင်ခန်းစာ ၉၉

အခန်း (၃)

၃။ ဂုဏ်တော်အဖွင့်များ ၁၀၃
- ဘုရားဂုဏ်တော် (၉) ပါး ပါဠိ ၁၀၄
- ဘုရားဂုဏ်တော်အကျိုးပြဝတ္ထု ၁၂၇
- တရားဂုဏ်တော် (၆) ပါး ပါဠိ ၁၃၁
- တရားဂုဏ်တော်အကျိုးပြဝတ္ထု ၁၄၅
- သံဃာ့ဂုဏ်တော် (၉) ပါး ပါဠိ ၁၄၈
- သံဃာ့ဂုဏ်တော်အကျိုးပြဝတ္ထု ၁၆၂
- သရဏဂုံနှင့် ဥပါသကာအကြောင်း ၁၇၁
- သရဏ - ကိုးကွယ်မှုအမျိုးမျိုး ၁၇၁
- ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူခြင်း ၁၇၅
- ဘာသာကူးပြောင်းရာ၌ သတိပြုဖွယ် ၁၇၇
- အသုဘ၌ သရဏဂုံတင်ခြင်း ၁၈၂
- ဗုဒ္ဓဘာသာဝင်ဖြစ်ရသော အကျိုးကျေးဇူး ၁၈၄
- သရဏဂုံအကျိုးပြဝတ္ထု (မလွဲမှားနိုင်သော ကိုးကွယ်ရာနှင့် ကိန်းသေပေါက် ကျင့်စဉ်) ၁၈၅
- ဥပါသက ဥပါသိကာအကြောင်း ၁၈၈

အခန်း (၄)

၄။ ကံနှင့်ကံ၏အကျိုး ၁၉၅
- ကုသိုလ်ကံနှင့် အကုသိုလ်ကံ ၂၀၈
- လုပ်ဆောင်မှုဖွဲ့မှုံးအား (ကိစ္စ)အရ ကံလေးမျိုး ၂၁၃
- အကျိုးပေးစဉ် (ပါကဒါန) အရ ကံလေးမျိုး ၂၁၇
- အကျိုးပေးချိန် (ပါကကာလ) အရ ကံလေးမျိုး ၂၂၁
- ကံနှင့်စကြဝဠာနိယာမ ၂၂၄
- အကျိုးပေးရာဘုံဘဝ (ပါကဋ္ဌာန) အရ ကံလေးမျိုး ၂၂၅
- အပါယ်ဘုံများ ၂၂၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- ကာမသုဂတီ (၇) ဘုံ	၂၂၈
	- ရူပါဝစရဘုံ	၂၃၀
	- အရူပါဝစရဘုံ	၂၃၂
	- စုတိပဋိသန္ဓေအကြောင်း သိကောင်းစရာများ	၂၃၃
	- ထာဝရဝိညာဉ်နှင့် တမလွန်ဘဝ	၂၃၉
	အခန်း (၅)	
၅။	ပုညကြိယာဝတ္ထု ၁၀-ပါး	၂၄၃
	- ဒါနအကြောင်း	၂၅၀
	- စေတနာသုံးတန်နှင့် ဒါနအင်္ဂါလက္ခဏာများ	၂၅၃
	- အကျိုးကြီးသောဒါနနှင့် အကျိုးနည်းသောဒါန	၂၆၆
	- ဆွမ်း ပန်း ရေချမ်း ဆီမီးကပ်လှူပုံနှင့် ဆုတောင်းများ	၂၇၆
	- ဒါနအကျိုးပြ ဝတ္ထုများ	၂၇၈
	အခန်း (၆)	
၆။	သီလအကြောင်း	၂၈၃
	- ဆောင်ရန် ရှောင်ရန် စာရိတ္တနှင့် ဝါရိတ္တသီလ	၂၈၅
	- သီလညစ်ညူးခြင်း	၂၈၇
	- သီလစင်ကြယ်ခြင်း	၂၈၈
	- ပါဏာတိပါတ သိက္ခာပုဒ် သိမှတ်ဖွယ်	၂၉၁
	- အဒိန္နာဒါန သိက္ခာပုဒ် သိမှတ်ဖွယ်	၂၉၃
	- ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် သိမှတ်ဖွယ်	၂၉၄
	- မုသာဝါဒ သိက္ခာပုဒ် သိမှတ်ဖွယ်	၂၉၇
	- သုရာမေရယ သိက္ခာပုဒ် သိမှတ်ဖွယ်	၂၉၈
	- ငါးပါးသီလ အကျိုးပြ ဝတ္ထု	၃၀၀
	- ဗြဟ္မစရိယပဋမကသီလ (ကောမာရဗြဟ္မစရိယသီလ)	၃၀၃
	- ရှစ်ပါးသီလ	၃၁၀
	- အဗြဟ္မစရိယ သိက္ခာပုဒ် သိမှတ်ဖွယ်	၃၁၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- ဝိကာလဘောဇနေ သိက္ခာပုဒ် သိမှတ်ဖွယ်	၃၁၃
	- နိစ္စ ဂိတ ဝါဒိတ် သိက္ခာပုဒ် သိမှတ်ဖွယ်	၃၁၄
	- မာလာဂန္ဓ ဝိလေပန သိက္ခာပုဒ် သိမှတ်ဖွယ်	၃၁၆
	- ဥစ္စာသယန မဟာသယန သိက္ခာပုဒ် သိမှတ်ဖွယ်	၃၁၈
	- အာဇီဝဋ္ဌမကသီလ	၃၁၈
	- သီလယူပုံ	၃၂၀
	- အင်္ဂုတ္တိရ် ဥပေါသထသုတ်လာ အကျိုးကြီးအောင် ဥပုသ်စောင့်နည်း	၃၂၆
	- ဆယ်ပါးသီလ	၃၂၈
	- ဇာတရူပ သိက္ခာပုဒ် အဖွင့်	၃၃၀
	အခန်း (၇)	
၇။	ဘာဝနာပွားများနည်း	၃၃၅
	- ကမ္မဋ္ဌာန်း(၄၀) သရုပ်နှင့်အံဓိပ္ပါယ် အကျဉ်း	၃၃၆
	- စတုရာရက္ခကမ္မဋ္ဌာန်း(အစောင့်အရှောက်တရား ၄-ပါး)	၃၄၃
	- မေတ္တာဘာဝနာပွားများနည်း	၃၄၄
	- မေတ္တာဘာဝနာအထူးမှတ်ဖွယ်	၃၅၅
	- အသုဘကမ္မဋ္ဌာန်းပွားများနည်း	၃၅၆
	- အရိုးစုကမ္မဋ္ဌာန်း ရှုနည်း	၃၆၁
	- မရဏာဿတိ ဆင်ခြင်နည်း	၃၆၇
	အခန်း (၈)	
၈။	အဘိဓမ္မာတရားတော်	၃၇၇
	- ပရမတ္ထတရား (၄) ပါး	၃၇၇
	- ရုပ်အမျိုးမျိုးဖြစ်ပုံ	၃၇၉
	- အာသဝစသည် နာမည်ရသည့် အကုသိုလ်စေတသိက်များ	၃၉၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	– ဟိတ်စသည်ည် နာမည်ရသည့် ကုသိုလ် အကုသိုလ်စေတသိက်များ	၄၀၆
	– ရုပ်အမျိုးအစားများ	၄၁၆
	– သတိပဋ္ဌာန် စသည် နာမည်ရသည့် ကုသိုလ်စေတသိက်များ	၄၂၂
	အခန်း (၉)	
၉။	တန်ခိုးထက်မြက်သည့် နှုတ်ငုံဆောင် ဂါထာတော်များ	၄၃၅
	– ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ ပါဠို	၄၃၉
	– ပဋ္ဌာနပစ္စယုဒ္ဒေသပါဠို	၄၄၃
	– နာညတြဂါထာ	၄၄၄
	– ဘဝေ ဝါဟံ ဘယံ ဒိသွာ ဂါထာ	၄၄၆
	– အဋ္ဌာနမေတံ ပါဠို	၄၄၆
	– ဒိဝါ တပတိ ဂါထာ	၄၄၇
	– ဇယန္တော ဗောဓိယာ မူလေ ဂါထာ	၄၄၈
	– အနန္တာ ရာယိက (၄) ပါး ပါဠို	၄၄၈
	– အာဝေဏိက ဂုဏ်တော် (၁၈) ပါး ပါဠို	၄၄၉
	– အခက်အခဲဟူသမျှ ကျော်လွှားလွန်မြောက်နိုင်သည့် ဂါထာတော်	၄၅၂
	အခန်း (၁၀)	
၁၀။	သာသနာတော်ပြန့်ပွားဆင်းသက်လာပုံ သမိုင်း	၄၅၇
	– ပိဋကတ်နိကာယ် သိမှတ်ဖွယ်	၄၅၇
	– မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် ရောက်ရှိ ထွန်းကားပြန့်ပွားလာပုံ	၄၆၈
	– ဘုရားမပွင့်မီကာလ မြန်မာပြည်အခြေအနေ	၄၆၉
	– သုဝဏ္ဏဘူမိနိုင်ငံ	၄၇၀

[တ] ဗုဒ္ဓဘာသာတရားတော်

စဉ် အကြောင်းအရာ စာမျက်နှာ

- ဝေသာလီနိုင်ငံ ၄၇၁
- ဘုရားပွင့်တော်မူစ သာသနာမြန်မာနိုင်ငံသို့ရောက်လာပုံ ၄၇၂
- ပထမသံဂါယနာခေတ်နှင့် မြန်မာ့သာသနာ ၄၇၅
- ဒုတိယသံဂါယနာခေတ်နှင့် မြန်မာ့သာသနာ ၄၇၅
- ဗိဿနိုးသို့ သာသနာတော်ရောက်ရှိခြင်း ၄၇၆
- သရေခေတ္တရာပြည်သို့ သာသနာတော် ရောက်ရှိလာပုံ ၄၇၇
- မဒ္ဓျိမဒေသတွင် သာသနာရေး ရှုပ်ထွေးလာခြင်း ၄၇၉
- ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူခြင်း ၄၈၂
- မဒ္ဓျိမဒေသမှ ကမ္ဘာအရပ်ရပ်သို့
  သာသနာတော် ပြန့်ပွားခြင်း ၄၈၃
- မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့
  သာသနာတော် ရောက်ရှိလာခြင်း ၄၈၆
- သုဝဏ္ဏဘူမိ သထုံပြည် ၄၈၈
- စတုတ္ထသံဂါယနာခေတ်နှင့် မြန်မာ့သာသနာ ၄၉၃
- ပုဂံခေတ် သာသနာ ၄၉၃
- ပဉ္စမသံဂါယနာတင်ခေတ် မြန်မာ့သာသနာ ၄၉၅
- ဆဋ္ဌသံဂါယနာခေတ် မြန်မာ့သာသနာ ၄၉၆
- မျက်မှောက်ခေတ် ဗုဒ္ဓသာသနာတော် ၄၉၆

အခန်း (၁၁)

၁၁။ ဗုဒ္ဓယဉ်ကျေးမှုများ ၅၀၁

- အနန္တ ငါးပါးကျေးဇူး ၅၀၁
- ကျေးဇူးကြီးလှ မိနှင့်ဖ ၅၀၂
- အနန္တဂုဏ်ရည် သိမှတ်ဖွယ်များ ၅၀၂
- လက်ဦးဆရာ ၅၀၃
- မိခင်စိတ် ၅၀၅
- ဆပ်၍ မကုန်သော ကျေးဇူး ၅၀၆

မာတိကာ [ထ]

စဉ် အကြောင်းအရာ စာမျက်နှာ

- အကောင်းဆုံးကျေးဇူးဆပ်နည်း ၁၀၆
- ဆရာ့ကျေးဇူး ၁၀၈
- မြန်မာနိုင်ငံသား‌တို့၏ အစဉ်အလာယဉ်ကျေးမှု ၁၀၉
- ဆရာ့ကျေးဇူးသိပုံများ ၁၁၀
- ဆရာ့စကား နားထောင်သူ ၁၁၁
- တပည့်ကိုရိုက်နှက်၍ ဆုံးမခြင်း ၁၁၂
- ရှင်မဟာရဋ္ဌသာရ ဆုံးမစာများ ၁၁၄
- ရှင်မဟာသီလဝံသ ဆုံးမစာများ ၁၁၆
- ညောင်ပင်သာ ဦးပုည ဆုံးမစာများ ၁၁၆
- ဖိုးသူတော်ဦးနု စာကားပုံ ဆုံးမစာများ ၁၁၆
- မြန်မာရွှေအိမ်စဉ်အလာ ဆုံးမစာများ ၁၁၇
- ဆားတုံဆရာတော်၏ ပုတ္တောဝါဒဆုံးမစာ ၁၁၇
- အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလက်ံာ ၁၁၈
- စာတော်ပြင်ဆရာကြီးဦးပညာ၏ သားရှေဆုံးမစာများ ၁၁၈
- ကန်တော်မင်းကျောင်းဆရာကော်ဆုံးမစာများ ၁၁၉
- မဟာစည်ဆရာတော် ဆုံးမစာ ၁၂၀
- တောင်ဖီလာဆရာတော်၏ ဆုံးမစာများ ၁၂၀
- မဃဒေဝလက်ံာ ဆုံးမစာများ ၁၂၀
- ဒီဃာဝု ဆုံးမစာ ၁၂၁
- ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဆုံးမစာများ ၁၂၂
- လုံးတော်ဆရာတော်ကြီး၏ ဆုံးမစာများ ၁၂၃
- ကျည်းကန်ရှင်ကြီး၏ ဆုံးမစာများ ၁၂၃
- ပေါက်ကံမောင်ချို စကားပုံ ဆုံးမစာများ ၁၂၄

နောက်ဆက်တွဲ

ခက်ဆစ်ဝေါဟာရအဓိပ္ပာယ် ၁၂၅

*****

အခန်း (၁)

ပါဠိ ပါဠ်ဆင့် ရေးနည်း ဖတ်နည်း

ဗုဒ္ဓဘာသာတရားတော် အထက်တန်းအဆင့် - ၁

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အခန်း (၁)

ပါဠိ ပါဌ်ဆင့် ရေးနည်း ဖတ်နည်း

ပါဠိ ပါဌ်ဆင့် ရေးနည်း ဖတ်နည်း ကျမ်းကျင် နားလည်စေရန် ရေးဦးစွာ ပါဠိဘာသာ အက္ခရာ ၄၁-လုံးနှင့် ယင်း ၄၁-လုံးမှ သရ, ဗျည်း ခွဲခြားခြင်း၊ သရကို သဲတို သဲရှည် ခွဲခြားခြင်း၊ ဗျည်းကိုလည်း ဌာန်တူရာ စုပေါင်း၍ အုပ်စုဖွဲ့ခြင်းများကို နားလည်ရန်လိုအပ်ပါသည်။

အက္ခရာ ၄၁-လုံး

သရ ၈-လုံးနှင့် ဗျည်း ၃၃-လုံးကို ပေါင်းလျှင် အက္ခရာ ၄၁-လုံးဖြစ်သည်။

သရ ၈-လုံး

သရ ၈-လုံး = အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ

ယင်းသရ ၈-လုံးကို အသံတို(ရဿ)သရ ၃-လုံး၊ အသံရှည် (ဒီဃ) သရ ၅-လုံး အောက်ပါ ဇယားအတိုင်း ခွဲခြားနိုင်ပါသည်-

အသံတို ရဿ	အသံရှည် ဒီဃ	အသံတို ရဿ	အသံရှည် ဒီဃ	အသံတို ရဿ	အသံရှည် ဒီဃ	အသံရှည် ဒီဃ	အသံရှည် ဒီဃ
အ	အာ	ဣ	ဤ	ဥ	ဦ	ဧ	ဩ

ဗျည်း ၃၃-လုံး

ဗျည်း ၃၃-လုံးကို ဌာန်နှီးစပ်ရာ ဌာန်တူရာ အုပ်စုဖွဲ့ထားရာ ယင်းအုပ်စုကို ဝဂ်ဟုခေါ်သည်။ ဌာန်မတူသော ဗျည်းများကို အုပ်စုဖွဲ့၍ မရသဖြင့် အဝဂ်ဟု ခေါ်သည်။ ဝဂ်ဗျည်း ၂၅-လုံးကို ဒေါင်လိုက်ဖယားအရ ပထမအက္ခရာ၊ ဒုတိယအက္ခရာ၊ တတိယအက္ခရာ၊ စတုတ္ထအက္ခရာ၊ ပဉ္စမအက္ခရာဟု ခေါ်ဆိုလေ့ရှိသည်။

	ဖိုဝ်	မ	ဖိုဝ်	မ	ဖိုဝ်
	ပထမ	ဒုတိယ	တတိယ	စတုတ္ထ	ပဉ္စမ
က ဝဂ်	က	ခ	ဂ	ဃ	င
စ ဝဂ်	စ	ဆ	ဇ	ဈ	ဉ
ဋ ဝဂ်	ဋ	ဌ	ဍ	ဎ	ဏ
တ ဝဂ်	တ	ထ	ဒ	ဓ	န
ပ ဝဂ်	ပ	ဖ	ဗ	ဘ	မ

အ ဝဂ်	ယ	ရ	လ	ဝ	သ
		ဟ	ဠ	အံ	

ထိုတွင် ပထမအက္ခရာ၊ တတိယအက္ခရာနှင့် ပဉ္စမအက္ခရာတို့သည် မိမိတို့အချင်းချင်း ဆင့်နိုင်သည်။ ထို့အပြင် ပထမအက္ခရာသည် ဒုတိယအက္ခရာအပေါ်၌ ဆင့်နိုင်သည်။ တတိယအက္ခရာသည် စတုတ္ထအက္ခရာအပေါ်၌ ဆင့်နိုင်သည်။ ပဉ္စမအက္ခရာသည် ရှေ့ဗျည်း ၄-လုံး အပေါ်၌ ဆင့်နိုင်သည်။

အဝဂ်ဗျည်း ၈-လုံးတို့တွင် "ယ"သည် မိမိတို့အချင်းချင်း ဆင့်နိုင်၍ "ယ"အပေါ်သို့ အခြားဗျည်း ၁၈-ဌ: ဆင့်နိုင်သည်။

"ရ"သည် အချင်းချင်းမဆင့်နိုင်ဘဲ အခြားဗျည်း ၇-လုံးတို့က လာရောက်ဆင့်နိုင်သည်။

"လ"သည် အချင်းချင်း ဆင့်နိုင်၍ "လ"ပေါ်၌ "က"ဗျည်း နှင့် "ပ"ဗျည်းတို့ ဆင့်နိုင်သည်။ ထို့ပြင် "လ"သည် "ယ"ပေါ်၌ ဆင့်နိုင်သည်။

"ဝ"သည် အချင်းချင်း ဆင့်နိုင်၍ "ဝ"ပေါ်သို့ က၊ ခ၊ တ၊ ဒ၊ ဓ၊ န၊ ယ၊ သ၊ ဟ ဗျည်း ၉-လုံး ဆင့်နိုင်သည်။

"သ"သည် အချင်းချင်း ဆင့်နိုင်၍ တ၊ န၊ မ အက္ခရာတို့ အပေါ်၌ ဆင့်နိုင်သည်။

ဝဂ်၏အဆုံးဖြစ်သော ဉ၊ ဏ၊ န၊ မ၊ အက္ခရာတို့သည်"ဟ"အပေါ်၌ ဆင့်နိုင်သည်။ ယ၊ ဝ၊ ဠ အက္ခရာတို့သည်လည်း"ဟ"အပေါ်၌ဆင့်နိုင်သည်။ ထိုအခါ အက္ခရာရေးသားရာ၌ ဟထိုးအဖြစ် ရှိနေမည်ဖြစ်သည်။

အက္ခရာတူဆင့်ခြင်းကို သဒိသဒ္ဒေဘော်ဟု ခေါ်၍ အက္ခရာမတူဆင့်ခြင်းကို အသဒိသဒ္ဒေဘော်ဟု ခေါ်သည်။(သဒိသ=တူသော။ အသဒိသ=မတူသော။ ဒ္ဒေဘော်=နှစ်လုံးထပ်ဆင့်ပြုခြင်း။)

မှတ်ချက်။ ။ ပါဠိဘာသာတွင် _ ကို နိဂ္ဂဟိတ်ဟုခေါ်သည်။ မြန်မာသင်ပုန်းကြီးတွင် သေးသေးတင် ဟု ခေါ်ကြသည်။ အံ အိံ အုံ ဟူ၍ အသံတို ရဿသရများနှင့် တွဲ၍သုံးရသည်၊ တစ်ခါတစ်ရံ (မ်)သတ်အသံနှင့် ရွတ်ဆိုလေ့ရှိသည်။ (နှ်)သတ် အသံနှင့်လည်း ရွတ်ဆိုလေ့ရှိသည်။

ယံ	=	ယမ်		
ဧတံ	=	အေတမ်	=	အေတန်
ဧဝံ	=	အေဝမ်		
တုံ	=	တုန်		
သဒ္ဓိံ	=	သဒ်ဓိမ်		
မဟိံသ	=	မဟိမ်သ		
ရတ္တိံ	=	ရတ်တိမ်		
သတိံ	=	သတိမ်		
ဟေတုံ	=	ဟေတုမ်		
ကာတုံ	=	ကာတုမ်		
အစိန္တယုံ	=	အစိန်တယုမ်		
ဝိပဿိသုံ	=	ဝိပတ်သိသုမ်		

ပါဠိဘာသာတွင် (:) ဝိသဇ္ဇနီ = ဝစ္ဆနှစ်လုံးပေါက်ကို မသုံးချေ။

သဒ်သဒ္ဒေဘော် = အက္ခရာတူဆင့်ခြင်း

(၁) ပထမအက္ခရာချင်းဆင့်ပုံ

(အပေါ်စာလုံးကို အသတ်ဟု မှတ်ထား၍ အသံမထွက်ရ၊ အောက်စာလုံးကိုသာ အသံထွက်ရမည်။)

က+က= က္က (စက္ကဝါဠ=စကြဝဠာ) (စက်ကဝါဠ)
စ+စ = စ္စ (ပရိစ္စာဂ=စွန့်လွှတ်ခြင်း) (ပရိတ်စာဂ)
ဋ+ဋ = ဋ္ဌ (ဝဋ္ဋ = ဝဋ်ဆင်းရဲ) (ဝတ်ဋ္ဌ)
တ+က= တ္တ (စိတ္တ = စိတ်) (စိတ်တ)
ပ+ပ = ပ္ပ (သိပ္ပ = အတတ်ပညာ) (သိပ်ပ)

(၂) တတိယအက္ခရာချင်းဆင့်ပုံ

ဂ+ဂ = ဂ္ဂ (သဂ္ဂ = နတ်ပြည်) (သဂ်ဂ)
ဇ+ဇ = ဇ္ဇ (မဇ္ဈ = အရက်) (မစ်ဇ)
ဍ+ဍ = ဍ္ဎ (အဍ္ဎ = တရားဆုံးဖြတ်ခြင်း) (အတ်ဍ)
ဒ+ဒ = ဒ္ဒ (ဥပဒ္ဒဝ = ဘေးရန်) (အုပတ်ဒဝ)
ဗ+ဗ = ဗ္ဗ (နိဗ္ဗာန = နိဗ္ဗာန်) (နိတ်ဗန်)

(၃) ပဉ္စမအက္ခရာချင်းဆင့်ပုံ

ဉ+ဉ = ည (အညမည =အချင်းချင်း)(အင်ဉ,မင်ဉ)
(ပါဠိဘာသာ၌ "ည"သည် ဉ နှစ်လုံးဆင့်ဖြစ်သည်၊
မြန်မာဘာသာ၌မူ "ည"သည် တစ်လုံးတည်းဖြစ်သည်။)
ဏ+ဏ= ဏ္ဏ (ဝဏ္ဏ=အရောင်အဆင်း) (ဝန်ဏ)
န+န = န္န (ဓမ္မဒိန္နေ=ဓမ္မဒိန္နာ) (ဓံမဒိန်နန)
မ+မ = မ္မ (ဓမ္မ=တရား) (ဓံမ)

(၄) အဝဂ် အက္ခရာတူချင်းဆင့်ပုံ

ယ+ယ = ယျ (သေယျ=အိပ်ရာ) (သေယ)
လ+လ = လ္လ (ဗောဓိပလ္လင်္ကံ=ဗောဓိပလ္လင်) (ဗောဓိ
ပန်လင်က)
ဝ+ဝ = ဝ္ဝ (နိဗ္ဗုတာ=အေးငြိမ်းမှု) (နိတ်ဗုတာ)
(ဝင်္ကဳ ဒွပြု)
သ+သ = ဿ (အဿ=မြင်း) (အတ်သ)

အသဒိသဒွေဘော် = အကွရာမတူဆင့်ခြင်း

(၁) ပထမအက္ခရာက ဒုတိယအက္ခရာအပေါ်သို့ဆင့်ခြင်း

က+ခ = ကွ (စကွေ့ =မျက်စိ) (စက်ခု)

စ+ဆ = စ္ဆ (တိရစ္ဆာန=တိရစ္ဆာန်) (တိရစ်ဆာန)

ဇ+ဌ = ဋ္ဌ (ဇေဋ္ဌ =အကြီးအမှူး) (ဇစ်ထ)

(ဋ္ဌ ဝမ်းဘဲကို လည်ရစ်ထည့်လျှင် နှစ်လုံးဆင့်ဟု မှတ်ရမည်။)

တ+ထ = တ္ထ (ပရမတ္ထ=ပရမတ်တရား) (ပရမတ်ထ)

ပ+ဖ = ပ္ဖ (မဟပ္ဖလ=ကြီးသောအကျိုး) (မဟပ်ဖလ)

(၂) တတိယအက္ခရာက စတုတ္ထအက္ခရာအပေါ်သို့ဆင့်ခြင်း

ဂ+ဃ = ဃ (ဗျဃ = ကျား) (ပုဂ်ဃ)

ဇ+စျ = ဇ္ဈ (မဇ္ဈ = အလယ်) (မစ်စျ)

ဥ+ပ = ဖု (ဝုဖိ =ကြီးပွားခြင်း) (ဝုတ်ဒိ)

ဒ+ဓ = ဒ္ဓ (သဒ္ဓါ =ယုံကြည်ခြင်း) (သတ်ဓာ)

ဗ+ဘ = ဘ္ဘ (ဂဗ္ဘ=ကိုယ်ဝန်) (ဂတ်ဘ)

(၃) ပဉ္စမအက္ခရာက ရှေ့လေးလုံးပေါ်သို့ဆင့်ခြင်း

င+က = င်္က (ဝင်္က = ကောက်ခြင်း) (ဝင်က)

င+ခ = င်္ခ (သင်္ခါရ = သင်္ခါရတရား) (သင်ခါရ)

င+ဂ = င်္ဂ (အင်္ဂီရသ= မြတ်စွာဘုရား) (အင်ဂီရသ)

င+ဃ = င်္ဃ (သင်္ဃာတ= ညှဉ်းဆဲခြင်း) (သင်ဃာတ)

ဉ+စ = ဉ္စ (ပဉ္စ = ငါးခု) (ပဉ်စ)

ဉ+ဆ = ဉ္ဆ (ဉဆ္ဆ = ရာမှီးခြင်း) (အုံဆ)

ဉ+ဇ = ဉ္ဇ (အဉ္ဇန = မျက်စဉ်း) (အင်ဇန)

ဉ+စျ = ဉ္ဈ (ဝဉ္ဈာ = အမြိုမ) (ဝင်စျာ)

ဏ+ဋ = ဏ္ဍ (ကဏ္ဍက = ဆူး) (ကန်ဋက)

ဏ+ဌ = ဏ္ဌ (ကဏ္ဌ = လည်ချောင်း) (ကန်ဌ)

ဏ+ဒ = ဏ္ဒ (ပဏ္ဍိတ = ပညာရှိ) (ပန်ဒိတ)

နံ+တ = န္တ (ခန္တီ = သည်းခံမှု) (ခန်တီ)
နံ+ထ = န္ထ (ဂန္ထ = ကျမ်းစာ) (ဂန်ထ)
နံ+ဒ = န္ဒ (ဆန္ဒ = အလို)(ဆန်ဒ)
နံ+ဓ = န္ဓ (ဂန္ဓ = အနံ့) (ဂန်ဓ)
မ+ပ = မ္ပ (ကမ္ပတိ = တုန်လှုပ်၏) (ကမ်ပတိ)
မ+ဖ = မ္ဖ (သမ္ဖပ္ပလာပ= ပြိန်ဖျင်းသောစကား)
(သမ်ဖပ်ပလာပ)
မ+ဗ = မ္ဗ (အမ္ဗ = သရက်ပင်) (အမ်ဗ)
မ+ဘ = မ္ဘ (ဂမ္ဘီရ = နက်နဲခြင်း) (ဂမ်ဘီရ)

(၄) "ယ"အလေါသို့ဆင့်ခြင်း
(ယပင့်သည်ဟု ခေါ်သည်)

က+ယ = ကျ(သကျမုနီ=မြတ်စွာဘုရား) (သက်ကျမုနီ)
ခ+ယ = ချ (သောချံ =ချမ်းသာခြင်း) (သွတ်ချန်)
ဂ+ယ = ဂျ(အာရောဂျ = ကျန်းမာခြင်း) (အာရောက်ဂျ)
ဃ+ယ = ဃျ (မာဃျ =သင်းခွေပန်း) (မာဃယ)
စ+ယ = စျ (စျာဒီဟိ) (စယာဒီဟိ)
ဇ+ယ = ဈ (ကဈာဒီဟိ) (ကဇ္ဇယာဒီဟိ)
ဏ+ယ = ဏျ (အာနဏျ =ကြွေးကင်းသူဘဝ)
(အာနဏယ)
တ+ယ = တျ (စေတျာနီ = စေတီတို့) (စေတယာနီ)
ဒ+ယ = ဒျ (အဒျ = ယနေ့) (အဒယ)
ဓ+ယ = ဓျ (မဓျ = အလယ်) (မဓယ)
န+ယ = နျ (ကနျာ = ကညာ) (ကနယာ)
ပ+ယ = ပျ (လိပျ = ရေးသား၍) (လိပျ)
ဗ+ယ = ဗျ (ဗျာဓိ = အနာရောဂါ) (ဗျာဓိ)
ဘ+ယ = ဘျ (ဘျာဒီဟိ) (ဘယာဒီဟိ)
မ+ယ = မျ (မျာယံ = မေ+အယံ) (မျာယံ)
လ+ယ = ဠျ (ကလျာဏ = ကောင်းသောသူ)
(ကလယာဏ)
သ+ယ = သျ (နိသျ = နိသျကျမ်း) (နိတ်သယ)
ဟ+ယ = ဟျ (ဂါဟျ = အယူခံရသည့်ပစ္စည်း)
(ဂါဟယ)

မှတ်ရန်။ ။ ယ ပေါ်သို့ က၊ ခ၊ ဂ၊ ပ၊ ဗ၊ ဘ၊ မ တို့ကိုဆင့်ရာ၌ မြန်မာအသံထွက်နည်းအရ တစ်သံတည်းဖြစ်အောင် ပူးတွဲသွားသည်။ အခြားလူမျိုးများမှာမူ အသံနှစ်ခု နီးကပ်ရုံမျှသာဖြစ်၍ တစ်သံတည်းအဖြစ် ပူးပေါင်း သွားခြင်း မရှိချေ၊ ထို့ကြောင့် ကျကို (ကယ)၊ ချကို(ခယ)၊ ဂျကို(ဂယ)၊ ပျကို(ပယ)၊ ဗျကို(ဗယ)၊ မျကို(မယ)ဟု အသံချင်း နီးကပ်စွာထွက်ကြသည်။

(၅) "ရ"ပေါ်သို့ဆင့်ခြင်း

(ရ-ရစ်သည် ဟုဆေါ်သည်။)

က+ရ = ကြ (စကြ = စကြာ) (စက်ကြ)

ဂ+ရ = ဂြ (ဂြဟ = ဂြိုဟ်) (ဂရဟ)

တ+ရ = တြ (တတြ = ထိုနေရာ၌) (တတ်တရ)

ဒ+ရ = ဒြ (ဒြဝ = အရည်) (ဒရဝ)

ပ+ရ = ပြ (ပြဘာ = အရောင်) (ပရဘာ)

ဗ+ရ = ဗြ (ဗြဟာ = ကြီးကျယ်သော) (ဗရဟာ)

မ+ရ = မြ (အမြိတ = အမတ) (အမရိတ)

(၆) "လ"ပေါ်သို့ဆင့်ခြင်း

က+လ = ကျ (ကျေသ = ကိလေသာ) (ကလေသ)

ပ+လ = ပျ (ပရိပျဝ = ပေါ်လွင်သော) (ပရိတ်ပလဝ)(ပျဝ =ဖောင်)(ပလဝ)

(ယ၊ ရ၊ လ တို့အပေါ်သို့ ဆင့်ရာ၌ အပေါ်အလုံးသည် အသတ်အဖြစ် လုပ်ဆောင်ရုံမျှ မက အသံပါထွက်ရသည်၊ ပါဠိဆင့်နှစ်လုံးစလုံး အသံထွက်ရသည်။)

(ဂ) "ဝ"ပေါ်သို့ဆင့်ခြင်း

(ဝ ဆွဲသည်ဟု ခေါ်သည်၊ ဝ-သံ မပျောက်ပေ)

က+ဝ = ကွ(ကွတ္ထော = အဘယ်အကျိုးရှိအံ့နည်း)(ကွတ်ထော)

ခ+ဝ = ခွ (အထခွသ= အထခေါ်+အသ)(အထခွတ်သ)

တ+ဝ = တွ(ကတွာ = ပြုလုပ်၍) (ကတ်တဝါ)

ဒ+ဝ = ဒွ (ဒွါရ = တံခါး) (ဒွါရ)

ဓ+ဝ = ဓွ (မဓွာသဝ = မုဒရက်သီးစိမ်ရည်)(မဓွာသဝ)

နံ+ဝ = နွံ (အနွေတိ = အစဉ်လိုက်၏) (အနွေတိ)

ယ+ဝ = ယွ (ယွာဟံ = ယော+အဟံ) (ယွာဟံ)

သ+ဝ = သွ (သွာဟံ = သော+အဟံ) (သွာဟံ)

ဟ+ဝ = ဟွ (ဗဟွာဗာဓော = ဗဟု + အာဗာဓော)
(ဗဟွာဗာဓော)

(ဃ) "သ"ဆင့်ခြင်း

သ+တ = သ္တ (ဥတ္တသ္တ = ထိတ်လန့်)(အုတ်တတ်သတ)

သ+နံ = သ္နံ (သ္နေဟ = အစေး) (သနေဟ)

သ+မ = သ္မ (ကသ္မာ = အဘယ်ကြောင့်) (ကတ်သမာ)

သ+တ+ရ = သ္ထြ(ဘသ္ထြာ = သားရေအိတ်) (ဘတ်သတ်တရာ)

(ပါဠိဆင့်နှစ်လုံးစလုံး အသံထွက်ရသည်။)

(ဇ) "ဟ"ပေါ်သို့ဆင့်ခြင်း

(ဟထိုးသည်ဟု ခေါ်သည်)

ဥ+ဟ = ဥ္ဟ (ပဥ္ဟ = ပြဿနာ) (ပင်ဉ္ဟ)

ဏ+ဟ = ဏ္ဟ(ပုဗ္ဗဏ္ဟ = နံနက်အခါ) (ပုပ်ဗန်ဏ္ဟ)

နံ+ဟ = နှံ (နှာန = ရေချိုးခြင်း) (နှာန)

မ+ဟ = မှ (အမှ = ငါ၊ တုမှ = သင်)(အမ်မှ၊ တုမ်မှ)

ယ+ဟ = ယှ(ပဂ္ဂယှ = ချီးမြှောက်ခြင်း) (ပက်ဂယ်ယှ)

ဝ+ဟ = ဝှ (အဝှါယတိ = ခေါ်၏) (အဝှါယတိ)

ဠ+ဟ = ဠှ (ရဠှိ = အမည်) (ရုံလှိ)

မှတ်ရန် ။ ။ ဉ၊ ဏ၊ န၊ မ၊ ယ၊ ဋ္ဌ၊ ပါဠိဆင့်များ၌ ဉ၊ ဏ၊ န၊ မ၊ ယ၊ ဋ္ဌ တို့သည် တစ်လုံးတည်းသာ ဖြစ်သော်လည်း နှစ်လုံးဆင့်ကဲ့သို့ ဖြစ်၍ တစ်လုံးကို အသတ်သံထွက်၍ တစ်လုံးကို ဟထိုးသံ ထွက်ရသည်။ မြန်မာသင်ပုန်းကြီးတွင် ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုးပိုင်း များမှာကဲ့သို့ ပါဠိဘာသာတွင် ယ၊ ရ၊ ဝ၊ ဟ များ ဆင့်ရာ၌ အသံထွက်ကြရသည်၊ ဗ္ဗ=ဗ္ဗ၊ မ္ဗ=မ္ဗ၊ မ္ဘ=မ္ဘ၊ မ္ဘ=မ္ဘ၊ ယခုအခါ မြန်မာဘာသာ၊ ပါဠိဘာသာ၌ လ ဆွဲနှင့် သ သတ်များ အလွန်ရှားပါးလှသည်။

အသတ်အသံထွက်နည်း

ပထမအက္ခရာ(က၊ စ၊ ဋ၊ တ၊ ပ)ဖြင့် အသတ်ပြုလုပ်ရာ၌ အသံထွက်နည်းကို နားလည်ကြပြီးဖြစ်ပါသည်။

ဒုတိယအက္ခရာ(ခ၊ ဆ၊ ဌ၊ ထ၊ ဖ)စတုတ္ထအက္ခရာ(ဃ၊ ဈ၊ ဗ၊ ဓ၊ ဘ)ကို အသတ်အဖြစ် အသုံးမပြုကြချေ။

တတိယအက္ခရာ(ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ)တို့ကို အသတ်အဖြစ် အသုံးပြုနိုင်သည်။ ထိုအခါ မိမိနှင့်သက်ဆိုင်ရာ ပထမအက္ခရာအသတ်သံအတိုင်း အသံထွက်ရမည်။

ဥပမာ -

အဗ္ဗ=(အစ်ဗ)ဟု (စ်)သတ်သံဖြင့် ထွက်ရမည်။
သပ္ပ=(သပ်ပ)ဟု (ပ်)သတ်သံဖြင့် ထွက်ရမည်။

ပဉ္စမအက္ခရာ (င)နှင့်(ဉ)ကို အသတ်အဖြစ် အသုံးပြုရာ၌ (င်)သတ် အသံထွက်ရမည်။ ပဉ္စမအက္ခရာ (ဏ၊ န၊ မ)တို့ကို အသတ်အဖြစ် အသုံးပြုရာ၌ သေးသေးတင်အသံ ထွက်ရမည်။

ဥပမာ -

အည = အင်ည
ဝဏ္ဏ = ဝံဏ
အန္နံ = အံနံ
ကမ္မ = ကံမ

ယနှစ်လုံးဆင့်ရာ၌ အပေါ်ယကို (ယ်)သတ်အဖြစ် မှတ်ယူရမည်။
ဥပမာ -

အယျ=အယ်ယ

လနှစ်လုံးဆင့်ရာ၌ အပေါ်လကို သေးသေးတင်အသံထွက်ရမည်။
ဥပမာ -

မလ္လ=မံလ

သနှစ်လုံးဆင့်ရာ၌ ရှေ့သကို (တ်)သတ်အသံ ထွက်ရမည်။
ဥပမာ -

ယသ္သ=ယတ်သ

ဏ္ဍ-သရနှင့် ဥ-သရကို (က၊ ဂ၊ စ၊ ဇ)သက်ရာ၌ (တ်) သတ်အသံထွက်ရမည်။
ဥပမာ -

တိဏ္ဍ	=	တိတ်ခ
ဒုဏ္ဍ	=	ဒုတ်ခ
ဥဏ္ဍါ	=	ဥတ်ဂါ
ကိဏ္ဍ	=	ကိတ်စ
ဥဏ္ဍ ,	=	ဥတ်စ
ဘဏ္ဍန	=	ဘတ်ဇန
ဥဏ္ဍ	=	ဥတ်ဇ

ဏ္ဏ-သရနှင့် ဥ-သရကို ပဉ္စမအက္ခရာ(င၊ ဉ၊ ဏ၊ န၊ မ)တို့ဖြင့် သတ်ရာ၌ (နှ်)သတ်(မ်)သတ်အသံ ထွက်ရမည်။
ဥပမာ -

လိဏ်	=	လိန်ဂ
ကိဉ္စန	=	ကိန်စန
တဏ္ဏာ	=	တနာဏ
ဘိန္ဒ	=	ဘိန်နဒ
ဗိမ္ဗ	=	ဗိမ်ဗ
တုဏ်	=	တုန်ဂ

ပုဆွေ = ပုန်ဆ
ပုဏ္ဏော = ပုန်ဏော
စုန္ဒ = စုန်ဒ
ကုမ္ဘ = ကုမ်ဘ

ဣ-သရနှင့် ဥ-သရတို့ကို(ယ၊ လ၊ ဝ၊ ဠ)သတ်ရာ၌ (နှ်)သတ် အသံ ထွက်ရမည်။

ဥပမာ -

ဘိယျော = ဘိန်ယော
ယေဘုယျ = ယေဘုန်ယ
ဗိလ္လ = ဗိန်လ
ဝေပုလ္လ = ဝေပုန်လ
ဇိဝှါ = ဇိန်ဝှါ
ဝိရဠ = ဝိရန်လ

ဣ-သရနှင့် ဥ-သရတို့ကို (သ်)သတ်ရာ၌ (တ်)သတ်အသံ ထွက်ရမည်။

ဥပမာ -

တိသ = တိတ်သ
ဖုသ = ဖုတ်သ

ဧ-သရကို(က်၊ ဂ်၊ စ်၊ ဇ်၊ ဋ်၊ ဍ်၊ တ်၊ ဒ်၊ ပ်၊ ဗ်၊ သ်)တို့ သတ်ရာ၌ (အ)ကို (စ်)သတ်သည့်အသံ (အစ်သံ) ထွက်ရမည်။

ဥပမာ -

ပါဋိယေက္ကံ = ပါဋိယစ်ကံ
ဖေဂ္ဂု = ဖစ်ဂု
ပေစ္စ = ပစ်စ
ဆေဒ္ဒ = ဆစ်ဒ
သေဋ္ဌ = သစ်ဋ္ဌ
ဇေဋ္ဌ = ဇစ်ဋ္ဌ
လေဍ္ဎု = လစ်ဍု

ဇတ္ထ = အစ်ထ

မေတ္တာ = မစ်တာ

ဒေပွ = ဒစ်ပ

ပေဿ = ပစ်သ

ဇ-သရကို (ဉ်)သတ်ရာ၌ (အ)ကို (ဎ်)သတ်သည့် အသံ (အဎ်)ဟု ထွက်ရမည်။

ဥပမာ -

အာနေဇ္ဈ = အာနဎ်ဈ

ဩ-သရကို (က်၊ ဂ်၊ သ်)သတ်ရာ၌ (အောက်)အသံထွက်ရမည်။

ဥပမာ -

ဩက္ကာက = အောက်ကာက

မောက္ခ = မောက်ခ

မောဂ္ဂလ္လာန = မောက်ဂန်လာန

ယောဂ္ဂ = ယောက်ဂ

ဝေါဿ = ဝေါက်သ

ဩ-သရကို (ဓ်၊ ဠ်၊ တ်၊ ဒ်၊ ပ်၊ ဗ်)သတ်ရာ၌ (အွတ်)အသံ ထွက်ရမည်။

ဥပမာ -

ပါမောဒ္ဓ = ပါမွတ်ဓ

ဗောဒ္ဓျဂ် = ဗွတ်ဓင်ဂ

ဖောဋ္ဌဗ္ဗ = ဖွတ်ဋ္ဌတ်ဗ

ယောတ္တ = ယွတ်တ

သောတ္ထာနံ = သွတ်ထာနံ

ပေါတ္ထက = ပွတ်ထက

လောဒ္ဒ = လွတ်ဒ

သောပ္ပ = သွတ်ပ

ယောဗ္ဗန = ယွတ်ဗန

ညြ-သရကို (င်) သတ်လျှင် ရိုးရိုးမြန်မာ အသံထွက်အတိုင်း (အောင်)ဟု အသံထွက်ရမည်။

ဥပမာ -

ပေါန်ံ = ပေါင်ခ

ညြ-သရကို (ဉ်၊ ဏ်၊ န်၊ မ်)သတ်ရာ၌ (ဝ)ဆွဲ(နှ်)သတ်သံ (အွန်)ဟု အသံထွက်ရမည်။

ဥပမာ -

ကောဏ္ဍ = ကွန်စ

ကောဏ္ဍည = ကွန်ဒြင်ည

သောဏ္ဏ = သွနဏ

ဗောန္ဒိ = ဗွန်ဒိ

ဟောန္တု = ဟွန်တု

သောမ္မ = သွန်မ

ပါဠိဖတ်ပုံဖတ်နည်း. နမူနာ

သမန္တာ စက္ကဝါဠေသု = သမန်တာ စက်ကဝါလေသု

အတြာဂစ္ဆန္တု ဒေဝဟာ = အတ်တရာ ဂစ်ဆန်တု ဒေဝတာ

သဒ္ဓမ္မံ မုနိရာဇသ = သတ်ဓံမံ မုနိရာဇတ်သ

သုဏန္တု သဂ္ဂမောက္ခဒံ = သုဏန်တု သက်ဂမောက်ခဒံ

ဓမ္မသဝနကာလော = ဓံမတ်သဝနကာလော

အယံ ဘဒ္ဒန္တာ = အယံ ဘတ်ဒန်တာ

နမော တဿ ဘဂဝတော = နမော တတ်သ ဘဂဝတော

အရဟတော သမ္မာသမ္ဗုဒ္ဓဿ = အရဟတော သံမာ သံဗုတ်ဓတ်သ

ယေ သန္တာ သန္တစိတ္တာ = ယေ သန်တာ သန်တစိတ်တာ

တိသရဏာ သရဏာ = တိသရဏာ သရဏာ

ဇတ္ထ လောကန္တရေ ဝါ = အစ်ထ လောကန်တရေ ဝါ

ဘုမ္မာ ဘုမ္မာ စ ဒေဝါ = ဘုံမာ ဘုံမာ စ ဒေဝါ

ဂုဏာ ဂဏ် ဂဟန ဗျာဝဋာ = ဂုဏာ ဂဏာ ဂဟန ဗျာဝတာ

သဗ္ဗကာလံ = သတ်ဗကာလံ

ဇတေ အာယန္တု ဒေဝါ = အေတေ အာယန်တု ဒေဝါ

ဝရကနကမယေ = ဝရကနကမယေ

မေရုရာဇေ ဝသန္တော = မေရုရာဇေ ဝသန်တော

သန္တော သန္တောသဟေတုံ = သန်တော သန်တောသ ဟေတုန်

မုနိဝရ ဝစနံ သောတုမဂ်ံ သမဂ်ါ= မုနိဝရ ဝစနံ သောတုမဂ်ဂန်
သမက်ဂါ

သဗ္ဗေသု စက္ကဝါဠေသု = သတ်ဗေသု စက်ကဝါဠေသု

ယက္ခာ ဒေဝါ စ ဗြာဟ္မဏော = ယက်ခါ ဒေဝါ စ ဗြမနော

ယံ အမှေဟိ ကတံ ပုညံ = ယန် အန်မှေဟိ ကတံ ပုန်ညံ

သဗ္ဗသမ္ပတ္တိသာဓကံ = သတ်ဗသန်ပတ်တိ သာဓကံ

သဗ္ဗေ တံ အနုမောဒိတ္ဝာ = သတ်ဗေ တံ အနုမောဒိတ်တဝါ

သမဂ်ါ သာသနေ ရတာ = သမက်ဂါ သာသနေ ရတာ

ပမာဒရဟိတာ ဟောန္တု = ပမာဒရဟိတာ ဟွန်တု

အာရက္ခာသု ဝိသေသတော = အာရက်ခါသု ဝိသေသတော

သာသနသ် စ လောကသ် = သာသနတ်သစ် လောကာတ်သ်
ဝုမှီ ဘဝတု သဗ္ဗဒါ = ဝုတ်မှီ ဘဝတု သတ်ဗ္ဗဒါ
သာသနမ်ပိ စ လောကဉ္စ = သာသနမ်ပိ စ လောကင် စ
ဒေဝါ ရက္ခန္တု သဗ္ဗဒါ = ဒေဝါ ရက်ခန်တု သတ်ဗဒါ
သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ = သတ်ဓိန် ဟွန်တု သုခီ သတ်ဗေ
ပရိဝါရေဟိ အတ္တနော = ပရိဝါရေဟိ အတ်တနော
အနီဃာ သုမနာ ဟောန္တု = အနီဃာ သုမနာ ဟွန်တု
သဟ သဗ္ဗေဟိ ဉာတိဘိ = သဟ သတ်ဗေဟိ ဉာတိဘိ။

* * * * * * * *

အပေနိုး (၂)

ဘုရားဖြစ်ရန် ကျင့်စဉ်များ
မြတ်စွာဘုရား၏ ဉာဏ်တော်များ
မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးများ

အောင်ခြင်းရှစ်ပါး

အခန်း (၂)

ဘုရားဖြစ်ရန် ကျင့်စဉ်များ

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါးတို့အပေါ်၌ ခွင်းချက်မရှိ သံသယမဝင်သော ယုံကြည်မှု (အဝေစ္ဆ ပသာဒ အစလသဒ္ဓါဝရား)ဖြင့် မတုန်မလှုပ် သက်ဝင်ယုံကြည်ကြသည်။ ရတနာသုံးပါး ဂုဏ်တော်တို့ကိုလည်း မိမိစွမ်းအားရှိသမျှ ကျက်မှတ် ရွတ်ဆိုကြသည်။ ရှိခိုးပူဇော်ကြသည်။ နှလုံးသွင်းပွားများကြသည်။ "အစိန္တေယျ-အစိန္တေယျ၊ အပွမေယျ- အပွမေယျ၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တ၊ ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုးဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တ တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား" စသည်ဖြင့် ဘုရားရှိခိုးကြသည်။

မိမိတို့ ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားရှင်၏ တွေးတော ကြံဆ၍မကုန် တိုင်းထွာ တွက်ချက်၍ မမှီနိုင်လောက်အောင် ကြီးမား များပြား၍ ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းလှသော ဘုန်းတော် ကံတော် ဉာဏ်တော် တန်ခိုးတော် ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသည်ကိုလည်း ယုံကြည်မှုသက်သက်ဖြင့် လက်ခံကြသည်မဟုတ်၊ ခိုင်မာသော စာပေ အထောက်အထားကို ရှာရ၏။ စာပေအထောက်အထားမျှနှင့်လည်း အားထား လောက်သည်မဟုတ်။ ထိုစာပေအရ စွမ်းအားရှိသမျှ လက်တွေ့စမ်းသပ် ယူရသည်၊ ထိုအခါကျမှ အသိဉာဏ်ပါသော ယုံကြည်မှုဖြစ်လာနိုင်၏။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး-ရန်ကုန်
JJ6(6)

ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်များနှင့်စပ်၍ ကျမ်းဂန်တို့၌ "ဘုရားရှင်သည် အခြားသောတရားတော်များကို မဟောကြားဘဲ ဘုရားရှင်တစ်ဆူ၏ ကျေးဇူးတော် ဂုဏ်တော်တို့ကိုသာ ဟောကြားနေမည် ဆိုပါက သက်တမ်းတော်သာ ကုန်ဆုံးသွားမည်၊ ကျေးဇူးတော် ဂုဏ်ဟော်တို့ကား မကုန်ဆုံးနိုင်" ဟူ၍ပင် မိန့်ဆိုကြကုန်၏။

မြတ်စွာဘုရား၏ဂုဏ်တော်တို့သည် အာရုံယူမြော် ပူဇော်၍ မကုန်နိုင်အောင် အမှန်ပင်များပြားလှသည်၊ ကျေးဇူးတော်တို့သည်ဆပ်၍မကုန်နိုင်လောက်အောင် ကြီးမားများပြားလှသည်၊ မြတ်စွာဘုရားသည် ထိုမျှ ဂုဏ်ကျေးဇူးကြီးမားလှသော ဘုရားရှင်အဖြစ်ကို လွယ်လင့်တကူ ရရှောမ်မူလာသည် မဟုတ်၊ အခြားယူတစ်ဦးဦး၏ ကူညီပံ့ပိုးမှု၊ နောက်ပါ တပည့်ပရိသတ်တို့၏ တင်မြှောက်မှုကြောင့် ဖြစ်လာသည်လည်းမဟုတ်၊ တန်ခိုးရှင် တစ်ဦးဦး၏ ကိုယ်စားလှယ် ကိုယ်ပွားလည်းမဟုတ်။ ဘဂမျှားစွာ အနစ်နာ ခံလျက် ကိုယ်တိုင်အားထုတ်မှုကြောင့် ဖြစ်လာရကြောင်း ခိုင်မာသော စာပေအထောက်အထားရှိ၏။

ဘုရားအလောင်းတော်သည် သုမေဓာရသေ့ဘဝမှာပင် နိဗ္ဗာန်ထုတ်ချောက် ကူးမြောက်နိုင်သော စွမ်းပကားအပြည့်ရှိနေပါလျက်တစ်ကိုယ်တော်ကည်း ိုဗ္ဗာန်ချမ်းသာကို ရယူတော်မမူခဲ့၊ သံသရာ၌ နစ်မျောနေကြကုန်သော သတ္တဝါတို့အား ကယ်တင်ချေချွတ်ရန် ဘုရားဆုကို ပန်ဆင်တော်မူခဲ့သည်၊ သတ္တဝါတို့အား ကယ်မနိုင်မည့်အင်အားကို ရှာဖွေရန် စတင် ဆုံးဖြတ်လုပ်ဆောင်တော်မူခဲ့ခြင်းဖြစ်၏။

ထို့နောက် ဒီပင်္ကရာမြတ်စွာဘုရား၏ ထံတော်မှောက်ဝယ် နိယတဗျာဒိတ် (မလွဲမသွေ ဘုရားဖြစ်မည်ဟု ကြိုတင်မိန့်ကြားချက်)ခံယူရရှိပြီးသည့် အချိန်မှစ၍ ဘုရားအလောင်းတော်သည် ဒါန, သီလ, နေက္ခမ္မ, ပညာ, ဝီရိယ, ခန္တီ, သစ္စာ, အဓိဋ္ဌာန, မေတ္တာ, ဥပေက္ခာ ဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုလည်းကောင်း၊ စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါး တို့ကိုလည်းကောင်း မနေမနား၊ ဘဝမခြား အချိန်အားမရှိ စွမ်းအားအပြည့်ဖြင့် ဖြည့်ကျင့်ဆည်းပူး စုဆောင်းခဲ့ရသည်။

ဘုရားအလောင်းတော်၏ ပါရမီဖြည့်ကျင့်မှုသည် လူသာမန်တို့အဖို့ ကြံစည်တွေးတော ကြည့်ရုံမျှပင် ကြက်သီးထဖွယ် ကြောက်လန့်စဖွယ်

ကောင်းလောက်အောင် ခဲယဉ်းလှ၏။ ပြင်းထန်လှ၏။ အဆင်းရဲ အပင်ပန်း ခံရသော အလုပ်ကိစ္စကြီးများဖြစ်သည်။

ဤကဲ့သို့ သတ္တဝါအများအတွက် အနှစ်နာလည်းခံ စွန့်လွှတ်မှုကိုလည်း ပြု ကောင်းသောအမှုမှန်သမျှကို ပြုလုပ်စုဆောင်းခဲ့သဖြင့် နောက်ဆုံး ပါရမီပြည့်ဝသော သိဒ္ဓတ္ထမင်းသားဘဝကား နောက်ဆုံးအကျိုးပေးရမည့် အချိန်ဖြစ်သည်။ ပြုပြုခဲ့သမျှ ကုသိုလ် ပုညတို့သည် သူ့ထက်ငါ အစွမ်းကုန် အကျိုးပေးရတော့သည်။ ဘဝပေါင်း မရေမတွက်နိုင်အောင် စုဆောင်း ဖြည့်ကျင့်ခဲ့သော ပါရမီတော် ကံအစွမ်းတို့ကြောင့် ဖြစ်ပေါ်လာသမျှ အကျိုးတရား တို့သည်ကား ကြံတွေးမှန်းဆ တွက်ချမရနိုင်လောက်အောင် ဘာမျှ လိုလေသေးမရှိ အဘက်ဘက်က ပြည့်စုံလာတော့သည်။

မျိုးရိုးဇာတိ မြင့်မြတ်စင်ကြယ်၏၊ ဘဝအဆင့်အတန်း မြင့်မား၏၊ တစ်လောကလုံးကို အုပ်ချုပ်၍ မင်းလုပ်လိုက လုပ်နိုင်သော စကြဝတေးမင်း ဘုန်းကံရှိသူဖြစ်သည်။ ရူပကာယခေါ် ခန္ဓာကိုယ်ရုပ်အဆင်းတော်နှင့် စပ်၍လည်း ဆိုဖွယ်မရှိ၊ ထူးခြားလှသော လက္ခဏာကြီးငယ် အသွယ်သွယ်တို့ကား အံ့ဖွယ်အတိ ဖြစ်သည်။

တောထွက်၍ တရားကျင့်သောအခါ၌လည်း အထူးမြတ်ဆုံးဖြစ်သော ဒေဗဒဉ္ဇတဉာဏ်တော်အပါအဝင် ဉာဏ်တော်များကို ရရှိတော်မူခဲ့သည်။ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ အတုလဲ-အတု အတူမရှိသည့် ဘုန်းတော်ဒေနန္တ ပိုင်ရှင် တန်ခိုးတော်အနန္တ သခင် ဖြစ်တော်မူလာရသည်။

ဤကဲ့သို့ ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ **တန်ခိုး**တော်အနန္တ တို့ကို ရရှိတော်မူလာသည်မှာ တစုံတစ်ဦးသော တန်ခိုးရှင် ဖန်ဆင်းရှင်ကြောင့် ဖြစ်ပေါ်လာသည်မဟုတ်၊ နောက်လိုက် **နောက်ပါ**တို့က တင်မြှောက်၍ ဘုရားဖြစ်လာရသည်**လည်းမဟုတ်**၊ ဟမင်ချဲ့**ကားပြီး** ဂုဏ်မြောက်အောင် ရေးသားထားခြင်းလည်းမဟုတ်၊ ကြောင်းကျိုး**ဆက်စပ်မှု ဆီလျော်မှုမရှိဘဲ** တန်ခိုးတော် အနန္တ တို့ကို အလိုလို ပိုင်ဆိုင်လာခြင်းမှာ မည်သို့မျှ မဖြစ်နိုင်ချေ။

အမှန်စင်စစ်မှာမူ ဘဝပေါင်းများစွာ ကမ္ဘာပေါင်းများစွာ အများသတ္တဝါ တို့အတွက် အနှစ်နာခံကာ ပါရမီတော်များကို ဖြည့်ကျင့်မှုဟူသောအကြောင်း

ကဲတော်အနန္တ တို့ကြောင့် ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တ ဟူသော အနန္တ အကျိုးတရားများကို ရရှိတော်မူခြင်းဖြစ်သည်။

သတ္တဝါအများ ကောင်းစားချမ်းသာရေးအတွက် ဘဝပေါင်းများစွာ အနစ်နာခံ၍ ကောင်းသော ကံအကြောင်းတရားများကို များစွာပြုလုပ် ဆည်းပူးထားခြင်းကိုပင် 'ဘုန်းကံကြီးမားသူ-ဘဂဝါဂုဏ်တော်ရှင်' ဟု ဆိုရ၏။ ပြုလုပ်ခဲ့သောအလုပ် အကြောင်းကံများလေ ရရှိသောအကျိုးရလဒ် ကြီးမားလေ ဖြစ်သည်မှာ အနည်းငယ်မျှ သံသယဖြစ်ဖွယ်မရှိ၊ သဘောတရားတို့၏ နိယာမပင်တည်း။

ပါရမီတော်ဆယ်ပါး

ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်သော ဗုဒ္ဓမြတ်စွာသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မယ်တော်မာယာဒေဝီ မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်၏၊ သက်တော် ၃၅-နှစ်အရွယ်တွင် သဗ္ဗညုတဉာဏ်တော်မြတ် ရ၍ ဘုရားဖြစ်တော် မူသောအခါ လူသားများသာမက တန်ခိုးကြီးမားသော နတ်မင်းကြီးများ၊ ဗြဟ္မာများကပါ ပူဇော်ကြရ၏၊ အရိုအသေပြုကြရ၏၊ လက်အုပ်ချီမိုး ရိုမိုးကြရ၏။

ထိုသို့ လူ နတ် ဗြဟ္မာ သတ္တဝါတို့ ရှိခိုးဦးခိုက် ပူဇော်ထိုက်သော သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားအဖြစ်ကို သိဒ္ဓတ္ထမင်းသား ဘုရားအလောင်း တော်သည် ဤယခုဘဝအားထုတ်မှု သက်သက်ကြောင့်သာ ရခြင်းမဟုတ်ပါ။ ဒီပင်္ကရာ မြတ်စွာဘုရားထံတော်တွင် ဘုရားဆုကို ပန်ဆင်ကာ လေးအသင်္ချေနှင့် ကမ္ပာတစ်သိန်းကာလပတ်လုံး ဖြည့်ကျင့် ဆည်းပူးခဲ့သော ဘုရားဖြစ်ကြောင်း အကျင့်ကောင်းတရား ပါရမီ (၁၀)ပါး၊ စရိယာ (၃)ပါး၊ ဓွန်ခြင်းကြီး (၅)ပါးတို့ ပြည့်ဝ စုံလင်ခြင်းကြောင့်သာ သိဒ္ဓတ္ထမင်းသားဘဝတွင် သိစရာရှိသမျှ တရားအားလုံးကို သိမြင်သော သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်ကို ရတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် လေးအသင်္ချေနှင့် ကမ္ပာတစ်သိန်းကာလပတ်လုံး ပါရမီ (၁၀)ပါး၊ စရိယာ (၃)ပါး၊ ဓွန်ခြင်းကြီး

(၅)ပါး ကို့ကို ဖြည့်ကျင့်ခဲ့သည်မှာ မိမိအတွက် ဘုရားဖြစ်ချင်၍ ကျင့်ခြင်း မဟုတ်ဘဲ သတ္တဝါတို့အတွက် ဘုရားဖြစ်ချင်၍ ကျင့်ခြင်းဖြစ်ကြောင်းကို သဘောပေါက် နားလည်ထားသင့်ပေသည်။

ဘုရားအလောင်းအလျာ ပုဂ္ဂိုလ်မြတ်ကြီးတို့သည်ကား -

(၁) ပညာဓိက ဘုရားလောင်း

(၂) သဒ္ဓါဓိက ဘုရားလောင်း

(၃) ဝီရိယာဓိက ဘုရားလောင်း -ဟူ၍ သုံးမျိုးရှိကြ၏။

ပညာဓိက ဘုရားလောင်း

ဘုရားဖြစ်ခြင်း ဟူသည် အရဟတ္တမဂ်ဉာဏ်တော်နှင့် သဗ္ဗညုတဉာဏ်တော်ကြီးကို ရခြင်းပင်ဖြစ်၏။ ထိုဉာဏ်တော်ကြီးကို ရဖို့ရန်မှာ ရာမှီးသူတို့၏ စိတ်သန္တာန်တွင် ပညာဓာတ်ခံ လွန်ကဲစွာရှိမှဖြစ်၏၊ ပညာဓာတ်ခံလွန်ကဲစွာရှိပါမှသာ တစ်ဘဝထက် တစ်ဘဝ ပညာဓာတ်ခံ ရင့်သန်ကာ ပညာတကာတို့ထက် အထွတ်အထိပ်ဖြစ်သော သဗ္ဗညုတဉာဏ်တော်ကြီးသို့ ပေါက်ရောက်နိုင်၏။ ပညာဓိက ဘုရားအလောင်းတော်များသည် ပါရမီ ဖြည့်ရာ၌ သဒ္ဓါ, ဝီရိယ ရှေ့မဆောင်ဘဲ ပညာရှေ့ဆောင်ကာ ပါရမီဖြည့်သည့်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးလျှင် ဘုရားဖြစ်တော်မူကြ၏။

သဒ္ဓါဓိက ဘုရားလောင်း

သဒ္ဓါဓိက ဘုရားအလောင်းတော်တို့သည်ကား - 'ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်'ဟူ၍ ယုံကြည်ကြ၏၊ ဘုရားအလောင်းတော်တို့၏ စိတ်၌ ယုံကြည်မှုသဒ္ဓါတရား လွန်ကဲ၍နေ၏၊ ပညာနှင့်ဝီရိယက ရှေ့မဆောင်ဘဲ သဒ္ဓါတရားကသာ ရှေ့ဆောင်ကာ ပါရမီဖြည့်ကျင့်ရသည့်အတွက် ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဘုရားဖြစ်တော်မူကြ၏။

ဝိရိယာဓိက ဘုရားလောင်း

ဝိရိယာဓိက ဘုရားအလောင်းတော်တို့သည်ကား - 'ကြိုးစားလျှင် ဘုရားဖြစ်ရမည်' ဟူ၍ ဝိရိယကိုသာ ရှေ့ထား၍ သဒ္ဓါနှင့်ပညာကို ရှေ့မထားဘဲ ပါရမီတော်တို့ကိုဖြည့်ကျင့်သည့်အတွက် တစ်ဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဘုရားဖြစ်တော်မူကြ၏။

ထိုသို့ ဘုရားအလောင်းတော်တို့ သုံးမျိုးကွဲပြားရသည်မှာ မိမိတို့ဆန္ဒ ဆုတောင်းအလိုက် အချိန်ကာလကွဲပြားရခြင်း ဖြစ်သော်လည်း ဘုရားဖြစ်သော အခါ ဂုဏ်ကျေးဇူး ပိုသည် လိုသည်ဟူ၍ မရှိပေ၊ ထိုကာလထက် စော၍ ဘုရားအဖြစ်သို့ ရောက်တော်မမူနိုင်ကြပေ၊ ထိုမျှ ကာလအချိန်ကြာကြာ ပါရမီဖြည့်မှသာလျှင် သဗ္ဗညုတဉာဏ်ဇောတ်ကြီး ပြီးစီးအောင်မြင် ရင့်ကျက် ပြည့်စုံခြင်းသို့ ရောက်နိုင်လေသည်။

ဘုရားတစ်ဆူတစ်ဆူ ပွင့်ထွန်း ပေါ်ပေါက်တော်မူရေးသည် လွန်စွာ ခဲယဉ်းလှသည်။ ပါရမီဖြည့်မှ သဗ္ဗညုတဉာဏ်ကို ရနိုင်သဖြင့် ဘဝများစွာ သင်္ချေ သချေ်ာ လွန်လေပါမှ၊ ကပ်ကမ္ဘာများစွာ လွန်လေပါမှ ဘုရားတစ်ဆူ ပွင့်တော်မူသည်ကို ဖူးတွေ့နိုင်ကြရသည်။ 'ဗုဒ္ဓုပ္ပါဒ နဝမ ခဏ' ခေါ် ဘုရားရှင်တို့ ပွင့်ပေါ်တော်မူရာ အခါအခွင့်ကောင်းသည်ကား လွန်စွာ့ လွန်စွာ ကြုံခဲ ဆုံခဲ လှသည်။ ကပ်ကမ္ဘာများစွာမှာ ဘုရားရှင်တို့ ပွင့်ပေါ်မူမရှိသဖြင့် သုညကမ္ဘာ များဟု ခေါ်ဆိုကြသည်။ ဘုရားရှင်တို့ ပွင့်ထွန်းမူအပေါ် မူတည်၍ အောက်ပါ အတိုင်း ကပ်ကမ္ဘာများကို သတ်မှတ် ခေါ်ဝေါ်ကြသည်-

(က) ဘုရားတစ်ဆူသာပွင့်လျှင် - သာရကမ္ဘာ မည်၏၊
(ခ) ဘုရားနှစ်ဆူပွင့်လျှင် - မဏ္ဍကမ္ဘာ မည်၏၊
(ဂ) ဘုရားသုံးဆူပွင့်လျှင် - ဝရကမ္ဘာ မည်၏၊
(ဃ) ဘုရားလေးဆူပွင့်လျှင် - သာရမဏ္ဍကမ္ဘာ မည်၏၊
(င) ဘုရားငါးဆူပွင့်လျှင် - ဘဒ္ဒကမ္ဘာ မည်၏။

ဆောင်ပုဒ်။ ။ တစ်ဆူ သာရ၊ နှစ် မဏ္ဍ၊ ဝရ သုံးဆူသာ။
သာရမဏ္ဍ၊ လေးဆူပြု၊ ပဉ္စ ဘဒ္ဒကာ။
တစ်ဆူသော်မှ၊ မပွင့်က၊ သုည ကပ်ကမ္ဘာ။

ဘုရားအလောင်းဖြစ်ရန်ပင် အမှန်ခဲယဉ်းခြင်း

သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားရှင်အဖြစ်ကို မဆိုထားဘိ သုမေဓာရသေ့ကဲ့သို့ နိယတဗျာဒိတ်ရ ဘုရားအလောင်းတော် ဘဝကိုသော်မှလည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံမှသာ ရနိုင်ပေသည်။ ထိုအင်္ဂါရှစ်ပါးမှာ -

(၁) လူဇာတ်စင်စစ် ဖြစ်ရခြင်း၊
(၂) ယောကျ်ားစင်စစ် ဖြစ်ရခြင်း၊
(၃) ထိုဘဝမှာပင် အရဟတ္တဖိုလ် ရနိုင်လောက်သော တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံသူ ဖြစ်ရခြင်း၊
(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊
(၅) ကမ္မဝါဒီရသေ့(သို့မဟုတ်) သာသနာတော်တွင်း ရဟန်းဖြစ်ရခြင်း၊
(၆) စျာန် သမာပတ်တန်ခိုး ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူ ဖြစ်ရခြင်း၊
(၇) ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ သက်တော်ထင်ရှား ဘုရားရှင် ထံတော်၌ အလွန်အကြူး ပါရမီကုသိုလ်တို့ကို ပြုစု ပွားများ အားထုတ်သူ ဖြစ်ခြင်း၊
(၈) ဘုရားဖြစ်လိုသော ကုသိုလ်ဆန္ဒအားကြီးသူ ဖြစ်ခြင်းတို့ဖြစ်သည်။

ဆိုအပ်ပြီးသော အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသူဖြစ်မှသာ ဘုရားဆုပန်နိုင်ခွင့်ရှိသူ ဖြစ်နိုင်၍ ဘုရားအလောင်းဖြစ်ရေးသည်ပင်လျှင် လွန်စွာခဲယဉ်းလှပေသည်၊ မြတ်စွာဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည်ကား အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသူဖြစ်သဖြင့် ဒီပင်္ကရာမြတ်စွာဘုရား၏ ထံတော်မှောက်ဝယ် အလျားမှောက်လျက် "နောင်အခါဝယ် ဂေါတမမည်တွင် ဘုရားရှင် ဖြစ်လိမ့်မည်"ဟူသော နိယတဗျာဒိတ်ကို ရရှိသူဖြစ်လေသည်။ ထိုဘဝမှစ၍ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါးတို့ကို ရပ်နားမရှိ ပါရမီဖြည့်ခဲ့လေသည်။

ပါရမီ

ဒါနစသော မြင့်မြတ်သော ကျေးဇူးဂုဏ်တို့ကို ပြည့်စုံအောင် ပြုလုပ်တတ်သောကြောင့် ဘုရားအလောင်းတော်ကြီးများကို **'ပရမ' - သူတော်သူမြတ်** ဟုခေါ်သည်။ ထိုသို့ ပရမ မည်သော ဘုရားအလောင်း သူတော်ကောင်းတို့

ကျင့်ကြံ ပြုလုပ် အားထုတ်အပ်သော ဒါန စသော တရား ဆယ်ပါးကို **'ပါရမီ'** ဟု ခေါ်သည်။ ထိုပါရမီတော်များသည် -

ဒါန, သီလ၊ နေက္ခမ္မ၊ ပည, ဝီရိယာ။
ခန္တီ, သစ္စ၊ အဓိဋ္ဌာန၊ မေတ္တာ, ဥပေက္ခာ-ဟူသော လက်ံဆောင်ပုဒ်အရ

(၁) ဒါနပါရမီ၊
(၂) သီလပါရမီ
(၃) နေက္ခမ္မပါရမီ
(၄) ပညာပါရမီ
(၅) ဝီရိယပါရမီ
(၆) ခန္တီပါရမီ
(၇) သစ္စာပါရမီ
(၈) အဓိဋ္ဌာနပါရမီ
(၉) မေတ္တာပါရမီ
(၁၀) ဥပေက္ခာပါရမီ-ဟူ၍ (၁၀)ပါး အပြားရှိသည်။

မိမိခန္ဓာကိုယ်မှအပဖြစ်သော ပစ္စည်းဥစ္စာတို့ကို စွန့်၍ ဖြည့်ကျင့်လျှင် ပါရမီဆယ်ပါးဖြစ်သည်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းကို စွန့်လွှတ်၍ ဖြည့်ကျင့်လျှင် ဥပပါရမီဆယ်ပါးဖြစ်သည်၊ အသက်ကိုစွန့်၍ ဖြည့်ကျင့်လျှင် ပရမတ္ထပါရမီဆယ်ပါးဖြစ်သည်။ ဤသို့ဖြင့် ပါရမီဆယ်ပါး အပြားအားဖြင့် သုံးဆယ်ဖြစ်လေသည်။

၁-ဒါနပါရမီ

ပါရမီဆယ်ပါးတို့တွင် ဒါနပါရမီသည် ဦးစွာ ဖြည့်ကျင့်ရမည့် ပါရမီဖြစ်သည်။ ဒါနတ်ရောသည် စိတ်နှလုံးကို နူးညံ့စေတတ်သောတရားဖြစ်၏။ အလှူဒါနပြုလုပ်သောသူသည် ထိုဒါန၏ကျေးဇူးပြုပေးမှုကြောင့် သီလဆောက်တည်ရန်၊ သမထဘာဝနာ ပွားများရန်၊ ဝိပဿနာ ဘာဝနာ

ပွားများရန် စိတ်နှလုံးနူးညံ့ပြီး ဖြစ်လေတော့သည်။ ဒါနမပါဘဲ သံသရာခရီး သွားရလျှင် သုဂတိဘဝကောင်းကို ရရန် ခက်၏။ သုဂတိဘဝကိုရပြန်လျှင်လည်း ဘောဂသမ္ပတ္တိပြည့်စုံဖို့ရန် ခက်ခဲပြန်၏၊ ထိုအခါ ကုသိုလ်တရားကို ရှာဖွေပြုလုပ်ချင်သော်လည်း ရှာဖွေပြုလုပ်နိုင်တော့မည်မဟုတ်ပေ။ သံသရာ ခရီးသွားမရပ်စဲသေးသော သူများမှာ ဒါနတရားကို အထူးအားထုတ်ဖို့ အရေးကြီးလှပေသည်။

သာမန်အလှူရှင်တို့သည် အလှူခံပုဂ္ဂိုလ်ကို အယုတ်, အလတ်, အမြတ် ရွေးချယ်၍ 'ဤကောင်းမှုမြတ်ဒါနကြောင့် လူ့ဘဝ, နတ်ဘဝ ရောက်ရှိပြီး လူ့စည်းစိမ်, နတ်စည်းစိမ် ခံစား စံစားရပါလို၏'ဟု ဝဋ္ဋနိဿိတ ဒါနမျိုးကို ပြုတတ်ကြ၏။ ဘုရားအလောင်းတော်ကြီးများမှာမူ အလှူခံကိုလည်း မရွေးချယ်၊ သဗ္ဗညုတဉာဏ်တော် ရဖို့ရန်သာ ရည်ရွယ်ရင်းရှိတော်မူကြပေသည်။

ဘုရားအလောင်းတော်သည် ဒါနပါရမီကို ဖြည့်ကျင့်ရန် သုမေဓာရသေ့ဘဝက အဓိဋ္ဌာန်တော်မူခဲ့သည့်အတိုင်း လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း ဖြစ်လေရာဘဝတို့၌ ထီးနန်းစည်းစိမ် ဥစ္စာပစ္စည်း ရွှေ ငွေ စသည့် သက်မဲ့ဝတ္ထုပစ္စည်းများအပြင် ဇနီး မယား သမီး သားနှင့် အင်္ဂါခြေလက် အသက်တို့ကိုပါ စွန့်လွှတ်တော်မူခဲ့လေသည်။

၂- သီလပါရမီ

သီလပါရမီ၌ သီလသဒ္ဒါသည် ကောင်းသောအကျင့်၊ ကောင်းစွာထားရှိခြင်း၊ ကောင်းစွာ ဆောင်ရွက်ခြင်းဟူသော အဓိပ္ပာယ်ကို ဟောဆို၏။ သီလစောင့်ထိန်းသူ သန္တာန်၌ ကာယကံမှု ဝစီကံမှုတို့သည် အထိန်.မရှိသောချည်ခင်ပမာ ဖြစ်လိုရာ ဖရိုဖရဲ မဖြစ်ပေါ်တော့ပေ၊ ကုသိုလ်ဟူသမျှသည်လည်း သီလနှင့်ကင်း၍ ကောင်းစွာမဖြစ်နိုင်ပေ၊ သီလရှိသူသန္တာန်မှာသာ ကုသိုလ်တရားတို့ ဖြစ်ပွားနိုင်လေသည်။ သို့ဖြစ်၍ ကာယကံမှု ဝစီကံမှုတို့ကို ရုန့်ရင်းကြမ်းတမ်းစွာ ဖြစ်ခွင့်မပေးဘဲ သိမ်မွေ့, နူးညံ့အောင် ကောင်းစွာထားတတ်သောကြောင့်လည်းကောင်း၊ ကုသိုလ်တရားများ အဆင့်ဆင့် ဖြစ်ပွားအောင် အခြေခံအကြောင်းရင်း အဖြစ်ဖြင့် ကောင်းစွာရွက်ဆောင်တတ်သောကြောင့်လည်းကောင်း **သီလ** ဟု ခေါ်ဆိုရလေသည်။

ဘုရားအလောင်းတော်သည် သီလပါရမီကို ဖြည့်ကျင့်ရန် သုမေဓာရှင်ရသေ့ဘဝက အဓိဋ္ဌာန်တော်မူခဲ့သည့်အတိုင်း လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ဖြင့် သီလပါရမီကို ဖြည့်ကျင့်တော်မူခဲ့သည်။ စာမရီသားကောင်သည် မိမိ၏ မြီးဆံကို အသက်နှင့်လဲ၍ စောင့်ရှောက်သကဲ့သို့ လည်းကောင်း၊ ယစ်မသည် မိမိ၏ဥကို အသက်နှင့်လဲ၍ စောင့်ရှောက်သကဲ့သို့ လည်းကောင်း ဘုရားအလောင်းတော်သည်လည်း မိမိ၏သီလကို အသက်နှင့်လဲ၍ပင် ဖြည့်ကျင့်တော်မူခဲ့လေသည်။

၃-နေက္ခမ္မပါရမီ

နေက္ခမ္မပါရမီဌ် နေက္ခမ္မသဒ္ဒါသည် ထွက်မြောက်ခြင်းဟူသော အနက်ကိုဟော၏။ ထွက်မြောက်ခြင်းဟူသည် သံသရာမှ ထွက်မြောက်ခြင်း၊ ကာမ(နှစ်သက်ဖွယ်ရာ အာရုံငါးပါး ကာမဂုဏ်တရား)မှ ထွက်မြောက်ခြင်း. ဟူ၍ နှစ်ပါးရှိ၏၊ သံသရာမှ ထွက်မြောက်ခြင်းမှာ အကျိုးဖြစ်၍ ကာမမှ ထွက်မြောက်ခြင်းမှာ အကြောင်းဖြစ်သည်။ ကာမမှထွက်မြောက်အောင် ဖြည့်ကျင့်နိုင်မှ သံသရာမှ ထွက်မြောက်နိုင်မည်။

ကာမ သည် ကိလေသာကာမနှင့် ဝတ္ထုကာမဟူ၍ နှစ်ပါးရှိသည်၊ နှစ်သက်ဖွယ်သော အာရုံကို လိုချင်မက်မောတတ်သော လောဘကိလေသာကို **ကိလေသာကာမ**ဟုခေါ်သည်၊ မက်မောတွယ်တာဖွယ်ရာ အရာဝတ္ထုအစုစုကို **ဝတ္ထုကာမ** ဟု ခေါ်သည်၊ ထိုကာမနှစ်မျိုးမှ ကင်းလွတ်အောင် အားထုတ်ကြိုးပမ်းခြင်းကို **နေက္ခမ္မပါရမီ** ဟုခေါ်သည်။

နေက္ခမ္မပါရမီ ဖြည့်ကျင့်ရန်အတွက် အခြေခံအကြောင်းရင်းမှာ တောထွက်၍ ရသေ့ရဟန်းပြုလုပ်ခြင်းပင်ဖြစ်၏။ ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း နေက္ခမ္မပါရမီကို ဘဝပေါင်းများစွာ ဖြည့်ကျင့်ခဲ့လေသည်။

၄-ပညာပါရမီ

လက်မှု, စက်မှု, တွေးခေါ်သိမြင်မှု စသော ဝိဇ္ဇာ သိပ္ပံ အတတ်ပညာ ဟူသမျှကို သိမြင်နိုင်ခြင်း၊ လူတို့၏ကောင်းကျိုးကို ဆောင်နိုင်သော အတတ်ပညာ အသိပညာ အားလုံးကို တတ်ကျွမ်းနားလည်ခြင်းနှင့် အကြောင်းအကျိုးကို ဆက်စပ်မြော်မြင်နိုင်ခြင်းသည် ပညာဖြစ်သည်။

ပညာရှိတို့ထံ အဖန်ဖန် မေးမြန်းခြင်း စသည်ဖြင့် ပညာတိုးပွားခြင်း အကြောင်း ခုနစ်မျိုးရှိသည်။ ထိုခုနစ်မျိုးတို့မှာ–

(၁) ပညာရှိတို့ထံ အဖန်ဖန် မေးမြန်းခြင်း၊
(၂) ကိုယ်တွင်း ကိုယ်ပ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်း၊
(၃) သဒ္ဓါ ဝိရိယ စသည်တို့ကို ညီမျှ နေစေရခြင်း၊
(၄) ပညာမဲ့သူတို့ကို ရှောင်ရခြင်း၊
(၅) ပညာရှိတို့ကို ပေါင်းသင်းရခြင်း၊
(၆) ခက်ခဲသော သဘောတရားများကို တွေးတော စဉ်းစားရခြင်း၊
(၇) လျော့ငင်း ထိုင် ရပ် သွား အမြဲတမ်းအားဖြင့် ပညာပွားရန် ရည်သန်နေရခြင်း တို့-ဖြစ်ကြသည်။

ဆောင်ပုဒ်။ ။ "ဖန်ဖန်မီးမှု၊ ဝတ္ထုစုင်စေ၊ ဣန္ဒြေညီမျှ၊ ဗာလ ကိုကြဉ်၊ ဉာဏ်ရှိယှဉ်မှ၊ ဆင်ခြင်နက်လှ၊ ဓိမုတ္တသည်၊ ဉာဏပွားကြောင်း၊ ခုနစ်တည်း" (ဆရာတော်ဦးဗုဒ္ဓ)

ထိုထိုကိစ္စတို့၌ ပညာတရားသည် ရှေ့ဆောင်ဦးစီးအကြီးအမှူးအဖြစ်ဖြင့် ဖြစ်သောအခါ ဝိမံသာဓိပတိဟူ၍ ခေါ်၏။ ထိုပညာသည် သုတမယပညာ, စိန္တာမယပညာ, ဘာဝနာမယပညာဟူ၍ ပညာသုံးမျိုးရှိသည်။ ကြားနာရ၍ ဖြစ်ပေါ်လာသော ပညာ၊ ကြံစည်သဖြင့် ဖြစ်ပေါ်လာသော ပညာ၊ စျာန်ဝင်စားခိုက်, ဖိုလ်ဝင်စားခိုက်တို့၌ ဖြစ်ပေါ်သော ပညာတို့ဖြစ်ကြသည်။ အလောင်းတော်သည် သုတမယပညာ စိန္တာမယပညာတို့ကို အရင်းခံထား၍ လောကီစျာန်အဘိညာဏ်နှင့်တကွ သခ်ါရပေက္ခာ ဝိပဿနာဉာဏ်တိုင်အောင်သော လောကီ ဘာဝနာမယ ပညာတို့ကို ရှာမှီးခဲ့လေသည်။ ထိုပညာဖြင့် သတ္တဝါတို့၏ကောင်းကျိုးကို ဆောင်တော်မူခဲ့သည်။

၅-ဝီရိယပါရမီ

ဘုရားအလောင်းတော်သည် ပါရမီဖြည့်ကျင့်ရာ၌ အရေ, အကြော, အရိုး မျှသာ ကြွင်းကျန်ပြီး၊ အသားအသွေးတွေအားလုံး ခန်းခြောက်သွားပါစေ၊ ဝီရိယကို လျှော့ချရိုးမရှိ၊ ခွဲလုံ့လအပြည့်ဖြင့် ကြိုးစားဖြည့်ကျင့်တော်မူခဲ့သည်။

ရည်မှန်းချက် ကိစ္စတစ်ရပ် ပြီးမြောက်ရေးအတွက် မည်သည့် အခက်အခဲမျိုးနှင့် ရင်ဆိုင်ရစေကာမူ နောက်မတွန့်၊ အခက်အခဲ အဟန့်အတား များကို ကြိုးစားကျော်ဖြတ်ပြီး ပန်းတိုင်သို့ မရောက်ရောက်အောင် ချီတက် ကြိုးပမ်းမှုသည် ဝီရိယဖြစ်သည်။ ခွဲလုံ့လ ဝီရိယကို အလျှော့မပေးဘဲ မနေမနား ကြိုးစား အားထုတ်ခြင်းသည် ဝီရိယပါရမီ ဖြည့်ကျင့်မှုဖြစ်သည်။ ကောင်းမြတ် မှန်ကန်၍ စွမ်းပြင်းထန်စွာ အားထုတ်သော ဝီရိယကို သမ္မာဝါယာမ ဟု ခေါ်သည်။ ဝီရိယပါရမီဖြည့်ရာ၌ သမ္မာဝါယာမကိုသာ ဆည်းပူး ပွားများအားထုတ်လျက် ပြည့်ဝအောင် ဖြည့်ကျင့်ရသည်။ မဖြစ်သေးသော ကုသိုလ်အသစ်များဖြစ်ရန်, ဖြစ်ပြီးသော အကုသိုလ်အပြောင်းများကို ပယ်ရန် အားထုတ်မှု စသော သမ္မပွဓာန်သည် ဝီရိယာဓိပတိပင်ဖြစ်သည်။

ဘုရားအလောင်းတော်သည် ဝီရိယပါရမီတော်ကို ဖြည့်ကျင့်ရာ၌ သားကောင်ဖမ်းသော ခြသေ့မင်းပမာ လုပ်ငန်းကိစ္စ ကြီးသည် ငယ်သည် သဘောမထား၊ မည်သည့်အခါမျှ ဝီရိယကို လျှော့လေ့မရှိ။ ဖြစ်လေရာဘဝတို့၌ တွေ့ကြုံလာသော မိမိသူတပါးအရေးကိစ္စမှန်သမျှတို့ကို မည်သည့် နည်းနှင့်မျှ နောက်မဆုတ်ဘဲ ရဲရဲဝံ့ဝံ့ ရွက်ဆောင် အားထုတ်တော်မူခဲ့လေသည်။

၆-ခန္တီပါရမီ

ခန္တီဟူသည် သည်းခံခွင့်လွှတ်မှုဖြစ်သည်၊ ချမ်းသာသုခနှင့်ကြုံတွေ့ သော်လည်း စိတ်တက်ကြွမှုမရှိ၊ ဒုက္ခနှင့်ရင်ဆိုင်ရသော်လည်း စိတ်မပျက်၊ အမျက်မထန်၊ သည်းခံခြင်း နှလုံးခိုင်ခံ့ခြင်းကို ခန္တီ ဟုခေါ်သည်။ ခန္တီ၏သဘောမှာ အဒေါသဖြစ်သည်။ သည်းခံလိုက်ရသဖြင့် စိတ်ဆိုးမှု, ပူပန်မှု, အားငယ်မှု မဖြစ်ပေ၊ သည်းခံခြင်းထက် မြင့်မြတ်သော ကျင့်စဉ်မရှိပေ

(ခန္ဓာ ဘိယျော နှ ဝိဇ္ဇတိ)။ သည်းခံခြင်းသည် အမြင့်မြတ်ဆုံးသော အကျင့် (ခန္တီ ပရမံ တပေါ တိတိက္ခာ) ဖြစ်သည်။ သည်းခံခြင်းသည် အငြိမ်းချမ်းဆုံးသော အောင်မြင်မှုကို ပေးစွမ်းနိုင်သည်။ ဤနည်းအားဖြင့် ဘုရားအလောင်းတော်သည် ခန္တီပါရမီကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

၇-သစ္စာပါရမီ

မဟုတ်မမှန်သော စကားကို ပြောဆိုမှုမှ ရှောင်ကြဉ်၍ မှန်ကန် ဖြောင့်မတ်စွာ ပြောဆိုခြင်းသည် သစ္စာပါရမီ မည်၏၊ သစ္စာ၏ပဓာန လက္ခဏာမှာ အမှန်အကန်ကို ပြောဆိုမှု ဝစီသစ္စာ(မုသာဝိရမဏ သစ္စာ)ဖြစ်သည်။ သစ္စာပါရမီသည် အခြားပါရမီတို့ထက် ထူးခြားမှုရှိ၏၊ သစ္စာပါရမီတော်၌ မိမိပြုအပ်သော သစ္စာစကားဖြင့် လိုအပ်သောအရာကို တောင့်တလျှင် ခဏချင်း ပြည့်စုံစေနိုင်သော သတ္တိထူးရှိ၏။

ဘုရားအလောင်းတော်တို့သည် ဖြစ်လေရာရာ ဘဝတိုင်း သစ္စာပါရမီကို အသက်စွန့်၍ ဖြည့်ကျင့်ကြ၏၊ မုသာဝါဒကို လုံးဝ ရှောင်ကြဉ်ကြ၏။ မဟာသုတသောမဇာတ်၌ "မြေပြင်တစ်ဝန်း၌ အလုံးစုံသော အရသာမျိုးတို့ ရှိကြရာ ထိုအရသာတို့တွင် သစ္စာသည်သာလျှင် အချိုမြိန်ဆုံး အရသာဖြစ်ပေ၏" ဟူ၍ ဟောဆိုထားတော်မူ၏။ **'ကတိသစ္စာ၊ တည်သောစါဝယ်၊ သြဇာလေးနက်၊ ပေါဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏'** ဟူ၍လည်း ဖွဲ့ဆိုကြ၏။

သစ္စာတရား ထွန်းကားရာခေတ်၌ သစ္စာစကားသည် အလိုရှိရာ ကောင်းကျိုးကို ချက်ချင်းပေးနိုင်၏ မုသာဝါဒစကားသည်လည်း ဆိုးကျိုးကို ချက်ချင်းပင်ပေးနိုင်၏။ မုသာဝါဒထွန်းကားရာ ခေတ်ကာလ၌ သစ္စာစကား တို့လည်း ချက်ချင်း အစွမ်းမပြနိုင်၊ မုသာဝါဒ အကုသိုလ်တရားတို့လည်း ချက်ချင်း အစွမ်းမပြနိုင်တော့ပေ။

မည်သို့ပင်ဖြစ်စေ ဘုရားအလောင်းတော်ကား လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း ဘဝပေါင်းများစွာ၌ သစ္စာပါရမီကို ဖြည့်ကျင့် တော်မူခဲ့လေသည်။

၈-အဓိဋ္ဌာန်ပါရမီ

အဓိဋ္ဌာန်ပါရမီဟူသည် မည်သည့်ကိစ္စ၊ မည်သည့်အခြေအနေ၊ မည်သည့် အနှောင့်အယှက် အဟန့်အတား အခက်အခဲနှင့် ရင်ဆိုင်ရသည်ဖြစ်စေ မိမိရည်ရွယ်အပ်သည့် အလုပ်ကိစ္စကို မရွေ့မရှား မတုန်မလှုပ် ကြံ့ကြံ့ တည်လျက် ပြီးမြောက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ အဓိဋ္ဌာန်ပြုရာ၌ ကြံ့ခိုကဲ့သို့ ကျင့်ရသည်။ ကြံ့ခို ဟူသည် တစ်ချောင်းတည်းသာရှိ၏၊ နှစ်ချောင်းမရှိ။ အဓိဋ္ဌာန်ဟူသည်လည်း အဓိဋ္ဌာန်သည့်အတိုင်း အတည်သာ ဖြစ်ရမည်၊ နှစ်ခွမရှိရ၊ နှစ်မျိုးမရှိ၊ အလုပ်ကိစ္စ မပြီးစီးသည် မရှိရ၊ မြဲမြဲမြံမြံ သေသေချာချာ ကျင့်ကြံရမည်ဟု ဆိုလိုသည်။

'သစ္စာဓိဋ္ဌာန်ပြုကြပါသည်'ဟု တွဲ၍ သုံးရိုးစဉ်လာရှိနေသော်လည်း သစ္စာနှင့်အဓိဋ္ဌာန်သည် တခြားစီဖြစ်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မှန်ကန်ခြင်းသဘောကို အခြေခံ ပြုပြီး လိုအပ်သော အရာကို တောင့်တ မြွက်ဆိုခြင်းသည် သစ္စာမည်၏။ မိမိစိတ်ဆုံးဖြတ် ရည်မှန်းထားသည့်အတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ခြင်းသည် အဓိဋ္ဌာန်မည်၏။

ဘုရားအလောင်းတော်သည် ဒါနစသော ပါရမီအကျင့်များကို ကျင့်ရာ၌ ကြိုဝင်အဓိဋ္ဌာန်ပြုပြီးမှ ထိုအဓိဋ္ဌာန်ချက်အတိုင်း စိတ်ဆုံးဖြတ်ထားသည့်အတိုင်း ကိစ္စတစ်ခုကို ပြည့်စုံပြီးမြောက်အောင် အားထုတ်လေသည်။

၉-မေတ္တာပါရမီ

သူတပါးတို့၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို လိုလားခြင်းသည် မေတ္တာမည်၏။ လင်ချစ် မယားချစ် (တဏှာပေမ)၊ သားချစ် သမီးချစ် (ဂေဟ်သိတပေမ) တို့ကဲ့သို့ တဏှာလောဘပါသော အချစ်မျိုးမဟုတ်။ မေတ္တာတရားသည် စင်ကြယ်မွန်မြတ်သော အဒေါသ သဘောတရားသာဖြစ်၍ ဗြဟ္မဝိဟာရဟူသော အမည်ကိုလည်း ရ၏။ ဤတရားကို ပွားများနေလျှင် မြတ်သောနေခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားအလောင်းတော်သည် မေတ္တာဖြင့် နေခြင်းဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ဘဝပေါင်း များစွာတို့၌ မေတ္တာပါရမီကို အစွမ်းကုန် ဖြည့်ကျင့်တော်မူခဲ့လေသည်။

၁၀-ဥပေက္ခာပါရမီ

ဥပေက္ခာ ဟူသော စကား၏အဓိပ္ပာယ်မှာ အညီအမျှရှုခြင်းဖြစ်သည်။ ဆင်းရဲမှု, ချမ်းသာမှုနှစ်မျိုးဟွင် မည်သည့်ဘက်သို့မျှ တစ်ဘက်သတ်မလိုက်ဘဲ အညီအမျှရှုခြင်းဖြစ်သည်။ ဥပေက္ခာ ပါရမီသည် ချစ်ခြင်း, မုန်းခြင်းဟူသည့် အစွန်း နှစ်မျိုးသို့ မကပ်ရောက်ဘဲ ဘက်မလိုက် ဘည့်မတ်သောစိတ်ဖြင့် ဖြည့်ကျင့်ရသော ပါရမီဖြစ်သည်။

ဘုရားအလောင်းတော်သည် မိမိအပေါ်ရောက်ရှိလာသော ချမ်းသာဆင်းရဲ၊ ချစ်ခြင်း မုန်းခြင်းများကို ချိန်ခွင်လျှာသဖွယ် မစောင်းမဲ့ အမှန်တည့်တည့် ရပ်တည်ခြင်းဖြင့် ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

ပါရမီဖြည့်ပုံ

ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ရာ၌ ဘုရားအလောင်းတော်သည် ပါရမီတစ်ပါးလျှင် တစ်ဘဝနှုန်းဖြင့် ဖြည့်ကျင့်သည်မဟုတ်ပေ၊ ဖြစ်လေရာရာ ဘဝတိုင်းတို့၌ ဒါန, သီလ, နေက္ခမ္မ,ပညာ,ဝီရိယ စသော ပါရမီဆယ်ပါးလုံးကို ရနိုင်သလောက် ဖြည့်ကျင့်ခဲ့သည်။ တချို့သောဘဝ, တချို့သောကာလတွင် ပါရမီမြောက်ဖြည့်ကျင့်ခဲ့သလို တချို့သောဘဝများတွင် ဥပပါရမီမြောက်၊ တချို့သောဘဝတွင် ပရမတ္ထပါရမီမြောက် ဖြည့်ကျင့်ခဲ့သည်။

ဒါနပါရမီကိုပင် သူမတူအောင် စွန့်လွှတ်နိုင်ခဲ့သဖြင့် ပဉ္စမဟာပရိစ္စာဂ (စွန့်ခြင်းကြီးငါးပါး)ဟု ဝိဓေယ်သတပ်၍ အမြဲတ်တနိုး ခေါ်ခဲ့ကြသည်။ ပါရမီများကို ဖြည့်ကျင့်ရာတွင် စရိယာသုံးပါးခေါ် ကျင့်စဉ်သုံးပါးကို ဦးထိပ်ထား၍ ဖြည့်ကျင့်ခဲ့သည်။

- သတ္တဝါအားလုံး ကောင်းစားရေး၊
- မိမိမျိုးနွယ်ဝန်စ်ရပ်လုံး ကောင်းစားရေး၊
- သဗ္ဗညုတဉာဏ်ဝေဘ်ကို ရရှိရေး -

ဟူသော ပဓာနရည်မှန်းချက်ကြီးများ ပြည့်ဝအောင် အသက်ကိုပင် စွန့်၍ ဖြည့်ကျင့်ခဲ့ရလေသည်။

ဤသို့လျှင် သုမေဓာရှင်ရသေ့ဘဝ ဗျာဒိတ်ရချိန်မှစ၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဘဝများစွာ အနစ်နာခံလျက် ပါရမီဆယ်တန်တို့ကို ကျင့်ကြံဖြည့်ဆည်းတော်မူခဲ့သဖြင့် နောက်ဆုံးဘဝဝယ် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ဆရာမရှိ မိမိကိုယ်တော်တိုင် ရရှိပိုင်ဆိုင်တော်မူခဲ့လေသည်။

စွန့်ခြင်းကြီး ငါးပါး

ဘုရားအလောင်းတော်သည် ဒါန စသော ပါရမီတရားများကို ဇေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘဝဆက်တိုင်း ဖြည့်ကျင့်တော်မူရာ၌ အခြားတပါးသူတို့ ကြံတွေးရုံမျှ ကြက်သီးထလောက်အောင် လွန်စွာခက်ခဲသော စွန့်လွှတ်မှု အနစ်နာခံမှုတို့ကို ပြုလုပ်ခဲ့ရသည်။ ထိုသို့ စွန့်လွှတ်မှု အနစ်နာခံမှုများကို မြင့်မြတ်သောစိတ်ထားဖြင့် စွန့်လွှတ် ဖြည့်ကျင့်ခဲ့သဖြင့် ပဌမဟာပရိစ္စာဂ=စွန့်ခြင်းကြီး(၅)ပါး ဟူ၍ ဂုဏ်ပြု ခေါ်ဝေါ်ခဲ့ကြသည်။ စွန့်ခြင်းကြီးငါးပါးကို စွန့်လွှတ်ကာ သူမတူအောင် ဖြည့်ကျင့်ကြီးပမ်းခဲ့သည်မှာ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိရေးအတွက်သာ ဖြစ်သည်။ ထိုဉာဏ်တော်မြတ်ကို ရယူလိုသည့် ရည်ရွယ်ချက်မှာလည်း သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲအပေါင်းမှ ကယ်တင်တော်မူလိုသော အာသီသဆန္ဒကြောင့်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဤစွန့်လွှတ် အနစ်နာခံမှုများကို မဟာပရိစ္စာဂ-မြင့်မြတ်သော ရည်ရွယ်ချက်ဖြင့် မြင့်မြတ်သောသူတို့သာ ပြုလုပ်နိုင်စွမ်းသော မြင့်မားခက်ခဲသည့် စွန့်လွှတ်ခြင်းကြီးများဟု အမည်သမုတ်ခဲ့ကြပေသည်။ ထိုစွန့်ခြင်းကြီး ငါးပါးတို့မှာ-

(၁) ဓနပရိစ္စာဂ - ရွှေ ငွေ ဘဏ္ဍာ ရတနာပစ္စည်းများနှင့် တိုင်းပြည် နိုင်ငံ ထီးနန်း စည်းစိမ်ကို စွန့်လွှတ်၍ ပါရမီဖြည့်ခြင်း။

(၂) ပုတ္တပရိစ္စာဂ - သားသမီး ရတနာများကို စွန့်လွှတ်၍ ပါရမီဖြည့်ခြင်း။

(၃) ဘရိယပရိစ္စာဂ - ဇနီးမယားကို စွန့်လွှတ်၍ ပါရမီဖြည့်ခြင်း။

(၄) အင်္ဂပရိစ္စာဂ - မျက်စိ, နား, နှာ, ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ကို စွန့်လွှတ်၍ ပါရမီဖြည့်ခြင်း။

(၅) ဇီဝိတပရိစ္စာဂ - မိမိအသက်ကိုပင် နှမြောတွန့်တိုမှု မရှိဘဲ စွန့်လွှတ် စွန့်လှူ အနစ်နာခံကာ ပါရမီဖြည့်ကျင့်ခြင်း - တို့ဖြစ်သည်။

ဓနပရိစ္စာဂ

ထိုစွန့်ခြင်းကြီးငါးပါးတို့သည် တစ်မျိုးထက်တစ်မျိုးက ပို၍ ခက်ခဲသည်။ မိမိကိုယ်တိုင် အပတ်ဘကုတ် နေပူမိုးရွာမရွောင် နေ့ညမဟူ ချမ်းသာဆင်းရဲမျိုးစုံ ဆင်နွဲကာ ရှာဖွေထားသော ပစ္စည်းဥစ္စာ ရတနာတို့ကို ပကတိ ဖြူစင်ကြည်လင်သော စိတ်ထားဖြင့် စွန့်လှူမှုသည် လူတိုင်းပြုလုပ်နိုင်သော အမှုကိစ္စမဟုတ်ပေ။ မိမိလက်ဝယ်ရောက်ရှိပိုင်ဆိုင်လာသော တိုင်းပြည် နိုင်ငံထီးနန်းစည်းစိမ်တို့ကို စွန့်လွှတ်လှူဒါန်းနိုင်မှုသည်လည်း လွန်စွာခက်ခဲသော ကိစ္စမျိုးပင် ဖြစ်ပေသည်။ သို့သော် ဘုရားအလောင်းတော်တို့မှာမူ မိမိပိုင်ဆိုင်သော ထီးနန်းစည်းစိမ်ကိုပင် လိုချင်သူ ပေါ်ပေါက်လာပါက စိတ်ရင်းဖြူစင်စွာ ပေးလှူခဲ့ကြသည်မှာ ဘဝများစွာ အကြိမ်များစွာပင် ဖြစ်လေသည်။ မဟာသီလဝဘုရင် မင်းကြီးဘဝတွင် မိမိနိုင်ငံကို လိုချင်သော ကောသလမင်းကြီးအား အသာတကြည်ပင် ပေးလှူ၍ ပါရမီဖြည့်ခဲ့လေသည်။

ပုတ္တပရိစ္စာဂ

ဥစ္စာပစ္စည်း စွန့်လှူမှု၊ တိုင်းပြည်နိုင်ငံ စွန့်လှူမှုမျိုးထက် သားသမီးများကို လှူဒါန်းနိုင်မှုမှာ ပို၍ခက်ခဲပေသည်။ အရေထူလွန်မြောက် အရေပါးဖောက်၍ ရိုးတွင်းချဉ်ဆီရောက်အောင် အသည်းခိုက်မျှ ချစ်ခင် ယုယကြင်နာခဲ့ရသည့် မိမိရင်နှစ်သည်းချာ သားသမီးရတနာတို့ကို လူတိုင်းချစ်မြတ်နိုးကြပေသည်။ ဘုရားအလောင်းတော်တို့လည်း လူသားသဘာဝ ချစ်မြတ်နိုးကြသည်ပင်။ သို့သော်လည်း သဗ္ဗညုတဉာဏ်တော်မြတ်ကို ရယူလိုမှုက ပိုမိုပြင်းထန်လှသဖြင့် ပါရမီဖြည့်ဘက် သားသမီးတို့ကို လိုလားသူ အလှူခံ ပေါ်ပေါက်ပါက လှူဒါန်းခဲ့ကြသည်မှာ ဘဝများစွာ ရှိခဲ့သည်။ ဝေဿန္တရာမင်းကြီးဘဝတွင် အလှူခံလာသူ ဇူဇကာပုဏ္ဏားအား သားတော်သမီးတော်များဖြစ်ကြသော

ဇာလိနှင့်ကဏ္ဍာဇိန် ဟိုကို ပေးလွှဲခဲ့သည်။ ဧရာကာပုဏ္ဏားက မိမိရင်သွေးတို့ကို မိမိမျက်မှောက်မှာပင် ကြိုးနှင့်တုပ် တုတ်နှင့်ရိုက် ကြိမ်းမောင်းဆဲဆိုပြီး လိုရာသို့ခေါ်ဆောင်သွားပုံကို မြင်ရသော အလောင်းတော် ဇဝဿန္တရာမင်းအဖို့ စိတ်မသက်သာ ပင်ပန်းနာကျင်ခဲ့ရသည်။ သို့သော်လည်း သဗ္ဗညုတ ဉာဏ်တော်ကို လိုလားမှုက ပြင်းပြလှသဖြင့် သားသမီးတို့ကို စွန့်လွှတ်ပါရမီဖြည့်ခဲ့ရပါသည်။

ဘရိယပရိစ္စာဂ

ဘရိယပရိစ္စာဂမှာ ဇနီးမယား၊ကို စွန့်လွှတ်လှူဒါန်းမှုဖြစ်သည်။ ဘဝကြင်ဖော်အဖြစ် လက်တွဲ၍ ချမ်းသာဆင်းရဲ မခွဲအတူ ကြည်ဖြူ မြတ်နိုးလှသော မိမိ၏ဇနီးကို စွန့်လွှတ်ခြင်းသည်ကား ကြီးမားလွန်းလှသော စွန့်လွှတ်မှုမျိုးဖြစ်သည်။ လူတို့သဘာဝအရ မိမိ၏ အိမ်သူသက်ထားကို သူတပါး ဇစ်ဖေ့ကြည့်တောင် ခံလိုသောစိတ်မရှိ။ ဘုရားအလောင်းတော်လည်း လူယဲကလူတစ်ဦးသာ ဖြစ်သဖြင့် မိမိဇနီးကို ချစ်ခင်လှသည်။ သို့သော်လည်း ပါရမီမျိုးစေ့ဟူသမျှ အနည်းငယ်မျှ မကျန်ရအောင် ဖြည့်ကျင့်နေသော ဘုရားအလောင်းတော်အဖို့ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိရေးသည်သာ ပဓာနဖြစ်သဖြင့် ချစ်လှစွာသော ဇနီးမယားတို့ကို စွန့်လွှတ် လှူဒါန်းခဲ့သည့် အကြိမ်ပေါင်းမှာ များလှချေပြီ။ ဝေဿန္တရာမင်းမြတ်သည် မဒ္ဒီမိဖုရားကို ပုဏ္ဏားအိုယောင်ဆောင်လာသူ သိကြားမင်းအား တွန့်တို ဆုတ်နစ်မှုမရှိ လှူဒါန်းခဲ့သည်။

အင်္ဂပရိစ္စာဂ

အထက်ပါ စွန့်ခြင်းကြီးသုံးမျိုးမှာ ပြုလုပ်ရန် လွန်စွာခဲယဉ်းလှပါသည်။ သို့သော်လည်း မိမိကိုယ်ခန္ဓာနှင့် မစပ်သော ပြင်ပအရာများသာဖြစ်၍ လှူနိုင်ကောင်း လှူနိုင်ဦးမည်။ မိမိကိုယ်ခန္ဓာ အစိတ်အပိုင်းတို့ကို တစ်ပိုင်းစီ ဖြုတ်ဖြတ်၍ စွန့်လွှတ်လှူဒါန်းမှုမှာ ပို၍ ခက်ခဲလှပါသည်။ လူတိုင်းလူတိုင်းပင် မိမိကိုယ်ခန္ဓာ အားအင်ပြည့်ဝ လှုပ်စေရန် စိမ်အား၊ထုတ်မြဲပင် ဖြစ်သည်။ လူတိုင်းပင် မိမိတို့ ကိုယ်ခန္ဓာကို တွယ်တာ မြတ်နိုးကြမြဲ ဖြစ်သည်။ ဘဝတစ်သက်တာတွင် အတွယ်တာဆုံး အမြတ်နိုးဆုံးအရာသည် မိမိတို့ ကိုယ်ခန္ဓာပင်ဖြစ်သည်။ ထိုမျှ ချစ်ခင်မြတ်နိုးလှပါသော ခန္ဓာကိုယ်ကြီးမှ

မျက်စိကို ထုတ်၍ လှူခြင်း, နားကိုဖြတ်၍ လှူခြင်း, ခြေလက်အင်္ဂါဖြတ်၍ လှူခြင်းမျိုးကား လွန်စွာပြုနိုင်ခဲသော စွန့်လှူခြင်းဖြစ်သည်။ ဘုရားအလောင်းတော်တို့ကား မိမိစွန့်လွှတ်မှုကြောင့် တစ်ဖက်သား အကျိုးရှိမည်ဆိုလျှင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးက မိမိခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုကို လိုချင်ပါသည်ဟု အလှူခံလာလျှင်ဖြစ်စေ နှမြောတွန့်တိုခြင်းမရှိ၊ ကြောက်စိတ်မဝင်၊ ရွှင်ကြည်ဝမ်းမြောက်စွာ လှူဒါန်းခဲ့သည်မှာ ဘဝများစွာပင် ရှိခဲ့ပြီ။ သဗ္ဗညုတ ဉာဏ်တော်ကိုသာ ရမည်ဆိုပါက စွန့်လွှတ်မည်သာဖြစ်သည်။ အလောင်းတော် သိဝိမင်းဘဝတွင် မျက်စိနှစ်ကွင်းကိုထုတ်၍ လှူဒါန်းခဲ့သည်။ အလောင်းတော် မျောက်မင်းဘဝတွင် မိမိခါးတွင် နွယ်ကြိုးချည်၍ မျောက်အပေါင်းကို ခန္ဓာကိုယ်ပေါ်မှ ဖြတ်လျှောက်စေကာ ကိုယ်ခန္ဓာကို စွန့်လွှတ်၍ ပါရမီဖြည့်ခဲ့သည်။

နီဝိတပရိစ္စာဂ

စွန့်ခြင်းကြီးငါးပါးတွင် အခက်ခဲဆုံးကား အသက်ကို စွန့်လွှတ်၍ ပါရမီဖြည့်မှု နီဝိတပရိစ္စာဂပင်ဖြစ်သည်။ ပြင်ပဥစ္စာ သားသမီးဇနီးမယားတို့ကို စွန့်လွှတ်စဉ် အခါတုန်းက "မိမိကိုယ်တိုင် မဟုတ်၍ စွန့်လှူနိုင်ခြင်းဖြစ်သည်။ ဘုရားအလောင်းတော်တို့သည် မိမိ သဗ္ဗညုတဉာဏ် ရရှိရေးအတွက် မိမိကို မှီခို အားထားနေကြသည့် သားသမီး ဇနီးမယားတို့ကို ရက်ရက်ရောရော စွန့်လှူ ခဲ့ကြသည်။ ထိုသို့ စွန့်လွှတ်မှုကို မိမိ ကိုယ်ကျိုးအတွက် ပြုလုပ်သည်"ဟု ထင်မြင်ကောင်း ထင်မြင်စရာရှိသော်လည်း မိမိ၏ ကိုယ်ခန္ဓာအသက်ကိုပင် မြက်တစ်ပင်မျှ ပမာမထား စွန့်လွှတ်စွန့်စားသည်ကို ကြည့်လျှင် ထိုထင်မြင်မှုများ ယုတ္တိမရှိကြောင်း သိသာလှ၏။ အလောင်းတော်မြတ်တို့၏ စိတ်အစဉ်ဝယ် တွယ်ကပ် စွဲလမ်းနေသည့်အရာမှာ ဘုရားဖြစ်ရေးပင်ဖြစ်သည်။ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိရန်သာ ဖြစ်သည်။

သသပဏ္ဍိတ ယုန်ပညာရှိဘဝတွင် မိမိအသားကို အလှူခံလာသော ပုဏ္ဏားအို (သိကြားမင်း)အတွက် မီးပုံကြီးထဲ ခုန်ဆင်းကာ အသက်စွန့်လှူဒါန်းခဲ့သည်။ နိဂြောဓသမင်ဘဝတွင် သားသည်အမေ သမင်မတစ်ကောင်အတွက် မိမိအသက်ကို စွန့်၍ လှူဒါန်းခဲ့သည်။ အသက်နှင့် ခန္ဓာကိုယ်

အစိတ်အပိုင်းတို့ကို စွန့်လွှတ်၍ ပါရမီဖြည့်ပုံကို ဆိုရလျှင် ကောင်းကင်ပြင်ရှိ ကြယ်အရေအတွက်မျှမက မျက်စိမျှားကို လှူဒါန်းခဲ့သည်။ မဟာသမုဒ္ဒရာ ရေပြင်မက အသွေးများကို လှူဒါန်းခဲ့သည်။ မဟာပထဝီ မြေပြင်မက အသားခန္ဓာတို့ကို လှူဒါန်းခဲ့သည်။ ထိုမျှ ကြီးကျယ်များပြားစွာ စွန့်လွှတ် အနစ်နာခံမှုများမှာ သဗ္ဗညုတဉာဏ်တော်အတွက်သာဖြစ်ချေသည်။

သဗ္ဗညုတဉာဏ်ကိုသာ ရရှိမည်ဆိုလျှင် မည်သည့်အရာကို စွန့်ရစွန့်ရ၊ စွန့်လွှတ်မည်သာဖြစ်ပေသည်။ သဗ္ဗညုတဉာဏ်ရမှသာ မိမိကယ်မလိုသော သတ္တဝါတို့ကို အထွတ်အထိပ် ကယ်မနိုင်မည်မဟုတ်ပါလား။

ဤသို့လျှင် သဗ္ဗညုတဉာဏ်တော်ကို ရရှိရေးအတွက် ဘုရားအလောင်းတော်သည် စွန့်ခြင်းကြီးငါးပါးကိုလည်း စွန့်လှူခဲ့ရလေသည်။

စရိယာ သုံးပါး

ဘုရားအလောင်းတော်သည် ဘဝများစွာ ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ ကျင့်စဉ်ကြီးသုံးချက်ကို ဦးထိပ်ထား၍ ကျင့်ဆောင်ခဲ့သည်။ ထိုကျင့်ဆောင်ချက် ကြီးသုံးမျိုးကို 'စရိယာ ၃-ပါး' ဟူ၍ ခေါ်ကြသည်။ ထို စရိယာ ၃-မျိုးမှာ-

(၁) လောကတ္ထစရိယာ - လောကလူသား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ ကောင်းစားချမ်းသာရေးအတွက် ကျင့်စဉ်၊
(၂) ဉာတတ္ထစရိယာ - မိမိ၏ နိုင်ငံနှင့် လူမျိုး ကောင်းစား ချမ်းသာရေးအတွက် ကျင့်စဉ်၊
(၃) ဗုဒ္ဓတ္ထစရိယာ - သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညုဘုရားဖြစ်ရေးအတွက် ကျင့်စဉ်တို့ ဖြစ်ကြသည်။ ဘုရားအလောင်းတော်သည် ဘဝတိုင်းဘဝတိုင်း ပါရမီဖြည့်ကျင့်တိုင်း ဤကျင့်စဉ်ကြီးသုံးရပ်ကို ဦးထိပ်ထားခဲ့လေသည်။

လောကတ္ထစရိယာ

လောကတ္ထစရိယာ အရ လူ့လောကအပါအဝင် ဘဝတွလောကကြီး တရပ်လုံး တိုးတက်ကောင်းစားရေးအတွက် အမြဲကျင့်ဆောင်ခဲ့သည်။

ရှေးအဓိက အင်္ဂတိမင်းကြီးသည် မိစ္ဆာအယူရှိသူ ဗြာဟ္မဏတို့၏ ဝါဒကို မှားယွင်းစွာ လိုက်နာပြီး သူ့အသက်သတ်မှု, သူ့ဥစ္စာခိုးမှု, သူတပါး သားမယားကို စော်ကားကျူးလွန်မှု, မုသားပြောမှု, အရက်သေစာ သောက်စားမှုတို့ကို ပြုလုပ်နေသည်။ တစ်တိုင်းပြည်လုံး ငါးပါးသီလ မစောင့်ထိန်းကြဘဲ အကျင့်တရား ပျက်ပြားနေကြသည်။ သမီးတော် ရုစာမင်းသမီးက ဟောပြသော်လည်း မလိုက်နာကြပေ။ သမီးတော်၏ အဓိဋ္ဌာန်ပြုမှုကြောင့် ဘုရားအလောင်းတော်နာရဒရသေ့ ကောင်းကင်မှကြွရောက် တန်ခိုးပြ၍ တရားဟောတော်မူမှ အင်္ဂတိမင်းကြီးနှင့်တကွ တစ်တိုင်းပြည်လုံး ငါးပါးသီလ စောင့်ထိန်းကြသည်။ ဤသို့လျှင် လူအများ ကောင်းစားရေးအတွက် ဆောင်ရွက်တော်မူခဲ့လေသည်။

ဉာတတ္ထစရိယာ

ဉာတတ္ထစရိယာ အရ ဘုရားအလောင်းသည် မိမိအမျိုးသားတို့ ကောင်းစားရေးအတွက် ဆောင်ရွက်ခဲ့ပုံကို ဘုရားအလောင်း ကျီးမင်းဘဝ တွင်လည်း တွေ့မြင်နိုင်သည်။ ပုရောဟိတ်ပုဏ္ဏားတစ်ဦးသည် ညီလာခံဝင်လာစဉ် ကျီးတစ်ကောင်က မစင်စွန့်ချခဲ့သဖြင့် ကျီးတို့ကို ရွံမုန်းစိတ်နာပြီး ကျီးမျိုးပြုတ်စေရန် ကြံခဲ့ဖူးသည်။ ဘုရင့်ဆင်များ၏ မီးလောင်ဒဏ်ရာ အနာကို "ကျီးကန်းအဆီဖြင့် သုတ်လိမ်းမှ ပျောက်ကင်းပါမည်"ဟု လက်စားချေလိုသော စိတ်ဖြင့် မဟုတ်မမှန် သံတော်ဦးတင်ခဲ့သည်။ ဘုရင်လည်း ကျီးကန်းဟူသမျှ ဖမ်းဆီးသတ်ဖြတ်ခိုင်းသည်။

ဘုရားအလောင်းကျီးမင်းသည် မိမိအသက်ကို စွန့်၍ ဘုရင့်ထံ အရောက်ဝင်ကာ ကျီးတို့မှာ အဆိမရှိကြောင်း တင်ပြလျှောက်ထားခဲ့သည်။ ထိုသို့ အသက်စွန့်၍ မိမိအမျိုးကျီးကန်းများအတွက် ဆောင်ရွက်မှုကြောင့် ကျီးကန်းလောက မျိုးပြုတ်ရေးဆောင်ရွက်ချက် ရပ်ဆိုင်းသွားရသည်။ ဤသို့လျှင် မိမိအမျိုးသား ကောင်းစားရေးအတွက် ဘဝအဆက်ဆက် ကြိုးပမ်းကျင့်ဆောင်ခဲ့သည်။ ဘုရားဖြစ်တော်မူသောအခါကား ပြောဖွယ်ရာမရှိ၊ ရောဟိနီမြစ်ရေခွဲဝေမှုနှင့် ပတ်သက်၍ ဆွေတော်မျိုးတော်တို့ စစ်မက်ခင်းကာ လက်နက်ဖြင့် ဖြေရှင်းကြမည်ရှိသောအခါ ကောင်းကင်မှ ကြွသွားတော်မူပြီး ငြိမ်းချမ်းရေးတရား ဟောကြားတော်မူရာ သာကီဝင် ဆွေတော်မျိုးတော်များ အားလုံး အသက်ဘေးမှ လွတ်ကာ ချမ်းသာရာ ရခဲ့ကြသည်။

ဗုဒ္ဓတ္ထစရိယာ

ဗုဒ္ဓတ္ထစရိယာ အရ ဘုရားဖြစ်ရေးကျင့်ဆောင်မှုမှာ အထူးပြောရန်မလို၊ ဘုရားအလောင်းတော်သည် ဤရည်မှန်းချက်ကြောင့်ပင် ဘဝများစွာ ပါရမီဖြည့်ခဲ့သည်။ စွန့်ခြင်းကြီးငါးပါး ဖြည့်ကျင့်ခဲ့သည်။ ထိုကျင့်ကြံမှုမှန်သမျှ၏ ပဓာနရည်ရွယ်ချက်မှာ ဘုရားဖြစ်ရေးပင် ဖြစ်သည်။ ထိုရည်ရွယ်ချက်ပြီးမြောက်၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ လူ နတ် ဗြဟ္မာ သတ္တဝါအများ၏ အကျိုးစီးပွားချမ်းသာရေးကိုသာ ၄၅-ဝါ ကာလပတ်လုံး မဲ့ရပ်မနား ကြိုးစားဆောင်ရွက်တော်မူခဲ့လေသည်။

ဤသည်မှာ ဘုရားအလောင်းတော်၏ ကျင့်စဉ် စရိယာကြိုးသုံးပါးပင် ဖြစ်ပေသည်။

မြတ်စွာဘုရား၏ ဉာဏ်တော်များ

ဝိဇ္ဇာသုံးပါး

ထူးထူးခြားခြား သိမြင်သော ဉာဏ်ကို ဝိဇ္ဇာဉာဏ်ဟု ခေါ်သည်။ ၎င်းဝိဇ္ဇာဉာဏ်သည် အောက်ပါအတိုင်းဖြစ်သည် –

၁။ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်** – ရှေးရှေးသော ဘဝများစွာတို့၌ ဖြစ်ခဲ့ဖူး နေခဲ့ဖူးသည်တို့ကို အောက်မေ့ ဆင်ခြင် သိမြင်နိုင်သောဉာဏ်တော်၊

ယင်းဉာဏ်တော်ဖြင့် မြတ်စွာဘုရားသည် စကြဝဠာကမ္ဘာအနန္တတို့၌ တွေ့ကြုံခံစားခဲ့ဖူးသော ခန္ဓာအမျိုးအမည်အားလုံးကို သိမြင်တော်မူ၏။

၂။ **ဒိဗ္ဗစက္ခုဉာဏ်တော်** – နတ်တို့၏ မျက်စိကဲ့သို့ဖြစ်စေ၊ နတ်တို့၏ မျက်စိထက် သာလွန်၍ဖြစ်စေ ဝေးသော အရပ်တို့၌ တည်ရှိကြသော ကြီးမား၊ သေးငယ်သော အရာဝတ္ထုအားလုံးတို့ကို ရှင်းလင်း ပြတ်သားစွာ သိမြင်နိုင်သော ဉာဏ်တော်၊

ယင်းဥာဏ်ကောက်ဖြင့် မြတ်စွာဘုရားသည် စကြဝဠာ ကမ္ဘာအနန္တတို့၌ ရှိကြသော ထိုထိုသတ္တဝါ၊ စုတေခါနီးသတ္တဝါ၊ ပဋိသန္ဓေနေပြီးစ သတ္တဝါ၊ ဖြစ်လတ္တံ့သော သတ္တဝါအမျိုးမျိုးနှင့် ၎င်းသတ္တဝါအမျိုးမျိုးတို့၏ ကုသိုလ်ကံ အကုသိုလ်ကံတို့ကို သိမြင်တော်မူ၏။

၃။ **အာသဝက္ခယဉာဏ်တော်** – အာသဝေါတရားတို့ အကြွင်းမဲ့ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်။

အာသဝေါတရား ဟူသည် အရက်ကဲ့သို့ မှားယွင်းစေတတ်၏။ အာသဝေါတရားလေးပါးရှိရာတွင် ကာမာသဝ က တပ်မက်ဖွယ်မဟုတ်သော သင်္ခါရတရားများကို တပ်မက်ဖွယ်ဖြစ်အောင် ဖန်တီးတတ်၏။ ဘဝါသဝ က ပုဂ္ဂိုလ်သတ္တဝါ မဟုတ်သော သင်္ခါရတရားတို့ကို ပုဂ္ဂိုလ်သတ္တဝါဖြစ်အောင် ဖန်တီးတတ်၏။ ဒိဋ္ဌာသဝ က အမှန်ကို အမှား၊ အမှားကို အမှန်အဖြစ် မြင်တတ်၏။ အဝိဇ္ဇာသဝ က အမှားကို အမှန်၊ အမှန်ကို အမှား အဖြစ် မြင်အောင် ဖော်ဆောင်တတ်၏။ အမှားကို အမှားအဖြစ်၊ အမှန်ကို အမှန်အဖြစ် မမြင်အောင်လည်း ဖုံးတတ်၏။

မြတ်စွာဘုရားသည် အာသဝက္ခယဉာဏ်တော်ဖြင့် အာသဝေါတရား လေးပါးတို့ကို ဝါသနာနှင့်တကွ အကြွင်းမဲ့ကုန်အောင် ပယ်တော်မူ၏။

ဝိဇ္ဇာရှစ်ပါး

၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်
၂။ ဒိဗ္ဗစက္ခုဉာဏ်တော်
၃။ အာသဝက္ခယဉာဏ်တော်

၄။ **ဝိပဿနာဉာဏ်တော်** – ရုပ် နာမ်သင်္ခေတရားတို့၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းကို ကွဲကွဲပြားပြား ရှုမြင်တတ်သော ဉာဏ်တော်၊

မြတ်စွာဘုရားသည် ဤဉာဏ်တော်ဖြင့် သတ္တဝါတို့၏ ခန္ဓာကိုယ်၌ ရုပ်နှင့်နာမ်သာရှိသည်။ ရုပ် နာမ်ဟူသမျှသည်လည်း ဖြစ်ပြီးလျှင် ပျက်စီးသော သဘောရှိ၍ အမြဲမရှိ၊ အမြဲမပြတ် ဖြစ်ပျက်နေသည့်အတွက် ဆင်းရဲ၏၊ မိမိဖြစ်ချင်သည့်အတိုင်း မဖြစ်ဘဲ သူ့သဘော သူဆောင်ကာ ဖြစ်ပျက်နေခြင်းကြောင့် မိမိအလိုကျမဖြစ်၊ အစိုးမရ ဟု မြင်တော်မူ၏။

၅။ **မနောမယိဒ္ဓိဉာဏ်တော်** - မိမိ၏ ကိုယ်ခန္ဓာအတွင်း၌ မိမိနှင့် တူသော ကိုယ်ပွားတစ်ခုကို စိတ်ဖြင့် ဖန်ဆင်းနိုင်သော ဉာဏ်တော်၊

မြတ်စွာဘုရားသည် ယင်းဉာဏ်တော်ဖြင့် ပါဒကစျာန်ကို ဝင်စားပြီးနောက် ဤကိုယ်ခန္ဓာသည် အခေါင်းကြီးဖြစ်စေ ဟု ပရိကမ်ပြု၍ အခေါင်းကြီး ဖြစ်လာသောအခါ နောက်တစ်ဖန် ပါဒကစျာန်ကို ဝင်စားပြီးလျှင် မိမိ၏ ပကတိကိုယ်ခန္ဓာကို မပယ်ဖျောက်ဘဲ မိမိနှင့်အလားတူ ကိုယ်တစ်မျိုးကို ဖန်ဆင်းတော်မူနိုင်၏။

၆။ **ဣဒ္ဓိဝိဓဉာဏ်တော်** - မြေလျှိုး မိုးပျံခြင်း စသော ကန်ခိုး အမျိုးမျိုးကို ဖန်ဆင်းနိုင်သောဉာဏ်တော်၊

မြတ်စွာဘုရားသည် ဤဉာဏ်တော်ဖြင့် အနည်းကို အများ၊ အများကို အနည်းဖြစ်အောင်၊ အနီးကို အဝေး၊ အဝေးကို အနီးဖြစ်အောင်၊ ဖုံးကွယ်နေသည်ကို ထင်ရှားအောင်၊ ထင်ရှားသည်ကို ဖုံးကွယ်အောင် ဖန်ဆင်းနိုင်၏။ မြေထုတွင်းသို့လည်း ငုပ်လျှိုးနိုင်၏။ - မိုးပေါ်သို့လည်း သွားလာနေထိုင် လျောင်းစက်နိုင်၏။ အလိုတော်ရှိရာ ပုံသဏ္ဌာန်အမျိုးမျိုးကိုလည်း ဖန်ဆင်း တော်မူနိုင်၏။

၇။ **ဒိဗ္ဗသောတဉာဏ်တော်** - နတ်တို့၏ နားကဲ့သို့ဖြစ်စေ၊ နတ်တို့၏ နားထက် သာလွန်၍ဖြစ်စေ ဝေးသောအရပ်၌ ပြောဆိုကြသော ကျယ်သောအသံ၊ တိုးညှင်းသောအသံ စသော အသံအမျိုးမျိုးကို ကြားသိ နိုင်သော ဉာဏ်တော်၊

မြတ်စွာဘုရားသည် ဤဉာဏ်တော်ဖြင့် စကြဝဠာအနန္တ၌ ရှိကြသော သတ္တဝါတို့ပြောဆိုနေကြသော အသံအမျိုးမျိုးကို ကြားသိတော်မူနိုင်၏။

၈။ **စေတောပရိယဉာဏ်တော်** - သူတပါးတို့၏ စိတ်ကူး အကြံ အစည် အားလုံးကို ပိုင်းခြား၍ သိနိုင်သော ဉာဏ်တော်။

မြတ်စွာဘုရားသည် ဤဉာဏ်တော်ဖြင့် သတ္တဝါတို့၏ အဋ္ဌတ္တသန္တာန်၌ ဖြစ်ပေါ်နေသော စိတ်ကူးအကြံအစည်အားလုံးကို သိမြင်တော်မူ၏။

ဉာဏ်တော်ဆယ်ပါး

၁။ **ဌာနာဌာနကောသလ္လဉာဏ်** -အကြောင်းဟုတ်သည် မဟုတ်သည်ကို အမှန်အတိုင်း သိမြင်သောဉာဏ်၊

မြတ်စွာဘုရားသည် ဤဉာဏ်တော်ဖြင့် သတ္တဝါတစ်ဦးတစ်ယောက်သည် အာသဝေါတရားကုန်နိုင်၊ မကုန်နိုင်၊ သို့မဟုတ် ရဟန္တာဖြစ်နိုင်၊ မဖြစ်နိုင်ကို အကြွင်းမရှိ အလုံးစုံ အကုန်အစင် သိမြင်တော်မူသည်။ ဘုရားရှင်သည် သတ္တဝါတစ်ဦးတစ်ယောက်ကို ကြည့်ရှု၍ ဤသူသည် ကိလေသန္တရာယ်ခေါ် နိယတမိစ္ဆာဒိဋ္ဌိ ဟုတ်-မဟုတ် (စွဲမြဲသော အယူမှားရှိသူ ဟုတ်-မဟုတ်) အကြွင်းမရှိ အလုံးစုံ အကုန်အစင် သိမြင်နိုင်ရန် ဤဉာဏ်တော်ကို အသုံးပြုတော်မူသည်။

၂။ **ကမ္မဝိပါကဉာဏ်** - ကံတရားတို့၏ အကျိုးပေးမှုနှင့် စပ်၍ အကြောင်းရင်းများနှင့်တကွ အမှန်အတိုင်း သိမြင်သောဉာဏ်၊

မြတ်စွာဘုရားသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တွင် စျာန်မဂ်ဖိုလ်ရမှုအတွက် အဟန့်အတား အန္တရာယ်ဖြစ်စေနိုင်သော ဝိပါကန္တရာယ်ခေါ် အဟိတ်၊ ဒွိဟိတ် ပဋိသန္ဓေ တည်နေသူ ဟုတ် - မဟုတ်ကို အကြွင်းမရှိ အလုံးစုံ အကုန်အစင် သိမြင်တော်မူနိုင်ရန် ဤဉာဏ်တော်ကို အသုံးပြုတော်မူသည်။

၃။ **သဗ္ဗတ္ထဂါမိနီ ပဋိပဒါဉာဏ်** - အလုံးစုံသော ဘုံဘဝသို့ ရောက်စေ၊ လားစေတတ်သော အကျင့်အမျိုးမျိုး၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့် ပဋိပဒါတို့ကို အမှန်အတိုင်း သိမြင်တော်မူသောဉာဏ်၊

မြတ်စွာဘုရားသည် ပုဂ္ဂိုလ်သတ္တဝါတို့တွင် စွာန်မဂ်ဖိုလ်ရရန်အတွက် အန္တရာယ်ဖြစ်စေနိုင်သော ကမ္မန္တရာယ်ဟုခေါ်သည့် အမိသတ်ခြင်း စသော ကဲကြီးငါးပါး (ပဉ္စာနန္တရိယကံ) လွန်ကျူးမှု ရှိ-မရှိကို အကြွင်းမရှိ အလုံးစုံ အကုန်အစင် သိမြင်တော်မူနိုင်ရန် ဤဉာဏ်တော်ကို အသုံးပြုတော်မူသည်။

၄။ **အနေကဓာတု နာနာဓာတုဉာဏ်** - သက်ရှိသတ္တဝါတို့၏ ခန္ဓာ အာယတန စသော ဓာတ် စသော ဓာတ်ခံ အမျိုးမျိုးကိုလည်းကောင်း၊ သက်မဲ့တို့၏ ထူးခြား ကွဲလွဲချက် ဓာတ်ခံ သဘောတရား အမျိုးမျိုးကို လည်းကောင်း အမှန်အတိုင်းသိသောဉာဏ်၊

မြတ်စွာဘုရားသည် အထက်ဖော်ပြပါ ဉာဏ်တော်သုံးမျိုးဖြင့် ကြည့်ရှုရာ (ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ ကမ္မန္တရာယ်ဟူသော) အန္တရာယ်သုံးမျိုးတို့ကင်းရှင်း၍ ကယ်သင့်ကယ်ထိုက် ချွတ်သင့် ချွတ်ထိုက်သော သတ္တဝါဖြစ်ကြောင်း သိမြင်တော်မူပြီးနောက် ထိုသတ္တဝါတို့၏ အကျင့်စရိုက် ဓာတ်ခံကို သိတော်မူရန် ဤဉာဏ်တော်ကို အသုံးပြုတော်မူသည်။

၅။ **နာနာဓိမုတ္တိကဉာဏ်** - သတ္တဝါတို့၏ နှလုံးသွင်း စိတ်နေ သဘောထား၊ အလိုဆန္ဒ အမျိုးမျိုးရှိနေမှုကို သိမြင်သောဉာဏ်၊

မြတ်စွာဘုရားသည် သတ္တဝါတို့ နှလုံးသွင်း စိတ်နေသဘောထားကို အကြွင်းမရှိ အလုံးစုံ အကုန်အစင် သိရှိပြီး သင့်လျော်သောတရားကို ဟောရန် ဤဉာဏ်တော်ကို အသုံးပြုတော်မူသည်။

၆။ **ဣန္ဒြိယပရောပရိယတ္တဉာဏ်** - သတ္တဝါတို့၏ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဟူသော ဣန္ဒြေအနုအရင့်ကို သိသောဉာဏ်၊

မြတ်စွာဘုရားသည် သင့်လျော်သောတရားကို ဟောရာ၌ သတ္တဝါတို့၏ သဒ္ဓါ စသော ဣန္ဒြေတို့၏ အနုအရင့်ကို အကြွင်းမရှိ အလုံးစုံ အကုန်အစင် သိမြင်နိုင်ရန် ဤဉာဏ်တော်ကို အသုံးပြုတော်မူသည်။

၇။ **စျာနဝိမောက္ခသမာဓိသမာပတ္တိဉာဏ်** - စျာန်တရား၊ ဝိမောက္ခတရား၊ သမာဓိတရား၊ သမာပတ် တရားတို့၏ ညစ်ညူးကြောင်း၊ ဖြူစင်ကြောင်း၊ ဆုတ်ယုတ်ကြောင်း၊ တိုးတက်ကြောင်းတို့ကို သိမြင်သောဉာဏ်၊

ထိုထိုသတ္တဝါတို့၌ စျာန် မဂ် ဖိုလ် ရလောက်သော ဣန္ဒြေ ရင့်ကျက်မှု ရှိကြသည်ကို သိမြင်တော်မူလျှင် ထိုထိုကျွတ်ထိုက်သော သတ္တဝါတို့သည် ဝေးသောအရပ်၌ အကယ်၍ ရှိနေစေကာမူ အနှိုင်းမဲ့ တန်ခိုးအထူးကို ဖြစ်ပေါ်စေနိုင်သော ဉာဏ်တော်ကို အသုံးပြုတော်မူသည်။

၈။ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်** - မိမိသူတပါး၏ ရှေးဖြစ်ပျောက်း ဘဝခန္ဓာအစဉ်ကို သိမြင်သောဉာဏ်၊

မြတ်စွာဘုရားသည် စျာနဝိမောက္ခသမာဓိသမာပတ္တိဉာဏ်၏ စွမ်းအားဖြင့် ထိုသို့ကြွတော်မူပြီးနောက် သတ္တဝါတို့၏ ရှေးဘဝဖြစ်ပုံကို အကြွင်းမရှိ အလုံးစုံအကုန်အစင် သိမြင်နိုင်ရန် ဉာဏ်တော်ကို အသုံးပြုတော်မူသည်။

၉။ **စုတူပပါတဉာဏ်** - သေခါနီးသတ္တဝါ၊ ပဋိသန္ဓေ တည်နေပြီးစ သတ္တဝါတို့ကို သိသောဉာဏ်။ (ဉာဉ္ဈာဏ်သည် ဒိဗ္ဗစက္ခုဉာဏ်၌ အကျုံးဝင်၏။)

မြတ်စွာဘုရားသည် သေခါနီးသတ္တဝါ၊ ပဋိသန္ဓေတည်နေပြီးစ သတ္တဝါတို့ကို သိမြင်နိုင်ရန် ဉာဏ်တော်ကို အသုံးပြုတော်မူသည်။

၁၀။ **အာသဝက္ခယဉာဏ်** - အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ်ဉာဏ်။

မြတ်စွာဘုရားသည် ဉာဉ္ဈာဏ်၏စွမ်းအားဖြင့် ကာမာသဝ (လောဘ)၊ ဘဝါသဝ(လောဘ)၊ ဒိဋ္ဌာသဝ(ဒိဋ္ဌိ)၊ အဝိဇ္ဇာသဝ(မောဟ) တည်းဟူသော အာသဝေါတရား လေးပါးတို့ကို ဝါသနာနှင့်တကွ အကြွင်းမရှိ အလုံးစုံ အကုန်အစင် ပယ်သတ်တော်မူသည်။

စတုဝေသာရဇ္ဇဉာဏ်တော်

အောက်ဖော်ပြပါ အကြောင်းအရာ လေးခုတို့နှင့် စပ်လျဉ်း၍ ပရိသတ်အလယ်၌ မကြောက်မရွံ့ တွန့်ဆုတ်ခြင်းမရှိ ရဲရင့်စွာ ကြုံးဝါးတော်မူရဲသော ဉာဏ်တော်။

(၁) ငါသည် အလုံးစုံသောတရားကို သိသူဖြစ်သည်ဟု ပြောဆိုရာ၌ လည်းကောင်း၊

(၂) ငါ့အား အာသဝေါတရားများ ကုန်ပြီဟု ဝန်ခံပြောဆိုရာ၌ လည်းကောင်း၊

(၃) ဤတရားတို့သည် စွာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု ပြောဆိုရာ၌လည်းကောင်း၊

(၄) ဤတရားတို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း တရားတို့ ဖြစ်သည်ဟု ပြောဆိုရာ၌ လည်းကောင်း -

ထိုသို့ ပြောဆိုရာ၌ မည်သည့် လူ နတ် ဗြဟ္မာ သတ္တဝါကမျှ မှားယွင်းသည်ဟု ကန့်ကွက် ပြောဆိုနိုင်ခြင်း မရှိ၊ ထိုသို့ မရှိသည်ကို သိမြင်တော်မူသည့် စတုဝေသာရဇ္ဇဉာဏ်တော်ကြောင့် နတ်နှင့် တကွသော သုံးလောကဌ ကြောက်ရွံ့ခြင်းကင်းသူ အတုမရှိ ရဲရင့်သူ ဖြစ်တော်မူ၏။

မဂ်ဉာဏ်တော်

ဆိုင်ရာ ဆိုင်ရာ ကိလေသာ အားလုံးတို့ကို ဝါသနာနှင့်တကွ အကြွင်းမရှိ အဆင့်ဆင့် ပယ်သတ်တတ်သောဉာဏ်တော်။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့ မိုးသောက်ယံအချိန်၌ အလွန်ထက်မြက်လှသည့် ဓားအသွားနှင့်တူပြီး

ကြီးကျယ်မြင့်မြတ်သော ဉာဏ်ပညာဖြင့် ရှုပွားဆင်ခြင်ခြင်းဟု ဆိုအပ်သည့် မဟာဝဇိရဝိပဿနာတရား ပွားများ အားထုတ်တော်မူသောအခါ မဟာဝဇိရဝိပဿနာသမ္မသနဉာဏ်တော် ကုဋေ သုံးသန်း ခြောက်သိန်း ဖြစ်ပွားလာသည်။

ဤလောက၌ အာဏာခေတ်ဟုခေါ်သော စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းဟို့ရှိကြရာ စကြဝဠာတိုက်အားလုံးအတွင်း၌ လူ နတ် ဗြဟ္မာ သတ္တဝါများ အသရေ်အနန္တ မည်မျှပင် များပြားစေကာမူ ၎င်း လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏သန္တာန်၌ ပရမတ္ထသဘာဝအားဖြင့် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏ- ဟူ၍ (ပဋိစ္စသမုပ္ပါဒ် အင်္ဂါ) ၁၂-ပါးသာရှိသည်။

၎င်းပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးတို့၌သာ ဝိပဿနာရှုရမည်ကို မြတ်စွာဘုရားအလောင်းတော်သည် ကောင်းစွာ သိမြင်တော်မူ၏။ ထို့ကို စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းအတွင်း၌ ရှိနေကြသော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ခန္ဓာအစဉ်ဝယ် အမှန်တကယ်ရှိသည့် ပရမတ္ထသဘာဝတို့ကို ဆင်ခြင်တော်မူရာ ဘုရားရှင်၏ဉာဏ်တော်ဖြင့် သိမြင်အပ်သော ဝိပဿနာရှုရမည့် တရားအစုတို့ကား အဝိဇ္ဇာပေါင်းကုဋေတစ်သိန်း၊ သင်္ခါရပေါင်းကုဋေတစ်သိန်း၊ ထို့အတူ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏတို့လည်း ကုဋေတစ်သိန်းစီ ဖြစ်ရကား ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်ပေါင်းလျှင် ကုဋေတစ်သန်းနှစ်သိန်း တို့ဖြစ်သည်။

အလွန်ရှုပ်ထွေး၍ ခုတ်ထွင်ရန် ခဲယဉ်းလှသော တောအုပ်ထုကြီးကို ရှင်းလင်း ခုတ်ထွင်သော ယောကျ်ားသည် မိမိကိုင်ဆောင်သော ဓားကို ကျောက်ပေါ်တင်၍ သွေးကာ သွေးကာ ထက်လှစွာသော ဓားဖြင့် တောအုပ်ဈေးနှုန်းပါ ပိတ်ပေါင်းမှန်သမျှကို ရှင်းလင်းခုတ်ထွင်သကဲ့သို့ ဘုရားအလောင်း

ထော်သည်လည်း တစ်ထောင့်ငါးရာ့ကိလေသာတောအုပ် အမိုက်မှောင်ထု အားလုံးတို့ကို ရှင်းလင်းသုတ်သင်ရန်အတွက် ကိုယ်တော်၏ လက်သုံးဖြစ်သော မဟာဝဇိရဝိပဿနာဉာဏ်ပညာ ဓားအသွားထက်မြက်စေရန် အာနာပါန စတုတ္ထစျာန်သမာပတ်တည်းဟူသော ဓားသွေးသည်ကျောက်၌ တင်လျက် သွေးကာ သွေးကာ (အာနာပါန စတုတ္ထစျာန်ကို ဝင်စား ဝင်စားပြီးလျှင်)ဖော်ပြပါ ကုဋေတစ်သန်းနှစ်သိန်းသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါတရားအစုတို့ကို တစ်ခုစီ တစ်ခုစီ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတင်၍ ဆင်ခြင်သုံးသပ်တော်မူသည်။

သို့ဖြစ်ရကား ကုဋေတစ်သန်းနှစ်သိန်းသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး တရားအစုတို့၌ တစ်ခု တစ်ခုလျှင် အနိစ္စဝိပဿနာဉာဏ်၊ ဒုက္ခဝိပဿနာဉာဏ်၊ အနတ္တဝိပဿနာဉာဏ် ဟူ၍ သုံးပါးစီ သုံးပါးစီ ဖြစ်သောကြောင့် ကုဋေတစ်သန်းနှစ်သိန်းကို လက္ခဏာရေးသုံးပါးဖြင့် မြှောက်လျှင် မဟာဝဇိရ ဝိပဿနာဉာဏ်တော်ပေါင်း ကုဋေသုံးသန်းခြောက်သိန်း ဖြစ်လေသည်။

ထို မဟာဝဇိရဝိပဿနာဉာဏ်တော်များဖြစ်ပွားပြီးနောက် အာနာပါန စတုတ္ထစျာန်ကို တဖန်ဝင်စားပြီးလျှင် ခန္ဓာငါးပါး တရားအစုတို့၌ ဥဒယဗ္ဗယဉာဏ် စသော အထက် အထက် ဝိပဿနာဉာဏ်စဉ်များဖြင့် အဆင့်ဆင့် ရှုပွားတော်မူရာ နောက်ဆုံး၌ ပရိုက် ဥပစာ အံနလုံ အမည်ရှိသော သစ္စာနုလောမဉာဏ်ကို ရတော်မူသည်။

ဤသစ္စာနုလောမဉာဏ်တော်သုံးပါးတို့ဖြင့် သစ္စာလေးပါးကို ဖုံးကွယ်တတ်သော အဝိဇ္ဇာ မောဟတည်းဟူသော အမိုက်မှောင်ကို ဖယ်ရှားဖြတ်တောက်လျက် ဂေါတြဘုဉာဏ်၏ အခြားမဲ့၌ဖြစ်သော သောတာပတ္တိမဂ်ဉာဏ် စသော မဂ်ဉာဏ်လေးပါးတို့ကို အစဉ်အတိုင်း ရရှိတော်မူသည်။

ထိုမဂ်ဉာဏ်လေးပါးတို့တွင် သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဟူသော ကိလေသာတို့ကို ဝါသနာနှင့်တကွ အကြွင်းမရှိ ပယ်တော်မူသည်။

သကဒါဂါမိမဂ်ဉာဏ်ဖြင့် ရုန့်ရင်းကြမ်းတမ်းသော ဣာပါဒ-ဒေါသ(အကြမ်းစား) ကိလေသာတို့ကို ဝါသနာနှင့်တကွ ခေါင်းပါးအောင်၊ အားနည်းသွားအောင် ပယ်တော်မူသည်။

အနာဂါမိမဂ်ဉာဏ်ဖြင့် သိမ်မွေ့သောကာမရာဂကိလေသာ၊ သိမ်မွေ့သော ဗျာပါဒ ဒေါသ(အနုစား)ကိလေသာတို့ကို ဝါသနာနှင့်တကွ အကြွင်းမရှိ ပယ်တော်မူသည်။

အရဟတ္တမဂ်ဉာဏ်ဖြင့် ရူပရာဂကိလေသာ, အရူပရာဂကိလေသာ, မာနကိလေသာ, ဥဒ္ဓစ္စကိလေသာ, အဝိဇ္ဇာကိလေသာတည်းဟူသော ကြွင်းကျန်သည့် ကိလေသာအားလုံးတို့ကို ဝါသနာအငွေ့အသက်ပါမကျန် အကြွင်းမရှိ ပယ်တော်မူသည်။

ဤသို့ မိမိတို့ဆိုင်ရာ ကိလေသာတို့ကို ဝါသနာနှင့်တကွ အကြွင်းမရှိ ပယ်သတ်တတ်သော မဂ်စိတ်လေးခုနှင့်ယှဉ်သော ပညာစေတသိက်သည် မဂ်ဉာဏ်တော်မည်၏။

ဤဆိုခဲ့ပြီးသော မဂ်လေးပါးတို့တွင် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်နှင့် တပြိုင်နက် ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး၊ အသာမာရဏဉာဏ်တော်ခြောက်ပါး၊ ဗုဒ္ဓဉာဏ်တော် တစ်ဆယ့်လေးပါးစသော ဘုရားရှင်တို့၏ ဉာဏ်တော် ဂုဏ်ကျေးဇူးတော်များနှင့်အတူ သဗ္ဗညုတဉာဏ်တော်ကြီးကိုပါ ရတော်မူသည်။

ဤသို့ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခြင်းသည်ပင် သုံးလောကထွတ်ထား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူခြင်းဖြစ်သည်။

ဖိုလ်ဉာဏ်တော်

မဂ်ဖြင့်ပယ်ပြီးသော ကိလေသာတို့ကို တဖန် ငြိမ်းအေးစေတတ်သော ဉာဏ်တော်။

သက်ဆိုင်ရာ မဂ်ဖြင့် ပယ်သတ်ပြီးသော အဆင့်ဆင့်သော ကိလေသာတို့ကို တဖန်ငြိမ်းအေးအောင် ပြုလုပ်နိုင်စွမ်းသည့် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော ဖိုလ်စိတ်လေးပါးဌိယှဉ်သော ပညာစေတသိက်သည် ဖိုလ်ဉာဏ်တော်မည်၏။

ပစ္စဝေက္ခဏာဉာဏ်တော်

ပြန်လည်၍ ဆင်ခြင်သောဉာဏ်တော်။

ရပြီးသောမဂ်ဖိုလ်နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာကြွင်းကျန်သော ကိလေသာတို့ကို ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊

ကဆုန်လပြည့်နေ့ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူပြီး ဒိဋ္ဌိကို ပယ်တော်မူသည်။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူပြီး ဝိစိကိစ္ဆာကို ပယ်တော်မူသည်။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရား အင်္ဂါ ၁၂-ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတင်၍ ရှုပွားတော်မူရာ မဟာဝဇိရဝိပဿနာ သမ္မသနဉာဏ်တော် ကုဋေသုံးသန်းခြောက်သိန်း ဖြစ်ပွား လာသည်။

ထို့နောက် ခန္ဓာငါးပါး တရားအစုတို့၌ ဥဒယဗ္ဗယဉာဏ်စသော အထက် အထက် ဝိပဿနာဉာဏ်စဉ်များဖြင့် အဆင့်ဆင့် ရှုပွားတော်မူရာ သင်္ခါရုပ္ပတ္တိ ဉာဏ်ကို အထွတ်တင်သော အာသဝက္ခယဉာဏ်ကို ရတော်မူသည်။

ယင်းအာသဝက္ခယဉာဏ်တော်ဖြင့် ကိလေသာအားလုံးကို ဝါသနာနှင့်တကွ ပယ်တော်မူသည်။ မြတ်စွာဘုရားသည် အာသဝက္ခယဉာဏ်ကို ရတော်မူရာတွင် ရှေးဦးစွာ သောတာပတ္တိမဂ်ဖိုလ်ကို ရရှိတော်မူသည်။

ပစ္ဆာဝေက္ခဏာဉာဏ်တော်အနေဖြင့် –

(၁) သောပဘာပတ္တိမဂ်ကို ဆင်ခြင်တော်မူခြင်း၊

(၂) ထိုသောတာပတ္တိမဂ်၏ အကျိုးဖြစ်သော သောတာပတ္တိဖိုလ်ကို ဆင်ခြင်တော်မူခြင်း၊

(၃) ထိုသောတာပတ္တိမဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်တော်မူခြင်း၊

(၄) ထိုသောတာပတ္တိမဂ်ဖြင့် ပယ်သတ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်တော်မူခြင်း၊

(၅) ထို သောတာပတ္တိမဂ်ဖြင့် မပယ်ရသေးဘဲ ကြွင်းကျန်နေသည့် ကိလေသာတို့ကို ဆင်ခြင်တော်မူခြင်းအားဖြင့် ပစ္စဝေက္ခဏာဉာဏ်တော်(၅)ပါး ဖြစ်တော်မူသည်။

ထိုနည်းအတူ သကဒါဂါမိမဂ်ဖိုလ်ကို ဆင်ခြင်ရာ၌ ပစ္စဝေက္ခဏာဉာဏ်(၅)ပါး၊ အနာဂါမိမဂ်ဖိုလ်ကို ဆင်ခြင်ရာ၌ ပစ္စဝေက္ခဏာဉာဏ်(၅)ပါး၊

အရဟတ္တ မဂ်ဖိုလ်ကို ဆင်ခြင်ရာဌာနကား ကြွင်းကျန်သော ကိလေသာဟူ၍ မရှိတော့သဖြင့် ကြွင်းကျန်သော ကိလေသာကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာဉာဏ် မရှိတော့၍ ပစ္စဝေက္ခဏာဉာဏ်(၄)ပါး စုစုပေါင်း ပစ္စဝေက္ခဏာ ဉာဏ်ဝတ်(၁၉)ပါး ဖြစ်တော်မူ၏။

သဗ္ဗညုတဉာဏ်

သိစရာမှန်သမျှ တရားအားလုံးကို သိမြင်တတ်သောဉာဏ်တော်။

မြတ်စွာဘုရားရှင်သည် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်နှင့် တပြိုင်နက် သိစရာ တရားအားလုံးကို အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကိုပါ ရရှိတော်မူသည်။

'သိစရာမှန်သမျှ သိသည်' ဆိုရာ၌ မြတ်စွာဘုရားရှင်သည် ဟောရမည့် တရားကိုလည်း သိသည်။ ဟောပုံဟောနည်းကိုလည်း သိသည်။ ဟောရမည့် ပုဂ္ဂိုလ်၏ အလိုအဇ္ဈာသယကိုလည်း သိသည်။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် အထက်ဖော်ပြပါ သုံးမျိုးတို့နှင့် စပ်လျဉ်း၍ အကြွင်းအကျန်မရှိ သိမြင်ပေတော်မူ၏။

မြတ်စွာဘုရားမှတပါး သော့ ရဟန္တာမထေရ်ကြီးများနှင့် ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် သံသရာမှထွက်မြောက်ရာ နိဗ္ဗာန်ကို သိမြင်ရရှိကြကုန်သော်လည်း ဟောရမည့်တရားများ၊ ဟောပုံဟောနည်းနှင့် ဟောရမည့်ပုဂ္ဂိုလ်တို့၏ အလိုအဇ္ဈာသယကို အကုန်အစင် သိရှိနိုင်စွမ်း မရှိကြကုန်။ အကြွင်းမရှိ အလုံးစုံ သိတော်မူခြင်းသည် သဗ္ဗညုတဉာဏ်ရှင်ဖြစ်သော မြတ်စွာဘုရားတို့၏ အရာသာဖြစ်သည်။

ထိုထို တရားနှာ ပရိသတ်၏ အလိုအဇ္ဈာသယနှင့် ပတ်သက်၍ ဟောရမည့် တရားကား သံသရာတွင်းချမ်းသာကိုသာ ရစေနိုင်သော တရားမဟုတ်၊ သံသရာမှ လွန်မြောက်သော ချမ်းသာကို ရစေနိုင်သော တရားဖြစ်၏။

သံသရာတွင်း ချမ်းသာလောက်ကိုသာ ရစေနိုင်သောတရားမျိုးကား ပညာရှိအချို့ပင် အထိုက်အလျောက် ဟောနိုင်၏။ သဗ္ဗညုဇာဉာဏ်ရဖို့မလို။ အခြားပညာရှိအချို့ ဟောကြားသောတရားကို 'သွာက္ခာတဂုဏ်နှင့်ပြည့်စုံသည်' ဟု မဆိုနိုင်ချေ။

မြတ်စွာဘုရားကား သဗ္ဗညုတညာဏ်တော်ရှင်ဖြစ်၏။ "ထိုကြောင့် သဗ္ဗညုတညာဏ်တော်ရှင်အနေဖြင့် သံသရာလွန် ချမ်းသာကို ရစေနိုင်သော တရားကို ဟောကြားနိုင်ခြင်းဖြစ်၏။ သို့ရာတွင် သံသရာတွင်း ချမ်းသာကို ရစေနိုင်သော ဒါနကထာ, သီလကထာ, သဂ္ဂကထာများကိုလည်း ဟောကြားသည်ပင် ဖြစ်၏။ ထိုသို့ ဟောကြားသော်လည်း အခြားပညာရှိအချို့ ဟောကြားသကဲ့သို့ ဒါနကထာ, သီလကထာ, သဂ္ဂကထာများကို နောက်ဆုံးပန်းတိုင်အနေဖြင့် ဟောကြားသည်မဟုတ်၊ လောကုတ္တရာကို အထွတ်တင်ရန် အခြေခံ လမ်းစဉ်အဖြစ်ဖြင့်သာ ဟောကြားတော်မူခြင်းဖြစ်၏။

အမှန်အားဖြင့် သံသရာတွင်း ချမ်းသာဟူသည် ချမ်းသာအတုသာဖြစ်၏၊ ဒုက္ခကို သုခဟု ခေါ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဒုက္ခကို သုခအဖြစ် ပန်းတိုင်ထားပြီး ဟောကြားကြသော အခြားပညာရှိအချို့၏ တရားကို အဘယ်သို့လျှင် သွာက္ခာတဂုဏ်နှင့် ပြည့်စုံသည်ဟု ဆိုနိုင်ပါမည်နည်း။

မြတ်စွာဘုရားသည် ပြဆိုခဲ့သည့်အတိုင်း သဗ္ဗညုတညာဏ်တော်ဖြင့် အကြင်းအကျန်မရှိ သိမြင်ပြီး ဟောကြားတော်မူခြင်းဖြစ်သဖြင့် ထိုထိုတရားနှာ ပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးကို သိမြင်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း ဖြစ်၏။ ယခုဘဝ၌ မျက်မှောက် မပြုနိုင်ကြသေးစေကာမူ ဘဝချိန်ခါ မကြာမြင့်မီ ပါရမီမာတ်ခံများ ရင့်သန်ကြိုးထွား၍ တရားသိမြင်ကျွတ်တမ်း ဝင်နိုင်ကြလေသည်။

အသာဓာရဏညာဏ်တော်

ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့နှင့် မသက်ဆိုင်ဘဲ မြတ်စွာဘုရားရှင်တို့နှင့်သာ သက်ဆိုင်သောညာဏ်တော်။ ထိုညာဏ်တော်သည် ခြောက်ပါးရှိသည်။ ယင်းညာဏ်တော်(၆)ပါးတို့မှာ ဤသို့ဖြစ်ကြ၏ –

(၁) **ဣန္ဒြိယပရောပရိယတ္တဉာဏ်** – သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို သိသောညာဏ် (ညာဏ်တော်ဆယ်ပါးတွင် ဖော်ပြပြီးဖြစ်သည်။)

(၂) **အာသယာနုသယဉာဏ်** - သတ္တဝါတို့၏ အမြင် အာသယနှင့် ကိလေသာ အနုသယမာတ်ခံကို သိသောဉာဏ်။

မြတ်စွာဘုရားသည် ဤအာသယာနုသယဉာဏ်တော်ဖြင့် "ဤသတ္တဝါတို့သည် သဿတဒိဋ္ဌိအမြင်ရှိကုန်၏၊ ဤသတ္တဝါတို့သည် ဥစ္ဆေဒဒိဋ္ဌိအမြင်ရှိကုန်၏၊ ဤသတ္တဝါတို့သည် ဤသို့သော အနုသယကိလေသာ လွှမ်းမိုးကုန်၏" ဟူ၍ အကြွင်းမရှိ အလုံးစုံ အကုန်အစင် သိမြင်တော်မူသည်။
(ဉာဏ်တော်ဆယ်ပါးတွင်ရှိသော နာနာဓိမုတ္တိကဉာဏ်တော်နှင့် အတူဟူပင် ဖြစ်သည်။)

မှတ်ချက်။ ။မြတ်စွာဘုရားရှင်သည် ဤကဲ့နှိုင်ယပရောပရိယတ္တဉာဏ်၊ အာသယာနုသယဉာဏ် နှစ်ပါးဖြင့် ပိုင်နိုင်စွာ သိတော်မူသောကြောင့် သတ္တဝါတို့၏ စရိုက်အားလျော်သော တရားကို ဟောတော်မူ၍ လွယ်ကူစွာ ချေချွတ်တော်မူနိုင့်ပါသည်။ ဤဉာဏ်နှစ်ပါးကို **'ဗုဒ္ဓစက္ခု'** ဟု ခေါ်သည်။

(၃) **ယမတဲ့ပါဋိဟာရိယဉာဏ်** - ရေမီး အစုံစုံ တန်ခိုးပြာဋိဟာကို ပြနိုင်သောဉာဏ်။

မြတ်စွာဘုရားသည် ဤဉာဏ်တော်ဖြင့် ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို-

(က) မဟာဗောဓိမဏ္ဍိုင်၌ နတ်ဗြဟ္မာတို့၏ ယုံမှား သံသယ မာန်မာနကို ပယ်ဖျောက်ခြင်းငှာ တစ်ကြိမ်။

(ခ) ကပိလဝတ်ပြည်သို့ ပထမအကြိမ် ကြွရောက်စဉ် သာကီဝင် ဆွေမျိုးတို့၏ မာန်ကို နှိမ်ချိုးခြင်းငှာ တစ်ကြိမ်၊

(ဂ) သာဝတ္ထိပြည် ကဏ္ဍဉယျာဉ်မှူး၏ နေ့ချင်းပေါက်၊ နေ့ချင်းကြီး၊ နေ့ချင်းသီး စိုက်ပျိုးအပ်သော သရက်ဖြူပင်အနီး၌ တိတ္ထိတို့၏ မာန်မာနကို နှိမ်ချိုးရန် တစ်ကြိမ်၊

(ဃ) ပါထိကပုတ္တာကို အကြောင်းပြု၍ စည်းဝေးရာ၌ တစ်ကြိမ် ပြခဲ့ပါသည်။

(၄) **မဟာကရုဏာသမာပတ္တိဉာဏ်** - မဟာကရုဏာသမာပတ် ဝင်စားတော်မူသောအခါ၌ ဖြစ်ပေါ်တော်မူသောဉာဏ်။

မြတ်စွာဘုရားသည် ဤသမာပတ်ကို နေ့စဉ်နေ့တိုင်း ညဉ့်အခါ၊ နံနက် မိုးသောက်အခါတို့၌ အကြိမ်ပေါင်း ကုဋေ နှစ်သန်း လေးသိန်း တိုင်တိုင် ဝင်စားတော်မူသည်။

(၅) **သဗ္ဗညုတဉာဏ်** - (ရှေးဒွိဖော်ပြပြီး)

(၆) **အနာဝရဏဉာဏ်**-သဗ္ဗညုတဉာဏ်ကိုပင် အပိတ်အပင် အဆီး အတားမရှိ သိမြင်နိုင်သောကြောင့် အနာဝရဏဉာဏ် ဟူ၍ ခေါ်ဆို၏။

ဤဉာဏ်တော်များကို အကြောင်းအားလျော်စွာ အသုံးပြုတော်မူလျက် ဝေနေယျ သတ္တဝါများ၏ အကျိုးစီးပွားချမ်းသာအတွက် ၄၅-ဝါပတ်လုံး မနေမနား ရွက်ဆောင်တော်မူသည်ကို ကြည့်ခြင်းအားဖြင့် မြတ်စွာဘုရားသည် လောက၏ အနှိုင်းမဲ့ ကျေးဇူးရှင်ဖြစ်ကြောင်း သိသာနိုင်ပါသည်။

ပဋိသမ္ဘိဒါဉာဏ်

ပါဠို၊ အနက်၊ ဘာသာစကားတို့၌ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သော ဉာဏ်တော်ဖြစ်သည်။ ၎င်းပဋိသမ္ဘိဒါဉာဏ်မှာ အောက်ပါအတိုင်း လေးပါး ဖြစ်သည်-

(၁) **အတ္ထပဋိသမ္ဘိဒါ** = အနက်အဓိပ္ပာယ်၊ သို့မဟုတ် အကျိုးတရားကို ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) **ဓမ္မပဋိသမ္ဘိဒါ** = ပါဠို၊ သို့မဟုတ် အကြောင်းတရားကို ခွဲခြမ်းစိတ်ဖြာ၍သိသောဉာဏ်၊

(၃) **နိဂုဏ္ဍိပဒိသမ္ဖိဒါ** = ဘာသာစကားတည်ဆောက်မှုသဒ္ဒါ၊ သို့မဟုတ် အရိယာတို့အသုံးပြုသော မာဂဓဘာသာ ဝေါဟာရကို ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) **ပဒိဘာနုပဒိသမ္ဖိဒါ** = ပြဆိုပြီးသော ပဋိသမ္ဘိဒါဉာဏ်သုံးမျိုးကို ခွဲခြမ်းစိတ်ဖြာ၍ အကျယ်သိသောဉာဏ်။

ဗုဒ္ဓဉာဏ်တော် ၁၄-ပါး

ဗုဒ္ဓဉာဏ်တော် ၁၄-ပါး ဟူသည်မှာ အထက်တွင် ဖော်ပြခဲ့ပြီးသော ပဋိသမ္ဘိဒါဉာဏ်တော် လေးပါး၊ ဒသဗလဉာဏ်တော် ၁၀-ပါး၊ ပေါင်း ၁၄-ပါးတို့ကိုပင် ဗုဒ္ဓဉာဏ်တော်ဟူ၍လည်း ခေါ်စမှတ်ပြုကြသည်။

မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးများ

မဟာပုရိသလက္ခဏာကျမ်း

မဟာပုရိသလက္ခဏာကျမ်းသည် ထင်ရှားသော ကျမ်းတစ်စောင်ဖြစ်၏။ ထိုကျမ်း၌ "ဤလက္ခဏာမျိုးနှင့် ပြည့်စုံသူသည် ဘုရားဖြစ်၏။ ဤလက္ခဏာမျိုးနှင့် ပြည့်စုံသူသည် ပစ္စေကဗုဒ္ဓါဖြစ်၏"အစရှိသည်ဖြင့် ဘုရားအစရှိသောယောဂျားမြတ်တို့၏ ထူးခြားသော အမှတ်အသား လက္ခဏာများကို အတိအကျ ညွှန်ပြထားသည်။

လက္ခဏာစစ်၍ ဘုရားအဖြစ် ဆုံးဖြတ်သူပုဏ္ဏားကြီး

အခါတပါး မြတ်စွာဘုရားသည် ကျွတ်ထိုက်သောသူများကို ချေချွတ်တော်မူရန် ရဟန်းငါးရာ·ခြံရံလျက် ကောသလတိုင်းဘက်သို့ ဒေသစာရီကြွချီတော်မူခဲ့သည်။ ဣစ္ဆာနင်္ဂလပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုရွာအနီး ဣစ္ဆာနင်္ဂလမည်သော တောအုပ်ကြီး၌ သီတင်းသုံးနေတော်မူလေသည်။

ထိုအခါ ပသေနဒိကောသလမင်းကြီး ချီးမြှင့်ခန့်ထားသော ဥက္ကဋ္ဌမြို့စား ပေါက္ခရသာတိပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ကျော်ကြားလှသော ဂုဏ်ကျေးဇူးသတင်းစကားကို ကြားရလေသည်။ သတင်းစကား ကြားရရုံမျှဖြင့်ပင် သွားရောက် ဖူးတွေ့ချင်လှသည်။ သို့သော် လောကမှာ "ငါဘုရား" ဟုကြွေးဝါး လှည့်လည်နေကြသူ ပူရဏကဿပ စဉ်ယမာဘုရား၊ ပကုဒ္ဓကစ္စာယနဘုရား၊ ကလဉ်း ပေါမျှားလှဲလေ့ရှိသတင်းစကား ကြားရသည့်အတိုင်း မဟာပုရိသကျမ်းလာ ယောက်ျားမြတ်လက္ခဏာနှင့် ပြည့်စုံသူ ဘုရားဟုတ်, မဟုတ် သေသေချာချာ ကြိုတင်သိချင်သေးသည်။ ထို့ကြောင့် ချက်ချင်း မသွားသေးဘဲ တပည့်ကြီး အမွှေးလုလင်ကို စေလွှတ်ပြီး စစ်ဆေးစုံစမ်းခိုင်းလိုက်သည်။

မဟာပုရိသလက္ခဏာကျမ်း၌ ယောက်ျားမြတ် လက္ခဏာ (၃၂)ပါး တိုက်ရိုက်လာရှိသည်။ ထိုလက္ခဏာ (၃၂)ပါးနှင့် ပြည့်စုံသော ယောက်ျားမြတ်သည် လူ့ဘောင်၌နေလျှင် လေးကျွန်းသနင်း စကြာမင်းဖြစ်၍ ရဟန်းပြုလျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်အဖြစ်နှင့်ပြစ်သည်ဟူ၍တို့တို့ကျွတ်ကျွတ် ညွှန်ပြထားသည်။ ထိုယောက်ျားမြတ် လက္ခဏာများ အရှင်ဂေါတမမှာ ပါ, မပါ သေချာစွာ စစ်ဆေးကြည့်ရှုခဲ့ဖို့ရန် အမွှေးလုလင်ကို မှာကြားလိုက်လေသည်။

အမွှေးလုလင်သည် အဖော်လုလင်ငယ်များနှင့်အတူ မြတ်စွာဘုရားထံတော်ပါးသို့ သွားရောက်ပြီး (၃၂)ဖြာသော ယောက်ျားမြတ်လက္ခဏာကို စုံလင်စွာကြည့်ရှုစစ်ဆေးသည်။ မိမိ၏ စစ်ဆေးတွေ့ရှိချက်အရ အရှင်ဂေါတမသည် မဟာပုရိသလက္ခဏာကျမ်းလာ ယောက်ျားမြတ် လက္ခဏာနှင့် ပြည့်စုံသူဖြစ်ကြောင်း ဆရာပုဏ္ဏားကြီးအား ပြန်လည် ပြောကြားလိုက်သည်။

ပေါက္ခရသာတိပုဏ္ဏားကြီးသည် ထိုမျှလောက်လှသတင်းစကားကို ကြားလျှင်ကြားချင်း မိမိအိမ်၌ ခဲဖွယ်ဘောဇဉ်များ ရွတ်တရက် စီရင်ခဲ့ပြီး ဥက္ကဋ္ဌမြို့မှ ဣဿာနင်္ဂလတောအုပ်သို့ မြည်းရထားစီးလျက် ဘုရားမူးထွက်ခဲ့သည်။ ဘုရားရှင်ထံမှောက်ရောက်သောအခါ ယောက်ျားမြတ်လက္ခဏာ(၃၂)ဖြာကို မိမိကိုယ်တိုင် ထပ်မံ စစ်ဆေးကြည့်ရှုပြန်သည်။ မြတ်စွာဘုရား၏ ကိုယ်ထော်ဝယ်

သုံးဆယ်သော လက္ခဏာတော်တို့ကိုကား ထင်ထင်ရှားရှား၌မြင်ရ၏။ သို့သော် ကျန်သော် လက္ခဏာတော်နှစ်ပါးကိုမူ အသေအချာ မမြင်ရသော်းသဖြင့် ယုံမှားသံသယဖြစ်နေသည်။ လက္ခဏာတော်နှစ်ပါးမှာ ယောကျ်ားနိမိတ်လက္ခဏာတော်နှင့် လျှိုကတော်ဖြစ်၏။

လက္ခဏာနှစ်ပါးကို တန်ခိုးဖြင့် မြင်စေခြင်း

မြတ်စွာဘုရားသည်၊ လက္ခဏာတော်(၂)ပါးဌိ ပုဏ္ဏားကြီး ယုံမှားသံသယဖြစ်နေသည်ကို သိတော်မူ၏။ ထို့ကြောင့် ပုဏ္ဏားကြီး ယုံမှားကင်းစေရန် ဦးစွာ အဘိမ္မိဖြင့်ဖုံးအုပ်နေသော ယောကျ်ားနိမိတ်လက္ခဏာကို တန်ခိုးတော်ဖြင့် မြင်စေတော်မူသည်။ လျှာတော်၏ ရှည်လျားသော လက္ခဏာကိုမူ လျှာထုတ်၍ နားတွင်းနှစ်ဘက်ကို အပြန်အပြန် အလှန်လှန် သုံးသပ်ပြတော်မူလိုက်၏။ လျှာတော်၏ နီရဲသော လက္ခဏာကိုမူ နှာခေါင်းပေါက်နှစ်ခုအတွင်းကို အပြန်အပြန် အလှန်လှန် သုံးသပ်ပြလိုက်ခြင်းဖြင့် တွေ့မြင်စေတော်မူသည်။ လျှာတော်၏ ကျယ်ပြန့်သော လက္ခဏာကိုမူ နဖူးပြင် တစ်ခုလုံးကို ဖုံးအုပ်ပြလိုက်ခြင်းဖြင့် တွေ့မြင်စေတော်မူသည်။

ကောင်းမွန်အလိုက် အကျိုးလက္ခဏာများဖြစ်ပေါ်လာပုံ

ပေါက္ခရသာတီပုဏ္ဏားကြီးသည် မိမိလေ့လာထားသော် မဟာပုရိသလက္ခဏာကျမ်းလာ လက္ခဏာတော်များအတိုင်း မြတ်စွာဘုရားကိုယ်တော်၌ စုံစုံလင်လင်မပီပြင်ပြင် တိတိကျကျ တွေ့မြင်ရသောအခါ အတိုင်းမသိဝမ်းသာ ကြည်နူးနေတော့၏။ ရင်းမြှုတ်လည် တည်ရှုဖူးမြော်၍ မဝ၊ 'ဒါမှ အာဇာနည်ယောကျ်ားမြတ်၊ နှတ်နှင့်တကွသော သုံးလေးတမျှ နှစ်ယောက်အတူမရှိတဲ့ သယမ္ဘူထွတ်ထား တကယ် သမွာသမ္ဘဒ္ဓ ဘုရားအစစ်ပါဘဲ' ဟုလည်း ချီးကျူး ရေရွတ်နေ၏။ အဘယ်ကြောင့် ဤမျှထူးခြားသော လက္ခဏာတော်များ ဖြစ်ပေါ်လာရသည်ကိုမူ ပုဏ္ဏားကြီးမသိပေ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး၌ ဤမျှပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်များနှင့်တကွ ထူးခြားအံ့ဖွယ် ကြည်ညိုဖွယ်ရာများ အဘယ့်ကြောင့်ဖြစ်ပေါ်လာရသည်ကို ပေါက္ခရသာတီ ပုဏ္ဏားကြီးသာမဟုတ်။

အခြား မည်သူမျှလည်း မသိခဲ့ကြပေ။ သာဝတ္ထိမြို့သူ မြို့သား များပင် သို့လော သို့လော တွေးတောကာ အုပ်စုဖွဲ့ ပြောဆိုနေကြလေသည်။ ထို့သို့ ပြောဆိုနေကြသော စကားကို အရှင်အာနန္ဒာက ကြားခဲ့သည့်အတိုင်း ဘုရားရှင်အား လျှောက်ထားလေရာ 'မည်သည့်ကောင်းမှု မည်သည့် စိတ်ထားကြောင့် မည်သို့သော ယောကျ်ားမြတ်လက္ခဏာတော်များ ဖြစ်ပေါ် ရရှိကြောင်း လက္ခဏာသုတ္တန်ကို ဟောကြားတော်မူခဲ့ရသည်။

လက္ခဏာတော်ကြီး (၃၂)ပါး

လောကဌ် သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်သူ၏ ကိုယ်တော်ဌ် ယောကျ်ားမြတ် လက္ခဏာ (၃၂)ပါး အထင်အရှား ပါရှိရမြဲ ဖြစ်၏။ ထို့ကြောင့် ပေါက္ခရသာတိပုဏ္ဏားကြီးက ထိုယောကျ်ားမြတ်လက္ခဏာအား ဖြင့် ဘုရား ဟုတ်, မဟုတ် စစ်တမ်းထုတ်ခြင်း ဖြစ်သည်။ ထိုလက္ခဏာတော်ကြီး (၃၂)ပါး ဖြစ်ပေါ်လာရပုံတို့ကို ဘုရားရှင် ဟောတော်မူသည့်အတိုင်း တစ်ပါးစီ အသေးစိတ် ရှင်းပြပါမည်။

(၁) ခြေဖဝါးလက္ခဏာတော်

မြတ်စွာဘုရား၏ ခြေဖဝါးတော်သည် မြေဌဲ့ နှိပ်းသော အခါ ရွှေခြေနင်းပမာ ညီညာစွာ ထိသော ဖဝါးအပြင် ရှိ၏။ ထိုလက္ခဏာတော်သည် မြတ်စွာဘုရားနှင့် စကြာမင်းတို့၏ သီးခြားလက္ခဏာတစ်ပါး ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဘဝများစွာတို့ဌ် ပါရမီ ကောင်းမှုမှန်သမျှ မတွန့်မဆုတ် မြဲမြံစွာ အားထုတ်တော်မူခဲ့သောကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၂) စက်ဝန်းလက္ခဏာတော်

မြတ်စွာဘုရား၏ ခြေဖဝါးတော်ဌ် အကန့်တစ်ထောင်၊ အကွပ်၊ ပုံတောင်းတို့နှင့်တကွ အခြင်းအရာအလုံးစုံနှင့်ပြည့်စုံသော တစ်ရှာရှစ်ကွက် စက်လက္ခဏာ ထင်ရှားစွာ ဖြစ်ပေါ်လျက်ရှိ၏။

ဘုရားအလောင်းတော်သည် ဒါနပြုလုပ်သောအခါတိုင်း အခြံအရံ ပစ္စည်းများကိုပါ ပြည့်စုံစွာ ပြုလုပ်လှူဒါန်းခဲ့သော ကောင်းမှုကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၃) **ဖနောင့်လက္ခဏာတော်**

မြတ်စွာဘုရား၌ ရှည်လျားသော ဖနောင့်တော်ရှိ၏။ အလောင်းတော်သည် ဘဝများစွာ ကာလပတ်လုံး သူ့အသက်သတ်ခြင်းမှ ဝေးစွာရှောင်ကြဉ် စောင့်ထိန်းခဲ့သော ကောင်းမှုကြောင့် (၁) ရှည်လျားသောဖနောင့်တော်၊ (၂) ရှည်သွယ်သောလက်ချောင်း၊ ခြေချောင်းတော်၊ (၃) ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်ဟူသော ယောကျ်ားမြတ်လက္ခဏာတို့ကို ရရှိတော်မူသည်။

(၄) **လက်ချောင်း, ခြေချောင်းလက္ခဏာတော်**

မြတ်စွာဘုရား၌ ရှည်သွယ်သော လက်ချောင်းတော်၊ ခြေချောင်းတော်ရှိ၏။ ဘုရားအလောင်းတော်သည် သူတပါး အသက်သတ်မှုမှ အထူး ရှောင်ကြဉ်ခဲ့သော ကောင်းမှုကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၅) **လက်ဖဝါး, ခြေဖဝါးလက္ခဏာတော်**

မြတ်စွာဘုရား၌ နူးညံ့နုနယ်ချောမွေ့သော လက်ဖဝါးတော်, ခြေဖဝါးတော်အပြင်ရှိ၏။

ဘုရားအလောင်းတော်သည် ရှေးရှေးဘဝ များစွာတို့၌ လူအများတို့အား သင်္ဂဟတရားလေးပါးဖြင့် ချီးမြှင့်မွေ်ာက်စား အားပေးကူညီမှု ပြုခဲ့သော ကောင်းမှုတော်ကြောင့် (၁) နူးညံ့နုနယ်

ချောမွေ့သော လက်ဖဝါးတော်, ခြေဖဝါးတော်၊ (၂) ရွှေစာကွန်ရုပ် ခက်သည်ပမာ ညီညာသော လက်ချောင်း, ခြေချောင်းတော်ဟူသော ယောကျ်ားမြတ်လက္ခဏာတို့ကို ရရှိတော်မူသည်။ (သင်္ဂဟတရား လေးပါး အခြေခံအဆင့်၌ ပြခဲ့ပြီ။)

(၆) လက်ခြေလက္ခဏာတော်

မြတ်စွာဘုရား၏ လက်တော် ခြေတော်၌ လေသာနှန်းတံခါးတွင် စိုက်စိုက်ထားသော ရွှေပွတ်လုံးတိုင်ကဲ့သို့ အကြားမဲ့ ညီညာသော လက်ချောင်းတော်, ခြေချောင်းတော် ရှိတော်မူသည်။

ဘုရားအလောင်းတော်သည် လူအများတို့အား သင်္ဂဟတရားလေးပါးဖြင့် ချီးမြှင့်မြောက်စား အားပေးကူညီခဲ့သောကောင်းမှုကြောင့်ပင် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၇) ခြေဖမျက်လက္ခဏာတော်

မြတ်စွာဘုရား၌ အနည်းငယ်မြင့်မောက်သော ခြေဖမျက်တော်ရှိ၏။

ဘုရားအလောင်းတော်သည် ဘဝများစွာတို့၌ သတ္တဝါတို့အား ကြီးပွားမြင့်မောက် အထက်တန်း ရောက်စေနိုင်သည့် တရားစကားများကိုသာ ကာလရှည်ကြာစွာ ပြောဆိုဖြည့်ကျင့်ခဲ့ရသော ကုသိုလ်တော်ကြောင့် (၁) မြို့မှုန်များ မငြိမတွယ်စဉ်းငယ်မြင့်သော ခြေဖမျက်တော်၊ (၂) မျက်နှာတော်ကို မော်၍ ပူးသည့်ပမာ အထက်သို့သာ အဖျားရောက်သော မွေးညင်းတော်ဟူသော ယောကျ်ားမြတ်လက္ခဏာတို့ကို ရရှိတော်မူသည်။

(၈) သလုံးမြင်းခေါင်းလက္ခဏာတော်

မြတ်စွာဘုရား၌ ကြီးမည်သော သားကောင်၏ သလုံးမြင်းခေါင်းကဲ့သို့ အထက်ပိုင်းသို့ အစဉ်အတိုင်း မြင့်ကက်

လုံးဝန်း ပြေပြစ်သော သလုံးမြင်းခွေါင်းတော်ရှိ၏။ ဘုရား အလောင်းတော်သည် မိမိထံမှောက် နည်းခံရောက်လာကြသော တပည့်တို့အား ဝိဇ္ဇာပညာအမျိုးမျိုး၊ သိပ္ပံပညာအမျိုးမျိုး၊ အကျင့်စရာ အမျိုးမျိုးကို သင်ကြားပေးရာ၌ ဆရာစားမချန် အပြည့်အစုံ သင်ကြားပေးခဲ့သော ကောင်းမှု ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၉) အရပ်တော်နှင့် အချိုးကျသွယ်လျသော လက်တော်လက္ခဏာ

မြတ်စွာဘုရား၌ ကိုယ်တော်ကို မကိုင်းညွတ်ဘဲ မတ်မတ်ရပ်လျက်ပင် နှစ်ဘက်သော လက်ဖဝါးပြင်တို့ဖြင့် ပုခက်ဒူးဝန်းနှစ်ဘက်ကို သုံးသပ်ဆုပ်နယ်နိုင်အောင် အရပ်တော်နှင့် အချိုးတကျ သွယ်လျသော လက်တော်ရှိ၏။

ဘုရားအလောင်းတော်သည် မိမိ၏ အခွေအရံများကို ချီးမြှင့်မြှောက်စားတော်မူသောအခါ သူ့အရည်အချင်းနှင့် သူကိုက်ညီအောင် အရည်အချင်းအလိုက် ချီးမြှင့် မြှောက်စားတော်မူခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၁၀) ယောကျ်ားနိမိတ်လက္ခဏာတော်

မြတ်စွာဘုရား၌ အအိမ်ဖြင့် ဖုံးအုပ်ထားသော ယောကျ်ား နိမိတ်ရှိ၏။

ဘုရားအလောင်းတော်သည် အချင်းချင်း စိတ်သဘောထား ကွဲပြားနေသောသူတို့ကို ညီညွတ်အောင် အချင်းချင်း၏ အပြစ်ကို ဖုံးအုပ်လျက် စေ့စပ်ပေးတော်မူခဲ့ခြင်း၊ ညီညွတ်နေသူတို့ကို မြင်လျှင်လည်း အလွန်ဝမ်းမြောက်တော်မူလျက် စည်းလုံးညီညွတ်မှု တည်မြဲအောင် အစဉ်ပြုလုပ်တော်မူခဲ့ခြင်းတို့ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူခဲ့သည်။

(၁၁) အသားတော်လက္ခဏာ

မြတ်စွာဘုရား၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေတော်ရှိ၏။

ဘုရားအလောင်းတော်သည် အမျက်ဒေါသ နည်းပါးတော်မူခဲ့၏။ ထွက်သောအမျက်ကိုလည်း လျင်မြန်စွာ ပယ်ဖျောက် ထိန်းသိမ်းငြိမ်းအေးစေတော်မူခဲ့၏၊ ပြင်းပြင်းထန်ထန် စိတ်ပူပန်မြင်း(ဥပါယာသတရား)နည်းပါးတော်မူခဲ့၏၊ နူးညံ့ ချောမွေ့သော အဓင်းအရုံအဝတ်အထည်တို့ကိုလည်း ပေးလှူတော်မူခဲ့၏။ ဤစိတ်ထား ဤကောင်းမှုကုသိုလ်တော်များကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၁၂) အရေတော်လက္ခဏာ

မြတ်စွာဘုရား၌ မြူအညစ်အကြေးတို့ မလိမ်းမတင် နှိုင်အောင်ပင် ချောမွေ့နူးညံ့သော အရေတော်ရှိ၏။

ဘုရားအလောင်းတော်သည် ပညာရှိရဟန်းပုဏ္ဏားတို့ထံ ကပ်ရောက်၍ မိမိစိတ်အစဉ်တွင် အကုသိုလ်အညစ်အကြေး မလိမ်းမတင်နှိုင်အောင် အစဉ်သဖြင့် မေးမြန်းစုံစမ်းလေ့ရှိသော ကုသိုလ်တော်ကြောင့် ဤလက္ခဏာကို ရရှိတော်မူသည်။

(၁၃) မွေးညင်းတွင်း လက္ခဏာတော်

မြတ်စွာဘုရား၏ကိုယ်တော်၌ မွေးညင်းတွင်း တစ်တွင်း တစ်တွင်းတွင် မွေးညင်းတော် တစ်ပင် တစ်ပင်စီသာ ပေါက်လေ့ရှိ၏။

ဘုရားအလောင်းတော်သည် မုသားမပါ တစ်မျိုးတည်း သော သစ္စာစကားကိုသာ ကာလကြာရှည်စွာ ပြောဆိုခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူခဲ့သည့် အပြင်၊ မျက်မှောင်တော်နှစ်ဘက် အလယ်ချက်၌ ဖြူစင် ဝင်းလက်သော ဥက္ကာလုံးမွေးရှင်တော် ပေါက်လျက်ရှိခြင်း ဟူသော ယောကျ်ားမြတ်လက္ခဏာတော်တို့ကိုပါ ရရှိတော်မူသည်။

(၁၄) မွေးညင်းတော်လက္ခဏာ

မြတ်စွာဘုရား၌ မျက်နှာတော်ကို မော်၍ ဖူးသည့်ပမာ အထက်သို့သာ အဖျားကော့သော မွေးညင်းတော်ရှိ၏။

ဘုရားအလောင်းတော်သည် ဘဝများစွာ၌ သတ္တဝါတို့အား ကြီးပွားမြင့်မောက် အထက်သို့ရောက်စေနိုင်သော တရားစကား များကိုသာ ပြောဆိုခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာ တော်ကို ရရှိတော်မူသည်။

(၁၅) ဖြောင့်မတ်သော ကိုယ်တော်လက္ခဏာ

မြတ်စွာဘုရား၌ ဖြောင့်မတ်သော ကိုယ်တော်ရှိတော်မူ၏။

ဘုရားအလောင်းတော်သည် ဘဝများစွာ၌ သူ့.အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သော ကောင်းမှုတော်ကြောင့် ဤလက္ခဏာ တော်ကို ရရှိတော်မူသည်။

(၁၆) ပြည့်ဖြိုးသော အသားတော်လက္ခဏာ

မြတ်စွာဘုရားသည် ခြေဖမိုးတော်နှစ်ဘက်၊ လက်ဖမိုး တော်နှစ်ဘက်၊ ပခုံးတော်နှစ်ဘက်နှင့် လည်ကုပ်တော်ဟူသော ခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားတော်ရှိ၏။

ဘုရားအလောင်းတော်သည် ဘဝများစွာ၌ အရသာနှင့် ပြည့်စုံသော ကောင်းမွန်မြိန်မြတ်သော ဘောဇဉ်အမျိုးမျိုးတို့ကို အပြည့်အစုံ လှူခဲ့ဖူးသော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၁၇) ရွှေ့ပိုင်းကိုယ်တော်လက္ခဏာ

မြတ်စွာဘုရား၌ ခြသေ့်မင်း၏ ရွှေ့ပိုင်းကိုယ်ကဲ့သို့ ပြည့်ဖြိုးသော ကိုယ်တော်ရှိ၏။

ဘုရားအလောင်းတော်သည် လူအများ၏ အကျိုးစီးပွားကို အလိုရှိတော်မူခဲ့၏။ "ဤသူတို့အား သဒ္ဓါ၊ သီလ၊ သုတ၊ ဓမ္မ၊ စာဂ၊ ပညာ တရားများ၊ ဥစ္စာစပါး၊ လယ်ယာ ကျွဲနွား၊ သားမယားနှင့် အလုပ်သမား, ကျေးကျွန်၊ မိတ်ဆွေမွန်, ဆွေမျိုးများ ကြီးပွားတိုးတက်အောင် အဘယ်သို့ ဆောင်ရွက်ပေးရပါမည်နည်း" ဟု လူအများ၏ ကြီးပွားတိုးတက်ရန်ကိုသာ ကြံစည် စဉ်းစား အားထုတ်တော်မူခဲ့သော ကုသိုလ်တော်ကြောင့် - (၁) ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ကဲ့သို့ ပြည့်ဖြိုးသောကိုယ်တော် အပြင်(၂) ခါးတော်မှစ၍ အထက်လည်ကုပ်တော်တိုင်အောင် ရေစီးကြောင်း (ကျောရိုးကြောင်း) မထင် ပြည့်ဖြိုးညီညာသော ကျောပြင်၊ (၃) ညီညာစွာ လုံးဝန်းသော လည်တိုင်တော်ဟူသော ယောကျ်ားမြတ် လက္ခဏာတော်တို့ကို ရရှိတော်မူသည်။

(၁၈) ကျောက်ကုန်းတော်လက္ခဏာ

မြတ်စွာဘုရား၌ ခါးတော်မှစ၍ အထက်လည်ကုပ်တော်တိုင်အောင် ရေစီးကြောင်းမထင် ပြည့်ဖြိုးညီညာသော ကျောပြင်ရှိ၏။

ဘုရားအလောင်းတော်သည် လူအများ၏ အကျိုးစီးပွား တိုးတက်တည်တံ့စေရန် ကြံစည် ပြုလုပ်ခဲ့သော ကောင်းမှုတော်ကြောင့် ဤလက္ခဏာတော်တို့ကို ရရှိတော်မူသည်။

(၁၉) လုံးဝန်းသော ကိုယ်တော်လက္ခဏာ

မြတ်စွာဘုရား၌ အရပ်တော်နှင့် လက်အလယ်တော် အချိုး ကျကျ အညီအမျှ ဖြစ်ရ၍ ပညောင်ပင်အဝန်းကဲ့သို့ လုံးဝန်းသော ကိုယ်တော်ရှိ၏။

ဘုရားအလောင်းတော်သည် တပည့်များအား အရည်အချင်းနှင့် ကိုက်ညီအောင် ချီးမြှင့် မြှောက်စားတော်မူခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၂၀) လည်တိုင်တော် လက္ခဏာ

မြတ်စွာဘုရား၌ ညီညာစွာ လုံးဝန်းသော လည်တိုင်တော်ရှိ၏။ ဘုရားအလောင်းတော်သည် လူအများ၏ အကျိုးစီးပွားကိုသာ လိုလား ခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၂၁) ရသာဆောင်ကြော လက္ခဏာတော်

မြတ်စွာဘုရား၌ အလွန်ကောင်းမြတ် ထက်မြက်သော ရသာဆောင်ကြောများရှိ၏။ မြတ်စွာဘုရား၌ အဖျားချင်းအပ် လည်မှာစွပ်လျက် တည်ရှိကြသော အရသာကြောပေါင်း ခုနစ်ထောင်တို့သည် နှမ်းစေ့ခန့်မျှ သေးငယ် နူးညံ့လှသည့် အရသာကိုပင် တစ်ကိုယ်လုံး ပျံ့နှံ့သွားအောင် စွမ်းဆောင်နိုင်ကြ၏။

ဘုရားအလောင်းတော်သည် ဘဝပေါင်းများစွာတို့၌ သတ္တဝါတို့ကို တုတ် ဓား လက်နက်ဖြင့် ညှဉ်းပန်းနှိပ်စက်မှု ပြုတော်မမူခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၂၂) မေးတော်လက္ခဏာ

မြတ်စွာဘုရား၌ ခြင်္သေ့မင်း၏မေးကဲ့သို့ ပြည့်ဖြိုးသော မေးတော်ရှိ၏။ လဆန်းပက္ခ တစ်ဆယ့်နှစ်ရက်မြောက်ညဉ့် ထွက်ပေါ်သောလနှင့်သဏ္ဌာန်တူ၏။

ဘုရားအလောင်းတော်သည် ဘဝပေါင်းများစွာတို့၌ ပြိန်ဖျင်းသေးနုပ်၍ အကျိုးမရှိသော သမ္ဖပ္ပလာပစကား ပြောကြားမှုမှ ရှောင်ကြဉ်တော်မူခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၂၃) သွားတော်(၄၀)လက္ခဏာတော်

မြတ်စွာဘုရား၌ အထက်သွားတော် နှစ်ဆယ်၊ အောက်သွားတော် နှစ်ဆယ်အားဖြင့် သွားတော် လေးဆယ် အစေ့အင ရှိတော်မူ၏။

ဘုရားအလောင်းတော်သည် ရှေးဘဝပေါင်းများစွာတို့၌ ကုန်းချောစကား ပြောကြားခြင်းမှ ဝေးစွာရှောင်ကြဉ်တော်မူခဲ့၏၊ စိတ်ဝမ်းကွဲပြားနေကြသော သူတို့ကို တွေ့လျှင် အချင်းချင်း ညီညွတ်သင့်မြတ်အောင် စေ့စပ်ပေးတော်မူခဲ့၏။ ညီညွတ်သူတို့ကို တွေ့လျှင်လည်း ညီညွတ်မှု မပျက်ပြားဘဲ ဆက်လက် ခိုင်မာအောင် အားပေးတော်မူခဲ့၏၊ အချင်းချင်း ညီညွတ်ရေးစကားကိုသာ ပြောကြားတော်မူခဲ့သော ကုသိုလ်တော်ကြောင့် (၁) သွားဆော် လေးဆယ် အစေ့အင ရှိတော်မူသည့်အပြင် (၂) သွားတော်မကျဲမကွာ စေ့စပ်စွာ တည်ရှိခြင်း ဟူသော ယောကျ်ားမြတ်လက္ခဏာတို့ကို ရရှိတော်မူသည်။

(၂၄) ညီညာသော သွားတော်လက္ခဏာ

မြတ်စွာဘုရား၌ လွှဖြင့်ဖြတ်အပ်သော ခရုသင်းချပ် အလွှာကဲ့သို့ တစ်သားတည်း ညီညာသော သွားတော်အစဉ်ရှိ၏။

ဘုရားအလောင်းတော်သည် ရှေးဘဝပေါင်းများစွာတို့၌ မှားယွင်းယုတ်မာသော အသက်မွေးမှုမျိုးကိုပယ်၍ မှန်ကန်ဖြူစင်သော အသက်မွေးမှုဖြင့် အသက်မွေးမြူတော်မူခဲ့၏။

ချိန်စဉ်းလဲစသော စဉ်းလဲမှု အမျိုးမျိုးနှင့် ကောက်ကျစ်လှည့်ပတ်မှုအမျိုးမျိုး၊ သူတပါးကို သတ်ဖြတ်လုယက် မြို့ရွာဖျက်လျက် နိုင်ထက်ကလူ ပြုမူခြင်း အမျိုးမျိုးတို့မှ ဝေးစွာရှောင်ကြဉ်တော်မူခဲ့သော ကုသိုလ်တော်ကြောင့် (၁) လွှဖြင့် ဖြတ်အပ်သော ခရုသင်းချပ် အလွှာကဲ့သို့ တစ်သားတည်း ညီညာဖြူစင်သောသွားတော် (၂) သောက်ရှူးကြယ်ပမာ လွန်စွာ စင်ကြယ် ဖြူဝင်း၍ အရောင်တလက်လက်ထွက်သော စွယ်တော်လေးဆူဟူသော ယောကျ်ားမြတ်လက္ခဏာတို့ကို ရရှိတော်မူသည်။

(၂၅) သွားမကျဲခြင်း လက္ခဏာတော်

မြတ်စွာဘုရား၌ ရွှေသားပျဉ်ချပ်မှာ ကောင်းစွာစိုက်စိုစွ ထားအပ်သော ဝဇိရစိန်ရွဲ အစဉ်အတန်းကဲ့သို့ မကျဲမကွာ စေ့စပ်စွာ တည်ရှိသော သွားတော်ရှိ၏။

ဘုရားအလောင်းတော်သည် ဘဝပေါင်းများစွာ ကွဲပြားနေ သူတို့ကို ညီညွတ်အောင် စေ့စပ်ပေးခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၂၆) စွယ်တော်လေးဆူ လက္ခဏာတော်

မြတ်စွာဘုရား၌ သောက်ရှူးကြွယ်ပမာ လွန်စွာစင်ကြယ် ဖြူဝင်း၍ အရောင်တလက်လက် ထွက်သော စွယ်တော်လေးဆူ ရှိ၏။

ဘုရားအလောင်းတော်သည် ဘဝပေါင်းများစွာ သန့်ရှင်း ဖြူစင်စွာ အသက်မွေးလာခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၂၇) လျှာတော်လက္ခဏာ

မြတ်စွာဘုရား၌ နီမြန်းသော အဆင်းရှိ၍ ရှည်လျား, နူးညံ့, ကျယ်ပြန့်သော လျှာတော်ရှိ၏။

ဘုရားအလောင်းတော်သည် ရှေးဘဝပေါင်းများစွာတို့၌ ရုန့်ရင်းကြမ်းတမ်းစွာ ဆဲရေး တိုင်းထွာသော စကားကို ပြောကြားခြင်းမှ ဝေးစွာ ရှောင်ကြဉ်တော်မူကာ အပြစ်ကင်းစင် ချစ်ခင်ဖွယ်ရာ ချိုသာ ယဉ်ကျေးသော စကားကိုသာ ပြောဆိုတော်မူခဲ့၏။

ထိုကုသိုလ်တော်ကြောင့် (၁) နိမ္မြန်းသော အဆင်းရှိ၍ ရှည်လျား, နူးညံ့, ကျယ်ပြန့်သော လျှာတော်အပြင် (၂) ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရုစ်ပါးနှင့် ပြည့်စုံသော အသံတော်ဟူသော ယောကျ်ားမြတ် လက္ခဏာတို့ကို ရရှိတော်မူသည်။

(၂၈) အသံတော်လက္ခဏာ

မြတ်စွာဘုရား၏ အသံတော်သည် ဗြဟ္မာမင်း၏ အသံကဲ့သို့ သန့်ရှင်းခြင်း၊ သိလွယ်ခြင်း၊ သာယာခြင်း၊ နာချင်ဖွယ်ရာရှိခြင်း၊ အသံလုံလုံလဲလဲရှိခြင်း၊ တရားနာပရိသတ်၏ ပြင်ဘက်သို့ မထွက်ခြင်း၊ အသံတော်မတိမ်ဘဲ နက်နဲခြင်း၊ ပဲ့တင်ထပ်ခြင်း ဟူသော အင်္ဂါရုစ်ပါးနှင့် ပြည့်စုံ၏၊ ကရဝိက်ငှက်မင်း၏ အသံကဲ့သို့ လွန်စွာသာယာ၏။

ဆောင်ပုဒ်။ ။ သန့်ရှင်း သာယာ၊ လွန်သိသာ၊ နာဖွယ် မပြန့်ပေါ်။ လုံးနက် ပဲ့တင်၊ အင်္ဒအင်၊ မြတ်ရှင်အသံတော်။

ဘုရားအလောင်းတော်သည် ဘဝများစွာ ယဉ်ကျေးသော စကားတော်ကိုသာ ဆိုခဲ့သော ကုသိုလ်တော်ကြောင့် ထိုလက္ခဏာတော်ကို ရရှိတော်မူသည်။

(၂၉) မျက်လုံးတော်လက္ခဏာ

မြတ်စွာဘုရား၌ ညိုသင့်ရာ အရပ်ဌာနမှာ အောင်မည်းညို ပွင့်ပမာ ညိုသော မျက်လုံးတော်ရှိ၏။

ဘုရားအလောင်းတော်သည် မျက်လုံးပြူး၍လည်း ကြည့်တော် မမူခဲ့၊ မျက်စောင်းထိုး၍လည်း ကြည့်တော်မမူခဲ့၊ ခိုးကြောင်ခိုးဝှက်လည်း ကြည့်တော်မမူခဲ့၊ ရိုးဖြောင့်သော စိတ်ရှိလျက် ရိုးဖြောင့် တည်ငြိမ်စွာသာ ကြည့်တော်မူခဲ့၏။ ချစ်ကြည်သော မျက်လုံးဖြင့် လူအားလုံးကို

ကြည့်ရှုတော်မူခဲ့သော ကုသိုလ်တော်ကြောင့် (၁) ညိုသော် မျက်လုံးတော်အပြင် (၂) အလွန်နူးညံ့သော မျက်တောင်မွေးတော်ဟူသော ယောကျ်ားမြတ် လက္ခဏာတို့ကို ရရှိတော်မူသည်။

(၃၀) မျက်တောင်မွေးတော်လက္ခဏာ

မြတ်စွာဘုရား၌ ဖွားသစ်စ နွားငယ်၏ မျက်မွေးကဲ့သို့ အလွန်နူးညံ့သော မျက်တောင်မွေးတော်တို့ အစီအရီ ပေါက်လျက်ရှိ၏။

ဘုရားအလောင်းတော်သည် လူသားအားလုံးတို့ကို ချစ်ကြည်သော မျက်လုံးဖြင့် ကြည့်ရှုခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၃၁) ဥဏ္ဏာလုံမွေးရှင်တော်လက္ခဏာ

မြတ်စွာဘုရား၏ မျက်မှောင် (မျက်ခုန်း)တော်နှစ်ဘက် အလယ်ချက်တည့်တည့်၌ ဖြူစင်ဝင်းလက်သော ဥဏ္ဏာလုံမွေးရှင်တော် ပေါက်လျက်ရှိ၏။ မွေးရှင်တော်သည် သောက်ရှူးကြယ် ပမာ လွန်စွာဝင်းလက် တောက်ပသည်။ နူးညံ့သော လဲ ဝါဂွမ်းပမာ လွန်စွာ ဖြူစင်နူးညံ့သည်၊ ဆွဲ၍ဆန့်လျှင် နှစ်တောင်ခန့်ရှည်လျားသည်။ လွတ်လိုက်သောအခါ သူ့အလိုလိုသာ လက်ျာရစ် ခွေလည်၍ အထက်သို့ အဖျားကော့လျက် တည်ရှိသည်။

ဘုရားအလောင်းတော်သည် ကာလရှည်လျားစွာ မုသားမနှောတစ်မျိုးတည်းသော သစ္စာစကားကိုသာ ပြောဆိုခဲ့သော ကုသိုလ်တော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

(၃၂) သင်းကျစ်တော်လက္ခဏာ

မြတ်စွာဘုရားဇာ နဖူးတော်တွင် ပကတိ ပင်ကိုအားဖြင့်ပင် သင်းကျစ်ရွှေပြား တပ်ဆင်၍ ထားသကဲ့သို့ သင်းကျစ်တော် အသားလွှာ ပါရှိ၏။

ဘုရားအလောင်းတော်သည် ရှေးဘဝပေါင်း များစွာတို့၌ သုစရိုက်ဆယ်ပါးကို ဖြည့်ကျင့်မှု၊ ဒါနမှု၊ သီလဆောက်တည်မှု၊ ဥပုသ်စောင့်သုံးမှု၊ အမိအဘတို့ကို လုပ်ကျွေးမှု စသော ကောင်းမှုပြုလုပ်ရာတွင် လူအများ၏ ရှေ့သွားဦးစီး အကြီးအမှူး ပြုလျက် စီမံဆောင်ရွက်တော်မူခဲ့သော ကောင်းမှုတော်ကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူသည်။

လက္ခဏာတော်များ၏ စွမ်းအား

မြတ်စွာဘုရားသည် ဤလက္ခဏာသုတ်တော်ကို သီးခြား ဟောကြားတော်မူရခြင်း၏ အကြောင်းရင်းမှာ သတ္တဝါများ၏ အကျိုးဓီးပွားချမ်းသာမှုနှင့်စပ်၍ ဤမည်သော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့သောကြောင့် ဤသို့သော ကြန့်အင်လက္ခဏာတော်များ ပြည့်စုံရသည်ကို ဖူးမြင်ရသူ နတ် လူ ဗြဟ္မာတိုင်း သိကြပါစေ ဟု ညွှန်ပြတော်မူလိုသဖြင့် ဤလက္ခဏာတော်ကြီး ၃၂-ပါးကို သီးခြားသုတ္တန်တစ်ခုအဖြစ် ဟောတော်မူခဲ့သည်။

ပေါက္ခရသာတိပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ကိုယ်တော်၌ ယောကျ်ားမြတ်လက္ခဏာ (၃၂)ပါးကို မျက်ဝါးထင်ထင် ကိုယ်တိုင်တွေ့မြင် ရသောအခါ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်ကြောင်း လက်ခံ ယုံကြည်ကာ လွန်စွာ ကြည်ညိုသွားသည်။ သို့ဖြစ်၍ ထက်သန် ကြည်လင်လှသော သဒ္ဓါတရားဖြင့် မြတ်စွာဘုရားအား ဆွမ်းအလှူခံ ကြွရောက်ချီးမြှင့်ပါရန် ရိုသေစွာ ဖိတ်ကြားလျှောက်ထားသွားသည်။ နံနက်အချိန်တွင် မိမိအိမ်၌ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆွမ်းအလှူပွဲ၌ မြတ်စွာဘုရားဟောကြားတော်မူသော တရားဒေသနာကို ကြားနာရ၍ သောတာပန်အရိယာဖြစ်ကာ သားမယား အခြွေအရံများနှင့်အတူ ဥပါသကာအဖြစ်ကို ခံယူသွားသည်။

ဤသို့ မြတ်စွာဘုရား၏ (၃၂)ပါးသော ယောကျ်ားမြတ်လက္ခဏာတော်ကြီးများကို အကြောင်းပြု၍ ပေါက်ရောရသာတိပုဏ္ဏားကြီးမှာ သောတာပန်အရိယာ ဖြစ်သွားသည့်အပြင် ပုဏ္ဏားကြီး၏ သားမယား အခြွေအရံများမှာလည်း ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူ ဥပါသကာများ အဖြစ်သို့ ရောက်သွားကြလေသည်။

စင်စစ် ဤ (၃၂)ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်များကို ဖတ်ရှုရခြင်းအားဖြင့် သုံးလောကထွတ်ထား မြတ်စွာဘုရားရှင် ဟူသည် 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား, ကုသိုလ်ကောင်းမှုတရားတို့၏ အနှီင်းမဲ့အတုမရှိသော ရုပ်ပုံလွှာကြီးပင်ဖြစ်ကြောင်း ရှုမြင်ကာ ကုသိုလ် ကောင်းမှုတို့ကိုသာ အတုယူ လိုက်နာ ကျင့်သုံးကြရာ၏။

ဘုရားရှင်ကိုယ်တော်စား ရုပ်ပွား ဆင်းတုတော်များကို ထုလုပ်ပူဇော်ကိုးကွယ်ကြရာ၌လည်း ဤ ၃၂-ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် အတုမဲ့ သပွါယ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် နီးစပ်နှီင်သမျှ နီးစပ်အောင် ထုလုပ်ပူဇော်ကြရာ၏။

အောင်ခြင်းရှစ်ပါး

၁။ မာရ်နတ်သားကို အောင်တော်မူခြင်း

ဘုရားအလောင်းတော်သည် 'အသားအသွေးတွေ ခန်းခြောက်ပြီး အရေ အကြော အရိုးချည်းသာ ကျန်ချင်ကျန်ပါစေ၊ ဘုရား မဖြစ်သမျှ ငါမထ'ဟု စိတ်ကို အခိုင်အမာ ဆုံးဖြတ်၍ အပရာဇိတ ပလ္လင်ထက်၌ ထိုင်တော်မူလေသည်။

ထိုစဉ် ဝသဝတ္တီနတ်ဘုံမှ မာရ်နတ်သည် 'သိဒ္ဓတ္ထမင်းသားသည်

ငါ၏ နယ်ပယ် ဘုံသုံးပါးမှ လွတ်မြောက်ရန် ကြိုးပမ်းနေလေပြီ၊ သူ့အား ငါ၏နယ်ပယ်မှ လွတ်မြောက်ခွင့်မပေးနိုင်'ဟု ကြံစည်ကာ နတ်စစ်သည်တို့ကို ဦးဆောင်လျက် ဘုရားအလောင်းတော်အား တိုက်ခိုက်ရန် စစ်ချီလာသည်။ နတ်စစ်သည်တို့ကား စကြဝဠာတံတိုင်းအထိ ပြည့်ကျပ်နေလေသည်။ ရုပ်အဆင်းအမျိုးမျိုး မျက်နှာပုံအမျိုးမျိုးရှိ နတ်စစ်သည်မှာသည် အမျိုးမျိုးသော လက်နက်များကို စွဲကိုင်ချီတက်လာကြသည်။ မာရ်နတ်သည် ဂီရိမေခလာဆင်ကို တက်စီးပြီး လက်ရုံးတစ်ထောင်၌ လက်နက်အသီးသီး စွဲကိုင်ထားသည်။ မာရ်စစ်သည်တို့၏ စစ်ချီကြွေးကြော်သံကား သိမ့်သိမ့်ရိုက်ခတ်နေသည်။

ထိုအချိန်တွင် ဘုရားအလောင်းတော်အနီး၌ သိကြားမင်းသည် အတောင်နှစ်ရာရှိ ဝိဇယုတ္တရ ခရာသင်းကို မှုတ်လျက် မဟာကာဠနဂါးမင်းသည် ဘုရားအလောင်းတော်၏ ဂုဏ်တော်ဖွဲ့များကို ရွတ်ဆိုသီကျူးလျက် သဟမွတီဗြဟ္မာမင်းကမူ ထီးဖြူကြိုးကို ဆောင်းမိုးပေးလျက် အသီးသီး ပူဇော်နေကြခိုက်ဖြစ်၏။

မာရ်စစ်တပ်ကြီး ချီတက်ရောက်ရှိလာသောအခါ ယင်းတို့ သုံးဦးသည် သင့်လျော်ရာအရပ်သို့ ရှောင်ဖယ်သွားကြသည်။ အပရာဇိတပလ္လင်ပေါ်တွင် ဘုရားအလောင်းတော် တစ်ပါးတည်းသာ ကျန်ရစ်ခဲ့လေသည်။

မာရ်နတ်က သူ၏ စစ်သည်များအား "အမောင်တို့..... သိဒ္ဓတ္ထမင်းသားသည် ပြိုင်ဘက်ကင်းသူဖြစ်၍ ငါတို့သည် သူ၏ ရှေ့တည့်တည့်မှ မတိုက်ခိုက်ဝံ့ကြသော်လည်း သူ၏ နောက်ဘက်မှ တိုက်ခိုက်ကြစို့"ဟု ဆိုလေသည်။

ဘုရားအလောင်းတော်ကား 'ဤမာရ်စစ်သည်များသည် ငါ့ကို တိုက်ခိုက်ရန် လာကြခြင်း ဖြစ်သည်။ ဤအရပ်၌ ငါ၏ မိဘဆွေမျိုးလည်းမရှိ၊ ကာလကြာမြင့်စွာ ဖြည့်ကျင့်ခဲ့သော ပါရမီဆယ်ပါးသာရှိသည်။ ပါရမီအင်အားဖြင့်သာ ဤစစ်ပွဲကို ငါရင်ဆိုင်ရတော့မည်'ဟု ကြံစည်ကာ ပါရမီတော်ဆယ်ပါးကို ဆင်ခြင်လျက် နေလေသည်။

မာရ်နတ်သည် ဘုရားအလောင်းတော် ပြေးစေရန် သစ်ပင်တောတောင် ရွာငယ် ရွာကြီးများပင် မှုန်.မှုန်.ညက်ညက် ကြဲပျက်စေနိုင်သော လေမုန်တိုင်းကြီးကို ဘုရားအလောင်းတော်ထံသို့ လွှတ်လိုက်သည်။ ထိုမုန်တိုင်းသည် ဘုရားအလောင်းတော်၏ ပါရမီတန်ခိုးကြောင့် သင်္ကန်းစွန်းမျှကိုပင် မလှုပ်ခါစေနိုင်ပေ။

ထို့နောက် ဘုရားအလောင်းတော်ကို ရေဖြင့် ဖုံးလွှမ်း နှစ်သတ်မည်ဟု ကြံစည်၍ မိုးကြီး သည်းစွာ ရွာသွန်းစေပြန်သည်။ မိုးရေလှိုင်းကြီးသည် အလွန်ကြီးမား ပြင်းထန်သော်လည်း ဘုရားအလောင်းတော်၏ သင်္ကန်းစွန်းကို သော်မျှ မစိုစွတ်စေနိုင်။ ထို့ပြင် ကျောက်တုံးမိုး၊ ဓားလက်နက်မိုး၊ မီးကျီးမိုး၊ ပြာပူမိုး၊ သဲမိုး၊ ရွံ့.ညွန်မိုးကြီးတို့ကို တစ်ခုပြီးတစ်ခု ဆက်တိုက်ရွာချ၏။ သို့သော်လည်း မာရ်နတ်သည် ဘုရားအလောင်းတော်အား ထိခိုက်ကြောက်ရွံ့.အောင် မစွမ်းဆောင်နိုင်ချေ။ ထို့နောက် ဘုရားအလောင်းတော် ကြောက်ရွံ့. ထွက်ပြေးစေရန် အလွန်ကြီးမားသော အမိုက်ဓာတ်ထုကြီး ချလိုက်ပြန်၏။ ထိုအမိုက်မှောင်ယုကြီးသည်လည်း ဘုရားအလောင်းတော်ကို မလွှမ်းမိုးနိုင်ပြန်ချေ။

ထိုသို့ အမျိုးမျိုးတိုက်ခိုက်၍ မအောင်မြင်နိုင်သောအခါ မာရ်နတ်သည် သူ၏ စစ်သည်များအား "သိဒ္ဓတ္ထကို ဖမ်းကြ၊ သတ်ကြ၊ ပြေးအောင်လုပ်ကြ"ဟု အော်ဟစ်အမိန့်.ပေးပြန်သည်။ သူကိုယ်တိုင်လည်း ဂီရိမေခလာဆင်ကို တက်စီးကာ စက်ယန္တရားလက်နက်ကို စွဲကိုင်ပြီး -

"ဟယ် သိဒ္ဓတ္ထ .... ဤပလ္လင်မှထလော့၊ ဤပလ္လင်သည် သင့်ပလ္လင်မဟုတ်၊ ငါ့ပလ္လင်သာဖြစ်သည်" ဟုဆိုသည်။

ဘုရားအလောင်းတော်က "ဟယ်မာရ်နတ် .... သင်သည် ပါရမီဓာတ်ပါးအပြားသုံးဆယ်တို့ကိုလည်း မဖြည့်ကျင့်၊ စွန့်ခြင်းကြီးငါးပါးကိုလည်း မဖြည့်၊ စရိယာသုံးပါးကိုလည်း မကျင့်။ ငါသည်သာ ထိုအရာအားလုံးတို့ကို ဖြည့်ကျင့်ခဲ့သူ ဖြစ်၍ ဤပလ္လင်သည် သင့် ပလ္လင်မဟုတ်၊ ငါ့ပလ္လင်သာဖြစ်သည်" ဟု မိန့်.ဆိုသည်။

ထိုစကားကို ကြားလျှင် မာရ်နတ်သည် ဒေါသကို မချုပ်ဘည်းနိုင်ဘဲ ဘုရားအလောင်းတော်ကို စက်လက်နက်ဖြင့် ပစ်ခင်သည်။ မာရ်စစ်သည် တို့ကလည်း မိမိတို့ဆိုင်ရာ လက်နက်များဖြင့် ပစ်ခတ်ကြသည်။ ဘုရားအလောင်း တော်ကား ဖြည့်ကျင့်တော်မူခဲ့သော ပါရမီတော်တို့ကိုသာ ဆင်ခြင်တော်မူနေ၏။ ထိုပါရမီ စွမ်းရည်တန်ခိုးကြောင့် မာရ်စစ်သည်တို့ ပစ်ခတ်သမျှ လက်နက်များ အချည်းနှီးဖြစ်သွားသည်။ နောက်ဆုံးတွင် ဘုရားအလောင်းတော်က "ဤပလ္လင်သည် သင်ပြုခဲ့သော ဒါနကြောင့် ဖြစ်ပေါ်လာသော ပလ္လင်မဟုတ်၊ သင့်ဒါနကြောင့် ပေါ်ပေါက်လာသောပလ္လင်ဖြစ်မကြောင်း သင့်မှာ ပြဿစရာ သက်သေမရှိ"ဟု မာရ်နတ်အား မိန့်ဆိုသည်။ မာရ်နတ်က သူ၏စစ်သည် များအား သက်သေညွှန်ပြရာ စစ်သည်များက မာရ်နတ်၏ ပလ္လင်ဖြစ်ကြောင်း သက်သေခံကြသည်။ ထိုအခါ ဘုရားအလောင်းတော်က သင်္ဃန်းအကြားမှ လက်ယာလက်ကို ထုတ်ဆောင်ကာ မဟာပထဝီမြေကြီးအား လက်ညှိုးညွှန်ပြီး–

"ဤပလ္လင်သည် ငါပြုခဲ့သော ပါရမီကြောင့် ပေါ်ပေါက်ငာသော ပလ္လင်ဖြစ်သည်။ အခြားသော ဘဝများစွာက ပြုခဲ့သော ပါရမီများကို ထားဘိဦး၊ ဝေဿန္တရာမင်းဘဝက ခုနစ်ကြိမ်တိုင်တိုင် အလှူကြီး ပေးလှူစဉ် မဟာပထဝီမြေကြီးသည် ခုနစ်ကြိပ်တိုင်အောင် လှုပ်ခဲ့ဖူးလေပြီ၊ ဤမဟာပထဝီမြေကြီးသည် ငါ၏ သက်သေဖြစ်ပေ၏" ဟု –

မဟာပထဝီမြေကြီးကို သက်သေထူသည်။ မဟာပထဝီမြေကြီးသည် ဘုရားအလောင်းတော်၏ ပါရမီစွမ်းအားကို သက်သေခံသောအားဖြင့် ပြင်းထန်စွာ လှုပ်ခါမြည်ဟီးလေ၏။ မာရ်နတ်နှင့်စစ်သည်များသည်လည်း ကြောက်ရွံ့ထိတ်လန့်ကာ ခြေဦးတည့်ရာသို့ ထွက်ပြေးကြလေတော့သည်။

ထိုသို့ ဘုရားအလောင်းတော်က မာရ်စစ်တပ်ကို အပြီးသတ် အောင်မြင်လိုက်သောအခါ နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာ ပရိသတ်တို့က "မာရ်နတ်မင်း စစ်ရှုံးပြီ၊ ဘုရားအလောင်းတော်သိဒ္ဓတ္ထ အောင်ခြင်းကြီး အောင်လေပြီ"ဟု အသီးသီးကြွေးကြော်ကာ ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီး အောင်ပွဲသဘင်ကို ဆင်ယင်ကြလေသည်။

၂။ သစ္စကပရိဗ္ဗိုဇ်ကို အောင်တော်မူခြင်း

သစ္စကပရိဗ္ဗိုဇ်သည် နိဂဏ္ဌတက္ကတွန်းမိဘနှစ်ပါး၏သား ဖြစ်သည်။ အဘဲကက်မှ ဝါဒငါးရာ၊ အမိဘက်မှ ဝါဒငါးရာ သင်ယူတတ်မြောက်ခဲ့၏။ ဝေသာလီပြည် လိစ္ဆဝီမင်းကို၏ ဆရာဖြစ်သည်။ အယူဝါဒရေးရာ စကားပြိုင်ဆိုင်ပြောဆိုလေ့ရှိပြီး "ငါပညာရှိ"ဟုလည်း ကြွေးကြော်လေ့ရှိသည်။ သူကသာပြစ်တင်ပြောဆိုလိုက်လျှင် မတုန်လှုပ် မယိမ်းယိုင်သူမရှိ၊ ဘုရားဟု ဝန်ခံသူတို့ပင် အကြံအိုက်ကာ ချွေးပြိုက်ပြိုက်ကျရမည်၊ စိတ်မရှိသော တုံးတိုင်တို့ပင် ယိမ်းယိုင်သွားနိုင်သည်ဟု ပြောဆိုလေ့ရှိသည်။

သူသည် မြတ်စွာဘုရား၏တပည့်အရှင်အသဇိထံမှ မြတ်စွာဘုရား၏ အစိုးမရခြင်းဟူသော အနတ္တဝါဒကို စုံစမ်းသိရှိခဲ့ပြီးနောက် မြတ်စွာဘုရားနှင့် ဝါဒပြိုင်ရန် သူ၏နောက်လိုက်တပည့် လိစ္ဆဝီမင်းသားငါးရာတို့အား လွှတ်တော်၌ ညီလာခံ ကျင်းပခိုက်မှာပင် သွားပြောသည်–

"မင်းသားတို့–လာကြလော့၊ ယနေ့ ငါသည် ရဟန်းဂေါတမနှင့် ဝါဒပြိုင်ဆိုင်ပြောဆိုမည်၊ အားကောင်းသော ယောကျ်ားသည် သိုးငယ်တစ်ကောင်ကို အမွေးကိုင်ပြီး ဆွဲယမ်းတွန်းထိုးပစ်သကဲ့သို့ ငါသည်လည်း အယူဝါဒနှင့်စပ်၍ ရဟန်းဂေါတမကို ယနေ့ ဆွဲယမ်းတွန်းထိုးပြမည်၊ မင်းသားတို့....အမြန်လာကြလော့"ဟု

ပြောဆိုလေ၏။

သစ္စကပရိဗ္ဗိုဇ်သည် လိစ္ဆဝီပရိသတ်ကို ခေါ်ဆောင်ပြီး မြတ်စွာဘုရား သီတင်းသုံးရာ မဟာဝုန်တောအတွင်းရှိ ကူဋာဂါရ(ပြာသာဒ်ကျောင်း)သို့ သွားလေ၏။ မြတ်စွာဘုရားရှေ့၌ အသီးသီးနေရာယူ၊ နှုတ်ခွန်းဆက်ကြပြီးနောက် သစ္စက ပရိဗ္ဗိုဇ်က ဝါဒပြိုင်ဆိုင်ပြောဆိုခွင့်ပြုရန် ခွင့်ပန်လိုက်သည်။ ခွင့်ပြုချက်ရလျှင် –

"အရှင်ဂေါတမသည် တပည့်တို့ကို အဘယ်သို့ ဟောပြောလေ့ရှိပါသနည်း" ဟု မေးမြန်း၍ ဝါဒပြိုင်ပွဲကို စတင်လေသည်။ မြတ်စွာဘုရားက–

"သစ္စက .... ငါသည် တပည့်တို့ကို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် အမြဲမရှိ၊ အစိုးမရ အနတ္တသာ ဖြစ်သည်ဟု ပြောလေ့ရှိသည်"ဟု

မိန့်တော်မူသည်။ ထိုအခါ သစ္စကပရိဗ္ဗိုဇ်က –

"အရှင်ဂေါတမ....မျိုးစေ့နှင့်အပင် အားလုံးသည် မြေကြီးကို တည်မှီ၍ ကြီးပွားစည်ပင်ရ၏။ ထို့ပြင် မည်သည့်အမှုကိစ္စတို့ကိုမဆို ဤမြေကြီး၌ တည်မှီ၍ ပြုလုပ်ရ၏။ ဤအတူပင် ကောင်းမှုမကောင်းမှုမှန်သမျှ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တည်းဟူသော အတ္တ၌သာ တည်မှီ၍ ဖြစ်ပွားကြရသည်"ဟု -

ပြောဆိုလေသည်။

ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့သည် မည်သည်အခါမျှ မပျက်စီးသော အမာခံအတ္တဖြစ်ကြောင်း ပြောဆို၍ မြတ်စွာဘုရား၏ အနတ္တဝါဒကို ဆန့်ကျင် ပြောဆိုလိုက်ခြင်းဖြစ်သည်။ ထိုအခါ မြတ်စွာဘုရားက -

"ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ကို အတ္တဟု သင်ဆိုသလော"ဟု မေးတော်မူ၏။ သစ္စကပရိဗိုဇ်က-

"ဟုတ်ပါသည်၊ အတ္တဟု ကျွန်ုပ်ဆိုပါသည်။ ကျွန်ုပ်သာမဟုတ်၊ ဤလူအများလည်း ဤသို့ပင် ဆိုကြပါသည်"ဟု

(ပရိသတ်ကိုပါ သူနှင့် ဝါဒတူအဖြစ် သူ့ဘက်ဆွဲသွင်း၍) ပြောဆို လေသည်။ မြတ်စွာဘုရားက-

"ဤလူအပေါင်း၏ အယူဝါဒကို ထား၍ သင့်အယူဝါဒကိုသာ ဖြေဆိုလော့"ဟု

မိန့်တော်မူရာ သစ္စက-က ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ကို အတ္တဟု ယူဆကြောင်း ထပ်မံ၍ ဝန်ခံပြောဆိုသည်။

"သစ္စက-ထိုသို့ဖြစ်လျှင် သင့်အား ငါမေးဦးမည်၊ ကောသလမင်း အဇာတသတ်မင်းတို့သည် သူတို့ပိုင်ဆိုင်သော နိုင်ငံအတွင်းမှာ တစုံတယောက်ကို သတ်ဖြတ်ခြင်း၊ ဥစ္စာပစ္စည်း သိမ်းယူခြင်းနှင့် တိုင်းပြည်မှ နှင်ထုတ်ခြင်းအမှုတို့ကို ပြုလုပ်ရန် အာဏာရှိသလော"ဟု မြတ်စွာဘုရားက မေးတော်မူ၏။

လိုသလိုပြုလုပ်ရန် အာဏာရှိကြောင်း ဝန်ခံလျှင် မြတ်စွာဘုရားက-

"သစ္စက- သင်က သင်၏ရုပ်ကို အစိုးရသည်၊ ပိုင်ဆိုင်သည်၊ အတ္တဖြစ်သည်ဟု သင်ယူဆ ပြောဆိုလျှင် သင့်ရုပ်ကို ဤသို့ဖြစ်စေ၊

ဤသို့ မဖြစ်စေနှင့် ဟု သင်အာဏာထားနိုင်သလော"ဟု မေးတော်မူလိုက်သည်။

သစ္စကပရိဗိုဇ်သည် သူ့အခက်အခဲကို သူသိလိုက်၏၊ မိမိရပ်ကို မိမိအစိုးရသည်၊ မိမိသဘောကျ အာဏာထားနိုင်သည်ဟု ဖြေဆိုလိုက်လျှင် လိစ္ဆဝီမင်းသားတို့က– 'ဆရာ့ရပ်ကို ကျွန်ုပ်တို့ကဲ့သို့ လှပအောင် လုပ်ပြပါ'ဟု ဆို၍ လုပ်မပြနိုင်ခဲ့သော် အနတ္တဝါဒကို ထောက်ခံရာရောက်ပေတော့မည်ဟု စဉ်းစားကာ အဖြေမပေးဘဲ ဆိတ်ဆိတ်နေလေ၏။ မြတ်စွာဘုရားက ဖြေဆိုရန် ဒုတိယအကြိမ် တိုက်တွန်းသည်၊ သူကား ဆိတ်ဆိတ်နေမြဲနေ၏။

"သစ္စက....ယခုပင် ဖြေကြားလော့၊ သင် ဆိတ်ဆိတ်နေရမည့် အခါမဟုတ်၊ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် မေးပါလျက် မဖြေဆိုဘဲ နေခဲ့လျှင် ထိုသူ၏ ဦးခေါင်းသည် ဤနေရာ၌ပင် ခုနစ်စိတ် ကွဲလိမ့်မည်"ဟု –

မဟာကရုဏာဖြင့် မိန့်တော်မူလေသည်။

နောက်ဆုံးတွင် သစ္စကပရိဗိုဇ်သည် မဖြေဆိုဘဲ မနေရဲတော့ဘဲ –

"အရှင်ဂေါတမ ---- ကျွန်ုပ်၏ ရုပ်ကို ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်စေနှင့်ဟု ကျွန်ုပ်အာဏာမထားနိုင်ပါ"ဟု–

ဖြေဆိုလေသည်။

ထို့နောက် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်း အစိုးမရသော အနတ္တတရားသာလျှင်ဖြစ်ကြောင်း ဝန်ခံလျှောက်ထားရ လေတော့သည်။

၃။ စိဉ္စမာဏဝိကာကို အောင်တော်မူခြင်း

စိဉ္စမာဏဝိကာကား သာဝတ္ထိပြည်၌နေသူ တိတ္ထိတို့၏ တပည့်မတစ်ဦး ဖြစ်၏၊ အသားအရေ ဝါဝင်းလှပ၍ ကျက်သရေရှိသော မိန်းမပျိုတစ်ဦး ဖြစ်သည်။

မြတ်စွာဘုရား ပွင့်တော်မူလာသောအခါ တိတ္ထိတို့သည် နေ၏ အလင်းရောင်အောက်ရှိ ပိုးစုန်းကြူးပမာ တန်ခိုးအရှိန်အဝါလျော့ပါးပြီး

လာဘ်လာဘ ဆုတ်ယုတ်လာကြသဖြင့် မြတ်စွာဘုရား၏ မကောင်းသတင်းထွက်ပေါ်ပြီး လာဘ်လာဘဆုတ်ယုတ်အောင် ကြံဆောင်ကြသည်။ ထိုသို့ ပြုလုပ်ရန် စိဉ္ဆမာဏဝိကာကို အသုံးချကြ၏။

စိဉ္ဆမာဏဝိကာကား ချောမော လှပရုံသာမက ပရိယာယ်မာယာကြွယ်ဝသူလည်း ဖြစ်၏။ ညနေချမ်းအချိန် လူအများ တရားနာပြီး ဇေတဝန်ကျောင်းတော်မှ ပြန်ကြသောအခါ စိဉ္ဆမာဏဝိကာကား ပန်းနုသာတို့ကို ကိုင်စွဲလျက် ဇေဟဝန်ကျောင်းတော်သို့ သွားလေ့ရှိသည်။

လူအများက မေးလျှင်လည်း-

"ကျွန်မ သွားသည့်နေရာကို သိရလို့ ရှင်တို့အတွက် ဘာအကျိုးရှိမှာလဲ" ဟု လူအများ သံသယပွားလောက်အောင် ပရိယာယ်သုံး၍ ဖြေလေသည်။

စိဉ္ဆမာဏဝိကာသည် ဇေတဝန်ကျောင်းတော်သို့ သွားဟန်ပြုပြီး ကျောင်းတော်အနီးရှိ တိတ္ထိတို့ကျောင်းတွင် ညအိပ်လေသည် သာဝတ္ထိမြို့သားအချို့သည် မြတ်စွာဘုရားကို အဦးဆုံး ဖူးတွေ့လိုသဖြင့် နံနက်စောစောထ၍ ဇေတဝန်ကျောင်းတော်သို့ သွားကြသောအခါ စိဉ္ဆမာဏဝိကာသည် ဇေတဝန်ကျောင်းမတော်၌ ညအိပ်ပြီး ပြန်လာလေဟန် မြို့တွင်းသို့ နံနက်စောစော ဝင်လာလေ့ရှိသည်။

'ဘယ်က ပြန်လာခဲ့သလဲ'ဟု လူအများကမေးလျှင် 'ကျွန်မ ပြန်လာခဲ့တဲ့နေရာကို သိလို့ကော ရှင်တို့ ဘာအကျိုးရှိမှာလဲ'ဟုသာ ဖြေလေသည်။

စိဉ္ဆမာဏဝိကာသည် ထိုသို့ ပရိယာယ်မာယာသုံးပြီး နေလာခဲ့ရာ တစ်လကျော်ကျော် ကြာသောအခါ-

"ဇေတဝန်ကျောင်းတော်က ဂန္ဓကုဋီတိုက်တွင်းမှာ ရဟန်းဂေါတမနှင့် အတူ ညအိပ်ပြီးပြန်လာသည်"ဟုပင် ဖြေဆိုလေသည်။ သုံးလေးလခန့် ကြာသောအခါ အဝတ်ကြမ်းတို့ဖြင့် ဝမ်းဗိုက်ကိုရစ်ဖွဲ့ကာ ရဟန်းဂေါတမနှင့် ပေါင်းသင်း၍ ကျွန်မမှာ ကိုယ်ဝန်ရခဲ့ပါပြီ"ဟု ဉာဏ်ပညာမဲ့သူတို့အား ပြောကြားသည်။ ရှစ်လကိုးလကြာသောအခါ၌ကား ကိုယ်ဝန်တုပြုလုပ်ထားသော သစ်သားကို ဝမ်းဗိုက်မှာဖွဲ့ချည်၍ အနီရောင်အဝတ်အထည်များကို ဝတ်ဆင်

ထား၊သည်။ ခြေဖမိုး၊တို့ကို နွား၊မေး၊ရိုး၊တို့ဖြင့် ယောင်ယမ်း၊အောင်ထုရိုက်၍ ကိုယ်ဝန်ရင့်မာဟန် ပြုလုပ်သည်။

တစ်နေ့သောအခါ စိဉ္ဆမာဏဝိကာသည် မြတ်စွာဘုရား တရား ဟောတော်မူနေစဉ် ပလ္လင်တော်ရှေ့မှာရပ်ပြီး ပရိသတ်အများ၊ရှေ့တွင် မြတ်စွာဘုရားကို စွပ်စွဲပြောဆိုလေတော့သည်။

"ရဟန်း၊ကြီး .... သင်ကား လူအများကို တရား၊ချည်း၊ဟောနေ၏၊ ကျွန်မမှာ သင်ရဟန်း၊ကြီး၊နှင့် ရသော ကိုယ်ဝန် ရင့်မာနေပြီ၊ သင်ရဟန်း၊ကြီး၊သည် ဆေး၊ဝါး၊မာတ်စာတို့ကိုလည်း မသိ။ ကိုယ်ဝန်ကို စောင့်ရှောက်ရန် ကိုယ်တိုင်လည်း ကြောင့်ကြမစိုက်၊ ကောသလမင်း၊ ဝိသာခါတို့ကိုလည်း တာဝန်မပေး၊ သင်ရဟန်း၊ကြီး၊သည် ပျော်ပါး၊ရန်သာ သိပြီး တာဝန်ယူ စောင့်ရှောက်ရန် ဘာမျှ မသိပါချေတကား၊"စသည်ဖြင့် စွပ်စွဲ ပြောဆိုလေ၏။

ထိုအခါ မြတ်စွာဘုရား၊သည် ဟော်ကြား၊ဆဲတရား၊တော်ကို ရပ်နား၍ ခြသေ့်မင်း၊ကဲ့သို့ ရဲရင့်သောစကား၊ကို ဆိုတော်မူသည်။

"ဟယ် စိဉ္ဆမာဏဝိကာ....သင်၏စကား၊ မှန်, မမှန် သင်နှင့် ငါသာ အသိဆုံး၊ဖြစ်သည်"ဟု မိန့်တော်မူရာ –

"မှန်ပါသည် ရဟန်း၊ကြီး .... သင်နှင့်ငါသာ သိကြ၍ပင် ယခုလို ကိုယ်ဝန် အရင့်အမာ ဖြစ်လာရပေသည်"ဟု–

စိဉ္ဆမာဏဝိကာ က ရပ်လျက်ပင် တုံ့ပြန် ပြောဆိုလိုက်သည်။

ထိုအခိုက် မြတ်စွာဘုရား၊ရှင်၏ ပါရမီတန်ခိုး၊တော်ကြောင့် ရုတ်တရက် တိုက်ခတ်လိုက်သော လေအဟုန်ဖြင့် စိဉ္ဆမာဏဝိကာ၏ အပေါ်ရုံအဝတ်ထည်မှာ အထက်သို့ ဆွဲလှန်လိုက်သကဲ့သို့ လွင့်တက်သွား၏။ ဝမ်း၌ ရစ်ဖွဲ့ချည်ထား၊သော ကိုယ်ဝန်တု သစ်သား၊ကြီး၊သည်လည်း စိဉ္ဆမာဏဝိကာ၏ ခြေဖမိုး၊နှစ်ဘက်ပေါ်သို့ ပြုတ်ကျကာ ခြေဖျား၊များ၊ပင် ပြတ်ကြွေသွား၏။

တရား၊နာပရိသတ်များ ချက်ချင်း၊ပင် အဖြစ်မှန်ကို သိရှိကြပြီး –

"ဟယ် အယုတ်မ....သင်ကား မြတ်စွာဘုရား၊ကိုပင် စွပ်စွဲ ဆဲရေး၊ဘိ၏"ဟု –

စိဉ္ဆမာဏဝိကာကို ပြောဆို၊ကြိမ်း၊မောင်း၊ကာ ရိုက်ပုတ်၍ ကျောင်း၊တော်မှ နှင်ထုတ်လိုက်ကြသည်။

စိဉ္ဆမာဏဝိကာသည် မြတ်စွာဘုရား မြင်လောက်ရာအရပ်ကို ကျော်လွှန်လေလျှင် မြေမျိုး၍ မဟာအဝီစိငရဲသို့ ကျရောက်ရလေတော့၏။

၄။ အာဠဝကဘီလူးကြီးကို အောင်တော်မူခြင်း

အာဠဝကဘီလူးကြီးသည် အာဠဝီပြည်အနီး ညောင်ပင်ကြီးတစ်ပင်ရှိဗိမာန်၌ နေ၏။ ဘွဲ့ဖြူလက်နက်ကို ပိုင်ဆိုင်၏။ ဒေါသ မာန ကြီး၍ အလွန်ရက်စက်ကြမ်းကြုတ်၏။ ရသေ့ ရဟန်းတို့ကိုလည်း မလေးစား၊ မိဘတို့ကိုလည်း ရှိမခိုး၊ သူသည် နေမွန်းတည့်ချိန် ညောင်ပင်ရိပ်ကျရာ အရပ် အတွင်းသို့ ခိုဝင်လာသူတို့အား သတ်ဖြတ်စားသောက်ခွင့်ကို ဝေဿဝဏ် နတ်မင်းကြီးထံမှ ရရှိထား၏။

အာဠဝီမင်းကြီးသည် သမင်လိုက်ရာမှ အဖော်ကွဲပြီး တစ်ဦးတည်း ပြန်လာစဉ် ထိုညောင်ပင်ရိပ်တွင် နားခိုမိသဖြင့် ဘီလူးကြီးက စားမည်ပြုရာ- "ကျွန်ုပ်ကို စားလျှင် ယခုတစ်ကြိမ်သာ စားရမည်၊ ကျွန်ုပ်ကိုလွှတ်ပေးလျှင် လူတစ်ယောက်နှင့် ထမင်းတစ်အိုး နေ့စဉ်ပို့ပါမည်" ဟု ကတိစကားဆိုသဖြင့် ဘီလူးကြီးက လွှတ်လိုက်သည်။

နန်းတော်ရောက်လျှင် မင်းကြီးသည် မြို့ဝန်မင်းနှင့်တိုင်ပင်၍ ထောင်တွင်းရှိ သေဒဏ်ချထားသောသူတို့ကို ဘီလူးကြီးထံသို့ နေ့စဉ်ပို့စေသည်။ ထောင်အကျဉ်းသားများကုန်သောအခါ ရွှေ ငွေ ဥစ္စာများကို လမ်းမှာချထား၍ ကောက်ယူသူတို့ကို ဖမ်းဆီးပြီး ဘီလူးကြီးထံသို့ ပို့စေပြန်သည်။ နောက်ပိုင်းတွင် ရွှေ ငွေ ဥစ္စာများကို လမ်းမှာတွေ့သော်လည်း ကောက်ဝံ့သူ မရှိတော့ချေ။ ထိုအခါ အမတ်ကြီးများနှင့် တိုင်ပင်၍ ပုခက်တွင်းအရွယ်ကလေးငယ်များကို ပို့စေပြန်၏။ ထိုအခါ ကိုယ်ဝန်ဆောင်မိခင်များသည် အခြားတိုင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ကာ ကလေးများ ကြီးပြင်းမှ အာဠဝီပြည်သို့ ပြန်လာကြသည်။ ဤသို့ တစ်နေ့လူတစ်ယောက် ဘီလူးမင်းထံပို့ခဲ့ရာ တစ်ဆယ့်နှစ်နှစ်ကြာလေ၏။ နောက်ဆုံး ဘီလူးစာပို့ရန် တစ်မြို့လုံး ရှာဖွေသော်လည်း ကလေးငယ်ကို မရနိုင်ဘဲရှိစဉ် မင်းကြီးသည် မိမိ၏သားရင်းဖြစ်သော

အာဠဝက မင်းသားကလေးကို မိဖုရားကြီးနှင့် အထိန်းတော်များ ငိုကြွေးနေသည့် ကြားကပင် ဇွတ်အတင်းလုယူစေကာ နောက်တစ်ရက်စာအတွက် ဘီလူးကြီးထံ ပေးပို့ရန် အမိန့်ချထားသည်။

ထိုနေ့ညနေချမ်းတွင် မြတ်စွာဘုရားသည် ဘီလူးကြီးကို ဆုံးမကယ်ချွတ်ရန် တစ်ပါးတည်းကြွတော်မူလာပြီး ဘီလူးကြီး၏ ဗိမာန်ရှိ ပလ္လင်ထက်၌ နေတော်မူသည်။ ထိုအချိန်ကား ဘီလူးကြီးသည် ဟိမဝန္တာ၌ နတ်ဘီလူးတို့၏ အစည်းအဝေးသို့ သွားရောက်နေခိုက်ဖြစ်၏။ တံခါးစောင့် ဂဠြဘဘီလူးက မြတ်စွာဘုရားရောက်နေကြောင်း ဘီလူးကြီးထံသွားရောက် သတင်းပို့သည်။ ဟေမဝတနှင့် သာတာဂိရိနတ်ဘီလူးတို့လည်း ထိုအစည်းအဝေးသို့ သွားစဉ် အာဠဝကဘီလူးကြီး၏ဗိမာန်၌ အခြွေအရံဘီလူးမများအား တရားဟောနေသော မြတ်စွာဘုရားကို ဖူးမြင်ခဲ့ရပြီး အစည်းအဝေးရောက်လျှင် အာဠဝကဘီလူးကြီးအား "သင့်ဗိမာန်၌ မြတ်စွာဘုရားရောက်နေသည်၊ သွားရောက်ဖူးမြော်ချေ" ဟု ပြောဆိုကြသည်။

အာဠဝကဘီလူးကြီးသည် ထိုစကားကို ကြားသည်နှင့်တပြိုင်နက် ဒေါသအမျက် ခြောင်းခြောင်းထွက်လေ၏။ "ဂေါတမရဟန်းကြီးနှင့် ငါ မည်သူကတန်ခိုးကြီးသနည်း၊ ကြည့်ကြလော့" ဟု ပြောဆိုကွက်လာပြီး ယူဇနာခြောက်ဆယ်ရှိ ကေလာသတောင်ကို လက်ယာခြေဖြင့် ဆောင့်နင်းရာ ကျောက်လွှာ ကျောက်ချပ်များ အလွှာလွှာ ကွာကျ၏။ ထို့နောက် ကေလာသတောင်ထိပ်မှာ ရပ်လျက် **"အာဠဝကတဲ့ ဟော"** ဟု ကြွေးကြော်ဟစ်အော်လိုက်သော အသံကြီးမှာ ကြောက်မက်ဖွယ် တုန်ဟည်းသွားလေသည်။

ဘီလူးကြီးသည် သူ၏ဗိမာန်သို့ရောက်သောအခါ မြတ်စွာဘုရားထံ သူ၏ယက္ခမယ်များ ဝန်းရံလျက်ရှိသည်ကို မြင်တွေ့ရလျှင် ပို၍ ဒေါသထွက် သွားသည်။ မြတ်စွာဘုရားကို သေကျေပျက်စီးစေရန် ပြင်းထန်သော လေမုန်တိုင်းကြီးကို လွှတ်၏။ သို့သော် လေမုန်တိုင်းသည် မြတ်စွာဘုရားကို မည်သို့မျှ မထိခိုက်စေနိုင်။ ရေတွင်နစ်မွန်းသေစေရန် မိုးကြီးသည်းထန်စွာ ရွာသွန်းချပြန်၏။ ထိုမိုးကြီးသည်လည်း အချည်းနှီးပင်။ ထို့ပြင် ကျောက်တုံးမိုး၊ ဓား လုံ လက်နက်မိုး၊ မီးကျီးခဲမိုး၊ ပြာပူမိုး၊ သဲမိုး၊ ရွံ့ညွန်မိုးတို့ကိုလည်း (ဗောဓိမဏ္ဍိုင်မှာ မာရ်နတ်မင်းတိုက်ခိုက်သည့်နည်းတူ) တစ်ခုပြီး တစ်ခု

ရွာသွန်းကြဲချပြန်ဃည်။ မရချေ။ နောက်ဆုံး ကြောက်ရွံ့အားငယ်စေရန် အမှောင်ထုကြီးချလိုက်သော်လည်း ဘီလူးကြီး၏ တိုက်ခိုက်မှုများအားလုံး မြတ်စွာဘုရားကို ထိခိုက်နစ်နာအောင်လည်း မစွမ်းဆောင်နိုင်၊ ကြောက်လန့်ထွက်ပြေးအောင်လည်း မပြုလုပ်နိုင်ချေ။

ထိုအခါ အာဠဝကဘီလူးကြီးသည် လက်နက်မျိုးစုံ စွဲကိုင်ထားသော နတ်ဘီလူးစစ်တပ်ကြီးကို ဦးဆောင်ပြီး ဘုရားရှင်အား အနီးကပ် ထိုးနှက်ခုတ်သတ်ရန် ကြောက်မက်ဖွယ် အဆင်းအသဲအမိုက်မိုက်ဖြင့် ဟစ်အော်ချီတက်လာလေသည်။ ရဲရဲပူသောသံတွေခဲ၌ ယင်ကောင်များ မနားဝံ့သကဲ့သို့ နတ်ဘီလူးစစ်တပ်ကြီးသည် မြတ်စွာဘုရားအနီးသို့ပင် မချဉ်းကပ်ရဲချေ။

မြတ်စွာဘုရားနှင့် ဘီလူးကြီးတို့၏ ရန်စစ်ပွဲကို ကြည့်ရှုရန် မရေမတွက်နိုင်သော နတ်များလည်း ကောင်းကင်မလပ် ပြည့်ကျပ်နေတော့၏။

အာဠဝကဘီလူးကြီးသည် သန်းခေါင်ကျော်သည်တိုင်အောင် နည်းမျိုးစုံဖြင့် အဆက်မပြတ် တိုက်ခိုက်သော်လည်း မအောင်မြင်နိုင်သဖြင့် နောက်ဆုံးဘွဲ့ဖြူ လက်နက်(အဝတ်ပုဆိုးလက်နက်)ဖြင့် ပစ်ခတ်ရန် ဆုံးဖြတ် လိုက်သည်။ ထိုလက်နက်သည် ကောင်းကင်သို့ ပစ်လွှတ်လျှင် တစ်ဆယ့်နှစ်နှစ်မိုးခေါင် စေနိုင်၏။ မြေပြင်သို့ပစ်လွှတ်လျှင် သစ်ပင်များ ခြောက်သွေ့ပြီး တစ်ဆယ့်နှစ်နှစ် အတွင်း တစ်ဖန်ပြန်လည်မပေါက်နိုင်။ သမုဒ္ဒရာတွင်းသို့ ပစ်ခတ်ပါက သမုဒ္ဒရာရေများ ခန်းခြောက်ပြီး မြင်းမိုရ်တောင်လောက်ရှိ တောင်မျိုးကို ပစ်ခတ်ပါလျှင်လည်း အပိုင်းပိုင်း ပြတ်ကြွေကျသွားနိုင်လေသည်။

ထိုဘွဲဖြူလက်နက်ကို ပစ်ခတ်လိုက်သောအခါ ကောင်းကင်၌ မိုးထစ်ချုန်းသကဲ့သို့ မြည်ဟည်းပြီး အခိုးတလူလူ အလျှံတပြောင်ပြောင် တောက်လောင်လွင့်ပျံကာ မြတ်စွာဘုရားထံသို့ ဦးတည်သွားသည်၊ မြတ်စွာဘုရားအနီးသို့ ရောက်သည်နှင့် စွမ်းရည်ကင်းမဲ့သော ခြေသုတ်အဝတ်အဖြစ် ပြောင်းလဲသွားလေသည်။ ဘီလူးကြီးသည် အစွမ်းအထက်ဆုံး လက်နက်ဖြင့် ပစ်ခတ်သော်လည်း မအောင်မြင်နိုင်သဖြင့် မိုင်တွေချကာ ခေတ္တမျှ စဉ်းစားနေ၏။ မြတ်စွာဘုရားအား တိုက်ခိုက်မရနိုင်သည်မှာ မေတ္တာစိတ်ထားကြောင့်ဖြစ်သည်ဟု စဉ်းစားမိသည်နှင့် မြတ်စွာဘုရားအား မေတ္တာပျက်အောင် ပြုလုပ်ရန် ဆုံးဖြတ်လိုက်၏။

"အို ရဟန်းဂေါတမ....အဘယ်ကြောင့် ကျွန်ုပ်ခွင့်မပြုဘဲ ဗိမာန်အတွင်းသို့ ကျူးကျော်ဝင်ရောက်နေဘိသနည်း၊ ဗိမာန်တွင်းမှ ယခု ထွက်လော့"ဟုဆိုသည်။

မြတ်စွာဘုရားက ကြမ်းတမ်းသူကို အကြမ်းနည်းဖြင့် တုံ့ပြန်၍ အောင်နိုင်ရိုးမရှိသည်ကို သိတော်မူသဖြင့် "ကောင်းပါပြီ"ဟုဆိုကာ ဗိမာန်မှ ထွက်တော်မူသည်။

"ပြောရ ဆိုရ လွယ်ဂူသော ရဟန်းဂေါတမကို စစ်ထိုးမိလေပြီ"ဟု အာဠဝကဘီလူးကြီး စိတ်ဓာတ်သိမ်မွေ့လာသည်။ သို့သော် 'ရဟန်းဂေါတမသည် သဘောထား နူးညံ့၍ ဗိမာန်မှထွက်သလော၊ အမျက်ဒေါသကြောင့် ထွက်သလော'ဟု စုံစမ်းလို၍ "ရဟန်းဂေါတမ- ဗိမာန်တွင်းသို့ ဝင်ဦးလော့"ဟု ဆိုပြန်သည်။

မြဟ်စွာဘုရားက "ကောင်းပါပြီ"ဟု ဆို၍ ပြန်ဝင်သည်။ အာဠဝက ဘီလူးခိုင်းစေတိုင်း သုံးကြိမ်တိုင်တိုင်ပင် ထွက်တော်ဝင်တော်မူ၏။ ဘီလူးကြီးသည် 'မြတ်စွာဘုရားအား ထိုသို့ထွက်ဝင်ခိုင်း၍ တစ်ညလုံး ပင်ပန်းအောင်လုပ်ပြီးမှ ခြေထောက်နှစ်ချောင်း ဆွဲကိုင်ပြီး ဂင်္ဂါမြစ် တစ်ဘက်ကမ်းသို့ ပစ်ရမူ ကောင်းလေစွ'ဟု ကြံစည်လျက် "ရဟန်းဂေါတမ ထွက်ဦးလော့"ဟု လေးကြိမ်မြောက် ခိုင်းစေသောအခါတွင်မူ ဘီလူးကြီး၏ စိတ်အကြံကို သိတော်မူသဖြင့် "သင်လုပ်လိုရာလုပ်တော့၊ ငါမထွက်"ဟု မိန့်တော်မူ၏။

ထိုအခါ ဘီလူးကြီးက 'ရဟန်းဂေါကမကို ပြဿနာမေး၍ မဖြေနိုင်မှ ခြေထောက်ကိုဆွဲကိုင်ကာ ဂင်္ဂါမြစ်တစ်ဘက်ကမ်းသို့ ပစ်မည်'ဟု ကြံစည်ပြန်သည်။

အာဠဝကဘီလူးကြီး၏ မိဘတို့သည် ကဿပမြတ်စွာဘုရားထံမှ တရားဓမ္မနှင့်စပ်သော အမေးအဖြေများကို သင်ယူခဲ့ပြီး အာဠဝကဘီလူးအား သင်ကြားပေးထားခဲ့ကြဖူးသည်။ ဘီလူးကြီးသည် ကာလကြာသောအခါ အဖြေကို မမှတ်မိတော့ချေ။ အမေးပုစ္ဆာများကိုမူ မေ့ပျောက်မည်စိုး၍ ရေးမှတ်ထားစေခဲ့သည်။ ထိုအမေးပုစ္ဆာများကား ဘုရားရှင်တို့သာ ဖြေနိုင်သော အမေးပုစ္ဆာများ ဖြစ်၏။ ဘီလူးကြီးသည် မိမိဗိုမာန်ကို စုံစမ်းကြည့်ရှုရန်

ရောက်လာသော အခြားရသေ့ရဟန်းများအားလည်း ထိုအမေးပုစ္ဆာများကိုမေး၍ မဖြေနိုင်လျှင် ခြေထောက်ကို ဆွဲကိုင်ပြီး ဂင်္ဂါမြစ်တစ်ဘက်သို့ ပစ်ခဲ့ပုံးလှပြီ။ ယခုလည်း မြတ်စွာဘုရားအား ထိုအမေးပုစ္ဆာပြဿနာ မေးမည်ဟု တောင်းဆိုလာသည်ကို မြတ်စွာဘုရားက မေးခွင့်ပြုတော်မူလိုက်ပါ့သည်။

"အို ရဟန်းကြီးဂေါတမ လောကဌ် မြတ်သောဥစ္စာကား အဘယ်နည်း၊ အဘယ်အရာကို ကောင်းစွာကျင့်လျှင် ချမ်းသာစေနိုင်သနည်း၊ အဘယ်အရာသည် အကောင်းဆုံးဖြစ်သနည်း၊ အဘယ်အသက်မွေးခြင်းကို အမြတ်ဆုံးဟု ဆိုရသနည်း"။

အာဠဝကဘီလူးက ဤသို့ ပြဿနာကို မေးသည်။

"အာဠဝက .... လောကဌ် မြတ်သော ဥစ္စာကား (ရတနာသုံးပါးနှင့်ကဲ့ ကဲ့၏အကျိုးကိုယုံကြည်သော) သဒ္ဓါတရားတည်း။ ချမ်းသာစေနိုင်သော တရားကား ကုသလကမ္မပထတရားဆယ်ပါးတည်း။ မှသားမပါ မှန်ရာကို ပြောဆိုခြင်းသည် အကောင်းဆုံးအရသာတည်း။ ပစ္စုပ္ပန်သံသရာကို မြော်မြင်သော ပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံးတည်း"ဟု မြတ်စွာဘုရားက ချက်ချင်း ဖြေဆိုတော်မူလိုက်သည်။

မြတ်စွာဘုရားသည် ဘီလူးကြီးမေးသော အခြား မေးခွန်းများကိုလည်း ဆက်လက် ဖြေဆိုတော်မူလိုက်ရာ ဘီလူးကြီးသည် မြတ်စွာဘုရားရှင် မေတ္တာဖြင့် အမေးပုစ္ဆာများကို တစ်ခုပြီးတစ်ခု ဖြေဆိုဟောကြားသော တရားကို နာကြားရသောအခါ ဒေါသအမျက်ပြေကာ စိတ်နှလုံးနူးညံ့သိမ်မွေ့လာ၏။ နာရင်း နာရင်း အသိဉာဏ် အမြင်ရှင်းကာ သောတာပတ္တိမဂ်ဉာဏ် အလင်းကိုပင် ရရှိသွားခဲ့သည်။

မံနက်မိုးသောက်ချိန်တွင် တရားပွဲလည်းပြီးဆုံး၍ မင်းချင်းယောကျ်ားတို့လည်း အာဠဝိမင်းကြီး၏သားငယ် အာဠဝကကို ဘီလူးစာပို့ရန် ဆိုက်ရောက်လာကြလေသည်။ မြတ်စွာဘုရားရှေ့မှောက်၌ မင်းချင်းများက ပေးကမ်းသည့်ကျေးငယ်ကိုယူရန် ရက်နိုးသဖြင့် ဘုရားရှင်အား လှူလိုက်သည်။ ငှဲသူငယ် ကြီးပြင်းလာသောအခါ သင်္ဃတရားလေးပါးကို လက်သုံးပြု၍ သာသနာတော် ထွန်းကားပြန့်ပွားအောင် စည်းရုံးကာ ဟောပြောနိုင်သော 'ဟဋ္ဌာဠဝကသူကြွယ်'ဖြစ်လာခဲ့သည်။

ထိုမျှမက အာဠဝီတစ်ပြည်လုံး ထိတ်ရွံ့ကြောက်လန့်နေခဲ့ကြရသော အာဠဝီပြည်အနီး အာဠဝကဘီလူးကြီးရန်ကို အောင်မြင်တော်မူသောအခါ ဘီလူးကြီးသာမက အာဠဝီပြည်သူပြည်သား များနှင့် ရှစ်သောင်းလေးထောင်သော လူ နတ် ဗြဟ္မာတို့ပါ တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြလေသည်။

၅။ အင်္ဂုလိမာလကို အောင်တော်မူခြင်း

အင်္ဂုလိမာလကား သာဝတ္ထိပြည် ကောသလမင်းကြီး၏ ပုရောဟိတ်ဘဂ္ဂဝ ပုဏ္ဏားနှင့် မန္တာဏီပုဏ္ဏားမ၏ သားဖြစ်၏။ အင်္ဂုလိမာလကို မွေးဖွားသောညတွင် တစ်နိုင်ငံလုံးရှိ လက်နက်များ ထူးထူးခြားခြား အရောင်တောက်ပကြ၏။ ကောသလမင်းကြီး၏ အိပ်စက်ရာ ညောင်စောင်းရှိ လက်နက်လည်း အရောင် တောက်ပသဖြင့် မင်းကြီးကြောက်ရွံ့ပြီး စက်တော်မခေါ်နိုင်ချေ။

ဖခင်ပုရောဟိတ်ကြီးကား နက္ခတ်ကိုကြည့်ပြီး သူ၏သား ကြီးပြင်းသော အခါ လူဆိုးကြီးဖြစ်လိမ့်မည်ကို သိလေသည်။ နံနက်မိုးလင်း၍ မင်းကြီးထံ သွားရောက်စဉ် မင်းကြီးက ပုရောဟိတ်ကြီးအား လက်နက်အရောင် တောက်ပခြင်း၏ အကျိုးအပြစ်ကို မေးလျှင် ပုရောဟိတ်ကြီးက–

"အရှင်မင်းကြီးအတွက် စိုးရွံ့ဖွယ်မရှိပါ" ဤယနေ့ ကျွန်ုပ်အိမ်၌ သားယောကျ်ားဂလေး မွေးဖွား၍ လက်နက်များ အရောင် တောက်ခြင်း ဖြစ်ပါသည်၊ ဘိုကလေးငယ် ကြီးပြင်းသောအခါ လူဆိုးကြီးဖြစ်မည့် နိမိတ်ဖြစ်ပါသည်"ဟု လျှောက်တင်သည်။ မင်းကြီးက–

"တစ်ဦးတည်း ဆိုးမည်လော၊ အသင်းအဖွဲ့နှင့် ဆိုးမည်လော"ဟု မေးလျှင် ပုရောဟိတ်က–

"တစ်ယောက်တည်းသာ ဆိုးပါလိမ့်မည်။ ကလေးကို သတ်တော်မူပါ"ဟုလျှောက်တင်သော်လည်း မင်းကြီးက "တစ်ဦးတည်း ဆိုးသွမ်းမည့် လူဆိုးဖြစ်က မူဖွယ်မရှိ"ဟု မိန့်တော်မူပြီး ကောင်းမွန်စွာ မွေးမြူခွင့်ပြုသည်။ ထိုသားအား အဟိံသက (မညှဉ်းဆဲတတ်သူ) ဟု မှည့်ခေါ်ကြလေသည်။

အဟိ်သကသည် အရွယ်ရောက်၍ တက္ကသိုလ်၌ ပညာသင်ယူစဉ် ဆရာကြီး ဇနီးမောင်နှံ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ပေးလေ့ရှိ၏။ ချစ်ခင်ဖွယ် ပြုမူ ပြောဆို ဆက်ဆံတတ်၏၊ ထို့ကြောင့် ဆရာကြီးဇနီးမောင်းနှံတို့၏ ချစ်ခင်အရေးပေးမှု၊ ချီးမြှောက်မှုကို အခြားကျောင်းသားများထက် ပိုမိုခံယူရရှိသည်။ ထိုအခါ အခြားကျောင်းသားများသည် အဟိ်သကကို မနာလိုမရှုစိမ့်ဖြစ်လာပြီး ဆရာကြီး၏ဇနီးနှင့် မှားယွင်းလေဟန် ဆရာကြီးအားကုန်းချောကြလေသည်။ ပထမတွင် ဆရာကြီးမယုံကြည်သော်လည်း ပြောဖန်များလျှင် သံသယဝင်ကာ အဟိ်သကအား သေကြောင်းကြံသည်အထိ ကုန်းချောစကားကို ယုံကြည်သွား၏။ တစ်နေ့တွင် အဟိ်သကကို ခေါ်၍–

"အဟိ်သက.... လူတို့၏ ညာလက်ညှိုးတစ်ထောင်ကို ဖြတ်ပြီးပါမှ သင့်ပညာပြီးဆုံးမည်"ဟု ပရိယာယ်ဖြင့် ပြောဆိုစေခိုင်းလိုက်သည်။

အဟိ်သကသည် ဆရာကြီးစေခိုင်းချက်အရ လက်နက်စွဲကိုင်လျက် ဇာလိနတောအုပ်သို့ ဝင်ပြီး ခရီးသွားတို့အား သတ်ဖြတ်ကာ လက်ညှိုးကို ဖြတ်ယူလေသည်။ ဖြတ်ပြီးသော လက်ညှိုးများကို သစ်ခက်၊ သစ်ခွ အကြားတို့၌ ထားလေလျှင် ကျီး, ဋင်းတို့ ချီသွားသဖြင့် လက်ညှိုးတစ်ထောင် မပြည့်နိုင်ရှိလေ၏။ ထိုအခါ အဟိ်သကသည် လက်ညှိုးများ မပျောက်ပျက်ရန် ကြိုးဖြင့် ပန်းကုံးသဖွယ်သီ၍ လည်ပင်း၌ ဆွဲထားလေသည်။ ထိုအခါမှစ၍ အင်္ဂုလိမာလ(လက်ညှိုးပန်းကုံးဆွဲသူ)ဟု အမည်တွင်လေသည်။

အင်္ဂုလိမာလရှိရာ တောအုပ်သို့ ဖြတ်သန်းသွားလာရန် ကိစ္စရှိလျှင် ယောကျ်ားများပင် လူလေးငါးဆယ်ပေါင်းစု၍ သွားကြရသည်။ မည်သို့ဖြစ်စေ သွားသူတိုင်းပင် အင်္ဂုလိမာလ လက်တွင်းမှာ ပျက်စီးကြရသည်။ နောက်ပိုင်းတွင် ထိုတောအုပ်သို့ သွားလာရဲသူ မရှိကြတော့ချေ၊ ထိုသို့ သွားလာရဲသူမရှိသောအခါ အင်္ဂုလိမာလသည် ညဉ့်အခါ ရွာတွင်းသို့ဝင်၍ အိမ်တံခါးကို ခြေဖြင့်ကန်ဖွင့်ပြီး လူတို့ကို သတ်ကာ လက်ညှိုးများကို ဖြတ်ယူလေသည်။ အင်္ဂုလိမာလ ဘေးရန်ကြောင့် လူတို့သည် ရွာငယ်မှ ရွာကြီးသို့ ပြောင်းရွှေ့ကြ၏။ ရွာကြီးများမလုံခြုံပြန်သောအခါ သာဝတ္ထိမြို့အနီးသို့ ပြောင်းရွှေ့ပြီး ခြံစည်းရိုး လုံခြုံစွာကာရန်၍ နေထိုင်ကြရလေသည်။

နောက်ဆုံး တိုင်းသူပြည်သားများသည် အဂ်ိုလိမာလ လူဆိုးကြီးကို နှိပ်ကွပ်ရန် ကောသလမင်းကြီးအား တိုင်ကြားကြ၍ မင်းကြီးသည် တိုင်းပြည်သို့ စည်တီးကြေညာပြီး စစ်သားများကို စုဆောင်းစေသည်။

ထိုအကြောင်းကို မိခင်ပုတ္ထော်းမကြီးကြားသိလျှင် မနေသာတော့ဘဲ သားသောကဖြင့် သားနှင့်တွေ့ရန် အိမ်မှ ထွက်ခဲ့လေသည်။

ထိုနေ့ကား လက်ညှိုးတစ်ထောင်ပြည့်ရန် တစ်ချောင်းသာလိုတော့သော နေ့ဖြစ်၏။ မိခင်လည်း တောထဲသို့အလာ၊ အဂ်ိုလိမာလလည်း ပထမဆုံး တွေ့သူ၏ လက်ညှိုးကိုဖြတ်ယူရန် အသင့်စောင့်ဆိုင်းနေခိုက်၊ မြတ်စွာဘုရားသည် အဂ်ိုလိမာလလူဆိုးကြီး မိခင်ကိုသတ်၍ အာနန္တရိယကံ ထိုက်တော့မည်ကို မြင်တော်မူသဖြင့် အဂ်ိုလိမာလရှိရာ တောအုပ်သို့ ကြွချီတော်မူလာသည်။

အဂ်ိုလိမာလသည် တောအုပ်သို့ ရှေးဦးစွာ ရောက်လာသူ မိခင်ကို တွေ့မြင်လျှင် လက်ညှိုးကို ဖြတ်ယူရန် လိုက်လေရာ မြတ်စွာဘုရားက အဂ်ိုလိမာလနှင့် မိခင်အကြားသို့ ကြွဝင်တော်မူလာ၏။ ထိုအခါ အဂ်ိုလိမာလသည် မိခင်နောက် မလိုက်တော့ဘဲ မြတ်စွာဘုရားနောက်သို့ လိုက်လေ၏။

အဂ်ိုလိမာလကား ပြေးနေသော ဆင်, မြင်း, သားသမင် ကိုပင် မီအောင်လိုက်၍ ဖမ်းယူနိုင်လောက်အောင် အားခွန်ဗလ စွမ်းသန်သူဖြစ်၏။ မြတ်စွာဘုရားကား ထို့ထက် အားခွန်ဗလ များစွာ သာလွန်သော အားတော်ဆယ်တန် ပိုင်ရှင်ဖြစ်၍ အဂ်ိုလိမာလ မည်သို့ပင်လိုက်သော်လည်း မြတ်စွာဘုရားကို မမီနိုင်ချေ။

အဂ်ိုလိမာလသည် မြတ်စွာဘုရားကို မမီနိုင်ဘဲ ချွေးဒီးဒီးကျကာ မောပန်းလာသဖြင့် အပြေးလိုက်ရာမှ ရုတ်တရက် ရပ်တန့်လိုက်ပြီး–

"အို ရဟန်း....ရပ်လော့၊ ရပ်လော့"ဟု ဆိုသည်။ မြတ်စွာဘုရားက–

"အဂ်ိုလိမာလ.... ငါကား ရပ်နေ၏။ သင်သည်သာ ရပ်လော့"ဟု မိန့်တော်မူသည်။ အဂ်ိုလိမာလသည် မြတ်စွာဘုရားဆိုလိုသည်ကို နားမလည်နိုင်သဖြင့်–

"အို ရဟန်း....အသင်သည် သွားနေပါလျက် ငါရပ်နေသည်ဟု ဆိုဘိ၏။ ရပ်နေသော အကျွန်ုပ်အား လည်း သင်သာရပ်လော့ဟု ဆိုပြန်သည်။ အဘယ်သို့ ဆိုလိုပါသနည်း"ဟု မေးလျှောက်သည်။ မြတ်စွာဘုရားက–

"အင်္ဂုလိမာလ.... ငါကား မည်သည့်သတ္တဝါကိုမျှ သတ်ဖြတ်ညှဉ်းဆဲမှု မပြု။ တုတ်, လုံတံ, ဓား လက်နက်တို့ကို အပြီးတိုင် ပယ်စွန့်ပြီးသူ ဖြစ်သည်။ သို့ဖြစ်၍ သံသရာ၌ မပြေးသွားရတော့ချေ။ သင်ကား လူတို့ကို ညှဉ်းဆဲ သတ်ဖြတ်နေသူဖြစ်၍ သင့်ခြေက ရပ်နေသော်လည်း သင်သည် သံသရာတခွင်၌ ကျင်လည် ပြေးသွားရဦးမည့်သူဖြစ်သည်"ဟု မိန့်တော်မူလေသည်။

အင်္ဂုလိမာလကား မြတ်စွာဘုရားအကြောင်းကို ကြားသိခဲ့ဖူး၏။ ဖော်ပြပါ တရားစကားကို ကြားနာလိုက်ရသည်နှင့် မြတ်စွာဘုရားဖြစ်ကြောင်း ကောင်းစွာ သိလိုက်၏။ 'မြတ်စွာဘုရားသည် ငါ့ကို ချီးမြှောက်ရန် ဤတောအုပ်သို့ ကြွရောက်တော်မူလာပေသည်'ဟု ပီတိ သောမနဿများ တဖွားဖွား ဖြစ်ပေါ်လာ လေသည်။ ချက်ချင်းပင် မိမိ၏ ဘဝအဖြစ်မှန်ကို ဆင်ခြင်မိကာ လက်နက်များကို အနီးရှိ ချောက်အတွင်းသို့ ပစ်လွှတ်လိုက်ပြီးလျှင် မြတ်စွာဘုရာ.အနီးသို့ ချဉ်းကပ်ကာ ရိုသေစွာ ရှိခိုးပြီး "တပည့်တော်အား ရဟန်းပြုပေးတော်မူပါ"ဟု ခွင့်ပန်လျှောက်ထားလေသည်။

မြတ်စွာဘုရားက အင်္ဂုလိမာလအား **"ဧဟိ ဘိက္ခု"** ခေါ်၍ ရဟန်းပြုပေးတော်မူရာ အင်္ဂုလိမာလသည် ဝိပဿနာတရားကို ရှုပွားကာ မကြာမီပင် ရဟန္တာဖြစ်တော်မူလေသည်။

၆။ နာဠာဂီရိဆင်ကို အောင်တော်မူခြင်း

နာဠာဂီရိဆင်ကား ခက်ထန် ကြမ်းတမ်း၍ နေ့စဉ် သေရည် ရှစ်အိုး သောက်လေ့ရှိ၏။ လူကို နင်းသတ်တတ်သော ဆင်ရိုင်းကြီးဖြစ်၏။

လက်ဝဲရံ လက်ယာရံ ရာထူး နှင်းအပ်မှုနှင့်စပ်၍ မြတ်စွာဘုရား၌အပေါ် မကျေမနပ်ဖြစ်ကာ အမြဲရန်ရှာနေခဲ့သူ အရှင်ဒေဝဒတ်သည် လေးသမား တို့အား

စေလွှတ်၍ မြတ်စွာဘုရားကို သတ်စေခဲ့သော်လည်း မအောင်မြင်။ ဂိဇ္ဈကူဋ်တောင်ပေါ်မှ ကျောက်တုံးလိမ့်ချ၍ မြတ်စွာဘုရားကို ကိုယ်တိုင်လုပ်ကြံခဲ့သော်လည်း မသေ၊ ခြေမတော်မှာ သွေးခြည်ဥရုံလောက်သာ ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ယခုတစ်ကြိမ်တွင်လည်း မြတ်စွာဘုရားကို နာဠာဂီရိဆင်ဖြင့် နင်းသတ်ရန် အဇာတသတ်ဘုရင်၏ အကူအညီကို ယူခဲ့သည်။ ဆင်ဆရာထံ ချဉ်းကပ်၍လည်း နာဠာဂီရိဆင်အား ခါတိုင်းထက် တစ်ပြန်တိုး၍ သေရည် တစ်ဆယ့်ခြောက်အိုးတိုက်ကျွေးစေသည်။ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်လာချိန်၌ ဆင်ရိုင်းကြီးကိုလွှတ်၍ နင်းသတ်စေရန် စီမံစေခိုင်းသည်။

ထိုအကြောင်းကို သိရှိနေကြသော ရာဇဂြိုဟ်မြို့သူမြို့သား များသည် မြတ်စွာဘုရားက နာဠာဂီရိဆင်အား ဆုံးမတော်မူပုံကို ကြည့်ရှုလိုသဖြင့် မြေပြင်အနှံ့၊ အဆောက်အအုံများ၊ သစ်ပင်များ၊ အိမ်အမိုးများပေါ်ပါမကျန် နေရာယူ၍ စောင့်ကြို ကြည့်ရှုနေကြလေသည်။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တွင်းသို့ နောက်ပါသံဃာတော်များနှင့် အတူ စိတန်းညီညာ ကြွဝင်တော်မူလာ၏။ ထိုစဉ် အရှင်ဒေဝဒတ်၏ အစီအစဉ်အတိုင်းပင် နာဠာဂီရိဆင်ကို မြတ်စွာဘုရားထံသို့ လွှတ်သည်။ နာဠာဂီရိဆင်သည် လမ်းခရီး၌ မဲမဲမြင်ရာ အိမ်များ၊ လှည်းများကို ရိုက်ချိုးချေဖျက်ကာ ပတ်ဝန်းကျင်ကို သိမ့်သိမ့်ရိုက်ခတ်စေလျက် အမြီး, နှာမောင်းတို့ကို မြှောက်ချီပြီး မြတ်စွာဘုရားထံသို့ ပြေးဝင်လာ၏။

အရှင်သာရိပုတ္တရာနှင့် မဟာသာဝကရှစ်ကျိပ်တို့က နာဠာဂီရိဆင်ကို ဆုံးမလိုကြောင်း အသိုးသိုး ခွင့်တောင်းကြသော်လည်း မြတ်စွာဘုရားက ခွင့်ပြုတော်မမူချေ။ ချစ်ကြည်ညိုစိတ်အားကြီးသော ညီတော်အာနန္ဒာကမူ သေလိုသေဟု မြတ်စွာဘုရား ရှေ့မှ ကွယ်၍ ရပ်လာ၏။ မြတ်စွာဘုရားက ဖယ်ရှားရန် သုံးကြိမ်တိုင်တိုင် မိန့်ကြားသော်လည်း မဖယ်သဖြင့် တန်ခိုးတော်ဖြင့် ညီတော်အာနန္ဒာကို ဖယ်ရှားကာ သံဃာအကြားသို့ ပို့တော်မူသည်။

သားသည်မိခင်တစ်ဦးသည် နာဠာဂီရိဆင်ကို ကြောက်လန့်သဖြင့် ပြေးလွှားစဉ် လွတ်အံ့မထင်၍ သားငယ်ကို မြတ်စွာဘုရားနှင့် ပြေးလာနေသော နာဠာဂီရိဆင်အကြားမှာ ပစ်ချထွက်ပြေးသွား၏။ နာဠာဂီရိဆင်သည်

ထိုမိန်းမနောက်သို့ လိုက်သော်လည်း အလှမ်းဝေးသဖြင့် မမီနိုင်၍ တစာစာ အော်ငိုနေသော သားငယ်ရှိရာဘက်သို့ ဦးလှည့်ပြေးလာပြန်သည်။

မြတ်စွာဘုရားသည် "တစ်လောကလုံးသို့ ဖြန့်ကြက်ထားနိုင်သော အနန္တ မေတ္တာဓာတ်တော်ကို နာဠာဂီရိဆင်တစ်ကောင်တည်း အပေါ်၌သာ သီးခြား ရည်စူးကာ လွှမ်းခြုံ ပို့လွှတ်တော်မူသည်"။ ထို့နောက် ချို့ကြည် အေးမြသည့် အသံတော်ဖြင့် -

"နာဠာဂီရိ --- သင့်အား သေရည်တစ်ဆယ့်ခြောက်အိုးတိုက်၍ လွှတ်ခြင်းမှာ အခြားသူများကို နှင်းသတ်ရန် မဟုတ်။ ငါဘုရားကို နှင်းသတ်ရန် သာဖြစ်သည်။ ငါဘုရားထံသို့ လာလော့"ဟု မိန့်ခေါ်တော်မူသည်။

နာဠာဂီရိဆင်သည် မြတ်စွာဘုရား၏ အနန္တ မေတ္တာဓာတ်စွမ်းအားကို ထိတွေ့ ခံစားရလေပြီ၊ သူသည် မူးယစ်ရီဝေလျက်က မျက်လုံးကိုဖွင့်ကြည့်ရာ မြတ်စွာဘုရား၏ ကြည်ညိုဖွယ်ရုပ်အဆင်းကို မြင်တွေ့ရလေပြီ။ မြတ်စွာဘုရား၏ အအေးမြဆုံးသော မေတ္တာ၊ အချိုသာဆုံးသော အသံတော်၊ ကြည်ညိုဖွယ် အကောင်းဆုံးသော ကြန်အင်ရုပ်အဆင်းတော်တို့ကြောင့် နာဠာဂီရိသည် ချက်ချင်းပင် စိတ်ကောင်းဝင်ကာ သတိသံဝေဂ ရပြီး ခဏအတွင်းမှာပင် ယဉ်ကျေးသိမ်မွေ့လာသည်။

နာဠာဂီရိဆင်သည် မြတ်စွာဘုရားကိုသတ်ရန် မြှောက်ချီထားသော နှာမောင်းကို အောက်သို့ တဖြည်းဖြည်းချ၏။ မြင်္ဂစွာဘုရားထံသို့ ဖြည်းညင်းစွာ တိုးရွေ့သွားပြီး ခြေထောက်ရင်း၌ ပုဆစ်တုပ်လျက် အရိုအသေပြုသည်။

မြတ်စွာဘုရားက နာဠာဂီရိဆင်၏ ဦးခေါင်းပေါ် လက်တော်တင်လျက် သတ္တဝါများကို မေတ္တာထားရန်၊ ဒုစရိုက်မှုကို မပြုရန် ဟောပြဆုံးမတော်မူသည်။

လူထုပရိသတ်ကြီးကား သဲသဲလှုပ် ကောင်းချီးပေးကြ၏။ အမျိုးမျိုးသော ရတနာတန်ဆာများကို နာဠာဂီရိဆင်ဆီသို့ လှမ်းပစ်ပေး၍ လက်ဆောင်ဖွဲ့ကြသည်။ ရတနာများသည် နာဠာဂီရိဆင်တစ်ကိုယ်လုံးကို ဖုံးမတတ်ရှိ၏။ ထိုအခါမှစ၍ နာဠာဂီရိဆင်သည် "**ဓနပါလ**" ဟု အမည်တွင်လေသည်။

နာဠာဂီရိဆင်သည် မြတ်စွာဘုရားကို အရိုအသေပြုကာ နောက်သို့ တဖြည်းဖြည်းဆုတ်လျက် သူ၏ဆင်တင်းကုပ်ဆီသို့ ပြန်သွားလေတော့သည်။

(၇) နန္ဒောပနန္ဒ နဂါးကို အောင်တော်မူခြင်း

နန္ဒောပနန္ဒ နဂါးမင်းကား နတ်နဂါးမျိုးနွယ်ဖြစ်၏။ အလွန်ကြီးကျယ်သော ကိုယ်ခန္ဓာကို ဖန်ဆင်းနိုင်၏၊ အလွန်ပြင်းထန်သော အခိုးအငွေ့များ၊ မီးလျှံများ၊ နှာခေါင်းလေများကို လွှတ်လျက် သတ္တဝါများကို သတ်ဖြတ်နိုင်၏၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုမသိ၊ မိစ္ဆာအယူကို စွဲယူ၏။

သူသည် နတ်နဂါးတို့စီစဉ်ထားသော သေသောက်ပွဲသဘင်ကို ပျော်ရွှင်ခံစားရန် နတ်ပလ္လင်ထက်မှာ နတ်နဂါးမင်းတို့၏ ဣန္ဒြေဖြင့် ထိုင်နေလေသည်။ သူ့အား နတ်ထီးဖြူကြီးကို ဆောင်းမိုးပေးထားကြ၏။ ဘေးဘီး အလတ် အငယ် အရွယ်စုံ နတ်နဂါးမ ကချေသည်များ၊ အခြွေအရံ နတ်နဂါးပရိသတ်များက သူ့အား ဝန်းရံ ခစားနေကြလေသည်။

ထိုနေ့တွင် မြတ်စွာဘုရားသည် လောကရှိ ကျွတ်ထိုက်သော သတ္တဝါများကို မဟာကရုဏာဉာဏ်တော်ဖြင့် ကြည့်တော်မူသောအခါ နန္ဒောပနန္ဒ နဂါးမင်းကို မြင်တော်မူ၍ နောက်ပါ ရဟန်းငါးရာနှင့်အတူ နန္ဒောပနန္ဒ နဂါးမင်း၏ သေသောက်ပွဲသဘင် အခမ်းအနားပေါ်မှ ဖြတ်ကျော်၍ တာဝတိံသာ နတ်ပြည်သို့ ကြွချီတော်မူလေသည်။

နန္ဒောပနန္ဒ နဂါးမင်းသည် မြတ်စွာဘုရားနှင့် သံဃာတော်များကို မြင်လျှင် -

"ဤရဟန်းတို့သည် ငါတို့ထက်မှ တာဝတိံသာနတ်ပြည်သို့ ဝင်ထွက်သွားလာလေ့ရှိကြ၏၊ ယခုလည်း ငါတို့အပေါ်သို့ ခြေမှုန့်များ ကြဲချလျက် သွားကြပြန်သည်၊ ဤရဟန်းတို့အား သွားခွင့်မပေးတော့အံ့" ဟု ဒေါသတကြီး ပြောဆိုဆုံးဖြတ်၏၊ ထို့နောက် ရတနာပလ္လင်မှထ၍ မြင်းမိုရ်တောင်ခြေသို့ သွားပြီးလျှင် အလွန်ကြီးမားသောကိုယ်ခန္ဓာကြီးကို ဖန်ဆင်းလျက် မြင်းမိုရ်တောင်ကို ခုနစ်ပတ် ရစ်ပတ်၏၊ အလွန်ကြီးမားသော ပါးပျဉ်းကြီးဖြင့် တာဝတိံသာနတ်ပြည်ကို မမြင်ရအောင် ဖုံးအုပ် ကွယ်ကာလျက် အမှောင်ထုကြီးကို ဖန်ဆင်းထားလေသည်။

မြင်းမိုရ်တောင်၊ တောင်ရံခုနစ်လုံး၊ တာဝတိံသာနတ်ပြည်၊ ဝေဇယန္တာပြာသာဒ်၊ သိကြားမင်းအလံတော်များကို မမြင်ရသောအခါ အရှင်ရဋ္ဌပါလ ကမြတ်စွာဘုရားကို မေးလျှောက်၏။ မြတ်စွာဘုရားက မိန့်ကြားသဖြင့် နန္ဒောပနန္ဒ

နဂါးမင်းကြောင့်ဟု သိရသောအခါ အရှင်ရဋ္ဌပါလ၊ အရှင်ဘဒ္ဒိယ၊ အရှင်ရာဟုလာ စသော ရဟန်းတော်များက နဂါးမင်းကို ဆုံးမခွင့်တောင်းကြသည်။ မြတ်စွာဘုရားက ခွင့်ပြုတော်မမူ၊ အရှင်မောဂ္ဂလ္လာန် ခွင့်တောင်းသော အခါမှသာ ခွင့်ပြုတော်မူ၏။

အရှင်မောဂ္ဂလ္လာန်သည် နဂါးမင်းထက် ပိုမိုကြီးမားသောကိုယ်ခန္ဓာကို ဖန်ဆင်းလျက် နဂါးမင်း၏အခွေပေါ်မှ တစ်ဆယ့်လေးပတ်ရစ်ပတ်လိုက်၏။ ပိုမိုကြီးမားသောပါးပျဉ်းကြီးဖြင့် နဂါးမင်း၏ပါးပျဉ်းပေါ်အုပ်မိုးပြီး နဂါးမင်းကြီးကို မြင်းမိုရ်တောင်ဖြင့် ဖိညှပ်ထား၏။ နဂါးမင်းက အလွန်ပြင်းထန်သော အခိုးအငွေ့များကို လွှတ်သောအခါ အရှင်မောဂ္ဂလ္လာန်ကလည်း ထို့ထက် ပိုမိုပြင်းထန်သော အခိုးအငွေ့ကို လွှတ်၏။ နဂါးမင်းက မီးအလျှံများကို လွှတ်ပြန်လျှင်လည်း အရှင်မောဂ္ဂလ္လာန်က ပိုမို ပြင်းထန်သော မီးအလျှံများကို လွှတ်ပြန်၏။ နဂါးမင်း၏ အခိုးအငွေ့နှင့်မီးအလျှံများသည် အရှင်မောဂ္ဂလ္လာန်ကို မည်သို့မျှ မထိခိုက်စေနိုင်သော်လည်း အရှင်မောဂ္ဂလ္လာန် လွှတ်သော အခိုးအငွေ့နှင့် မီးအလျှံများသည် နဂါးမင်းကို ပူလောင်ထိခိုက်စေလေသည်။

နဂါးမင်းက မည်သူမည်ဝါဖြစ်ကြောင်းမေး၍ အရှင်မောဂ္ဂလ္လာန် ဖြစ်ကြောင်း ပြောလျှင် -

"သို့ဖြစ်လျှင် ပကတိရဟန်းအသွင်ပြလော့"ဟု နဂါးမင်းက ဆိုသဖြင့် အရှင်မောဂ္ဂလ္လာန်သည် ပကတိရဟန်းအသွင်ဖြင့် နဂါးမင်း၏ လက်ယာနားမှ ဝင်၍ လက်ဝဲနားဖြင့် ထွက်၏။ လက်ဝဲနားမှ ဝင်၍ လက်ယာနားဖြင့် ထွက်၏။ နဂါးမင်း၏ နှာခေါင်းပေါက်ဝမှ ဝင်၍ လက်ယာလက်ဝဲနားတို့မှ ထွက်၏။ နဂါးမင်း၏ ခံတွင်းမှ ဝင်၍ ဝမ်းတွင်းဌိလည်း လူးလာတုံ့ခေါက် စကြံ့လျှောက် ပြ၏။

ထိုစဉ် မြတ်စွာဘုရားက -

"ချစ်သား မောဂ္ဂလ္လာန် --- ကြပ်ကြပ် သတိထားလော့၊ နဂါးမင်းသည် အလွန်ဇာန်ခိုးကြီးပေ၏"ဟု သတိပေးတော်မူ၍ -

"မြတ်စွာဘုရား- တပည့်တော်သည် ဣဒ္ဓိပါဒ်လေးပါး၊ အလေ့အကျင့် ဝသီဘော်ငါးမျိုးတို့ကို နိုင်နိုင်နင်းနင်း ပွားများပြီး ဖြစ်ပါသည်။ နန္ဒောပနန္ဒ

ကဲ့သို့သော နဂါးမင်းပေါင်း အထောင်အသိန်းကိုသော်လည်း ဆုံးမနိုင်ပါသည်”ဟု အရှင်မောဂ္ဂလ္လာန်က ပြန်လည်လျှောက်ထားလေသည်။

နဂါးမင်း၏ဝမ်းတွင်း၌ အရှင်မောဂ္ဂလ္လာန် စကြိ လျှောက်နေစဉ် နဂါးမင်းက ‘ယခုတစ်ခါ ထွက်လာလျှင် အရှင်မောဂ္ဂလ္လာန်ကို ကျွတ်ကျွတ်ဝါး၍ စားပေအံ့’ဟု ကြံစည်ပြီး‘အရှင်ဘုရား အပြင်ထွက်ပါလော့’ဟု ဆို၏။ အရှင်မောဂ္ဂလ္လာန် အပြင်ထွက်၍ ရပ်တော်မူစဉ် နဂါးမင်းသည် အလွန်ပြင်းထန်သော နှာခေါင်းလေကို မှုတ်၏။ အရှင်မောဂ္ဂလ္လာန်က စတုတ္ထစျာန်ကို လျင်မြန်စွာ ဝင်စား၍ ကာကွယ်လိုက်သည်။

အခြားရဟန်းတော်များသည် တန်ခိုးပြာဋိဟာတို့ကို များပြားစွာ ပြသနိုင်စွမ်းရှိသော်လည်း ယခုကဲ့သို့ နှာခေါင်းလေမှုတ်ခြင်းကို လျင်မြန်စွာ ကာကွယ်ရာ၌ကား မြတ်စွာဘုရားမှတပါး အရှင်မောဂ္ဂလ္လာန်သာ စွမ်းနိုင်သဖြင့် မြတ်စွာဘုရားက အရှင်မောဂ္ဂလ္လာန်ကိုသာ ဆုံးမခွင့် ပြုခြင်းဖြစ်လေသည်။

ထို့နောက် အရှင်မောဂ္ဂလ္လာန်သည် ဂဠုန်ငှက်မင်းအသွင် ဖန်ဆင်း၍ အလွန်ပြင်းထန်သော လေအဟုန်ကို တိုက်ခတ်ပြလိုက်၏။ နဂါးမင်းကြောက်၍ ပြေးလေလျှင် နောက်မှ အစဉ်ဘိုက်လိုက်၏။ နဂါးမင်းသည် ပြေး၍ မလွတ်နိုင်ကြောင်းသိလျှင် လုလင်ငယ်အသွင် ဖန်ဆင်း၍ -

“အရှင်ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏” ဟု လျှောက်ကာ အရှင်မောဂ္ဂလ္လာန်၏ ခြေတော်အစုံကို ရိုသေစွာ ရှိခိုးလေသည်။ ထိုစဉ် အရှင်မောဂ္ဂလ္လာန်က -

“နန္ဒောပနန္ဒ .... မြတ်စွာဘုရား ကြွတော်မူလာပြီ၊ လာလော့၊ မြတ်စွာဘုရားထံ သွားကြစို့”ဟု မိန့်ဆိုကာ နဂါးမင်းကို မြတ်စွာဘုရားထံ ခေါ်ဆောင်သွားလေသည်။

မြတ်စွာဘုရားထံရောက်လျှင် နဂါးမင်းက ရိုသေစွာ ရှိခိုးပြီး - “မြတ်စွာဘုရား .... အရှင်ဘုရားတို့ကို တပည့်တော် ကိုးကွယ်ဆည်းကပ်ပါ၏” ဟု လျှောက်ထားကာ သရဏဂုံဆောက်တည်၍ ဥပါသကာအဖြစ် ခံယူလေသည်။

၈။ ဗကဇြဟ္မာကို အောင်တော်မူခြင်း

ဗကဇြဟ္မာသည် ပထမစျာန်ဘုံ၌နေသော မဟာဇြဟ္မာကြီးဖြစ်၏။ သူ၏ တန်ခိုးအာဏာသည် လောကဓာတ် စကြဝဠာပေါင်း တစ်ထောင်အတွင်း၌ ပျံ့နှံ့၏။ ကျော်စောသတင်းကြီး၍ အချွေအရံလည်း များပြား၏။ သူသည် ဇြဟ္မာဘုံ၌ အနေကြာလာခဲ့သဖြင့် အတိတ်ဖြစ်စဉ်များကို မေ့ပျောက်ပြီး ဤကိုယ်ခန္ဓာနှင့် ဇြဟ္မာလောကသည် မပြိုမကွဲ အစဉ်မြဲ၏၊ ထာဝရ ခိုင်ခဲ့တည်တံ့၏ - စသည်ဖြင့် သဿတမိစ္ဆာဒိဋ္ဌိအယူကို စွဲယူလေသည်။

မြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့၊ သုဘဂတောအုပ်၊ အင်ကြင်းပင်ရင်း၌ သီတင်းသုံးနေတော်မူစဉ် ဗကဇြဟ္မာ၏ မိစ္ဆာဒိဋ္ဌိစိတ်အကြံကို သိတော်မူ၍ ဗကဇြဟ္မာကြီးကို ဆုံးမကယ်ချွတ်ရန် ဇြဟ္မာ့ပြည်သို့ ကြွတော်မူသည်။ မြတ်စွာဘုရားကိုမြင်လျှင် ဗကဇြဟ္မာကြီးက နှုတ်ခွန်းဆက်စကားကို ပြောဆိုပြီးနောက်-

"ဤခန္ဓာကိုယ်နှင့် ဇြဟ္မာလောကသည် မပြိုမကွဲ အစဉ်မြဲ၏၊ ထာဝရခိုင်ခဲ့တည်တံ့၏" စသည်ဖြင့် သူ၏ သဿတမိစ္ဆာဒိဋ္ဌိအယူကို ပြောဆိုသည်။ ထက်ရပ်ဝန်းကျင်မှ ရောက်လာကြသော ဇြဟ္မာပရိသတ်ရှေ့မှာ မြတ်စွာဘုရားက-

"အချင်းတို့....ဗကဇြဟ္မာသည် မိုက်မဲလှ၏၊ ဗကဇြဟ္မာသည် မမြဲသောတရားကို မြဲ၏ဟု ဆို၏။ မခိုင်ခဲ့ မတည်တံ့၊ ပြီးပြည့်စုံခြင်းမရှိ၊ ရွှေ့လျောတတ်သောတရားတို့ကို ခိုင်ခဲ့၏၊ တည်တံ့၏၊ ပြီးပြည့်စုံ၏၊ မရွှေ့လျောတတ်ဟု ဆိုလေသည်။ (ပထမစျာန်)ဇြဟ္မာ့ဘုံလောက၌ ပဋိသန္ဓေ နေသူ၊ အိုသူ၊ သေသူ၊ ရွှေ့လျောသူ၊ တဖန်ရောက်လာသူများ ရှိနေပါလျက် မရှိ ဟုလည်း ဆို၏၊ ဤပထမစျာန်လောကမှ တပါး ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ဇြဟ္မာ့ဘုံလောကများ၊ မင်္ဂလိုန်နှင့် နိဗ္ဗာန်ဟူသော သာလွန်မြင့်မြတ်သော ထွက်မြောက်ရာများရှိပါလျက် မရှိဟုလည်း ဆို၏" စသည်ဖြင့် ဗကဇြဟ္မာကြီး၏ မိစ္ဆာဒိဋ္ဌိအယူများကို သုံးသပ်ဝေဖန်၍ ဟောပြတော်မူလေသည်။

ထိုအခါ ဗကဇြဟ္မာက သူသည် အမှန်ကိုသာ ယူဆပြောဆိုခြင်းဖြစ်ကြောင်း မြတ်စွာဘုရား၏ မိန့်ဆိုချက်ကို ငြင်းပယ်လေသည်။ ထို့ပြင်-

"ရဟန်းကြီး ---- ဤလောက၌ သင့်ထက်ရွေးကျသော သမဏ ဗြာဟ္မဏတို့သည် ဤခန္ဓာကိုယ်နှင့် ဗြဟ္မာလောကမှ တပါး အခြား လွတ်မြောက်ရာ ရှိ မရှိကို သိကြ၏။ သင်သည် အခြားလွဲတ်မြောက်ရာကို တွေ့လိမ့်မည်မဟုတ်"ဟု ပြောဆိုပြန်လေသည်။ မြတ်စွာဘုရား က –

"ဗြဟ္မာ....ဤပထမစျာန်ဘုံလောကမှ တပါးသော ဘုံဘဝ လောကများ ရှိသေးသည်သာ။ သင်သည် အာဘဿရ ဗြဟ္မာဘုံဘဝမှ စုတေခဲ့၍ ဤပထမစျာန်ဘုံဘဝသို့ ရောက်လာရသူဖြစ်၏။ သင်သည် ဤဘုံဘဝ၌ အနေကြာခဲ့၍ သတိမေ့နေခြင်း ဖြစ်သည်။ ထိုအာဘဿရဘုံဘဝကို သင်က မသိမမြင်တော့သော်လည်း ငါဘုရား သိမြင်၏"ဟု ထုတ်ဖော် ဟောပြတော် မူလေသည်။

ထိုမျှမက ဗကဗြဟ္မာ၏ ရွေးဘဝက ကျင့်ခဲ့သော တရားများ၊ (စတုတ္ထစျာန် ဗြဟ္မာဘုံရှိ) ဝေဟပ္ဖိုလ်ဘုံ၊ (တတိယစျာန် ဗြဟ္မာဘုံရှိ) သုဘကိဏှဘုံ၊ (ဒုတိယစျာန် ဗြဟ္မာဘုံရှိ) အာဘဿရဘုံများ၌ ဗကဗြဟ္မာ ဖြစ်ခဲ့ပုံများ၊ ရွေးလူ့ဘဝတွင် ဗကဗြဟ္မာလောင်းရသေ့ကြီး ပြုလုပ်ခဲ့သော ကုသိုလ်ကံများကိုပါ အကျယ်တဝင့် ဟောပြတော်မူလေရာ ဗကဗြဟ္မာကြီးသည် အတိတ်ဘဝဖြစ်စဉ်များကို ထင်မြင်မှတ်မိ သတိရလာလေ၏။

ထို့ပြင် မြတ်စွာဘုရားက ပထဝီဓာတ်စသော သဘောတရား အားလုံးတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ပုံနှင့် နိဗ္ဗာန်သဘောကို ဆက်လက် ဟောပြတော်မူရာ–

ဗကဗြဟ္မာကြီးသည် မိမိ၏ သဿတမိစ္ဆာဒိဋ္ဌိဝါဒကို စွဲမြဲစွာ ဆုပ်ကိုင်မထားနိုင်တော့ချေ။ မြတ်စွာဘုရားနှင့်ယှဉ်ပြိုင်၍ အနိုင်ရအောင်လည်း မပြောဆိုနိုင်တော့ချေ။ သို့ရာတွင် မိမိ၏အရှုံးကို ဖုံးကွယ်လို၍ တန်ခိုးချင်း ပြိုင်ရန် ပြောဆိုသည်။

"ရဟန်းကြီး -----သင်၏ ရှေ့မှောက်၌ ယခုပင် ကျွန်ုပ်ကွယ်လိုက်မည်၊ တွေ့အောင်ရှာလော့"ဟု ဗကဗြဟ္မာကြီးက ပြောဆိုလျှင် မြတ်စွာဘုရားက "သင် စွမ်းနိုင်လျှင် ကွယ်လိုက်လော့"ဟု မိန့်ဆို၍ ဗကဗြဟ္မာကြီး၏ ကိုယ်ကို ကွယ်ဖျောက်၍မရအောင် တန်ခိုးဖြင့် တားတော်မူလိုက်သည်။

ဗကဇြဟ္မာကြီးသည် မည်သို့မျှ ကိုယ်ကို ကွယ်ပျောက်အောင် မပြုလုပ်နိုင်ချေ။ ဗကဇြဟ္မာကြီးသည် ကိုယ်ကို အမှောင်ထုဖြင့် ဖုံးလွှမ်းလိုသဖြင့် အမှောင်ထုကြီးကို ဖန်ဆင်းပြန်လေသည်။ မြတ်စွာဘုရားက အမိုက်မှောင်ထုကိုလည်း တန်ခိုးဖြင့် ပယ်ဖျက်ပစ်တော်မူ၏။ ဗကဇြဟ္မာကြီးသည် မြတ်စွာဘုရားရှေ့မှာ ကိုယ်ကို ကွယ်ပျောက်အောင် မစွမ်းဆောင်နိုင်သဖြင့် ဘုံဗိမာန်နှင့် ပဒေသာပင်အတွင်းသို့ ဝင်၍ ပုန်းအောင်းနေ၏။ သို့ရာတွင် သူ့ကို ဇြဟ္မာပရိသတ်က မြင်နေကြရ၏။ မကြံသာသည့်အဆုံး ဆောင့်ကြောင့် ကုပ်ကုပ်ကလေးထိုင်နေသော ဗကဇြဟ္မာကို မြင်နေကြရသော ဇြဟ္မာပရိသတ်များအဖို့ ရယ်ရွှင်ဖွယ် ဖြစ်နေတော့၏။

ဇြဟ္မာများက ပြောင်လောင်ကြသဖြင့် ဗကဇြဟ္မာကြီး မျာက်နှာ မသာမယာ ရှိလေ၏။

"ဇြဟ္မာ..... သင် မပုန်းကွယ်နိုင်လျှင် ငါဘုရားပုန်းကွယ်ပြမည်"ဟု မြတ်စွာဘုရားက မိန့်တော်မူပြီး ဇြဟ္မာပရိသတ်၏ ရှေ့မှောက်မှာ ခန္ဓာကိုယ်တော်ကို ကွယ်ပျောက်စေတော်မူလေသည်။ မြတ်စွာဘုရားကို မည်သူမျှ မမြင်ကြရတော့ချေ။ မြတ်စွာဘုရားက ထိုသို့ ကွယ်ပျောက်နေလျက်ကပင် တရားဓမ္မကို ဟောပြတော်မူလေ၏။

"အို ဇြဟ္မာအပေါင်းတို့ – ငါဘုရားသည် ကာမ ရူပ အရူပ ဘုံဘဝတို့၌ ပဋိသန္ဓေ နေကြသူတို့၏ အို နာ သေ ဘေးကို သိမြင်တော်မူ၏၊ နိဗ္ဗာန်ကို ရှာဖွေရှင်း လမ်းမှားနေကြသော သတ္တဝါတို့၏ ထိုထို ဘုံဘဝတို့၌ မရုပ်မနား ဖြစ်ပွားကြရခြင်း၊ ဆင်းရဲဒုက္ခ၌ စွဲလမ်းနေခြင်းကိုလည်း မြင်တော်မူ၏။ ထို့ကြောင့် ငါဘုရားသည် မြို၏ဟု အထင်မမှားတော့ပြီ။ ထိုထိုဘဝတို့၌ စွဲလမ်းတတ်သော တဏှာကိုလည်း မင်္ဂလေးပါးဖြင့် ပယ်ဖြတ်ပြီးဖြစ်၍ စွဲလမ်းတပ်မက်မှု ကင်းကွာခဲ့ချေပြီ "။

ဇြဟ္မာပရိသတ်သည် မြတ်စွာဘုရား၏ ရုပ်ဆင်းတော်ကို မမြင်ရဘဲ သာယာချို့မြိန်သော အသံတော်ကိုသာ ကြားနေကြရလေ၏။ မြတ်စွာဘုရား ဟောကြားသော တရားတော်ကို နာယူရသဖြင့် ဇြဟ္မာအများ တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်။

ဗကဇြဟ္မာကြီးလည်း မြတ်စွာဘုရား၏ ဂုဏ်တော်များကို ချီးမွမ်းပြောဆိုပြီး မိစ္ဆာအယူကို စွန့်လေတော့သည်။

အောင်ခြင်းရှစ်ဖြာ သင်ခန်းစာ

ဖော်ပြပါ အောင်ခြင်းရှစ်ပါး ဖြစ်ရပ်များကို ကြည့်လျှင် သတ္တလောက ကြီးအတွင်း၌ နေထိုင်ကြရသော သူသူ ငါငါ သတ္တဝါမှန်သမျှတို့အတွက် သင်ခန်းစာယူရန် အချက်များ များစွာပါဝင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်၏။

အချုပ်အားဖြင့် သတ္တလောကကြီးကား ကျယ်ပြောလှ၏။ သတ္တလောက ကြီးအတွင်း၌ မြင်ရသောသတ္တဝါထက် မမြင်ရသော သတ္တဝါတို့က ပို၍ များပြား၏။ လိမ္မာယဉ်ကျေးသူထက် မလိမ္မာ မယဉ်ကျေးသော သတ္တဝါတို့က ပို၍များပြား၏။ ထို မလိမ္မာ မယဉ်ကျေးသော သတ္တဝါများ အားခွန်ဗလ၊ အစိုးရမှု၊ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားလာခဲ့သော် ပို၍ကြောက်မက်ဖွယ် ကောင်း၏။ သတ္တလောကကြီးအတွက် အန္တရာယ်များ၏။

အထူးသဖြင့် အစိုးရမှုနှင့် တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော နတ် နဂါး ဘီလူး စသူတို့သည် လောဘ၊ ဒိဋ္ဌ၊ ဒေါသ၊ မာန်မာနများကြောင့် သတ္တလောကကြီးအား ချမ်းသာ ကြီးပွားအောင် ဆောင်ရွက်တော်မူသော မြတ်စွာဘုရားရှင်နှင့် မြတ်စွာဘုရား၏ တပည့်များကိုပင် ဒုက္ခပေးခဲ့ကြကုန်၏။ "ငါ့ပိုင်နက်ကို ကျူးကျော်ရကောင်းလား၊ ငါ့အယူကို ထိပါးရ ကောင်းလား" စသည်ဖြင့် အန္တရာယ်ပြုကြကုန်၏။

လူသားများလောကတွင်လည်း မတန်မရာလောဘကြီးမှု၊ မနာလို ဝန်တို ကုန်းချောမှုသည် အလွန်ကြောက်ဖွယ်ကောင်းသည်ကို တွေ့ရပြန်၏။ ဥပမာ- အင်္ဂုလိမာလကိုကြည့်လျှင် လူကောင်းက လူဆိုးဖြစ်ကာ နိုင်ငံတော် အန္တရာယ်အထိ ဖြစ်ခဲ့ဖူး၏။ ဗုဒ္ဓသမိုင်းတွင် အလွန်ရိုင်းစိုင်းသော အကျည်းတန်မှုကြီးများသည်လည်း ထိုလောဘနှင့် မနာလိုဝန်တိုမှုကပင် စတင်ပေါက်ဖွားခဲ့၏။ ရွဲကုန်သည်ဘဝမှ စခဲ့သော မနာလိုဝန်တိုမှုနှင့် မတရားလောဘကြီးမှုကို အခြေခံခဲ့သော ရှင်ဒေဝဒတ်၏ ရန်ငြိုးပွဲ့မှုသည် လက်ဝဲရံ လက်ယာရံ ရာထူး ဌာနန္တရပေးပွဲတွင် အထွတ်အထိပ်ရောက်သွား၏။ တိုင်းပြည်အုပ်ချုပ်သူများကိုပင် စည်းရုံးကာ အာဏာစက်အကူအညီယူ၍ အတုအတူမရှိသော မြတ်စွာဘုရားရှင်ကိုပင် အကြိမ်ကြိမ် သေကြောင်းကြံခဲ့၏။

ထို မနာလိုဝန်တိုမှုကြောင့်ပင်လျှင် အမှန်တကယ် အရည်အချင်း မရှိဘဲ ရှိလေဟန်ပြုကာ ဘုရားနေရာယူထားကြသော တိတ္ထိဆရာကြီးများနှင့် ၎င်းတို့၏ နောက်လိုက် နောက်ပါတို့ကလည်း အသိဉာဏ်ကင်းမဲ့သော အမျိုးသမီးငယ်များကိုပင် အသုံးချကာ ဘုရားရှင်၏ ဂုဏ်သရေတော်ကို ဖျက်ဆီးခဲ့ကြသည်။

ပုထုဇဉ်တို့ဟူသည် မိမိတို့ပြုလုပ်သောအလုပ်၏ အကျိုးဖြစ်ထွန်းမှု (ကံ ကံ၏အကျိုး) ကို မျက်ကွယ်ပြုလျက် ရာထူးဆိုလျှင် ဘုရားရာထူးအထိ မတန်မရာ ရယူပိုင်ဆိုင်လိုကြသော ပုထုဇဉ်တို့၏ လောဘ၊ ထိုလောဘကို အခြေခံ၍ မနာလိုဝန်တိုမှု၊ ကုန်းချောမှု၊ ဂုဏ်သရေဖျက်မှုစသော အပြစ်ကြီးများကို ဆက်လက်ကျူးလွန်သည်အထိ မိုက်တွင်းနက်ကြ၏။ အတုအတူမရှိ မြင့်မြတ်စင်ကြယ်သော ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်သမိုင်းကြီးမှာပင် ပုထုဇဉ်တို့၏ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဣဿာ၊ မစ္ဆရိယ - စသော အကျည်းတန်သရုပ်များကို ထင်ရှားစွာ မြင်တွေ့နေကြရသည်။

'အောင်ခြင်းရှစ်ပါး' ဟူသည် လူသားအကျိုးဆောင် မေတ္တာရှင်ကရုဏာရှင်ဖြစ်သော မြတ်စွာဘုရားအတွက် အတုမဲ့ အောင်ပွဲကြီးများဖြစ်ခဲ့သော်လည်း မတန်မရာ ပိုင်ဆိုင်လိုကြ၊ မနာလို ဝန်တိုကြလျက် ငါမှငါအထင်ရောက်တတ်ကြသော ပုထုဇဉ်တို့အတွက်ကား အထူးဆင်ခြင်ရောင်ကြဉ်ရမည့် သင်ခန်းစာများ ဖြစ်ကုန်၏။

ဤ 'အောင်ခြင်းရှစ်ပါး' ဖြစ်ရပ်များက - မတရားမှု မှန်သမျှကို အောင်ပွဲခံနိုင်သည့်မှာ မေတ္တာနှင့် သတ္တဝါတို့အတွက် ကိုယ်ကျိုးစွန့်မှုစသော 'တရားမျှတမှု'ပင် ဖြစ်သည်ဟူသော ပဓာန သင်ခန်းစာကို သင်ပြပေးနေကြကုန်၏။

အခန်း (၃)

ဂုဏ်တော်အဖွင့်များ

သရဏဂုံနှင့် ဥပါသကာအကြောင်း

အခန်း (၇)

ဂုဏ်တော်အဖွင့်များ

ဘုရားဂုဏ်တော်ကိုးပါး

ရှေးအခါက မြတ်စွာဘုရားအဆုံးအမ လိုက်နာကျင့်ကြံသူတို့ကို 'သမ္မာဒိဋ္ဌိ အယူရှိသူများ' ဟု ခေါ်တွင်ခဲ့ကြသည်။ ယခုအခါ ဗုဒ္ဓဘာသာဝင်များဟု ခေါ်ဆိုနေကြသည်။ ဗုဒ္ဓဘာသာဝင်များသည် ရတနာသုံးပါး၊ဂုဏ်တော် အကြောင်းအရာ ပြည့်စုံမှန်ကန်စွာ သိထား၍ ဗုဒ္ဓဘာသာပီသ၍ အဖိုးတန်သော ဘဝကို ရကျိုးနပ်ပေမည်။ "ဤဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌ လည်းကောင်း သတ္တဝါအပေါင်းတို့အား သုခစစ် သုခမှန်ကို ပေးလျက် နိဗ္ဗာန်ကို မျက်မှောက် ပြုစေနိုင်သည်မှာ ဘုရား,၊ တရား, သံဃာ ရတနာသုံးပါးမှ တပါး အခြားမရှိ" ဟု ကျမ်းဂန်နှင့်အညီ ကျန်စစ်မင်းကြီးက ပြည်ရွှေဆံတော် ဘုရား ကျောက်စာ၌ ရေးထိုးခဲ့သည်။

မြတ်စွာဘုရား ပါရမီတော်များကို ဖြည့်ကျင့်ခဲ့သည်မှာ ဤရွှေ့ဤမျှ ရှိသည်ဟု ဂဏန်းချ၍ နှိုင်းဆရေတွက်မရလောက်အောင် များပြားလှသည်။ သိသာအောင်-ဖော်ပြရလျှင် ကမ္ဘာလောကရှိ သတ္တဝါအပေါင်း၏ ကောင်းမှုပါရမီ များကို စုပေါင်းပြီး အဆတစ်ရာဖြင့် မြှောက်လျှင် ရရှိသော အဖြေအရေအတွက် သည်ပင် တစ်ဆူတစ်ဆူသောဘုရားရှင်၏ ပါရမီကုသိုလ်ကို မမှီနိုင်သေးကြောင်း ပြဆိုထားသည်။ ဘုရားရှင်၏ ပါရမီတော်ဂုဏ်မှာ ဤမျှလောက်ကြီးမား လှသည်။

လေးအသချေ်နှင့် ကမ္ဘာတစ်သိန်း စုဆောင်းဖြည့်ကျင့်တော်မူခဲ့သော ပါရမီတော်များသည် ဘုရားဖြစ်ရာ နောက်ဆုံးသီဒုတ္ထမင်းသားဘဝ၌ နောက်ထပ် အကျိုးပေးစရာ ဘဝမရှိတော့သဖြင့် အဆုံးစွန် အကျိုးပေးရမည့် အချိန်ဖြစ်၏။ ပါရမီကံများ သူ့ထက်ငါ စုပြိုအကျိုးပေးလေတော့မှာ ဘာမျှ လိုလေသေးမရှိ၊ ရုပ်လက္ခဏာတော်မှ စ၍ ကောင်းခြင်းဂုဏ်မှန်သမျှ အကြွင်းမဲ့ ပြည့်စုံတော်မူရ၏။ ဂုဏ်တော်အနန္တ ပိုင်ရှင် ဖြစ်တော်မူသည်။

ဗုဒ္ဓဘာသာဝင်တိုင်း၏ နှလုံးသား၌ အမြဲတစေ သိုမှီးသိမ်းဆည်း ထားရမည့် ဂုဏ်တော်များကား ထိုဂုဏ်တော်အနန္တထဲမှ ပို၍ ပဓာနကျသော အောက်ပါ ပင်မဂုဏ်တော်ကိုးပါးပင်တည်း။

ဘုရားဂုဏ်တော် ၉-ပါး ပါဠိ

ဣတိပိ သော ဘဂဝါ - အရဟံ၊
- သမ္မာသမ္ဗုဒ္ဓေါ၊
- ဝိဇ္ဇာစရဏသမ္ပန္နော၊
- သုဂတော၊
- လောကဝိဒူ၊
- အနုတ္တရော ပုရိသဒမ္မသာရထိ၊
- သတ္ထာ ဒေဝမနုဿာနံ၊
- ဗုဒ္ဓေါ၊
- ဘဂဝါ။

၁။ အရဟံဂုဏ်တော်

အနက်

သော ဘဂဝါ-ထိုရွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ - ဣမိနာ စ ကာရဏေန -တစ်ထောင့်ငါးရာ ကိလေသာတို့ ဝါသနာဓလေ့ ထုံအွေ့.မျှ မငွေ့.မရိပ် ဝင်းဝင်းဖိတ်သို့ ရွှေစိတ်ပျံ့.သင်းလွန်သန့်.ရှင်း၍ မင်းမင်းနတ်လူ · များပြည်သူတို့ ကြည်ဖြူကော်ရော်

အလှူတော်မှန် အပူဇော်ကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။
အရဟံ - အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးရှိမကုန် ဖြဟ္မာဘုံ တိုင်အောင် ပြန့်လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

အရဟံ= လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

အဓိပ္ပာယ်

အရဟံဂုဏ်တော်၏ အနက်အပြည့်အစုံကို လေ့လာလျှင် အောက်ပါ အတိုင်း တွေ့ရသည်-

(က) အရဟံ -ကိလေသာတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား၊

(ခ) အရ-ဟံ -ကိလေသာရန်သူတို့ကို ပယ်သတ်တော် မူတတ်သော မြတ်စွာဘုရား၊

(ဂ) အရ-ဟံ -သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးတော် မူတတ်သော မြတ်စွာဘုရား၊

(ဃ) အရဟံ - ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊

(င) အ-ရဟံ -ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

ဂုဏ်ဟူသည့် အရည်အချင်း

မြတ်စွာဘုရားရှင်၏ အရဟံ အစရှိသော ဂုဏ်ကျေးဇူးတော်တို့ကို (အာရုံပြု၍ ဖြစ်ပွားပေါ်ပေါက်လာသော) သတိရနေမှုသည် ဗုဒ္ဓါနုဿတိမည်၏၊ ထိုသတိရမှုကို ကြိမ်ဖန်များစွာ ဖြစ်ပွားအောင် ပြုခြင်း၊ နှလုံးသွင်းခြင်းသည် ဘာဝနာမည်၏။

လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ အဖိုးတန် ရတနာဟူသမျှတို့၌ စကားမြွက်ဆိုသောဂုဏ်အရည်အချင်းတို့ရှိကြသည်။ ဂုဏ်ဟူသည် ထိုက်တန်သော

အရည်အချင်းဖြစ်၍ လိုလားအပ် မြတ်နိုးအပ်သည်။ သိဒ္ဓိတန်ခိုး တန်ဖိုးအရှိဆုံး ဂုဏ်နှင့်ပြည့်စုံသော ဇောတိရသ ပတ္တမြား၊ လိုတ, ရသည့် စွမ်းအားဂုဏ်နှင့် ပြည့်စုံသော မနောမယ ဣဒ္ဓိသယပတ္တမြားတို့သည် သက်မဲ့ ရတနာများပင် ဖြစ်သော်လည်း လွန်စွာ အဖိုးတန်သော တန်ခိုးဂုဏ်နှင့် ပြည့်စုံသဖြင့် သတ္တဝါတို့ လိုလားတောင့်တ ကိုးစားကြသည်။

ရတနာတို့တွင် ဘုရား, တရား, သံဃာ ရတနာတို့သည် အမြတ်ဆုံး ဖြစ်ကြ၏။ သတ္တဝါအားလုံးတို့၏ ကိုးကွယ်မှုကို ခံတော်မူထိုက်ကြသည်။ 'ကိုး'ဟူသည် အားကိုးမှု အားထားမှီခိုမှုဖြစ်သည်။ 'ကွယ်'ဟူသည် ပယ်ဖျောက်စေခြင်း၊ ဖျောက်ကင်းအောင် ပြုလုပ်ပေးနိုင်ခြင်းဖြစ်သည်။ ထိုဘုရား ရတနာကို ကိုးကွယ်လိုက်လျှင် ကောင်းကျိုးမှန်သမျှ အားကိုးစရာရ၍ ဒုက္ခအားလုံးမှ ဖျောက်ကင်းစေရန် အကာအကွယ်လည်း ရယူပြီး ဖြစ်သည်။

ထိုသို့ သတ္တဝါအများ ကိုးကွယ် အားထားလောက်သည့် ဘုရားဟူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးဟု သတ်မှတ် စံထားရမည့် ပဓာနဂုဏ် အရည်အသွေးကား အဘယ်ပါနည်း။

အရဟံဖြစ်မှု မြတ်ဗုဒ္ဓ

လောကဌ် ဖြစ်ခြင်းသဘောရှိလျှင် မဖြစ်ခြင်း, ချုပ်ငြိမ်းခြင်း သဘောလည်း ရှိရပေမည်။ လည်ပတ်နေခြင်းသဘောရှိလျှင် ရပ်ခြင်း ပြတ်ခြင်းသဘောလည်း ရှိရပေမည်၊ သတ္တဝါမှန်သမျှတို့သည် တစ်ဘဝပြီး တစ်ဘဝ မရပ်မနား ဆုံလည်နွှားသို့ တသွားတည်း သွားနေရသည်ကို သံသရာ လည်သည်ဟု ခေါ်၏။ အဘိဓမ္မာ သဘာဝအားဖြင့် ခန္ဓာ၊ အာယတန၊ ဓာတ်သဘောတို့ ကြောင်းကျိုးဆက်စပ်၍ ဖြစ်ပေါ်လှည့်ပတ် မနေခြင်းပင်တည်း။ အဝိဇ္ဇာနှင့်တဏှာ အရင်းခံသော ကိလေသာ ဆယ်ပါးတို့သည် သံသရာလည်ပတ်ကြောင်း တရားများ ဖြစ်၏။ သံသရာစက်ဘီးကြီး လည်ပတ်နိုင်ခဲ့ရန်အတွက် အကန့်, တကူ, ဒေါက်များအဖြစ် ကိလေသာတို့က နိုင်ခဲ့အောင် တည်ဆောက်ထားသည်ကို တွေ့ကြရသည်။ သံသရာ စက်ဘီးကြီး မလည်ပတ်နိုင်အောင် အလည်ရပ်အောင် ဒေါက် တကူ အကန့်များနှင့်တူသော ကိလေသာတရားဆိုးတို့ကို ရှိက်ချိုးရပေမည်။

ဘုရားအလောင်းတော်သည် ထိုသံသရာစက် ပြတ်စဲရေးအတွက် ကောင်းမှု ပါရမီများကို ထပ်ကာထပ်ကာ ဖြည့်ကျင့်သောအခါ နောက်ဆုံးတွင် ပါရမီပြည့်ဝ ရင့်ကျက်သူဖြစ်လာသည်။ အကြိမ်တစ်ထောင် မီးတိုက် လှော်ထားသော ရွှေစင်ရွှေသားသည် ညစ်ကြေးကင်းစင် ကြည်လင်တောက်ပ လာသကဲ့သို့ ပါရမီတော် အဟုန်တို့ကြောင့် ကိလေသာအလုံးစုံ ကုန်စင်ကာ အဖြူစင်ဆုံး အမြင့်မြတ်ဆုံး အသန့်ရှင်းဆုံး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်လာခဲ့သည်။

လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ အကြီးအမှူး အထူးအားကိုးရမည့် ပုဂ္ဂိုလ်မြတ်ကြီးတစ်ဆူ ဆိုထိုက်သူ၏ ဂုဏ်အရည်အချင်းတို့တွင် အရေးအကြီး ဆုံးသော ဂုဏ်အရည်အချင်းတစ်ရပ်မှာ အခြားမဟုတ်၊ ထိုကိလေသာ ကင်းစင်မှုပင်ဖြစ်သည်။ မိမိကိုယ်တိုင်က ကိလေသာ မကင်းသေးပါဘဲလျက် အခြားသူများကို ကိလေသာကင်းအောင် နည်းပေးရှေ့ဆောင်ရန်မှာ မည်သို့မျှ မဖြစ်နိုင်ချေ။

အမြဲမပြတ် လည်ပတ်နေသော ဖြစ်ပျက်မွေးသေ ယန္တရားကြီးအတွင်း၌ မိမိကိုယ်တိုင် မျောပါနေရပါလျက် အခြားသူများအား မအို မနာ မသေရာ အမြဲတမ်း ချမ်းသာသည့် ထာဝရဘုံသို့ ခေါ်ဆောင်ကယ်တင်မည်ဆိုသော ဘုရားသခင်များလည်း လောကဌ္ဌ ရှိနေကြ၏။ ကိုယ်စားလှယ် ဆိုသူများကလည်း ထိုဘုရားများကို အနန္တဂုဏ်တို့ဖြင့် မွမ်းထုံနေကြသည်။

အရဟံဂုဏ်တော်ကြီးကား ဤ၌ တစ်ခုတည်းသော မှတ်ကျောက်ကြီး ပင်တည်း။

လယ်ယာမြေကောင်း ပေါင်းမြက်မရှိ

အကျဉ်းအားဖြင့် ကိလေသာဆယ်ပါး၊ အကျယ်မြောက်ပွားပါက တစ်ထောင့်ငါးရာ ကိလေသာတို့ကို ဘုရားရဟန္တာ ပုဂ္ဂိုလ်မြတ်တို့သာ အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမရှိ ပယ်သတ်တော်မူနိုင်ကြ၏။ သို့ရာတွင် ရဟန္တာအရှင်တို့မှာမူ သံသရာတလျှောက် စွဲကပ်ထုံမွမ်းလာသော ဝါသနာဓလေ့ အထုံအငွေ့ဟူသမျှတို့ကို အကြွင်းမဲ့ ပယ်သတ်တော်မမူနိုင်၊ သဗ္ဗညုဘုရားရှင် တို့သာလျှင် ကိလေသာတရားဆိုးတို့ကို အငွေ့အသက် အထုံ ဝါသနာနှင့်တကွ မြဲခြံမ်းတစေမျှ မကျန်ရအောင် လုံးဝအပြီးပိုင် ပယ်ရှားတော်မူနိုင်၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို အတုမရှိ ခံတော်မူထိုက်သည်။

ပေါင်းမြက်အမိုက်ကင်းရှိ သန့်ရှင်းသော လယ်ယာမြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့များ သန်မာဖွံ့ဖြိုး အကျိုးဖြစ်ထွန်း၏၊ အသီးအပွင့်ကောင်းစားသုံးလိုလျှင် ထိုမြေမျိုး၌သာ စိုက်ပျိုးသင့်၏။ ထို့အတူ ကိလေသာပေါင်းမြက်ကင်းစင်၍ စိတ်ဆောအစဉ် အမြဲကြည်လင်နေသော ဘုရားရှင်တည်းဟူသော လယ်မြေ ကောင်းကြီး၌ စိုက်ပျိုးလိုက်သော လှူဒါန်းပူဇော်ရခြင်းတည်းဟူသော မျိုးစေ့များသည်လည်း ရည်မှန်းသလောက် အကျိုးရောက်စေနိုင်ကြ၏။ စိုက်ပျိုးသူ အလိုက္ခအောင် အပြည့်ဝဆုံး ဖြည့်စွမ်းနိုင်သော အတုမရှိ လယ်ယာမြေကောင်းကြီး ဖြစ်၏။

'အရဟံ - လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား' ဆိုသည်မှာ ဤအဓိပ္ပာယ်ပင်တည်း။

၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

အနက်

သော ဘဂဝါ - ထိုရွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ= ဤမိမှာ စ ကာရဏေန - သဗ္ဗညုဂုဏ်အား စွမ်းပကားဖြင့် များသဒ်ါရ ဝိကာရနှင့် လက္ခဏပညတ် နိဗ္ဗာန်ဓာတ်ဟု ငါးရပ်သိရန် ဥယျမေ်ကို ဖောက်ပြန်မရှိ ကိုယ်တော်တိုင်သိတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ - သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာတုံတိုင်အောင် ပြန့်လိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သမ္မာသမ္ဗုဒ္ဓေါ = အလုံးစုံသော တရားတို့ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရား။

အဓိပ္ပာယ်

ပထမဆုံး အရဟံဂုဏ်တော်ဖြင့် မင်္ဂလာတော်စွမ်းအားကြောင့် မြတ်စွာဘုရားရှင်၏ စိတ်တော်အစဉ်သည် ကိလေသာ အပူအညစ် ကင်းသဖြင့် အသန့်ရှင်းဆုံး၊ အစင်ကြယ်ဆုံးဖြစ်တော်မူကြောင်း ပြခဲ့ပြီ။ ယခု ဒုတိယမြောက် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့် မြတ်စွာဘုရားရှင်သည် ကိုယ်လေသာ ကင်းစင်ရုံသာမက တရားအလုံးစုံကို အကုန်သိမြင်နိုင်သော သဗ္ဗညုတ ဉာဏ်ထူးရှင်ကြီးလည်း ဖြစ်ကြောင်း ထပ်လောင်းကြည်ညိုရသည်။

ဇလေးအသရေျဖနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီတော်တို့ကြောင့် မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ သိစရာမှန်သမျှကို မည်သူနှင့်မျှ နှိုင်းယှဉ်မရအောင် လုံးဝဉဿုံ အကုန်အစင် သိတော်မူသည်။

သဗ္ဗညုတဉာဏ်တော်မြတ်

'သဗ္ဗညုတဉာဏ်' ဟူသော ပုဒ်မှာ 'သဗ္ဗသဗ္ဗညုတဉာဏ်' ဟု အပြည့်အစုံခေါ်ဆိုရမည် ဖြစ်သော်လည်း စကားလုံးတူနေသော သဗ္ဗပုဒ် နှစ်ပုဒ်ကို တစ်ပုဒ်တည်းဖြစ်အောင် (သဗ္ဗ + သဗ္ဗ = သဗ္ဗ - ဟု ထပ်တူပြု၍ - ဧကသိတ်ပြု၍) သဗ္ဗညုတဉာဏ်ဟု သုံးစွဲထားခြင်းဖြစ်သည်။

သဗ္ဗ = သိစရာတရား အားလုံးကို သိတော်မူသည်။

သဗ္ဗ = သိစရာ အားလုံးထဲက သိစရာ အချက်အလက်တစ်ခုချင်းနှင့် ပတ်သက်၍လည်း အစ အလယ် အဆုံး သုံးပါးလုံး အကုန်အစင် သိမြင်တော်မူ၍ တရားနာသူပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်စရိုက်အလိုက် ဟောပြရမည့် ဒေသနာတို့ကိုလည်း သိတော်မူသည်ဟု ဆိုလိုသည်။ သဗ္ဗညုတဉာဏ်တော်၌ အစွမ်းသုံးပါးရှိသည်။ ထိုအစွမ်းသုံးပါးမှာ အောက်ပါအတိုင်းဖြစ်သည်

ဆောင်ပုဒ် ။ ။ (၁) သိစရာမှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင် သဗ္ဗညုတဉာဏ်တော် အစွမ်းတည်း။
(၂) သိသည့်တရား များအပြား၌ ဟာထား၊စဖွယ် နည်းသွယ်သွယ်ကို ခြယ်လှယ်စုံလင် အကုန်မြင် သဗ္ဗညုတဉာဏ်တော် အစွမ်းတည်း။
(၃) ကျွတ်ထိုက်ကြပေ များဝဓနေ၏ ဣန္ဒြေစရိုက် သူ့.အကြိုက်ကို နှိုက်ချွတ်စုံလင် အကုန်မြင် သဗ္ဗညုတဉာဏ်တော် အစွမ်းတည်း။

ဉာဏ်တော်စွမ်းပကား ဤသုံးပါးကြောင့် အများဝဓနေ ကျွတ်လွတ်စေဖို့ မနေမနား သက်တော်အားဖြင့် ကြီးမားသိတိ ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင် ဘုန်းခေါင်ငါတို့ဘုရားတည်း။

ဥယျမမ်တရားငါးပါး

သတ္တဝါတို့နေထိုင်ရာ စကြဝဠာ ကမ္ဘာလောကဓာတ်တို့သည် ရေတွက်မရ များလွန်းလှသဖြင့် အနန္တစကြဝဠာဟု ခေါ်ကြရသည်။ စကြဝဠာလောကဓာတ် တစ်ခုတစ်ခုၟလည်း သတ္တဝါအနန္တတို့ နေထိုင်ကြသည်။ ထိုသို့ စကြဝဠာ အနန္တၟ၌ သတ္တဝါအနန္တတို့ ရှိနေကြလင့်ကစား သိသင့်သိဖွယ် သဘောတရားများကို စုပေါင်းလိုက်လျှင် ငါးမျိုးသာရှိသည်။ ထိုငါးမျိုးကို ဥယျမမ်တရားငါးပါးဟု ခေါ်သည်။

[ဥယျ = သိသင့် သိထိုက်သော (သိစရာဖြစ်သော) + ဓမ် =ဓမ္မ= သဘောတရားများ။]

ထိုဥယျမမ်တရားငါးပါးမှာ -

(၁) သန်ါရ = စိတ် စေတသိက် ဟူသော နာမ်တရားနှင့် နိပ္ပန္နရုပ်များ၊
(၂) ဝိကာရ = ဝိကာရရုပ်ငါးပါး၊
(၃) လက္ခဏ= လက္ခဏာရုပ်လေးပါး၊
(၄) ပညတ် = လူ နတ် ဗြဟ္မာ ဆင်မြင်း ကျွဲ နွား စသော ပညတ်များ၊
(၅) နိဗ္ဗာန် = တဏှာစက်ကွင်းမှ ရှင်းရှင်းကြီး လွတ်မြောက်သော တရား။

ထိုတရားငါးပါးကို လေ့လာကြည့်လျှင် လူတို့သတ်မှတ်ခေါ်ဝေါ်နေသော ပညတ်များ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော နာမ်တရား, ရုပ်တရားများနှင့် နိဗ္ဗာန်တို့သာ ဖြစ်ကြောင်း တွေ့ရသည်၊ ဤထက် ပို၍ သိစရာမရှိပေ။ ဤတရားငါးပါးကို ပြည့်ဝ စုံလင် ကုန်စင်စွာ ပိုင်းခြားသိသူမှသာ ဘုရားဖြစ်နိုင်ပေသည်။

ထိုသို့ သိရှာၟလည်း မြတ်စွာဘုရားသည် ဟောက်လွဲဟောက်ပြန် မှားယွင်းစွာ သိသည်မဟုတ်ပေ၊ အမှန်အကန် ကောင်းမွန်စွာ သိတော်မူသည်။ ထိုသို့ မှန်ကန် ကောင်းမွန်စွာ သိရှာၟလည်း ဆရာမရှိ ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသည်။ ဤသို့ မှန်ကန်စွာ ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသဖြင့် သမ္မာသမ္ဗုဒ္ဓ ဟု ဂုဏ်ပြု ပူဇော်ခဲ့ကြရလေသည်။

၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

အနက်

သော ဘဂဝါ – ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ= ဣမိနာ စ ကာရဏေန – သုံးပါး ရှစ်ပါး နှစ်မျိုးအားဖြင့် ဟောထားပညာ ဉာဏ်ဝိဇ္ဇာတည့် နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်မဖင့် အမှန်သင့်သည့် အကျင့်စရဏ ဆယ့်ငါးဝနှင့် တကွဉသုံ ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော – ဝိဇ္ဇာစရဏသမ္ပန္နဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာဘုံတိုင်အောင် ပြန့်လိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

ဝိဇ္ဇာစရဏသမ္ပန္နော = ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာ ရှစပါး၊ စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူမသော မြတ်စွာဘုရား။

အဓိပ္ပာယ်

ဘုရားရှင်ဟူသည် သတ္တဝါအားလုံးတို့၏ ကိုးကွယ်ရာ ဦးဆောင်ပုဂ္ဂိုလ်မြတ်ကြီးဖြစ်သည်။ ဦးဆောင်ပုဂ္ဂိုလ်တို့ မည်သည် အလုပ်နှင့် အပြောညီညွတ်ရသည်။ လုပ်သလို ပြော၍ ပြောသလို လုပ်ရသူ ဖြစ်သည်။ မြတ်စွာဘုရားရှင်၌ ဝိဇ္ဇာခေါ် အသိဉာဏ်ထူးရှိတော်မူသကဲ့သို့ စရဏခေါ် အကျင့်မြတ်နှင့်လည်း ပြည့်စုံတော်မူသည်။

ဝိဇ္ဇာသည် အမှန်အမှား ခွဲခြားသိနိုင်သော မျက်စိအမြင်ဓာတ်ဖြစ်၍ စရဏသည် မြင်သည့်အတိုင်း သွားလာ လုပ်ကိုင် ရယူနိုင်သော လက်ခြေများ ဖြစ်သည်။ အသိဉာဏ်ထူးရှိသော်လည်း အကျင့်မြတ်မရှိက ချမ်းသာစစ် ချမ်းသာမှန်ကို မရနိုင်။ တဖန် အကျင့်မြတ်သာရှိပြီး အသိဉာဏ်ထူး မရှိလျှင်လည်း လမ်းမှန်မရောက်နိုင်၊ မြတ်စွာဘုရားရှင်ကား ဝိဇ္ဇာစရဏ မျက်စိ လက်ခြေ နှစ်ထွေ အသိ အကျင့်နှင့် ပြည့်စုံတော်မူသည်။

ဝိဇ္ဇာ = အသိဉာဏ်ပညာ

ဝိဇ္ဇာကို အမျိုးအစားအားဖြင့် သုံးပါး ရှစ်ပါး နှစ်မျိုးခွဲထား၏။

ဝိဇ္ဇာသုံးပါး

(၁) ပုဗ္ဗေနိဝါသာနုဿတိဉာဏ် = ရှေးရှေးဘဝ သံသရာ၌ နေထိုင် တွေ့ကြုံခဲ့သမျှကို ပြန်၍ အောက်မေ့ သိမြင်နိုင်သောဉာဏ်၊

(၂) ဒီဗ္ဗစက္ခုဉာဏ် = နတ်မျက်စိကဲ့သို့ ဝေးကွာသော အရာ, သေးငယ်သောအရာများကို မြင်နိုင်သောဉာဏ်၊

(၃) အာသဝက္ခယဉာဏ် = ကိလေသာအာသဝေါတို့ကို ကုန်စင်စေနိုင်သော အရဟတ္တမဂ်ဉာဏ်တို့ဖြစ်ကြသည်။

ဤဝိဇ္ဇာဉာဏ် သုံးပါးသည် ဘုရားရှင်တို့အတွက် လွန်စွာ အရေးပါလှသော ဉာဏ်တော်များ ဖြစ်သည်။ 'ပ - ဒိ -အာ' ဟု အတိုကောက် သုံးလေ့ရှိသော ဘုရားဉာဏ်တော်များ ဖြစ်သည်။

ဝိဇ္ဇာရှစ်ပါး

(၁) ဝိပဿနာဉာဏ် - အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ရုပ်နာမ်တရားအားလုံးကို ရှုမြင်တော်မူသောဉာဏ်၊

(၂) စေတောပရိယဉာဏ် - အခြားသူများ၏ စိတ်ကို သိနိုင်သောဉာဏ် (ပရစိတ္တဝိဇာနနဉာဏ်ဟု လည်းခေါ်သည်)၊

(၃) မနောမယိဒ္ဓိဉာဏ် - မိမိခန္ဓာကိုယ်အတွင်း၌ အလားတူကိုယ်တစ်မျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သောဉာဏ်၊

(၄) ဒိဗ္ဗသောတဉာဏ် - နတ်တို့နားကဲ့သို့ ဝေးသောအသံ၊ တိုးသော သေးငယ်သော အသံတို့ကို ကြားနိုင်သောဉာဏ်၊

(၅) ဣဒ္ဓိဝိဓဉာဏ် - မြေလျှိုးမိုးပျံစသော တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောဉာဏ်၊

ဤဉာဏ်တော်ငါးပါးနှင့် ဟော်ပြပြီး ဝိဇ္ဇာသုံးပါးခေါ် ဉာဏ်တော်သုံးပါးကို ပေါင်း၍ ဝိဇ္ဇာရှစ်ပါးဟု ခေါ်သည်။

ဆောင်ပုဒ်။ ။ ပ, ဒိ, အာ, ဝိ၊ စေ, မ, ဒိ၊ ဉဒ္ဓိ ဝိဇ္ဇာရှစ်။

စရဏ = အကျင့်တရား တစ်ဆယ့်ငါးပါး

နိဗ္ဗာန်ရရန် ကျင့်ကြံရမည့် တရားများကို စရဏဟု ခေါ်သည်။ ထိုစရဏ တရားကား တစ်ဆယ့်ငါးပါးရှိ၏။ ယင်းတို့မှာ–

(၁) သီလ – ကိုယ်ကျင့်သီလလုံခြုံမှု၊
(၂) ဣန္ဒြိယသံဝရ – တွေ့မြင် ကြားသိသမျှဌ် လောဘ ဒေါသ မဖြစ်စေဘဲ မျက်စိ နား နာ လျှာ ကိုယ် စိတ် ဣန္ဒြေများကို ငြိမ်သက်အောင် စောင့်ထိန်းမှု၊
(၃) ဘောဇနေမတ္တညုတာ – စားသောက်ရာဌ် အတိုင်းအရှည် ပမာဏ သိမှု၊
(၄) ဇာဂရိယာနုယောဂ – နိုးနိုးကြားကြား အိပ်စက် နေထိုင်မှု၊ အအိပ်အနေ နည်းမှု၊
(၅) သဒ္ဓါ – ကုသိုလ်အကုသိုလ်ကံ ရှိသည်၊ ထိုကံ၏ ကောင်းကျိုး မကောင်းကျိုး ရှိသည်၊ ရတနာသုံးပါး ရှိသည်၊ နောက်ဘဝ သံသရာရှိသည်ဟု ယုံကြည်မှု၊
(၆) ဟိရီ – မကောင်းမှု ဒုစရိုက်ပြုလုပ်ရန် ရှက်မှု၊
(၇) ဩတ္တပ္ပ – မကောင်းမှု ဒုစရိုက် ပြုလုပ်ရန် ကြောက်ရွံ့မှု၊
(၈) သုတ – အကြားအမြင် ဗဟုသုတ များပြားမှု၊
(၉) ဝီရိယ – ကုသိုလ်ကောင်းမှု အလုပ်များဌ် ကြိုးစား အားထုတ်မှု၊
(၁၀) သတိ – ကုသိုလ်ကောင်းမှု အလုပ်များကို ထပ်ကာထပ်ကာ အမှတ်ရ အောက်မေ့ နေမှု၊
(၁၁) ပညာ – ရုပ်နာမ် အဖြစ်အပျက်ကို သိနိုင်သည့် ပညာနှင့် ပြည့်စုံမှု၊

(၁၂) ဝ်တက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ - စျာန်အင်္ဂါ ငါးပါးရှိသော ပဌမစျာန်၊

(၁၃) ပီတိ သုခ ဧကဂ္ဂတာ-စျာန်အင်္ဂါ သုံးပါးရှိသော ဒုတိယစျာန်၊

(၁၄) သုခ ဧကဂ္ဂတာ-စျာန်အင်္ဂါ နှစ်ပါးရှိသော တတိယစျာန်၊

(၁၅) ဥပေက္ခာ ဧကဂ္ဂတာ-စျာန်အင်္ဂါ နှစ်ပါးရှိသော စတုတ္ထစျာန်-တို့ဖြစ်ကြသည်။

ဆောင်ပုဒ်။ ။ သီလစောင့်လေ၊ ဣန္ဒြေထိန်းရ၊ အာဟာရမှာ၊ တိုင်းတာကိုသိ၊ နိုးကြားရှိလျက်၊ ဟိရိ ဩတ္တပ္ပ၊ သုတ ပညာ၊ သဒ္ဓါသတိ၊ ဝီရိယစု၊ ပ ဒု တ စ၊ စျာန်လေးဝ၊ စရဏာတစ်ဆယ့်ငါး။

၄။ သုဂတဂုဏ်တော်

အနက်

သော ဘဂဝါ= ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ = ဣမိနာ စ ကာရဏေန - ဒီပက်ရာ ထွတ်ချာသနင်း ခြေတော်ရင်းမှ မိတင်းသိရိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ စုံပြည့်ညီလျက် သုံးလီဘဝ များသတ္တ၏ သုခစီးပွား ကျင့်သောအားဖြင့် မိုက်မှားအယူ မိစ္ဆာဟူက၊ ဆဲမြူတစိ မကပ်ငြိဘဲ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗဉ်ညာဏ်တော် ရကြောင်းရော်၍ လာတော်မူတတ် ကျိုးရှိဟုတ်မှန်သော စကားကို ဆိုတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ သုဂတော - သုဂတဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာဘုံတိုင်အောင် ပြန့်လှိုင်ကျော်ကြာ. ထင်ရှားတော်မူပါပေ၏။

သုဂတော = (၁) ကောင်းစွာ ကြွလာတော်မူသော မြတ်စွာဘုရား၊
(၂) နိဗ္ဗာန်သို့ ကြွသွားတော်မူသော မြတ်စွာဘုရား၊
(၃) ကောင်းသော စကားကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရား။

ဆင်ပွာယ်

ဘုရားအလောင်းတော်သည် ဘုရားဆု စတင် ပန်ဆင်တော်မူရာ ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဧကန်စင်စစ် ဘုရားဖြစ်လိမ့်မည်ဟူသော

ဗျာဒိတ်တော် ရပြီးချိန်မှစ၍ ကာမ ရူပ အရူပဘုံသား သတ္တဝါများ၏ စီးပွားချမ်းသာ မင်္ဂလာအလို့ငှာ ဆင်းရဲခံတော်မူပြီး ပါရမီဆယ်ပါး တို့ကို အပြည့်အစုံ ဖြည့်ကျင့်တော်မူခဲ့သည်။ သံသရာတလျှောက် ကျင်လည်ရာဝယ် မိစ္ဆာဒိဋ္ဌအယူဆိုး အယူမှားများကို မကိုးကွယ် မခံယူဘဲ သတိသမ္ပဇဉ် ဉာဏ် ပညာယှဉ်၍ အစဉ် ရှောင်ရှားကာ ဘုရားဖြစ်ရန် ဖြောင့်မှန်စွာ ကျင့်ကြံလျက် လမ်းဖြောင့်လမ်းမှန် အတိုင်း ကြွလာတော်မူခဲ့သည်။ ထိုသို့ နိယတဗျာဒိတ် ရသည်မှစ၍ ပါရမီ(၁၀)ပါးကို ဖြည့်ကျင့်တော်မူခဲ့ခြင်း၊ မိစ္ဆာအယူကင်း၍ သန့်ရှင်း ဖြောင့်တန်းစွာ ကြွလာတော်မူခြင်းတို့ကြောင့် သုဂတဟူသော ဂုဏ်ထူးနှင့်လည်း ချီးကျူးပူဇော်ရသည်။

ဘုရားဖြစ်တော်မူသောအခါ၌လည်း သဿတဒိဋ္ဌ ဥစ္ဆေဒဒိဋ္ဌ ဝဲယာအစွန်း နှစ်ဘက် မကပ်ငြိဘဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်းသော မဂ္ဂင်လမ်းမတော်ဖြင့် နိဗ္ဗာန်သို့ ကောင်းစွာ ကြွသွားတော်မူခြင်းကြောင့်လည်း သုဂတမည်တော်မူ၏။

ထိုမှတပါး လောက၌ လူများပြောဆိုနေကြသောစကားမှာ ခြောက်မျိုး ရှိ၏။ ထိုခြောက်မျိုးမှာ--

(၁) မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ သူတပါးလည်း မနှစ်သက်သော စကား၊
(၂) မှန်၏၊ အကျိုးမရှိ၊ သူတပါးမနှစ်သက်သောစကား၊
(၃) မှန်၏၊ အကျိုးရှိ၏၊ သူတပါးမနှစ်သက်သောစကား၊
(၄) မမှန်၊ အကျိုးမရှိ၊ သူတပါးနှစ်သက်သောစကား၊
(၅) မှန်၏၊ အကျိုးမရှိ၊ သူတပါးနှစ်သက်သောစကား၊
(၆) မှန်လည်းမှန်၏၊ အကျိုးလည်းရှိ၏၊ သူတပါးလည်း နှစ်သက်သော စကား--တို့ဖြစ်သည်။

ဤစကားခြောက်မျိုးတွင် အမှတ်(၃) (၆) စကားများသည် "စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်" ဆိုသည့်အတိုင်း ကောင်းသော စကားများဖြစ်ကြသည်။ မြတ်စွာဘုရားသည် အမှတ်(၆)ဖြစ်သည့် ဟုတ်မှန်ကျိုးရှိ၍ သူတပါးလည်း နှစ်သက်သော စကားမျိုးကို အများဆုံး ပြောဆိုဟောကြားတော်မူ၏။ အမှတ်(၃) ဖြစ်သည့် ဟုတ်မှန်ကျိုးရှိသော်လည်း သူတပါးမနှစ်သက်သော စကားမျိုးကိုမူ အချိန်အခါအရ ပြောဆိုသင့်သည့်

အခါ ပြောကြားတော်မူသည်။ ဤသို့ ကောင်းသောစကားကို ပြောဆိုတော်မူတတ်သောကြောင့်လည်း သုဂတမည်တော်မူသည်ဟု သုဂတ-ပုဒ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုကြ၏။

၅။ လောကဝိဒူဂုဏ်တော်

အနက်

သော ဘဂဝါ - ထိုရွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ= ဣမိနာ စ ကာရဏေန - သတ္တောကာသ သခ်ါရဟု လောကသုံးဘုံအလုံးစုံကို အာရုံထင်စွာ ပိုင်းခြားကာဖြင့် ကောင်းစွာကုန်စင် သိမြင်တော်မူသောဤ အကြောင်းကြောင့်လည်း။။ လောကဝိဒူ - လောကဝိဒူ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာဘုံတိုင်အောင် ပြန့်လိုင်ကျော်ကြားထင်ရှားတော်မူပါပေ၏။

လောကဝိဒူ = လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား။

အဓိပ္ပာယ်

လောကသည် သတ္တလောက, သြကာသလောက, သခ်ါရလောကဟု သုံးမျိုးရှိသည်။ အသက်ရှိသော သတ္တဝါအပေါင်းသည် သတ္တလောကမည်၏။ သတ္တဝါမျိုးစုံတို့၏ တည်နေရာ ဘုံဌာနသည် သြကာသလောကမည်၏။ ရုပ်တရား နာမ်တရားအပေါင်းသည် သခ်ါရလောကမည်၏။

သတ္တလောကတွင် လူသား သတ္တဝါများ ထင်ရှားရှိသကဲ့သို့ပင် မိမိတို့ ပြုလုပ်ခဲ့သော ကံအလျောက် သင်းရဲခံနေကြရသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်များ၊ စည်းဝိုင်းစံနေကြရသော နတ်ဗြဟ္မာများလည်း ရှိကြသည်။ လူ နတ် ဗြဟ္မာ သက္ကဝါတို့ဟူသည် အဆုံးအပိုင်းအခြားမရှိ၊ ပေရတွက်နိုင်အောင်လည်း များပြားလှ၏။ မြတ်စွာဘုရားသည် ထိုကိုသတ္တဝါမျိုးစုံတို့၏ အမျိုးအမည် ရုပ်ရည်အခြေအနေကိုသာမက သတ္တဝါတစ်ဦးချင်း၏ ဘလိုဆန့်, ဒေါသယ, အနုသယ, စရိုက်, ဥာဏ်ဇွန်စသည်တို့ကိုပါ သိတော်မူသည်။ ကျွတ်ငှက်သူ ဟုတ်,မဟုတ်ကိုလည်း တိကျစွာ သိတော်မူသဖြင့် ကိုးသတ္တပါးအလိုက် စရိုက်နှင့်လျော်သော တရားဒေသနာတော်ကို ဟောပြောတော်မူနိုင်သည်။

သတ္တဝါတို့၏ တည်နေရာ လေထု ရေထု မြေထုနှင့်တကွ ဂြိုဟ်နက္ခတ်တာရာ လ နေ တို့ပါဝင်သော သြကာသသည် လောကတစ်ခု၊ စကြဝဠာတစ်ခု ဖြစ်သည်။ ထိုစကြဝဠာ သြကာသလောကမျိုးပေါင်းအနန္တ ကိုလည်း သိမြင်တော်မူသည်။

လောကသုံးရပ်တွင် သိနိုင်ခက်ဆုံးသော လောကမှာ သခ်ါရလောကပင် ဖြစ်သည်။ သတ္တလောက, သြကာသလောကတို့ကို ပကတိမျက်စိ, ဒိဗ္ဗစက္ခုဉာဏ်မျက်စိ ရှိသူတိုင်း သိနိုင် မြင်နိုင်ကြသည်။ သခ်ါရလောကကိုမူ သဗ္ဗညုမြတ်စွာဘုရားတို့သာ အပြည့်အစုံသိမြင်နိုင်သော အရာဖြစ်သည်။ ရုပ်နာမ်တရားများ ပေါင်းစပ်နေသည်ကိုပင် ပုဂ္ဂိုလ် သတ္တဝါ သူ ငါ ဟူ၍ ခေါ်နေကြသည်။ ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ တိရစ္ဆာန် သစ်ပင် တောတောင် မြို့ ရွာ စသည် ခေါ်ဝေါ်နေကြသည်။ ထိုထို ဝတ္ထုဒြပ်တို့၌ ပါဝင်သော ရုပ်တရား နာမ်တရားတို့ကို ဖယ်ထားလိုက်လျှင်၊ သို့မဟုတ် ရုပ် နာမ်အားလုံး ကုန်ဆုံး ချုပ်ပျောက်သွားလျှင် ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိတော့ပေ။

အမှန်စင်စစ် ရုပ်တရားသည်ပင်လျှင် မြေ ရေ လေ မီး ဓာတ်ကြီးလေးပါးနှင့် အခြိအရံရုပ်တို့ ပေါင်းစပ်နေမှုသာ ဖြစ်သည်။ ထိုပေါင်းစပ်နေသော ရုပ်အစုအခဲကို ရုပ်ကလာပ်ဟု ခေါ်သည်။ ရုပ်ကလာပ်တစ်ခုရှိ ရုပ်ကလေးများ၏ ဖြစ် တည် ပျက် အနုစိတ် အခြေအနေကို သိတော်မူသည်။ ရုပ်ကလာပ်လေးများ စုပေါင်းနေသဖြင့် သက်ရှိသတ္တဝါဟု ခေါ်ဆိုရသော ကိုယ်ခန္ဓာအတွင်း၌ စိတ် ဓာတသိက်ခေါ် နာမ်တရားရှိသေးသည်။ ထိုနာမ်တရားတို့ကား သိမ်မွေ့နုးညံ့လွန်းသဖြင့် လောကီပညာရှင်တို့ မသိနိုင်ကြတော့ပေ။ မြတ်စွာဘုရားသည်ကား ထိုမျှသိမ်မွေ့လှသည့်- ဖဿ ဝေဒနာ စသော နာမ်တရားတို့၏ဖြစ်ပုံ ချုပ်ပုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် သတ္တလောက, သြကာသ လောက, သခ်ါရလောက ဟူသော လောကသုံးမျိုးကို အကုန်အစင် သိမြင်တော်မူသဖြင့် လောကဝိဒူ ဟူသော ဂုဏ်ထူးဖြင့်လည်း ချီးကျူးပူဇော်ရသည်။

၆။ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်

အနုက်

သော ဘဂဝါ -ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။
ကတိပိ ကုမိနာ စ ကာရဏောန - ဇာတိ ပဉ္စ ဂုဏ် ဇလနှင့်

လောကတန်ခိုး ပညာကိုး၍ မာန်ဆိုးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ သဲစွဲကနှင့် အာဠဝက, ဇြဟ္မာ အင်္ဂုလိမာလစသော သတ္တဝါတို့ကို ဒေသနာဆောအမြှောက်ကျွေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှဝယ် အတုမရှိ သာလွန်မြင့်မြတ်သော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ-အနုတ္တရော ပုရိသဒမ္မသာရထိဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဇြဟ္မာဘုံတိုင်အောင် ပြန့်လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

အနုတ္တရော ပုရိသဒမ္မသာရထိ = လွန်စွာရိုင်းပြ ခက်ထန်လှသဖြင့် ဆုံးမထိုက်သော သတ္တဝါတို့.ကို လိမ်မာယဉ်ကျေးအောင် အတုမရှိ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

အဓိပ္ပာယ်

မြတ်စွာဘုရားသည် ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမသင့် ဆုံးမထိုက်သော လူကြမ်း နတ်ကြမ်း တိရစ္ဆာန်ကြမ်း သတ္တဝါကြမ်းကြီးများကိုပင် ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမရာ၌ အတုမရှိ စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပေသည်။

ဤလောကတွင် မြတ်စွာဘုရားထက် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် (အရဟတ္တဖိုလ်တည်းဟူသော) ဝိမုတ္တိဂုဏ် (ပစ္စဝေက္ခဏာဉာဏ်တော်တည်းဟူသော) ဝိမုတ္တိဉာဏဒဿနဂုဏ် သာလွန်သော ပုဂ္ဂိုလ်မရှိ၊ အတု အတူလည်းမရှိ အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

ဤလောကကြီးအတွင်း၌ ဇာတိမာန် ပုညမာန် ဂုဏမာန် ဗလမာန် ဣဿရိယမာန် လောကီပညာမာန် ဣသရိယ (အစိုးရမှု)မာန်အမျိုးမျိုးကို အားကိုးကာ အခြားသူများကို လွှမ်းမိုးနှိပ်စက် နှိုင်ထက်ကလူ ပြုမူနေသူများ ရှိကြသည်။ ထိုကြမ်းတမ်းခက်ထန်သော တိရစ္ဆာန်များ, လူများ နတ် နဂါး ဘီလူးများ ဇြဟ္မာများ၏ ဒိဋ္ဌိကိုချ ဒေါသကိုဖယ် မာန်စွယ်ကို ချိုးနှိမ်ပြီး ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတော်မူခဲ့သည်။

အပလာလ, စူဠဂောဒရ, မဟာဒရ, အဂ္ဂိသိခ, ဓူမသိခ, အရဝါဠ, နန္ဒောပနန္ဒ စသော နဂါးမင်းတို့.ကို လည်းကောင်း၊ နာဠာဂိရိဆင်ကြမ်းကြီးကို လည်းကောင်း၊ အာဠဝက, သုစိလောမ, ခရလောမ စသော ဘီလူးကြမ်းကြီးများကိုလည်းကောင်း ဆုံးမတော်မူကာ သရဏာဂုံသုံးပါး၊ ငါးပါးသီလတို့.၌

တည်စေတော်မူခဲ့သည်။ အင်္ဂုလိမာလ, သစ္စကပရိဗ္ဗိုဒ်, အမ္ဗဋ္ဌလုလင်, ပေါက္ခရသာတိပုဏ္ဏား, သောဏဒဏ္ဍပုဏ္ဏား, ကူဋဒန္တပုဏ္ဏား စသော ပညာရှိ မာန်ကြီးသူများကို လည်းကောင်း၊ မာရ်နတ်သား, ဗကဗြဟ္မာစသော နတ်ဗြဟ္မာများကို လည်းကောင်း နည်းမျိုးစုံသုံး၍ ဆုံးမချွတ်တော်မူခဲ့သည်။

ဤသို့လျှင် မြတ်စွာဘုရားသည် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် စသည့်အရာဝယ် ပြိုင်ဘက်မရှိ မြင့်မြတ်တော်မူ၍ ဆုံးမထိုက်သော သတ္တဝါကြမ်းကြီးများကို ယဉ်ကျေးအောင် ဆုံးမတော်မူရာ၌ အတု အတူမရှိ အမြတ်ဆုံးပုဂ္ဂိုလ်ကြီး ဖြစ်သဖြင့် အနုတ္တရော ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်ထူးဖြင့်လည်း ချီးကျူးပူဇော်ရသည်။

၇။ သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်

အနက်

သော ဘဂဝါ - ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ= ဣမိနာ စ ကာရဏေန - လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ရှေ့သွားလမ်းပြသူ ဆရာတစ်ဆူ ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ - သတ္ထာ ဒေဝမနုဿာနံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာတုံတိုင်အောင် ပြန့်လိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သတ္ထာ ဒေဝမနုဿာနံ =လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ရှေ့သွား လမ်းပြသူ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား။

အဓိပ္ပာယ်

လေ့ခေတ် လှည်းခေတ်အခါက လှည်းကုန်သည်တို့၏အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်သော ပညာရှိ လှည်းကုန်သည်ကြီးသည် ခြင်္သေ့ သစ်ကျား ခိုးသူ ဓားပြ ပေါများ၍ အစာရေစာ ရှားပါးသော သဲကန္တာရသားရဲကန္တာရ ခရီးကြမ်းကြီးကို ဖြတ်သန်းရသောအခါ ထိုခရီးဆိုးကြီးမှ လွတ်မြောက်၍ ဘေးကင်းရာသို့ရောက်အောင် နောက်လိုက် ငယ်သားကုန်သည်

များကို ချမ်းသာအောင် ဦးဆောင်လမ်းညွှန်နိုင်၏။ ထို့အတူ ဘုရားရှင်ကိုယ်တော်မြတ်သည်လည်း ပဋိသန္ဓေနေရမှု ဇာတိဒုက္ခ၊ အိုရမှု ဇရာဒုက္ခ၊ နာရမှု ဗျာဓိဒုက္ခ၊ သေရမှု မရဏဒုက္ခ၊ စိုးရိမ်ပူဆွေးရမှု သောကဒုက္ခ၊ ငိုကြွေးမြည်တမ်းရမှု ပရိဒေဝဒုက္ခ၊ ချစ်သောသူတို့နှင့် ကင်းဝေးရမှု ပိယေဟိ ဝိပ္ပယောဂဒုက္ခ၊ မနှစ်သက်သူတို့နှင့် အတူယှဉ်တွဲ အမြဲနေထိုင်ရမှု အပ္ပိယေဟိ သမ္ပယောဂဒုက္ခ စသော ဘေးဒုက္ခ အန္တရာယ်အမျိုးမျိုးတို့နှင့် ရောပြွမ်းနေသည့် သံသရာကန္တာရခရီးကြမ်းကြီးမှ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို လမ်းညွှန်ကယ်မတော်မူလျက် အို နာ သေမှုကင်းရာ ချမ်းသာအတိပြီးသော နိဗ္ဗာန်သို့ ပို့ဆောင်တော်မူသည်။

လောကဌ် အသိဉာဏ်ရှိသော ခေါင်းဆောင်လမ်းညွှန်ကောင်းကို ရခဲ၏။ ငါးရာ့ငါးဆယ်ဇာတ်တော်လာ လှည်းကုန်သည်ဇာတ်တစ်ခုဌ် ဖော်ပြပါ ပညာရှိ လှည်းကုန်သည်နှင့်အပြိုင် ပညာမဲ့လှည်းဦးစီး ခေါင်းဆောင်လမ်းပြရာ လိုက်ကြရသော လှည်းကုန်သည် အုပ်စုတစ်စုလည်း ရှိခဲ့ဖူး၏။ ထိုပညာမဲ့ လှည်းကုန်သည်အုပ်စုသည် ကန္တာရအတွင်းဌ် ဘီလူးတို့၏ လှည့်စားမှုကို နားမလည်ဘဲ ခေါင်းဆောင်မိုက်၏ လမ်းညွှန်မှုကို လိုက်နာ၍ အကျိုးမဲ့ သေဆုံးခဲ့ကြရဖူး၏။ ဘုရားအလောင်းတော် ပညာရှိ လှည်းကုန်သည်ကား မိမိဦးဆောင်သွားရမည့် ခရီးလမ်းတလျှောက်တွင် မည်သည့်နေရာဌ် မည်သို့ရှိ၍ မည်သည့်အခက်အခဲကို မည်သို့ ကျော်လွှားရမည်ဟုလည်း သိ၏။ ထို့ကြောင့် နောက်လိုက် နောက်ပါများ အားလုံး ဘေးကင်း ချမ်းသာခဲ့ကြရသည်၊ ဘုရားအလောင်းတော်ကြီးများသည် လမ်းခရီးကြမ်းကို ကိုယ်တိုင် ဦးစွာ လျှောက်လှမ်းပြီးမှ ကိန်းသေပေါက် ချမ်းသာမည့်လမ်းကို ညွှန်ပြမြဲ ဖြစ်သည်။ 'အပလ္လောကပဋိပဒါ' ဟုခေါ်၏။ ဘုရားဖြစ်ထောက်မူသောအခါကား ဆိုဘွယ်ရာ မရှိပြီ။ ထို့ကြောင့် မြတ်စွာဘုရားသည် လူ့လောက၏ ကိုးကွယ်အား ထားရာ ကိန်းသေပေါက်လမ်းကို ညွှန်ပြတော်မူနိုင်သည့် ဆရာတဆူ ဖြစ်တော်မူသဖြင့် သတ္တွာ ဒေဝမနုဿာနံဟူသော ဂုဏ်တော်ဖြင့်လည်း ချီးကျူးပူဇော်ရသည်။

၈။ ဗုဒ္ဓဂုဏ်တော်

ဒီပနကဲ့

သော ဘဂဝါ - ထိုးရွှဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဥဂတိပိ = ကျမိနာ စ ကာရကောန - ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂမည်သော

လေးသစ္စာကို ဦးစွာပိုင်ပိုင် သိမြင်နိုင်၍ သုံးဆိုင်ဝေနေ မျှားဗိုလ်ခြေကို မသွေအတူ သိစေတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ-ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာဘုံတိုင်အောင် ပြန့်လိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

ဗုဒ္ဓေါ= သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၍ သတ္တဝါတို့ကိုလည်း သိမြင်အောင် ဟောပြတော်မူနိုင်သော မြတ်စွာဘုရား။

အဓိပ္ပာယ်

ဗုဒ္ဓဟူသည် သိသင့်သိထိုက်သော သစ္စာလေးပါး မြတ်တရားတို့ကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိသူ၊ အခြားသူများကိုလည်း သိအောင် ဟောပြောပြသတော်မူနိုင်သူ ဖြစ်သည်။

သစ္စာလေးပါး ဟူသည်မှာ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ဖြစ်ကြသည်။မြတ်စွာဘုရားသည် ထိုသစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူခဲ့သည်။

ဒုက္ခသစ္စာ (ဆင်းရဲခြင်း အမှန်တရား)

ရုပ်ခန္ဓာနှင့် စိတ်စေတသိက်ဟူသော နာမ်တရားများ ပေါင်းစပ်နေသည်ကို ခန္ဓာကိုယ်ဟု ခေါ်သည်။ ဤခန္ဓာကိုယ်ရှိနေ၍သာ စားဝတ်နေမှုအတွက် ရုန်းကန်နေကြရသည်။ မြတ်စွာဘုရားရှင်က လောကကြီး တစ်ခုလုံးကို ဒုက္ခတုံးကြီးဟု ရှုမြင်တော်မူသည်။ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့သည် ဘဝသစ်တစ်ခုကိုရလျှင် အမြဲတမ်း မလွဲမသွေ ရင်ဆိုင်ရမည့်ဆင်းရဲတို့မှာ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, မျိုးဖွား အို နာ သေဆုံးရခြင်းဒုက္ခ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, ပူဆွေးငိုကြွေး ကိုယ်ဆင်းရဲစိတ်ဆင်းရဲ နှလုံးကွဲမျှ ဆင်းရဲပူပန်ခြင်းဒုက္ခ၊ 'ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော' ချစ်သူနှင့်ကွဲ၍ ဆင်းရဲရခြင်း၊ 'အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော' မနှစ်သက်သူရန်သူတို့နှင့် အတူတကွ နေထိုင်လုပ်ကိုင်ရသဖြင့် ဆင်းရဲရခြင်း၊ လိုတာမရရတာမလိုခြင်းဒုက္ခတို့ ဖြစ်ကြ၏။ ထိုဒုက္ခအားလုံး ဖြစ်ပေါ်နေရသည်မှာ

ဤခန္ဓာကြောင့်ဖြစ်သည်။ ထို့ကြောင့် ခန္ဓာငါးပါးသည် ဒုက္ခသစ္စာဖြစ်၏။ ဤခန္ဓာရှိနေသမျှ လူဖြစ်လည်း လူဒုက္ခ၊ နတ်ဖြစ်လည်း နတ်ဒုက္ခ၊ ဗြဟ္မာဖြစ်လည်း ဗြဟ္မာဒုက္ခ ခံနေကြရမည်သာ ဖြစ်သည်။ မြတ်စွာဘုရားသည် ထိုဒုက္ခသစ္စာကို သေချာစွာ ပိုင်းခြားသိတော်မူ၍ သတ္တဝါတို့ကိုလည်း သိမြင်အောင် ဟောပြတော်မူ၏။

သမုဒယသစ္စာ (ဒုက္ခဖြစ်ကြောင်း အမှန်တရား)

ဒုက္ခဖြစ်ကြောင်းကိုရှာလျှင် တဏှာလောဘခေါ် သမုဒယကို တွေ့ရသည်။ အရာရာကို နှစ်သက်ခင်မင် လိုချင်တောင့်တမှုမှန်သမျှသည် ဒုက္ခ၏အကြောင်းရင်းဖြစ်သည်။ လူဖြစ်ချင်၊ နတ်ဖြစ်ချင်၊ ဗြဟ္မာဖြစ်ချင်ကြသဖြင့် ဖြစ်အောင် ကြိုးစားကြရသည်။ ဘဝသစ်၊ ခန္ဓာသစ်၊ ဇာတိသစ်နေရာသစ်တို့ကို ရရှိကြသည်။ လိုချင်တောင့်တမှုကား ပြည့်ဝပြီ အားရပြီဟူ၍မရှိ၊ အမြဲလိုချင်သာဖြစ်၏။ ဆားငံရေနှောက် ငတ်တိုင်းသောက်က သောက်လေသောက်လေ ငတ်မပြေသကဲ့သို့ ရလေလိုလေ ဖြစ်လာ၏၊ ရလျှင်လည်းဒုက္ခ၊ မရလျှင်လည်းဒုက္ခ၊ တဏှာသမုဒယ မချုပ်ငြိမ်းသမျှ ဆိုခဲ့ပြီးသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်နိုင်ကြမည်မဟုတ်။ ထို့ကြောင့် လိုချင်တောင့်တမှု တဏှာသမုဒယသည် အားလုံးသော ဒုက္ခအပေါင်း၏ အကြောင်းရင်းခံ စင်စစ်မှန်၍ သမုဒယသစ္စာဟု ခေါ်ရ၏။ ထိုသမုဒယသစ္စာကို ပယ်သတ်ရန်လည်း သိမြင်ကာ ဟောပြတော်မူသည်။

နိရောဓသစ္စာ (တဏှာနှင့်ဒုက္ခတို့၏ ချုပ်ဆုံးရာ အမှန်တရား)

ဒုက္ခအားလုံး၏ ချုပ်ဆုံးရာကား နိဗ္ဗာန်ဖြစ်ကြောင်း ဘုရားရှင် သိမြင်တော်မူသည်။ နိဗ္ဗာန်ဟူသည် အရိယာပုဂ္ဂိုလ်တို့သာ တကယ်ဒိဋ္ဌသိသောတရားသဘောဖြစ်၍ လေးနက်လှသည်။ ၃၁-ဘုံရှိ မည်သည့်ဘဝ မည်သည့်ခန္ဓာမျိုးမှ အို နာ သေမှုတို့မှ မလွတ်နိုင်၊ အမြဲတည်တံ့မှု၊ ချမ်းသာမှု၊ ကိုယ်စိုးကိုယ်ပိုင် ကိုယ်သဘောကျ ဖြစ်ရမှုလည်းမရှိ၊ ဆင်းရဲအတိသာဖြစ်သည်။

ထိုဘဝခန္ဓာ ဒုက္ခအပေါင်းတို့၏ ချုပ်ငြိမ်းရာအမှန်သည် နိဗ္ဗာန်သာလျှင် ဖြစ်၍ နိရောဓသစ္စာမည်၏။ နိရောဓသစ္စာမည်သော နိဗ္ဗာန်သည်သာ သန္တိသုခ တကယ်ချမ်းသာအစစ်ဖြစ်၍ ထိုနိရောဓသစ္စာသို့ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ရန်လည်း ဟောပြတော်မူသည်။

မဂ္ဂသစ္စာ (နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအမှန်)

နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမှန်ကား မဂ္ဂင်မြတ်ရှစ်ပါး သာလျှင်ဖြစ်၏။ ထိုမဂ္ဂင်မြတ်ရှစ်ပါးမှာ–

(၁) သမ္မာဒိဋ္ဌိ – (အစွန်းနှစ်ပါးမှလွတ်သော)အသိဉာဏ်ပညာ အမြင်မှန်၊
(၂) သမ္မာသင်္ကပ္ပ – ကောင်းသော အကြံအစည်၊
(၃) သမ္မာဝါစာ – ကောင်းသော အပြော (ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း)၊
(၄) သမ္မာကမ္မန္တ – ကောင်းသော အမှု (ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်း)။
(၅) သမ္မာအာဇီဝ – ကောင်းသော အသက်မွေးမှု (အသက်မွေးမှုနှင့် ဆိုင်သည့် ကာယ – ဝစီ ဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း)၊
(၆) သမ္မာဝါယာမ – ကောင်းသော အားထုတ်မှု (သမ္မပ္ပဓာန် လေးပါး)၊
(၇) သမ္မာသတိ – ကောင်းသော အမှတ်သတိ (သတိပဋ္ဌာန် လေးပါး)၊
(၈) သမ္မာသမာဓိ – ကောင်းသော တည်ကြည်မှု –

တို့ဖြစ်ကြသည်။ ထိုမဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာတရားကို ပွားများအောင် အားထုတ်ရန်လည်း ဟောပြတော်မူ၏။

ဒုက္ခများစွာ သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်ရန်အတွက် ဤမဂ္ဂင်မြတ်ရှစ်ပါးတည်းဟူသော လမ်းကောင်းလမ်းမှန်သည် နိဗ္ဗာန်ရောက်ကြောင်း တစ်ခုတည်းသော လမ်းမတော်ကြီးဖြစ်၏၊ လမ်းခွဲမရှိ၊

ဤအချက်ကပင် တန်ခိုးရှင် တစ်ဦးဦးထံ ဆုတောင်းခြင်း၊ ဝတ်ပြုခြင်း စသည်ဖြင့် ရနိုင်ရောက်နိုင်သည် မဟုတ်၊ လမ်းညွှန်ချက်အရ ကိုယ်တိုင် လုပ်ယူရသည့်သဘောသည် ထင်ရှား၏၊ ဝဲယာအစွန်းနှစ်ဘက်မှ လွတ်သော လမ်းစဉ်ဖြစ်၍ **မ၌မမပဋိပဒါ**ဟု ခေါ်သည်။

ထိုမဂ္ဂင်ရှစ်ပါးကို သီလ၊ သမာဓိ၊ ပညာ သုံးမျိုးနှင့် ခွဲဝေလျှင် (၃၊ ၄၊ ၅)သည် သီလမဂ္ဂင် သီလအုပ်စု။ (၆၊ ၇၊ ၈)သည် သမာဓိမဂ္ဂင် သမာဓိအုပ်စု။ (၁၊ ၂)သည် ပညာမဂ္ဂင် ပညာအုပ်စုဖြစ်၏။ ထိုမဂ္ဂင်ရှစ်ပါးကို ဖြစ်ပွားအောင် လုပ်ရာ၌ တစ်ခုစီ ပြုလုပ်နေရသည် မဟုတ်၊ ရုပ်နာမ်ကို ရှုသိနေသော ပုဂ္ဂိုလ်အတွက် ရှုသိမှုတိုင်းတွင် ရှစ်ပါးစလုံး တပြိုင်နက် ပါဝင်သွားသည်။ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကပါကည်း ဖြစ်ပွားလေတော့၏။

မြတ်စွာဘုရားသည် ကိုယ်တော်တိုင် (သိ၊ ပယ်၊ ဆိုက်၊ ပွား) သစ္စာလေးပါးကို ပိုင်းခြားသိမြင်တော်မူ၍ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်တော် မူခဲ့သည်၊ ကျွတ်ထိုက်သော ဝေနေယျတို့အား လည်း ဤသစ္စာလေးပါးတရားကို သိစေတော်မူသည်။ သစ္စာလေးပါးကို သိရာ၌ အချို့ရဟန္တာပုဂ္ဂိုလ်များမှာ သစ္စာကို သိရုံမျှရှိသည်။ အချို့မှာ ပဋိသမ္ဘိဒါ အဘိညာဉ်သမာပတ်စသော ဂုဏ်ထူးများနှင့်တကွ သိမြင်တော်မူကြ၏။ မြတ်စွာဘုရားရှင်သည်ကား အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိတော်မူသည်၏ အခြားမဲ့၌ပင် သဗ္ဗညုတဉာဏ်, ဒသဗလဉာဏ်, အသာဓာရဏဉာဏ်တော်, ဝေသာရဇ္ဇ ဉာဏ်တော်စသော ဘုရားရှင်တို့သာ ရနိုင်သည့် ဗုဒ္ဓဂုဏ်တော် အားလုံးကိုလည်း ရတော်မူ၏။ ထိုသို့ သစ္စာသိကြသော်လည်း သစ္စာသိခြင်းကြောင့် ရအပ်သော ဂုဏ်ချင်းလည်း အလွန်ကွာခြားလှ၏။ ပစ္စေကဗုဒ္ဓခေါ် သီးခြားပွင့်ပေါ်တော် မူသော ဘုရားရှင်တို့လည်း သစ္စာလေးပါးကို သိ၍ ဘုရားအဖြစ်သို့ ရောက်တော်မူကြသည်၊ သို့သော် သတ္တဝါတို့သိအောင်ကား ဟောပြတော် မမူနိုင်ကြ။ ဤသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သည်သာလျှင် ဤသို့ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လည်းသိ သူတပါးတို့ကိုလည်း သိအောင် ဟောပြတော်မူတတ်သောကြောင့် ဗုဒ္ဓဟူသော ဂုဏ်ဖြင့်လည်း ချီးကျူး ပူဇော်ကြရသည်။

၉။ ဘဂဝါဂုဏ်တော်

အနက်

သော ဘဂဝါ - ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ = ဣမိနာ စ ကာရဏေန - လောဘ ဒေါသ စသည်အပြား အကုသိုလ်တရားများနှင့် ငါးပါးမာန်ဆိုး ရိုက်ချိုးအောင်မြင် ဘုန်းသမ္ဘာရှင် ဖြစ်တော်မူပြီး ဣသရိယ ဓမ္မ, ယသ သိရီ, ကာမ ပယတ္တဂုဏ် ဘုန်းခြောက်စုံပြင် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တ တို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ - ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာဘုံတိုင်အောင် ပြန့်လိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

ဘဂဝါ = ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

အဓိပ္ပာယ်

မြတ်စွာဘုရားသည် ဘဝများစွာ သံသရာအဆက်ဆက် အနစ်နာခံ စွန့်လွှတ်၍ ဖြည့်ကျင့်ခဲ့သော ပါရမီတို့ကြောင့် နောက်ဆုံးဘဝဝယ် အနန္တ ဘုန်းတော် ဂုဏ်တို့နှင့် ပြည့်စုံတော်မူရသည်။ ကိလေသမာရ် ခန္ဓမာရ် အဘိသင်္ခါရမာရ် ဒေဝပုတ္တမာရ် မစ္စုမာရ်ဟူသော မာရ်ငါးပါးနှင့် အကုသိုလ်တရားဆိုး မှန်သမျှတို့ကို ချိုးနှိမ် အောင်မြင်တော်မူခြင်း၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရားများကို ခွဲခြမ်းစိတ်ဖြာ၍ ကိုယ်တိုင်သိခြင်း၊ သူတပါးတို့အား ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူတတ်ခြင်း၊ လောကတွင်ရှာ တရားများကို ကြိမ်ဖန်များစွာ မှီဝဲဆည်းကပ် သုံးသပ်ဆင်ခြင် ဝင်စားတော်မူခြင်း စသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဘဂဝါမည်တော်မူသည်။

သို့ရာတွင် ဘဂဝါဂုဏ်တော်ကြီးကို ဖွင့်ဆိုကြရာ၌ လူသာမန်တို့ ကြည်ညိုနိုင်ကြစေရန် ဘုန်းတော်ခြောက်ပါးကို အများအားဖြင့် ပြဆိုကြ၏ မကောင်းမှုမှန်သမျှ အကြွင်းမဲ့ ရှောင်နိုင်, အောင်နိုင်၍ ကောင်းမှုမှန်သမျှ အထွတ်အထိပ် ဆောင်နိုင်၊ သတ္တဝါတို့ကိုလည်း ရှောင်စေ, ဆောင်စေနိုင်ခြင်းသည် လိုရင်းပဓာန ဖြစ်၏။

မြတ်စွာဘုရား၏ ဘုန်းတော်ခြောက်ပါး တို့ကား ဣသရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တို့ဖြစ်သည်။ အဓိပ္ပာယ်ကား အောက်ပါအတိုင်း ဖြစ်သည် -

ဣသရိယဘုန်းတော်

အဏုမြူသဖွယ် ပျောက်ကွယ်သိမ်မွေ့ မမြင်တွေ့အောင် သေးငယ်သော ရုပ်ကို ဖန်ဆင်းနိုင်သော "အဏိမာ"ဘုန်းတော်၊

စိတ်၏အလား ကောင်းကင်ဗျာဠ် ပေါ့ပါးလျင်မြန် စွာနှံပျံကြွသွားနိုင်သော "လဃိမာ"ဘုန်းတော်၊

ကိုယ်တော်သဏ္ဌာန် ပုံဟန်တိုင်းငြား မနှိုင်းအား သို့ ကြီးမားလေအောင် ရုပ်ဆောင်ဖန်ဆင်းနိုင်သော "မဟိမာ"ဘုန်းတော်၊

ဆီးဟားကွယ်ကာ မရှိပါဘဲ လိုရာတိုင်းပေါက် တခဏလောက်ဖြင့် ကြွရောက်နိုင်သော "ပတ္တိ"ဘုန်းတော်၊

အဆင်းအတန်တန် ပုံသဏ္ဌာန်ကို စိမံဖန်တီး တခဏတည်းဖြင့် ပြီးစီးနိုင်သော "ပါကမ္မ"ဘုန်းတော်၊

ကိုယ်တော်မြတ်၏ စိတ်ဓာတ်တော်မှ စ၍မကြွင်း လူနတ်မင်းကို ပိုင်နှင်းအုပ်စိုး လွှမ်းမိုးနိုင်သော "ဣသိတာ"ဘုန်းတော်၊

သမာပတ်စွာန် အဘိဉာဏ်ကို ဝင်စံလိုက တခဏချင်းပိုင် ဝင်စားနိုင်သော "ဝသိတာ"ဘုန်းတော်၊

ကိစ္စတစ်ခု ပြုစုတုန်းပင် ပြီးဆုံးချင်သော် ဆောလျင်မသွေ ပြီးဆုံးစေနိုင်သော "ယတ္ထကာမာ ဝသာယိတာ" ဘုန်းတော်၊

ရှစ်ဘော်အပြား ဣသို့အားဖြင့် ထင်ရှားလေဘိ "ဣသရိယ"ဘုန်းတော်၊

ဓမ္မဘုန်းတော်

ကံလေသာရန် ပယ်ဖျက်လှန်ဖို့ နှိဗ္ဗာန် ဖိုလ် မဂ် ကိုးချက်အပြား လောကုတ္တရာတရားဟူသော ဓမ္မ ဘုန်းတော်၊

ယသဘုန်းတော်

ဟုတ်တိုင်းမှန်စွာ ဖြစ်ပေါ်လာ၍ ကမ္ဘာတိုက်ပေါင်း သောင်းလောကဓာတ် ပဲ့တင်ထပ်မျှ နှံ့စပ်သတင်း ကျော်စောခြင်းဟူသော "ယသ"ဘုန်းတော်၊

သိရိဘုန်းတော်

ရွှေမျက်နှာတော် လက်ခြေတော်မှ စ၍မကြွင်း ပင်လုံးဝင်းသည့် ပန်းမင်းအနေ ကျက်သရေမင်္ဂလာ စုဝေးကာဖြင့် လွန်စွာတင့်တယ် သပ္ပါယ်တော်မူသော "သိရီ" ဘုန်းတော်၊

ကာမဘုန်းတော်

အလိုတော်အတိုင်း တောင့်တတိုင်းပင် မဆိုင်းမတွ ပြီးစီးရသည့် "ကာမ"ဘုန်းတော်၊

ပယတ္တာဘုန်းတော်

တလောကလုံး ညွတ်ရုံးကိုးစား အားထားဖို့ရာ လွန်စွာကြိုးကုတ် အားထုတ်တော်မူသော "ပယတ္တာ"ဘုန်းတော်။

ဤသို့အားဖြင့် ဘုန်းတော်ခြောက်ပါးရှိသည်။ မြတ်စွာဘုရားသည် ပါရမီကုသိုလ် ကံတော်အနန္တကို ဖြည့်ကျင့်ခဲ့သဖြင့် ဘုန်းကျက်သရေ အနန္တပိုင်ရှင် ဖြစ်ခဲ့ရသည်။ သဗ္ဗညုတဉာဏ်တော် အပါအဝင် အသိဉာဏ် အနန္တကို ရတော်မူခဲ့သည်။ သတ္တဝါအားလုံးကို ကယ်မရန်အတွက် လိုအပ်ပါက တန်ခိုးတော်အနန္တကို အသုံးပြုတော်မူသည်။

အချုပ်အားဖြင့် မြတ်စွာဘုရားရှင်သည် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ် ဗြဟ္မာ သတ္တဝါအားလုံးက မြတ်စွာဘုရားကို 'ဘဂဝါ=ဘုန်းတော် ကံထူး ရှိတော်မူပါပေစ၏'ဟု ချီးကျူးဂုဏ်ပြု ပူဇော်ရလေသည်။

ဘုရားဂုဏ်တော်အကျိုးပြဝတ္ထု

အနာထပိဏ် သူဌေးကြီးအကြောင်း

ဘုရားရှိခိုးခြင်း၊ မြတ်စွာဘုရား၏ ဂုဏ်တော်များကို နှလုံးသွင်း ပွားများခြင်း၊ လက္ခဏာကြီးငယ် အသွယ်သွယ်ဖြင့် တင့်တယ်သပ္ပာယ်တော်မူသည့် မြတ်စွာဘုရား၏ ရုပ်ပုံတော်ကို စိတ်ဖြင့် မှန်းဆ ကြည်ညိုခြင်း

စသည်ကို ဗုဒ္ဓါနုဿတိဘာဝနာဟု ခေါ်၏။ လေးလေးနက်နက် အာရုံစူးစိုက်ပါက တကိုယ်လုံးပိတိဖြန်း၍ ရွှင်လန်းဝမ်းမြောက်မှုအရသာကို ခံစားရ၏။ ဗုဒ္ဓါနုဿတိစသော ဘာဝနာ၏ အစွမ်းကြောင့် လောဘ, ဒေါသစသော နိဝရဏ(ပိတ်ဆီးဟန့်တားမှု)တရားများ ကင်းကွာ၍ ကိုယ်စိတ်ချမ်းသာ၏။ တကိုယ်လုံး ပေါ့သွက် ကြည်လင်၏။ အနုအရင့် အဆင့်ဆင့် ဖြစ်ပေါ်လာသော ပိတိကိုပင် အဖြစ်အပျက် ရှု၍ဖြစ်စေ၊ အခြား ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှု၍ဖြစ်စေ ရှုပွား သွားလျှင် မြင့်မြတ်လှသော အရဟတ္တဖိုလ်သို့ပင် ဆိုက်ရောက်နိုင်၏။ (ဂုဏ်တော်ပွားများနည်း ရှေ့၌ပြမည်။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ ဒုတိယမြောက် ဝါကပ်ကောမ္မာသည့် အချိန်ဖြစ်၏။ ထိုအချိန်မှာပင် သာဝတ္ထိမြို့ အနာထပိဏ်သူဌေးသည် မိမိပြည်တွင်းဖြစ် ကုန်ပစ္စည်းများကို လှည်းငါးရာဖြင့် တင်ဆောင်၍ ယောက်ဖတော်စပ်သူ ရာဇဂြိုဟ်သူဌေးကြီး ဝိသာလထံသို့ ကုန်ရောင်းထွက်ခဲ့လေသည်။ ရာဇဂြိုဟ်မြို့သို့ ရောက်ရန် တစ်ယူဇနာခရီးအလိုတွင် ခါတိုင်းလိုပင် မိမိလာကြောင်း သတင်းပို့ထားနှင့်လေသည်။

ထိုအချိန် ရာဇဂြိုဟ်သူဌေးသည် ဘုရားအမှူးရှိသော သံဃာတော်များကို နောက်တစ်ရက် ဆွမ်းဆက်ကပ်ရန် ကိစ္စရှိနေ၍ ကိုယ်ဖိရင်ဖို စိမ်ကျပ်ကဲ့နေရသဖြင့် ယောက်ဖတော်အား ကြိုဆိုရန် မသွားရောက်နိုင်ပေ။

အနာထပိဏ်ကလည်း ယောက်ဖတော် လာရောက် ကြိုဆိုလိမ့်နိုးနှင့် မျှော်ကိုးရင်း ခရီးဆက်ခဲ့ရာ အိမ်သို့ရောက်မှပင် အလုပ်များနေသည့် ယောက်ဖတော်အား တွေ့ရလေ၏။

အကျိုးအကြောင်းမေးမြန်းသောအခါ ရာဇဂြိုဟ်သူဌေးက မိမိအလုပ်ကိစ္စများနေရခြင်းမှာ မင်္ဂလာလက်ထပ်ပွဲကိစ္စလည်း မဟုတ်၊ ဘုရင်အား ဧည့်ခံကျွေးမွေးရန် ကိစ္စများလည်း မဟုတ်၊ မြတ်စွာဘုရားအမှူးရှိသည့် သံဃာတော်များအား နက်ဖြန်တွင် ဆွမ်းဆက်ကပ်ရန် အတွက်သာ ဤမျှ အလုပ်များနေရခြင်းဖြစ်ကြောင်း ပြောဆို၏။

'မြတ်စွာဘုရား'ဟူသော စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရသော အနာထပိဏ်သူဌေးမှာ အမောအပန်းပြေကာ နှစ်သက်ဝမ်းမြောက်မှု ပိတိသောမနဿ တကိုယ်လုံး ပျံ့နှံ့သွား၏။ ဝမ်းသာလွန်းလှ၍ 'မြတ်စွာဘုရား' ဟု ပြောဆိုလိုက်ပါသလား ဟု ရာဇဂြိုဟ်သူဌေးကြီးကို သုံးကြိမ်သုံးခါ ထပ်ကာ မေးလေ၏၊ ရာဇဂြိုဟ်သူဌေးကြီးကလည်း မြတ်စွာဘုရား'ဟု မိမိပြောဆိုကြောင်း သုံးကြိမ်တိုင်တိုင်ပင် ပြောဆို၏။

ထို့နောက် အနာထပိဏ်သူဌေးကြီးက ရာဇဂြိုဟ်သူဌေးကြီးအား "မိတ်ဆွေ....မြတ်စွာဘုရား မြတ်စွာဘုရားဟူသော အသံမျှကိုပင် လောကဌ်ကြားရဖို့ ခဲယဉ်းလှ၏။ ယခုပင် မြတ်စွာဘုရားကို ဖူးမြော်ပါရစေ"ဟု အကူအညီ တောင်းဆိုလိုက်၏။ ရာဇဂြိုဟ် သူဌေးကြီးက–

"မြတ်စွာဘုရားထံ အဖူးအမြော်သွားရန် ယခုအချိန်မဲ့ပြီ၊ နက်ဖြန် နံနက်စောစောထပြီးမှသာ သွားသင့်ပါသည်"ဟု ပြောဆိုလေ၏။ အနာထပိဏ်သူဌေးကြီးသည် ဘုရား ဖူးမြော်လိုသော စိတ်ဆန္ဒပြင်းပြကာ ရောင်းရေးဝယ်တာများကိုပင် သတိမရ၊ ညစာကိုပင် မစားမိတော့ချေ။ ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ထက်သို့တက်၍ လျောင်းစက်ရင်း "မြတ်စွာဘုရား မြတ်စွာဘုရား"ဟု နှုတ်မှ တဖွဖွရေရွတ်လျက် အိပ်စက်လေရာ နှစ်ခြိုက်စွာအိပ်လို့မရ။ မယျော်တချက် ပျော်တချက် ဖြစ်နေ၏။ နိုးတိုင်းလည်း ဘုရားရှင်ကို သတိရကာ မိုးသောက်ယံသို့ပင် ရောက်လာခဲ့သည်။ မိုးကား မလင်းသေး၊ ဘုရားရှင်ကို စိတ်ကူးဖြင့် ဖူးကြည့်တိုင်း ပိတိများ တလှိုက်လှိုက်ဖြစ်ကာ သူဌေးကြီးကိုယ်မှ အလင်းရောင်များပင် ထွက်ပေါ်လာ၏။ ထိုအလင်းရောင်ကြောင့် မိုးလင်းပြီအထင်ဖြင့် သုံးကြိမ်တိုင်တိုင် အိပ်ရာမှထမိ၏။ မိုးမလင်းသေးမှန်း သိ၍ လျောင်းစက်နေရပြန်သည်။ နောက်ဆုံး အိပ်ရာမှ ထ၍ ကြည့်လိုက်ရာ မိမိနေသည့်ဗိမာန်မှ တံခါးများပင် ပွင့်နေသည်ကို တွေ့ရှိရသဖြင့် အိမ်အပြင်သို့ ထွက်လာခဲ့သည်။ ထိုမှ မြို့တွင်းလမ်းအတိုင်း လျှောက်ခဲ့ရာ မြို့အထွက် သိဝက မြို့တံခါးအနီးသို့ ရောက်ရှိလာခဲ့၏။ မြို့တံခါးများလည်း ပွင့်နေသည်ကို တွေ့ရသည်။ လူဦးရေ ထူထပ်သော ရာဇဂြိုဟ်မြို့တွင် ညအချိန်မတော် သေဆုံးသူများ၏ အလောင်းကို မြို့တံခါးအထွက် သုသာန်မှာပင် ပစ်ထားလေ့ရှိရာ အနာထပိဏ်သူဌေးကြီး သိဝကတံခါးမှအထွက် သူသေကောင်အလောင်းများကို ခလုတ်တိုက်မိ နင်းမိ၏။ ထိုအခါ ကြောက်စိတ်များဝင်လာသဖြင့် မိမိကိုယ်မှ အလင်းရောင်များ ကွယ်ပျောက်သွားသည်၊ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထု ဖုံးလွှမ်းလာ၏။ လူသေကောင်ကို ခလုတ်တိုက်မိရာမှ ဝေါကနဲ ပျံသန်းသွားသော ယင်ကောင်များ၏ အသံနှင့် အပုပ်နံ့များကြောင့် သူဌေးကြီးမှာ ပို၍ ကြောက်ရွံ့တုန်လှုပ်လာကာ ကြက်သီး မွေးညင်းများပင် ထလာသဖြင့် အိမ်သို့ လှည့်ပြန်လိုသည့် စိတ်များ ဖြစ်လာ၏။ထိုအခါ သိဝကသုသာန်စောင့် နတ်က သူဌေးကြီးအား–

"အရှင်သူဌေးကြီး .... ဆင်တစ်သိန်း မြင်းတစ်သိန်း ရထားတစ်သိန်းနှင့် သတို့သမီးကညာ တစ်သိန်းတို့၏ တန်ဖိုးသည် မြတ်စွာဘုရားအား ဖူးရန်သွားသည့် ယောကျ်ားဇ၏ ခြေတစ်လှမ်းကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုးမရှိပါ။ သဲ့သူဌေးကြီး .... ရှေ့သို့သာ ဆက်သွားပါ၊ ထိုသို့ သွားခြင်းကသာ ကျေးဇူးကြီးလှပါသည်" ဟု တိုက်တွန်းစကားပြောကြား၏။

ထိုအားပေးစကားသံကို ကြားရသောအခါ 'နောက်မှာ အဖော်တွေပါသားဘဲ' ဟူသော အထင်ဖြင့် သူဌေးကြီးမှာ အားတက်လာ၏။ ကြောက်စိတ်များလည်း ပြေပျောက်ကာ ခန္ဓာကိုယ်မှ အလင်းရောင်များ ထွက်မြဲ ထွက်ပေါ်လာ၏။ သို့နှင့် .... ရှေ့သို့ ခရီးဆက်လေရာ ကိုယ်ရောင် ကိုယ်ဝါကြောင့် မြို့အထွက်သုသာန်မှ သူသေကောင်များကို မြင်နေရ၏။ သုသာန်၌ ကျက်စားသော ခွေးများ၏ ပြေးလွှားရင်း ဟောင်ကြ အူကြသော အသံများကိုလည်း ကြားရသဖြင့် ကြောက်စိတ်များ ဝင်လာပြန်၏။ ကြောက်စိတ်များဝင်လျှင် ဝင်ချင်း အလင်းရောင်များလည်း ပျောက်ကွယ်၍ မှောင်မြဲ မှောင်လာပြန်သည်။

ကြောက်လေ မှောင်လေ၊ မှောင်လေ ကြောက်လေဖြစ်ကာ နောက်ကြောင်း လှည့်ပြန်ရန် သုံးကြိမ်တိုင်တိုင် ကြံစည်မိရာ ကြံစည်လှိုက်တိုင်း အားပေးစကားသံများ ကြားရသဖြင့် ဆက်၍ဆက်၍ သွား၏။ မိုးလင်းခါနီး မြတ်စွာဘုရား သီတင်းသုံးရာ သီတဝန်တောအုပ်သို့ ဆိုက်ရောက်သွားသည်။

မြတ်စွာဘုရားသည် သီတဝန်တောအုပ်အတွင်း သီတင်းသုံးရာ ကျောင်းအနီး လွင်ပြင်၌ လူးလာ တုံ့ခေါက် စင်္ကြံလျှောက်တော်မူနေ၏။ သူဌေးကြီးလာသည်ကို မြင်လျှင် စင်္ကြံရပ်နား၍ ခင်းထားသော နေရာတော်၌ သီတင်းသုံးထိုင်နေတော်မူသည်။

အနာထပိဏ်သူဌေးကြီးသည် လောက၌ ဘုရားအမည်ခံယူသော ပူရဏကဿပ စသော တိတ္ထိဆရာကြီးများကိုလည်း တွေ့မြင်ကြားသိဖူးရာ တကယ့်ဘုရားအစစ်ကိုသာ ဖူးတွေ့လို၏။ အတုအစစ်လည်း မခွဲခြားတတ်၊ စိတ်ထဲ၌ မဝေခွဲနိုင်ဖြစ်နေစဉ် ရုတ်တရက် အကြံပေါ်လာ၏။

'ဆင်းရဲသားများအား ထမင်းအစားအစာ ပေးကမ်းလေ့ရှိသဖြင့် ငါ၏အမည်ကို အနာထပိဏ်ဟု အမျှားသိနေကြ၏။ ဘုရားအစစ်အမှန် ဖြစ်တော်မူရိုးမှန်လျှင် လူအများ မသိသော ငါ့ငယ်နာမည်ကို ခေါ်လိမ့်မည်၊ ခေါ်ပါစေ'ဟု စိတ်ကူးကြံစည်ရင်း လျှောက်ခဲ့ရာ တောကျောင်းအနီးသို့ ရောက်လျှင် ဘုရားရှင်က ကြည်လင် အေးမြသော အသံတော်ဖြင့်–

"ချစ်သား သုဒတ္တ – လာလော့"ဟု ကြိုဆိုနှုတ်ခွန်းဆက်တော်မူရာ သူဌေးကြီးမှာ ဝမ်းသာရွှင်မြူး ကြည်နူးနှစ်သက်သွားလေတော့၏။ ဆက်လက်၍ မြတ်စွာဘုရားရှင်၏ တရားကို နာကြားရပြီးနောက် သူဌေးကြီးသည် အသိအမြင်ရှင်းကာ သောတာပတ္တိမဂ်ဉာဏ်အလင်းကို ရရှိသွား၏။

ဗုဒ္ဓါနုဿတိ ပိတိမှ စတင်ခဲ့သော အနာထပိဏ်သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်လှူပြီးနောက် ရာဇဂြိုဟ်မှ သာဝတ္ထိပြည်သို့ ခမ်းနားကြီးကျယ်စွာ ပင့်ဆောင်၍ ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ပစ္စည်းလေးပါးအရာတွင် သာသနာတော်၏ ပဓာနဝန်ဆောင် ဥပါသကာကြီးတစ်ဦး ဖြစ်လာလေတော့သည်။

တရားဂုဏ်တော် ၆-ပါး

တရားဂုဏ်တော် ၆-ပါးပါဠိ

– သွာက္ခာတော ဘဂဝတာ ဓမ္မော
– သန္ဒိဋ္ဌိကော
– အကာလိကော
– ဧဟိပဿိကော
– ဩပနေယျိကော
– ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၁။ သွာက္ခာတဂုဏ်တော်

အနက်

ဘဂဝတာ – ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဓမ္မော– မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သော တရားတော်မြတ်ကို။ သွာက္ခာတော–

ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်းနိဗ္ဗာန်နန်းသို့ ဖြောင့်တန်းသင့်လျော် ကောင်းစွာဟောတော်မူအပ်ပါပေ၏။

သွာက္ခာတော - ကောင်းစွာဟောကြားတော်မူအပ်သော၊ ဓမ္မော - တရားတော်ပါပေတည်း။

အဓိပ္ပာယ်

ပွင့်တော်မူကြပြီးသော ဘုရားရှင်အဆူဆူတို့သည် ဘုရားအလောင်းဆော်ဘဝများတွင် ဘုရားဖြစ်ရန် ပွင့်တော်မူပြီး မြတ်စွာဘုရား အသီးသီးထံ၌ ဘုရားဆုကို ပန်ဆင်ရခြင်း၊ ဘုရားဆုပန်ပြီးနောက် ပါရမီဆယ်ပါး စွန့်ခြင်းကြီး ငါးပါး စရိယာသုံးပါးတို့ကို ဖြည့်ကျင့်ရခြင်းသည် ဓမ္မတာဖြစ်၏။ ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌လည်း ပဋိသန္ဓေနေခြင်း, ဖွားမြင်ခြင်း, တောထွက်ခြင်း, ဒုက္ကရစရိယာကျင့်တော်မူခြင်း, ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ မာရ်ငါးပါးကို အောင်မြင်ခြင်း, အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင်ခြင်း၊ ဓမ္မစကြာတရားဦးဟောကြားခြင်း စသည်များကို ရှေးရှေးသော ဘုရားရှင်များ ကျင့်ကြံပြုမူ ဟောကြားတော်မူကြသည့်ကျင့်စဉ်အတိုင်းသာလျှင် နောက်နောက်သော ဘုရားရှင်များလည်း ကျင့်ကြံပြုမူ ဟောကြားတော်မူကြ၏။ တစုံတရာ အသစ်အဆန်း တီထွင်ကြံဆ၍ ပြုမူဆောင်ရွက်ခြင်းမျိုး ဟောကြားခြင်းမျိုး အလျှင်းမရှိပေ။ ယင်းကိုပင် 'တထာဂတ = ရှေး အစဉ်အလာအတိုင်း ကြွလာသူ' ဟု ခေါ်ရသည်။

ဤအချက်ကို ထောက်ရှုပါက ဘာသာတရားတစ်ခုနှင့် တစ်ခု နှိုင်းယှဉ်၍ ရေးသားပြောဆိုကြရာ၌ ဗုဒ္ဓဘာသာ ဗုဒ္ဓတရားတော်များ မည်သည့်ခေတ် မည်သည့်နှစ်က ပေါ်ထွန်းခဲ့သည်ဟု ကန့်သတ်ချက်ဖြင့် ရေးသားပြောဆိုကြရန် မသင့်ချေ။ ပြဆိုခဲ့သည့်အတိုင်း ကျွန်ုပ်တို့ မြတ်စွာဘုရားသည်လည်း ရှေးရှေးပွင့်တော်မူပြီး မြတ်စွာဘုရားများ ဟောကြားတော်မူခဲ့သည့်နည်းတူ ဓဟောကြားတော်မူအပ်သောကြောင့် မြတ်စွာဘုရား၏ တရားတော်မှန်သမျှသည်လည်း အစ အလယ် အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံတော်မူ၏။ သဒ္ဒါ အနက် ကောင်းခြင်းများနှင့် ပြည့်စုံ၏။

မြတ်စွာဘုရားဒေသနာတော်၌ ကောင်းခြင်းသုံးဖြာရှိပုံကို ဤသို့လည်း မှတ်အပ်သေး၏။ တရားတော်ကို ကြည့်ရှုနာယူရခြင်း, ကျင့်ကြံရခြင်းနှင့် အကျိုးရခြင်းဟု သုံးပိုင်းရှိရာ ထိုသုံးပိုင်းစလုံး၌ပင် ကောင်းခြင်းဂုဏ်များရရှိ၏။ မြတ်စွာဘုရား၏ တရားတော်ကို ပထမဆုံး နာရ, သင်ယူကြည့်ရှုရလျှင်ပင် တရား၏ အနက်အဓိပ္ပာယ်ကို သိရသဖြင့် နှစ်သက် ရွှင်လန်း ဝမ်းမြောက် ကြည်နူးမှုများ ခံစားရ၏။ ကြည့်ရှု ကြားနာရရုံဖြင့်ပင် သောက, ပရိဒေဝ စသော အပူအပင်များ ကင်းစင်ရ၏။ ရာဂ, ဒေါသ စသော အညစ်အကြေးများ ကင်းရ၏။ အပူအပင်အညစ်အကြေးကင်းသဖြင့်လည်း စိတ်တည်ငြိမ် အေးချမ်းမှု နှစ်သက် ရွှင်လန်း ဝမ်းမြောက်မှုများကို ရရှိစေနိုင်၏။ စဉ်းစားဝေဖန်တတ်သော လူသားတစ်ယောက်အတွက် မလွဲမချော်နိုင်သော အခွင့်အလမ်းများ၊ ကြောင်းကျိုး ဆီလျော်သော ယုံကြည် အားထားဖွယ်များ၊ အားတက်ဖွယ်များကို အနည်းဆုံး ရရှိနိုင်ပေသည်။ အစ၏ ကောင်းခြင်း ဂုဏ်ပင်တည်း။

ထို့ထက် ဗုဒ္ဓ တရားတော်ကား အတွေးအခေါ်မဟုတ်၊ လက်တွေ့ လုပ်ယူရသော တရားတော်ဖြစ်သည့်အတိုင်း လက်တွေ့ကျကျ ကျင့်သုံးလိုက်နာ ရသောအခါ ကောင်းခြင်းဂုဏ်သည် ပို၍ လက်တွေ့ ဖြစ်လာ၏။ အကျင့်သိလ တစ်ခုခု လုံခြုံရုံမျှဖြင့်ပင် မိမိသူတပါး နှစ်ဦးသားလုံး ဘေးရန် ကင်းရှင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရသည်မှာ ထင်ရှားလှ၏။ ထို့ထက် သမထ ဝိပဿနာတရားများကို လက်တွေ့ အားထုတ်ကြသောအခါ ရရှိလာသော နှစ်သက်ရွှင်လန်း ဝမ်းမြောက် ငြိမ်းအေးမှုများ ခံစားကြရ သည်မှာလည်း ထင်ရှားလှ၏။ အလယ်၏ ကောင်းခြင်းဂုဏ်ပင်တည်း။

ထို့ထက် တရားအသိအမြင် ရှင်း၍ မင်္ဂလာဉာဏ်အလင်းကိုရသော အခါ၌ကား ဖော်မပြနိုင်သော ဝမ်းသာခြင်း, ချမ်းသာခြင်းကို ရရှိ၏။ ထိုနှင့် တဆက်တည်း 'ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန်' တည်းဟူသော အတုမရှိ ငြိမ်းအေးချမ်းသာမှုကို ပိုင်ဆိုင် ခံစားကြရသော အခါ၌မူကား ဆိုဖွယ်ရာမရှိ ကောင်းခြင်းမှန်သမျှ၏ အထွတ်အထိပ်သို့ ရောက်ရှိရလေတော့၏။ အဆုံး၏ကောင်းခြင်းဂုဏ်ပင်တည်း။

ထို့ကြောင့် ဗုဒ္ဓတရားတော်သည်ကား စတင်လေ့လာနာယူကတည်းက ကောင်း၍ ရှေ့တိုးလေ ကောင်းလေ၊ အဆုံးရောက်လေ ကောင်းလေ၊ ကောင်းခြင်း သုံးထွေနှင့် ပြည့်စုံသော တရားတော်ပါပေတည်း။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များ၏ "သွာက္ခာတ" ဖြစ်ပုံကို အောက်ပါအတိုင်းလည်း အကျဉ်းချုပ် မှတ်သားအပ်၏ –

၁။ တရားတော်များကို ဟောကြားရာ၌ မည်သူ့အား မည်သည့် ဒေသ၌ မည်သို့ဟောပြော၍ မည်သို့အကျိုးကျေးဇူး ဖြစ်ထွန်းရှိသွားသည် စသည်ဖြင့် အကြောင်းဌာပွတ် ဖြစ်ရပ်များကိုပါ တိကျသေချာစွာ ဟောထားခြင်း (ကလျာဏကုဏ်)၊

၂။ ဟောကြားသော စကားဝါကျတိုင်းတွင် အသုံးအနှုန်း ဝေါဟာရ ပြည့်စုံ ကျစ်လျစ် တိကျ ပြေပြစ်၍ တိုးတက်ချမ်းသာရေး , လွတ်မြောက်ရေးဟူသော လေးနက်သေချာသည့် သဘောတရား အဆိအနှစ်များ ချည်းသာ ဖြစ်ခြင်း (သာတ္ထ သဗျဉ္ဇနကုဏ်)၊

၃။ ရှောင်မှု ဆောင်မှု ပညတ်ချက်, ကျင့်စဉ်နှင့် စပ်၍ သော်လည်းကောင်း၊ ရရှိမည့် အကျိုးတရားများနှင့် စပ်၍သော်လည်းကောင်း (ဥပမာ - မဂ္ဂ - နိဗ္ဗာန၊ သီလ သမာဓိ ပညာ - ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန) မည်သည့်အရာ လိုသေးသည်၊ မည်သည့် တရား ပိုသွားသည်ဟု ဆိုဖွယ်မရှိ၊ အပိုအလို, ဖြည့်စွက်ဖွယ်မရှိ။

တဖန် အပြစ်ရှိသည်ဟုလည်းကောင်း၊ အကျိုးရှိသည်ဟုလည်းကောင်း ဟောထားသော တရားများ ဟောသည့်အတိုင်း ဖြစ်မလာဘဲ ကြောင်းကျိုး မဆီမလျော် လွဲချော်သွားသည်ဟူ၍ မရှိ။ နတ်နှင့် တကွသော သုံးလောက၌ မည်သည့် ပညာရှိကမျှ မငြင်းဆန်၊ မတော်လှန်နိုင်အောင် အကြွင်းမဲ့ ပြည့်စုံခြင်း (ကေဝလပရိပုဏ္ဏကုဏ်)၊

၄။ သာသနာပြင်ပမှ အယူဝါဒများကဲ့သို့ 'ငါ့အယူသာမှန်သည်၊ ငါ့တရားမှ တရား ဟူသော တကား မာန ဒိဋ္ဌိစွဲ မပါ၊ တစုံတရာ (လာဘ်လာဘကျော်စောမှုစသော) လောကီကျိုးကို မျှော်ကိုးခြင်းမရှိ၊ ငရဲဘုံနှင့် ခြောက်, ကောင်းကင်ဘုံနှင့် မြှောက်၍ မဟော၊ သဘောထား ရည်ရွယ်ချက် စင်ကြယ်ခြင်း (ဝိသုဒ္ဓကုဏ်)

စသည်တို့နှင့် ပြည့်စုံ၍ သွာက္ခာတကုဏ်မြောက်သော တရားဟု ဆိုရသည်။

တရားတော်၏ သွာက္ခာတဂုဏ်မြောက်ပုံကို အောက်ပါ အရှင်အာနန္ဒာ၏ ဟောကြားချက်ဖြင့်လည်း ထပ်ဆင့်မှတ်သားကြည်ညိုရာ၏။

အရှင်အာနန္ဒာသည် ကောသမ္မီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးခိုက် ဖြစ်၏။ အာဇီဝကဂိုဏ်းဝင်ဖြစ်သူ သူကြွယ်တစ်ဦး အရှင်အာနန္ဒာထံ ရောက်ရှိလာပြီး -

"အရှင်ဘုရား - (၁) အဘယ်သူတို့၏ တရားသည် ကောင်းစွာ ဟောကြားအပ်သော တရားဖြစ်ပါသနည်း။ (၂) အဘယ်သူတို့သည် မလာဂဟ်၌ ကောင်းစွာ ကျင့်ကြံနေကြသူတို့ဖြစ်ကြပါသနည်း။ (၃) အဘယ်သူတို့သည် လောကဋ္ဌ ကောင်းစွာ ကျင့်ကြံပြီးသူတို့ ဖြစ်ကြကုန်သနည်း" ဟု အမေးလွှာ သုံးချက်ကို တင်လျှောက်ခဲ့လေသည်။

ထိုအခါ အရှင်အာနန္ဒာက သူကြွယ်အား တိုက်ရိုက် အဖြေမပေးဘဲ-

"အကြင်သူတို့သည် ရာဂကိုပယ်ရန် ဒေါသကိုပယ်ရန် မောဟကို ပယ်ရန် တရားဟောကြ၏။ ထိုသူတို့၏ တရားသည် ကောင်းစွာဟောကြား အပ်သော တရား ဖြစ်သလော၊ သို့မဟုတ် မဖြစ်သလော၊ သင်နှစ်သက်သလို ဖြေပါ"ဟု သူကြွယ်ကိုပင် ပြန်၍ မေးတော်မူ၏။

ထိုအခါ သူကြွယ်က ရာဂဒေါသမောဟတို့ကို ပယ်ရန် ဟောကြားသော သူတို့၏တရားသည် ကောင်းစွာ ဟောကြားအပ်သော တရားဖြစ်ကြောင်း ဖြေဆို လျှောက်ထားရ၏။

ဆက်လက်၍ အရှင်အာနန္ဒာက-

"ကောင်းပြီ သူကြွယ်၊ အကြင်သူတို့သည် ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကို ပယ်ရန် ကျင့်ကြံကြကုန်၏။ ထိုသူတို့သည် လောကဋ္ဌ ကောင်းစွာ ကျင့်ကြံနေကြသူများဖြစ်သလော၊ သို့မဟုတ် မဖြစ်သလော"ဟု ဒုတိယမေးခွန်း၏ အဖြေကို သူကြွယ်ကိုပင် ဖြေဆိုစေ၏။

ထိုမေးခွန်း၌လည်း သူကြွယ်က ရာဂ ဒေါသ မောဟတို့ကို ပယ်ရန် ကျင့်ကြံနေကြသူများသည် လောကဋ္ဌ ကောင်းစွာ ကျင့်ကြံ နေကြသူများ ဖြစ်ကြောင်း လျှောက်ထားဝန်ခံရလေ၏။

"ကောင်းပြီ သူကြွယ်၊ အကြင်သူတို့သည် ရာဂကို လည်းကောင်း, ဒေါသကို လည်းကောင်း, မောဟကိုလည်းကောင်း ပယ်ပြီးဖြစ်၏။ အမြစ်အရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏။ တဖန် ဖြစ်ခြင်းသဘော မရှိ။ ထိုသူတို့သည် လောကၠ ကောင်းစွာ ကျင့်ပြီးသူတို့ ဖြစ်သလော၊ သို့မဟုတ် မဖြစ်သလော" ဟု နောက်ဆုံး မေးခွန်း၏ အဖြေကို မေးတော်မူပြန်၏။

ထိုမေးခွန်းကိုလည်း သူကြွယ်က ကောင်းစွာ ကျင့်ကြံပြီးကြသူများ ဖြစ်ကြောင်း ဖြေဆို လျှောက်ထားရလေ၏။

ထိုအခါ အရှင်အာနန္ဒာက သူကြွယ်အား သင်သည်ပင် သင်၏အမေး သုံးချက်ကို ဖြေဆိုခဲ့ပြီဖြစ်ကြောင်း မိန့်ကြားတော်မူ၏။

သူကြွယ်မှာ နှစ်သက်ဝမ်းမြောက်ခြင်း အံ့သြခြင်းဖြစ်ကာ–

"အရှင်ဘုရား၏ မိန့်ဆိုချက်များသည် မိမိ၏ အယူဝါဒကို ချီးမြှောက်၍ တပါးသူတို့၏ အယူဝါဒကို ရှုတ်ချခြင်း အလျှင်းမရှိဘဲ အကြောင်းခိုင်လုံစွာ ဟောကြားခြင်း ဖြစ်ရုံမျှမက တပည့်တော်၏ အမေးကိုပါ ဖြေဆိုပြီးဖြစ်ကြောင်း" လျှောက်ထားလေ၏။

၂။ သန္ဒိဋ္ဌိကဂုဏ်တော်

အနက်

ဓမ္မော – မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော – ဟောပြသလောက် ကျင့်တိုင်းပေါက်၍ မဂ်ဖောက်ဖိုလ်ထိ ပညာရှိသည့် များအရိယာ သူဆော်စွာတို့ သူတကာပြော ယုံကြည်သောကြောင့် သဘောချင်းထပ် မဆည်းကပ်ဘဲ တပ်အပ်ထင်ထင် ကိုယ်တိုင်လည်း သိမြင်ထိုက်ပါပေ၏။

သန္ဒိဋ္ဌိကော – သူပြောမဟုတ် မုချကိုယ်တိုင် သိမြင်နိုင်သော၊ ဓမ္မော – တရားတော်ပါပေတည်း။

အဓိပ္ပာယ်

မြတ်စွာဘုရား၏ တရားတော်သည် မိမိကိုယ်တိုင် သိမြင်ထိုက်သော တရားဖြစ်၏။ တပါးသူတို့အပြောဖြင့် မှန်းဆ၍ ယုံကြည်လက်ခံရသည့် တရားမဟုတ်ပေ။ ကိုယ်တွေ့ဒိဋ္ဌ လက်တွေ့ကျကျ သိမြင်နိုင်သော တရားများသာ ဖြစ်၏။ ထိုတရားတို့ကား မုချအားဖြင့် မင်္ဂလာနိဗ္ဗာန်တရားများဖြစ်၏။

နိဗ္ဗာန်ကို မျက်မှောက် မပြုရသေးစေကာမူ မြတ်စွာဘုရား၏ တရားတော်ကို ကျင့်ကြံလျှင် စတင် ကျင့်ကြံသည့် အချိန်မှ စ၍ နိဗ္ဗာန် ရောက်သည်အထိ ကျင့်ကြံ အားထုတ်သော ပုဂ္ဂိုလ်တိုင်း ကျင့်ကြံမှု အတိုင်းအတာအလိုက် ကိုယ်တိုင် သိနိုင်သော တရားချည်း ဖြစ်၏။ ကျင့်ဆဲအခါတွင် သမာဓိတည်၍ ပိတိသုခဖြစ်ပုံနှင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကို သူပြောလူပြောမဟုတ် ကိုယ်တိုင် ပိုင်းပိုင်းခြားခြား ကွဲပြားစွာ သိမြင်ရ၏။ ကျင့်ကြံပြီး၍ မဂ်ဖိုလ်သို့ ဆိုက်ရောက်သော အခါတွင်မူ နိဗ္ဗာန်ကို ကိုယ်တိုင်ဆိုက်ထိ သိရှိခံစားနိုင်တော့၏။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်သည် မည်ကဲ့သို့ ကိုယ်စိတ်ဆင်းရဲကင်း၍ ချမ်းသာမှုအဆင့်ဆင့် ခံစားရပုံကို ကိုယ်တိုင်သိမြင် ခံစားနိုင်သော တရားစစ် တရားမှန်ဖြစ်၏။

ယုတ်စွဉ်အဆုံး အလှူဒါနပြုရာ၌ပင် မိမိလှူဒါန်းသော အလှူဒါနကို အလှူခံပုဂ္ဂိုလ်များ နှစ်သက် ဝမ်းမြောက်စွာ သုံးဆောင်ခံစားသည်ကို တွေ့မြင်ရသည့်ခဏ အလှူရှင်ပုဂ္ဂိုလ်သန္တာန်၌ ရွှင်လန်းဝမ်းမြောက်မှု အားရ နှစ်သက်မှု ကျေနပ်မှုများ ဖြစ်ပေါ်လာသည်ကို ကိုယ်တိုင်ပင် သိရှိခံစားရ၏။ တဆင့်ပြောစကားနှင့် ခံစားခြင်းမဟုတ်ပေ။

ထိုမျှမက အလှူရ၍ မမွဲနိုင်သည့်အပြင် လှူလေ တိုးလေ အကျိုးပေးလေ ဖြစ်ပုံကိုလည်း ယခုဘဝ၌ပင် လက်တွေ့သိမြင် ခံစားကြရ၏။ ဤကား ဒါန၏ သန္နိဋ္ဌိက ဖြစ်ပုံတည်း။

ထို့အတူ သီလမှ၌လည်း သန္နိဋ္ဌိက ဖြစ်ပုံကို သိရှိနိုင်၏။ သီလစောင့်ထိန်းသည့်အခါ မိမိသီလ မကျိုးမပေါက် မပြောက် မကျားရအောင် သတိ ဝိရိယ ပညာတရားများ လက်ကိုင်ထား၍ စောင့်ထိန်းသဖြင့် လောဘ

ဒေါသ မောဟ တရားများ ဖြစ်ပေါ်မှု နည်းကာ စိတ်တည်ကြည်မှု ချမ်းသာမှု သောက စသောတရားများ ကင်းဝေးမှု စသည်တို့.ကို ကိုယ်တိုင် လက်တွေ့ သိရှိခံစားရသည်ပင်ဖြစ်၏။ သီလရှိ၍ ဘေးကင်းပုံ၊ လိုတ-ရပုံများကိုလည်း ကိုယ်တွေ့.ခံစားကြရသည်။

သန္နိဋ္ဌိက၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ 'ကိုယ်တိုင် လက်တွေ့.သိမြင် နိုင်သောတရား' ဟူသော အဓိပ္ပာယ်အပြင် 'ဆင်းရဲကင်းကွာ ချမ်းသာလိုသူတိုင်း မမြင် မြင်အောင် ကြည့်ရှုထိုက်သော လေ့လာပွား များ. ကြိုးစားအားထုတ် ယူသင့်သောတရား' ဟုလည်း ဖွင့်ဆိုကြကုန်၏။ တကယ်လုပ်လျှင် အဟုတ်ဖြစ်သောကြောင့်တည်း။

ဤအချက်ကပင် ဗုဒ္ဓဓမ္မသည် အတွေးအခေါ် ဆင်ခြင်တုံတရားဖြင့် ချဉ်းကပ်ရသော တရားမျိုးမဟုတ်၊ ကိုယ်တိုင်လေ့လာ အားထုတ်၍ အသိဉာဏ် ဦးစီးသော ယုံကြည်မှုဖြစ်အောင် လုပ်ယူရသော- လုပ်လျှင်ရသော သဘော တရားဖြစ်ကြောင်း သိသာစေ၏။

မှတ်ချက်။ ။ တရားတော် ဆယ်မျိုးရှိရာတွင် ပိဋကသုံးပုံခေါ်သော ပရိယတ္တိတရားသည် သွာက္ခာတဂုဏ်နှင့်သာ တိုက်ရိုက်သက်ဆိုင်၏။သန္နိဋ္ဌိက-စသော ဂုဏ် ၅-မျိုး နှင့်ကား သွယ်ဝိုက်သောနည်းဖြင့်သာ သက်ဆိုင်သည်။ ထို့ကြောင့် သန္နိဋ္ဌိကဂုဏ်မှစ၍ 'မက် ၄-ပါး၊ ဖိုလ်၄-ပါး၊ နိဗ္ဗာန်' ဟူသော တိုက်ရိုက်မှုချသက်ဆိုင်သည့် လောကုတ္တရာတရား ကိုးပါး ကိုသာ ဖော်ပြထားသည်။

၃။ အကာလိကဂုဏ်တော်

အနက်

ဓမ္မော - ံသောတာပတ္တိ စသည့်ဆင့်တက် လေးချက်အပြား မဂ်တရားသည်။ အကာလိကော - ငါးရက် ခုနစ်ရက် စသည်တက်၍ ငံ့လျက်ရှည်ဝေး အကျိုးပေးရာ အခါမဲ့ အခြားမဲ့ဖိုလ် အကျိုးကိုလည်း ပေးတော်မူတတ်ပါပေ၏။

အကာလိကော - အခါမလင့် ချိန်မဖင့်ဘဲ ကျင့်လျှင်ကျင့်ချင်း ခုလက်ငင်းပင် ချက်ချင်းအကျိုးပေးသော။ ဓမ္မော-တရားတော်ပါပေတည်း။

အဓိပ္ပာယ်

အကာလိက ဆိုသည်မှာ အခါမလင့် ကာလမခြား ချက်ချင်း အကျိုးကို ပေးတတ်သော တရားဟု ဆိုလို၏။ တိုက်ရိုက်မချအားဖြင့် မဂ်လေးပါးတရားနှင့် ဆိုင်သည်။ မဂ်လေးပါးတို့သည် ဖြစ်ပြီးလျှင် ပြီးချင်း အချိန်ကာလအားဖြင့် ဆိုင်းငံ့ခြားကွာမနေဘဲ ချက်ချင်း တဆက်တည်း ဖိုလ်တည်းဟူသော အကျိုးကို ပေး၏။ မဂ်ကား အကြောင်းကုသိုလ်ဖြစ်၍ ဖိုလ်ကား အကျိုးဝိပါက်ဖြစ်၏။ မဂ်က ကိလေသာများကို သတ်ပေး၍ ဖိုလ်က ကိလေသာ ငြိမ်းအေးခြင်း သုခကို ခံစား၏။

ဒါနမှု, သီလမှု, ဘာဝနာမှုများကို လက်တွေ့ အားထုတ်ကြည့်ပါလျှင်လည်း အချိန်ကာလအားဖြင့် ခြားကွာ ကြုံကြာမှုမရှိဘဲ ပြုလုပ်ကျင့်ကြံဆဲ ခဏမှာပင် လောဘ, ဒေါသ, မောဟတရားများ နည်းပါးမှု၊ ကိလေသာနည်းပါး၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြည်နူးမှု၊ ရဟန္တာသုံးပါး၌ ရှိသေမြတ်နိုးမှု စသည်များကိုလည်း ချက်ချင်းလက်ငင်းပင် ခံစားရပေသည်။ ဤကဲ့သို့ ခံစားရခြင်းသည်လည်း 'အကာလိက' ဂုဏ်တော်ပင်တည်း။

ဤ 'အကာလိက'ဂုဏ်တော်ဖြင့်ပင် ဗုဒ္ဓဝါဒ၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ချမ်းသာသည် သာသနာအပြင်ပ အယူဝါဒများကဲ့သို့ သေပြီးသည့်နောက်မှ၊ တစုံတဦးသော တန်ခိုးရှင်၏ အဆုံးအဖြတ်ကို ခံယူပြီးမှ ရရှိသော ချမ်းသာမျိုး မဟုတ်၊ ယခုလက်ရှိ ဘဝမှာပင်လျှင် အချိန်မလင့် (အချိန်မရွေး) ရနိုင်သော အတုမရှိ ချမ်းသာကြီးဖြစ်ကြောင်း အတိအလင်း အာမခံချက် ပေးထားသည်။

၄။ ဧဟိပဿိကဂုဏ်တော်

အနက်

ဧမ္မော - မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည့်။
ဧဟိပဿိကော - ဝေဟာတက်ထွန်း ယုဂန်စွန်း၌ လဝန်းအလား ပတ္တမြား

သဖွယ် စင်ကြယ်ထင်ရှား ရှိသည်များကြောင့် အားရွှင်လန်း လိုက်ခဲ့စမ်းပါ ရှုစမ်းပါဟု သံသာချီမြှ ဖိတ်ခေါ်ပြဖို့ မုချဇကန် အမှန်သင့်လျော် ထိုက်တန်တော်မူပါပေ၏။

ဧဟိ ပဿိကော - လာ ရှုစမ်းပါ၊ ကျင့်စမ်းပါဟု သေချာပြထိုက် ဖိတ်ခေါ်တိုက်တွန်းထိုက်သော။ ဓမ္မော - တရားတော်ပါပေတည်း။

အဓိပ္ပာယ်

မြတ်စွာဘုရား၏ တရားတော်သည် အမှန်တကယ် ထင်ရှားရှိသော တရား, အလွန်သန့်ရှင်းစင်ကြယ်၍ အပြစ်ကင်းစင်သောတရား ဖြစ်သော ကြောင့် လာခဲ့စမ်းပါ၊ ကျင့်ကြည့်လှည့်စမ်းပါ၊ မြည်းစမ်းကြည့်စမ်းပါ ဟု ရဲတင်းစွာ အာမခံ၍ ဖိတ်ခေါ်ပြထိုက်သော တရား၊ ဖိတ်ခေါ်တိုက်တွန်းရဲသော တရားဖြစ်၏။

ဤ'ဧဟိပဿိက'-ဂုဏ်တော်ဖြင့် အခြားအယူဝါဒများကဲ့သို့ မျက်စိ မှိတ်ပြီး ဇွတ်အယုံမခိုင်း၊ လက်တွေ့စမ်းသပ်ဖြစ်အောင် စမ်းသပ် ကြည့်ဖို့သာ ဖိတ်ခေါ်တိုက်တွန်း၏။

လူလောကၦ အထူးအဆန်းကို မြင်တွေ့ရပါက မိမိကြည့်ရှုရုံတွင် အားမရ၊ ချစ်ခင်ရင်းနှီးသည့်သူများအားလည်း ပြသလိုသည်မှာ ဓမ္မတာပင် ဖြစ်၏။ ထို့အတူ အခြားအခြားသော ကုသိုလ်တရားများမှာ ဘဝထိုထိုက ကြိမ်ဖန်များစွာ လူတိုင်း ရခဲ့ဖူးပြီးဖြစ်ရာ ထူးဆန်းသည်ဟု မဆိုသာ။ ထူးခြားမြင့်မြတ်သော ဝိပဿနာတရား၊ အထူးသဖြင့် မဂ်ဖိုလ် တရားများ မဖြစ်စဖူး ဖြစ်ပေါ်လာသည့်အခါ မကြုံစဖူး အထူးအံ့သြမှု နှစ်သက်မှု ဝမ်းမြောက်မှုများ ခံစားရ၏။ ထိုအခါ မိမိ၏ အရင်းနှီးဆုံးဖြစ်သူများအား ရစေလို၏၊ ပြောကြားတိုက်တွန်းလိုသည့်စိတ်ဆန္ဒများ တဖွားဖွား ပေါ်ပေါက် တတ်သည်။ ပြောဆို တိုက်တွန်းသည့်အတိုင်းလည်း မလွဲမသွေ ရရှိခံစား ရမည်ဖြစ်၍ အာမဝန်ခံ ခံရဲ၏။

'လာလှည့်၊ ကျင့်ကြံလှည့်'ဟူသော သဘောဖြင့် ဟောကြားခဲ့သော တရားတော်များလည်း အများအပြားရှိ၏။ ဥပမာ- ခုနစ်ရက်၊ ခုနစ်လ

အလွန်ဆုံး ခုနစ်နှစ်အား‌ထုတ်လျှင် အနာဂါမ် ရဟန္တာ ဖြစ်နိုင်သည်ဟု လည်း‌ကောင်း[၃]၊ (ရင့်ကျက်သူများ ဖြစ်လျှင်) ညနေတရား‌အား‌ထုတ်၊ နံနက်တရား‌ထူး‌ရနိုင်သည်၊ နံနက်အား‌ထုတ် ၊ ညနေ တရား‌ထူး ရနိုင်သည်ဟု လည်း‌ကောင်း[၂]၊ ဇြဟ္မဝိဟာရ တရား‌ကျင့်စဉ်သည် သာသနာပြင်ပ အယူဝါဒ တို့၌ မရှိ၊ ဤသာသနာတော်၌သာ ရှိသည်ဟုလည်း‌ကောင်း[၄]၊ ကိလေသာငြိမ်း‌သူ (သမဏ) လွတ်မြောက်သူသည် လွတ်မြောက်ကြောင်း ကျင့်စဉ် (မဂ္ဂင်ရှစ်ပါး) ရှိရာ ဤသာသနာတော်၌သာရှိ၍ သာသနာပြင်ပအယူဝါဒတို့၌ ကိလေသာ ငြိမ်း‌သူ လွတ်မြောက်သူလည်း‌မရှိ၊ ကိလေသာငြိမ်း‌ကြောင်း ကျင့်စဉ်လည်း တစိတ်တဒေသမျှပင် မရှိဟုလည်း‌ကောင်း[၄] အတိအလင်း ဟောကြား ထား‌သော တရား‌ဒေသနာတော်များ‌သည်လည်း တနည်း‌တဖုံအား‌ဖြင့် တရား‌တော်၏ ဧဟိပဿိက စသောဂုဏ်ကို ဖော်ပြနေခြင်း‌ပင် ဖြစ်သည်။

၅။ သြပနေယျိကဂုဏ်တော်

အနက်

ဓမ္မော – မဂ် ဖိုလ် နိဗ္ဗာန် ကိုး‌တန်သော တရား‌တော်မြတ်သည်။ သြပနေယျိကော – မိမိစိတ်တွင် တစ်ကြိမ်ထင်က လေး‌ခွင်အပါယ် ဝဋ်မီး‌ကွယ်သဖြင့် ကိုယ်ဝယ်ဝတ်နှောင် ဆံဦး‌သျှောင်ကို မီး‌လောင်သော်ငြား မငြိမ်း‌အား‌ဘဲ တရား‌မျက်ရှင် စိတ်စွဲထင်အောင် ကျင့်ဆောင်ခြင်း‌ငှာ ထိုက်တန်တော်မူပါပေ၏။

သြပနေယျိကော – သန္တိသုခ မြတ်ဓမ္မကို မရမဆုတ် ကြိုး‌အား‌ကုတ်လျက် အား‌ထုတ်ရလာ လွန်ချမ်း‌သာ၍ မကွာစိတ်၌ အမြဲကပ်ဆောင်ထား‌ထိုက်သော။
ဓမ္မော – တရား‌တော်ပါပေတည်း။

၁။ မဟာသတိပဋ္ဌာနသုတ် ၂။ မဇ္ဈိမ-ဗောဓိရာဇကုမာရသုတ်၊
၃။ မဟာဝဂ္ဂသံယုတ်၊ မေတ္တာသဟဂတသုတ် ၄။ မဟာပရိနိဗ္ဗာနသုတ်

အဓိပ္ပာယ်

မ်မိ စိတ်သန္တာန်အစဉ်သို့ မရောက် ရောက်အောင် ကပ်၍ ဆောင်ယူထားထိုက်သောတရား၊ မရ ရအောင် ကြိုးပမ်း၍ ရယူဆောင်ထားထိုက်သောတရားများ ဖြစ်၏။ မင် ဖိုလ် နိဗ္ဗာန်တရားများကား ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းချမ်းသာလှသဖြင့် ထိုတရားများထက် သာလွန်ကောင်းမြတ်သော တရားများမရှိ၊ ထို့ထက် သာလွန်သော ချမ်းသာမရှိ။ ထို့ကြောင့်ပင် မြတ်စွာဘုရားက ထိုတရားများကို မရရအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ရန် အမြဲတိုက်တွန်းဟောကြားခဲ့သည်။ မင် ဖိုလ် နိဗ္ဗာန် တရားများကား ပုထုဇဉ်မှန်သမျှ မည်သည့် ပုထုဇဉ်သန္တာန်၌မျှ မဖြစ်ပေါ်ခဲ့စဖူးသေး။ တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ခဲ့သော် အပါယ်လေးပါး၌ ကျရောက်ခံစားရမည့် ဆင်းရဲမီးများ တခါတည်း အပြီးငြိမ်းလေတော့၏။ ထို့ကြောင့် ရင်ဝလုံစူး ဦးခေါင်းမီးလောင်ခံရသူသည် ထိုဆင်းရဲများကို အလေးမမူ လျစ်လျူရှု၍ တရားကိုသာ ရအောင် ကြိုးစား အားထုတ်သင့်၏။ ရင်ဝ လုံစူးခံရသည့်ဒုက္ခနှင့် ဦးခေါင်းမီးလောင်ခံရသည့်ဒုက္ခများကား ယခုမျက်မှောက် တစ်ဘဝ တစ်ခါသာ ခံစားရသည့် ဒုက္ခမီးများသာ ဖြစ်၏။ အတွင်းသန္တာန်၌ စူးဝင်နေလောင်နေသည့် ကိလေသာ လုံ, မီးများကား အခွင့်သာလှသော ယခုလက်ရှိဘဝမျိုးတွင်မှ မငြိမ်းသတ်နိုင်ပါလျှင် နောင်ဘဝများစွာ တစ်သံသရာလုံး အစူးခံ-အလောင်ခံ၍ မဆုံးတော့ပြီ။

တို့ကြောင့် မြတ်စွာဘုရားရှင်က ရင်ဝတွင် လုံအစူးခံရသူ၊ ဦးခေါင်းတွင် မီးလောင်ခံနေရသူတို့သည် ထိုလုံ ထိုမီးကို အရေးတကြီး အားထုတ်နုတ်ယူငြိမ်းသတ်ခြင်းမပြုသေးဘဲ သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်အောင်သာ ယခုချက်ချင်း ကြိုးစား အားထုတ်သင့်ကြောင်း ဟောတော်မူခဲ့ပါသည်။

သတ္တဝါမှန်သမျှ ဘဝခန္ဓာ စကတည်းက လောဘ စသော အကုသိုလ် တရားများက ကပ်၍ ပါလာ၏။ ဤတရားများ ကင်းရှင်းရန်ကား ဒါန သီလ ဘာဝနာ ကုသိုလ်တရားများကို မပြတ်အားထုတ်ရမည်ဖြစ်၏။ မိမိ၌တ်၌ ပြတ်လတ်မှု မရှိရအောင် ကပ်၍ ဆောင်ထားရမည်ဖြစ်၏။ စွဲစွဲမြဲမြဲ ပြုလုပ်နေခြင်းအားဖြင့် ကပ်၍ဆောင်ထားပါက အကုသိုလ်တရားများ ဖြစ်ခွင့်မရ၊ ပြည့်စုံရင့်ကျက်လာသောအခါ မင်ဖိုလ်နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်

သဖြင့် ဒါန သီလ ဘာဝနာ ကုသိုလ်များကိုလည်း သြပနေယျိက တရား များဟု ဆိုသင့်၏။ အထူးသဖြင့် ဝိပဿနာတရား အားထုတ်သူများသည် အားမထုတ်ဘဲ နေလို့မရအောင် စိတ်၌ စွဲလမ်းနေတတ်ကြ၏၊ ချမ်းသာ နေကြ၏။ ထိုအခြင်းအရာသည်ပင် ဝိပဿနာတရားတော်၏ သြပနေယျိက ဂုဏ်ဖြစ်သည်။

ဤသြပနေယျိကဂုဏ်တော်၌ မင်္ဂလာနိဗ္ဗာန်တရားကိုသာ တိုက်ရိုက် ကောက်ယူရ၏။ ထိုလောကုတ္တရာတရားကိုးပါးသည် အထူးသဖြင့် နိဗ္ဗာန် ချမ်းသာသည် အထွတ်အထိပ် ချမ်းသာကြီးဖြစ်၍ စိတ်ဖြင့် အမြဲကပ်ယူ ဆောင်ထား ခံစားထိုက်သည်။ အမြဲခံစားနေချင်လောက်အောင် ငြိမ်းအေး ချမ်းသာသည်ဟု ဆိုလိုသည်။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်

အနက်

ဓမ္မော - မင်္ဂလာ နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်ကို။ ဝိညူဟိ - လေးသစ္စာကို ကောင်းစွာမြင်သိ အရိယာပညာရှိတို့သည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော - ကိုယ်စီကိုယ်ငါ လိုတိုင်းရ၍ နိဗ္ဗာနဓာတ် သမာပတ်ဖြင့် မပြတ်သိပိုင် ခံစားနိုင်ပါပေ၏။

ဝိညူဟိ - အရိယာပညာရှိတို့သည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော ကိုယ်စီကိုယ်ငါ ခံစားသိမြင်အပ်သော။ ဓမ္မော -တရားတော်ပါပေတည်း။

အဓိပ္ပာယ်

အရိယာ ပညာရှိဖြစ်သော သူတော်ကောင်းများသာ အသီးအသီး ကိုယ်စီ ကိုင မိမိတို့သန္တာန်၌ သိအပ် ခံစားအပ်သော တရားဖြစ်၏။ ထိုအရိယာ ပညာရှိ သူတော်ကောင်းများသည် ပစ္စဝေက္ခဏာဉာဏ်ဖြင့် မိမိတို့သန္တာန်၌ မင်္ဂလာ နိဗ္ဗာန်တရားများ ဖြစ်ခဲ့သည်ကိုလည်း သိကြ၏။ နိဗ္ဗာန်ကို ဘယ်ပုံ

မျက်မှောက် ပြုရသည်ကိုလည်း သိကြ၏။ ဖလသမာပတ်ဖြင့် နိဗ္ဗာနမာတ်ကို မျက်မှောက်ထိတွေ့ကာ ထူးမြတ်သော အေးငြိမ်းသည့် အရသာကိုလည်း ခံစားကြ၏။ ထိုတရားများကား ရရှိထားသူတို့သာ ကိုယ်တိုင် သိအပ် ခံစားအပ်သော တရားများသာ ဖြစ်၏။ သူတပါးတို့ မျှဝေခံစား၍ မရ။ ဆရာ၏ ဖလသမာပတ်ဖြင့် တပည့်ချမ်းသာစွာ မနေနိုင်၊ ဆရာကိုယ်တွေ့ မျက်မှောက်ပြုထားသော နိဗ္ဗာန်ကို တပည့်မျက်မှောက် ပြုနိုင်သည် မရှိ။

ထို့ကြောင့် မြတ်စွာဘုရားတရားတော်သည် ကိုးကွယ်ဆည်းကပ်သူကို ဖန်ဆင်းရှင် တန်ခိုးရှင်က ကယ်တင်နိုင်သည်ဆိုသော တရားမျိုး မဟုတ်၊ သူတဘက်သား အား မရေမရာ အားကိုးမှီခိုနေရခြင်း မရှိ။ မိမိ၏အကျင့်မှန် လမ်းမှန်ကြောင့် ရရှိသော ချမ်းသာကို မိမိကိုယ်တိုင် လက်တွေ့ သိရှိ ခံစားနိုင်သဖြင့် ကြောင်းကျိုး ဆီလျော်၍ ကိုယ်တိုင် သိခွင့်ရသော သဘော တရားကြီးဖြစ်၏။ ကိုးကွယ်အားထားရာ အစစ်ကြီး ဖြစ်၏။

ဤဂုဏ်တော်၌လည်း ဒါန သီလ ဘာဝနာ တရားများ အကျုံးဝင်နိုင်သည်ပင် ဖြစ်၏။ ဒါန သီလ ဘာဝနာ ကုသိုလ်များကို ပြုလုပ်ရာ၌ ကံသဘောအရ ကိုယ်ပြုမှ ကိုယ်ရ၏။ ထို့ကြောင့် ဒါန သီလ ဘာဝနာ ကုသိုလ်တရားများ၏ အကျိုးကို သိရှိ ခံစားလိုပါက ကိုယ်တိုင် ကိုယ်ကျ ပြုလုပ်သင့်၏။ ကိုယ်လုပ်မှ ကိုယ်သိ၏၊ ကိုယ်ခံစားရ၏။ ပြုလုပ်ကြည့်မှသာ စိဝ်၏ ချမ်းသာမှု၊ ဝမ်းမြောက်မှု၊ လောဘ စသော တရားများ ကင်းကွာမှု၊ သောက စသော တရားများ ငြိမ်းအေးမှု၊ သမာဓိတရား အားကောင်း၍ စိတ်ပျံ့လွင့်မှု ကင်းကာ စိတ်တည်ငြိမ်ချမ်းသာမှု စသော အကျိုးများ မည်ကဲ့သို့ ဖြစ်ပေါ် လာကြောင်း ကိုယ်တိုင် ကိုယ်ကျ သိရှိ ခံစားနိုင်ကြသည်။

ကိုယ်စီကိုယ်ငင သိရှိခံစားကြရသည်ဆိုရာ၌ မိမိတို့ အခြေအနေ အဆင့်အတန်းအားလျော်စွာ သိရှိခံစားရသည်ဟု ဆိုလိုပေသည်။ စားကောင်း သောက်ဖွယ်များ အတူတကွ တည်ခင်း ကျွေးမွေးသော်လည်း ကလေး ကလေးအလိုက်၊ လူကြီး လူကြီးအလိုက်သာလျှင် ကိုယ်စီကိုယ်ငင အားရ တင်းတိမ်အောင် သုံးဆောင် ခံစားကြရသကဲ့သို့ ဖြစ်သည်။

တရားဂုဏ်တော်အကျိုးပြဝတ္ထု

ဓမ္မိက ဥပါသကာကြီးအကြောင်း

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် သာဝတ္ထိမြို့၌ ဓမ္မိက ဥပါသကာပေါင်း ငါးရာရှိ၏။ တစ်ယောက်တစ်ယောက်တွင် နောက်ပါ အခြံအရံ ဥပါသကာပေါင်း ငါးရာစီရှိ၏။ ထိုသူတို့တွင် ယခု ဖော်ပြမည့် ဓမ္မိက ဥပါသကာမှာ ဦးစီးခေါင်းဆောင်ဖြစ်၏။ ၎င်းတွင် သား ခုနစ်ယောက်၊ သမီး ခုနစ်ယောက်ရှိရာ တစ်ယောက်တစ်ယောက်တွင် စာရေးတံဃာဂု, စာရေးတံဆွမ်း, တစ်ဆယ့်ငါးရက်တစ်ကြိမ်ပေးလှူသော ဆွမ်း, အာဂန္တုရဟန်း ကော်များအတွက် လှူသော ဆွမ်း, သံဃိကဆွမ်း, ဝါဆိုသင်္ကန်းလှူခြင်းစသော နိဗ္ဗဒ္ဓ အလှူဝတ်များရှိ၏။ သား၊သမီးအားလုံး ဖခင်နည်းတူ ဒါနမှုစသော ကုသိုလ်ရေးရာများကို အတုယူ ပြုလုပ် ကျင့်ကြံကြ၏။ ဤသို့အားဖြင့် သား၊သမီး တစ်ဆယ့်လေးယောက်၊ ဥပါသကာကြီးဇနီးမောင် နှံနှင့်ဆိုသော် တစ်ဆယ့်ခြောက်ဦးရှိသော မိသားစုကြီး၌ စာရေးတံမဲ စသော အလှူဝတ်များကလည်း တစ်ဆယ့်ခြောက်ခုစီပင် ရှိကြ၏။ မိသားစုအားလုံးပင် အကျင့်သီလနှင့် ပြည့်စုံကြ၍ အလှူရေစက် လက်နှင့်မကွာ တရားနှင့် မွေ့လျော်နေသူများချည်းသာ ဖြစ်ကြလေသည်။

ထိုသို့ တရားနှင့်အညီ နေထိုင်လာခဲ့ကြရာ အသက်အရွယ် ကြီးရင့်လာသောအခါ ဥပါသကာကြီးမှာ ရောဂါဖိစီးလာ၏။ သေဝပါးနိုး ရှိသောအခါ တရားနာလိုသဖြင့် မြတ်စွာဘုရားထံ လူလွှတ်၍ သံဃာတော်များကို အပင့်ခိုင်းလေသည်။

သံဃာတော်များကြွလာပြီး ဥပါသကာကြီးအား ဝန်းရံ၍ သီတင်းသုံးကြသည့်အခါ တရားသုတ္တန်တစ်ခု ရွတ်ဖတ်သရဇ္ဈာယ် ပေးတော်မူကြပါရန် လျှောက်ထား၏။ "အဘယ်သုတ္တန်ကို နာကြားလိုပါသနည်း" ဟု သံဃာတော်များက မေးလျှင် မြတ်စွာဘုရားရှင်တိုင်း လက်စွဲ အသုံးပြုတော်မူသော မဟာသတိပဋ္ဌာနသုတ္တန် တရားတော်ကြီးကို နာကြားလိုပါကြောင်း လျှောက်ထား၏။

သံဃာတော်များက မဟာသတိပဋ္ဌာနသုတ္တန် တရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြစဉ် နတ်ပြည်ခြောက်ထပ်မှ ရထားခြောက်စီးတို့သည် မိမိတို့ဗိမာန်သို့ ဥပါသကာကြီးအား ခေါ်ဆောင်ရန် သူ့ထက်ငါ အပြိုင်အဆိုင် ဆိုက်ရောက် လာကြကုန်၏။ တရားနာမှုအတွက် အနှောင့်အယှက်ဖြစ်သဖြင့် ဥပါသကာကြီးက နတ်သားများအား "ရပ်ပါဦး၊ ဆိုင်းငံ့ပါဦး" ဟု ပြောလေရာ သံဃာတော်များက မိမိတို့အား အရပ်ခိုင်းသည်ထင်၍ ရွတ်ဖတ်သရဇ္ဈာယ်မှုကို ရပ်ဆိုင်းလိုက်ကြ၏။

ထိုအခါ သားသမီးများက "ရှေးအခါက ငါတို့၏ ဖခင်သည် တရားကို အလွန်နာလို၏၊ အားရသည်မရှိ၊ ယခုကား သံဃာတော်များကို ပင့်ဖိတ်၍ ရွတ်ဖတ်သရဇ္ဈာယ်စေပြီးမှ မရွတ်ဖတ်ရန် ကိုယ်တိုင် တားမြစ်ဘို၏။ သေဘေးမှ မကြောက်သော သတ္တဝါမည်သည် မရှိပါတကား" ဟု ငိုကြွေးလေ၏။ သံဃာတော်များလည်း ရွတ်ဖတ်သရဇ္ဈာယ်ရန် မလိုတော့ဟု ယူဆကာ ကျောင်းသို့ ပြန်ကြွကြကုန်၏။

အတန်ငယ်ကြာသောအခါ ဥပါသကာကြီး သတိပြန်ရလာကာ သားသမီးများ ငိုသံကြားသဖြင့် အကျိုးအကြောင်းမေးမြန်း၏။ သားသမီးတို့ကလည်း အကြောင်းစုံ ပြောဆိုကြသည်။ တဖန် သံဃာတော်များကို မဖူးတွေ့ရ၍ မေးလျှင် ဖခင်ကြီးက ရပ်ပါဦးဆို၍ ပြန်ကြွသွားကြပြီဖြစ်ကြောင်း ပြောကြ၏။ ထိုအခါ ဥပါသကာကြီးက မိမိသည် သံဃာတော်များကို ပြောဆိုခြင်း မဟုတ်။ နတ်ပြည်ခြောက်ထပ်မှ ရထားများနှင့် ရောက်ရှိလာကြသည့် နတ်သားများကိုသာ ပြောဆိုခြင်းဖြစ်ကြောင်း ပြောကြား၏။ ရထားများကို မမြင်ရကြောင်း သားသမီးများက ပြောကြလျှင် ဥပါသကာကြီးက "ငါ့အတွက် သီကုံးပြီးပန်းကုံး ရှိသလား" ဟု မေးရာ သားသမီးများက ရှိကြောင်း ပြောကြသည်။ တဖန် "အဘယ်နတ်ပြည်သည် ပျော်မွေ့ဖွယ် အကောင်းဆုံးဖြစ်သနည်း" ဟု ဆက်၍ ဖခင်ကြီးက မေးပြန်ရာ ဘုရားလောင်း ဟူသမျှနှင့် ဘုရားလောင်းများ၏ ခမည်းတော် မယ်တော်များ၏ နေရာဖြစ်သော တုသိတာနတ်ပြည်သည် ပျော်မွေ့ဖွယ် အကောင်းဆုံး ဖြစ်ကြောင်း သားသမီးများက ပြောဆို၏။ ထိုသို့ဖြစ်လျှင် တုသိတာ နတ်ပြည်မှလာသော ရထား၌ ဤပန်းကုံးသည် ချိတ်ဆွဲပါစေသတည်းဟု ဆို၍

ပန်းကုံးကို ကောင်းကင်သို့ ပစ်တင်ရန် ပြောဏ်။ သားသမီးများကလည်း ဖခင်ကြီးပြောသည့်အတိုင်း ပန်းကုံးကို ပစ်တင် ကြလေရာ တုသိတာနတ်ရထားဦးဌ ချိတ်မိလေဏ်။ လူအများကား ပန်းကုံးကိုသာ မြင်ရ၍ ရထားကိုမူ မမြင်ကြရချေ။

ထိုရထားသည် တုသိတာနတ်ပြည်မှလာသည့် ရထားဖြစ်ကြောင်း၊ မိမိသည် ထိုနတ်ပြည်သို့ သွားရမည်ဖြစ်ကြောင်း စိုးရိမ်ပူပန်မှုမရှိကြရန်နှင့် မိမိရောက်မည့်နတ်ပြည်သို့ ရောက်လိုကြပါမူ မိမိပြုကျင့်သည့်နည်းလမ်းအတိုင်း ကုသိုလ်ကောင်းမှုများကို ပြုလုပ်ရစ်ကြရန် ပြောဆိုမှာကြားကာ ဥပါသကာကြီး ကွယ်လွန်သွားသည်။

ဤဖြစ်ရပ်ကို လေ့လာပ၊ လျှင် သံဃာတော်များ ရွတ်ဖတ်တော်မူကြသည့် မဟာသတိပဋ္ဌာနသုတ္တန်တရားတော်ကို နာယူနေစဉ် စုတေ၍ နတ်ပြည်၌ ဖြစ်ရကြောင်း တွေ့.ရမည်ဖြစ်သည်။

ဖားနတ်သားဝတ္ထု

ဓမ္မိကဥပါသကာကဲ့သို့သော လူသားများကို မဆိုထား၊ တိရစ္ဆာန်များပင်လျှင် တရားတော်ကိုနာကြား၍ အကျိုးကျေးဇူးကြီးမားစွာ ရရှိခဲ့ကြဖူး၏။

မြတ်စွာဘုရား စမ္မာမြို့ ဂဂ္ဂရာရေကန်အနီး၌ တရားမဟ္လာပ်၌ တစ်နေ့သော ညနေချမ်းတွင် တရားဟောတော်မူရာ ဖားငယ်တစ်ကောင်သည် ရေကန်မှ တက်၍ မြတ်စွာဘုရား၌ဝင်၏ သာယာသော တရားသံ၌ အာရုံစိုက်ကာ ဝပ်လျက် နာယူနေ၏။

ထိုအခါ နွားကျောင်းသားတစ်ဦးလည်း ထိုအရပ်သို့ ရောက်ရှိလာကာ ငြိမ်သက်လှသော တရားနာပရိသတ်အစွန်၌ နွားနှင်တံကို အမှတ်တမဲ့ ထောက်လျက်ရပ်ပြီး နားထောင်နေ၏။ သူ၏ နှင်တံသည် ဖားငယ်၏ ဦးခေါင်းပေါ်၌ ထောက်မိလျက်ရှိရာ ဖားသားငယ်သည် ထိုနေရာ၌ပင် တရားနာရင်း သေဆုံးကာ တာဝတိံသာနတ်ပြည်၌ ဖားနတ်သား ဖြစ်သွားသည်။

လင်းနိုသားငါးရာဝတ္ထု

ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်က လင်းနို့သားငါးရာတို့သည် လိုဏ်ဂူတစ်ခုတွင် မိမိတို့ဘာသာဘာဝ နေထိုင်ကြစဉ် ရဟန်းတော်နှစ်ပါးသည် လင်းနို့များနေထိုင်ရာ လိုဏ်ဂူတွင်း စင်္ကြံကြွလျှက် အဘိဓမ္မာတရားတော်ကို ရွတ်ဆိုနေကြသည်။ ထိုအသံကို လင်းနို့သားများ ကြားလျှင် တရားသဘောကို နားမလည်ကြသော်လည်း 'တရားသံပဲ'ဟု အာရုံပြုကာ နာကြားခဲ့ရသော ကုသိုလ်ကြောင့် လင်းနို့သားငါးရာလုံး သေဆုံးကြသောအခါ နတ်ပြည်၌ နတ်သားများ ဖြစ်ကြရလေသည်။

နောက်ဆုံးဘဝ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းများဖြစ်လာကြ၍ အဘိဓမ္မာတရားကို ရှေးဦးစွာ နာကြားရသူများဖြစ်ရုံမျှမက ဤသာသနာတော်၌ အဘိဓမ္မာခုနစ်ကျမ်းကို ပထမဦးဆုံး အာဂုံဆောင်သော ရဟန်းတော်များ ဖြစ်လာခဲ့ကြလေသည်။

ဤကား 'ကြားနာရုံပင် အပူစင်၍ ကျင့်လျှင် ကျင့်ချင်း ခုလက်ငင်းပင် ချက်ချင်း အကျိုးပေးသော' တရားတော်၏ သာဓကဝတ္ထုအမြွက်မျှ ဖြစ်၏။ တရားနာရင်း စိတ်စိုက်ရှုပွားနိုင်ပါမူကား ဆိုဖွယ်ရာမရှိ၊ မိမိ၏ အခြွေအရံ နတ်သမီးငါးရာလုံး ရုတ်တရက်သေဆုံးကာ အဝီစိသို့ကျရောက်၍ မိမိလည်း ခုနစ်ရက်ကျော်လျှင် သေဆုံးကာ အဝီစိသို့ကျရောက်ရတော့မည်ကို သိမြင်၍ အကြောက်ကြီး ကြောက်ကာ ထောက်တည်ရာမရ စိတ်ဒုက္ခရောက်နေသော သုဇာဟန်တ်သား၊ သားသေလင်ဆုံး ယူကျုံးမရ အရူးမကြီးဖြစ်သွားသော ပဋာစာရာ စသူတို့လည်း ဘုရားရှင်နှင့်တွေ့ကာ တရားနာယူရင်း စူးစိုက်ရှုပွားရင်းပင် သောက ပရိဒေဝ မီးတွေ အကုန်ငြိမ်းစဲသွားခဲ့ကြဖူး၏။

ဤမျှ အစွမ်းထက်၍ လက်တွေ့ကျသော တရားစွမ်းအားကို ဤသာသနာတော်မှလွဲ၍ အခြားယ်မှာရနိုင်ပါမည်နည်း။

သံယောဇဉ်တော်(၉)ပါး ပါဠိ

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
(၂) ဥုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

(၃) ဉာယပွဋိပန္နော ဘဂဝတော သာဝကသံဃော၊

(၄) သာမီစိပွဋိပန္နော ဘဂဝတော သာဝကသံဃော၊

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊

ဧသ ဘဂဝတော သာဝကသံဃော –

(၅) အာဟုနေယျော၊

(၆) ပါဟုနေယျော၊

(၇) ဒက္ခိဏေယျော၊

(၈) အဉ္ဇလိကရဏီယော၊

(၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

၁။ သုပွဋိပန္နဂုဏ်တော်

အနက်

ဘဂဝတော – ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သာဝကသံဃော– ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သချိုင်္ဂရုစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်။ သုပွဋိပန္နော – တရားသဖြင့် ဆုံးမသင့်ရာ သာသနာဝယ် လျော်စွာထုံးပြု ဆုံးအမကို လုံးဝလိုက်နာ ကောင်းမွန်စွာလည်း ကျင့်တော်မူတတ်ပါပေ၏။

သုပွဋိပန္နော = ကောင်းစွာကျင့်တော်မူတတ်သော အရိယာ သံဃာတော်မြတ်ပါပေတည်း။

အဓိပ္ပာယ်

ရာဂတရား ဒေါသတရား၊ မောဟတရား ကင်းရှင်းရန် အကျင့်ကို ကျင့်ကြကုန်သော မြတ်စွာဘုရား၏ တပည့်သား သံဃာ အရိယာ သာဝကများကို သုပွဋိပန္နော = ကောင်းစွာကျင့်ကြံသူများဟု ခေါ်၏။

မြတ်စွာဘုရားသည် အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်နှင့် သတ္ထာဒေဝမနုဿာနံ - ဂုဏ်တော်များအရ ဆုံးမထိုက်သူများကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမရာ၌ သူမတူအောင် စွမ်းဆောင်နိုင်သော နတ်လူတို့၏ ဆရာမြတ် ဖြစ်တော်မူသည်။ ထို့ကြောင့် ထိုအတုမဲ့ ဆရာမြတ်၏ တပည့်သာဝကတို့မှာ ယဉ်ကျေးသိမ်မွေ့ပြီးဖြစ်၍ ကြည်ညိုဖွယ်ရာ အကျင့်ကောင်းများနှင့် ပြည့်စုံကြပေသည်။

မြတ်စွာဘုရားက ရှင်အာနန္ဒာအား "ချစ်သားအာနန္ဒာ ... ငါဘုရားကို မိတ်ဆွေအဖြစ် သဘောထား၍ ကျင့်ကြ၊ ရန်သူအဖြစ် သဘောထား၍ မကျင့်ကြလေနှင့်၊ ထိုကဲ့သို့ မိတ်ဆွေအဖြစ်သဘောထား၍ ကျင့်ခြင်းသည် သင်တို့အား ကာလရှည်စွာ အကျိုးစီးပွားချမ်းသာ ဖြစ်ပေလိမ့်မည်" ဟု မိန့်ကြားတော်မူခဲ့ဖူး၏။

ဘုရားရှင်၏ အဆုံးအမတော် ဓမ္မဝိနယအတိုင်း မကျင့်သူ မလိုက်နာသူမှာ ဘုရားရှင်အပေါ်၌ ရန်သူလို ကျင့်သူဖြစ်၍ အဆုံးအမတော် ဓမ္မဝိနယအတိုင်း ကျင့်သူ လိုက်နာသူမှာ ဘုရားရှင်အပေါ်၌ မိတ်ဆွေလို ကျင့်သူပင် ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း အရိုးကြေကြေ အရေခန်းခန်း အသက်ကိုပင် စွန့်၍ ကျင့်ကြံအားထုတ်သော တပည့်သား သံဃာ အရိယာသာဝကတို့သည် သုပွဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူကြ၏။

၂။ ဥုဇုပွဋိပန္နဂုဏ်တော်

အနက်

ဘဂဝတော - ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သာဝကသံဃော - ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သချံုရှစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်။ ဥုဇုပွဋိပန္နော- စဉ်းလဲသမှု မာယာစုဖြင့် ဖုဖုထစ်ထစ် မကောက်ကျစ်ဘဲ စင်စစ် နိဗ္ဗာန်လမ်းဖြောင့်မှန်အောင် လျှောက်ကန်ချင့်မြှော် ကျင့်ကြံတော်မူတတ်ပါပေ၏။

ဥဇုပဋိပန္နော = ရိုးသားဖြောင့်မတ်စွာ ကျင့်တတ်သော အရိယာသံဃာတော်မြတ်ပါပေတည်း။

အဓိပ္ပာယ်

ဥဇုပဋိပန္န ဆိုသည်မှာ လမ်းကောက် လမ်းမှားမလိုက် လမ်းဖြောင့်အတိုင်းကျင့်သူ၊ လှည့်ပတ်ကောက်ကျစ် စဉ်းလဲခြင်း မရှိ၊ ရိုးသားဖြောင့်မတ်စွာ ကျင့်သူဟု အဓိပ္ပာယ်နှစ်မျိုးရပေသည်။

အရိယာသံဃာတော်များသည် ကာမဂုဏ်ချမ်းသာခံစားခြင်း ဟူသော ကာမသုခလွှဲကအကျင့်၊ မိမိကိုယ်ကို ညှဉ်းပန်းခြင်းဟူသော အတ္တကိလမထအကျင့် တည်းဟူသော အစွန်းနှစ်ပါးတို့မှ ကင်းလွတ်ကြ၍ မဇ္ဈိမပဋိပဒါလမ်းဖြောင့်အတိုင်းသာ ကျင့်ကြကုန်၏။ ဤသို့လမ်းဖြောင့်အတိုင်း ကျင့်၍ တရားထူး တရားမှန် ရကာ လူနတ်ဗြဟ္မာတို့၏ ပူဇော်မှုကို ခံယူ ရုံရှိတော်မူကြသည်။

ထို့ပြင် အရိယာသံဃာတော်များသည် မိမိ၌ ရှိသော အပြစ်ကို ဖုံးကွယ်လှည့်ပတ်၍ မရှိဟန်ဆောင်ခြင်း(မာယာ)လည်း မရှိ၊ မိမိ၌ အမှန်တကယ် မရှိသောဂုဏ်ကို ရှိလေဟန်ပြုမူခြင်း(သာဌေယျ)လည်း မရှိပေ။ တရားစစ်တရားမှန်ကိုသာ လိုလားကြသဖြင့် အလွန်ရိုးသား ဖြောင့်မတ်စွာ ကျင့်ကြံတော်မူကြ၏။ ပဋိပတ်တရားအကျင့်ကို ကျင့်စဉ်အခါ**ကပင်** **မာယာ သာဌေယျ** တရားများ ကင်းစင်ကြ၍ အရိယာဖြစ်သွားသောအခါ၌မူ အလွန်ရိုးသားဖြောင့်မတ်ကြောင်း အထူးဆိုဖွယ်ပင်မလိုတော့ပေ။ ဤသို့ အရိယာသံဃာတော်များသည် ဥဇုပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူကြ၏။

၃။ ဉာယပဋိပန္နဂုဏ်တော်

အနက်

ဘဂဝတော - မွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သာဝက သံဃော - ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သင်္ခေါ

ရှစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်။ ဉာယပွဋိပန္နော - ကိုယ်ဝယ်ဝတ်နှောင် ဆံဦးသျှောင်ကို မီးလောင်သော်ငြား မငြိမ်းအား၁ဲ ဆယ်ပါးလောင်ညီး ကိလေမီးတို့ အပြီးကေန် ငြိမ်းရာမှန်သည့် နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူတတ်ပါပေ၏။

ဉာယပွဋိပန္နော = နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူတတ်သော အရိယာ သံဃာတော်မြတ်ပါပေတည်း။

အဓိပ္ပာယ်

အရိယာသံဃာတော်များမှာ လောကီရေးချမ်းသာဟူသမျှကို စွန့်လွှတ်၍ နိဗ္ဗာန်ရရေးတစ်ခုကိုသာ မျှော်ကိုး၍ ကျင့်တော်မူကြ၏။ နိဗ္ဗာန်ချမ်းသာရရေးမှ တပါး အခြားမည်သည့်အရာကိုမျှ မလိုလား၊ မတောင့်တ။

နိဗ္ဗာန်ချမ်းသာရရေးကို ရှောင်တိမ်း၍ လောကီချမ်းသာရေးအတွက် ကျင့်သူများမှာ မတရားရှာမှီးသော (အနေသန)နည်းများဖြင့် လာဘ်လာဘနှင့် ထင်ပေါ်ကျော်ကြားမှုများကို ရယူတတ်ကြပေရာ သီလ-သမာဓိ-ပညာတရားတို့ ဆုတ်ယုတ် ပျက်ပြားကြကုန်၏။ သာသနာတော်လည်း ထိုသူတို့ကြောင့် ညစ်နွမ်းရ၏။ နိဗ္ဗာန်ရရေး လောကုတ္တရာရေးနှင့် လောကီရေးသည် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်သည်ဟု ဟောတော်မူ၏။

ဗုဒ္ဓသာသနာတော်၏ ခရီးဆုံးပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကိုသာ ရည်မှော်၍ တစိုက်မတ်မတ် ကျင့်ကြံအားထုတ်ကြသည့် အရှင်မြတ်များမှာ သီလ-သမာဓိ- ပညာဟူသော သိက္ခာသုံးရပ်မပါဘဲ ရည်ရွယ်ချက် မအောင်မြင်နိုင်သဖြင့် ယင်းတရားသုံးပါးကို အထိပါးမခံ၊ အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်း ကျင့်ကြကုန်၏။ ထို့ကြောင့် မိမိတို့ လိုလားတောင့်တတော်မူကြသည့်အတိုင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြသော ထိုအရိယာသံဃာတော်များမှာ ဉာယပွဋိပန္နဂုဏ်တော်နှင့် ပြည့်စုံကြသဖြင့် လူ နတ် ဗြဟ္မာတို့၏ ပူဇော်မြတ်နိုး အားကိုးရာအစစ် သံဃရတနာ ဖြစ်တော်မူကြပေသည်။

၄။ သာမိစိပ္ပဒိုပနုဂုဏ်တော်

အနက်

ဘဂဝတော- ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သာဝက သံဃော-ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သချိုင်္ဂဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်။ သာမိစိပ္ပဒိုပန္နော-လူတို့ပြုစု ရိုသေမှုနှင့် သင့်လျော်ထိုက်တန်အောင် ကျင့်ကြံတော်မူတတ်ပါပေ၏။

သာမိစိပ္ပဒိုပန္နော = ရိုသေမှုနှင့် လျော်အောင် ကျင့်တော်မူတတ်သော အရိယာ သံဃာတော်မြတ်ပါပေတည်း။

အဓိပ္ပာယ်

အရိယာ သံဃာတော်အရှင်မြတ်များသည် လူဒကာ ဒကာမတို့ မိမိတို့အား ရိုသေသမှု ပြုစုလှူဒါန်းခြင်းနှင့် လျော်ညီအောင် ကျင့်တော်မူကြသည်။

လူဒကာ ဒကာမများက မိမိတို့ အမြတ်တနိုး စီမံထားသော အစား အသောက် ဆေးဝါး အဝတ်အထည်နှင့် အဆောက်အဦများကို သံဃာတော် များအား ရက်ရက်ရောရော လှူဒါန်းကြ၏။ လက်အုပ်ချီမိုး ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း စသော ရိုသေသမှု ပူဇော်မှုများကိုလည်း ပြုကြ၏။ သံဃာတော်များကလည်း လူဒကာ ဒကာမများက ရိုသေသမှု ပြုခြင်း၊ လှူဒါန်းခြင်းများနှင့် ထိုက်တန်အောင် ကျင့်တော်မူကြပေသည်။ အလှူခံ ပုဂ္ဂိုလ်က မြင့်မြတ်လေလေ - လှူဒါန်းသူမှာ အကျိုးများလေလေ ဖြစ်၏။ ထို့ကြောင့် အရိယာ သံဃာတော်များသည် လှူဒါန်းသူ ဒါယကာတို့ အကျိုးများရန် မိမိတို့၏ အကျင့်ဂုဏ်ကို အမြဲတမ်း မြှင့်တင်ပေးကြ၏။

မြတ်စွာဘုရားက - မေတ္တာဘာဝနာပွားများခြင်း၊ သတိပဋ္ဌာန် တရားရှုပွားခြင်း၊ ကိလေသာကင်းအောင် ကြိုးစားခြင်းသည် ပြည်သူတို့၏ ဆွမ်းကို အချည်းနှီးမဖြစ်အောင်၊ အကျိုးရှိအောင် သုံးဆောင်ခြင်းမည်၏ဟု ဟောတော်မူထား၏။ ဤအချက်ဖြင့် ဘာဝနာမှုမပါဘဲ သီလမှုဖြင့် ဆွမ်းအကျိုးအလွန်ကြီးအောင် မဆောင်ရွက်နိုင်သေးကြောင်း သိနိုင်၏။

သီလမျှပင် မရှိလျှင်မူကား ပြည်သူတို့၏ဆွမ်းကို အချည်းနှီး ဖြုန်းတီးနေသူသာဖြစ်၏။

ထို့ကြောင့် ပြည်သူတို့၏ ရိုသေဆည်းကပ်မှု၊ လှူဒါန်းပူဇော်မှု၊ ဝေယျာဝစ္စ ဆောင်ရွက်မှုတို့နှင့် လျော်ကန်ထိုက်တန်အောင် သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော အရိယာ သံဃာတော် အရှင်သူမြတ်တို့မှာ သာမိစိပွင့်ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံသော သံဃာတော်များ ဖြစ်ကြပေသည်။

၅။ အာဟုနေယျဂုဏ်တော်

အနက်

ဘဂဝတော-ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ဧသ = ဧသော သာဝကသံဃော-အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤအရိယာသူတော်ကောင်းသည်။ အာဟုနေယျော- တုံ့ပြန်ကြိုးလေး အကျိုးပေးသဖြင့် ဒါဝေးမှယူ ဆောင်၍မူလည်း ကြည်ဖြူလေးမြတ်ပူဇော်အပ်သည့် လာဘ်သပ်ပကာ အဖြာဖြာကို ကောင်းစွာသိမ်းပိုက်ခံယူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

အာဟုနေယျော = အဝေးရပ်မှပင် ဆောင်ယူလှူအပ်သော ပစ္စည်းကို ခံယူတော်မူထိုက်သော အရိယာသံဃာတော်မြတ်ပါပေတည်း။

အဓိပ္ပာယ်

ဤ၌ အထူးမှတ်သားရန်မှာ ရှေ့ကပြခဲ့သော သုပွဋိပန္နော စသော ဂုဏ်တော်လေးပါးသည် အကြောင်းဂုဏ်တော်ဖြစ်၍ ဤအာဟုနေယျ စသော ဂုဏ်တော်ငါးပါးသည် အကျိုးဂုဏ်တော်ဖြစ်သည်။

အရိယာသံဃာတော်များသည် မိမိတို့အား လှူဒါန်းပူဇော်မှုပြုကြသည့် ပုဂ္ဂိုလ်များအား ကြီးကျယ်မြင့်မြတ်သည့် အကျိုးကို ပေးစွမ်းနိုင်သဖြင့် အလှမ်းဝေးကွာလှသည့် အရပ်ဒေသမှပင် ပင်ပင်ပန်းပန်းယူဆောင်၍ လှူဒါန်းသည့် ဝတ္ထုပစ္စည်းများကိုသော်လည်း အလှူခံတော်မူထိုက်သည့် ဂုဏ်နှင့် ပြည့်စုံကြ၏။

တနည်းအားဖြင့် အရိယာသံဃာတော်ဟူသည် ပြဆိုပြီး အကြောင်း ဂုဏ်လေးပါးတို့နှင့် ပြည့်စုံတော်မူကြသဖြင့် လူဒါန်းပူဇော်သူတိုင်း ကြီးကျယ် မြင့်မြတ်သော အကျိုးကျေးဇူးများကို ရရှိစေနိုင်၍ အနီးအနား၌ သူတို့သာမက တစ်မြေရပ်ခြား တိုင်းတစ်ပါးမှ၊ အဝေးအရပ်မှ သူများပင် တမင် လာရောက် ပူဇော်လူဒါန်းထိုက်သည်ဟုလည်း အဓိပ္ပာယ်ဖော်ဆောင်ရ၏။

အဘယ်ကြောင့်ဆိုသော် အရိယာ သံဃာတော်အရှင်မြတ်များ၏ သီလ စသော ဂုဏ်ရနံ့တို့ကား တလောကလုံး သင်းပျံ့ကြိုင်လှိုင်နေ၏။ စန္ဒကူး မြတ်လေး ဇလပ် ကြာညို စသည့် အမွှေးတကာ့အမွှေးဆုံး ပန်းတို့၏ ရနံ့ကား ပန်းတည်ရှိရာ အရပ်ဝန်းကျင်အတွင်း၌သာ ပျံ့လှိုင်၏။ သီလရှိ သူများ၏ သီလဂုဏ်ရနံ့မှာမူ လူ့ပြည်မက နတ်ပြည် ဗြဟ္မာ့ပြည် များတိုင်အောင် ပျံ့လှိုင်မွှေးကြိုင်လျက်ရှိပေရာ လူသားတို့သာမက နတ် ဗြဟ္မာတို့ကပင် အထူးတလည်လာရောက် လူဒါန်းကြရ၏။ သိကြား မင်းသည် ဇနီးသုဇာနှင့်အတူ လူ့ပြည်ဆင်း၍ လူအို လူမွဲဇနီးမောင်နှံယောင်ဆောင်ကာ အရှင်မဟာကဿပ မထေရ်မြတ်အား ဆွမ်းလူဒါန်းခဲ့ဖူး၏။

တစ်ချိန်က မြတ်စွာဘုရားသည် လပြည့်ဥပုသ်နေ့၌ ရဟန်းသံဃာတော် အပေါင်းခြံရံလျက် လွင်ပြင်တစ်ခုတွင် ထိုင်နေတော်မူ၏။ ထိုအခါ တိတ်ဆိတ်ငြိမ်သက်လျက်ရှိကြသည့် သံဃာတော်အပေါင်းကို ကြည့်ရှုတော်မူရာ အားရတော်မူလှသဖြင့် မိမိ၏ တပည့်သံဃာပရိသတ်မှာ အဖျင်းမပါ၊ အကာမရှိ၊ အနှစ်အသားပြည့်သော ပရိသတ်ဖြစ်ကြောင်း၊ နည်းနည်းလှလျှင် များများရ၍၊ များများလှလျှင် အလွန်များသောအကျိုးကို ရစေတတ်သော ပရိသတ်ဖြစ်ကြောင်း၊ လောကသားများအဖို့ ဖူးတွေ့ရန် ခက်ခဲလှသော ပရိသတ်ဖြစ်ကြောင်း၊ ယူဇနာထောင်သောင်းအရပ်ကပင် ရိက္ခာထုပ်ကမ်းကာ ဖူးမြော်ရန်လာထိုက်သော ပရိသတ်ဖြစ်ကြောင်း မိန့်တော်မူဖူး၏။

၆။ ပါဟုနေယျဂုဏ်တော်

ဘဂဝတော-ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ဧသ= ဧသော သာဝကသံဃော-အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း

ဤအရိယာသူတော်ကောင်းသည်။ ပါဟုနေယျော- ဝေးရပ်မျိုးနွယ် များးဧည့်သည်ဖို့. ရည်ရွယ်မှန်းထား ပစ္စည်းများကို ဘုရားတစ်ဆူ ပွင့်တော်မူမှ ပေါ်လာကြသည့် ကမ္ဘာဧည့်ကောင်း လွန်ကြဲတောင်းဟု နှစ်ထောင်းရွင်ကြိုက် ပေးလှူခြင်းငှာလည်း ထိုက်တန်တော်မူပါပေ၏။

ပါဟုနေယျော = ဧည့်ဝတ်ပြုရန် အထူးစီမံထား၊အပ်သော ပစ္စည်းတို့ကို ခံယူတော်မူထိုက်သော အရိယာ သံဃာတော်မြတ်ပါပေတည်း။

အဓိပ္ပာယ်

လူတို့သည် မိမိတို့အိမ်သို့ ထိုထိုရပ်နီးရပ်ဝေးဒေသများမှ ရောက်ရှိလာမည့် ချစ်ခင်မြတ်နိုး၊အပ်သော ဆွေမျိုးမိတ်ဆွေ အထူးဧည့်သည်များအတွက် စား၊ကောင်း၊သောက်ဖွယ်များကို ဖွယ်ဖွယ်ရာရာအထူးတလည် အကောင်းဆုံး ဖြစ်ရန် စီမံထားတတ်ကြ၏။ အရိယာသံဃာတော်များသည် ထိုသို့ အမြတ်တနိုး ဧည့်ကောင်း ဆောင်ကောင်းများအတွက် ရည်ရွယ်ထား၊သော စား၊သောက်ဖွယ် မျိုးကိုပင် ခံယူထိုက်သည့်ဂုဏ်နှင့် ပြည့်စုံတော်မူကြ၏။

လောကီလူသား ဧည့်သည်များကို ပြုစုကျွေးမွေးခြင်း၊သည် အနည်း၊ငယ်သော အကျိုးကိုသာ ဖြစ်ပေါ်စေနိုင်၏။ အရိယာသံဃာတော် အရှင်မြတ်များ၊အား လှူဒါန်း၊ရသော ဒါန၏ အကျိုးကား အတိုင်းမသိ များစွာ ကြီးမား၏။ အလှူခံ သံဃာတော်၏ သီလ စသောဂုဏ်ကြီး၊လေ၊ ပို၍ အကျိုး ကြီး၊လေဖြစ်၏။

ထို့ပြင် လောကလူသား ဧည့်သည်များကား အချိန်မရွေး တွေ့.ဆုံနိုင် သဖြင့် ခက်ခဲသည်မဆိုသာ၊ သံဃာတော်အရှင်မြတ်များမှာမူ မြတ်စွာ ဘုရားရှင်တို့ ပွင့်ပေါ်သောအခါ၌သာ ရှိနိုင်၏။ မြတ်စွာဘုရားပွင့်တော်မူမှသာ ပေါ်လာရ၏။ ထို့ကြောင့် အလွန်တရာ တွေ့.ဆုံရန် ခက်ခဲလှသော သံဃရာ ဧည့်သည်တော်ကြီးများ ဖြစ်ကြ၏။ ခက်ခဲရုံမျှမက သီလ စသော ဂုဏ် အား၊ဖြင့်လည်း လောကလူသား ဧည့်သည်များနှင့် မနှိုင်း၊ယှဉ်အပ်၊ အရိယာ သံဃာတော်များနှင့်တူသည့် ဧည့်သည်ကောင်းကား လောကတွင် မရှိ။ မြတ်စွာဘုရား၏ တပည့်သာဝက သံဃာတော်အရှင်မြတ်များကို 'အလွန်တရာ

ကြံကြိုက်ခဲလှသော သံ ဃရာ ဧည့်သည်တော်ကြီးများပါတကား'ဟု အလေးအမြတ်ထား၍ လှူဒါန်းထိုက်သောကြောင့် အရိယာ သံဃာတော် အရှင်မြတ်များသည် ပါဟုနေယျဂုဏ်တော်နှင့် ပြည့်စုံတော်မူကြပေသည်။

၇။ ဒက္ခိဏေယျဂုဏ်တော်

အနက်

ဘဂဝတော-ရွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ဇသ = ဇသော သာဝကသံဃော-အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော် အပေါင်း ဤအရိယာ သူတော်ကောင်းသည်။ ဒက္ခိဏေယျော - တမလွန်အကျိုး ရည်မျှော်ကိုးတိုင်း ကောင်းကျိုးပေးတတ်သဖြင့် မြတ်သောအလှူကိုလည်း ခံယူခြင်းငှာ ထိုက်တော်မူပါပေ၏။

ဒက္ခိဏေယျော = မြတ်သော.အလှူကို ခံယူတော်မူထိုက်သော အရိယာ သံဃာတော်မြတ်ပါပေတည်း။

အဓိပ္ပာယ်

တမလွန်ဘဝ၌ ကောင်းကျိုးချမ်းသာရမည်ဟု ယုံကြည်၍ လှူအပ်သော အလှူကို "ဒက္ခိဏာ"ဟု ခေါ်၏။ တမလွန်ဘဝ ရောက်ရှိနေကြသော ပုဂ္ဂိုလ်များအား ရည်စူး၍ လှူအပ်သောအလှူမျိုးကိုလည်း ဒက္ခိဏာဟု ဆိုသင့်၏။

ဒက္ခိဏာခေါ်သော အလှူမျိုးကို ပေးလှူသည့်အတိုင်း မျှော်မှန်းသည့် အတိုင်း အကျိုးကြီးအောင် ပြုလုပ်ပေးနိုင်သော သံဃာတော်များကို "ဒက္ခိဏေယျ"ဟု ဆိုသည်။ ကြီးပွားချမ်းသာချင်၍ ပေးလှူသူများအား အမှန်တကယ် ကြီးပွားချမ်းသာအောင် ဆောင်ရွက်ပေးနိုင်သော သံဃာတော်ဟု ဆိုလို၏။

သီလစသော ဂုဏ်မရှိသည့် ပုဂ္ဂိုလ်များမှာ မျှော်မှန်းသည့် အကျိုးကို ပေးစွမ်းနိုင်ခြင်းမရှိသဖြင့် ထိုအလှူမျိုးကို ခံထိုက်သူ မဆိုရ၊ အရိယာ သံဃာတော်များကား သီလစသောဂုဏ်တို့ကြောင့် အလှူရှင်များက ရည်မှန်း

တိုင်းသော အကျိုးကို ပြည့်ဝစွာ ရစေနိုင်သဖြင့် ထိုအလှူမျိုးကို ခံယူခြင်းငှာ ထိုက်တန်တော်မူကြ၏။

၈။ အဥ္ဇလိကရဏီယဂုဏ်တော်

အနက်

ဘဂဝတော-ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ဧသ= ဧသော သာဝကသံဃော-အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော် အပေါင်း ဤအရိယာ သူတော်ကောင်းသည်။ အဥ္ဇလိကရဏီယော - တလောကလုံး ကိုင်းညွတ်ရုံးလျက် ရွှင်ပြုံးကြည်ညိုရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

အဥ္ဇလိကရဏီယော = လက်အုပ်ချီမိုး ရှိခိုးထိုက်သော အရိယာ သံဃာတော်မြတ်ပါပေတည်း။

အဓိပ္ပာယ်

အရိယာသံဃာတော်မြတ်များသည် သုပွဋိပန္နဲ၊ ဥုပွဋိပန္နဲ စသော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူကြသဖြင့် သီလ၊ သမာဓိ၊ ပညာ အကျင့်သိက္ခာသုံးပါးတို့ ပြည့်စုံပြီး ဖြစ်ကြသည်။ ထိုအရိယာ သံဃာတော်များအား တစ်ကြိမ်ရှိခိုးက ကောင်းကျိုးအနန္တကို ရနိုင်၏။

လောကဌ် လူတို့သည် တစ်ဦးနှင့်တစ်ဦး ဂုဏ်သတ္တိစွမ်းရည်မတူကြ၊ အသက်သိက္ခာဂုဏ်ဝါကြီးသူ၊ စွမ်ရည်သတ္တိကြီးမားသူတို့အား အသက်သိက္ခာဂုဏ်ဝါငယ်သူ၊ စွမ်းရည်သတ္တိနိမ့်ကျသူတို့က အရိုအသေပြုရသည်မှာ လောကဝတ်၊ လောကဓမ္မတာဖြစ်၏။ ကမ္ဘာလူမျိုးတိုင်းလည်း မိမိတို့ ဓလေ့ထုံးစံအရ တစ်နည်းမဟုတ် တစ်နည်း အရိုအသေ ပေးနေကြရသည်ပင်ဖြစ်၏။ ယုတ်စွအဆုံး အလေးဂရုပြုရမည့် ပုဂ္ဂိုလ်ကြီး အသက်ထင်ရှား မရှိတော့ ဓေကာမူ ဓာတ်ပုံရုပ်တုစသော အထိမ်းအမှတ်များကိုပင်လျှင် ရိုသေသမှုပြုနေကြရသည်။ စကြဝဠာဖွဲ့စည်းပုံကို ကြည့်လျှင်လည်း သက်မဲ့များပင် အားကြီးရာအလိုက် ဦးတိုက်နေကြရသည်မှာ နိယာမပင် ဖြစ်သည်။

ထိုလောကဝတ် နိယာမကို နားမလည်ဘဲ "လူလူချင်း ဦးတိုက် ရိုက်ပျိုး ရှိခိုးဖို့ မလို" ဟု ပြောဆိုထင်မြင်သူထက် မိုက်မဲသူကား မရှိပြီ။

လူလူချင်း ဖြစ်စေ၊ ထိုသူတို့အား ကိုယ်စားပြု ရည်ညွှန်းထားသော ဓာတ်ပုံ ရုပ်တု အမှတ်လက္ခဏာတစ်ခုခုကို ဖြစ်စေ အရိုအသေပြုခြင်း၊ ဦးတိုက်ရိုခိုးခြင်းပြုကြရာ၌ ပြုထိုက်သောကြောင့် ပြုနေကြရသည်ဖြစ်ရာ ပြုထိုက်သော ကျေးဇူးဂုဏ်စွမ်းရည်သတ္တိကို မြင်အောင်ကြည့်ဖို့ လို၏။ ရတနာသုံးပါး မိဘ ဆရာ အသက်သိက္ခာကြီးသူတို့၌ အာဘယ်ကျေးဇူး၊ အာဘယ်ဂုဏ် စွမ်းရည်သတ္တိတို့ ရှိကြသနည်း၊ ထိုတွင် ရဟန်းသံဃာတော်များ၌ ကျေးဇူး ဂုဏ် စွမ်းရည်သတ္တိ အနန္တ ရှိရာတွင် စောင့်ထိန်းသော သီလဂုဏ် တစ်ခုတည်းဖြင့်ပင် လောက၌ ဂုဏ်ရည်တူ မရှိ၊ ထိုသီလဂုဏ် တစ်ခုတည်းဖြင့်ပင် တလောကလုံးက ရှိခိုး ဦးတိုက်ထိုက်၏။ ရဟန်း သံဃာတော်များ : စောင့်ထိန်းထားသော အကျင့်သီလကို သိသာရုံပြရသော်–

(၁) ရဟန်းတော်များအတွက် မြတ်စွာဘုရား ပညတ်တော်မူထားသော သိက္ခာပုဒ် အကျဉ်းအားဖြင့် (၂၂၇)သွယ်၊ အကျယ်အားဖြင့် ကဋ္ဌေကိုးထောင် ကိုးရာ့ ရှစ်ဆယ့်ငါးသိန်း သုံးသောင်း ခြောက်ထောင် ရှိ၍ ထိုသိက္ခာပုဒ်များကို လုံခြုံအောင် စောင့်ထိန်းခြင်း ဟူသော ပါတိမောက္ခသံဝရသီလ၊

(၂) အကုသိုလ်မဖြစ်ရအောင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေခြောက်ပါးတို့ကို လုံခြုံအောင် စောင့်ထိန်းခြင်း ဟူသော ဣန္ဒြိယသံဝရသီလ၊

(၃) ရဟန်းတော်များ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စပ်၍ မြတ်စွာဘုရား ပညတ်တော်မူထားသော သိက္ခာပုဒ်များကို လုံခြုံအောင် စောင့်ထိန်းခြင်း ဟူသော အာဇီဝပါရိသုဒ္ဓိသီလ၊

(၄) ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ကို ဉာဏ်ဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းဟူသော ပစ္စယသန္နိဿိတသီလ ဟူ၍ လေးမျိုးရှိသည်။

ဤဖော်ပြပါ သီလလေးပါးတို့ကို လုံခြုံအောင် စောင့်ထိန်းနိုင်မှ စတုပါရိသုဒ္ဓိသီလ၌ တည်၍ သမာဓိ၊ ပညာ တရားများ ဖြစ်ပွားနိုင်သည်။

ရဟန်း သံဃာတော်များ သီလတစ်ခုတည်း ပြည့်စုံအောင် ဖြည့်ကျင့်ဖို့ပင် မည်မျှ ခက်ခဲ ကြပ်တည်းကြောင်း သိသာလှပေ၏။ ထိုသီလ ပြည့်စုံခိုင်မြဲအောင် ပူးတွဲဖြည့်ကျင့်ရသော ကျင့်ဝတ်များ၊ အမွမ်းတင်သီလ (ဓုတင်အကျင့်) များလည်း ရှိပေသေးသည်။ ထို့ကြောင့် ကိုယ်ကျင့်သီလနှင့်စပ်၍ လောက၌ ပြိုင်ဘက်မရှိ စင်ကြယ်မြင့်မြတ်သူများ ဖြစ်တော်မူကြ၏။

ရဟန်းသံဃာတော်များ သီလ သမာဓိ ပညာတရားတို့ကို ထိုသို့ ဖြည့်ကျင့်ခြင်းမှာ တကိုယ်ရေ ချမ်းသာရေးအတွက်သာ မဟုတ်ချေ။ 'မြတ်သော အလှူကို ခံထိုက်သည်၊ ရှိခိုးထိုက်သည်' စသော ဂုဏ်များဖြင့် သတ္တလောကကြီးအား ချမ်းသာစီးပွားများအောင် ဆောင်ရွက်ပေးတော်မူနေကြသည်ဟူသော အဓိပ္ပာယ်လည်း ပါဝင်ပြီး ဖြစ်တော့သည်။ ထိုသို့ ကျင့်ကြံတော် မူနေကြခြင်းပင်လျှင် လောကကြီးအား ချမ်းသာစီးပွားများအောင် ဆောင်ရွက်ပေးတော်မူနေကြခြင်းပင် ဖြစ်၏။

ဘုရားရှင်လက်ထက်တော်အခါက ခုနစ်ရက်မျှသာ အသက်ရှည် တည်နေရန်ရှိသော ဒီဃာဝု သတို့သားငယ်သည် ထိုသို့သော သီလ သမာဓိ ပညာဂုဏ်ရှိသည့် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များ၌ ရှိခိုး ဦးချရခြင်း စသော ကုသိုလ်ကြောင့် အသက် ၁၂၀-ထိ ရှည်ခဲ့ဖူး၏။

ဤသို့ သံဃာတော်၏ ကျေးဇူး၊ ရှိခိုးရသော ကျေးဇူးတို့ကို သိရှိအောင် လေ့လာ၍ လက်အုပ်ချီမိုး ရှိခိုးခြင်း (အဥ္ဇလီ)အမျိုးမျိုးရှိရာတွင် နှုတ်ဆက် ရှိခိုးခြင်းမျိုးမျှသာ မဖြစ်စေရ၊ ထိုင်လျက် ရှိခိုးလျှင် ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း၊ မတ်တတ်ရပ်လျက် ရှိခိုးလျှင် ဦးထိပ်ပြင်၌ လက်ဆယ်ချောင်းလုံး ပေါင်းရုံးယှက်တင်၍ ကိုယ်ကို ညွတ်ကိုင်းလျက် ရှိခိုးခြင်းဖြင့် ရှိခိုးရမည်။

၉။ အနုတ္တရ၏ ပုညက္ခေတ္တံ လောကသဂုဏ်တော်

အနုက်

ဘဂဝတော-ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ဇသ = ဇသော သာဝကသံဃော-အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်

အပေါင်း ဤအရိယာသူတော်ကောင်းသည်။ လောကဿ - လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်း၏။ အနုတ္တရံ - အတုမရှိ မြတ်ခေါင်ထိသော။ ပုညက္ခေတ္တံ- ကုသိုလ်စေ့မျိုး နည်းငယ်ပျိုးက ကောင်းကျိုးထွေထွေ ဖြစ်ထွန်းစေသဖြင့် လယ်မြေယာကောင်းသဖွယ် ဖြစ်တော်မူကြပါပေ၏။

အနုတ္တရံ ပုညက္ခေတ္တံ လောကဿ = တလောကလုံး၏ ကုသိုလ်မျိုးစေ့ကို ကြဲချ စိုက်ပျိုးရာ အတုမဲ့ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော အရိယာ သံဃာတော်မြတ်ပါပေတည်း။

အဓိပ္ပာယ်

လောကဌ် မည်သည့်လူမျိုးဘာသာဝင်မဆို ပေးကမ်းစွန့်ကြဲခြင်း ဒါနအလုပ်များ ရှိကြသည်ပင် ဖြစ်၏။

အကျင့်သီလနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်အား လှူရသော အလှူမှသာ အကျိုးကျေးဇူးကြီးကျယ်မွန်မြတ်၏။ မြေဆီ မြေသြဇာတ်ကောင်းသော လယ်ယာဌ် မည်သည့်မျိုးစေ့ကိုမဆို စိုက်ပျိုးကြဲချက အသီးအနှံကောင်း ရရှိရန် သေချာ၏။ အရိယာသံဃာတော်များသည် တလောကလုံး စိုက်ပျိုးစားသုံး၍ မကုန်နိုင်သည့် မြေဆီသြဇာကောင်းသော လယ်ယာမြေနှင့် တူ၏။ မိမိတို့ စိုက်ပျိုးမည့် မျိုးစေ့ ကောင်း,မကောင်း စိစစ်ရွေးချယ်ရန်သာ လိုသည်။

မြေကလည်း မြေဆီမြေသြဇာ ပြည့်ဝသည့် မြေကောင်းမြေသန့်ဖြစ်၏။ ရေ လေနှင့် နေရောင်ခြည်သဖွယ်ဖြစ်သော သဒ္ဓါ စေတနာ ပညာကလည်း ကောင်း၊ စိုက်ပျိုးသည့် မျိုးစေ့ကလည်း မျိုးသန့် မျိုးကောင်း ဖြစ်ပါမူ ဆိုဖွယ်ရာမရှိချေ။ ထို့ကြောင့် အရိယာ သံဃာတော်များသည် ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးကြဲချရန် တလောကလုံးအတွက် အတုမဲ့ လယ်ယာမြေကောင်းကြီးများ ဖြစ်သည် (အနုတ္တရံ ပုညက္ခေတ္တံ လောကဿ) ဟု ဆိုရပေသည်။

ယခုပြဆိုခဲ့ပြီးသော သံဃာ့ဂုဏ်တော်ကိုးပါးကား အရိယာ သံဃာတော်များ၌ ရှိသော ဂုဏ်တော်များဖြစ်သည်။ သို့ရာတွင် ပုထုဇဉ်သမုတိ သံဃာတော်များသည်လည်း အရိယာမဖြစ်သေးစေကာမူ အရိယာဖြစ်ကြောင်း စတုပါရိသုဒ္ဓိစသော သီလ သမာဓိ ပညာ အကျင့်များကိုပင် ကျင့်ကြံတော်

မူနေကြသည်ဖြစ်၍ သံဃာဟုပင် ခေါ်ရ၏။ အမူအကျင့် (သီလ)အားဖြင့်လည်းကောင်း၊ အယူဝါဒ အမြင်စင်ကြယ်မှု (ဒိဋ္ဌိ)အားဖြင့်လည်းကောင်း အတူတူပင် ဖြစ်သည်။ အရိယာသံဃာနှင့် အနုအရင့်မျှသာ ခြားနား၍ တစိတ်တဝမ်းတည်း ပေါင်းစည်းညီညွတ်စွာ အတူတကွ တည်ရှိကြသဖြင့် ဘုရားရှင်၏ သာဝက သံဃာပင် ဖြစ်သည်။ ရဟန်းသံဃာတော်များအား ဖူးမြော် ပူဇော်ကြသောအခါ ပုထုဇဉ်အရိယာ မခွဲခြားဘဲ သံဃာ့ဂုဏ်တော် ၉-ပါးကိုသာ အာရုံပြု၍ ဆည်းကပ်ကြရာ၏၊ ဖူးမြော်ပူဇော်ကြရာ၏။

သံဃာ့ဂုဏ်တော်အကျိုးပြဝတ္ထု

အလှူဒါနပေးလှူရာတွင် အလှူရှင်မှာသည် တစုံတခုသော ကောင်းကျိုးချမ်းသာရရေးကို မျှော်ကိုး၍ ပေးလှူကြခြင်းဖြစ်၏။ ထိုကဲ့သို့ မိမိတို့ မျှော်ကိုးသည့်အတိုင်း ကောင်းကျိုးချမ်းသာရရှိရန်မှာ အင်္ဂါသုံးရပ်နှင့် ညီညွတ်မှ ဖြစ်၏။ အင်္ဂါသုံးရပ်မှာ–

(၁) အလှူရှင်၏ သုံးတန်သော စေတနာနှင့် ပြည့်စုံညီညွတ်မှု၊

(၂) အလှူပစ္စည်းသည် တရားနှင့်အညီ ရှာဖွေ၍ ရရှိထားသည့် ပစ္စည်းဖြစ်မှုနှင့်

(၃) အလှူခံပုဂ္ဂိုလ်၏ အကျင့်သီလပြည့်စုံမှုတို့ ဖြစ်သည်။

ယင်းအင်္ဂါသုံးပါးနှင့် ပြည့်စုံမှသာ မိမိတို့မျှော်မှန်းသည့် ကောင်းကျိုးချမ်းသာကို ပြည့်ပြည့်ဝဝ ရရှိနိုင်၏။

အလှူရှင်ဘက်က စေတနာသုံးတန်ညီညွတ်၍ လှူဖွယ်ပစ္စည်းကလည်း တရားနှင့်အညီ ရှာဖွေရရှိထားသည့်ပစ္စည်းဖြစ်သော်လည်း အလှူခံပုဂ္ဂိုလ်က အကျင့်သီလစင်ကြယ်မှု မရှိ၊ ဒုဿီလပုဂ္ဂိုလ်ဖြစ်နေပါလျှင်လည်း မိမိတို့ မျှော်မှန်းသည့် ကောင်းကျိုးချမ်းသာကို ရရှိခံစားရလိမ့်မည် မဟုတ်ပေ။

ဤအချက်နှင့်စပ်၍ အဇာတသတ်မင်းလက်ထက်က သူဌေးတစ်ဦး၏ ဖြစ်ရပ် (စူဠသေဋ္ဌိပေတဝတ္ထု)ကို ကြည့်ရှုပါက သိသာထင်ရှားမည်ဖြစ်သည်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းသည် ဖခင်အား သတ်မှု (ပိတုဃာတက)အကုသိုလ်ကံကြောင့် ကောင်းစွာအိပ်စက်၍ မပျော်နိုင်သေးသော အချိန်က ဖြစ်၏။ တစ်ညတွင် အဇာတသတ်မင်းသည် အိပ်စက်မပျော်၍ လသာဆောင်သို့ ထွက်ကာ စင်္ကြံလျှောက်ခိုက် ကောင်းကင်ခရီးမှ ဖြတ်သန်း သွားနေသည့် ပြိတ္တာတစ်ဦးကို တွေ့ရှိ၏။ ထိုပြိတ္တာမှာ ဦးပြည်းကတုံးနှင့် တကိုယ်လုံး အရိုးအကြောအရေမျှသာရှိ၏၊ အဝတ်လည်းမပါ။ အဇာတသတ်မင်းက ဆင်းရဲချို့ငဲ့သော ရဟန်းတော်တစ်ပါးဟုထင်မှတ်၍–

"အို ရဟန်း – အကာလ ညအချိန်ကြီးမှာ ဘယ်ကလာပြီး ဘာကိစ္စအတွက် ဘယ်ကိုသွားမှာလဲ၊ သင့်လိုအင်ဆန္ဒကို ကျွန်ုပ် ဘာကူညီ ဖြည့်စွမ်းပေးရမလဲ"ဟု မေးရာ ပြိတ္တာကြီးက–

"မင်းကြီး – ကျွန်ုပ်ဟာ ယခင်ဘဝတုန်းက ဗာရာဏသီပြည်က သူဌေးတစ်ဦးပါ၊ ဘုရား တရား သံဃာကို ယုံကြည်သူမဟုတ်၊ ဘာကုသိုလ် ကောင်းမှုကိုမျှ မလုပ်ခဲ့ပါ။ အချိန်ရှိသမျှ ကာမဂုဏ်ပျော်ပါးပြီး သေလွန်ခဲ့ရာ ယခု ပြိတ္တာ ဖြစ်နေရပါတယ်၊ မစားမသောက်ရလို့ ပိန်ချုံးနေပါတယ်၊ သင်မင်းကြီးထင်သလို ရသေ့ရဟန်းမဟုတ်ပါ၊ ယခု လူ့ဘဝက သမီးတော်စပ်သူ အနုလာ နေထိုင်ရာ အန္ဓကဝိန္ဒမြို့ကို သွားမယ်၊ သမီးက မိဘဘိုးဘွားတွေ ရည်စူးပြီး အလှူကြီးပေးရာမှာ စားသောက်ရအောင် ဖိတ်ထားလို့ သွားပါရစေ မင်းကြီး"ဟု အကြောင်းစုံပြောဆိုသည်။

အဇာတသတ်မင်းကြီးသည် ပြိတ္တာကြီး စကားကို ကြားရသောအခါ လွန်စွာ စိတ်မကောင်းဖြစ်သွား၏။ သမီးအလှူပွဲသွားပြီး အပြန်တွင် မိမိထံ ဝင်ခဲ့ရန်နှင့် လိုအပ်သည်များကို ကူညီ ဖြည့်စွမ်းပေးမည့်အကြောင်း ပြောဆိုမှာကြားလိုက်၏။ ပြိတ္တာကြီးလည်း ဝန်ခံစကားပြောကြားကာ အန္ဓကဝိန္ဒ မြို့ဘက်သို့ ကောင်းကင်ခရီးဖြင့် ဆက်လက် ထွက်ခွာသွားသည်။

သမီး အနုလာနေအိမ်သို့ ရောက်လျှင် သမီးဖြစ်သူမှာ သက်ဆိုင်ရာ ဘာသာအယူဝါဒအရ မိမိတို့ ကိုးကွယ်သော ဗြာဟ္မဏဆရာ ပုဏ္ဏားကြီးများအား ခမ်းနားကြီးကျယ်စွာ ကျွေးမွေးလှူဒါန်းနေသည်ကို တွေ့ရလေ၏။ ပြိတ္တာတို့ မည်သည် လူလူချင်း ပေးကျွေးသကဲ့သို့ ပေးကျွေး၍လည်းမရ၊ အမျှအတန်း

ပေးဝေမှသာ စားရ ဝတ်ရသော ဘဝဖြစ်၏။ အမျှအတန်းပေးဝေရာတွင်လည်း အကျင့်သီလရှိသော ပုဂ္ဂိုလ်တို့အား လှူဒါန်းသောအလှူမှသာ အမျှပေးဝေ၍ ရနိုင်၏။

ပြိတ္တာကြီးမှာ သမီးအလှူပွဲ အားခဲ၍ သွားရသော်လည်း အချည်းနှီးဖြစ်ကာ မစားရ မသောက်ရဘဲ ပြန်သွားရရှာ၏။ အဇာတသတ်မင်းကြီးနှင့် ပြန်လည် တွေ့ဆုံသောအခါ–

"မင်းကြီး – သမီးအလှူပွဲမှာ အကျင့်သီလရှိသူ တစ်ဦးမျှ မပါ၊ ဒုဿီလကြီးတွေ စားသောက်သွားကြလို့ ကျွန်ုပ်မှာ ဘာကုသိုလ်အဖို့မျှ မရပါ"ဟု ညှိုးငယ်စွာ ပြောပြလေရာ မင်းကြီးက–

"အို မိတ်ဆွေ – မကြောင့်ကြပါနှင့်၊ ကျွန်ုပ် ဘာကူညီ ဆောင်ရွက်ပေးစေလိုပါသလဲ"ဟု မေး၏။

"မင်းကြီး – အခြားအကူအညီ မလိုပါ၊ ဂေါတမမြတ်စွာဘုရားကို ဖြစ်စေ၊ ဘုရားရှင်၏ တပည့်သား သံဃာကိုဖြစ်စေ ကျွန်ုပ်အတွက် ဆွမ်းသင်္ကန်း အဖျော် လှူဒါန်းပူဇော်ပြီး အကျွန်ုပ်အား အမျှဝေပေးပါ"ဟု အကူအညီ တောင်းခံလိုက်ရာ မင်းကြီးလည်း တတ်နိုင်သမျှ အမြန်ဆုံး သံဃာတော်များအား ကျွေးမွေးလှူဒါန်းပြီး ပြိတ္တာကြီးအား အမျှအတန်း ပေးဝေလိုက်သည်။

ပြိတ္တာကြီးသည် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီးနောက် မင်းကြီးရှေ့၌ အလွန်လှပသော နတ်သားတစ်ယောက်အသွင်ဖြင့် ရုတ်တရက် ပေါ်ပေါက်လာ၏။ ရဟန်းသံဃာတော်များ၏ 'အနုတ္တရံ ပုညက္ခေတ္တ'ဂုဏ်နှင့် မင်းကြီး၏ ကျေးဇူးကို ချီးကျူးလျက်–

"မင်းကြီး – သံဃာတော် အရှင်မြတ်များအား ပေးလှူသော သင်မင်းကြီး၏ ဒါနကို သာဓုခေါ်ရတဲ့အတွက် အတိုင်းအဆမရှိအောင် အကျိုးအာနိသင် ကြီးမားလာတာကို ကြည့်တော်မူပါ။ ကျွန်ုပ်နှင့်တူတဲ့ လူသားတစ်ယောက်မျှ မရှိနိုင်ပါ၊ အမြဲတမ်း လိုလေသေးမရှိ၊ ပြည့်စုံချမ်းသာ ရပါပြီ မင်းကြီး၊ ယခုပင် နတ်ပြည်ဌာနသို့ သွားပါရစေတော့"ဟု နှုတ်ဆက်ကာ အဇာတသတ်မင်းကြီးရှေ့မှောက်မှ ပျောက်ကွယ်သွားလေတော့သည်။

ထိုအဖြစ်အပျက်ကို မင်းကြီးနှင့် ရဟန်းတော်များမှတဆင့် မြတ်စွာဘုရားကြားသိတော်မူ၏။ မြတ်စွာဘုရားရှင်လည်း သိမြင်တော်မူပြီး ဖြစ်သည့် အလျောက် သတ္တဝါတိုင်း အားကိုးလောက်သည့် သံဃာ့ဂုဏ်တော်ကို ဖော်ကျူးကာ ဤ 'စုဠသေဋ္ဌပေတဝတ္ထု' ပါဠိတော်ကို ထပ်မံအတည်ပြုဟောပြတော်မူခဲ့လေသည်။

ခုဒ္ဒကနိကာယ်၌ ပါဝင်သော ပေတဝတ္ထုပါဠိတော်ကြီးကို ကြည့်လျှင် မတရားလောဘကြီးသူ၊ မနာလိုဝန်တိုသူ၊ လိမ်လည်ကျိန်ဆိုသူ၊ လာဘ်စားသူ၊ မတရားဆုံးဖြတ်သူ စသော ဒုစရိုက်သမားတို့၏ တွေ့ကြုံရမည့်ဒုက္ခကို တွေ့မြင်နိုင်၏။ ထိုစားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ ဒုက္ခကြီးမှ ချက်ချင်း လွတ်မြောက်သွားအောင် ဆောင်ရွက်နိုင်သော နည်းလမ်းသည် ဤသာသနာတော်မှ လွဲ၍ ဘယ်ဘာသာအယူဝါဒ၌မျှ မရှိ၊ 'ဒကွိဏောယျ, အနုတ္တရ ပုညက္ခေတ္တ' ဂုဏ်တော်သခင် သံဃာတော် အရှင်မြတ်တို့မှ လွဲ၍ ဘယ်ဘုရားသခင် ဘယ်တန်ခိုးရှင် ဘယ်ပညာရှိတို့ကမှလည်း မကယ်မနိုင်။

တနည်းအားဖြင့် ပေတဝတ္ထုပါဠိတော်ကြီးသည် ဘုရားဒေသနာရှိသော သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးဂုဏ် ကြီးမား မြင့်မြတ်ပုံကို လက်တွေ့ထုတ်ပြထားခြင်းပင် ဖြစ်သည်။ ထို့ကြောင့်လည်း ကွယ်လွန်သွားသော မိဘဆွေမျိုးများကို ရည်စူး၍ ပြုလုပ်သော အလှူဒါနပွဲများအကြောင်း မြတ်စွာဘုရား ဟောကြားတော်မူစအချိန်က ထိုဒါနကို သာဝတ္ထိပြည်၌ လနှင့်ချီ၍ ပြုလုပ်ခဲ့ကြဖူး၏။

ဘုရားရှင်လက်ထက်တော်က ဗုဒ္ဓဘာသာကို မယုံကြည်သူများပင်လျှင် ထိုပေတအလှူဒါန၏ အကျိုးကျေးဇူးကို ခံစားခဲ့ကြရဖူးသည်။ ယခုအခါ၌လည်း ကွယ်လွန်သွားသူများက ခြောက်လှန့်ခြင်း၊ အိပ်မက်ပေးခြင်း၊ ပူးဝင်ပြောကြားခြင်း စသည်တို့ကြောင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူတို့ပင်လျှင် သားသမီးမိဘ သံယောဇဉ်ကြောင့် ဗုဒ္ဓဘာသာရဟန်းတော်များကို ပင့်ဖိတ်ကျွေးမွေး၍ အမျှအတန်းပေးဝေသဖြင့် ပြိတ္တာဘဝမှ လွတ်ကာ ချမ်းသာရာ ရကြသည့် အဖြစ်အပျက်များ များစွာပင်ရှိနေဆဲဖြစ်၏။

သာသနာတော်၏ ကျေးဇူး၊ သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးကား တမလွန်ဘဝသို့ပင် လိုက်၍ ကယ်မနိုင်သည်မှာ လက်တွေ့ဖြစ်နေ၏။ ရတနာသုံးပါးတို့၏ ကျေးဇူးဂုဏ်ကား ပြော၍ ရေး၍ပင် မကုန်နိုင်တော့ချေ။

ဂုဏ်တော်ပွားများနည်း

ဗုဒ္ဓဘာသာဝင်တိုင်း နေ့စဉ် မလွဲမသွေ အမြဲတမ်း လုပ်ဆောင်ရမည့် အလုပ်သုံးမျိုးရှိ၏။ ယင်းအလုပ်များမှာ–

(၁) ဒါန

(၂) သီလ

(၃) ဘာဝနာ အလုပ်များဖြစ်ကြ၏။

ဗုဒ္ဓဘာသာဝင် အများစုသည် ဒါနမှု၊ သီလမှုများကိုသာ အလုပ်များကြ၏။ ဘာဝနာမှုကိုကား လူတိုင်းမလုပ်ဖြစ်ကြပေ။ ဗုဒ္ဓဘာသာဝင်များသည် ယင်းအလုပ်သုံးမျိုးစလုံးကိုပင် နေ့စဉ်မှန်မှန် ပြုလုပ်သင့်၏။ ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်ကား နိဗ္ဗာန်ဖြစ်၏။ ယင်းနိဗ္ဗာန်ပန်းတိုင်သို့ ရောက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ဘာဝနာမှုပင် ဖြစ်၏။ ထို့ကြောင့် ဒါနမှု၊ သီလမှု အလုပ်ဖြင့်သာ တင်းတိမ်ရောင့်ရဲ မနေဘဲ ဘာဝနာမှုကိုလည်း နေ့စဉ် အချိန်မှန်မှန် အားထုတ်သင့်၏။

ဘာဝနာမှုသည်လည်း သမထဘာဝနာ၊ ဝိပဿနာဘာဝနာ နှစ်မျိုးရှိရာ ဗုဒ္ဓါနုဿတိ (ဂုဏ်တော်များကို ပွားများအားထုတ်ခြင်း) စသည်မှာ သမထဘာဝနာဖြစ်၏။ မြတ်စွာဘုရား၏ ဂုဏ်တော်များ၊ တရားတော်၏ ဂုဏ်တော်များ၊ သံဃာတော်၏ဂုဏ်တော်များကို အဖန်ဖန် အထပ်ထပ် အာရုံပြုနေခြင်း၊ အောက်မေ့ဆင်ခြင်နေခြင်းသည် ဂုဏ်တော်ပွားများခြင်း ဖြစ်၏။ ဂုဏ်တော်ကို သတိရနေသော စိတ်တွေ များပြားအောင် တိုးပွားအောင် ပြုလုပ်ခြင်းပင်တည်း။

ဂုဏ်တော်မပွားများမီ ရှေးဦးစွာ အရဟံ အစရှိသော ဂုဏ်တော်တစ်ပါး စီ၏ ပါဠိအနက်တို့ကို နှုတ်တက်ရအောင်ကျက်၍ ကြေနေအောင် လေ့ကျင့်ထားရမည်။ ထိုနောက် ဂုဏ်တော်တစ်ခုစီ၏ အဓိပ္ပာယ်ကို သဘောပေါက်အောင် လေ့လာထားရမည်။ ဂုဏ်တော်များကို နှုတ်ရအာဂုံဆောင်၍ အနက်အဓိပ္ပာယ်ကို သဘောပေါက်နားလည်ပြီးပါက အောက်ပါအစီအစဉ်အတိုင်း ပွားများခြင်းကို ပြုရမည်–

(၁) **နေရာရွေးချယ်ခြင်း** - ဂုဏ်တော်ပွားများခြင်း- ဘာဝနာအလုပ်သည် စိတ်အလုပ်ဖြစ်၍ စိတ်ကို အနှောင့်အယှက်ဖြစ်စေမည့် ကာလ ဒေသ မဖြစ်ရန် လို၏။ ဂုဏ်တော်ပွားများခြင်းသည် သမာဓိ ဦးစီးရသော အလုပ်ဖြစ်၍ ဆိတ်ငြိမ်မှုကို ရနိုင်သည့် ကာလ ဒေသ ဖြစ်ရမည်။

(၂) **သီလဆောက်တည်ခြင်း** - သီလဆောက်တည်ပြီးမှ သမာဓိအလုပ်ကို လုပ်ရသည်။ ထို့ကြောင့် ငါးပါးသီလကို ဖြစ်စေ၊ ရှစ်ပါးသီလကို ဖြစ်စေ၊ ဆယ်ပါးသီလကို ဖြစ်စေ ဆောက်တည်ပြီးလျှင် အထူးကြောင့်ကြစိုက်၍ မကျိုးမပေါက်ရအောင် စောင့်ထိန်းရမည်။

(၃) **ခန္ဓာကိုယ်ကို လှူဒါန်းခြင်း** - သီလဆောက်တည်ပြီးလျှင် အောက်ပါအတိုင်း မြန်မာလို ဖြစ်စေ၊ ပါဠိလိုဖြစ်စေ သုံးကြိမ်ရွတ်ဆို၍ ခန္ဓာကိုယ်ကို ဘုရားရှင်အား လှူဒါန်းရမည်-

"ဣမာ, ဟံ ဘဂဝါ အတ္တဘာဝ တုမှာကံ ပရိစ္စဇာမိ"

"အရှင်ဘုရား - ဘုရားတပည့်တော်သည် ဘုရားတပည့်တော်၏ ခန္ဓာကိုယ်အတ္တဘောကို မြတ်စွာဘုရားရှင်အား တရားအားထုတ်စဉ်အတွင်း အပ်နှင်းလှူဒါန်းပါ၏။"

(၄) **တရားထိုင်ခြင်း** - တရားအားထုတ်သည့်အခါ ယောက်ျားများသည် တင်ပျဉ်ခွေထိုင်၍ အမျိုးသမီးများသည် ကြွ.ကြွ.ထိုင်၍ အားထုတ်ရမည်၊ ထိုင်သည့်အခါ ကြာကြာထိုင်နိုင်ရန် ကိုယ်အထက်ပိုင်းကို ဖြောင့်ဖြောင့် မတ်မတ်ထား၍ (ခါးဆန့်၍) ထိုင်ရမည်။

(၅) **ဂုဏ်တော်ပွားများခြင်း** - ဂုဏ်တော်များကို ကြိုတင်ကျက်မှတ်ထားသည့်အတိုင်း ဂုဏ်တော်တစ်ပါးတည်းကို ဖြစ်စေ၊ အရဟံ - အစ ဘဂဝါ - အဆုံး ဂုဏ်တော်ကိုးပါးလုံးကို ဖြစ်စေ မိမိနှစ်သက်သလို စိတ်ဖြင့် ဆင်ခြင်ပွားများရမည်၊ (နှုတ်က မရွတ်ဆိုရ)။ ဤကဲ့သို့ ထပ်ကာထပ်ကာ ဆင်ခြင်

ပွားများနေခြင်းကို ဂုဏ်တော်ပွားများသည်ဟု ခေါ်၏။ မိမိစိတ်ကို ဘုရားဂုဏ်တော်အာရုံမှ တပါး အခြားအာရုံဆီသို့ မရောက်စေရ။

နိဗ္ဗာနမဂ္ဂဒီပနီကျမ်းဋ္ဌမှ- မိမိရှေတည့်တည့် ငါးတောင်ကွာခန့်အရပ်၌ ဗောဓိပင်ရွှေပလ္လင်နှင့် သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်ဖြင့်ထား၍ အရဟံ အရဟံ ဟု စိတ်ဖြင့် စီးဖြန်းပွားများရမည်ဟု မိန့်ဆို၏။ အရဟံကို အာရုံပြုပွားများရာ၌လည်း 'အရဟံ, အ-ရဟံ, အရ-ဟံ, ဟူ၍ သုံးမျိုးရှိရာ အာရုံမထွေပြားရအောင် တစ်ချိန်တစ်ချိန်ဘာဝနာမှု အားထုတ်ရာတွင် တစ်မျိုးတည်းကိုသာ ပွားများသင့်၏။ ထို့အတူပင် ကျန်ဂုဏ်တော်များတွင်လည်း မိမိနှစ်သက်သည့် ဂုဏ်တော်အဓိပ္ပာယ်တစ်ခုခုကို မိမိစွမ်းနိုင်သမျှ ပွားများရမည်။

ထိုကဲ့သို့ အရဟံ-အစ ဘဂဝါ- အဆုံးရှိသော မြတ်စွာဘုရား၏ ဂုဏ်တော်များကို အဖန်ဖန် အထပ်ထပ် ပွားများနေသူ၏ သန္တာန်၌ ရာဂ ဒေါသ မောဟစိတ်များ ဝင်ခွင့်မရ၊ ထကြွမှုမရှိ၊ စိတ်သည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအာရုံ၌သာ စူးစိုက်ဖြောင့်မတ်နေ၏။ အိပ်ချင်ထိုင်းမှိုင်းမှု၊ သို့လော သို့လော သံသယစိတ်ဝင်မှုစသော ဟန့်တားပိတ်ဆို့မှု (နီဝရဏ) များလည်း ကင်းကွာနေသဖြင့် စိတ်သည် ဂုဏ်တော်၌သာ နစ်မြုပ်လျက်ရှိ၏။ ဂုဏ်တော်၏ သဘောအဓိပ္ပာယ်ကိုသာ ဆုပ်ကိုင်၍ အထပ်ထပ် စဉ်းစားကြံစည်မှု၊ သုံးသပ်ဆင်ခြင်မှု (ဝိတက်, ဝိစာရ)များ ဖြစ်ပေါ်လာတော့၏။

မြတ်စွာဘုရားဂုဏ်ကိုသာ ကြံစည်သုံးသပ်နေသူအား တလိုက်လိုက် ကျေနပ်ခြင်း နှစ်သက်ခြင်း ပီတိတရားများ၊ ငြိမ်းအေးခြင်း ပဿဒ္ဓိတရားများ ဖြစ်လာပြီး ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးလာ၏ (ပီတိ၊ ပဿဒ္ဓိ)။ ကိုယ်စိတ် ငြိမ်းအေးပြီးနောက် ကိုယ်စိတ်နှစ်ပါး ချမ်းသာလာ၏(သုခ)။ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာလာသဖြင့် ဘုရားဂုဏ်အာရုံတစ်ခုတည်း၌ စူးစိုက် တည်ငုံ့နေသော သမာဓိတရား (ဥပစာရသမာဓိ) ခိုင်မြဲလာ၏။ ဤကား သမထတရားများကို ရှုပွားသူတိုင်း ဖြစ်ပေါ်မြဲဖြစ်သော ပထမစျာန်အင်္ဂါတရား ငါးမျိုးဖြစ်၏။

သမာဓိ မရသေးမီကာလတွင် ဂုဏ်တော်တစ်ပါးတည်းကိုသာ စွဲမြဲစွာ အထပ်ထပ် ပွားများသင့်၏။ သို့မှသာ စိတ်တည်ငြိမ်၍ လွယ်ကူစွာ သမာဓိရနိုင်သည်။

ဗုဒ္ဓါနုဿတိဘာဝနာပွားများခြင်းကြောင့် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော စျာန်အင်္ဂါငါးပါးတို့ တပြိုင်နက် ဖြစ်ပွားလာကြသည် ဆိုသော်လည်း ဂုဏ်တော်တို့သည် လေးနက်သော ပရမတ္ထသဘာဝများ ဖြစ်သည့်အပြင် အာရုံပြု၍ မကုန်နိုင်အောင်လည်း ကြီးကျယ်များပြားလှ သောကြောင့် ပထမစျာန် စသော အပွနာစျာန်များကိုမူ မရရှိစေနိုင် ဂုဏ်တော်တို့ကို ပွားများ၍ ဖြစ်ပွားလာသော သမာဓိသည် စျာန်ကို ရစေနိုင်လောက်အောင် ခိုင်မာတည်တံ့ခြင်းမရှိ၊ ထို့ကြောင့် စျာန်၏ အနီးအပါး (ဥပစာရ) ကျော်ရှိရုံမျှသာ အားရှိ၍ ဥပစာရသမာဓိဟု ခေါ်၏။

ထိုဥပစာရသမာဓိမျှဖြင့်လည်း ဝိပဿနာကို ဆက်လက်ရှုပွားပါက အရဟတ္တဖိုလ်အထိ ရောက်ရှိနိုင်သည်သာဖြစ်၏။ ဗုဒ္ဓါနုဿတိမှ ဝိပဿနာသို့ ကူးပြောင်းပွားများပုံမှာ ဂုဏ်တော်ပွားများ၍ ဖြစ်ပေါ်လာသော ပီတိ (တလိုက်လိုက် နှစ်သိမ့်မှု၊ ကြက်သီးတဖြန်းဖြန်းထမှု)၏ အမြဲမရှိ ပျောက်ကွယ် သွားပုံ (ခယ၊ ဝယ)တို့ကို ရှုပွား၍သော်လည်းကောင်း၊ ထိုမှတပါး မိမိအသိဉာဏ် ရှင်းလင်းလွယ်ကူရာ ခန္ဓာကိုယ်ရှိ ရုပ်နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတစ်ခုခုကိုသော်လည်းကောင်း ရှုပွားလျှင်လည်း ဝိပဿနာ ကူးပြောင်း ရှုပွားခြင်း ဖြစ်တော့၏။

ဗုဒ္ဓါနုဿတိဘာဝနာ၏ ဂုဏ်ကျေးဇူးများ

ဂုဏ်တော်ကို ပွားများသဖြင့် ရရှိလာသော သမာဓိသည် ဥပစာရ သမာဓိမျှလောက်သာ ဖြစ်သည်ဆို၍ အထင်မသေးသင့် -

- ဂုဏ်တော်ပွား၍ ဖြစ်ပေါ်လာသော ပီတိသည်ပင် စကြဝဠာတေးမင်း စည်းစိမ်နှင့် မလဲနိုင်အောင် အကျိုးကြီးမားလှ၏။
- သမထကမ္မဋ္ဌာန်းလေးဆယ်တွင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် စီးဖြန်းပွားများသူ၏ လိုရာဆန္ဒ တောင့်တသမျှ ပြည့်ဝစေနိုင်၏။
- စိတ်ကို ရှင်လန်းတက်ကြွအောင်၊ (စာကျက်လို့ ရလွယ်ခြင်း၊ မှတ်ဉာဏ်ကောင်းခြင်းစသော) သတိ, ပညာနှင့် သဒ္ဓါတရား တိုးပွားအောင် ပို့ဆောင်ရာ၌ ဗုဒ္ဓါနုဿတိဘာဝနာသည် အင်အား အကြီးမားဆုံး၊ အာနိသင်အကြီးမားဆုံး ဖြစ်သည်။

- ဗုဒ္ဓါနုဿတိဟူးများသူသည် ကိလေသာအပူအညစ်အကြေးများ ကင်းဝေးနေသူ၊ ဘုရားဂုဏ်ရည်အသွေးများ စုဝေး ကိန်းအောင်းနေသူဖြစ်၍ ဂန္ဓကုဋီကျောင်း စေတီသဖွယ် အပူဇော်ခံထိုက်သူ၊ အများ၏ ရိုသေလေးစားခြင်းခံရသူ ဖြစ်၏။
- ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် အမြဲထိတွေ့ကာ အတူတကွ နေရသူကဲ့သို့ ဖြစ်၍ မကောင်းမှုကိစ္စမှန်သမျှ ပြောဆိုပြုမူရန် မဆိုထား၊ စိတ်ကူးဥမ္မာပင် မထည့်ရဲအောင် ရှက်ကြောက် တွန့်ဆုတ်လာ၏။

အချုပ်အားဖြင့် တလောကလုံးတွင် အတိုက်အခိုက် ဘေးရန်ဟူသမျှ အတုမဲ့အောင်ပွဲခံ၍ ကောင်းခြင်းဂုဏ်မှန်သမျှ စုဝေးကိန်းအောင်းရာသည် အတုမရှိသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသာလျှင် ဖြစ်၍ တလောကလုံးကဦးညွတ်ရသကဲ့သို့ ဘုရားဂုဏ်တော်တို့ကို ပွားများထုံမွမ်းနေသူအတွက် ရရှိနိုင်သော အကျိုးကျေးဇူးများကား ဤရွေ့ ဤမျှသာဟု ကန့်သတ်ပြောဆို၍ မရ၊ ကောင်းကျိုးအနန္တ ပင်တည်း။

ထို့ကြောင့် ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာတရား အားထုတ်သူတိုင်း ဤဗုဒ္ဓါနုဿတိဘာဝနာကို မပွားများဘဲ မနေရ၊ အခြေခံ မ, တည် ကမ္မဋ္ဌာန်းအဖြစ် အခြား ဘာဝနာတရား အားမထုတ်မီ ပထမဆုံးပင် အားထုတ်ကြရ၏။ ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအပြင် -

(၂) မေတ္တာကမ္မဋ္ဌာန်း၊
(၃) အသုဘကမ္မဋ္ဌာန်း နှင့်
(၄) မရဏဿတိကမ္မဋ္ဌာန်း တို့ကိုလည်း -

ဗုဒ္ဓဘာသာဝင်တိုင်း၊ ကမ္မဋ္ဌာန်း အားထုတ်သူတိုင်း (အခြား ကမ္မဋ္ဌာန်းများ အားမထုတ်မီ) ဦးစွာလည်း ပွားများကြရ၏။ လက်မလွတ်တမ်း အမြဲတမ်းလည်း ပွားများနေကြရသည်။ **'စတုရာရက္ခတရား လေးပါး'**ဟု ခေါ်၏။ လေးဘက် လေးတန် တံတိုင်းကြီးသဖွယ် အစောင့်အရှောက် အကာအကွယ်ကြီး လေးမျိုးဟု ဆိုလိုသည်။

ဤမျှ အကျိုးကြီးမားမြင့်မြတ်လှသော ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းကြီးကို ချမ်းသာကြီးပွားလိုသူတိုင်း လူကြီး လူငယ်မရွေး ကြိုးစား အားထုတ်သင့်လှပေတော့၏။

သရဏဂုံနှင့် ဥပါသကာအကြောင်း

သရဏ - ကိုးကွယ်မှုအမျိုးမျိုး

ကမ္ဘာဦးအခါကပင် လူသားများသည် မီးလောင် ရေကြီး တော်လည်းခြင်း ငလျင်လှုပ်ခြင်း မိုးကြိုးပစ်ခြင်း ဖျားနာသေကျေရခြင်းစသော ဘေးအန္တရာယ် အမျိုးမျိုးကို စိုးရွံ့.ကြောက်လန့်ကြသဖြင့် အမျိုးမျိုးသော ကိုးကွယ်အားထားရာများကို ရှာဖွေခဲ့ကြသည်။ တော တောင် သစ်ပင်ကြီးများကို တွေ့.မြင်ကြသောအခါ တောကြီးများ တောင်ကြီးများ သစ်ကြီးဝါးကြီးများကို အားကိုးရာအဖြစ် ကိုးကွယ်ကြသည်။ သဘာဝအင်အားကြီးမားသည့် ပင်လယ် သမုဒ္ဒရာကြီးများ မြစ်ကြီးများကို တွေ့.မြင်ကြပြန်လျှင် အားငယ်စိတ် မှိုခိုစိတ် ကြောက်ရွံ့စိတ်များဖြင့် ကိုးကွယ်ကြပြန်သည်။

တဖန် ခြင်္သေ့ သစ်ကျား ဆင်မြင်းနဂါး စသော အင်အားကြီးမားသည့် တောရိုင်းသားကောင်ကြီးများကို တိုးတက်ကိုးကွယ်လာကြပြန်သည်။

ယင်းသို့ မျက်မြင်ကိုယ်တွေ့.များကို ကိုးကွယ်ရာမှ ပို၍ မြင့်မြတ်စွမ်းအားရှိသည်ဟု ထင်ကြသော နေ လ ဂြိုဟ် နက္ခတ် တာရာနှင့် နတ်ဒေဝတာ ကိုးကွယ်မှုသို့ တဆင့်တက် ကိုးကွယ်လာကြသည်။ တောစောင့်နတ် တောင်စောင့်နတ် ချောင်းစောင့်နတ် မြစ်စောင့်နတ် သမုဒ္ဒရာစောင့်နတ် မီးနတ် ရေနတ် လေနတ်မှစ၍ ကျက်သရေစောင့်နတ် အချစ်နတ် အကျိုးဆောင်နတ် အဖျက်နတ် စသည်ဖြင့် နတ်မျိုးစုံကို မိမိတို့.စိတ်ကပင် ဖန်တီးကိုးကွယ်လာကြသည်။ နတ်ကိုးကွယ်မှု ပူဇော်ပသမှုများကို ရာသီအလိုက် ပွဲတော်ကြီးများ ကျင်းပကြပြီး ရွတ်ဖတ်ပူဇော်ရန် ခ, ယ တောင်းပန်ခြင်း, ဆုမွန်တောင်းခံခြင်း စသော တေးကဗျာ ဂါထာများကို သီကုံးလာကြသည်။ ကမ္ဘာနေရာ အနှံ့အပြား နတ်ကိုးကွယ်မှု လွှမ်းမိုးလာခဲ့သည်။

လူသားတို့ အသိဉာဏ် အတွေးအခေါ် ယဉ်ကျေးမှု တိုးတက်လာသော အခါ နတ်ကိုးကွယ်မှုထက် အဆင့်မြင့်သော နတ်ဘုရားများ ဗြဟ္မာများ အနန္တတန်ခိုးရှင်များ သန့်ရှင်းသော ဝိညာဉ်တော်များ စသည်ဖြင့် (ဣသရနိမ္မာန ဝါဒ- ဖန်ဆင်းရှင်အယူ) အဆင့်မြင့် ကိုးကွယ်မှုများကို တီထွင် ဖန်တီး၍ ကိုးကွယ်လာခဲ့ကြသည်၊

နတ်ဒေဝတာ ဗြဟ္မာဘုရားများသည် မိမိတို့လူသားများထက် မြင့်မြတ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု ယူဆကာ ထိုသူတို့နေထိုင်ရာ နေ လ ဂြိုဟ် နက္ခတ် တာရာ ဥယျာဉ်ဗိမာန်တို့ဖြင့် တင့်တယ် သာယာသည့် ကောင်းကင်ဘုံကို မျှော်မှန်းတမ်းတလိုစိတ်ကိုပါ တဆက်တည်း တီထွင် ကိုးကွယ်လာကြပြန်သည်။

သက်မဲ့မှသက်ရှိသို့လည်းကောင်း၊ သက်ရှိမှ တဖန် ထာဝရတည်သော သဘောတရားကြီးအဖြစ်သို့လည်းကောင်း၊ မြေကြီးမှ ကောင်းကင်သို့ လည်းကောင်း အဆင့်ဆင့် မြှင့်တင်ကာ အခိုင်အမာ တည်ဆောက် လာကြပြန်၏။ ဤကား ကမ္ဘာဦး လူသားတို့သည် ကြောက်ရွံ့စိတ်ကို အခြေခံ၍ ကိုးကွယ်ရာ ရှာခဲ့ကြပုံ ဖြစ်၏။

ယင်းသို့ လူတို့စိတ်ကူးရာ ကိုးကွယ်ကြခြင်းသည် ဘေးကင်းလုံခြုံသော ကိုးကွယ်မှုမဟုတ်၊ ထိုသို့ ကိုးကွယ်ခြင်းကြောင့် တွေ့ကြုံဆဲ တွေ့ကြုံရမည့် ဘေးဒုက္ခအားလုံးတို့မှလည်း မလွတ်မြောက်နိုင်ကြောင်း ကိုးကွယ်မှုသမိုင်း အချုပ်ကို မြတ်စွာဘုရားဟောတော်မူခဲ့သည်။

သတ္တဝါတို့၏ ကိုးကွယ်ရာအစစ်သည်ကား ဘုရား တရား သံဃာ ဟူသော ရတနာတော်မြတ် သုံးပါးသာလျှင် ဖြစ်သည်။ မြတ်စွာဘုရားရှင် ကလည်း ဤကိုးကွယ်မှုသည်သာလျှင် ဘေးကင်းလုံခြုံ၍ ဒုက္ခအားလုံးမှ လွတ်မြောက်စေနိုင်သဖြင့် အမြတ်ဆုံးသော ကိုးကွယ်မှုဟုလည်း ဟောတော်မူသည်။

သရဏအဓိပ္ပာယ်

ဤ၌ ကိုးကွယ်မှုနှင့်စပ်၍ 'သရဏ'ကို ဦးစွာ နားလည်ထားရန် လိုသည်။ သရဏဟူသည် 'ကိုးကွယ်ရာ'ပင်ဖြစ်၏။ သို့သော် 'သရဏကို

ကိုးကွယ်ရာ' ဟု ဘာသာပြန်ခြင်းမှာ နားလည်လွယ်အောင် ဘာသာပြန်ခြင်းဖြစ်၏။ သရဏာ၏ မူလဆိုလိုရင်းမှာ 'သတ်ဖြတ်ခြင်း- ပယ်ဖျောက်ခြင်း - ဖယ်ရှားခြင်း'ပင် ဖြစ်သည်။ ဘေးရန်အန္တရာယ်အမျိုးမျိုး၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်အမျိုးမျိုး၊ ကိုယ် စိတ် ဆင်းရဲမှုအမျိုးမျိုး၊ (ဒုစရိုက်တရားပြုမိမှား၍) လားရောက် ကျခံကြရမည့် အပါယ်ဒုက္ခတိဘေးအမျိုးမျိုး၊ အချုပ်အားဖြင့် သံသရာတခွင်လုံး မဆုံးနိုင်အောင် ကျင်လည်ခံစားကြရမည့် ဘေးဒုက္ခအမျိုးမျိုးတို့ကို သတ်ဖြတ် ပယ်ဖျောက်-ဖယ်ရှား-ပေးတတ်သည်ကို **'သရဏ'**ဟု ခေါ်သည်။

ဘေးရန်အန္တရာယ်များကို ဖယ်ရှားပေးခြင်းဖြင့် ကောင်းကျိုး ချမ်းသာကို ပေးသည်ဟု အဓိပ္ပာယ် သက်ရောက်လာ၏။ ဤအဓိပ္ပာယ်ကို ခြုံငုံ၍ 'စောင့်ရှောက်တတ်သောအရာ'ဟု လည်းကောင်း၊ 'ကိုးကွယ်ရာ'ဟု လည်းကောင်း ဘာသာပြန်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် -

> "သရဏ-ဘေးရန်ဖယ်ရှား ကောင်းကျိုးများအောင်၊ ဘေးရန် ပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးသော ကိုးကွယ်ရာ"ဟူ၍-

သရဏာဂုံ အနက်များကို ကဗျာလင်္ကာဖြင့် ပြည့်ပြည့်စုံစုံ ဂုဏ်ရသမြောက်အောင် ရေးသားကြခြင်း ဖြစ်လေသည်။

ဆက်လက်၍ ဗုဒ္ဓ ဓမ္မ သံဃ ဟူသော ရတနာမြတ်သုံးပါးတို့ အသီးအသီး သရဏာဖြစ်ပုံ (ဘေးရန် ပယ်ဖျောက်နိုင်ပုံ)ကိုလည်း မှတ်သားသင့်၏။

- **မြတ်စွာဘုရား**သည် သတ္တဝါတို့အား မကောင်းမှုဒုစရိုက်များကို ရှောင်ရှား၍ ကောင်းမှုသုစရိုက်တို့ကို ဆောင်ထားရန် ကြောင်းကျိုး ပြ၍ ဆုံးမသွန်သင်ပေးခြင်း၊ သံသရာ လည်ကြောင်း ပြတ်ကြောင်းကို လမ်းညွှန်ပြခြင်းဖြင့် ကျရောက်ဆဲ ကျရောက်လတ္တံ့သော ဘေးရန်အန္တရာယ်များကို ဖယ်ရှားတတ်၏။ ကောင်းကျိုးချမ်းသာများကို ဖြစ်ပွားစေတတ်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် စစ်မှန် မြင့်မြတ်သော ကိုးကွယ်ရာ (သရဏ) ဖြစ်သည်။

– **တရားတော်**သည် ငါးပါးသီလမှစ၍ တရားတော်အတိုင်း လိုက်နာကျင့်သုံးလျှင် ယုတ်စွအဆုံး သံသရာကျင်လည်ရစေကာမူ ဘေးအန္တရာယ်ကင်းကွာ၍ သက်သောင့်သက်သာ ချမ်းသာမှုရှိအောင် ဆောင်ရွက်ပေးတတ်၏။ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်လိုလျှင်လည်း အဆုံးစွန် လွတ်မြောက်သည်အထိ ပို့ဆောင်ပေးနိုင်၏။ ထိုသို့ သက်သာမှုပေးတတ်၊ လွတ်မြောက်စေတတ်၍ တရားတော်သည် စစ်မှန် မြင့်မြတ်သော ကိုးကွယ်ရာ (သရဏ) ဖြစ်သည်။

– **သံဃာတော်**သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို ဆောင်၍ သတ္တဝါတို့အား (မြတ်စွာဘုရားရှင် ကိုယ်စား) ဟောကြား ညွှန်ပြ၏၊ ကိုယ်တိုင်လည်း မြတ်သော အလှူခံပုဂ္ဂိုလ် ဖြစ်သည်အထိ ကျင့်ကြံ၍ ပူဇော်လှူဒါန်းသူများ အကျိုး စီးပွား များအောင်၊ ဘေးရန် ကင်းအောင် ဆောင်ရွက်တော်မူတတ်၏။ ထို့ကြောင့် သံဃာတော်သည် စစ်မှန် မြင့်မြတ်သော ကိုးကွယ်ရာ(သရဏ)ဖြစ်သည်။

ဤ ဘုရား တရား သံဃာ ရတနာတော်မြတ်သုံးပါးကဲ့သို့ သတ္တဝါတို့အား ဘေးရန်ပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကယ်မနိုင်သော ပုဂ္ဂိုလ်, ဓမ္မမျိုးသည် ဘယ်မှာမှ မရှိနိုင်ပေ။ ထို့ကြောင့် ရတနာမြတ်သုံးပါးသည်သာ သတ္တဝါတို့၏ အကောင်းဆုံး အမြတ်ဆုံး အစစ်မှန်ဆုံးသော ကိုးကွယ် အားထားရာ ဖြစ်တော်မူသည်။

သရဏာဂမန (သရဏာဂုံ)အဓိပ္ပာယ်

သရဏာ–ကိုးကွယ်ရာဟု၊ ဂမန(ဂုံ)–ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ခြင်း၊ အတိအကျအားဖြင့် ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်နိုင်ရန် အခြေခံ စိတ်ဓာတ်ဖြစ်သည့် သဒ္ဓါပြဓာန်းသော၊ သဒ္ဓါပညာနှစ်မျိုးစုံဦးစီးသော မဟာကုသိုလ်စိတ်ကို ကောက်ယူရသည်။ ကြည်ကြည်လင်လင် လေးလေးမြတ်မြတ် အသိအမှတ်ထားခြင်းပင် ဖြစ်သည်။

"ကြည်ကြည်လင်လင်(တပ္ပသာဒ)လေးလေးမြတ်မြတ်(တဂ္ဂရုတာ)" ဆိုသည်မှာ ရတနာသုံးပါးအပေါ်၌ အမြင်မကြည်လင်ခြင်း၊ မှားယွင်းစွာ မြင်ခြင်း (ဒိဋ္ဌိ)၊ သံသယဖြစ်ခြင်း (ဝိစိကိစ္ဆာ)၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို နားမလည်နိုင်အောင် တွေဝေခြင်း (သမ္မောဟ)၊ အယုံအကြည်မရှိခြင်း (အသဒ္ဓိယ)- ထိုစိတ်ထားမျိုးအလျှင်းမရှိဘဲ "ဒါသာလျှင် ကိုးကွယ်အားထားရာ အစစ်ပါကလား"ဟု မမှိတ်မသုန် ယုံကြည်စိတ်ချမှု၊ အလေးအနက်ထားမှု ရှိသည်ကို "ကြည်ကြည်လင်လင် လေးလေးမြတ်မြတ်" ဟု ဆိုခြင်းဖြစ်သည်။

တဖန် " ကြည်ကြည်လင်လင်" ဆိုသည်မှာ အချို့ပုထုဇဉ်နှင့် ကလေးသူငယ်များ၏ အသိဉာဏ်မပါတတ်သေးသော ကိုးကွယ်ဆည်းကပ်မှုကို ရည်ရွယ်၏။ ဉာဏဝိပ္ပယုတ် သရဏာဂုံဟု ကျမ်းဂန်စကားဖြင့် ပြောဆိုရ၏။ "လေးလေး မြတ်မြတ်"ဆိုသည်မှာ အသိဉာဏ်ဦးစီးသော အရိယာတို့၏ သရဏာဂုံနှင့် သုတမယဉာဏ်အားကောင်းသော ပုထုဇဉ်ပညာရှိတို့၏ သရဏာဂုံဖြစ်သည်။

ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူခြင်း

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသည်ဖြင့် နှုတ်မြွက်ရွတ်ဆို၍ သရဏာဂုံ ခံယူဆောက်တည်ခြင်းသည် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်အဖြစ် ဗုဒ္ဓဘာသာဝင်အဖြစ် ဦးစွာ ခံယူခြင်းပင် ဖြစ်၍ အလွန်အရေးကြီးသည်။ ဘုရားရပ်ပွားတော် စေတီ ရှေ့မှာသော်လည်းကောင်း၊ ရဟန်းသံဃာတော်တစ်ပါးပါး၏ ရှေ့မှာသော်လည်းကောင်း ခံယူဆောက်တည်ရမည်။ ထိုအခွင့်အရေးမရနိုင်လျှင် မိမိဘာသာလည်း ရွတ်ဆိုဆောက်တည်နိုင်သည်။

ထိုသို့ ခံယူဆောက်တည်ရာ၌ မည်သည့် ဘာသာစကားဖြင့်မဆို ခံယူဆောက်တည်ခွင့်ရှိနိုင်သော်လည်း (ဗုဒ္ဓဘာသိတ-)ဘုရားဟော ဘုရား နှုတ်တော်ထွက် (ပါဠိ)ဘာသာစကားဖြင့် နှုတ်မြွက်ဆောက်တည်ခြင်းသည် ပို၍ လေးနက်သဖြင့် သိဒ္ဓိမဂ်လာ ကောင်းကျိုးချမ်းသာများ ပြည့်စုံစွာ ဖြစ်ထွန်းနိုင်သည်။ ဗုဒ္ဓဘာသာ ခံယူရာ၌ ခမ်းနားကြီးကျယ်စွာ လုပ်နိုင်ခွင့် ရှိသော်လည်း အခမ်းအနားမပါ မိမိဘာသာလည်း (လူသိမခံဘဲ) ဗုဒ္ဓဘာသာဝင်ခွင့် ရနိုင်သည်သာ ဖြစ်၏။ အခမ်းအနားထက် အတွင်း စိတ်ဓာတ်က ပို၍ အရေးကြီးပေသည်။

"ယုံကြည်မှု အဖိုးအခ မပေးဘဲ မည်သည့်အရာကိုမျှ မရနိုင်" ဆိုသကဲ့သို့ ဘာသာရေးတွင် ယုံကြည်မှုသည် ပို၍ အချက်အချာကျ၏။ ပထမတွင် ယုံကြည်မှုနှင့်သာ စတင်ကြရသည်။ ယုံကြည်လျှင် ယုံစရာတွေ ဆက်၍ ဆက်၍ တိုးလာမြဲ ဖြစ်၏။ သို့သော် ဗုဒ္ဓဘာသာသည် သာသနာပ အယူဝါဒတို့ကဲ့သို့ မျက်စိမှိတ်ပြီး ဇွတ်အယုံမခိုင်း၊ မျက်စိမှိတ် ယုံကြည်နေသည် ကိုလည်း အားမပေး၊ သဒ္ဓါကို အခြေခံ၍ အသိဉာဏ်ပညာနှင့် ဆည်းကပ်ရန် တိုက်တွန်း၏။ သို့မှသာ အမြင်ကြည်လင်သူ အမြင်မှန်ရှိသူ(သမ္မာဒိဋ္ဌိ)အစစ် ဖြစ်နိုင်သည်။ ယုံကြည်မှုကို အခြေခံသော အသိအမြင်မှန်ရအောင် ပညာရှိကို ဆည်းကပ်ရသည် (သပ္ပုရိသူပနိဿယ)၊ တရားစာပေများကို လေ့လာနာကြား ဖတ်ရှုထားရသည်(သဒ္ဓမ္မသဝန)၊ လျော်ကန်သင့်တင့်စွာ ချင့်ချင့်ချိန်ချိန် စဉ်းစားတွေးခေါ်ရသည် (ယောနိသော မနသိကာရ)၊ တယူသန်စိတ်၊ ဘက်လိုက်စိတ် မရှိရ။ (သပ္ပုရိသူပနိဿယာဒိဟိ ဥ၌ ကရီယတိ၊ ဒိဋ္ဌဇ ဥကမံ - ပညာ)

သပ္ပုရိသူပနိဿယ စသော အထောက်အပံ့အားများသည် အသိမှန် အမြင်မှန်ကို ဖြစ်စေတတ်၍ 'ဒိဋ္ဌဇုကမ္မ'ဟု ခေါ်ရ၏။ တဖန် ဇွတ်မိုဟ် ယုံကြည်မှုမှာ အချည်းအနှီး အကျိုးမရှိသည့်အရာ၌ ယုံကြည်မှု မိုက်မဲသော ယုံကြည်မှု (မုဓာပ္ပသန္နာ၊ မိစ္ဆာဓိမောက္ခ-အကုသိုလ်တစ်မျိုး) မျှသာ ဖြစ်သည်။ သဒ္ဓါ-ယုံကြည်မှုမျိုး မဟုတ်ပေ။ စင်စစ် သဒ္ဓါ-ယုံကြည်မှုမျှ ဖြင့်လည်း အသိအမြင် အယူကို ဖြောင့်မှန်အောင် တည့်မတ်အောင် ပို့ဆောင်နိုင်၏။ ထို့ကြောင့် ပညာကိုသာမက သဒ္ဓါကိုလည်း 'ဒိဋ္ဌဇုကမ္မ' (အယူဝါဒအသိအမြင်ကို ဖြောင့်မတ်အောင် လုပ်ပေးနိုင်သော သဘောတရား)ဟု ဆိုရသည်။ ထို့ကြောင့် ယုံကြည်နိုင်သူအား ယုံကြည်စရာ (အသိပညာဉာဏ်)တွေ တိုး၍တိုး၍ လာမြဲဖြစ်သည်ဟု ဆိုရ၏။ (ဥ၌ ကရီယတိ ဇတေန၊ ဒိဋ္ဌိယာ ဥကမံ - သဒ္ဓါ။)

ထို့ကြောင့်လည်း လောက၌ လူသားတစ်ဦးအဖို့ မရှိမဖြစ် ပိုင်ဆိုင်ရမည့် အမြတ်ဆုံးသော အရင်းအနှီးဥစ္စာကား သဒ္ဓါတရားဖြစ်သည်ဟု ဟောတော်မူ၏။ ဗုဒ္ဓဘာသာ၌ သုံးစွဲသော ယုံကြည်မှုသည် သာသနာပ အယူဝါဒတို့၌ သုံးစွဲသော ယုံကြည်မှုတို့နှင့် မြန်မာဝေါဟာရတူသော်လည်း အနှစ်သာရအားဖြင့် လုံးဝ ခြားနားကြောင်း သတိပြုသင့်၏။

ဘာသာကူးပြောင်းရာ၌ သတိပြုဖွယ်

ယခုအခါ ကမ္ဘာနှင့်အဝန်း ဗုဒ္ဓဘာသာဘက်သို့ မျက်နှာမူလာသူများ၊ အစုလိုက်အပြုံလိုက် ဘာသာကူးပြောင်းသူများ များပြားလာသဖြင့် သရဏဂုံအကြောင်း ခြေခြေမြစ်မြစ် တိတိကျကျ နားလည်ထားသင့်၏။

ဘုရားလက်ထက်တော်က သရဏဂုံ သုံးပါးဖြင့်ပင် ရဟန်းပြုခွင့် ပေးခဲ့၏။ ယခုအခါတွင်လည်း သရဏဂုံသုံးပါးဖြင့်ပင် သာမဏေပြုပေးလျက် ရှိ၏။ ရွတ်ဆိုရာ၌ မပီသလျှင်ပင် သာမဏေမဖြစ်။ ဗုဒ္ဓဘာသာခံယူရာတွင်လည်း ပါဠိဘာသာစကားဖြင့် ရွတ်ဆိုဆောက်တည်သင့်ကြောင်း အထူးပြောဖွယ်ရာမရှိ။ မည်သည့်ဘုရားစာကိုမျှ မရသည့်တိုင်အောင် ဤ"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ကို မပြတ်အောက်မေ့ ရွတ်ဆိုနေခြင်းဖြင့် ဘေးရန်ကင်းကွာ၍ ချမ်းသာစီးပွားများကြရသည်မှာ လက်တွေ့ဖြစ်နေကြလေသည်။ သရဏဂုံ ပါဠိများကို 'သဎေမပါ ကိုးဂါထာ'ဟု လည်းကောင်း၊ 'အရိယာ သာဝိတ္တိဂါထာတော်ကြီး'ဟု လည်းကောင်း အထွတ်အမြတ်ပြုကြရသည်။

မြတ်စွာဘုရားရှင်က ဗုဒ္ဓဘာသာဝင် မဖြစ်သေးသူကို ဗုဒ္ဓဘာသာဝင် ဖြစ်အောင် ပြုလုပ်ပေးသော ကုသိုလ်ထက် ကြီးသော ကုသိုလ်မရှိကြောင်း၊ ဗုဒ္ဓဘာသာဝင်အဖြစ် သရဏဂုံ ခံယူဆောက်တည်ထားရုံမျှဖြင့် အပါယ်မကျနိုင်တော့ကြောင်း နေရာများစွာ၌ ဟောတော်မူသကဲ့သို့ မိစ္ဆာအယူအစွဲသန်သူသည် ငရဲနှင့် တိရစ္ဆာန်ဘဝသို့ မုချကိန်းသေ ရောက်ရတော့မည်ဖြစ်သဖြင့် မိစ္ဆာဒိဋ္ဌိအယူထက် ကြီးလေးသော အပြစ် မရှိကြောင်းကိုလည်း ထပ်တလဲလဲ ဟောကြားတော်မူသည်။

သို့ရာတွင် ငါဘုရားရှင်ကိုသာ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ရမည်၊ အခြားဘာသာ အယူဝါဒကို မကိုးကွယ်ရဟု မည်သည့်နေရာ၌မျှ မိန့်ကြားထားခြင်းမရှိပေ။ အကြောင်းသင့် အကျိုးသင့်သာ ညွှန်ပြမိန့်ဆိုတော်မူခဲ့သည်။ "ငါ့အယူမှ အယူ၊ ငါ့ဘာသာမှ ဘာသာ"ဟု တရားသေ မမိန့်ဆိုရုံမျှမက ဘာသာအယူဝါဒအမျိုးမျိုးကြားနာရပြီး မည်သည့် အယူကို ယူရမှန်း မသိ၊ "ငါ့ အယူသာလျှင် အကောင်းဆုံး" ဆိုသူများကြားတွင်

နားယောင်တွေဝေနေကြရာသော ကာလာမ အမျိုးသားများနှင့် တွေ့ရာ၌ပင် "ဤအယူကိုသာ ယူ"ဟု မိန့်တော်မမူ၊ "သင်ကိုယ်တိုင် လေ့လာကျင့်သုံးပြီးမှ မကောင်းတာရှောင်၊ ကောင်းရာဆောင်"ဟု ကိုယ်ပိုင်စဉ်းစားဆုံးဖြတ်ခွင့်ကို ပေးတော်မူခဲ့ဖူးသည်။

သည်မျှသာမကသေး၊ နိဂဏ္ဌနာဋပုတ္တ၏ အမာခံပစ္စည်းလေးပါး ဒါယကာ (ဂျိန်းဘာသာဝင်တို့ခေါင်းဆောင်)တစ်ဦးဖြစ်သူ ဥပါလိသူကြွယ်သူ့ဆရာ၏ စေခိုင်းချက်အရ ဘုရားရှင်နှင့် ဝါဒယှဉ်ပြိုင် စကားစစ်ထိုးလာရာ နောက်ဆုံးတွင် ကြည်ကြည်လင်လင် သဘောပေါက်သွားသဖြင့် ဘုရားရှင်ထံ သရဏာဂုံ ဆောက်တည်ပြီး ဥပါသကာအဖြစ် ခံယူခဲ့ဖူး၏။ ထိုသို့ စီးပွားရေး၊ လူမှုရေးအားဖြင့် မြို့နယ်မျက်နှာဖုံးဖြစ်သူ ဥပါလိသူကြွယ်ကဲ့သို့သော သူတစ်ဦး ဗုဒ္ဓဘာသာသို့ ကူးဝင်လာရာ၌ ကြိုဆိုကောင်းချီးပေးရမည့်အစား–

"ဥပါလိသူကြွယ် – သင်လို ထင်ရှား ကျော်ကြားသူတစ်ဦးဟာ အလျင်စလို မလုပ်သင့်၊ စိတ်လိုက်မာန်ပါ မလုပ်သင့်၊ အချိန်ယူပြီး စဉ်းစဉ်းစားစား လုပ်ပါ"ဟုပင် အကြိမ်ကြိမ် ဟန့်တားတော်မူခဲ့သေးသည်။

ဗုဒ္ဓဘာသာသည် ဓွတ်အယုံ မသွင်းရုံမျှမက မည်မျှ သဘောထားကြီးကြောင်း၊ ကိုယ်ပိုင် စဉ်းစားဉာဏ်ဖြင့် ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ကို ဦးစားပေးကြောင်း နားလည်သင့်၏။ တနည်းအားဖြင့် ဗုဒ္ဓဘာသာအဖြစ် ခံယူရာ၌ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ရွတ်ဆိုရုံမျှဖြင့် မပြီး၊ (ပြဆိုခဲ့သည့်) အခြေခံစိတ်ထား ကြည်လင်ပြတ်သားမှု၊ ကြည်ကြည်လင်လင် လေးလေးမြတ်မြတ်ရှိမှုသည် မည်မျှအရေးကြီးကြောင်း ထပ်ဆင့် သဘောပေါက်သင့်ပေသည်။

သာသနာပဂ္ဂိုလ်များ ဗုဒ္ဓသာသနာ ဗုဒ္ဓဘာသာသို့ ဝင်၍ ရဟန်းပြုလိုလျှင်သော်မှ ချက်ချင်းရဟန်းပြုခွင့်မပေး၊ အသိအမြင် ကြည်လင်ခိုင်မာအောင်၊ ဓလေ့ထုံးတမ်းကျွမ်းကျင်အောင် လေးလတိုင်တိုင် လေ့လာသူအရံအဖြစ် စောင့်ဆိုင်းနေရသေးသည်။ 'တိတ္ထိယပရိဝါသ'ဟု ခေါ်၏။

ဘုရားရှင်လက်ထက်တော်က အသိအမြင် ကြည်လင်လေးမြတ်မှု ပြတ်သားမှု မရှိဘဲ ဘုရားရှင်ထံမှာ သရဏာဂုံဆောက်တည်၍ ဥပါသကာအဖြစ် ခံယူသွားသော သောဏဒဏ္ဍာပုဏ္ဏားကြီးသည် ဘာသာကူးပြောင်းရာ၌

လွယ်သလောက်၊ ပြတ်သားမှု မရှိ၍ ဘဝရပ်တည်ရာ၌ အခက်တွေ့ခဲ့သည်။ ဗုဒ္ဓဘာသာခံယူပြီးလျှင် ခရီးဦးကြိုဆိုခြင်း၊ အထူးသဖြင့် တုပ်ပျပ်ဝပ်လျိုး ရှိခိုးဦးချခြင်းကို လွယ်လွယ်ကူကူပင် ပြုနိုင်ရ၏။ ထိုသို့ ရှိခိုးဦးချရသည်ကိုပင် မင်္ဂလာတစ်ခု၊ ကုသိုလ်တစ်မျိုးဟု ကြည်ကြည်လင်လင် ရှုမြင်နိုင်ရ၏။

သောဏဒဏ္ဍပုဏ္ဏားကြီးမှာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာစဖြစ်၍ ထိုသို့ သဘောမပေါက်နိုင်ရှာ၊ တွေးတောပူပန်မှုတွေ တသီကြီးဝင်လာ၏။ မြို့.မျက်နှာဖုံးပညာရှိ သူဌေးကြီး၊ ဗြာဟ္မဏဝါဒခေါင်းဆောင် သက်ကြီးဝါရင့် ဆရာကြီးတစ်ဦးဖြစ်သည့်အား လျော်စွာ–

"အိုကြီးအိုမ – ကိုယ့်မြေးလောက်ရှိတဲ့ ဂေါတမကို ရှိခိုးရတယ်လို့များ ရှိရပလေ" ဟု ပတ်ဝန်းကျင်က ရှုတ်ချကဲ့ရဲ့မှု၊ လူမှုအသိုင်းအဝိုင်းနှင့် ကင်းကွာပြီး စီးပွားဥစ္စာ အခြံအရံ အကျော်စောမဲ့မှု၊ ဂုဏ်သိက္ခာကျဆင်းမှု ဖြစ်လာမည်ကို စိုးရိမ်စိတ်ဝင်နေခဲ့သည်။ ထို့ကြောင့် ဘုရားရှင်အား–

"ပရိသတ်အလယ်မှာ ရှိနေခိုက် လက်အုပ်ချီလိုက်တာမြင်လျှင် နေရာမှထပြီး ခရီးဦး ကြိုဆိုတယ်လို့ မှတ်ယူတော်မူပါ၊ ဦးရစ်ခေါင်းပေါင်း ချွတ်ပြလျှင်လည်း ဦးခေါင်းညွှတ်လျှိုး ရှိခိုးတယ်လို့ မှတ်ယူတော်မူပါ၊ ယာဉ်ရထားနှင့် သွားရင်း နှင်တံကို မြှောက်ပြလျှင်လည်း ယာဉ်ပေါ်မှဆင်းပြီး အရိုအသေပြုတယ်လို့ပဲ မှတ်ယူတော်မူပါ။ ယာဉ်ပေါ်က ဆောင်းထားသော ထီးကို ဖယ်လိုက်လျှင်လည်း ရှိခိုးတယ်လို့ မှတ်ယူတော်မူပါ" ဟုပင် ဘုရားရှင်အား စိုးရိမ်တကြီး ကြိုတင်၍ အချိန်းအချက်ထားကာ ခွင့်ပန်စကား လျှောက်ခဲ့ဖူး၏။

ဘာသာကူးပြောင်းရာ၌ ထိုသို့ အသိအမြင် ကြည်လင်ပြတ်သားမှု မရှိသည့်အတွက် သောဏဒဏ္ဍပုဏ္ဏားကြီးမှာ မည်သည့်တရားထူးမျှ မရခဲ့ရှာပေ။

သရဏာဂုံ ခံယူဆောက်တည်စ၊ ဘာသာကူးပြောင်းစတွင် လူတိုင်း အသိဉာဏ် မကြွယ်ဝနိုင်သေး၊ ယုံကြည်မှု– သဒ္ဓါစစ်စစ်ဖြစ်လျှင်ပင် တော်လှပြီ။

"မဆုံးနိုင်သော ဘဝသံသရာခရီးတလျှောက်လုံး တွေ့ကြုံရမည့် ဘေးရန်အန္တရာယ်အမျိုးမျိုး၊ ကိုယ်စိတ်ဆင်းရဲခြင်း အမျိုးမျိုးက လွတ်ကင်း

ချမ်းသာအောင် ကယ်မနိုင်တဲ့ တကယ့်အစစ်အမှန် ကိုးကွယ် အားထားရာဆိုတာ ရတနာသုံးပါးကလွဲလို့ တခြားမရှိဘူး”ဟု မမှိတ်မသုန် ယုံကြည်ရင်းစွဲ ရှိထားလျှင် အသိဉာဏ်ကြွယ်ဝအောင် ဆက်လက်လေ့လာရန် မခက်တော့ပြီ။

သရဏဂုံဆောက်တည်ပုံ လေးမျိုး

ယခုအခါတွင် ရှင်သာမဏေများခံယူသော သရဏဂုံကို နည်းယူ၍ ‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ’ စသည်ဖြင့် သုံးကြိမ်ရွတ်ဆိုခံယူကြသော်လည်း ဘုရားလက်ထက်တော်က သရဏဂုံခံယူပုံ၊ ဗုဒ္ဓဘာသာအဖြစ်ခံယူပုံ လေးမျိုး ရှိသည်။ ထိုလေးမျိုးကား–

(၁) “ယနေ့မှစ၍ ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ဘုရား တရား သံဃာအား အပ်နှင်းပါ၏”ဟု နှုတ်မြွက်၍လည်း ဆောက်တည်နိုင်၏။ ‘အတ္တသန္နိယျာတနသရဏဂုံ’ဟု ခေါ်သည်။

(၂) “ယနေ့မှ စ၍ ကျွန်ုပ်အား ဘုရား တရား သံဃာကိုသာလျှင် ကိုးကွယ်အားထားရာရှိသူဟု မှတ်ယူတော်မူပါ” ဟု နှုတ်မြွက်၍လည်း ဆောက်တည်နိုင်၏။ ‘တပ္ပရာယဏသရဏဂုံ’ဟု ခေါ်သည်။

“ငါ့ကိုးကွယ်ရာဟာ ဒါမှ ဒါဘဲ”ဟု ရတနာသုံးပါးကိုသာ အမြဲဦးတိုက်၍ သတိရ၍ နေသော အာဠဝကဘီးလူး၊ ဟေမဝတာ၊ သာတာဂိရနတ်စစ်သူကြီးများ ခံယူထားသကဲ့သို့ ဖြစ်သည်။

(၃) “ယနေ့မှ စ၍ ဘုရား တရား သံဃာ၏ အတွင်းနေတပည့်ဟု မှတ်ယူတော်မူပါ”ဟု နှုတ်မြွက်၍ တပည့်ခံသောအားဖြင့်လည်း ဆောက်တည်နိုင်၏။ ‘သိဿဘာဟုပဂမန သရဏဂုံ’ဟု ခေါ်သည်။

အရှင်မဟာကဿပလောင်းလျာ ပိပ္ပလိလုလင် တပည့်ခံယူသကဲ့သို့ ဖြစ်သည်။

(၄) “ယနေ့မှ စ၍ ဘုရား တရား သံဃာကိုသာ ရိုခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီမိုးခြင်း၊ အရိုအသေပေးခြင်းပြုသူဟု မှတ်ယူတော်မူပါ”ဟု နှုတ်မြွက်၍လည်း ဆောက်တည်နိုင်၏။ ‘ပဏိပါတသရဏဂုံ’ဟု ခေါ်သည်။

ဗြဟ္မာယု ပုဏ္ဏားကြီးကဲ့သို့ လွန်လွန်ကဲကဲ လေးလေးမြတ်မြတ် တုပ်ဝပ်ကြည်ညိုသဖြင့် ဆည်းကပ်ခြင်းမျိုး ဖြစ်သည်။

သရဏာဂုံ တည့်, မတည့်၊ ပျက်, မပျက်

ပြောဆိုပုံ၊ ပြုမူပုံကိုလိုက်၍ သရဏာဂုံဆောက်တည်နည်း လေးမျိုးရှိရာတွင် အရိအသေပြုခြင်း ရိုခိုးခြင်းဖြင့်လည်း သရဏာဂုံတည်သဖြင့် 'အရိအသေပြုတိုင်း ရှိခိုးတိုင်း သရဏာဂုံတည်သလော၊ ရတနာသုံးပါးမှ တပါးသော သာသနာပ ပုဂ္ဂိုလ်များကို အရိအသေပြုလျှင် ရိုခိုးလျှင်လည်း သရဏာဂုံပျက်သလော'ဟု စဉ်းစားစရာရှိ၏။

သို့ရာတွင် ဆွေမျိုးတော်စပ်၍ ရိုခိုးခြင်း၊ ကြောက်ရ၍ ရိုခိုးခြင်း၊ ပညာသင်ပေးသော ဆရာအဖြစ်ဖြင့် ရိုခိုးခြင်း၊ အရိအသေပြုခြင်း များသည် သရဏာဂုံမမြောက်၊ သရဏာဂုံတည်သော ရိုခိုးခြင်းမဟုတ်၊ လောကဝတ်အရ ရိုသေလေးစားသမှု ပြုခြင်းမျှသာ ဖြစ်သည်။

ဤ၌ ကြောက်ရ၍ မင်းစိုရာဇာများကို ရိုခိုးခြင်းနှင့် ဖမ်းစားမည်စိုး၍ နတ်များကို ရိုသေရိုခိုးခြင်း၊ ပသခြင်း၊ မိမိနှင့်ဘာသာအယူဝါဒမတူသော်လည်း ပညာသင်ပေးသောဆရာဖြစ်၍ အရိအသေပေးခြင်း ရိုခိုးခြင်းမျိုးသည် သရဏာဂုံသဘောမသက်ရောက်၊ နတ်ကို ရိုခိုး၍ သရဏာဂုံလည်း မပျက်ပေ။

ရိုသေသမှု ရိုခိုးမှုနှင့် စပ်၍ သရဏာဂုံတည်ခြင်း၊ ပျက်ခြင်း နှစ်မျိုးတွင် အချုပ်မှတ်သားရန်မှာ မြတ်သောအလှူခံပုဂ္ဂိုလ် (ဒက္ခိဏေယျ)အဖြစ် အထွတ်အမြတ်အဖြစ် သဘောထား၍ ရိုသေသမှု ရိုခိုးမှု ပြုမှ သရဏာဂုံတည်၍ ထိုအထွတ်အမြတ်အဖြစ် သဘောထားမှုမပါလျှင် သရဏာဂုံမတည်။ ထို့ကြောင့် နတ်စသည် ကိုးကွယ်ရာ၌ ရတနာသုံးပါးထက် မြတ်သည်ဟု သဘောထား၍ ကိုးကွယ်မှသာ သရဏာဂုံပျက်သည်ဟု မှတ်သင့်၏။

ထို့ကြောင့် သရဏာဂုံတည်ခြင်း၊ ပျက်ခြင်း ပဓာနအကြောင်းရင်းမှာ ပြုလုပ်ကိုးကွယ်သူ၏ စိတ်၌ အထွတ်အမြတ်သဘောထားမှု၊ မထားမှုနှင့် တိုင်းတာရသည်။

သရဏာဂုံ ညစ်နွမ်းခြင်း

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို မသိခြင်း၊ ရတနာသုံးပါးအပေါ်၌ ယုံမှား သံသယဖြစ်ခြင်း၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အလွဲလွဲအမှားမှား သိမြင်ထင်မှတ်ခြင်း၊ အမှားသိခြင်း သုံးမျိုးသည် သရဏာဂုံ ညစ်နွမ်းစေတတ်သည့် အကြောင်းများ ဖြစ်သည်။

စေတီ ရုပ်ပွား ဘုရားကျောင်းကန်နှင့် စပ်၍သော်လည်းကောင်း၊ တရားစာအုပ်ကိုင်တွယ် ကြည့်ရှုထား သိမှု၊ တရားနာယူမှုနှင့် စပ်၍သော်လည်းကောင်း၊ ရဟန်းသံဃာများနှင့် ဆက်ဆံရာ၌ သော်လည်းကောင်း ရိုသေလေးမြတ်မှုမရှိခြင်း၊ စေတီရုပ်ပွားအနီးအပါး၌ မရိုမသေနေထိုင်ခြင်း၊ ရိုင်းပြဆူညံစွာပြောဆိုခြင်း စသော မတန်မရာ ပြောဆိုပြုမူမှု အဂါရဝမှု အားလုံးသည် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို မသိရာရောက်သဖြင့် သရဏဂုံညစ်နွမ်းကြောင်းများချည်း ဖြစ်သည်။

သရဏဂုံ ပျက်ခြင်း

တစ်ကြိမ်တစ်ခါ ဆောက်တည်ထားသော သရဏဂုံသည် ဘာသာအယူဝါဒကူးပြောင်းလျှင်သော်လည်းကောင်း၊ သေလျှင်သော် လည်းကောင်း သရဏဂုံ ပျက်ပြယ်သွားပြီဟု ဆိုရ၏။ သေ၍ ပျက်ပြယ်သည်မှာ အပြစ်မရှိ၊ အယူဝါဒကူးပြောင်း၍ ပျက်ပြယ်သည်မှာ အပြစ်များစွာ ဖြစ်ပွားနိုင်၍ အပြစ်ရှိသော ပျက်ပြယ်ခြင်းဟု ခေါ်သည်။

အရိယာပုဂ္ဂိုလ်များ၏ သရဏဂုံမှာ ဘဝပြောင်းသော်လည်း မပျက်ပြယ်၊ ဘဝခြားစေကာမူ ဆရာမပြောင်း၊ အယူမပြောင်းဟော့ချေ။ အမြဲတည်တံ့သော သရဏဂုံ ဖြစ်၏။

အသုဘ၌ သရဏဂုံတင်ခြင်း

သရဏဂုံနှင့်စပ်၍ သိမှတ်ဖွယ်အစာစ်ခု ရှိသေးသည်။ ဗုဒ္ဓဘာသာဝင် တစ်ယောက် ကွယ်လွန်လျှင် ကျန်ရစ်သူ ဆွေမျိုးများက ကွယ်လွန်သူ အလောင်းအနီး၌ သရဏဂုံသီလဆောက်တည်ပြီး ကုသိုလ်ပြု အမျှအတန်း ပေးဝေလေ့ရှိကြ၏၊ 'သရဏဂုံတင်သည်'ဟု ခေါ်တွင်သည်။

ယိုအခမ်းအနား၏ လိုရင်းရည်ရွယ်ချက်မှာ ကွယ်လွန်သူအား အမျှအတန်း ပေးဝေခြင်းသာ ဖြစ်၏၊ သေသွားသူအား သရဏဂုံတင်ခြင်း မဟုတ်၊ သရဏဂုံလည်း မယူနိုင်တော့ချေ။ အမျှအတန်းပေးဝေရာ၌ ပို၍ ထိရောက်စေရန် ကျန်ရစ်သူများက ထပ်မံ၍ သရဏဂုံသီလ ဆောက်တည်ခြင်းသာ ဖြစ်ယည်။

ကွယ်လွန်သွားသူမှာ အကယ်၍ ပေတဂတိသို့ ရောက်နေခဲ့လျှင် သာဓုခေါ်နိုင်ရုံမျှမက သရဏဂုံသီလဆောက်တည်ခွင့်ပင် ရရှိသွားနိုင်၏။ သံသရာက တော်စပ်ခဲ့သော ဆွေမျိုးပြိတ္တာများလည်း အလားတူ ရရှိနိုင်ကြသည်ပင်။ ထို့ကြောင့် အသုဘကိစ္စ၌ သရဏဂုံတင်ခြင်းသည် ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နောက်ဆုံးခရီးအတွက် အကောင်းဆုံးသော နောက်ဆုံး အကူအညီပေးမှုဖြစ်၍ အစဉ်အလာကောင်းတစ်ခုပင် ဖြစ်သည်။

လူတစ်ဦးကွယ်လွန်သွားသောအခါ ခေါင်းထဲ၌ ကူးတို့ခနှင့် အစားအသောက်၊ အဆောင်အယောင်များကို ထည့်ပေးသော မိရိုးဖလာ ရိုးရာအယူအစွဲများ၊ သေသွားသူ ကောင်းရာဘဝရောက်စေရန် ဝိုင်း၍ ဆုတောင်းပေးသော သာသနာပ လုပ်ထုံးများ၏ အကျိုးမရှိပုံကို ကောင်းစွာ နားလည်ထားသော ကျန်ရစ်သူ သားသမီးဆွေမျိုးတို့၏ သရဏဂုံတင် အမျှဝေပေးခြင်းသည် သွားလေသူ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နောက်ဆုံး ခရီးအတွက် နောက်ဆုံးကောင်းခြင်းပင် ဖြစ်၏။

ဗောဓိမင်းသား၏ မယ်တော်ကဲ့သို့ ဝမ်းတွင်းရှိ သားငယ်အတွက် ဘုရားအမှူးရှိသော သံဃာများထံ သရဏဂုံခံယူပေးခြင်း၊ ဒီဃာဝုသတို့သား မိဘတို့ကဲ့သို့ သားသမီးငယ်များအတွက် အလှူလုပ်ပေးခြင်း၊ 'ဦးတော်' လုပ်ခိုင်းခြင်း၊

- ဒုဋ္ဌဂါမဏီ, သဒ္ဓါတိဿတို့၏ ဖခင် ကာကဝဏ္ဏတိဿ မင်းကြီးကဲ့သို့ ရတနာသုံးပါးဦးတိုက်၍ ထမင်းခွံ့မင်္ဂလာစသည် လုပ်ပေးခြင်း၊
- အနာထပိဏ်သူဌေးကြီး သားဖြစ်သူ ကာဠအား ပိုက်ဆံပေး၍ ဥပုသ်စောင့်ခိုင်းသကဲ့သို့ သားသမီးတို့အား ဘာသာရေး အသိသွင်းပေးခြင်း –

တို့သည် မိဘတို့ကျေးဇူးကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ကနဦးဘဝ အစ၏ကောင်းခြင်းကို ရခဲ့ကြသည်။ တာဝန်သိသော သားသမီးတို့၏ ကျေးဇူးကြောင့် ဘဝနိဂုံးနောက်ဆုံးကောင်းခြင်းကိုလည်း ရနိုင်ကြ၏။

ကောင်းခြင်း သုံးဖြာနှင့် ပြည့်စုံသော ဗုဒ္ဓဘာသာဝင်တို့၏ ဘဝသည် အရတော်ပေစ။

ဗုဒ္ဓဘာသာဝင်ဖြစ်ရသော အကျိုးကျေးဇူး

သရဏဂုံတည်လျှင်၊ ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်လျှင်ပင် အပါယ်လေးပါးသို့ မကျရောက်နိုင်တော့ကြောင်း နေရာများစွာ၌ ဟောတော်မူထား၏။

အပါယ်မကျရုံသာမက နတ်ဖြစ်သော အခါတွင်လည်း အခြားနတ်များထက် ပို၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ အခြံအရံ ပေါများခြင်း၊ အာဏာတန်ခိုး အစိုးရမှု သာလွန်ခြင်းနှင့် အာရုံငါးပါး သာလွန်ခြင်းဟူသော လွန်ကဲမှု (၁၀)မျိုး ရနိုင်သည်ဟု သိကြားမင်းအား အရှင်မဟာမောဂ္ဂလာန် ဟောပြဖူး၏။

ဝေလာမသုတ်၌ သရဏဂုံတည်သော ဗုဒ္ဓဘာသာဝင်တစ်ဦး၏ အကျိုးကျေးဇူးမှာ အတိုင်းမသိ အတုမရှိလှဒါန်းပေးကမ်းခြင်း အမျိုးမျိုးထက် သာလွန်ကြောင်းလည်း ဟောတော်မူထားသည်။

အဇာတသတ်မင်းသားသည် အပြစ်ကြီးလေးလှသော ဖခင်သတ်မှုကံကြီးကို လွန်ကျူးမိသူဖြစ်၍ မအိပ်နိုင်၊ မစားနိုင်၊ တမှိုင်မှိုင်တတွေတွေ၊ ကြောက်ရွံ့တုန်လှုပ်၍ နေရ၏။ သေလျှင်လည်း မဟာအဝီစိငရဲကြီး၌ မလွဲမသွေ ကျခံရတော့မည် ဖြစ်သည်။ ဘုရားရှင်ကို ဖူးမြော်ခွင့်ရပြီး သရဏဂုံဆောက်တည်ရသည့် အချိန်မှ စ၍ ကောင်းစွာ အိပ်စက် စားသောက်နိုင်လာ၏။ လူသတ်မှု အပြစ်ကြီးကို ကျူးလွန်သူသည် ပန်းတစ်ဆုပ်လာဘ်ထိုးရုံမျှဖြင့် ကြိုးမိန့်က လွတ်ရသကဲ့သို့ အဇာတသတ် မင်းသားလည်း သရဏဂုံကျေးဇူးကြောင့် မဟာအဝီစိငရဲကြီး၌ ကျခံရမည့်အစား လောဟကုမ္ဘိငရဲငယ်၌သာ ကျခံရ၏။ ရတနာသုံးပါးကို အားထားယုံကြည်ရာ၌ ပုထုဇဉ်တို့တွင် မည်သူမျှပင် လိုက်မမီ၊ ပထမသံဂါယနာ၏ ဒကာလှည်း ဖြစ်ခဲ့၏။ နောင်တစ်ချိန်၌ 'ဝိဇိတာဝီ' အမည်ရှိ ပစ္စေကဗုဒ္ဓါတစ်ဆူ ဖြစ်တော်မူရသည်အထိ သရဏဂုံ၏ကျေးဇူးကို့ကား ကြီးမားလှပေသည်။

သရဏဂုံတည်သော ပုဂ္ဂိုလ်များသည် ဖြစ်လေရာ ဘဝတိုင်း၌ အကျိုးရှစ်မျိုးကိုလည်း ရရှိနိုင်သည်။ အကျိုးရှစ်မျိုးတို့မှာ–

(၁) အမျှားအပူဇော်ခံရခြင်း၊
(၂) ဉာဏ်ပညာထက်မြက်ခြင်း၊

(၃) မိမိပတ်ဝန်းကျင်သည် မိမိစိတ်အလိုသို့ လိုက်ပါခြင်း၊
(၄) သူတကာတို့ မနှိုင်းယှဉ်သာအောင် စည်းစိမ်ဥစ္စာခံစားရခြင်း၊
(၅) ရွှေအဆင်းကဲ့သို့ အသားအရေ ဝါဝင်းလှပခြင်း၊
(၆) အများ၏ ချစ်ခင်မြတ်နိုးခံရခြင်း၊
(၇) ခိုင်မြဲသော မိတ်ကောင်းဆွေကောင်းရရှိခြင်း၊
(၈) ကျော်စော ထင်ရှားခြင်း တို့ဖြစ်၏။

သရဏာဂုံ၏ အကျိုးကျေးဇူး၊ ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်း၏ အကျိုးကျေးဇူးကား အထူးပြောဖွယ်မရှိ၊ သရဏာဂုံဆောက်တည်ခြင်းသည် ချမ်းသာရေးလွတ်မြောက်ရေးလမ်းစဉ်၏ အဝင်ဝ၊ အစ၏ကောင်းခြင်းပင် ဖြစ်၏။ ပြဆိုခဲ့သော အကျိုးများသည် အလယ်၏ ကောင်းခြင်းများဖြစ်၍ အချုပ်အားဖြင့် နိဗ္ဗာန်အထိ အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံရမည်သာ ဖြစ်ပေသည်။

သရဏာဂုံအကျိုးပြဝတ္ထု

မလွဲမှားနိုင်သော ကိုးကွယ်ရာနှင့် ကိန်းသေပေါက်ကျင့်စဉ်

ဘာသာအယူဝါဒ ကိုးကွယ်မှုနှင့်စပ်၍ အောက်ပါအဖြစ်အပျက်သည် အလွန် မှတ်သားဖွယ် ကောင်း၏။ အနာထပိဏ်ကျောင်းဒကာကြီး၏ စည်းရုံး ဆွဲဆောင်မှုမှာလည်း လွန်စွာ အတုယူဖွယ် ကောင်းလှသည်။ ဖြစ်ရပ်ဓာတ်ကြောင်း အပြည့်အစုံကား ဤသို့ ဖြစ်သည်–

မြတ်စွာဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က ဖြစ်၏။ အနာထပိဏ်သူဌေးကြီးသည် ဘုရား ကျောင်းတော်သို့ သွားတိုင်း 'အညတိတ္ထိယ' ခေါ် မိတ်ဆွေဘာသာခြားများကိုပါ ခေါ်ဆောင် သွားလေ့ရှိ၏။ အခြားဘာသာဝင်များလည်း သူဌေးကြီးနည်းတူ ပန်း ဆီမီး အမွှေးနံ့သာ စသော လှူဖွယ်ပစ္စည်းများကို အသီးအသီး ယူဆောင်၍ ဘုရားအမှူးရှိသော သံဃာတော်များအား ကပ်လှူကြသည်။

မြတ်စွာဘုရားရှင်၏ အသရေတော်နှင့် မြတ်စွာဘုရားရှင်၏ ကြောင်းကျိုးညီညွတ်၍ အစွန်းလွတ် ဟောပြသော တရားတော်များကို နာကြားရသောအခါ ဘာသာခြားများလည်း စဉ်းစားဝေဖန်ဉာဏ်ရှိသူများပီပီ ကျေနပ်လက်ခံလာကြ၏။ ဘာသာခြား ကိုးကွယ်မှု ဓလေ့ထုံးတမ်းများကိုပင်

ပစ်ပယ်၍ သရဏဂုံဆောက်တည်ကာ ဗုဒ္ဓဘာသာသို့ အစုလိုက်အပြုံလိုက် ကူးပြောင်းဝင်လာကြသည်။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြရုံမျှမက တရားနာခြင်း၊ ဥပုသ်သီလစောင့်သုံးခြင်း စသည်ဖြင့် အနာထပိဏ်သူဌေးကြီးနှင့် အတူ ဘုရားသွား ကျောင်းတက် ဝတ်မပျက် ဆောင်ရွက်နေကြ၏။

မြတ်စွာဘုရားရှင် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ ကြွချီတော်မူ၍ ခုနစ်လ ရှစ်လခန့် သီတင်းသုံးတော်မူသောအခါ ထိုဘာသာခြားများသည့် ဗုဒ္ဓဘာသာမှ မူလဘာသာခြားအယူသို့ ကူးပြောင်းသွားကြပြန်၏။ မြတ်စွာဘုရားရှင် သာဝတ္ထိသို့ ပြန်ကြွလာပြန်လျှင် ကျောင်းဒကာ သူဌေးကြီး၏ ဖျောင်းဖျ ဆွဲဆောင်မှုအရ ရှေးကနည်းတူ ဘုရားရှင်ထံ လိုက်ပါလာကြပြန်သည်။ အကျိုး အကြောင်းကို သူဌေးကြီးက မြတ်စွာဘုရားရှင်အား လျှောက်ထားရာ မြတ်စွာဘုရားရှင်က သတ္တဝါတို့သည် ဘေးရန်များကို ကြောက်ရွံ့ထိတ်လန့်၍ တော တောင်စသည်ကို ကိုးကွယ်ခဲ့ကြပုံ၊ ထိုကိုးကွယ်မှုများသည် ဘေးကင်း လုံခြုံသော ကိုးကွယ်မှုများ မဟုတ်၍ သတ္တဝါတို့ မျှော်လင့်သည့်အတိုင်း ဘေးဒုက္ခတို့မှလည်း မလွတ်နိုင်ပုံကို ကိုးကွယ်မှုသမိုင်းချီ၍ ဟောတော်မူသည်။

"ဥပါသကာတို့ – လောက၌ အမြတ်ဆုံးဖြစ်သော ဘုရား တရား သံဃာ ရတနာတော်မြတ်သုံးပါးကို ကိုးကွယ်သူသည် အပါယ်သို့ မကျ၊ သေရသောအခါ နတ်ရွာသုဂတိသို့ ရောက်ရသည်။ သရဏဂုံတည်သောသူသည် သစ္စာလေးပါးကို သိ၍ အရိယာအဖြစ်သို့ ဆိုက်ရောက်နိုင်၏။ ဥပါသကာတို့– ဤကိုးကွယ်မှုသည်သာလျှင် ဘေးကင်းလုံခြုံ၍ အမြတ်ဆုံးသော ကိုးကွယ်ရာ အစစ် ဖြစ်ပေ၏။ သတ္တဝါတို့ မျှော်မှန်းသည့်အတိုင်း အလုံးစုံသော ဘေးဒုက္ခရန်အပေါင်းတို့မှလည်း လွတ်မြောက်ရသည်။

ဥပါသကာတို့ – ရှေးအခါက လူများလည်း မှားယွင်းသော ကြံစည်မှု (တွေးခေါ်မှု)၊ အလွဲလွဲ အမှားမှား ယုံကြည်စွဲလမ်းမှုတို့ကြောင့် ကိုးကွယ်ရာ မဟုတ်သည်၌ ကိုးကွယ်ရာထင်စား၊ လမ်းမသိသူကို ဆရာ တင်မှားကြသဖြင့် ဘေးရန်များလှသော ကန္တာရခရီးကြမ်းဝယ် ပြန်လမ်းမရှိ အကျိုးမဲ့ သေကျေပျက်စီးခဲ့ကြရဖူးသည်။"

မြတ်စွာဘုရား ထိုသို့ မိန့်ကြားလျှင် အနာထပိဏ်သူဌေးကြီးက အပြည့်အစုံဟောပြတော်မူပါရန် တောင်းပန်၍ 'အပဏ္ဏကဇာတ်'တော် (မလွဲမှားနိုင်သော ကိုးကွယ်ရာအကြောင်း)ကို အတိတ်ဆောင်ဟောပြတော်မူ၏။

အပဏ္ဏကဇာတ်ဆိုသည်မှာ ရှေးအခါက ဗာရာဏသီပြည်၌ ပညာရှိလည်းကုန်သည်ကို အကြီးအမှူး ဦးဆောင်လမ်းပြရာထား၍ ရောင်းဝယ်ဖောက်ကားကြသော လှည်းကုန်သည်ငါးရာတို့ ဘေးရန်ကင်းကွာ ချမ်းသာလာကြပုံ၊ ပညာမဲ့ လှည်းကုန်သည်ကို ဆရာတင်မှားကြသော နောက်လိုက် လှည်းကုန်သည် ငါးရာတို့သည် ကန္တာရခရီးကြမ်းဝယ် ဆိုးသွမ်းလှသော ဘီလူးတို့၏ လှည့်စားမှုကို နားယောင်ကာ အားလုံးသေကျေ ပျက်စီးခဲ့ကြရပုံကို ဟောတော်မူသော ဇာတ်တော်ဖြစ်သည်။

ဘာသာအယူဝါဒရေးရာ၌ ကိုးကွယ်မှု မတည်မငြိမ်ဖြစ်နေခဲ့ကြသော ဥပါသကာများသည် အပဏ္ဏကဇာတ်တော်ကို ကြားနာကြရသောအခါ မည်သို့သော ပုဂ္ဂိုလ်ကို ဆရာတင်၍ မည်သည့်ဦးဆောင်လမ်းပြနောက် လိုက်ရမည်ကို သဘောပေါက်သွားကြသည်။ မြတ်စွာဘုရားရှင်ကလည်း ဒါနသီလတရားမျှလောက်ကိုသာမက သီလသမာဓိပညာ သိက္ခာသုံးပါး၊ မဂ္ဂင်ရှစ်ဖြာ၊ သစ္စာလေးပါး(အပဏ္ဏကပဋိပဒါ) ကိန်းသေပေါက် ချမ်းသာရေးကျင့်စဉ်များကိုပါ ဟောကြားပြသတော်မူ၏။

ဤကိန်းသေပေါက်ကြီးပွားချမ်းသာရေး၊ လွတ်မြောက်ရေးကျင့်စဉ်ကို (တိကအဂ်ိုတ္တိရ်နှင့် မဇ္ဈိမပဏ္ဏာသ)ပါဠိတော်တို့၌ အကျယ်တဝင့် ဟောကြားထားသည်။ မြတ်စွာဘုရားရှင်သည် လမ်းပြရာ၌ စိတ်ကူးနှင့်မှန်းဆ၍ ရော်ရမ်း လမ်းညွှန်ပြသူ မဟုတ်၊ ကိုယ်တော်တိုင်လျှောက်ပြီးသော လမ်းဖြစ်၍ (ကိုယ်တိုင် လျှောက်ကြည့်ပြီးမှ) 'မည်သည့်နေရာ၌ မည်သို့'ဟု အတိအကျ ညွှန်ပြသူ ဖြစ်သည်။ ထို့ကြောင့် သံသရာခရီးကြမ်းကို ဖြတ်သန်းသွားလာနေကြရသော နတ် လူ ဗြဟ္မာ သတ္တဝါအားလုံး တလောကလုံး၏ ဦးဆောင်လမ်းပြသူ လှည်းဦးစီး လှည်းမှူးကြီးအဖြစ် ထိုဓေတ်က ဝေါဟာရဖြင့် 'သတ္ထာ ဒေဝမနုဿာနံ'ဟု ဂုဏ်ပြုကြရလေသည်။

မြတ်စွာဘုရားရှင်၏ တရားတော်ကို နာကြားကြရသော အနာထပိဏ်ကျောင်းဒကာကြီး၏ မိတ်ဆွေ ဘာသာခြားများအား လုံး မလွဲမှားနိုင်သော ကိုးကွယ်ရာ (သရဏဂုံအစစ်)ကို ရရှိကြရုံမျှမက ဘရားနာရင်း နာရင်း အသိအမြင်ရှင်းကာ သောတာပတ္တိမဂ်ဉာဏ်အလင်းကိုပင် ရရှိကြသဖြင့် ဘဝပြောင်းသော်လည်း ဆရာမပြောင်း၊ အယူမပြောင်းနိုင်တော်သော အရိယသရဏဂုံတည်သူများ ဖြစ်သွားကြလေတော့သည်။

ဥပါသကာ ဥပါသိကာအကြောင်း

ဥပါသကာ ဥပါသိကာ ဟူသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဒကာ ဒကာမများကိုပင် ခေါ်ဆိုသော ဝေါဟာရဖြစ်၏။ သရဏဂုံ တည်သူမှန်သမျှ ကြီးကြီးငယ်ငယ် အမျိုးဘားဖြစ်လျှင် ဥပါသကာ, အမျိုးသမီးဖြစ်လျှင် ဥပါသိကာဟု ခေါ်သည်။

သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဥပါသကာ ဥပါသိကာတို့၏ အခန်းကဏ္ဍ တာဝန်လည်း အရေးပါလှ၏။ သံဃာတော်အရှင်မြတ်များနှင့် ဓမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟအားဖြင့် အပြန်အလှန် ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ သူ့တာဝန် ကိုယ့်တာဝန် ကျေပွန်အောင် လက်တွဲထမ်းဆောင်ကြရ၏။ သံဃာတော်များနှင့် အေးအတူ ပူအမျှ (သမာနသုခဒုက္ခ) စိတ်ထားရသူများ ဖြစ်သည်၊ ပစ္စည်းလေးပါးတာဝန် ထမ်းဆောင်ရသူများဖြစ်၍ မိမိပိုင် ပစ္စည်းဥစ္စာကို ရဟန်းသံဃာများနှင့် မခွဲခြား မကန့်သတ်ဘဲ သာတူညီမျှ အတူတကွ သုံးစွဲနိုင်ရသူများလည်း ဖြစ်၏ (အပ္ပဋိဝိဘတ္တဘောဂီ)၊ သံဃာတော်များအတွက် အမြဲတမ်း ပေးလှူရဲသူ ဖြစ်ရ၏၊ ရေတွင်းသဖွယ် ဖြစ်ရ၏။

ဥပါသကာမည်သည် သာသနာဆုတ်ယုတ်မည့် အရေးကိစ္စ ပေါ်လျှင်လည်း ကြောင့်ကြမဲ့ မနေ၊ သံဃာတော်များနှင့်အတူ လက်တွဲ၍ ဆောင်ရွက်ရ၏။ ယုတ်စွအဆုံး သံဃာတော်များအချင်းချင်း မသင့်မမြတ် ဖြစ်သည်ကို တွေ့လျှင်ပင် ညီညွတ်အောင် ဆောင်ရွက်ပေးရသည်။ ကောသမ္ဗီမြို့တွင် ပစ္စည်းလေးပါးဖြင့် အကြပ်ကိုင်၍ပင် ညီညွတ်စေခဲ့ဖူး၏။

ဘုရားရှင်လက်ထက်တော်က စိတ္တသူကြွယ် ဟတ္ထကအာဠဝက ဥဂ္ဂတ စသော ဇာတဒဂ်ဝင် စံတင်ထားရသော သာသနာပြု ဥပါသကာများ၊ ဝိသာခါ, ခုဇ္ဇုတ္တရာ, နန္ဒမာတာ စသော ဥပါသိကာမများ ရှိခဲ့ကြ၏။ ဗုဒ္ဓခေတ်က မိဘများသည် သားသမီးများကို ဆုံးမစကား ပြောကြားရာ၌ပင် သားယောကျ်ားကလေးများကို–

"လူ့ဘောင်မှာနေလျှင် စိတ္တသူကြွယ် စသူတို့လို ဖြစ်အောင် ကြိုးစားရမယ်၊ သာသနာမှာနေလျှင် အရှင်သာရိပုတ္တရာစသူတို့လို ဖြစ်အောင် ကြိုးစားပါ။ သမီးငယ်များကိုမူ– လူ့ဘောင်မှာနေလျှင် ခုဇ္ဇုတ္တရာ စသူတို့လို ဖြစ်အောင် လုပ်ရမယ်၊ သာသနာမှာနေလျှင် ခေမာထေရီ စသူတို့ကို အားကျရမယ်" ဟု စံပြပြောဆိုရသော ဥပါသကာ ဥပါသိကာမများ ရှိခဲ့သည်။

မြတ်စွာဘုရားရှင်သည် အနာဂတ်သာသနာအတွက် ရဟန်းသံဃာတော်နှင့် ရဟန်းမများနည်းတူ ဥပါသကာနှင့် ဥပါသိကာမတို့အားလည်း အားထားမျှော်လင့်တော်မူ၏။ တာဝန်လည်း ပေးအပ်ထားတော်မူခဲ့၏။ သာသနာ့ကျက်သရေဆောင် သာသနာ့ဝန်ဆောင် လေးဦးဟု ခေါ်သည်၊ ရဟန်းတော်များနည်းတူ တာဝန်ရှိသူများဖြစ်သည်ကို မမေ့သင့်ကြ။

သာသနာပြုရာတွင် ဝိနည်းသိက္ခာပုဒ်များကြောင့် ရဟန်း သံဃာတော်များ မဝင်ဆံ့၊ မဆောင်ရွက်နိုင်သော ကိစ္စများရှိတတ်၏။ ထိုကိစ္စမျိုးကို လူဒကာ ဒကာမတို့က ဆောင်ရွက်မှသာ ရနိုင်သည်။ ဥပါသကာ ဥပါသိကာမတို့သည် ရဟန်းတော်များနည်းတူ သာသနာ့တာဝန်များ ရှိကြသည်အားလျော်စွာ ဥပါသကာ ဥပါသိကာမတို့၌ ရှိသင့်ရှိထိုက်သော ကိုယ်ကျင့်တရား၊ ဂုဏ်အရည်အသွေးများ အပြည့်ရှိအောင်လည်း ကြိုးစားကြရာ၏။

ဥပါသကာ၏ ကိုယ်ကျင့်သိလ

ရှင်သာမဏေမှာ ရှင်သာမဏေ၏ သီလရှိ၏။ ရဟန်းမှာ ရဟန်း၏ သီလရှိ၏။ ဥပါသကာမှာလည်း ဥပါသကာသီလရှိ၏။

မြတ်စွာဘုရားလက်ထက်က မဟာနာမ်သာကီဝင်မင်းသည် ဥပါသကာတို့ ကျင့်သုံးရမည့်သီလကို မြတ်စွာဘုရားအား မေးလျှောက်ခဲ့ဖူး၏။

မြတ်စွာဘုရားက—

"ဥပါသကာဟူသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်မှု၊ လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊ သေရည်သေရက်တို့ကို သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်မှုဟူသော ငါးပါးသီလနှင့် ပြည့်စုံရမည်" ဟု မဟာနာမ်သာကီဝင်မင်းအား မိန့်ကြားတော်မူခဲ့သည်။

ဤဒေသနာအရ ငါးပါးသီလသည် ဥပါသကာတို့၏ သီလဖြစ်သည်။ ငါးပါးသီလ မလုံခြုံလျှင် အကျင့်သီလရှိသော ဥပါသကာ မမည်။ အကျင့်သီလရှိသော ဥပါသကာဖြစ်စေရန် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းကြရမည် ဖြစ်သည်။

ဥပါသကာ၏ အသက်မွေးမှု

ဥပါသကာသည် အကျင့်သီလ ပြည့်စုံရုံမျှဖြင့်လည်း မပြီးသေး၊ အပြစ်ကင်းသော အသက်မွေးမှုလုပ်ငန်းမျိုးကို လုပ်ကိုင်အသက်မွေးရန် လိုပေသေးသည်။ ဥပါသကာဖြစ်လျှင် ဥပါသကာနှင့် လိုက်ဖက်သော အသက်မွေးမှုကို ရွေးချယ်အသက်မွေးကြရမည် ဖြစ်သည်။ ဥပါသကာနှင့် မသင့်လျော်သော အသက်မွေးမှုကို ရှောင်ကြဉ်ရ၏။ ဥပါသကာတို့ ရှောင်ကြဉ်ရမည့် အသကမွေးမှုလုပ်ငန်း (၅)မျိုးရှိကြောင်း မြတ်စွာဘုရား ဟောကြားခဲ့၏။ ထို(၅)မျိုးတို့မှာ—

(၁) လက်နက်ကုန် ရောင်းဝယ်ခြင်း၊
(၂) လူကုန် ရောင်းဝယ်ခြင်း၊
(၃) အသားကုန် ရောင်းဝယ်ခြင်း၊
(၄) သေရည်အရက် မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း၊
(၅) အဆိပ်ကုန် ရောင်းဝယ်ခြင်း —

တို့ဖြစ်သည်။

ဆောင်ပုဒ်။ ။ လက်နက်, လူ, သား၊သေ, ဆိပ် ငါး၊ ရှောင်ရှားရောင်းဝယ်မှု။

ဖော်ပြပါ (၅)မျိုးတို့မှာ မိမိသူတပါး ထိခိုက်ပျက်စီးစေတတ်၍ မတရားသော ၊ အပြစ်မကင်းသော ရောင်းဝယ်မှုဟု ခေါ်၏။ ဥပါသကာသည်

ထိုမတရားသော ရောင်းဝယ်မှုတို့ကို ရှောင်ကြဉ်ပြီး အပြစ်ကင်းသော ကုန်ပစ္စည်းများကို ရောင်းဝယ်ခြင်း၊ လယ်ယာလုပ်ကိုင်ခြင်း စသော အမှုများ ပြုလုပ်၍ အသက်မွေးကြရမည် ဖြစ်ပေသည်။

ဥပါသက အယုတ် အမြတ်

ဥပါသကာ၌ အောက်ပါအခြေခံအကြောင်း (၅)မျိုးရှိနေလျှင် ဖောက်ပြန်ပျက်စီးတတ်သည်။ အခြေခံအကြောင်း(၅)မျိုးကား -

(၁) သဒ္ဓါတရားမရှိခြင်း၊

(၂) သီလပျက်ခြင်း၊

(၃) ကောတုဟလ မင်္ဂလာခေါ် အထူးအဆန်းများကို ကြီးပွားကြောင်း မင်္ဂလာဟု ယုံကြည်ခြင်း (ကောင်းသော အရာကို မြင်ရ၊ ကြားရ၊ နံ့,စား, တွေ့ထိရလျှင် မင်္ဂလာဟု ယုံကြည်ခြင်း)၊

(၄) လောကီမင်္ဂလာခေါ် အထူးအဆန်းကိုသာ ယုံ၍ ကံကို မယုံကြည်ခြင်း၊

(၅) မြတ်စွာဘုရားသာသနာမှ အပြင်ပဋ္ဌ အလှူခံပုဂ္ဂိုလ်ကို ရှာ၍ ဦးစွာ ထိုပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊ မြတ်နိုးခြင်း (သာသနာအပြင် ဘက်မှ သီလမရှိသူကို တကယ်အလှူခံပုဂ္ဂိုလ်ဟု ထင်မှတ်၍ ထိုပုဂ္ဂိုလ်ကိုသာ ပေးလှူမှု မြတ်နိုးမှု ဦးစွာပြု၍ သာသနာကိုမှ နောက်မှ ပြုခြင်း)

တို့ဖြစ်သည်။

ထိုအကြောင်းတရား (၅)မျိုးတို့ကို အခြေခံ၍ ငါးပါးသီလ မလုံခြုံသူနှင့် အသက်မွေးဝမ်းကျောင်းမှု မစင်ကြယ်သောသူကို ပျက်စီးသော ဥပါသက (ဥပါသကာပျက်)ဟု ခေါ်ဆိုသည်။ ဥပါသကာဒွန်းစက္ကား (ဥပါသကစက္ကာလ)၊ ဥပါသကာ အညစ်အကြေး(ဥပါသကမလ)၊ ဥပါသကာ အညံ့စား (ဥပါသကပတိကိဋ္ဌ)ဟု ခေါ်သည်။

ဖော်ပြပါ အကြောင်းတရား (၅)မျိုးတို့ကို အပြန်နည်းအားဖြင့် (ပြောင်းပြန်)ယူ၍ ငါးပါးသီလနှင့် အသက်မွေးဝမ်းကျောင်းမှု စင်ကြယ်လျှင် ပြည့်စုံသော ဥပါသက (ဥပါသကာကောင်း)ဟု ခေါ်သည်။ ဥပါသကာရတနာ (ဥပါသကရတန)၊ ဥပါသကာပဒုမာ (ဥပါသကပဒုမ)၊ ဥပါသကာ ပုဏ္ဏရိက် (ဥပါသကပုဏ္ဏရိက)ဟု ခေါ်သည်။

ဥပါသကာ ဆုတ်ယုတ်ကြောင်း (၇)မျိုး

အင်္ဂုတ္တိရ်ပါဠိတော်လာ ဥပါသကာ အရည်အချင်း ညွှဲဖျင်းယုတ်လျော့စေတတ်သော အကြောင်းအင်္ဂါ(၇)မျိုးတို့ကိုလည်း ဤသို့ မှတ်သားရာ၏။ အကြောင်းအင်္ဂါ(၇)မျိုးကား-

(၁) ရဟန်းသံဃာတော်များအား တွေ့ဆုံဖူးမြော်မှု ယုတ်လျော့ခြင်း၊

(၂) တရားနာယူမှုဌာန် မေ့လျော့ခြင်း၊

(၃) ကိုယ်ကျင့်သိလ လုံခြုံအောင် မစောင့်ထိန်းခြင်း၊

(၄) ရဟန်းသံဃာတော်များအပေါ်၌ ကြည်ညိုမှုအား နည်းခြင်း၊

(၅) ခြုံတ်ခြယ်စောင်းမြောင်းကာ အပြစ်ရှာလိုသောစိတ်ဖြင့် တရားနာယူခြင်း၊

(၆) သာသနာအပြင်ဘက်၌ မြတ်သောအလှူခံပုဂ္ဂိုလ် ရှိနိုး မြော်ကိုးရှာမှီးခြင်း၊

(၇)ကုသိုလ်ကောင်းမှု ပြုလုပ်သောအခါလည်း သာသနာတော်အပြင်ဘက်၌သာ ဦးစားပေး ရှေးဦးစွာ ပြုလုပ်ပြီး သာသနာတော်၌ နောက်မှ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း -

တို့ဖြစ်သည်။

ဥပါသကာပြည့်စုံကြောင်း ဥပါသကာအရည်အချင်းကောင်း (၇)မျိုး ကိုလည်း အပြန်နည်းအားဖြင့် မှတ်ယူရာ၏။

ဥပါသကာ ဂုဏ်ရည် (၁၀)မျိုး

ထို့ပြင် မိလိန္ဒမင်းကြီးမေးလျှောက်၍ အရှင်နာဂသေနရဟန္တာ အရှင်မြတ်ကြီး မိန့်ကြားတော်မူခဲ့သော ဥပါသကာကောင်းတို့၌ ရှိရမည့် ဂုဏ်ရည် (၁၀)ပါးကိုလည်း မှတ်သားသင့်၏။ ဥပါသကာဂုဏ်ရည် (၁၀)ပါးကား-

(၁) သံဃာတော်များနှင့် ချမ်းသာမကွဲ ဆင်းရဲအတူ ရှိရခြင်း၊

(၂) မြတ်စွာဘုရား၏ တရားတော်များကိုသာ အကြီးအမှူးထားခြင်း၊ အလေးဂရပြုခြင်း၊

(၃) မိမိ၏ စီးပွားဥစ္စာအင်အားအလျောက် ခွဲဝေလှူဒါန်းခြင်း၊

(၄) မြတ်စွာဘုရားသာသနာ ဆုတ်ယုတ်ပျက်ပြားသည်ကို မြင်လျှင် ကြားလျှင် တည်တံ့ပြန့်ပွားအောင် ကြိုးစားအားထုတ်ခြင်း၊

(၅) ဖြောင့်မှန်သော အယူရှိခြင်း၊

(၆) ကောတုဟလကို မင်္ဂလာဟု မယုံကြည်ခြင်း၊

(၇) အသက်ဟူသော အကြောင်းကြောင့်ပင်လျှင် သာသနာအပြင်ပ ပုဂ္ဂိုလ်ကို ကိုးကွယ်ရာဆရာအဖြစ် မထားခြင်း၊ မည္သွန်ပြခြင်း၊

(၈) ကာယကံ ဝစီကံကို စောင့်ထိန်းခြင်း၊

(၉) အချင်းချင်း ညီညွတ်စွာ နေထိုင်၍ ဝန်တိုမှု၊ ငြူစူစောင်းမြောင်းမှု မရှိခြင်း၊ ကောက်ကျစ်စဉ်းလဲမှု၊ ဝါကြွားပလွှားမှု ကင်းခြင်း၊

(၁၀) ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်း -

တို့ ဖြစ်သည်။

ပြဆိုခဲ့သော ကိုယ်ကျင့်သီလ၊ အသက်မွေးမှု၊ ဂုဏ်အရည်အချင်းကောင်းများနှင့် ပြည့်စုံ၍ အနာဂတ်သာသနာအတွက် မြတ်စွာဘုရားရှင် လိုလားတော်မူသော ဥပါသကာကောင်း ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက် ဖြစ်အောင် ကြိုးစားကြရာ၏။

အခန်း (၄)

ကံနှင့် ကံ၏အကျိုး
စုတိပဋိသန္ဓေအကြောင်း

အခန်း (၄)

ကံနှင့် ကံ၏အကျိုး

ကံ၏ အနက်အဓိပ္ပါယ်

'ကံ'ဆိုသည်မှာ ပါဠိဘာသာ 'ကမ္မ' မှ ဖြစ်လာသော မြန်မာဝေါဟာရ ဖြစ်သည်။ ပြုလုပ်မှုဟု အဓိပ္ပာယ်ရသည်။

ထိုပြုလုပ်မှုဟူသော ကံသည်–

(က) ကိုယ်ဖြင့် ပြုလုပ်မှု (ကာယကံ)၊

(ခ) နှုတ်ဖြင့် ပြောဆိုမှု (ဝစီကံ)၊

(ဂ) စိတ်ဖြင့် ကြံစည်မှု (မနောကံ)–

ဟူ၍ (၃)မျိုးရှိသည်။

ကံဖြစ်ပေါ်လာရန် စေတနာသည် အရင်းခံဖြစ်သည်။ စေတနာဟူသော စကားလုံးသည် ဗုဒ္ဓဘာသာ၏ မူပိုင်စကားလုံးဖြစ်သည်။ စေတနာဟူသော စကားလုံး၏ တိကျသော အဓိပ္ပာယ်ကို အခြား မည်သည့်ဘာသာကမျှ ပြန်ဆိုဖော်ပြနိုင်စွမ်းမရှိ။ စေတနာသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ပြုလုပ်ရာ၌ လိုရင်းပဓာန အချက်အချာကျသော အကြောင်းတရား ဖြစ်သည်။ မည်သည့် ပြုလုပ်မှုကိစ္စမဆို စေတနာမပါလျှင် မထမြောက် မအောင်မြင်နိုင်။ စေတနာပါရှိမှသာ ထမြောက် အောင်မြင်နိုင်သည်။

စေတနာသည် စိတ်ကို လှုံ့ဆော် စေ့ဆော် နှိုးဆော်ပေးတတ်၏။ ဖေတနာနှိုးဆော်မှုအင်အားအလိုက် ပြုလုပ်မှု ကံတရားတို့ ဖြစ်ပေါ်လာရ၏။

စေတနာအားကောင်းလေလေ ကံတရားတို့အားကောင်းထက်သန်လေလေ ဖြစ်သည်။ စေတနာသည် လွန်စွာ နူးညံ့သိမ်မွေ့သော တရားဖြစ်သဖြင့် သဘောပေါက်ရန် မလွယ်ပေ။ သို့သော် စိတ်ကို တွန်းအားပေးသူမှာ ထိုနူးညံ့ သိမ်မွေ့သော စေတနာပင် ဖြစ်သည်။စေတနာက နှိုးဆော်တိုက်တွန်း၍ ကိုယ်နှုတ်စိတ်တို့က ပြုလုပ်ပြောဆိုကြံစည်ကြသဖြင့် စေတနာရှေ့သွား၍သော ကိုယ်မှု နှုတ်မှု ကြံစည်မှု ကံဟူသမျှသည် စေတနာသဘော၌သောကြောင့် လည်းကောင်း၊ စေတနာနှိုးဆော်တိုက်တွန်း၍ ကိုယ်နှုတ်တို့ဖြင့် ယှုပ်ရှားမှု အမှုအရာ စိတ်ဖြင့် ကြံစည်မှု အမှုအရာကို ပြုလုပ် ပြီးစီးစေတတ်သောကြောင့် လည်းကောင်း စေတနာကို 'ကံ' ဟု ခေါ်ဆိုရသည်။

ကံဟူသော အမည်သည် ကိုယ်မှု နှုတ်မှု စိတ်မှုတို့၏ အမည်ရင်းသာ ဖြစ်၏။ သို့သော်လည်း ကိုယ်မှု နှုတ်မှု စိတ်မှုများသည် စေတနာကြောင့်သာ ထမြောက် အောင်မြင်ရသောကြောင့် အကြောင်းရင်းခံစေတနာကိုပင် ကံဟု ဆိုရသည်။

ထို့ကြောင့် ကံတရားတို့ ဖြစ်ပေါ်လာရေးအတွက် စေတနာသည် အကြောင်းခံဖြစ်သည်။ "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ – ချစ်သားတို့ စေတနာကို ကံဟု ငါဘုရားဟောတော်မူသည်"ဟု မြတ်စွာဘုရား မိန့်တော်မူထားသည်။ ကံတရားတို့၏ အပြင်းအပျော့ အားကောင်း မကောင်းသည် လှုံ့ဆော်ပေးတက်သော စေတနာအင်အား ပေါ် မူတည်သည်။ ထိုစေတနာသည် ပုဗ္ဗ စေတနာ, မုဉ္စစေတနာ, အပရစေတနာဟူ၍ သုံးမျိုးရှိသည်။ ကံတရားတစ်ခု ဖြစ်ပေါ်လာစေရန် လှုံ့ဆော်မှုစေတနာတွန်းအားသည် သုံးမျိုးရှိသည်။ စေတနာသည် ကံတစ်ခုမဖြစ်မီ ကြိုတင်၍ တွန်းအားပေးသည်။ ကံကို ပြုဆဲခဏ၌လည်း တွန်းအားပေးနေသည်။ ထိုကံကို ပြုပြီးချိန်၌လည်း အဆက်မပြတ် တွန်းအားပေးပြန်သည်။ ထို့ကြောင့် စေတနာတွန်းအားသည် သုံးမျိုးရှိလာသည်။

စေတနာသုံးချက် ညီညွတ်စွာ ပြုလုပ်မှသာ ဒါနလုပ်တစ်ခု ကံတစ်ခု၏ အကျိုးဒေးမှုမှာ ပြည့်စုံအားကောင်းသည်။ စေတနာတစ်ချက်ချက် ပျက်ကွက်အားလျော့နေလျှင် ချို့တဲ့နေလျှင် ကံတရားတို့ ဖြစ်ပေါ်မှု အားလျော့ကာ အကျိုးပေးမှု ချွတ်ယွင်းတတ်လေသည်။

ဤလောကဌ္ဌ ကဲ့ ဉာဏ် ဝိရိယ ဟူ၍ သုံးမျိုးရှိသည်။ ဉာဏ်ဝိရိယတို့မှာ ပေါ်လွင်ကြသဖြင့် အငြင်းမပွားကြသော်လည်း ကံနှင့်စပ်၍ ယုံသူ မယုံသူ ရှိလာသည်။ ကံ မယုံသူတို့သည် မိမိတို့ မယုံပါဆိုသည့် ကံကိုပင် နေ့စဉ်ပြုလုပ်နေကြသောကြောင့် မိမိကိုယ်ကို မိမိပင်ဆန့်ကျင်နေကြပြန်သည်။

လောကလူသားတို့ကို ကြည့်လျှင် လူတိုင်းသည် အချိန်ဝိုင်း အလုပ်လုပ်နေကြသည်။ အလုပ်လုပ်သဖြင့် လုပ်အားတန်ဖိုးကို ရရှိကြသည်။ ထိုအလုပ်သည် ကောင်းသောအလုပ်၊ မကောင်းသောအလုပ်ဟူ၍ နှစ်မျိုးရှိသည်။ မကောင်းသောအလုပ်ကို ပြုလုပ်ကြသဖြင့် လောကဥပဒေများအရ ငွေဒဏ် ကြိမ်ဒဏ် ကြိုးဒဏ် သေဒဏ်များခံကြရသည်။ ကောင်းသောအလုပ်များကို ပြုလုပ်ကြသဖြင့် ငွေကြေး၊ ဥစ္စာ၊ ဆုလာဘ် ပဏ္ဏာ၊ ရာထူးအာဏာတို့ တိုးပွားရရှိကြသည်။ ဤသို့လျှင် ကံဟုခေါ်သော အလုပ်များကို နေ့စဉ်နေ့တိုင်း အချိန်ရှိတိုင်း လူတိုင်း ပြုလုပ်နေကြသဖြင့် ကံ အကျိုးတရားများကို ရရှိခြင်း ဖြစ်သည်။

သို့ဖြစ်၍ ကံသည် ဧကန်ပင်ရှိသော သဘောသဘာဝဖြစ်သည်။ ကံရှိနေ၍ ကံ၏ကောင်းကျိုး၊ ဆိုးပြစ်တို့ကို ခံစားနေကြရသည်။ ကံကို ငြင်းဆန်ကန့်ကွက်ရန် အကြောင်းမရှိပေ။

အားကြီး၍ ကြာရှည်ခံသော ကမ္မသတ္တိ

ကံ၏ သဘောကား သိမ်မွေ့၏၊ အင်အားသတ္တိလည်း ကြီးမားလှသည်။ မည်သည့် သက်ရှိသတ္တဝါမဆို ကြံစည် ပြောဆို ပြုလုပ်သမျှ ကြံပြီး ပြောပြီး လုပ်ပြီးလျှင် ပျောက်ပျက်သွားပြီဟု ထင်ရ၏။ ထိုသို့ကား မဟုတ်၊ ကြံစည်မှု ပြောမှု လုပ်မှုများ ပြီးဆုံးသွားသော်လည်း ထိုကြံစည် ပြောစည် လုပ်စည်က စေတနာအင်အားသဏ္ဌာန်များကား ပျောက်ပျက်မသွား၊ ဆက်လက်၍ အလုပ်လုပ်နေခဲ့သည်။

ရေကန်တွင်းသို့ ခဲတစ်လုံးပစ်ချသောအခါ နှိမ့်သည် ငဒုဏ္ဍာသဖြစ်သော်လည်း ခဲကျသော်အရှိန်အင်အားအလိုက် ဆက်လက် ရိုက်ခတ်မှု ဂယက်များကား ကြာမြင့်စွာ ရိုက်ခတ်လျက်နေ၏။

မိုးရွာသွန်းမှုသည် နာရီပိုင်းအတွင်း ရပ်စဲသွား၏။ သို့သော် တောတောင် ရေမြေ၌ စိမ့်ဝင်ခဲ့သော မိုးရေ၏ အအေးဓာတ်အင်အားသတ္တိများကား ရုတ်တရက် ပျက်ပြယ်မသွား၊ တဖန် မိုးကာလမှာ ပေါက်လာသော မြက်သစ်ပင်များ နွေအခါတွင် ကွယ်ပျောက်သွားကြ၏။ မမြင်ရ၍ မရှိဟု ထင်ရသော်လည်း မိုးတွင်းရောက်လာပြန်လျှင် မြက်သစ်ပင်များ ပြန်၍ ပေါ်ပေါက်လာကြသည်။ မျိုးစေ့ မျိုးစေ့သတ္တိများ ကျန်ခဲ့သောကြောင့် မြက်ပင်သံသရာလည်တော့၏။

ကံမျိုးစေ့ ကမ္မသတ္တိကား ထို့ထက် အဆပေါင်းများစွာ သိမ်မွေ့၏။ ကမ္ဘာပေါင်း ရာပေါင်းများစွာ ကြာသော်လည်း ဆွေးမြေ့ ပျောက်ပျက်သွားသည်ဟူ၍ မရှိ၊ ကြာရှည်လည်းခံ၏။ ကမ္ဘာများစွာ ခြားကွာသော်လည်း အကြောင်းတိုက်ဆိုင်လာသောအခါ ထိုကံမျိုးစေ့မှ အပင်ပေါက်လာတတ်၏။ အဘိဓမ္မာပဋ္ဌာန်း ဒေသနာ၌ 'နာနာက္ခဏိက ကံ'ဟု ခေါ်သည်။

သတ္တဝါတို့မည်သည် အနမတဂ္ဂ (အစ,မထင်သော)သံသရာမှ မိမိတို့ ပြုလုပ်ခဲ့သမျှ ကောင်းဆိုး ကမ္မသတ္တိများကို အရိယမဂ်နှင့် အပြတ်မပယ်သတ်နိုင်သေးသမျှ ဆက်လက်အမွေခံနေကြရ၏။ ကမ္မဝင်္ဂဟု ခေါ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မကောင်းသောအကြံ၊ မမှန်သောအပြော၊ မတရားသော အလုပ်မှန်သမျှ အသေးအဖွဲကလေးကအစ ဆင်ခြင်ကြရလေသည်။

အတိတ်ကံ

ကံ-ဟူသော စကားတွင် အတိတ်ကံနှင့် ပစ္စုပ္ပန်ကံ နှစ်မျိုးလုံး ပါဝင်သည်။ ဘဝသံသရာသည် လွန်စွာနှစ်ပရိစ္ဆေဒများပြား၍ရှည်လျားလွန်းသဖြင့် သံသရာ၏ အစကို မသိမြင်နိုင်ပေ။ ထိုမျှ ရှည်လျားလှသော သံသရာကြီးဝယ် သတ္တဝါတိုင်းသည် ဘဝမျိုးစုံတို့၌ ကံအမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။ ပြုလုပ်နေကြသည်၊ ယခု ပြုလုပ်ဆဲကံသည် ပစ္စုပ္ပန်ကံဖြစ်သည်။ ထိုထို အတိတ် ဘဝများက ပြုလုပ်ခဲ့ကြသော ကံများသည် အတိတ်ကံများဖြစ်ကြသည်။ ကံ အမျိုးအစားများအလိုက် တစ်ဘဝတည်း၌ အကျိုးအကုန်ပေးနိုင်သော ကံက နည်းပါး၍ သံသရာတစ်လျှောက် ရေရှည်တုံ့ပြန်ကျိုး

ပေးရသော ကံမျိုးတို့က များပြားကြသည်။ သို့ဖြစ်၍ အတိတ်ဘဝများက ပြုလုပ်ခဲ့သော ကံများသည် ယခုဘဝ၌ အတိတ်ကံ အကျိုးတရားများ အဖြစ် လာရောက်အကျိုးပေးကြသည်။ အတိတ်ကံ ကြောင့်လည်း သတ္တဝါတို့သည် ယခုဘဝတွင် ကောင်းကျိုး၊ ဆိုးပြစ်များကို ခံစားကြရသည်။ ထိုအတိတ်ကံများမှာလည်း အတိတ်ဘဝ ခန္ဓာများက မိမိပြုလုပ်ခဲ့သော ကံတရားများပင် ဖြစ်၍ ယခုဘဝ၌ မိမိပင်ခံစံရခြင်းဖြစ်သည်။ နောင်လည်း ခံစားကြရဦးမည် ဖြစ်သည်။

အတိတ်ကံသည် အမှန်တကယ်ရှိသော ကံတစ်မျိုးဖြစ်သည်။ သို့သော်လည်း အတိတ်ကံ သက်သက်ကို အားကိုးတကြီးယုံကြည်ပြီး ပစ္စုပ္ပန်ကံကို မပြုလုပ်ပါမူ အောင်မြင်မှု မရနိုင်ပေ။

"ဣဿရနိမ္မာနဝါဒခေါ် ဖန်ဆင်းရှင် တန်ခိုးရှင်ကြောင့် မိမိတို့ဘဝ ပြည့်စုံမှု မပြည့်စုံမှုတို့ ဖြစ်ပေါ်နေရသည်"ဟူသော အယူဝါဒကို ယုံကြည်သူတို့သည် အတိတ်ကံကို လက်မခံကြပေ။ ယခု ပစ္စုပ္ပန်ဘဝတွင် ကောင်းကျိုးဆိုးပြစ် ဖြစ်ဖြစ်သမျှသည် ဖန်ဆင်းရှင်တို့၏ ချီးမြှောက် မစမှု အပေါ်၌သာ တည်နေသည်။ ဘုရားသခင်ပေးမှ ရ၊ ဘုရားသခင်ကျေးမှ ဝကြမည်ဟု ယုံကြည်စွဲလမ်းနေကြသည်။ ကောင်းကံ မကောင်းကံ မည်မျှပင်ပြုလုပ်နေသော်လည်း အကျိုးထူးမခံစား၊ ဘုရားသခင်စီရင်သည့် အတိုင်းသာ ခံကြရ စံကြရမည်ဟု ယုံကြည်နေကြရသည်။

'ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်သည်။ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်သည်'ဟု အပေါ်ယံကြော လက်ခံကြသော်လည်း အကျိုးပေးမှု အပိုင်းတွင် ဘုရားသခင်၏ အဆုံးအဖြတ်သာ ပဓာန ဖြစ်သည်။ ကံကို ဘုရားသခင်က ကြိုးကိုင်ထား၏။

အတိတ်ကံကို မယုံကြည်သူများရှိသကဲ့သို့ အတိတ်ကံကို တဘက်သတ် ယုံကြည်သူများလည်း ရှိကြသေးသည်။ ထိုသူများကို 'ပုဗ္ဗေကတဟေတုဒိဋ္ဌိ အယူရှိသူများ'ဟု ခေါ်၏၊ ဖြစ်ပေါ်နေသမျှ ပစ္စုပ္ပန်ကောင်းကျိုး ဆိုးပြစ် ဟူသမျှသည် အတိတ်ဘဝက ပြုလုပ်ခဲ့သော ကံကြောင့်သာ ဖြစ်ပေါ်နေကြရသည်။ ယခုဘဝတွင် မည်မျှပင် ကြိုးစားအားထုတ်သော်လည်း တိုးတက်မြင့်မားသည့်ဘဝမျိုးကို ရနိုင်မည် မဟုတ်ဟု အတိတ်ကံကိုသာ လုံးဝအားကိုး လုံးဝမှီခိုပုံယုံနေကြသည်။ ထိုသူတို့မှာ မည်သည့် ကြိုးစားမှုကိုမျှ မပြုလုပ်ကြတော့သဖြင့် ဘဝတိုးတက်မှုတို့ ဆုတ်ယုတ်ပျက်ပြားခဲ့ကြရသည်။

ဤသို့ အတိတ်ကံနှင့်ပတ်သက်၍ အဖြေရှာနေကြစဉ် ဘဝသံသရာလည်း မရှိ၊ အတိတ်ဘဝလည်းမရှိ၊ အနာဂတ်ဘဝလည်း မရှိ၊ မည်သည့် ကုသိုလ် အကုသိုလ်ပြုပြု ခံရစံရခြင်းမရှိ၊ ကောင်းကျိုး ဆိုးပြစ်တို့သည် အစီအစဉ်မရှိ။ သူဖြစ်ချင်သလို အလျဉ်းသင့်သလိုသာ ဖြစ်နေကြခြင်း ဖြစ်သည်။ ဖန်ဆင်းသူလည်း မရှိ၊ အတိတ်ကံတရားလည်းမရှိ၊ အလိုလိုဖြစ်၍ အလိုလိုပျက်ကြသည်။ ဤဘဝကုန်ဆုံးလျှင် နောက်ထပ် ဘဝမရှိတော့ဟူသော ကြောင်းကျိုးမဲ့ဝါဒများလည်း ပေါ်ပေါက်လာပြန်သည်။

အထက်ပါဖန်ဆင်းရှင်ဝါဒ၊ အတိတ်ကံစွဲဝါဒနှင့် ကြောင်းကျိုးမဲ့ဝါဒတို့ကို ဆန်းစစ်ကြည့်သောအခါ အဆိုပါဝါဒများကို ယုံကြည်သူတို့သန္ဓာန်၌ စိတ်ဓာတ်မြင့်မြတ်မှု၊ စေတနာကောင်းထားမှု၊ ကိုယ်ချင်းစာနာမှု၊ အားကြိုးမာန်တက် ကြိုးကုတ်ပြုလုပ်မှု၊ စဉ်းစားချင့်ချိန်တွေးခေါ်မှုစသော ကောင်းမြတ်သော သတိ, စေတနာ, ဝီရိယ, ဆန္ဒတရားကောင်းများ ပျောက်ကွယ်သွားတော့သည်။ အမှန်လက်တွေ့ဘဝအမြင်တွင်မူ ယခုဘဝ တကယ် တိုးတက် ကြီးပွားအောင်မြင်နေသူတို့သည် မိမိတို့အင်အားအလိုက် သတိ, ပညာ, စေတနာ, ဝီရိယ, ဆန္ဒကောင်းတို့ဖြင့် ကြိုးစားပြုလုပ်၍သာ တကယ်အောင်မြင်မှုသရဖူ ဆောင်းကြရကြောင်း မျက်မြင်တွေ့ရှိနေကြရ၏။ ကြိုးစားမှုမရှိပါမူ မည်သူမျှ အောင်မြင်မှုကို ရကြမည်မဟုတ်ပေ။

ထိုထက် လေးနက်စွာ တွေးကြည့်လျှင် ကြက်ငှက်စသော သူတပါးအသက်ကို သတ်ရခြင်းသည် ဖန်ဆင်းပေး၍ သတ်ရသည်။ အတိတ်ကံကြောင့် သတ်နေရသည်။ အကြောင်းမဲ့သတ်ဖြတ်နေရသည်။ သူဥစ္စာခိုးမှု၊ သူတပါးသားမယား ကျူးလွန်မှုစသည့် မကောင်းမှုများကို ပြုလုပ်နေရသည်မှာလည်း အထက်ပါအကြောင်းပြ ခံယူချက်တို့ကြောင့် ပြုလုပ်နေရသည်။

မိမိကိုယ်တိုင်က စေတနာပါ၍ ဝါသနာပါ၍ နှစ်သက်ခုံမင်၍ ပြုလုပ်နေရသည် မဟုတ်ဟူသော မှားယွင်းလွဲချော်သော အယူအဆတို့ ပေါ်ထွက်လာသည်။ သဘာဝမကျ ယုတ္တိမရှိသော အဖြေတို့ ထွက်ပေါ်လာသည်။ သို့ဖြစ်၍ လက်တွေ့ဘဝဖြင့် ချိန်ထိုးကြည့်သောအခါ အထက်ပါအယူအဆသုံးရပ်မှာ မှားယွင်းနေကြောင်း တွေ့ရှိရသည်။

အမှန်မှာမူ သတ္တဝါတို့ ခံစားစံစားနေကြရသော ကောင်းကျိုးဆိုးပြစ်တို့မှာ မိမိတို့ ပြုလုပ်ခဲ့သော အတိတ်ကံ၊ ပစ္စုပ္ပန်ကံနှစ်မျိုးပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ အတိတ်ပစ္စုပ္ပန်ဟူသော ဝေါဟာရမှာ အချိန်ကာလအရ ခွဲခြားထားမှုသာ ဖြစ်သည်။ ယခုဘဝသည် ပစ္စုပ္ပန်ဖြစ်သည်။ လွန်ခဲ့သော ဘဝသည် အတိတ်ဖြစ်သည်။ အမှန်မှာမူ ကာလကွာခြားခြင်းမျှသာ ဖြစ်သည်။ ပြုလုပ်မှုကံမှာမူ အတိတ်ကံဖြစ်စေ၊ ပစ္စုပ္ပန်ကံဖြစ်စေ မိမိပြုလုပ်ခဲ့သော ကံများပင်ဖြစ်သည်။

အတိတ်ပစ္စုပ္ပန် ကံနှစ်တန်

ဗုဒ္ဓဘာသာဝင်တို့သည် ကံ,ကံ၏ အကျိုးကို ယုံကြည်ကြသည်၊ ကံဆိုရာ၌ အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်မျိုးစလုံး ပါဝင်သည်။ အတိတ်ကံကြောင့် ရခဲ့သော လူ့ဘဝကို ရခဲ့ကြသည်။ ရုပ်ရေ အင်္ဂါလက္ခဏာတို့ ပြည့်စုံရသည်။ အကယ်၍ အတိတ်ကံသည် မကောင်းခဲ့ပါမူ လူ့ဘဝကောင်းကို ရလာကြမည်မဟုတ်ပေ။ ငရဲဘဝ၊ တိရစ္ဆာန်ဘဝ စသည်တို့ကို ရကြပေမည်။ အတိတ်ကံကြောင့် သုဂတိဘဝ လူ ဖြစ်လာကြရသည်။ လူ့ဘဝတလျှောက် ကြီးပွားတိုးတက်ရန်မှာမူ ပစ္စုပ္ပန်ခေါ်သော ကံ ဉာဏ် ဝီရိယတို့ကို အသုံးပြုရပေမည်။ ကံ ဉာဏ် ဝီရိယမပါဘဲ တိုးတက်မည် မဟုတ်ပေ။ အတိတ်ကံကိုသာ အားကိုးပြီး ပစ္စုပ္ပန်ကံ,ဉာဏ် ဝီရိယတို့ကို လွှာ၍ မသုံးပါမူ အောင်မြင်မှု မရနိုင်ပေ။ ကံယုံ၍ ဆူးပုံနင်းပါမူ ဆူးစူးပေလိမ့်မည်။ ကံယုံ၍ မီးပုံထဲ ခုန်ဆင်းပါမူ မီးလောင်ပေလိမ့်မည်။ ကျားရဲရာ ကြမ္မာမယိုးသာဟု သတိပေးခဲ့ကြသည်။

လူ့ဘုံသည် အပါယ်လေးဘုံ နတ်ဘုံတို့ကဲ့သို့ ကံကျိုးသက်သက်ကိုသာ ခံရ၊ စံရသော ဘုံမဟုတ်ပေ။ ကံ ဉာဏ် ဝီရိယ မျှတညီညွတ်စွာ ကြိုးပမ်းအားထုတ်ရသော ဘုံ ဖြစ်သည်။ ပစ္စုပ္ပန်ကံဟူသည်မှာ ယခုဘဝ ယခုကာလတွင် ဉာဏ်ပညာဖြင့် ချိန်ဆတွေးခေါ်မြော်မြင်၍ ဝီရိယဖြင့် ကြိုးစားမှုမှန်သမျှပင် ဖြစ်သည်။

အတိတ်ကံကောင်း ထောက်မသော်လည်း သမ္မတ္တိစက်ခေါ် အချိန်အခါကောင်း အခွင့်ကောင်းတို့နှင့် တွေ့ကြုံရန်လည်း လိုအပ်သေးသည်။ ဂတိသမ္မတ္တိမှာမူ သုဂတိဘဝ လူအဖြစ်ကို ရကြပြီ ဖြစ်၍ ပြည့်စုံနေပါသည်။

ကာလသမ္မတ္တိခေါ် လုပ်ငန်းလုပ်ဆောင်ရန်အတွက် အဆင်ပြေသော အချိန်ဖြစ်ရမည်။ ဥပဓိသမ္မတ္တိ ခေါ် ရုပ်ရေလက္ခဏာကျန်းမာရေး ဥပဓိနှင့် ပြည့်စုံရန်လည်း လိုအပ်သည်။ ထိုသို့ သမ္မတ္တိသုံးပါးတို့နှင့် ပြည့်စုံနေသော်လည်း ပယောဂသမ္မတ္တိ ခေါ် ကြိုးစားအားထုတ်မှုရှိရန် လိုအပ်သေးသည်။ ကံကိုသာ အားကိုးနေပြီး ဉာဏ်ဝိရိယတို့ဖြင့် ကြိုးစားမှု(ပယောဂသမ္မတ္တိ)မရှိပါမူ အောင်မြင်မှုကို မရနိုင်ပေ။ ပယောဂစက် ပျက်သည့်သူအား ဘုရားသော်မှ ကယ်မ၍ မရနိုင်ပေ။

သို့ဖြစ်၍ ယခုဘဝတွင် ဉာဏ်ဝိရိယကြိုးစားအားထုတ်မှုများကို ပစ္စုပ္ပန်ကံဟု ခေါ်သည်။ အမှန်တကယ်ကြီးပွားအောင်မြင်ရန်မှာမူ အတိတ်ကံတရားသည် အရင်းခံ ဖြစ်သည်။ အတိတ်ကံတရားမပါကလည်း 'ကံမရှိဉာဏ်ရှိတိုင်း မွဲ'တတ်ပြန်သည်။ တခါတရံ ဝိရိယအကျိုးမျှကိုသာ ခံစားရတတ်သည်လည်း ရှိသည်။ ရခဲသည့်လူဘဝကို ရလာကြပြီးဖြစ်သဖြင့် ကံကောင်းနေသူများပီပီ ဉာဏ် ဝိရိယ ပယောဂအားထုတ်မှုကို အစဉ်ကြိုးစားနေရပေမည်။ သို့မှသာ ကံ ဉာဏ် ဝိရိယအကျိုးကို အပြည့်အဝ ခံစားရပေမည်။ ထို့ကြောင့်ပင်-

"ကံဟုမူလ သမ္မဒ္ဒတို့ ဟောပြသည်မှာ အရင်းသာရှင့်၊ ဥစ္စာဘောဂ ဧဝံတနှင့် သုခပွားရန် ဤလူ့ထဲ၌ ဉာဏ် ဝိရိယ ပယောဂတည့်"ဟူ၍-

မန်လီလည်ဆရာတော်ဘုရားကြီးက ကံသဘောကို ရှင်းလင်း ဖွင့်ဆိုထားခဲ့ပေသည်။

ကံ အမျိုးအစား

အတိတ်ကံသည် အလွန်အားကောင်းသောကံ၊ အလယ်အလတ် အားကောင်းသောကံ၊ နုံချာသောကံ ဟူ၍ သုံးမျိုးရှိသည်။ ထို့အတူပင် ပစ္စုပ္ပန်ကံသည်လည်း ကံ ဉာဏ် ဝိရိယ မျှတစွာ သုံး၍ လက်ရှိအခြေအနေထက် တိုးတက်အောင် ကြိုးစားခြင်း၊ တည်တံ့ရုံသာ ကြိုးစားခြင်း၊ တည်တံ့ ရုံလောက်ကိုပင် အားမထုတ်ခြင်း ဟူ၍ သုံးမျိုးရှိသည်။ အလွန်အားကောင်းသော အတိတ်ကံကြောင့် မိကောင်း ဘကောင်း အထက်တန်းစား ဆရာသမား မိဘကောင်းတို့ထံတွင် လူဖြစ်လာရသည်။ ထိုသူသည် အရွယ်ရောက်လာသောအခါ ကံ ဉာဏ် ဝိရိယသုံးပါး ညီညွတ်စွာ ပစ္စုပ္ပန်ကောင်းအောင် ကြိုးစားက လူ့ဘဝတွင် အထွတ်အထိပ် မင်းစိုးရာဇာ သူဌေးသူကြွယ် ပညာရှင်ကြီး ဖြစ်နိုင်သည်။

အတိတ်က အလွန်အားကောင်း၍ မိကောင်းဘကောင်းထဲတွင် လူဖြစ်လာရသော်လည်း ပစ္စုပ္ပန်အားထုတ်မှုမှာ အလယ်အလတ်တည်တံ့ရုံသာ ကြိုးစားလျှင် အလယ်အလတ်တန်းစား ဘဝသာ ရောက်ရှိမည်။ ထိုသူသည်ပင် ပစ္စုပ္ပန်ကြိုးစားမှုမရှိ၊ တည်တံ့ရုံပင် ကြိုးစားမှုမပြုပါလျှင် နိမ့်ကျဆင်းရဲမွဲတေသူ ဘဝသို့ ရောက်သွားရသည်။ ပစ္စုပ္ပန်၏ အင်အားအပေါ်လိုက်၍ မိဘတို့ထက် ပိုတိုးတက်သူ- အတိဇာတသား၊ မိဘခြေရာနင်း၍ မိဘတို့အဆင့်ကိုမီသူ- အနုဇာတသား၊ မိဘတို့အဆင့်မမီဘဲ ယုတ်ညံ့နိမ့်ကျသွားသူ- အဝဇာတသား ဟူ၍ သားသုံးမျိုး ပေါ်ထွက်လာသည်။ အတိတ်ကံမှာ မိကောင်း ဖခင်သားဖြစ်အောင် ပို့ပေးရုံသာ ပေးခဲ့၏။

အတိတ်က အလတ်တန်းစားကြောင့် သာမန်မိဘတို့ ဝမ်းဥ လူဖြစ်ရသော်လည်း ပစ္စုပ္ပန်ကြိုးစားအားထုတ်မှုများပြားလျှင် အထက်တန်းအဆင့်သို့ ရောက်ကြရသည်။ မင်းစိုးရာဇာ သူဌေး သူကြွယ် ပညာရှင်ကြီးများ ဖြစ်ကြရသည်။

ထိုသူသည်ပင် အလယ်အလတ် တည်တံ့ရုံသာ ကြိုးစားလျှင် အလတ်တန်းစားထဲက အလတ်တန်းစားသာ ဖြစ်ရသည်။ ထိုသူသည်ပင် ပျင်းရိပြီး ကြိုးစားမှုမရှိ၊ ပစ္စုပ္ပန်ကံမွဲလျှင် ဆင်းရဲသူဘဝ ရောက်ရသည်။

ထို့အတူပင် အတိတ်ကံအားနည်း၍ ဆင်းရဲသူမိဘများ ဝမ်းဥ ဖြစ်ရသော်လည်း ပစ္စုပ္ပန်ဘဝအားထုတ်မှု များပြားလျှင် ကြီးပွားသူဘဝ ရောက်ရသည်။ အလတ်တန်းစား တည်တံ့ရုံသာ ကြိုးစားလျှင် သာမန်ဆင်းရဲသား ဘဝသာ ရရှိမည်။ ပစ္စုပ္ပန်ကြိုးစားမှုမပြုလျှင်မူ လွန်စွာနိမ့်ကျဖုန်းတောင်းယာစကာဘဝသို့ ရောက်ရသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တနေ့တွင် အရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူ၏ –

“အာနန္ဒာ – ခွက်လက်စွဲကာ တောင်းစားနေကြသည့် ဤသူတောင်းစားလင်မယားကို ကြည့်လော့၊ ထိုသူတို့သည် ဤသာဝတ္ထိမြို့၌ ချမ်းသာကြွယ်ဝကြသောသူဌေးကြီးတို့၏ သားနှင့်သမီးများ ဖြစ်ကြသည်။ သူတို့သည် ငယ်စဉ်က ပညာမသင်ကြဘဲ အိမ်ထောင်ပြုကြပြီး မိဘပစ္စည်းများကို

ဖြူန်းသုံးနေခဲ့ကြသည်။ မိဘကို့ ကွယ်လွန်ကြသောအခါ ကံ ဉာဏ် ဝီရိယ တို့ကို အသုံးမချ၊ စီးပွား ဥစ္စာတိုးတက်အောင် မကြိုးစား၊ ရှိပစ္စည်းကို ဖြုန်းခဲ့သုံးစွဲခဲ့ရာ နောက်ဆုံးတွင် ဥစ္စာကုန်ဆုံး၊ လူလုံးမလှ ခွက်လက်စွဲကာ တောင်းစားရသည့် ဖုန်းတောင်းယာစကာဘဝသို့ ရောက်ကြရသည်။

"ထိုလင်မယားနှစ်ယောက်တို့သည် အကယ်၍ ပထမအရွယ်တွင် စီးပွားဥစ္စာ ကြိုးစားရာဖွေပါက ဤမြို့တွင် ပထမတန်းစား သူဌေးကြီးဘဝ ရောက်နိုင်ကြသည်၊ ရဟန်းပြုကာ ရဟန်းတရားအားထုတ်ပါမူ အထက်မဂ်ဖိုလ်တို့ကို ရရှိနိုင်ကြသည်။ ဒုတိယအရွယ်တွင် သတိရပြီး ကြိုးစားပါက အလတ်တန်းစား သူဌေးဘဝသို့ ရောက်နိုင်ကြသည်၊ ရဟန်းတရားအားထုတ်ပါက အောက်မဂ်အောက်ဖိုလ်များကို ရနိုင်ကြသည်၊ တတိယအရွယ်မှ သတိရပြီး ကြိုးစားပါက လူတန်းစေ့ ဘဝမျိုးရနိုင်ကြသည်။ ရဟန်းပြုပါက အကျင့်မြတ်နှင့် ပြည့်စုံသူရဟန်းကောင်းများ ဖြစ်နိုင်ကြသည်။ ယခုမူ လုံလကြိုးကုတ် အားတုတ်မှု မပြုခဲ့ကြသဖြင့် ယခုမြင်တွေ့နေရသည့် သူတောင်းစားဘဝအဆင့်သို့ ရောက်သွားကြလေသည်"ဟု မိန့်တော်မူလေသည်။

အတိတ်ကံကောင်း၍ အလွန်ရခဲလှသည့် ဒုလ္လဘဇါတိးဖြာအပါအဝင် လူအဖြစ်ကို ရခဲ့ကြပြီ ဖြစ်သည်။ လူ့ဘဝ လူဖြစ်နေရခြင်းသည် အလွန်ကြီးကျယ်လှသော အခွင့်အရေးကြီး ဖြစ်သည်။ ဒုဂ္ဂတိဘဝများတွင်သာ သတ္တဝါတို့ အမြဲထာဝရ နေအိမ် ဖြစ်နေကြရသည်။ ဒုစရိုက်တရားတို့ကိုသာ ထပ်ကာတလဲလဲ လုပ်ဆောင်နေကြသဖြင့် ဒုဂ္ဂတိဘဝများသာ အဆက်မပြတ် ဖြစ်ပေါ်နေကြသည်။ ကြုံခဲ့လှသည့် ဘုရားသာသနာနှင့် ကြုံတွေ့လာသည့်အခိုက် ကမ္မဿကတာသမ္မာဒိဋ္ဌိအမြင်မှန်ဖြင့် ပစ္စုပ္ပန်ကံကောင်းများ အမြဲဖြစ်ပွားနေရေး၊ သုစရိုက်တရားများ တိုးပွားနေရေးအတွက် အလေးထားလုပ်ဆောင်ရပေမည်။

အယူမှန်မှ ကံကောင်းမည်

ကံတရား၏ သဘောလက္ခဏာကို တိကျမှန်ကန် ပြည့်စုံစွာ သဘောပေါက်ရန် လူတိုင်း လိုအပ်သည်၊ ကုသိုလ်ကံ အကုသိုလ်ကံတို့သည် ပုဗ္ဗ၊ မှဉ္ဇ၊ အပရ စေတနာ သုံးတန်ပြည့်ဝ အားသန်လျှင် အမှန်ပင် ကြီးမားသော အကျိုးတရားကို ပေးကြစမြဲ ဖြစ်သည်။ သံသရာ ခရီးရှည် တလျှောက် ဒုဂ္ဂတိဘဝ သုဂတိဘဝမျိုးစုံတို့ကို ပေးနိုင်လောက်သော

အင်အားရှိကြသည်။ မိမိဘဝ သံသရာခရီးအတွက် ကိုယ်တိုင် ကိုယ့်စိတ်ကြိုက် ပြင်ဆင်ပြုလုပ်၍ ရသော သဘောဖြစ်သည်။ ကံတရား၌ ဖြစ်ပေါ်ရေးအတွက် ဒိဋ္ဌဓမ္မ ခေါ် အယူဖြောင့်မှန်မှုသည် အရေးကြီးလှ၏။ အယူဖြောင့်မှန်သူသည် ကံတရား၏ အကျိုးပေးမှုကို သိမြင်နားလည်သဖြင့် မိမိအတွက် သံသရာတလျှောက် ကောင်းကျိုးဝေဖြာ ဘဝသမ္ပတ္တိပြည့်စုံလာစေရေးအတွက် ကောင်းသော ကာယကံ ဝစီကံ မနောကံ တို့ကိုသာ ပြုလုပ်တော့မည်ဖြစ်သည်။ သို့ဖြစ်၍ ကုသလကမ္မပထတရား၏ စွမ်းအားကြောင့် လူ့ပြည် နတ်ပြည် သာယာသုခ ချမ်းသာသော ဘဝတို့ကို ရရှိကြမည်မှာ သေချာလှ၏။

အယူလွဲမှား ဖောက်ပြန်သော မိစ္ဆာဒိဋ္ဌိတို့မှာမူ ကံ, ကံ၏အကျိုးကို လက်မခံ မယုံကြည်ကြသဖြင့် အကြံအစည်မှား၊ အပြောအဆိုမှား၊ အလုပ်အကိုင်မှား၊ မှားပြီးရင်း မှားယွင်းကြသည်။ ဒုစရိုက်တရားများကိုသာ ပြုလုပ်ကြ၍ အပါယ်ဒုဂ္ဂတိဘုံများသို့ ဥဒဟိုရောက်ကြရသည်။ ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့ကြရသည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားက 'မိစ္ဆာဒိဋ္ဌိ - အယူလွဲမှားမှုသည် အကုသိုလ်တရား၌တွင် အပြစ်အကြီးဆုံး ဖြစ်သည်'ဟု ဟောတော်မူသည်။ အယူမှားခြင်းသည် အကုသိုလ်ဖြစ်ပွားခြင်း၏ အဓိကအကြောင်းရင်းကြီး ဖြစ်ပေသည်။

ကံတရားသာ အားကိုးစရာ

မြတ်စွာဘုရားသည် နာဠန္ဒာမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် အသိဗန္ဓကပုတ္တ ရွာသူကြီးအား ကံတရားနှင့် စပ်၍ ဟောတော်မူဖူး၏။ ရွာသူကြီးက မြတ်စွာဘုရားအား-

"အို....မြတ်စွာဘုရား ပစ္ဆာဘူမိအရပ်တွင် နေကြသော ဗြာဟ္မဏတို့က သေသူတို့ကို နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ ရောက်အောင် ပို့ဆောင်ပေးနိုင်ကြသည်ဟု ဟောပြောနေကြပါသည်။ မြတ်စွာဘုရားကကော နတ်ပြည် ဗြဟ္မာ့ပြည်သို့ သေသွားသော သတ္တဝါတို့ကို ပို့ပေးနိုင်ပါသလော"ဟု မေးလျှောက်သည်။

မြတ်စွာဘုရားက ကျောက်ဖြာကြီးကို ရေထဲချလျှင် ပေါ်တက်မလာဘဲ မြုပ်သွားမြဲဖြစ်သကဲ့သို့ ဒုစရိုက်သမားများမှာလည်း အပါယ်ငရဲတွင် နစ်မြုပ်ရမြဲဖြစ်သည်။ ထောပတ်အိုးကို ရေနက်ထဲ ရိုက်ခွဲလိုက်ပါက ထောပတ်သဘာဝ ရေပေါ်သို့ တက်မြဲဖြစ်သကဲ့သို့ သုစရိုက် တရားများ

သည်လည်း သုဂတိဘုံဘဝများသို့ ပို့ဆောင်မြဲဖြစ်သည်။ မည်သည့်ဗြဟ္မာ မည်သည့်ဘုရား မည်သည့်ဖန်ဆင်းရှင်ကမျှ သတ္တဝါတို့၏ ဘဝမြင့်ရေး နိမ့်ရေးကို ကယ်မ, မပေးနိုင်ကြောင်း၊ ဆုတောင်း၍ မရကြောင်း ဟောပြတော်မူခဲ့သည်။

သတ္တဝါအများ အစစ်အမှန်အားကိုးရမည့်အရာကား မိမိတို့ပြုသည့် ကံတရားပင်ဖြစ်ကြောင်း ထင်ရှားသွားလေတော့သည်။ သားသမီး ကျွေးလွန်သော ရာဇဝတ်မှု ပြစ်ဒဏ်ကို မိဘကူခံ၍ ရရိုးမရှိ။

ကံသဘောတရားသည် လေးနက်လှသည်။ အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်တန်ပြည့်စုံမှသာ အောင်မြင်ကြသည်။ အတိတ်ကံသည်လည်း မိမိပြုလုပ်ခဲ့သော ကံပင်ဖြစ်၍ မိမိနှင့် သက်ဆိုင်သည်ပင် ဖြစ်သည်။ အတိတ်ကံကောင်းရှိသော်လည်း ဉာဏ် ဝီရိယခေါ် ပစ္စုပ္ပန်ကံ ကြိုးစားမှုရှိမှသာ အထွတ်အထိပ်အောင်မြင်သူ ဖြစ်နိုင်သည်။ အတိတ်ကံကို ပြင်၍မရသော်လည်း ပစ္စုပ္ပန်ကံထောက်ကူက အောင်မြင်ရသည်သာ ဖြစ်သည်။

မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာတော်နှင့် အညီ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်အမြင်မှန်ဖြင့် ကံကို အရင်းမူလ ပဓာန အဖြစ်ထားပြီး ဉာဏ်နှင့်ဝီရိယထောက်ကူမှု အပြည့်အဝဖြင့် ကြိုးစားအားထုတ်သူသည်သာလျှင် လူ့လောကတွင် လူချွန်လူမွန်တစ်ယောက် ဖြစ်နိုင်ပေလိမ့်မည်။ အချိန်ကောင်း အခါကောင်း အခြေအနေကောင်း ကြုံတွေ့လာပါမူ ဘုန်းရှင်ကံရှင် သမ္ဘာရှင် ပါရမီရှင်တစ်ဦးအဖြစ် ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း မန်လည်ဆရာတော်ဘုရားကြီးက–

> “ကံရင်းမူလ ဝီရိယနှင့် ဉာဏထောက်ကူ ရှိသည့်သူမှ လူတွင်လူမွန် လွှားတံခွန်သို့ လူချွန်တစ်ယောက် တစ်ခေါ်လောက်အောင် ခါရောက်ချိန်ဆုန်း တုမဲ့နှုန်း၍ ရွှေဘုန်း မော်ရမည်ကိုသော်” ဟု

အားပေးတော်မူခဲ့သည်။

ကုသိုလ်ကံနှင့် အကုသိုလ်ကံ

ကုသိုလ်ကံ

ကံသည် ကောင်းကံ ဆိုးကံ– ကုသိုလ်ကံနှင့် အကုသိုလ်ကံ ဟူ၍ နှစ်မျိုးရှိသည်။ ကုသိုလ်ကံသည် ကာမာဝစရကုသိုလ်ကံ၊ ရူပါဝစရကုသိုလ်ကံ၊

အရှုပါဝစရ ကုသိုလ်ကံ၊ လောကုတ္တရာ ကုသိုလ်ကံဟူ၍ လေးမျိုးရှိသည်။ ကာမာဝစရကုသိုလ်ကံသည် ကာမဘုံတို့၌ အကျိုးပေး၏။ ရူပါဝစရကုသိုလ်ကံသည် ရူပဗြဟ္မာဘုံတို့၌ အကျိုးပေး၏။ အရူပါဝစရကုသိုလ်ကံသည် အရူပဗြဟ္မာဘုံတို့၌ အကျိုးပေး၏။ စျာန်အင်အားအလိုက် ထိုထိုဗြဟ္မာဘုံ၌ အကျိုးပေးသည်။ လောကုတ္တရာကုသိုလ်ကံသည် လောကုတ္တရာဖိုလ် အကျိုးကိုပေး၏။ ဉာဏ်စွမ်းအရ ခံစားရသော အကျိုးတရားဖြစ်၏။

ကာမာဝစရကုသိုလ်ကံသည် ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါးအားဖြင့် ၁၀-ပါးရှိသည်။ ထို(၁၀)ပါးကို ကောင်းသော အကျင့်များဖြစ်၍ သုစရိုက်ဟု ခေါ်သည်။ ကုသိုလ်ဟူသည် အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်းသဘောရှိ၏။ ကောင်းသော ကိုယ်မှု နှုတ်မှု စိတ်မှုတို့ဖြစ်၍ သုစရိုက်တရား ဆယ်ပါးသည် လူ့ပြည် နတ်ပြည် သုဂတိဘဝများသို့ ရောက်စေတတ်သော လမ်းခရီးကောင်းဖြစ်သောကြောင့် 'ကုသလကမ္မပထတရား ၁၀-ပါး'ဟုလည်း ခေါ်သည်။ ကုသိုလ်ကံတို့တွင် သမ္မာဒိဋ္ဌိခေါ် အယူမှန်မှု၊ ကံ, ကံ၏အကျိုးကို ယုံကြည်မှု မနောကံသည် အရေးအကြီးဆုံး အခြေခံကံ ဖြစ်သည်။

အကုသိုလ်ကံ

အကုသိုလ်ကံသည်လည်း ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါးအားဖြင့် ၁၀-ပါးရှိသည်။ အကုသိုလ်ဟူသည် အပြစ်ရှိခြင်း၊ မကောင်းသော အကျိုးကို ပေးခြင်း သဘောရှိ၏။ မကောင်းသော ကိုယ်မှု နှုတ်မှု စိတ်မှုတို့ဖြစ်၍ ဒုစရိုက်တရားများဟုလည်း ခေါ်ဆိုကြသည်။ ထိုဒုစရိုက်တရားဆယ်ပါးတို့သည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ်လေးပါးသို့ ရောက်စေတတ်သော လမ်းခရီးဖြစ်သောကြောင့် 'အကုသလကမ္မပထ တရား ၁၀-ပါး'ဟုလည်း ခေါ်သည်။

အကုသလကမ္မပထတရားဆယ်ပါးတို့တွင် ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ ဤသုံးပါးတို့သည် ဒေါသကြောင့် ဖြစ်ကြသည်။ ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ ဤသုံးပါးတို့သည် လောဘကြောင့် ဖြစ်ကြသည်။ အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ ဤလေးပါးတို့သည် လောဘ ဒေါသ နှစ်ပါးကြောင့် ဖြစ်ကြသည်။

အကုသိုလ်ကံတို့တွင် မိစ္ဆာဒိဋ္ဌိခေါ် အယူလွဲမှားမှု၊ ကံ ကံ၏အကျိုးကို မသိမြင် မယုံကြည်မှုသည် အပြစ်အကြီးဆုံးကံ ဖြစ်သည်။အကုသိုလ်ကံသည် ကုသိုလ်ကံလောက် အင်အားကြီးမှု မရှိပေ။ ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်ပွားရေးအတွက် ကမ္မဿကတာဉာဏ်သည် အခြေခံကျသည်။ 'ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၊ မိမိပြုလုပ်သော ကံမှတပါး လောကကြီးအား စီမံဖန်တီးသူမရှိ'ဟု သိသောဉာဏ်သည် ကမ္မဿကတာဉာဏ် ဖြစ်သည်။ ထိုသို့ သိမြင်ယုံကြည်မှသာ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်သည်။

ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အစွမ်းသတ္တိကြောင့် သတ္တဝါ အပေါင်းတို့သည် အသက်တို ရှည် ကွာခြားမှု၊ အဆင်းလှ မလှ ကွာခြားမှု၊ ပစ္စည်းဥစ္စာပြည့်စုံမှု, မပြည့်စုံမှု၊ ဘဝသမ္ပတ္တိပြည့်စုံမှု, မပြည့်စုံမှု စသည်တို့ ဖြစ်ပေါ်ကြရသည်။ သို့ဖြစ်၍ ကုသိုလ်ကံများ ဖြစ်ပွားစေရန် ကြိုးစားကြရသည်။

အထက်ပါ ကုသလကမ္မပထတရားဆယ်ပါး၊ အကုသလကမ္မပထတရားဆယ်ပါးတို့တွင် တပါးပါးကို ပြုလုပ်ရာ၌–

(၁) ကိုယ်တိုင် ပြုလုပ်ခြင်း၊
(၂) သူတပါးကို ပြုလုပ်ရန် တိုက်တွန်း ခိုင်းစေခြင်း၊
(၃) ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ပြောပြ၍ ချီးမွမ်းအားပေးခြင်း၊
(၄) သူတပါးတို့ ပြုလုပ်နေသည်ကို ဝမ်းမြောက်ဝမ်းသာ ကျေနပ် သဘောကျခြင်း၊ သဘောတူခြင်း–

ဤလေးမျိုးဖြင့် မြောက်ပွားလိုက်လျှင် သုစရိုက်တရား အပါးလေးဆယ်၊ ထို့အတူ ဒုစရိုက်တရားလည်း အပါးလေးဆယ် ဖြစ်ပေါ်လာသည်။ ကောင်းကျိုး ဆိုးပြစ်များကို အတူတူပင် ခံစံကြရ၏။

ဆောင်ပုဒ်။ ။ ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း,စိတ်တူ၊
မြောက်ပွားမှု၊ မှတ်ယူ လေးဆယ်ကံ။
ကြံရာပါလူ၊ လေးဦးတူ၊ မျှယူ ခွဲဝေခံ။

ဒွိဟိတ် တိဟိတ် ဉက္ကဋ္ဌ သြမက ကုသိုလ်ကံများ

ကုသိုလ်ကံများကို ပြုလုပ်အားထုတ်ရာ၌ စနစ်တကျနည်းမှန်လမ်းမှန် ပြုလုပ်နိုင်ရန် လွန်စွာအရေးကြီးသည်။ ဒါန သီလ ဘာဝနာကုသိုလ်ကံ

ဘခုခုကိုလုပ်ရာ၌ မပြုလုပ်မီအချိန်(ပုဗ္ဗ)၊ ပြုလုပ်ဆဲအချိန်(မုဉ္ဆ)၊ ပြုလုပ်ပြီးအချိန်(အပရ)ဟူ၍ အချိန်ကာလ သုံးမျိုးရှိသည်။

ပြုလုပ်ဆဲအချိန်(မုဉ္ဆကာလ)တွင် က် က်၏ အကျိုးကို ပဲ့ကြည်သိမြင်သော ဉာဏ် (ကမ္မဿကတာဉာဏ်)ရှိရန် အထူးလိုအပ်သည်။ ထိုသို့ က် က်၏အကျိုးကို ယုံကြည်သိမြင်သောဉာဏ်ဖြင့် ပြုလုပ်လျှင် ထိုကုသိုလ်သည် တိဟိတ်ကုသိုလ်ဖြစ်သည်။ ဤဉာဏ်မပါဘဲ မိရိုးဖလာအနေဖြင့် သာမန်သာ ပြုလုပ်လျှင်ဖြစ်စေ၊ ကလေးသူငယ်များကဲ့သို့ အသိဉာဏ်မပါဘဲ ပြုလုပ်လျှင်ဖြစ်စေ ထိုကုသိုလ်သည် ဒွိဟိတ်ကုသိုလ် ဖြစ်သည်။ (အလောဘ အဒေါသ အမောဟ ဟူသော ကုသိုလ်ဖြစ်ရန် အခြေခံရေသောက်မြစ်ကြီးသုံးခုကို 'ဟေတု=ဟိတ်=အကြောင်းရင်းကြီး'ဟု ခေါ်သည်။)

ဒွိဟိတ် တိဟိတ်ကုသိုလ်

တိဟိတ်ဟူသည်မှာ အလှူဒါနပြုလုပ်သောအခါ လှူဖွယ်ပစ္စည်းဝတ္ထုများနှင့် ပတ်သက်၍ နမြောတွယ်တာ တပ်မက်မှုမရှိဘဲ စွန့်လှူလျှင် အလောဘဟိတ် ဖြစ်သည်။ မိမိအလှူနှင့်ပတ်သက်၍ စိတ်ချမ်းသာ ကြည်လင်ရွင်ပျနေမှု အလှူခံပုဂ္ဂိုလ်များအပေါ် မေတ္တာထားမှုတို့သည် အဒေါသဟိတ် ဖြစ်သည်။ မိမိပြုလုပ်သော ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏ အကျိုးတရားများကို ယုံကြည်သိမြင်မှု အသိဉာဏ်ရှိလျှင် အမောဟဟိတ် ဖြစ်သည်။ အလှူကို လှူဆဲ သီလကို ဆောက်တည်ဆဲ ဘာဝနာကို ပွားများဆဲ ပြုလုပ်ဆဲအခိုက်တွင် ဤဒါန သီလ ဘာဝနာအမှုသည် ဧကန်မုချအကျိုးရှိသည်ဟု ကမ္မဿကတာဉာဏ်ဖြင့် သိမြင်မှုမရှိဘဲ (အသိဉာဏ်မပါဘဲ) မိရိုးဖလာအနေ သာမန်လုပ်ရိုး လုပ်စဉ် အနေဖြင့် ပြုလုပ်လျှင် အလောဘဟိတ် အဒေါသဟိတ် နှစ်မျိုးသာရှိ၍ ဒွိဟိတ်ကုသိုလ်က် ဖြစ်သည်။

အလှူမလှူခင် အချိန်က အလှူနှင့်ပတ်သက်၍ စိတ်ပူပန်မှု စိတ်မချမ်းသာမှုစသော အကုသိုလ်တရားများဖြစ်နေခြင်း၊ အလှူကိစ္စ ပြီးစီးပြီးနောက်၌လည်း 'ငါလှူလိုက်ရတာ မှားလေခြင်း'စသည်ဖြင့် နောင်တ တဖန် ပူပန်ခြင်းစသော အကုသိုလ်များဖြစ်နေခြင်းဖြင့် ရှေ့နောက် အကုသိုလ်စိတ်များခြုံရုံနေလျှင် ထိုကုသိုလ်သည် 'သြမကကုသိုလ်' အညံ့စားကုသိုလ် ဖြစ်သွားသည်။ 'တိဟိတ် သြမက' တိဟိတ်အညံ့စားကုသိုလ်၊ 'ဒွိဟိတ်သြမက' ဒွိဟိတ်အညံ့စားကုသိုလ်တို့ဖြစ်ကြသည်။

အလှူကို မလှူခင် သီလ ဘာဝနာအမှုကို မပြုခင် ရှေးကာလတွင် ဒါန သီလ ဘာဝနာနှင့် ပတ်သက်၍ ဝမ်းမြောက်ဝမ်းသာ တက်ကြွရွင်လန်းစွာ ပြုလုပ်နေလျှင်၊ ဒါန သီလ ဘာဝနာကိစ္စ ပြီးဆုံးသည့် နောက်ကာလ ၌လည်း မိမိ၏ ပြုလုပ်မှုတို့ကို ဝမ်းမြောက်ဝမ်းသာကြည်နူးကျေနပ်နေလျှင် ထပ်ခါထပ်ခါ သတိရ အောက်မေ့နေလျှင် ရှေ့နောက်ကုသိုလ်စိတ်များ ခြံရုံနေသဖြင့် 'ဥက္ကဋ္ဌကုသိုလ်' အမြတ်စားကုသိုလ်ဟု ခေါ်သည်။ 'တိဟိတ် ဥက္ကဋ္ဌကုသိုလ်' တိဟိတ်အမြတ်စား ကုသိုလ်၊ 'ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်' ဒွိဟိတ်အမြတ်စား ကုသိုလ်တို့ဖြစ်ကြသည်။

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံကြောင့် လူ့ပြည့် နတ်ပြည်တို့၌ တိဟိတ် ပုဂ္ဂိုလ်များ ဖြစ်ရသည်။ အထက်တန်းစားလူနတ်များ ဖြစ်ကြရပြီး ဘဝသမ္ပတ္တိနှင့် ပြည့်စုံရသည်။ အထက်တန်းကျသော စည်းစိမ်ဥစ္စာများကို ရရှိ သုံးဆောင်ကြရ သဖြင့် ဘောဂသမ္ပတ္တိနှင့်လည်း ပြည့်စုံကြသည်။ ဉာဏ်ပညာထက်မြက် ထူးချွန်သော ဉာဏ်ကြီးရှင် ဘုန်းရှင် ကံရှင် သမ္ဘာရှင်များ ဖြစ်ကြရသည်။ စွာန်မဂ်ဖိုလ် အရိယသစ္စာများကို သိမြင်နိုင်သော အရိယာပုဂ္ဂိုလ်မြတ်ကြီးများ ဖြစ်နိုင်ကြလေသည်။

တိဟိတ်သြမကကုသိုက်ကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံတို့သည် အကျိုးပေးမှု တူညီကြသည်။ ဒွိဟိတ်ပုဂ္ဂိုလ်များအဖြစ် ပဋိသန္ဓေ တည်နေ ကြရသည်။ ဒါနမှုကြောင့် ဘောဂသမ္ပတ္တိနှင့် ပြည့်စုံနိုင်သည်။ သီလမှုကြောင့် ဘဝသမ္ပတ္တိနှင့် ပြည့်စုံနိုင်သည်။ သို့သော်လည်း ပညာဉာဏ် (အမောဟဟိတ်) ပဋိသန္ဓေကပင် ပါမလာသဖြင့် စွာန်မဂ်ဖိုလ်တရားထူးများကိုမူ ဤဘဝတွင် ရနိုင်ခွင့်မရှိကြတော့ပေ။

ဒွိဟိတ်သြမကကုသိုလ်ကံကြောင့် လူ့ပြည်နတ်ပြည်တို့တွင် ပဋိသန္ဓေ တည်နေနိုင်သည်။ လူ့ပြည်တွင် လူဖြစ်လာရသော်လည်း ပဋိသန္ဓေကပင် မျက်စိကန်းလာသူများ၊ နားထိုင်းလာသူများ၊ စကားမပီ ထစ်အ-နေသူများ၊ ထိုင်းမှိုင်းဖျင်းအသူများ၊ ရူးနှမ်းသူများ၊ နပုံးပဏ္ဍုက် ဥဘတောဗျည်း (လိင်ဖောက်ပြန်သူ) စသည့် လူစဉ်မမီသူ၊ အောက်တန်းကျသူများ ဖြစ်လာကြ ရသည်။ ဒုက္ခိတဘဝ ရရှိလာကြသူများ ဖြစ်လာကြသည်။

ဆောင်ပုဒ်။ ။ကုသိုက်ပြုစဉ် ကံကျိုးမြင်သိ ဉာဏ်ယှဉ်ဘိမူ တိဟိတ်ကုသိုလ်
ခေါ်ဆိုကြရိုး၊
အကျိုးမမြင် ဉာဏ်မယှဉ်သော် ခေါ်တွင်ဒွိဟိတ်
ကုသိုလ်စိတ်တည်း၊
ကြိတ်လိပ်သေသပ် ရေ့နောက်နှစ်ရပ်ဝယ် ညှပ်မူကုသိုလ်
ဉက္ကဋ္ဌဆို၏။
ထိုထိုနှစ်တန် အကုခြိုလျှင် တဖန် သြမက အမည်ရသည့်
မှတ်ကြလွယ်ဖို့ အချုပ်တည်း။

ထို့ကြောင့် ဒါန သီလ ဘာဝနာ ကုသိုလ်လုပ်ငန်းပြုလုပ်စဉ် နည်းစနစ် မှန်ကန်ရန် အလွန်အရေးကြီးသည်။ ငွေကုန်ကြေးကျခံ၍ လူအပင်ပန်းခံ၍ ပြုလုပ်ခဲ့သော ကုသိုလ်တရား၏ အကျိုးအာနိသင်ကို ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်သည်။

သံသရာဝယ် ကျင်လည်ရစဉ် ဘဝများစွာတို့၌ ကမ္မသကတာ ဉာဏ်ပညာရှိသူဖြစ်ရန် ခဲယဉ်းလှသည်။ ထိုကမ္မသကတာဉာဏ်မပါဘဲ ကုသိုလ်မှုများကို မည်မျှပင် ပြုလုပ်စေကာမူ တိဟိတ်ဉက္ကဋ္ဌကုသိုလ် အကျိုးတရား အထက်တန်းစားများကို ခံစားရမည်မဟုတ်ပေ။ ကံ,ကံ၏ အကျိုးကို မယုံကြည်မသိမမြင်သူ အယူဝါဒမှားယွင်းသူများ၏ ကောင်းမှု ကုသိုလ်များသည် တိဟိတ်ဉက္ကဋ္ဌ အကျိုးပေးကြမည်မဟုတ်ပေ။ ကုသိုလ်ပြုစဉ် ဉာဏ်ပညာမျိုးစေ့ပါမှသာလျှင် အရိယာပုဂ္ဂိုလ်မြတ်များဘဝကို ရရှိနိုင်ပေမည်။

သို့ဖြစ်၍ ကုသိုက်ပြုစဉ် ကံအကျိုးမြင်သိ ဉာဏ်ယှဉ်ဘိ၍ ရေ့နောက် နှစ်ရပ်ကုသိုလ်ခြံရံ၍ ပြုလုပ်ပါမှသာ အဆင့်အမြင့်ဆုံးသော ကုသိုလ်အကျိုးကို အပြည့်အဝ ရရှိခံစားကြရပေလိမ့်မည်။

လုပ်ဆောင်မှုစွမ်းအား(ကိစ္စ)အရ ကံလေးမျိုး

ကံ၏ ပြုလုပ်နိုင်မှု စွမ်းရည်သတ္တိ ကိစ္စကိုလိုက်၍ ဇနကကံ, ဥပတ္ထမ္ဘကကံ, ဥပပီဠကကံ, ဥပဃာတကကံ ဟူ၍ လေးမျိုးကွဲပြားသည်။

ဇနက ကဲ့

ဘဝသစ်တစ်ခု ဖြစ်ပေါ်အောင် (ပဋိသန္ဓေကိစ္စ) ပြုလုပ်နိုင်စွမ်းသောကဲ့သည် ဇနကကဲ့မည်၏။ ပဝတ္တိကျိုး (ဆက်လက်ဖြစ်ပွားမှု)ကိုမူ မပြုလုပ်နိုင်။ ပဝတ္တိအခါ၌ အခြားကံတစ်ခုက အကျိုးကို ဖြစ်စေတတ်၏။ မိခင်သည် သားငယ်ကို မွေးဖွားပေးသည်။ နို့ထိန်းတို့က ကျွေးမွေးသုတ်သင်ကြသည်။ ထို့အတူပင် ဇနကကဲ့သည် မိခင်ကဲ့သို့ ပဋိသန္ဓေနေမှု ဘဝသစ်မွေးဖွားမှုကို ဖြစ်စေ၍ ပဝတ္တိအခါ၌ အခြားကံတို့က နို့ထိန်းကဲ့သို့ သတ္တဝါကို ထိန်းသိမ်းကြသည်။

တနည်းအားဖြင့် ဇနကကဲ့သည် ကုသိုလ် အကုသိုလ် နှစ်မျိုးလုံးနှင့် သက်ဆိုင်၍ ပဋိသန္ဓေကျိုး ပဝတ္တိကျိုး နှစ်မျိုးလုံးကို ပေးနိုင်၏ဟူ၍လည်း မိန့်ဆိုတော်မူကြ၏။

ဥပတ္ထမ္ဘက ကဲ့

အထောက်အပံ့ပေးတတ်သော ကဲ့သည် ဥပတ္ထမ္ဘကကဲ့မည်၏။ ဤကဲ့သည် ပဋိသန္ဓေကျိုး (ဘဝသစ်တစ်ခု ဖြစ်ထွန်းမှု)ကို မပေးနိုင်ပေ။ ပဝတ္တိအခါ၌ ကုသိုလ်–အကုသိုလ်ကံတို့ ဖြစ်ပွားစေရန် အထောက်အပံ့ပေးသည်။ ကုသိုလ် အကုသိုလ် အရာဌာနနှစ်ခုလုံး၌ ဤကဲ့ က ထောက်ပံ့ပေးနိုင်သည်။ သတ္တဝါတစ်ဦးသည် ကုသိုလ်ကံများကို ပြုလုပ်ခဲ့သဖြင့် သုဂတိဘဝ၌ ဖြစ်လာရသည် (ဇနကကံ)။ ထိုသူသည် ထိုဘဝ၌ပင် ကုသိုလ်တရားများကို ထပ်ခါ ထပ်ခါ အဖန်တလဲလဲ ပြုလုပ်သည် (ဥပတ္ထမ္ဘကကံ) ထို့နောက် ပြုကုသိုလ်ကံများက အထောက်အပံ့ပေးကြသဖြင့် သုဂတိဘဝ၌ ချမ်းသာသုခကို နှစ်ပေါင်းများစွာ ခံစားရသည်။ ဤသည်မှာ ကုသိုလ် ဥပတ္ထမ္ဘက ကံက အထောက်အပံ့ပေးပုံ ဖြစ်သည်။

သတ္တဝါတစ်ဦးသည် အကုသိုလ်ကံများကို ပြုလုပ်ခဲ့သည်၊ ထိုအကုသိုလ် ဇနကကံကြောင့် ဒုဂ္ဂတိဘဝ၌ ဖြစ်ရသည်၊ ထိုဘဝ၌ အကုသိုလ်များကို အဖန်တလဲလဲပြုလုပ်သည်။ ထိုအကုသိုလ်ကံများက အထောက်အပံ့ပေးကြသဖြင့် နှစ်ပေါင်းများစွာ ဒုဂ္ဂတိဘဝ၌ ဆင်းရဲဒုက္ခခံစားရသည်။ ဤသည်မှာ အကုသိုလ် ဥပတ္ထမ္ဘကကံက အထောက်အပံ့ပေးပုံ ဖြစ်သည်။

ဥပတ္ထမ္ဘက ကံသည် ကုသိုလ်ပြုသူအား ကုသိုလ်အကျိုး ခံစားရအောင် အကုသိုလ်ပြုသူအား အကုသိုလ်အကျိုး ခံစားရအောင် အဓွန့်ရှည်ကြာတည်တံ့အောင် ထောက်ပံ့ပေးသည်။

ဥပပီဠက ကံ

ဧနက ကံကြောင့် ပဋိသန္ဓေတည်နေလာသူတစ်ဦးသည် ချမ်းသာမှုဆင်းရဲမှုများကို ခံစားရသောအခါ အချိန်ကြာကြာ ခံစားခွင့် မရအောင် ဥပပီဠကကံက တားမြစ်ပိတ်ပင်တတ်၏။ ညှဉ်းဆဲတတ်၏။ အဓွန့်ရှည်ကြာစွာ ဖြစ်ပွားဖို့ရန် အခွင့်အရေး မပေး၊ ကုသိုလ်ကံများ အကျိုးပေးနေ၍ ချမ်းသာသုခ ခံစားနေရစဉ် အကုသိုလ်ကံသည် ဥပပီဠကကံ အနေဖြင့် ပေါ်ပေါက်လာ၍ ကုသိုလ်အကျိုးပေးခွင့်ကို ပိတ်ပင်တားဆီးလိုက်သည်။ ထို့အတူပင် အကုသိုလ်အကျိုးပေးနေ၍ ဆင်းရဲဒုက္ခရောက်နေရစဉ် ကုသိုလ်ကံသည် ဥပပီဠက ကံအနေဖြင့် ပေါ်ပေါက်လာ၍ ထိုအကုသိုလ်ကံ၏ အကျိုးပေးမှုကို ပိတ်ပင်တားမြစ်လေသည်။

ကြီးထွားနေသော့ သစ်ပင် ခြေနွယ်ကို တစုံတယောက်က တုတ်မားလက်နက်ဖြင့် ထိုးခုတ်လိုက်ပါက ထိုအပင် ခြေနွယ်သည် ကြီးထွားရန် မဖြစ်နိုင်တော့သကဲ့သို့ ထို့အတူပင် ကုသိုလ်ကံအကျိုးပေးနေစဉ် အကုသိုလ်ကံက ဝင်ရောက်နှိပ်စက်လိုက်လျှင် အကုသိုလ်ကံအကျိုးပေးနေစဉ် ကုသိုလ်ကံက ဝင်ရောက်နှိပ်စက် နှောင့်ယှက်ပိတ်ပင်လျှင် အကျိုးပေးခြင်း ဆက်လက် မဖြစ်ပွားနိုင်တော့ပေ။

သုနက္ခတ္တရဟန်း၏ အကုသိုလ်ကံသည် ကုသိုလ်ကံကို တားမြစ်ပိတ်ပင်ခဲ့သည်။ သုနက္ခတ္တရဟန်း၏ ဒိဗ္ဗစက္ခုအဘိညာဉ် ကုသိုလ်ကံကို မြတ်စွာဘုရားအား စွပ်စွဲပြစ်မှားမှု အကုသိုလ်ကံက တားမြစ်လိုက်သဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ် ကွယ်ပျောက်သွားခဲ့ရသည်။

မြတ်စွာဘုရား လက်ထက်တော်က ရာဇဂြိုဟ်မြို့တွင် ဝါတကာဋ္ဌက အမည်ရှိသောသူသည် နှစ်(၅၀)ပတ်လုံး ဘုရင့်လူသတ်သမားကြီးအဖြစ် လုပ်ကိုင်ခဲ့သည်။ အသက်ကြီးရင့်သောအခါ လူသတ်မှုတာဝန်ကို မထမ်းဆောင်နိုင်တော့သဖြင့် အနားယူခဲ့ရသည်။ လူသတ်တာဝန် ထမ်းဆောင်ရသဖြင့်

အဝတ်သစ် မဝတ်ရ၊ ပန်းနံ့သာကောင်းများ မသုံးဆောင်ရ၊ ထမင်းကောင်းကောင်းမစားရ၊ ရေကောင်းကောင်းမချိုးရ၊ အချိန်ပြည့် တာဝန်ယူခဲ့ရသည်။ နှစ်ပေါင်းများစွာ ညစ်ညမ်းပေရေစွာ နေထိုင်ခဲ့ရသည်။ အနားယူသော နေ့တွင် ဃနာထမင်း ကောင်းကောင်းချက်ထားရန် မိမိဇနီးအား မှာကြားပြီး ရေချိုးရန် မြစ်ဆိပ်သွားဇ၏၊ ခေါင်းလျှော် ရေချိုး အဝတ်အစားသစ် ဝတ် ပန်းနံ့သာ အမွေးအကြိုင်များချယ်သပြီး အိမ်ပြန်အလာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို လမ်းတွင် တွေ့ရသည်။

လွန်စွာ ညစ်ပတ်ပေကျံ၍ ယုတ်ညံ့သော လူသတ်ပါးကွက် အာဏာသား အလုပ်မှ ယခုပင် အနားယူခိုက် တိုက်တိုက် ဆိုင်ဆိုင် မထေရ်မြတ်ကို ဖူးတွေ့ရ၍ ဝမ်းသာအားရ ဖြစ်သွားဇ၏။ မထေရ်ကို အိမ်သို့ ပင့်ဆောင်ခဲ့ပြီး ထောပတ် သကြားများဖြင့် ချက်ပြုတ်ထားသော ဃဏာနို့ဆွမ်းကို လှူဒါန်းဆက်ကပ်သည်။ ဆွမ်းဘုဉ်းပေးပြီးနောက် မထေရ်မြတ်က အနုမောဒနာတရားဟောပြတော်မူသည်။ မထေရ်မြတ် ပြန်ကြွသောအခါ လိုက်ပို့ပြီး မထေရ်ဇ၏ တရားကို နှလုံးသွင်းလျက် ပြန်အလာ လမ်းခရီးအကြား၌ သားဖွားပြီးစ နွားမတစ်ကောင်က ဝှေ့သဖြင့် ရုတ်တရက် ကွယ်လွန်ခဲ့ရသည်။ ထိုကုသိုလ်ကံကြောင့် တာဝတိံသာဝယ် နတ်သားဖြစ်ခဲ့သည်။ ဤ၌ လူသတ်မှု အကုသိုလ်ကံဇ၏ အကျိုးပေးခြင်းကို ဆွမ်းအလှူနှင့် တရားနှလုံးသွင်းမှု ကုသိုလ်ကံက တားမြစ်ပိတ်ပင်လိုက်သဖြင့် လူသတ်သမားကြီး ဝါတကာဌက သုဂတိဘဝကောင်းကို ရခဲ့သည်။

ဥပဃာတက ကံ

အားနည်းသောကံကို သုတ်သင်ဖယ်ရှားပြီး ထိုကံဇ၏အကျိုးပေးခွင့်ကို တားမြစ်ကာ မိမိကံဇ၏ အကျိုးပေးခွင့်ကိုသာ ဖြစ်ပေါ်စေတတ်သော ကံသည် ဥပဃာတက ကံမည်ဇ၏။ ဥပစ္ဆေဒကကံဟုလည်း ခေါ်ဇ၏။ ကုသိုလ်ကံ အကျိုးပေး၍ ချမ်းသာသုခ ခံစားနေရသူတစ်ဦးအား အကုသိုလ်ကံဆိုး တစ်ခုပေါ်ထွက်လာပြီး ကုသိုလ်ကံကို ပယ်သတ်ပစ်လိုက်သည်။ ထို့အတူပင် အကုသိုလ်ကံအကျိုးပေး၍ ဒုက္ခရောက်နေသူတစ်ဦးအား ကုသိုလ်ကံကောင်း တစ်ခုပေါ်ထွက်လာ၍ ထိုအကုသိုလ်ကံကို ဖြတ်တောက်ပယ်ရှား ပစ်လိုက်သည်။ ဤသည်မှာ ဥပစ္ဆေဒကကံဇ၏ သတ္တိဖြစ်သည်။

အဇာတသတ်မင်းသားသည် ပိတုဃာတကကဲ့ကြောင့် မဟာအဝီစိငရဲကြီး၌ ဧကန်ကျရောက်၍ နှစ်ရာပေါင်းများစွာ ဆင်ရဲဒုက္ခကြီးခံစားရမည့် အကုသိုလ်ဂရုကကဲ့ကြီးထိုက်နေသူဖြစ်သည်။ သို့သော်လည်း ဘုရားရှင်ထံ ဥပါသကာခံ၍ တရားတော်ကို နာကြားရသော ကုသိုလ်ကံက ဝင်ရောက်ပေါ်ထွက်လာပြီး အကုသိုလ်ကံကို ပယ်သတ်လိုက်သဖြင့် မဟာအဝီစိငရဲကြီးသို့ မကျရောက်ရတော့ဘဲ လောဟကုမ္ဘီငရဲငယ်၌သာ ကျရောက်ရသည်။ ကုသိုလ် ဥပဃာတကကံက အကုသိုလ်ကံကို ပယ်သတ်ပုံ ဖြစ်သည်။

အဂ်ုလိမာလလူဆိုးကြီး လူပေါင်းများစွာ၏ အသက်ကို သတ်ဖြတ်ခဲ့သူဖြစ်၍ ငရဲသို့ ကျရောက်ရမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း မြတ်စွာဘုရားနှင့် တွေ့ပြီး တရားနာ တရားရှုမှတ်ခွင့်ရသဖြင့် အမြဲတဆုံးအားအကောင်းဆုံးသော အရဟတ္တမဂ် ကုသိုလ်ကံကြီးကို ရကာ ရဟန္တာဖြစ်ခဲ့သည်။ အရဟတ္တမဂ်ဉာဏ် လောကုတ္တရာကုသိုလ် ဥပဃာတကကံပေါ်ထွက်လာပြီး အပြီးတိုင်ပယ်သတ်လိုက်သဖြင့် ငရဲကျရောက်ရမည့် အကုသိုလ်ကံသည် လုံးဝကင်းပျောက် ချုပ်ငြိမ်းသွားသည်။

ဤသို့လျှင် ဥပဃာတကကံသည် အခြားကံများကို အပြီးတိုင်ပယ်သတ်နိုင်သည်။ ထိုကံတို့၏ အကျိုးကိုလည်း ပယ်သတ်နိုင်သည်။ မိမိတည်းဟူသော ဥပဃာတက ကံ၏ အကျိုးများကိုသာ ဖြစ်ပွားစေနိုင်သော သတ္တိရှိလေသည်။

အကျိုးပေးစဉ်(ပါကဒါန)အရ ကံလေးမျိုး

ကံတရားသည် အကျိုးပေးစဉ်အရ လေးမျိုးရှိသည်။ ၎င်းတို့မှာ ဂရုကကံ, အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံ တို့ဖြစ်ကြသည်။

ဂရုကကံ

ဂရုကကံ ဟူသည်မှာ ကုသိုလ် အကုသိုလ် နှစ်မျိုးလုံးနှင့်ဆိုင်၍ စုတိ၏အခြားမဲ့ သေလွန်ပြီးသည့်နောက်၌ မလွဲမသွေ အကျိုးပေးနိုင်လောက်အောင် အင်အားကြီးသော ကံဖြစ်သည်။ ကုသိုလ်အရာတွင် အင်အားကြီးမားကြကုန်သော စျာန်တရားများ (မဟဂ္ဂုတ်ကံ)နှင့် အကုသိုလ်

အရာတွင် အပြစ်ကြီးမားကြကုန်သော အာနန္တရိယကံ (ဘဝမခြား အကျိုးပေးသော ကံ)၊ နိယတမိစ္ဆာဒိဋ္ဌိကံ (ကိန်းသေပါက် ငရဲရောက် စေနိုင်သောကံ)များ ဖြစ်ကုန်၏။

ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံခေါ်ဆိုရသော စျာန်တရားသည် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန် ဟူ၍ ရူပကုသိုလ် စျာန်ငါးပါး။ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာနာသညာယတနစျာန် ဟူ၍ အရူပကုသိုလ် စျာန်လေးပါးအား ဖြင့် စုစုပေါင်း ၉-ပါးရှိသည်။ ထိုစျာန်တရားကိုရသော သူသည် စျာန်လက်ရှိဖြင့် ဤဘဝမှ စုတေကွယ်လွန်သောအခါ ဧကန်ပင် ဗြဟ္မာ့ပြည်၌ ဖြစ်ရမည်။ ကုသိုလ်အရာ၌ စွမ်းအင်ကြီးမားသော ကံတရားပင် ဖြစ်၍ ကုသိုလ်ဂရုကကံဟု ခေါ်သည်။

အကုသိုလ်အရာ၌ အာနန္တရိယကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့သည် ဂရုကကံများ ဖြစ်ကြကုန်၏။ အာနန္တရိယကံဆိုသည်မှာ သေသည်မှ အခြားမဲ့ ဒုတိယဘဝ၌ ငရဲတွင် အကျိုးပေးလေ့ရှိသော ကံဖြစ်သည်။

ထိုအာနန္တရိယကံသည် မာတုဃာတက (အမိကို သတ်မှု) ပိတုဃာတက (အဘကို သတ်မှု) အရဟန္တဃာတက(ရဟန္တာကို သတ်မှု) လောဟိတုပ္ပါဒက (ဘုရားရှင်၌သွေးစိမ်းတည်အောင်ပြုမှု) သံဃဘေဒက (သံဃာချင်း ကွဲပြားအောင် သင်းခွဲမှု)ဟူ၍ ငါးမျိုးရှိသည်။ ငါးမျိုးရှိသဖြင့် ပဉ္စာနန္တရိယကံ ဟုလည်း ခေါ်သည်။

အမိအဘမှန်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သေစေလိုသောစိတ်ဖြင့် သတ်လျှင် ကံကြီးထိုက်သည်။ မိဘက တိရစ္ဆာန်ဖြစ်လျှင်(သို့မဟုတ်) မိမိက တိရစ္ဆာန်ဖြစ်လျှင် အာနန္တရိယကံမထိုက်သော်လည်း ထိုကံလောက်နီးနီး အပြစ်ကြီးလှသည်။ ရဟန္တာသတ်မှု၊ ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုမှုတို့သည်လည်း ကံကြီးများ ဖြစ်ကြသည်။

သံဃာအချင်းချင်း ကွဲပြားအောင် (နှစ်စုခွဲ၍ တပြိုင်နက် ကံပြုအောင်) အားထုတ်စီမံ၍ အထမြောက်လျှင် အားထုတ်သူသည် သံဃဘေဒက ကံ

ထိုက်သည်။ ထိုက်သည် ရဟန်းသံဃာနှင့်သာ သက်ဆိုင်သည်။ သံဃာ အချင်းချင်းကွဲပြားအောင် အားထုတ်မှုကို သံဃဘေဒကံဟု ဆိုသည့်အတိုင်း ရပ်ရွာနယ်ပယ်တို့၌ သံဃာတော်အချင်းချင်းကွဲပြားအောင် ကြံဆောင် အားထုတ်သော လူသာမဏေတို့သည်လည်း အကုသိုလ်ကြီးမား များပြား တိုးပွားနေရသဖြင့် သံဃဘေဒက ကံနှင့် အလားတူ အပြစ်ကြီးမားလှသဖြင့် သတိပြုသင့်ကြ၏။

ဤပဉ္စာနန္တရိယကံ (၅)ပါးတွင် တပါးပါးကို ကျူးလွန်မိလျှင် သေသည်၏ အခြားမဲ့၌ အဝီစိငရဲသို့ ကျရောက်မည်။ ဤကံငါးပါးတွင် သံဃဘေဒကံသည် အပြစ်ကြီးဆုံးဖြစ်သည်။ အဝီစိငရဲ၌ အာယုကပ်ပတ်လုံး အဝီစိငရဲဘုံသက်နှင့် အညီအမျှ ခံရသော (ကပ္ပဋိက)ကံကြီးဖြစ်သည်။ လောဟိတုပ္ပါဒကံတွင် ဘုရားစေတီများကို ဖျက်ဆီးခြင်း ဗောဓိညောင် ပင်ဖျက်ဆီးခြင်း စသည်တို့သည်လည်း ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုလုပ်သောကံကြီးနှင့် အလားတူအပြစ်ကြီးလှသည်။

သံဃဘေဒက လောဟိတုပ္ပါဒက အရဟန္တဃာတက မာတုဃာတက ပိတုဃာတကကံတို့သည် အစဉ်အတိုင်းအပြစ်ကြီးလေးကြ၏။ မာတုဃာတကံ ပိတုဃာတကကံ နှစ်ပါးလုံးကို ပြုမိရာ မိဘနှစ်ဦးသီလရှိခြင်း၊ မရှိခြင်းတူလျှင် မာတုဃာတကကံက အကျိုးပေး၏။ အဘက အမိထက် သီလအကျင့်သာနေပါမူ ပိတုဃာတကကံက အကျိုးပေး၏။ နိယတမိစ္ဆာဒိဋ္ဌိ ခေါ် မိစ္ဆာအယူများကို ထာဝရစွဲမြဲနေသူသည်လည်း သေသည်နောက် ငရဲရောက်ရမည် ဧကန်ဖြစ်သည်။

အာသန္နကံ

သေခါနီးကာလ၌ အောက်မေ့အပ်ပြုအပ်သော ကံသည် အာသန္နကံ မည်၏။ အချို့သော ကုသိုလ် အကုသိုလ်ကံတို့ကို မသေမီ အချိန် အတော်ဝေးဝေးကာလက ပြုခဲ့ပြီးနောက် သတိမရဘဲ နေခဲ့ပြီး သေခါနီးမှ ထိုကံများကို ပြန်လည်သတိရလာတတ်၏။ ထိုကံသည် ခပ်စောစောက ပြုသောကံ ဖြစ်စေကာမူ သေခါနီး၌ သတိရ အောက်မေ့ဖြစ်ပေါ်လာသောကံဖြစ်၍ အာသန္နကံမည်၏။ သေခါနီး ကာလ၌ ပြုကြသော တရားနာခြင်း၊

အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခြင်းစသော ကုသိုလ်ကံ၊ ရိုက်ပုတ်သတ်ဖြတ်ခြင်းစသော အကုသိုလ်ကံများသည်လည်း အာသန္နကံများ ဖြစ်ကြ၏။ သေခါနီးတွင် ပြုလုပ်သော ကုသိုလ် အကုသိုလ်ကံများအား လုံးသည် အာသန္နကံများဖြစ်ကြ၏။

အာစိဏ္ဏကံ

အမြဲမပြတ်လေ့ကျက်ထုံပွားထားသော ကံသည် အာစိဏ္ဏကံမည်၏။ အကုသိုလ်အရာ၌ သူ့အသက်သတ်၍ သူ့ဥစ္စာခိုး၍ အစဉ်အမြဲအသက်မွေးမှု၊ ကုသိုလ်အရာ၌ အမြဲထာဝရ ဒါနမှု၊ သီလစောင့်မှု၊ ကမ္မဋ္ဌာန်းစီးဖြန်းမှု၊ စာပေရေးသား ဟောပြောမှု စသည်ဖြင့် အမြဲမပြတ် လေ့ကျင့်ပွားများစေအပ်သော ကံများသည် အာစိဏ္ဏကံမည်၏။ အကုသိုလ်မှု တစ်ခုခုပြုပြီးနောက် အမြဲသတိရနေမှု၊ နောင်တတဖန် ပူပန်မှု၊ စိတ်နှလုံးမသာယာမှုတို့ ထပ်ခါထပ်ခါ တိုးပွားနေလျှင်လည်း အာစိဏ္ဏကံဖြစ်၏။ ထို့အတူ ကုသိုလ်တစ်ခုခုကို ပြုလုပ်ပြီးနောက် အမြဲသတိရ ဝမ်းသာနေမှုသည်လည်း အာစိဏ္ဏကံမည်၏။

အာစိဏ္ဏကံသည် ပင်ကိုသဘောအားဖြင့် အာသန္နကံထက် အားရှိသော်လည်း သေသည့်နောက်ဘဝ၌ ပဋိသန္ဓေကျိုးပေးရာဝယ် မရဏာသန္နဇောဝီထိနှင့် နီးကပ်နေသောကြောင့် အာသန္နကံသာလျှင် သာလွန်၍ အရေးပါအရာရောက်၏။ နွားကျောင်းသားတစ်ဦးသည် ခြံတွင်းသို့ နွားများကို ညနေတွင် သွင်းသည်။ အင်အားချိနဲ့သည့် နွားအိုကြီးတစ်ကောင်မှာ နောက်ကျ၍ ခြံတံခါးဝနား၌ အိပ်ရ၏။ နံနက်စောစော နွားခြံကို ဖွင့်သည့်အခါ နွားပျိုများမှာ အားခွန်ဗလကောင်းကြသော်လည် ခြံအတွင်းဘက်ရောက်နေ၍ ရှေးဦးစွာ မထွက်နိုင်ဘဲ ခြံတံခါးဝနှင့် နီးသော နွားအိုကြီးကသာ ရှေးဦးစွာထွက်ရ၏။ ထို့အတူ အာစိဏ္ဏကံမှာ အားကောင်းသော်လည်း အာသန္နကံက သေခါနီးကာလမှာဖြစ်ပေါ်သော စုတေစိတ်နှင့် နီးကပ်နေသည့်အတွက် ရှေးဦးစွာ အကျိုးပေးခြင်း ဖြစ်သည်။ မရဏာသန္နဇော၌ ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးမျိုးတွင် တစ်ခုခုသည် ပဋိသန္ဓေကျိုးပေးမည့်ကံ၏ အစွမ်းသတ္တိကြောင့် ထင်လာမြဲဖြစ်သည်။ ထိုထင်လာသောကံသည် ပဋိသန္ဓေကျိုးပေရတော့သည်။ ဤကဲ့သို့ မရဏာသန္နဇော၌ အာရုံနိမိတ် တစ်မျိုးမျိုးထင်စေဖို့ ကိစ္စကိုလည်း ထိုဇောနှင့် နီးကပ်သော အာသန္နကံကသာ ဆောင်ရွက်ပေးနိုင်သည်။

ကဋ္ဌတ္တာကံ

ရှေးရှေးဘဝတို့၌ ပြုလုပ်ခဲ့သော ကံကို လည်းကောင်း၊ ယခုဘဝ၌ ပြုလုပ်သောကံများတွင်လည်း ဂရုကကံ အာသန္နကံ အာစိဏ္ဏကံ အခြေအနေသို့ မရောက်တတ်ဘဲ ထိုကံသုံးမျိုးမှ လွတ်သော ကံများကိုလည်းကောင်း ကဋ္ဌတ္တာကံဟု ခေါ်သည်။ ထိုကံမှာ ယခုဘဝပြုလုပ်မှု ကံများနှင့် အတိတ်ဘဝများက ပြုလုပ်ခဲ့သော ကံများဖြစ်၍ မည်သူမျှ ကဋ္ဌတ္တာကံနှင့် မကင်းကြပေ။ ဂရုကကံစသည်မရှိလျှင် ကဋ္ဌတ္တာကံကပင် ပဋိသန္ဓေကျိုးကို ပေးနိုင်သည်။

အကျိုးပေးချိန်(ပါကကာလ)အရ ကံလေးမျိုး

အကျိုးပေးချိန်ကို လိုက်၍ ကံတရားသည် လေးမျိုးကွဲပြားသည်။ ၎င်းတို့မှာ–

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ၊
(၂) ဥပပဇ္ဇဝေဒနီယကံ၊
(၃) အပရာပရိယဝေဒနီယကံ၊
(၄) အဟောသိကံ -

တို့ ဖြစ်ကြသည်။

ဒိဋ္ဌဓမ္မဝေဒနီယကံ

ယခုဘဝ၌ပင် ချက်ချင်း အကျိုးပေးသောကံကို ဒိဋ္ဌဓမ္မဝေဒနီယကံဟု ခေါ်၏။

ဒိဋ္ဌဓမ္မဝေဒနီယကံ ဟူသည် ကုသိုလ်, အကုသိုလ်မှကို ပြုသည့်အခါ ကုသိုလ် အကုသိုလ်ဇော ၇-ကြိမ်ဖြစ်သည့်အနက် ပဌမဇောစေတနာပင် ဖြစ်သည်။ ထိုပဌမဇောစေတနာကြောင့် ယခုဘဝ၌ပင် အကျိုးပေးလာရသည်။ ၇-ရက်အတွင်း အကျိုးပေးလျှင် ပရိပက္ကဟု(ရင့်ကျက်သော) ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။

ပထမဇောစေတနာသည် မိမိရှေ့၌ ဇောစိတ်များမရှိ၊ မိမိသာလျှင် ပထမဆုံးဖြစ်၍ ရှေ့သွားထောက်ပံ့မှုမရသဖြင့် အားမကောင်းချေ။ ထို့ကြောင့်

အခြားဇောစိတ်များကဲ့သို့ ပဋိသန္ဓေကျိုးကို မပေးနိုင်၊ ဘဝသစ်တစ်ခု ဖြစ်ပေါ်လာအောင် မထူထောင်နိုင်ဘဲ ယခုဘဝ ယခုရနေသည့် ခန္ဓာကိုယ် အတွက်ဘာဝပင် ပဝတ္တိကျိုးအဖြစ် အကျိုးပေးရသည်။ ထိုပဌမဇောစေတနာသည် ပဝတ္တိကျိုးကို ပေးရာ၌လည်း အကြောင်းအင်္ဂါ လေးမျိုး ပြည့်စုံညီညွတ်မှ ပေးနိုင်သည်။

(၁) အနာဂါမ် (သို့မဟုတ်) ရဟန္တာအလှူခံပုဂ္ဂိုလ်တို့ကို ပေးလှူရခြင်း၊

(၂) အလှူရှင်ကလည်း စေတနာသုံးတန် ထက်သန်အားရှိရခြင်း၊

(၃) လှူဖွယ်ဝတ္ထုကလည်း တရားသဖြင့် ရှာဖွေရရှိသော ဝတ္ထုပစ္စည်း ဖြစ်ရခြင်း၊

(၄) အနာဂါမ်ရဟန္တာ အလှူခံပုဂ္ဂိုလ်မြတ်များသည်လည်း ထိုအလှူခံ ချိန်တွင် နိရောဓသမာပတ်မှ ထပြီးခါစဖြစ်ရခြင်း။

ဤအင်္ဂါလေးချက်နှင့် ညီညွတ်သော ကုသိုလ်သည် ချက်ချင်း အကျိုးပေးသည်။ ကုသိုလ်အရာတွင် မဟာဒုက်ခဆင်းရဲသား ကဿပ ဘုရားရှင်အား ဆွမ်းကပ်လှူရခြင်းကြောင့် ချက်ချင်းပင် သူဌေးဖြစ်သွားသည်။

အကုသိုလ်အရာတွင်လည်း နန္ဒနွားသတ်သမားသည် ထမင်းဝိုင်းတွင် ဟင်းမပါ၍ နွားအရှင်လတ်လတ်၏ လျှာကို လှီးဖြတ်ကင်စားခိုက်မှာပင် လျှာပြတ်ကျ၍ အဝီစိသို့ ရောက်ရသည်။ စိဉ္စမာဏဝိကာမိန်းမယုတ် မြတ်စွာဘုရားအား မတရားစွပ်စွဲ၍ အဝီစိသို့ ရောက်ရသည်။

ဥပပဇ္ဇဝေဒနီယကံ

သေပြီးသည့်နောက်ဘဝ(ဒုတိယဘဝ)၌ အကျိုးခံစားရသော ကံသည် ဥပပဇ္ဇဝေဒနီယကံမည်၏၊ ဇောစိတ်အစဉ်အရ သတ္တမဇောမှစတနာ ဖြစ်သည်။ ဒါန သီလ စသော ကုသိုလ်မှုများနှင့် ပါဏာတိပါတစသော အကုသိုလ်များကို ပြုလုပ်ရာတွင် ဇောစိတ်အစဉ်များ ဖြစ်ရာ သတ္တမဇောခေါ် နောက်ဆုံး ဇောအခိုက်ရောက်မှသာ ကံအဖြစ် ကမ္မပထမြောက်ကြသည်။ ရှေးရှေး ဇောတို့သည် နောက်ဆုံးသတ္တမဇော အင်အားရှိအောင် အဆင့်ဆင့် ထောက်ပံ့ ကူညီကြ၍ သတ္တမဇောရောက်မှသာ ကံအထမြောက် ပြီးစီးသည်။

သတ္တမဇောစေတနာသည် အရေးအပါဆုံးဖြစ်သည်။ ထို့ကြောင့် ပဋိသန္ဓေအကျိုးကို ပေးနိုင်သော စေတနာတို့တွင် ရှေးဦးစွာ အကျိုးပေးနိုင်သည့် အင်အားရှိသည်။ ပဋ္ဌာန်းဒေသနာတွင် အနန္တရကမ္မသတ္တိဟု ခေါ်သည်။

အပရာပရိယဝေဒနီယကံ

ဤဘဝမှ စတင် ရေတွက်လျှင် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးအဆက်ဆက်ကို ပေးတတ်သောကံကို အပရာပရိယဝေဒနီယကံဟု ခေါ်သည်။ ကုသိုလ် အကုသိုလ်မှုပြုသော စိတ်အစဉ်တွင် ဇော(၇)ကြိမ်စောရာ၌ (ပထမနှင့် သတ္တမဇောမှတပါး) အလယ်ဇော(၅)ချက်တို့၌ ရှိသော စေတနာဖြစ်သည်။

ဤ စေတနာအားသည် တတိယဘဝမှစ၍ ဘဝမဆုံးမချင်း သံသရာကျင်လည်ရာတွင် အခွင့်သင့်ရာဘဝ၌ အကျိုးပေးနိုင်သည်။ ကုသိုလ် အကုသိုလ်ကံများကို ပြုလုပ်ကြရာတွင် မိမိသတ္တိရှိသမျှ အကျိုးပေးပြီးသည့် အခါမှသာ ကံ၏ သတ္တိ ကုန်ဆုံးသွားသည်ဟု ဆိုရသည်။ အကျိုးမပေးရသေးသမျှ ထိုကမ္မသတ္တိမှာ ငုပ်ကွယ်လျက်ရှိနေ၏။

အဟောသိကံ

ကုသိုလ် အကုသိုလ်ကံများ အကျိုးပေးရမည့်အချိန်၌ အကြောင်းမပြည့်စုံ၍ အကျိုးမပေးဘဲ အချိန်အခါလွန်သွားသည်ကိုပင် အဟောသိကံဟု ခေါ်သည်။

ပစ္စုပ္ပန်ဘဝ၌ ဒိဋ္ဌဓမ္မအကျိုးပေးနိုင်သော ကံအများကို အားထုတ်ထားရာတွင် အားကြိုး၍ အကြောင်းပြည့်စုံသော ကံတစ်ခုကသာ အကျိုးပေးလျှင် ကြွင်းသောကံများ ဒိဋ္ဌဓမ္မအကျိုးပေးခွင့်မရ၊ အဟောသိကံ ဖြစ်သွား၏။ ဥပပဇ္ဇဝေဒနီယကံအများကို အားထုတ်ထားရာ၌ ကံတစ်ခုခုက ပဋိသန္ဓေအကျိုးကိုပေးလျှင် အခြားကံများက ပဋိသန္ဓေအကျိုးကို မပေးနိုင်တော့ပေ၊ ပဝတ္တိကျိုးအနေဖြင့်မူ ပေးနိုင်သေး၏။ ပဝတ္တိကျိုးကိုမျှ မပေးရလျှင် ထိုကံ အဟောသိကံ ဖြစ်သွားသည်။

ဥပမာ– ပဋ္ဌာနန္တရိယ ကံငါးပါးလုံးကို ကျူးလွန်သူသည် သတ္တိအထက်ဆုံး အပြစ်အကြီးဆုံးဖြစ်သော သံဃဘေဒကကံကြောင့် နောက်ဘဝ၌ ငရဲကျ၏။ ကြွင်းကံများကား အဟောသိကံများ ဖြစ်သွားကြသည်။ ရူပအရူပကုသိုလ်ကံဖြစ်သော စျာန်သမာပတ်(၈)ပါးလုံးကို ရသူ၌လည်း သမာပတ်တစ်ပါးသာ ပဋိသန္ဓေကျူးပေး၏။ ကြွင်းသမာပတ်ကုသိုလ်ကံများ အဟောသိကံ ဖြစ်သွားကြသည်။

အင်္ဂုလိမာလသည် လူသတ်မှုအကုသိုက်ကံ များစွာ ပြုလုပ်ခဲ့သော်လည်း ကုသိုလ်ကံတို့တွင် အင်အားအကြီးဆုံးလောကုတ္တရာကုသိုလ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်က ကြီးလေးသော အကုသိုလ်သတ္တိမှန်သမျှ အပြီးသတ် ပယ်သတ်လိုက်သဖြင့် အကုသိုလ်များ အကျူးမပေးနိုင်တော့တဲ့ အဟောသိကံများ ဖြစ်သွားကြလေသည်။

ကံနှင့် စကြဝဠာနိယာမ

နေ လ နက္ခတ် ဂြိုဟ်တာရာ စကြဝဠာဟူသော သက်မဲ့သဘာဝ သြကာသလောကကြီးသည်လည်းကောင်း၊ တော တောင် ရေမြေ အမျိုးမျိုးသော နွယ် မြက် သစ်ပင်တို့သည်လည်းကောင်း အချင်းချင်း အားပြိုင်၍ အနိုင်ယူကြသကဲ့သို့ ကံတရားတို့၏ အားပြိုင်မှု(ပါကဒါန)ကိုလည်း သိနိုင်ကြ၏။

မိမိတို့၏ သဘာဝသတ္တိ၊ ဗီဇသတ္တိအလျောက်သာ ရပ်တည်လှုပ်ရှားနိုင်ပုံ၊ ရှင်သန်ကြီးထွားရပုံ၊ ဖြစ်ပေါ်ပျောက်ကွယ်ပုံများကိုလည်း တွေ့မြင်နိုင်ကြသည်။

ဆောင်း နွေ မိုး နေ့ ညဟူသော သဘာဝပတ်ဝန်းကျင်နှင့် သစ်ပင်ရေမြေတို့၏ ဖြစ်ပေါ်မှု ရပ်တည်ရှင်သန်မှု ပျောက်ကွယ်မှုတို့သည်လည်း စည်းစနစ်မကျ ကမောက်ကမ မဟုတ်၊ သို့သဘာဝသတ္တိ ဗီဇသတ္တိအားလျော်စွာ အစီအစဉ်တကျ အချိန်ကိုက် ပုံမှန်ဖြစ်ပေါ်ရှင်သန်ပျောက်ကွယ်နေကြသည်။ ယင်းကိုပင် ဥတုနိယာမ, ဗီဇနိယာမဟု ခေါ်၏။

သက်မဲ့လောကကြီး၏ ထိုမျှ တိကျလွန်းသော ဖြစ်စဉ်များကို လူသားတို့ ဉာဏ်မမီနိုင်ကြသဖြင့် တန်ခိုးရှင်အပေါ် ပုံချလိုက်ကြသည်။ တန်ခိုးရှင်ဆိုသူက လူသားတို့ကို မဖန်ဆင်းမီ လူသားတို့၏ စိတ်က တန်ခိုးရှင်တစ်ဦး ပထမဆုံး ဖန်ဆင်းယူလိုက်ကြခြင်းပင်တည်း။

နေ လ နက္ခတ် ဂြိုဟ်တာရာ စကြဝဠာ သစ်ပင် တောတောင်တို့သည် အချင်းချင်း အားပြိုင်၍ နေရာယူရပ်တည်ပုံ (အကျိုးပေးပုံ)ကို မြင်နိုင်သကဲ့သို့ ကမ္မနိယာမခေါ် ကံတရား၏ အားပြိုင်အကျိုးပေးပုံကိုလည်း သိရမည်။ ဆောင်း နွေ မိုး နေ့ ည အချိန်အခါ အပူအအေး သဘာဝနှင့် ပေါက်ရောက်သီးပွင့်သော သက်မဲ့သစ်ပင်တို့၏ အချိန်အခါရာသီအလိုက် ဖြစ်ပေါ်အကျိုးပြုပုံ အချိန်ကိုက်သကဲ့သို့ ကံတရား၏ အကျိုးဖြစ်ထွန်းမှု အချိန်အခါနှင့် စပ်၍လည်း အစီအစဉ်မဲ့ အလိုလို ဖြစ်ချင်ရာ ဖြစ်လာကြသည် မဟုတ်၊ အကျိုးပေးရမည့် အချိန်အခါ(ပါကကာလ)လည်း တိကျလှပေသည်။

တဖန် စကြဝဠာ သက်မဲ့လောကကြီးတခုလုံး အင်အားအလိုက် သူ့နေရာနှင့်သူ ရပ်တည်နေကြရသကဲ့သို့ သတ္တဝါတို့သည်လည်း မိမိတို့ ပြုလုပ်ခဲ့သော ကမ္မနိယာမအင်အားအလိုက် ၃၁-ဘုံအတွင်း ဆင်းတက် ရပ်တည် ကျင်လည်နေကြရ၏။ သွားချင်ရာသွား နေချင်ရာနေ၍ မရ၊ ကမ္မသတ္တိ၏ လုပ်ဆောင်ချက်မှာ အချိန်အခါရော နေရာဒေသပါ တိကျလွန်းလှ၏။ မည်သည့်အခါ မည်သည့်နေရာ၌မျှ ချွတ်လွဲမှားယွင်းသွားသည်ဟူ၍ မရှိ၊ ဤကား ကံနှင့်စပ်၍ ဗုဒ္ဓအဘိဓမ္မာ၏ နက်ရှိုင်းမှု တစိတ်တပဒေသ အမြွက်မျှဖြစ်သည်။

အကျိုးပေးရာ ဘုံဘဝ(ပါကဋ္ဌာန)အရ ကံလေးမျိုး (၃၁-ဘုံအတွင်း ကံ၏ စီမံခန့်ခွဲမှု)

ကံတရားသည် အကျိုးပေးရာ ဘုံဘဝဋ္ဌာနကိုလိုက်၍ လေးမျိုးရှိသည်။ ထိုလေးမျိုးတို့မှာ–

(၁) အကုသိုလ်ကံ၊

(၂) ကာမာဝစရ ကုသိုလ်ကံ၊

(၃) ရူပါဝစရ ကုသိုလ်ကံ၊

(၄) အရူပါဝစရ ကုသိုလ်ကံ – တို့ဖြစ်ကြ၏။

အကုသိုလ်ကံသည် (ပဋိသန္ဓေအခါ၌ ဥဒ္ဓစ္စသဟဂုတ်မှတပါး အကုသိုလ်ကံ ၁၁-ပါးသည်) အပါယ်ဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးသည်။ ပဝတ္တိအခါ၌ ကာမ(၁၁)ဘုံနှင့် အသညသတ်မှတပါး ရူပ(၁၅)ဘုံ၌ ဖြစ်စေနိုင်၏။

ကာမာဝစရ ကုသိုလ်ကံသည် ကာမသုဂတိ(၇)ဘုံ၌ ပဋိသန္ဓေကိုပေး၏။ ပဝတ္တိအခါ၌ ကာမ(၁၁)ဘုံနှင့် အသညသတ်မှတပါး ရူပ(၁၅)ဘုံ၌ ဖြစ်စေနိုင်၏။ ရူပါဝစရကုသိုလ်ကံသည် ရူပဗြဟ္မာဘုံတို့၌ ပဋိသန္ဓေကို ဖြစ်စေနိုင်၏။ ပဝတ္တိအခါ၌လည်း ရူပဗြဟ္မာဘုံတို့၌ ဖြစ်စေနိုင်၏။

အရူပါဝစရကုသိုလ်ကံသည် အရူပဗြဟ္မာဘုံတို့၌ ပဋိသန္ဓေကို ဖြစ်စေနိုင်၏။ ပဝတ္တိအခါ၌လည်း အရူပဗြဟ္မာဘုံတို့၌ ဖြစ်စေနိုင်၏။

ကာမာဝစရ ကုသိုလ်ကံသည် ကိလေသာတရားတို့ကို တဒင်္ဂပဟာန်အားဖြင့် ပယ်သတ်သည်။ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ် ကံသည် နီဝရဏတရားတို့ကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်သတ်သည်။

ထိုကုသိုလ်ကံတို့မှတပါး လောကုတ္တရာကုသိုလ်ကံဖြစ်သော မဂ်ကုသိုလ်များသည် ကိလေသာတရားတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အပြီးသတ်ပယ်သတ်သည်။ လောကုတ္တရာဖိုလ်အကျိုးကို ပေးသည်။

ဌာနတိုင်းတို့ အကျိုးပေးရာဘုံဌာနတို့မှာ- အပါယ်ဘုံ၊ ကာမသုဂတိဘုံ၊ ရူပါဝစရဘုံ၊ အရူပါဝစရဘုံတို့ ဖြစ်ကြသည်။

အပါယ်ဘုံများ

လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟူသော ချမ်းသာသမ္ပတ္တိသုံးမျိုးကို ရရာရကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုတို့ကို ပြုခွင့်များစွာမရ၊ အကုသိုလ်များသာ များပြားလှသော ဘုံဌာနများဖြစ်၍ အပါယ်ဘုံများဟု ခေါ်သည်။

ထိုအပါယ်ဘုံသည် ငရဲဘုံ တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ အသုရကာယ်ဘုံဟူ၍ လေးဘုံရှိသည်။

ငရဲဘုံများ

ငရဲဘုံဟူသည်မှာ ချမ်းသာသုခ မရှိ၊ ဒုက္ခအတိသာ ခံစားရသောဘုံဖြစ်သည်။ ထို ငရဲဘုံသည် "သဋ္ဌိး, ကာဠ၊ သံဃာတနှင့် ရောရဝနှစ်၊

တာပန်နှစ်၊ တွက်စစ် အဝိစိ "ဟူသော လက််ကအရ- သဋ္ဌိုး, ကာဠသုတ်, သံဃာတ, ရောရဝ, မဟာရောရဝ, တာပန, မဟာတာပန, အဝီစိငရဲ ဟူ၍ ငရဲကြီးရှစ်ထပ်ရှိသည်။ အကုသိုလ်ကံဘုံများဖြစ်၍ အချိန်ရှိသမျှ အကုသိုလ်ကံမကုန်မချင်း ဆင်းရဲဝေဒနာမျိုးစုံကို နည်းမျိုးစုံဖြင့် ခံစားနေကြရသော ဘုံများဖြစ်၍ ငရဲကျရောက်သွားလျှင် ကုသိုလ်ပြုခွင့် အလွန်နည်းသွားပြီး အကုသိုလ်များသာ နေ့စဉ်ဖြစ်ပွားနေ၍ ဆင်းရဲဒုက္ခအမျိုးမျိုးကို နှစ်ရှည်လျားစွာ ခစားကြရ၍, ငရဲဒုက္ခမှ ကင်းဝေးဖေရန် လူ့ဘဝတွင် လူဖြစ်လာစဉ် အကုသိုလ်မှုကို ရှောင်ကြဉ်ရပေမည်။

တိရစ္ဆာန်

မင်္ဂ ဖိုလ်မှ ကန့်လန့်ဖီလာပြုလျက် သွားလာကျက်စားနေကြသော ကုန်းနေ၊ ငရဲနေ၊ လေနေ၊ သတ္တဝါအားလုံးကို တိရစ္ဆာန်ဟု ခေါ်သည်။ တိရစ္ဆာန်ဘုံ သီးခြားမရှိ၊ ဤလူ့လောကတွင်ပင် နေထိုင်ကြသည်။

ပြိတ္တာ

ချမ်းသာသုခမှ ဝေးကွာပြီး ဆင်းရဲစွာ နေရသော သတ္တဝါများကို ပြိတ္တာဟု ခေါ်သည်။ ဘုံသီးခြားမရှိ၊ တောတောင်မြစ်ချောင်း သုသာန်စသော အရပ်တို့၌ နေထိုင်ကြသည်။ တစ္ဆေ၊ မှင်စာ၊ သူရဲ၊ ဘီလူးစသည်တို့သည် ပြိတ္တာများပင် ဖြစ်ကြ၍ နှစ်ပေါင်းများစွာ အစာ မစားရ၊ ရေမသောက်ရ၊ ဆာလောင်ငတ်မွတ်နေကြရသည်။ တချို့မှာ လူများစွန့်ပစ်သော ထမင်းလုံး၊ ဟင်းဖတ်၊ သလိပ်၊ တံတွေး၊ မစင် စသည်တို့ကို စားကြရသည်။ တချို့ ပြိတ္တာများ ဒုက္ခဝေဒနာမျိုးစုံ ခံစားနေကြရသည်။

အသုရကာယ်

ပျော်ပါးမှုမရှိ၊ ရဲရင့်မှုမရှိ၊ အမြဲတမ်း ကြောက်ရွံ့လျက်နေကြရသည်။ ဘုံသီးခြားမရှိ၊ သမုဒ္ဒရာမြစ်ကမ်း စသည်၌ နေတတ်ကြ၏။ အချိန်အလွန်ကြာ ဘုရားနှစ်ဆူ သုံးဆူပွင့်သော်လည်း တစ်ကြိမ်မျှ မစားသောက်ကြရသော ပြိတ္တာအသုရာတို့လည်း ရှိသည်။ အကုသိုလ်ကံ၏ အကျိုးပေးမှုဖြစ်၍

ဆန်းကြယ်လှသည်။ ဂင်္ဂါမြစ်ထဲ ရေသောက်ရန် ဆင်းသော်လည်း အကုသိုလ်ကံကြောင့် ရေတွေ ပျောက်ကွယ်သွားသည်။ သူတုပါးကို အစာရေစာငတ်ပြတ်အောင် ဆင်းရဲ ဒုက္ခရောက်အောင် ပြုလုပ်ခဲ့သော အကုသိုလ်ကံကြောင့် ဖြစ်ကြရသော ပြိတ္တာအသုရကာယ်များ ဖြစ်သည်။

ကာမသုဂတိ(၇)ဘုံ

ကာမကုသိုလ်၏ အကျိုးပေးရာ ဘုံများကို ကာမသုဂတိ(၇)ဘုံဟု ခေါ်သည်။ ၎င်းတို့မှာ- လူ့ဘုံနှင့် နတ်ဘုံ (၆)ဘုံတို့ ဖြစ်ကြသည်။

လူ့ဘုံ

လူကို ပါဠိဘာသာဖြင့် မနုဿဟု ခေါ်သည်။ ထက်မြက်သော စိတ်ဓာတ်ရှိသောကြောင့် မနုဿဟု ခေါ်သည်။ လူတို့သည် မကောင်းမှု အကုသိုလ် အရာဝယ် မိဘသတ်မှု စသော ပဉ္စာနန္တရိယကံ တိုင်အောင်ပင် ပြုနိုင်ကြ၍ ကောင်းမှု ကုသိုလ်အရာဝယ် ဘုရားဖြစ်သည့်တိုင်အောင်ပင် စွမ်းနိုင်ကြသဖြင့် ထက်မြက်သော စိတ်ထားရှိကြသည်။ သို့ဖြစ်၍ မနုဿ=လူ ဟူ၍ ခေါ်သည်။ လူ့ဘုံသည် ကံ ဉာဏ် ဝီရိယ ညီမျှစွာ အားထုတ်ရသော ဘုံဖြစ်သည်။ ချမ်းသာ ဆင်းရဲ ဒွန်တွဲခံစားရသော ဘုံဖြစ်သည်။

နတ်ပြည်ခြောက်ထပ်

ကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်တို့၌ ဖြစ်ကြရသည်။ ထိုနတ်ပြည်တို့မှာ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတဝသဝတ္တီ ဟူ၍ ခြောက်ထပ်ရှိသည်။

စတုမဟာရာဇ်နတ်ပြည်

ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ နတ်မင်းကြီးလေးပါး စိုးစံအုပ်ချုပ်သော နတ်ဘုံဖြစ်သည်။ မြင်းမိုရ်တောင်အလယ်လောက်မှ တောင်ခြေတလျှောက် တည်ရှိသည်။ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ နတ်ဘီလူး၊ ကုမ္ဘဏ်၊ ရက္ခိုသ်၊ ဂန္ဓဗ္ဗ စသော နတ်မျိုးစုံ ပါဝင်ကြသည်။ လူ့သက်တမ်း

နှစ်(၅၀)သည် စတုမဟာရာဇနတ်ပြည်၌ တစ်ရက်အချိန်ဖြစ်၍ နတ်သက် နှစ်(၅၀၀)ကြာအောင် အသက်ရှည်ကြသည်။

တာဝတိံသာနတ်ပြည်

သိကြားမင်းသည် နတ်မင်းကြီး(၃၃)ပါးနှင့် စီမံအုပ်ချုပ်ရာဘုံဖြစ်၍ တာဝတိံသာခေါ်သည်။ မြင်းမိုရ်တောင်ထိပ်၌ တည်ရှိသည်။ လူတို့အရေအတွက်အားဖြင့် အနှစ်(၁၀၀)သည် တာဝတိံသာနတ်ပြည်၌ တစ်ရက်ဖြစ်သည်။ နတ်သက် နှစ် (၁၀၀၀) သက်တမ်းရှည်ကြာကြသည်။ စတုမဟာရာဇနှင့် တာဝတိံသာနတ်တို့သည် ဘူမဋ္ဌကဘုံများဖြစ်ကြ၍ မြင်းမိုရ်တောင်ခြေ၌ တည်ကြရသည်၊ စူဠဒွာမဏိစေတီတော်တည်ရှိသည်။ ဘုရားအလောင်းဆံတော်နှင့် လက်ာစွယ်တော်မြတ် ကိန်းဝပ်သည်။

ယာမာနတ်ပြည်

ဆင်းရဲဒုက္ခမရှိ၊ နတ်စည်းစိမ်ကိုသာ အချိန်ပြည့် ခံစားကြသော နတ်တို့ဖြစ်သည်။ သုယာမနတ်မင်းသည် ထိုဘုံ၏ အကြီးအကဲဖြစ်၍ လူတို့အရေအတွက်အားဖြင့် အနှစ်(၂၀၀)သည် ထိုနတ်ပြည်၌ တစ်ရက်ဖြစ်သည်။ နတ်သက်နှစ် (၂၀၀၀) သက်တမ်းရှည်ကြသည်။

တုသိတာနတ်ပြည်

များစွာ နှစ်သက်ချင်လန်းပျော်ရွှင်ကြသော နတ်တို့၏ ဘုံဖြစ်သည်။ သန္တုသိတနတ်မင်းသည် အကြီးအကဲဖြစ်သည်။ လူတို့၏ အရေအတွက်အားဖြင့် အနှစ်(၄၀၀)သည် ထိုဘုံ၌ တစ်ရက်ဖြစ်သည်။ နတ်သက်နှစ် (၄၀၀၀) သက်တမ်းရှည်ကြသည်။

နိမ္မာနရတိနတ်ပြည်

ပင်ကိုရှိပြီးသား ကာမဂုဏ်စည်းစိမ်ထက် အလွန်အဂဲ ခံစားလိုသောအခါ စိတ်တိုင်းကျ ဖန်ဆင်း၍ မွေ့လျော်သော နတ်တို့နေရာ ဘုံဖြစ်သည်။ အောက်နတ်ပြည် (၄)ထပ်တို့၌ ကိုယ်ပိုင် ဇနီးမောင်နှံရှိကြသော်လည်း

ဤနတ်ပြည်၌မူ မိမိလိုရာ အဆင်း အသံ စသည်ကို ကိုယ်တိုင် ဖန်ဆင်း၍ ထိုအာရုံ၌ မွေ့လျော်ကြကုန်၏။ လူတို့အရေအတွက်အားဖြင့် အနှစ်(၈၀၀)သည် ထိုဘုံ၌ တစ်ရက်ဖြစ်၏။ နတ်သက်နှစ် (၈၀၀၀) သက်တမ်းရှည်ကြသည်။

ပရနိမ္မိတဝသဝတ္တီနတ်ပြည်

နိမ္မာနရတီ နတ်တို့ကဲ့သို့ ကိုယ်တိုင် မဖန်ဆင်းဘဲ အစေအပါးနတ်များက စိတ်တိုင်းကျအောင် ဖန်ဆင်းပေးရသော အာရုံကာမဂုဏ်တို့၌ မိမိအလိုရှိတိုင်း ခံစားမွေ့လျော်ကြသော နတ်တို့ ဘုံဌာနဖြစ်သည်။ လူတို့အရေအတွက်အားဖြင့် အနှစ်(၁၀၀၀)သည် ထိုဘုံ၌ တစ်ရက်ဖြစ်သည်။ နတ်သက် နှစ်(၁၆၀၀၀) သက်တမ်း ရှည်ကြသည်။

ရှေးကုသိုလ်ကံကြောင့် နတ်ပြည်များ၌ ဖြစ်ကြရသဖြင့် နတ်ယောကျ်ား တို့မှာ အသက်(၂၀)အရွယ်၊ နတ်မိန်းမတို့မှာ (၁၆)နှစ်အရွယ် အမြဲတည်ရှိလျက် သွားကျိုး၊ ဆံဖြူ၊ နားအူ၊ မျက်မွဲ၊ အရေတွန့်တွဲခြင်းမရှိ၊ အမြဲတမ်း လှပနေကြသည်။ နတ်သြဇာများကိုသာ (၇)ရက်တစ်ကြိမ် စားသုံးသဖြင့် ခန္ဓာကိုယ်ထဲ၌ အညစ်အကြေးမရှိ၊ စင်ကြယ်ကြသည်။ ကုသိုလ်ကံချင်း ကွာခြားသလောက် ဥယျာဉ်ဗိမာန်၊ ပဒေသာပင်၊ သားသမီး၊ ဇနီး မယား အဆွေအရံတို့ ကွာခြားကြသည်။ သက်တမ်းပြည့် ကာမဂုဏ်စည်းစိမ်တို့ကို နည်းမျိုးစုံဖြင့် ခံစားကြသော ဘုံများဖြစ်လေသည်။

ဤသို့လျှင် ဒုဂ္ဂတိဘုံခေါ်သည့် အပါယ်လေးဘုံ၊ ကာမသုဂတိဘုံ ခေါ်သည့် လူ့ပြည် နတ်ပြည် (၇) ဘုံ၊ စုစုပေါင်း(၁၁)ဘုံကို ကာမ(၁၁)ဘုံဟု ခေါ်သည်။

ရူပါဝစရဘုံ

ယောဂီတစ်ဦးသည် သမထဘာဝနာကို ကြိုးစားအားထုတ်သဖြင့် ကိလေသာ နီဝရဏတရားတို့ အနည်ထိုင်ကာ စိတ်ဓာတ်တည်ကြည်ငြိမ်သက် သမာဓိရလာသည်။ ထိုနောက် ဆက်လက်အားထုတ်ရာ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ စျာန်အင်္ဂါငါးပါးရှိသော ပထမစျာန်ကို ရသည်။ ဆန္ဒ စိတ္တ

ဝိရိယ ဝိမံသ ဟူသော စျာန်နှင့်ယှဉ်ဖက်တရားတို့ဟွင် တစ်ပါးပါးသည် အဓိပတိ(အကြီးအကဲ) ဖြစ်ရိုးတည်း။ ထိုအဓိပတိဖြစ်ထိုက်သော တရားက ညံ့နေ လျော့နေလျှင် ပရိတ္တစျာန်ဖြစ်၏။ ထိုအဓိပတိက အလတ်တန်းစားသို့ ရောက်နေလျှင် မဇ္ဈိမစျာန်ဖြစ်ကာ ထိုအဓိပတိက ထက်မြက်လျှင် ပဏီတစျာန် ဖြစ်၏။ ထိုပထမစျာန်ရရှိလျက် ပရိတ္တစျာန်အဆင့်၌ပင် ကွယ်လွန်ခဲ့လျှင် ရူပါဝစရ ဗြဟ္မာလောက၏ အစဖြစ်သော ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဗြဟ္မာဖြစ်သည်။ သက်တမ်းမှာ အသင်္ချေယျကပ်၏ သုံးပုံတစ်ပုံ သက်တမ်းရှည်ကြ၏။

ပထမစျာန်ကိုပင် မဇ္ဈိမစျာန်အဖြစ် လေ့လာ၍ အင်အား အလယ် အလတ်ရှိနေသူတစ်ဦး ကွယ်လွန်လျှင် ဗြဟ္မပုရောဟိတာဘုံ၌ ဗြဟ္မာဖြစ်သည်။ သက်တမ်းမှာ အသင်္ချေယျကပ် ထက်ဝက် သက်တမ်း ရှိသည်။

ပထမစျာန်ကိုပင် ပဏီတစျာန်အဖြစ် အလွန်အားကောင်း ထက်မြက်စွာ ပွားများထားသူ တစ်ဦး ကွယ်လွန်လျှင် မဟာဗြဟ္မာဘုံ၌ မဟာဗြဟ္မာကြီးဖြစ်၏။ သက်တမ်းမှာ အသင်္ချေယျကပ် တစ်ကပ် အသက်ရှည်၏။

ဒုတိယစျာန်နှင့် တတိယစျာန်ကို ပရိတ္တအဖြစ် ပွားများထားသူ ကွယ်လွန်လျှင် ဒုတိယစျာန်ဘုံဖြစ်သော ပရိတ္တာဘာဘုံ၌ ပရိတ္တာဘာ ဗြဟ္မာဖြစ်၏။ သက်တမ်းမှာ မဟာကပ် နှစ်ကပ် သက်တမ်းရှည်၏။

ဒုတိယစျာန်နှင့် တတိယစျာန်ကို မဇ္ဈိမအဖြစ် ပွားများထားသူ ကွယ်လွန်ပါက အပ္ပမာဏာဘာဘုံ၌ အပ္ပမာဏာဘာဗြဟ္မာဖြစ်၏။ သက်တမ်းမှာ မဟာကပ် (၄)ကပ် သက်တမ်းရှည်၏။

ဒုတိယစျာန်နှင့် တတိယစျာန်ကိုပင် ပဏီတအဖြစ် ပွားများထားသူ ကွယ်လွန်ပါက အာဘဿရာဘုံ၌ အာဘဿရာဗြဟ္မာဖြစ်၏။ သက်တမ်းမှာ မဟာကပ် (၈)ကပ် သက်တမ်းရှည်၏။

စတုတ္ထစျာန်ကို ပရိတ္တဖြစ်အောင် ပွားများထားသူ ကွယ်လွန်ပါက ပရိတ္တသုဘာဘုံ၌ ပရိတ္တသုဘာဗြဟ္မာဖြစ်၏။ သက်တမ်းမှာ မဟာကပ်(၁၆)ကပ် သက်တမ်း ရှည်၏။ မဇ္ဈိမဖြစ်အောင် ပွားလျှင် အပ္ပမာဏသုဘာဘုံ၌ အပ္ပမာဏသုဘာဗြဟ္မာဖြစ်၏၊ မဟာကပ် (၃၂) ကပ် သက်တမ်းရှည်၏။ ပဏီတစျာန် ဖြစ်အောင် ပွားလျှင် သုဘာကိဏ္ဏာဘုံ၌ သုဘာကိဏ္ဏာဗြဟ္မာဖြစ်၏။ မဟာကပ် (၆၄)ကပ် သက်တမ်းရှည်၏။

ပဋ္ဌမစျာန်ကို ရပြီးသျှကွယ်လွန်လျှင် ဝေဟပ္ဖိုလ်ဘုံ၌ ဗြဟ္မာကြီးဖြစ်၏။ ထိုစျာန်ကို ရသောသူသည် နာမ်တရားတို့ကို စက်ဆုပ်လျက် ရုပ်တရားတို့ကိုသာ လိုလားကာ ပဋ္ဌမစျာန်တရားကို ထပ်ခါထပ်ခါ ပွားလျှင် သူ၏အလို အတိုင်းပင် ရုပ်တရားသာရှိသည့် အသညသတ်ဘုံ၌ အသညသတ်ဗြဟ္မာ ဖြစ်ရသည်။ ဝေဟပ္ဖိုလ်ဘုံနှင့် အသညသတ်ဘုံတို့ သက်တမ်းမှာ မဟာကပ် (၅၀၀)စီ ရှည်ကြ၏။

သုဒ္ဓါဝါသဘုံ (၅) ဘုံ

အနာဂါမ်ပုဂ္ဂိုလ်တို့ ကွယ်လွန်လျှင် သုဒ္ဓါဝါသဗြဟ္မာဘုံ (၅)ဘုံ၌ ဗြဟ္မာကြီးများ ဖြစ်ရ၏။ အဝိဟာဘုံ၌ဖြစ်သော ဗြဟ္မာကြီးတို့၏ သက်တမ်းမှာ မဟာကပ်တစ်ထောင်ဖြစ်၏။ အတပ္ပါဘုံ၌ဖြစ်သော ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်နှစ်ထောင်ဖြစ်၏။ သုဒဿာဘုံ၌ဖြစ်သော ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်လေးထောင်ဖြစ်၏။ သုဒဿီဘုံ၌ဖြစ်သော ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်ရှစ်ထောင်ဖြစ်၏။ အကနိဋ္ဌဘုံ၌ဖြစ်သော ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်တစ်သောင်းခြောက်ထောင် ဖြစ်၏။

အရူပါဝစရဘုံ

ပဋ္ဌမစျာန်ရပြီးသောပုဂ္ဂိုလ်သည် ရုပ်တရားတို့ကို စက်ဆုပ်လျက် နာမ်တရားတို့ကိုသာ တောင့်တကာ ဆက်လက်ပွားများသည်။ ပထမဆုံး ဖြစ်သော အာကာသာနဉ္စာယတနစျာန်ရသူ ကွယ်လွန်လျှင် အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတန အရူပဗြဟ္မာကြီး ဖြစ်၏၊ ရုပ်တရားမရှိဘဲ နာမ်တရားသာဖြစ်လျက် မဟာကပ်ပေါင်း(၂၀၀၀၀) အသက်ရှည်၏။ ဝိညာဏဉ္စာယတနစျာန်ကိုရလျှင် ထိုဘုံ၌ အရူပ ဗြဟ္မာကြီး ဖြစ်၍ မဟာကပ်ပေါင်း(၄၀၀၀၀) အသက်ရှည်၏။ အာကိဉ္စညာယတန စျာန်ကိုရလျှင် ထိုဘုံ၌ အရူပဗြဟ္မာကြီးဖြစ်၍ မဟာကပ်ပေါင်း (၆၀၀၀၀) အသက်ရှည်၏။ နေဝသညာနာသညာယတနစျာန်ကိုရလျှင် ထိုဘုံ၌ အရူပဗြဟ္မာကြီးဖြစ်၍ မဟာကပ်ပေါင်း(၈၄၀၀၀) အသက်ရှည်၏။

စုတီပဒို့သန္ဓေအကြောင်း သိကောင်းစရာများ

စုတေခြင်း (သေပုံသေနည်း)

သတ္တဝါတို့ စုတေသေဆုံးကြရာ၌ သေခြင်းအမျိုးအစားလေးပါးတို့တွင် တစ်ပါးပါးဖြင့် သေဆုံးကြရ၏။ အသက်တမ်းကုန်၍ သေခြင်း(အာယုက္ခယ)၊ ကံ၏ အစွမ်းကုန်၍ သေခြင်း (ကမ္မက္ခယ)၊ အသက်တမ်း ကံစွမ်းနှစ်ပါးစုံကုန်၍ သေခြင်း(ဥဘယက္ခယ)၊ ကြားဝင်ဖြတ်တောက်တတ်သော ကံတမျိုး (ဥပဃာတကကံ)ကြောင့် ရုတ်တရက် သေခြင်း(ဥပစ္ဆေဒက) တို့ဖြစ်ကြသည်။

ကံစွမ်းမကုန်သေးခင်မှာပင် သတ္တဝါတို့သည် အချိန်ကာလပိုင်းခြား သတ်မှတ်ထားသော သက်တမ်း၏ ကုန်ဆုံးလေသဖြင့် သေရခြင်းသည် အာယုက္ခယမရဏာမည်၏။ မီးစာကုန်သဖြင့် မီးငြိမ်းရသည်နှင့်တူ၏။

အားနည်းသော ကံကြောင့် ဖြစ်လာရသော သတ္တဝါတို့သည် သက်တမ်း မကုန်ဆုံးသေးဘဲလျက် ကံကုန်၍ သေရခြင်းမျိုးသည် ကမ္မက္ခယမရဏာမည်၏။ ဆီခန်း၍ မီးငြိမ်းရသည်နှင့်တူ၏။

အသက်တမ်းလည်းကုန် ကံစွမ်းလည်းကုန်၍ သေရခြင်းသည် ဥဘယက္ခယမရဏာမည်၏။ မီးစာကုန် ဆီခန်း၍ မီးငြိမ်းရခြင်းမျိုးနှင့်တူ၏။

အသက်တမ်းလည်းရှိ၊ ကံအစွမ်းလည်းရှိသေးလျက်နှင့်ပင် ရှေးရှေးဘဝတို့၌ ပြုလုပ်ခဲ့သော ဥပဃာတကကံကြောင့်လည်းကောင်း၊ ဤဘဝ၌ ပြုလုပ်သော ဥပဃာတက ကံကြောင့် လည်းကောင်း အနာဆိုးရောဂါဆိုး ရရှိ တွေ့ကြုံရ၍ သေရခြင်း၊ ကားတိုက် မိုးကြိုးထိ လူသတ်ခံရ၍ သေရခြင်း၊ မီးဘေး၊ ရေဘေး လက်နက်ဘေးတို့ကြောင့် သေရခြင်း စသည်များသည် ဥပစ္ဆေဒကမရဏာမည်၏။ ဥပစ္ဆေဒကကံကြောင့် သေရခြင်းဟုလည်း ခေါ်ဆိုကြသည်။ မီးစာလည်းရှိ ဆီလည်း ရှိပါသေးလျက် လေပြင်းတိုက်၍ တမင်ငြိမ်းသတ်၍ ဆီမီးတောက် ငြိမ်းခြင်းနှင့် တူသည်။

စုတေခါနိ:အာရုံနိမိတ်ထင်ပုံ

အထက်ပါသေခြင်း:လေး:ပါ:တို့တွင် တပါ:ပါ:ကြောင့် စုတေရသူတို့အား စုတေခါနိ:သေငယ်ဇောနှင့် မြောနေသောအခါ၌ က်, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံသုံး:ပါ:တွင် အာရုံတစ်ပါ:ပါ: ထင်မြင်လာတတ်သည်။ သတ္တဝါတို့သန္တာန်၌ က်အများအပြား ရှိနေရကား ရောက်ရမည့်နောက်ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သော ပဋိသန္ဓေကျိုး ပေးဖို့ရာ အခွင့်သာသော ကုသိုလ်၊ သို့မဟုတ် အကုသိုလ်က် တစ်ပါ:ပါ:သည် က်အများထဲမှ ရှေ့ရှု၍ စိတ်ထဲ၌ ပေါ်လာတတ်သည်။ ဤသို့ ဖြစ်သည်ကိုပင် က်နိမိတ်ထင်သည်ဟု ခေါ်၏။

ထိုက်ကို ပြုလုပ်စဉ်အခါတုန်:က တွေ့ကြုံရသမျှ ရူပ-သဒ္ဒ-ဂန္ဓ-ရသ-ဖောဋ္ဌဗ္ဗ - ဓမ္မ ဟူသော အာရုံခြောက်ပါ:တို့တွင် တပါ:ပါ:သည် ကမ္မနိမိတ်ဖြစ်သည်။ ကုသိုလ် အကုသိုလ်က်ကို ပြုလုပ်စဉ်အခါက ပြုလုပ်ရသော အာရုံများဖြစ်သည့် ဘုရား:ကျောင်း:ကန် စေတီပုထို:၊ ပန်း ဆီမီး:၊ သား:ငါး:၊ ကြက်ဝက်၊ မား:လုံလက်နက် စသော ထိုအာရုံများကို ကမ္မနိမိတ်ဟု ခေါ်သည်။ ထိုအာရုံတို့ စိတ်ထဲ၌ ထင်လာသည်ကို ကမ္မနိမိတ်ထင်သည်ဟု ခေါ်၏။

မိမိလား:ရောက်ရတော့မည့် ဘုံဘဝ ဂတိ၌ တွေ့ကြုံရလတ္တံ့သော အာရုံများကို ဂတိနိမိတ်ဟု ခေါ်သည်။ သေငယ်ဇောနှင့် မြောနေသူအား မိမိလား:ရောက်ရတော့မည့် ဘဝသစ်နှင့် တိုက်ရိုက်ပတ်သက်သော အာရုံများ၊ ထိုဘဝ၌ တွေ့ကြုံရမည့် အသုံး:အဆောင် အဆွေအရုံဟူသော အာရုံများ ထင်မြင်လာတတ်သည်။ လူ့ဘုံသွား:ရမည့်သူဖြစ်လျှင် အမိဝမ်း:ရေ၊ ငရဲသွား:ရမည့်သူဖြစ်လျှင် ငရဲအိုး:၊ ငရဲမီး:လျှံ၊ ငရဲထိန်း:၊ လင်း:တ၊ခွေး:၊ကျီး စသည်များ၊ ပြိတ္တာဘုံသွား:ရမည့်သူဖြစ်လျှင် တော တောင် မြစ်ကမ်း:များ၊ နတ်ပြည်၌ ဖြစ်ရမည့်သူဖြစ်လျှင် နတ်ဗိမာန်၊နတ်သမီး:၊နတ်သား:၊ နတ်ရထား:၊ ဥယျာဉ်ပဒေသာပင် စသည်တို့ ထင်မြင်လာတတ်ကြသည်။ ဤသို့ ထင်လာသည်ကို ဂတိနိမိတ်ထင်သည်ဟု ခေါ်၏။

ဤသို့ မိမိပြုခဲ့သော ကုသိုလ် အကုသိုလ် က်အား:လျော်စွာ က်, ကမ္မနိမိတ်, ဂတိနိမိတ်သည် သေခါနီ:ကာလတွင် ထင်မြင်လာမြဲဖြစ်သည်။ ကုသိုလ်က် က အကျိုး:ပေး:တော့မည်ဖြစ်လျှင် ကောင်:သောအာရုံများထင်လာ

သောကြောင့် ထိုအာရုံကို အာရုံပြုလျက် ဖြူစင်ကြည်လင်သော ကုသိုလ်စိတ်အစဉ် ဖြစ်နေသည်။ အကုသိုလ်က် က အကျိုးပေးတော့မည်ဖြစ်လျှင် မကောင်းသော အာရုံဆိုးများ ထင်လာသောကြောင့် ထိုအာရုံဆိုးကို အာရုံပြုလျက် ညစ်နွမ်းသော မကြည်လင်သော အကုသိုလ်စိတ်အစဉ်ဖြစ်နေသည်။ ထို့ကြောင့် ကျွမ်းကျင်သော သူနာစောင့်များသည် လူနာ၏ မျက်နှာကို ကြည့်၍ ရောက်ရမည့်ဂတိကို သိနိုင်ကြသည်။

ထိုသို့ နိမိတ်ထင်လာမှုသည် ကံစွမ်းကြောင့် ထင်မှုရှိသကဲ့သို့ပင် ဆွေမျိုးမိတ်ဆွေတို့ ကြိုးစားဆောင်ရွက်ပေးမှုကြောင့်လည်း ထင်တတ်သည်။ ဒုဋ္ဌဂါမဏိမင်းကြီးကဲ့သို့ မိမိနေ့စဉ်ပြုလုပ်သော ကုသိုလ်များကို စာအုပ်တွင် ရေးမှတ်၍ အနီးအပါးရှိသူများက ဖတ်ကြားပေးသင့်သည်။ မိမိနေ့စဉ် အားထုတ်ခဲ့သော အာစိဏ္ဏကံကုသိုလ်မှုများကို သတိရ အောက်မေ့နေရမည်။ သမထဝိပဿနာ ဘာဝနာပွားများမှုများကို သတိထား ရှုမှတ်နေရမည်။ အနီးအပါးရှိသူများကလည်း ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ တရားဓမ္မရွတ်ဖတ်၊ ကြေးစည်ထု၊ ဆီမီး ပန်း စသည့် ကုသိုလ်မှုများကို သေခါနီးသောသူ ကြားအောင် မြင်အောင် သတိရအောင် ပြောဆို ပြုလုပ်ပေးနေရမည်။ ငိုယိုမှု၊ အကျိုးမဲ့စကားများ ပြောနေမှု၊ ဆဲဆိုရန်ဖြစ်မှု စသည့် အကုသိုလ်ဘက် စိတ်ညွတ်စေမည့် လုပ်ငန်းများကို လုံးဝရှောင်ကြဉ်ရမည်။

သေခါနီးသူ၏ စိတ်တို့သည် ထိုသို့ထင်လာသော အာရုံ၌သာ တရစ်ဝဲဝဲ ညွတ်ကိုင်းနေတတ်သည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်း သုဂတိဘုံသို့ သွားလတ္တံ့သော သူအား ကုသိုလ်နှင့်ဆိုင်သော ကောင်းမြတ်သော နိမိတ်အာရုံတို့ ထင်လာတတ်သည်။ ထိုအခါ မျက်နှာအမူအရာ ချွင်ပြကြည်လင်နေတတ်သည်။ ဒုဂ္ဂတိဘုံသို့ သွားလတ္တံ့ သူအား အကုသိုလ်နှင့်ဆိုင်သော နိမိတ်ဆိုးအာရုံဆိုးတို့ ထင်လာတတ်သည်။ ထိုအခါ မျက်နှာအမူအရာသည် ကြောက်ရွံ့ထိတ်လန့် နေတတ်သည်။ တခါတရံ ပါးစပ်ကပင် အလန့်တကြား အော်ဟစ်တတ်သည်။

ထိုသို့ မကောင်းသော အာရုံဆိုးတို့ ဝင်လာပုံကို တွေ့မြင်ကြလျှင် အထက်ပါအတိုင်း ကောင်းသော အာရုံသို့ ပြောင်းလဲသွားရန် အနီးရှိသူတို့က ပြုလုပ်ပေးရမည်။ ဤအချိန်သည် မိတ်ဆွေကောင်းရှိရန် အလိုအပ်ဆုံးအချိန် ဖြစ်သည်။ ဘဝကူးကောင်းမွန်ရေးအတွက် အထူးဆောင်ရွက်ပေးရမည်။

မရဏာသန္နဇောနှင့် မြောနေသူသည် မိမိအာရုံဝယ် ထင်မြင်လာသမျှကို အာရုံဖမ်းယူနေချိန်ဖြစ်သည်။ ပေါ်လာသမျှအာရုံများကို ဆွဲယူနေချိန်ဖြစ်သည်။ ဘဝသစ်၌ စိတ်အစဉ် ညွတ်ကိုင်းနေသည်။ ခရီးသွားမည့်သူသည် သွားရမည့် အရပ်သို့ စိတ်အစဉ် ညွတ်နေသကဲ့သို့တည်း။ ဘဝသစ်၌ ပဋိသန္ဓေကျိုးကို ပေးမည့် ကံတရားသည် ရှေးဘဝပေါင်းများစွာက ပြုခဲ့သော ကံဟောင်း ဖြစ်စေကာမူ ယခုပင် ပြုလုပ်နေရသလို စိတ်ထဲ၌ ထင်ယောင် မြင်ယောင် လာသည်။ ထိုသို့ ထင်လာခြင်းမှာ မည်သူ၏ ဖန်တီးမှုကြောင့်မျှ မဟုတ်ပေ။ မိမိပြုလုပ်ခဲ့သော ကံအစွမ်းကြောင့်ပင် ထင်လာခြင်းဖြစ်ပေသည်။

သတ္တဝါတစ်ဦးသည် စုတေရန် အလွန်အလွန် နီးကပ်နေသော (သေခါနီး)ကာလ၌ စိတ်အစဉ်ဝယ် မရဏာသန္နဇောစိတ် ငါးကြိမ်ဖြစ်၏။ ပဉ္စမဇောဖြစ်ပြီးနောက်၌ စုတိစိတ်ဖြစ်၏။ ထိုစုတိစိတ်သည် ဤဘဝ ပဋိသန္ဓေတည်စက ပါရှိလာသော ကမ္မဇရုပ်များနှင့် ပြိုင်တူချုပ်သည်။ ထိုစုတိစိတ်နှင့် ကမ္မဇရုပ် ချုပ်သည်နှင့်တပြိုင်နက် ပစ္စုပ္ပန်ဘဝ ကုန်ဆုံးသွား သည်။ ထိုအချိန်ကို စုတေသည်ဟု ဆိုကြသည်။ စိတ္တဇရုပ်၊ အာဟာရဇရုပ် တို့လည်း မရှေးမနှောင်းပင် ချုပ်ကြ၏။ ဘဝတစ်ခု ချုပ်ဆုံးလေတော့သည်။

ပဋိသန္ဓေ

ထိုစုတိစိတ်ချုပ်သည်နှင့်တပြိုင်နက် ဘဝသစ်အတွက် ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာ၏။ ထိုစိတ်အစဉ်ကို ရှေးဘဝနှင့်နောက်ဘဝ၊ ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသောစိတ်ဖြစ်၍ ပဋိသန္ဓေစိတ်ဟု ခေါ်၏။ ပဋိသန္ဓေစိတ် ဖြစ်သည်နှင့်တပြိုင်နက် ဘဝသစ် စတင်သည်။ အချိန်ကာလခြားမှု မရှိပေ။ တဆက်တစပ်တည်း ဖြစ်ပေါ်သည်။ ထိုပဋိသန္ဓေစိတ်သည် ကံကြောင့် မိမိနှင့်တပြိုင်နက်ဖြစ်ပေါ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်၏။

ပဋိသန္ဓေစိတ်ချုပ်ပြီးနောက် ထိုပဋိသန္ဓေစိတ်သည်ပင် ဘဝင်အမည်ဖြင့် (၁၆)ကြိမ်ဖြစ်၏။ ပဝတ္တိအခါ၌လည်း ထိုပဋိသန္ဓေစိတ်သည်ပင် ဘဝင် အမည်ဖြင့် ဆက်၍ဖြစ်ရာ ဘဝအဆက်မပြတ်အောင် ပြုတတ်သောကြောင့် ဘဝင်(ဘဝ+အင်္ဂ)ဟု ခေါ်သည်။

မရဏာသန္နဇောယူခဲ့သည့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတပါးပါးကိုပင် ပဋိသန္ဓေစိတ်က ဆက်လက်အာရုံပြုသည်၊

သတ္တဝါတို့အတွက် ပဋိသန္ဓေစိတ်သည် အလိုအလျောက် ပေါ်ပေါက်လာသည်မဟုတ်၊ ဖန်ဆင်းရှင်များ၏ ဖန်ဆင်းမှုကြောင့်လည်း မဟုတ်၊ ရှေးက မိမိပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံ ဟူသော သခ်ါရကြောင့် ဖြစ်လာသော အကျိုးဝိပါက်ဖြစ်သည်။ သတ္တဝါတို့သည် အဝိဇ္ဇာခြုံရုံပြီး တဏှာအရင်းခံလျက် ကုသိုလ်၊အကုသိုလ်ကံတို့ကို ပြုလုပ်ကြသည်။

ထို့ကြောင့် ဘဝသစ်(ပဋိသန္ဓေစိတ်)ဖြစ်ပေါ်လာရာ၌ အဝိဇ္ဇာ တဏှာနှင့် ကုသိုလ် အကုသိုလ်သခ်ါရတို့သည် အကြောင်းရင်းများ ဖြစ်ကြ၏။ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတစ်ပါးပါး ထင်လာသောအခါ၊ အဝိဇ္ဇာက ထိုအာရုံ၏အပြစ်ကို မမြင်အောင် ဖုံးကွယ်ပေး၏။ တဏှာက ထိုအာရုံကို မိမိကိုယ်တိုင် နှစ်သက် လက်ခံပြီးလျှင် ပဋိသန္ဓေစိတ်အာရုံပြုရန်လည်း ညွှတ်ကိုင်းပေးသဖြင့် ဘဝသစ်တစ်ခု ဖြစ်ပေါ်လာသည်။

သတ္တဝါတို့သည် သံသရာတလျှောက် စုတိစိတ်, ပဋိသန္ဓေစိတ်တို့ အဆက်မပြတ် ဖြစ်နေသည်။ အာရုံအမျိုးမျိုးတို့ တွေ့ကြုံလာလျှင် ဝီထိစိတ်တို့ ဖြစ်ပေါ်လာပြီး ဝီထိစိတ်တို့ ပြီးဆုံးသွားလျှင် ဘဝင်စိတ်သည် အဆက်မပြတ် ဖြစ်ပေါ်နေသည်။

ဖြစ်ပေါ်လာရာ၌ ဘဝဟောင်းက ရုပ်နာမ်တရားများ ဘဝသစ်သို့ ပြောင်းရွှေ့လာသည်မဟုတ်၊ ဘဝသစ်၌ ရုပ်နာမ်အသစ် ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။ သို့သော် ထိုရုပ်နာမ်သစ်များသည် ဘဝဟောင်းက ကံအကြောင်းများနှင့် မကင်းကြပေ။ ဘဝဟောင်းက အဝိဇ္ဇာ တဏှာ အကြောင်းများကြောင့် ဖြစ်ပေါ်လာရသည်။ ပဲ့တင်သံ၊ ဆီမီးညှိထွန်းမှု၊ တံဆိပ်တုံးရိုက်မှု စသည်တို့နှင့် တူသည်။ တော တောင် အနီးအပါးတွင် အော်ဟစ်လိုက်ပါက ,ပဲ့တင်သံ ပြန်လာသည်။ ထိုပဲ့တင်သံသည် မူလ အော်ဟစ်သော အသံမဟုတ်ပေ။ ထို့အတူပင် ဆီမီးညှိထွန်းရာ၌ ပထမ ဆီမီးတိုင်မှ ဒုတိယ တတိယ စသည့် မီးတောက်မီးလျှံတို့သည် ပထမ ဆီမီးတိုင်၏ မီးတောက်မီးလျှံတို့ မဟုတ်ပေ။ ပထမ မီးတောက်မီးလျှံ လျော့မသွားပေ။ သို့သော်လည်း ဒုတိယ တတိယ မီးတောက် မီးလျှံတို့သည် ပထမ မီးတောက် မီးလျှံနှင့် ကင်းကွာ၍လည်း ဖြစ်ပေါ်မလာနိုင်ပေ။

ထို့အတူပင် တံဆိပ်တုံးများ၊ ဘလောက်တုံးများကို ထုရိုက်လိုက်ပါက တံဆိပ်များ၊ စာများသည် စာရွက်ပေါ်တွင် ထင်လာသည်။ စာရွက်ပေါ်ထင်လာသော ထိုစာများ၊ တံဆိပ်များသည် မူလ တံဆိပ်တုံး ဘလောက်တုံး၌ စာများ မဟုတ်ပေ။ သို့သော်လည်း ထိုတံဆိပ်တုံး၌ စာများ တံဆိပ်များနှင့် ကင်းကွာ၍လည်း စာရွက်ပေါ်တွင် ထင်မလာနိုင်ပေ။

ဤနည်းတူပင် ဘဝဟောင်းက ရုပ်နာမ်တစုံတရာမျှ ဤဘဝသို့ လိုက်လာသည် မဟုတ်ပေ။ သို့သော်လည်း ဘဝဟောင်းက အဝိဇ္ဇာ တဏှာ သင်္ခါရ ကံအကြောင်းတရားတို့နှင့် ကင်းကွာ၍လည်း ဤဘဝ ဤခန္ဓာများ ဖြစ်မလာနိုင်ပေ။ ဤသို့လျှင် ဘဝဟောင်း ဘဝသစ် စုတိ ပဋိသန္ဓေတို့သည် အဝိဇ္ဇာ တဏှာ သင်္ခါရကံတရားတို့၏ အစွမ်းသတ္တိထူးဖြင့် သံသရာဆုံးသည်တိုင် ဖြစ်ပျက်လျက် နေကြလေသည်။

ပဋိသန္ဓေ (သတ္တဝါဖြစ်ပေါ်လာပုံ)လေးမျိုး

ပဋိသန္ဓေသည် သံသေဒဇ, အဏ္ဍဇ, ဇလာဗုဇ, ဩပပါတိက ဟူ၍ သတ္တဝါအလိုက် ကွဲပြားသည်။ စိုစွတ်သောနေရာ၊ ရေစပ် အညှိအဟောက် နေရာများ၌ စတင်ဖြစ်ပေါ်သော သတ္တဝါများ၏ ပဋိသန္ဓေသည် သံသေဒဇ ဖြစ်၏၊ ပိုးမွှားကောင်များ၊ ပဒုမဝတီမိဖုရားစသော အချို့သော လူသားများ ဖြစ်ကြသည်။

ဥဖြင့် သန္ဓေတည် မွေးဖွားသော သတ္တဝါသည် အဏ္ဍဇ ဖြစ်၏။ ငှက်များ၊ ငါးများ စသည်တို့ ဖြစ်ကြသည်။ သားအိမ်၌ သန္ဓေဟည် မွေးဖွားသော သတ္တဝါသည် ဇလာဗုဇ ဖြစ်၏၊ လူ၊ ခွေး၊ နွား စသည်တို့ ဖြစ်ကြသည်။ ဘဝဟောင်းမှ စုတေ၍ ဘဝသစ်တွင် အရွယ်ရောက်ပြီးသော ကိုယ်ခန္ဓာဖြင့် ရုတ်တရက်ဖြစ်ပေါ်လာသော သတ္တဝါသည် ဩပပါတိက (ဥပပတ်ပဋိသန္ဓေ) ဖြစ်၏။ နတ်၊ ဗြဟ္မာ၊ ငရဲသား စသည်တို့ ဖြစ်ကြသည်။

ထာဝရဝိညာဉ်နှင့် တမလွန်ဘဝ

ဗုဒ္ဓအဘိဓမ္မာအရ ဤကဲ့သို့ "မွေးသေ - မွေးသေ" မရပ် မနား၊ ဘဝအထွေထွေ ဖြစ်ပျက်နေရသည်ကို 'သံသရာ'ဟု ခေါ်သည်။ ဤသို့ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ကူးပြောင်းရာ၌လည်း ပကတ္တူပနိဿယ-အနန္တရကမ္မသတ္တိ စွမ်းအားမှတပါး ဘဝဟောင်းက ရုပ်နာမ်တစုံတရာမျှ ဘဝသစ်သို့ ကူးပြောင်းလိုက်ပါလာခြင်းမရှိ၊ ဤသဘောကိုကြည့်လျှင် အတ္တလိပ်ပြာ အသက် ဝိညာဉ်ကောင်သည် ဘဝဟောင်းခန္ဓာဟောင်းမှ ဖဲခွာ၍ ဘဝသစ်ခန္ဓာသစ်၌ ဖြစ်သည်။ ထိုအတ္တဝိညာဉ် အသက် လိပ်ပြာကောင်သည် မည်သည့်အခါမျှ မသေမပျောက်၊ အမြဲထာဝရ တည်ရှိသည်။ သန့်ရှင်းသော ဝိညာဉ်တော်၊ သို့မဟုတ် မဟာအတ္တမ၏ အစိတ်အပိုင်း တစ်ခုအဖြစ် တည်ရှိ၍ အမြဲဆက်သွယ်မှုရှိသည်- စသည်ဖြင့် ယူဆ လက်ခံ ယုံကြည်နေကြသော အယူဝါဒများသည် ဗုဒ္ဓအဘိဓမ္မာ၌ ထောက်တည်ရန် နေရာမရှိပေ။ ယုတ္တိမရှိကြောင်း ထင်ရှားလေတော့သည်။

မြတ်စွာဘုရားလက်ထက်တော်အခါက ပါယာသိ အမည်ရှိသော စော်ဘွားကြီးကား ဥစ္ဆေဒအယူရှိသူဖြစ်၍ အများယုံကြည်နေသော အတ္တဝိညာဉ် ရှိသည် ဟူသော(သဿတ ဝါဒ)ကို လက်မခံ၊ ရာဇဝတ်သားများကို လုံခြုံအောင် ချုပ်နှောင်ပိတ်ဆို့၍ ကွပ်မျက်ကာ ခန္ဓာကိုယ်မှ အတ္တဝိညာဉ် မည်သို့ ထွက်ခွာသွားကြောင်း အကြိမ်ကြိမ် လက်တွေ့စမ်းသပ်ကြည့်ဖူး၏၊ အတ္တ ဝိညာဉ်သည် အလောင်းကောင်မှ ထွက်ခွာသွားသည်ကို တစ်ခါမျှ မမြင်ရဖူးကြောင်း ဝန်ခံပြောဆိုခဲ့ဖူးသည်။

သာသနာပဝါဒတို့၌ ထိုအတ္တဝိညာဉ်ကိုပင် ရှိ မရှိ အမျိုးမျိုးယူဆကြရာ တစ်ဘဝ သေပြီးလျှင်ပင် နောက်ထပ်ဘဝတစ်ခု မရှိ၊ ထိုဝိညာဉ်သည်ပင်လျှင် တစ်စုံတစ်ယောက်သော တန်ခိုးရှင်၏ အဆုံးအဖြတ်ကို ခံယူ၍ ကောင်းဆိုးဘဝ နှစ်ခု၌ ထာဝရတည်ရှိနေသည်ဟုလည်း ယူဆကြပြန်၏။

ထိုအယူဝါဒများအရ သေပြီးနောက် ဘဝသစ် တစ်ခု ဖြစ်ရန် သံသရာလည်ရန် မလို၊ တမလွန်ဘဝကို မယုံကြည်လိုကြပေ။ သို့ရာတွင် တမလွန်ဘဝ မရှိဟု ယူဆနေကြသူတို့ ပတ်ဝန်းကျင်၌ပင် အမျိုးမျိုးသော

လူဝင်စားများအကြောင်းကို သုတေသနပြု. ထုတ်ဖော်လျက်ရှိကြရာ စုတိ ပဋိသန္ဓေပိုင်း ဆိုင်ရာ ဗုဒ္ဓအဘိဓမ္မာသည် ယခုအခါ အယူအစွဲ မကြီးသော သုတေသီ အခြားဘာသာဝင် ပညာရှင်များအား လည်း များစွာ အထောက်အကူ ပေးလျက်ရှိနေပါသည်။

အခန်း (၅)

ပုညကြိယာဝတ္ထု ၁၀-ပါး
ဒါနအကြောင်း

ဗုဒ္ဓဘာသာတရား:တော် အထက်တန်းအဆင့် - ၁၆

အာဒနိုး (၅)

ပုညကြိယာဝတ္ထု ၁၀-ပါး

သတ္တဝါတို့ ချမ်းသာသုခတိုးပွားများပြားရန်အတွက် ပြုလုပ်သင့်သော ကောင်းမှုကုသိုလ်များ လုပ်ငန်းများသည် ပုညကြိယာဝတ္ထုများမည်၏။ ထိုပုညကြိယာဝတ္ထုကား ဆယ်မျိုးရှိသည်–

(၁) ဒါန = စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၊

(၂) သီလ = ကာယက် ဝစီက် တို့ကို စောင့် ရှောက်ခြင်း၊ ကိုယ်ကျင့်သီလများ စောင့်ထိန်းခြင်း၊

(၃) ဘာဝနာ = ဘုရားဂုဏ်စသည်ကို အာရုံပြုနေခြင်း၊ သမထဝိပဿနာဘာဝနာပွားများခြင်း၊

(၄) အပစာယန = ရိုသေထိုက်သူကို ရိုသေခြင်း၊

(၅) ဝေယျာဝစ္စ = သူတပါး၏ အပြစ်ကင်းသော ကိစ္စကြီးငယ်ကို ပြုစုဆောင်ရွက်ခြင်း၊

(၆) ပတ္တိဒါန = မိမိပြုလုပ်သော ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း၊

(၇) ပတ္တာနုမောဒန = သူတပါး၏ ကုသိုလ် ကောင်းမှု ပြုသည်ကို အမျှပေးဝေလျှင် ဝမ်းမြောက်စွာ သာဓုခေါ်ခြင်း၊

(၈) ဓမ္မသဝန = တရားဒေသနာကို ကောင်းစွာ နာယူခြင်း၊

(၉) ဓမ္မဒေသနာ = တရားဟောပြော ပြသခြင်း၊

(၁၀) ဒိဋ္ဌုကမ္မ = ဖြောင့်မှန်သော အယူဝါဒရှိခြင်း၊
(ကံ - ကံ၏အကျိုးကို ယုံကြည်ခြင်း)။

ဒါန

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည် ဒါနမည်၏။ ပုဗ္ဗ မဉ္ဇ အပရ စေတနာသုံးတန်ပြည့်ဝစွာဖြင့် လှူဒါန်းခြင်း၊ မိမိစွန့်လှူသော ပစ္စည်းကို နမြောတွယ်တာမှုမရှိဘဲ အလောဘစိတ်ဖြင့် လှူဒါန်းခြင်း၊ ကမ္မဿကတာ ဉာဏ်နှင့် ယှဉ်၍ လှူဒါန်းခြင်းတို့သည် ဒါနအကျိုးတရား ပိုမိုပြည့်ဝသော လှူဒါန်းခြင်းတို့ ဖြစ်သည်။ ဒါနပြုလုပ်သဖြင့် သံဃရာဝယ် ဘောဂသမ္ပတ္တိနှင့် ပြည့်စုံရသည်။

သီလ

ကာယက် ဝစီက်တို့ကို စောင့်ရှောက်ခြင်း၊ ကိုယ်ကျင့်သီလများ စောင့်ထိန်းခြင်းသည် သီလမည်၏။ သီလ စောင့်ထိန်းသူသည် ကာယက် ဝစီက်တို့ကို စောင့်ရှောက်ရသည်၊ လူတို့အတွက် ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်ထိန်းရမည့် သီလမှာ ငါးပါးသီလဖြစ်သည်၊ လူတိုင်းလိုက်နာ ကျင့်သုံးရမည့် ကိုယ်ကျင့်သီလကောင်းမွန်လုံခြုံရေး၊ လူတိုင်းကိုယ်ကျင့်တရား ပြည့်ဝရေးသည်လည်း အရေးပါလှသည်။ ကိုယ်ကျင့်သီလပြည့်စုံရန် လူတိုင်း စောင့်ထိန်းသင့်သည်။ အခြားသော ဥပုသ်သီလတို့မှာ စောင့်ထိန်းနိုင်လေ အကျိုးကြီးလေဖြစ်သည်။ ပြင်ပပစ္စည်းအလှူဒါနထက် ကိုယ်ကျင့်သီလတရားက ပိုမိုမြင့်မြတ်သည်။ သီလနှင့်ပြည့်စုံသူသည် သံဃရာဝယ် ဘဝသမ္ပတ္တိနှင့် ပြည့်စုံရသည်။

ဘာဝနာ

ဘုရားဂုဏ်စသည်ကို အာရုံပြုနေခြင်း၊ သမထဝိပဿနာ ဘာဝနာ ပွားများခြင်းသည် ဘာဝနာမည်၏။ ဘာဝနာကုသိုလ်သည် ဒါန သီလတို့ထက် ပိုမိုမြင့်မြတ်သည်။ မနောက်ဖြင့် ပြုလုပ်ပွားများရသော အလုပ်ဖြစ်၍

စိတ်ဓာတ်တည်ကြည်ငြိမ်သက်ရန် လိုအပ်သည်။ ဘုရားပွင့်တော်မူရာ ဤအခါဝယ် ဗုဒ္ဓါနုဿတိဘာဝနာ, မေတ္တာဘာဝနာတို့ကို ပွားများရန် အဆင်ပြေနေကြသည်။ အာနာပါနဿတိစသော သမထဘာဝနာများကို ပွားများခြင်း၊ ဘုရားပွင့်လာရာအခါမှသာ ကြားနာသိရသော လွန်စွာ ထွေကြဲခဲသည့် အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာရှုပွားမှုများကို ပြုလုပ်နေခြင်းသည် လွန်စွာ အကျိုးကြီးမားလှသည်။ နံ့သာတစ်ရှူး နွားနို့တစ်ညှစ် လက်ဖျစ်တစ်တွက် အချိန်တိုလေးမျှ ပွားများသော ဘာဝနာကုသိုလ်သည်ပင် အချိန်များစွာ ပြုလုပ်သော ဒါန သီလတို့ထက် အကျိုးပေးကြီးသည်။ ဘုရားသာသနာတော်နှင့် ထွေကြဲရကျိုးနပ်လေအောင် သမထဘာဝနာအပြင် ဝိပဿနာဘာဝနာကိုလည်း ကျိုးစားအားထုတ်ရပေမည်။

အပစာယန

ရိသေထိုက်သူကို ရိသေခြင်းသည် အပစာယန မည်၏။ ဘုရား,တရား သံဃာရတနာသုံးပါး မိဘဆရာများနှင့် မိမိထက် အသက်သိက္ခာကုဏ်ကြီးသူများ၊ တရားကျင့်ကြံနေကြသူများ၊ အမျိုး ဘာသာ သာသနာနှင့် တိုင်းပြည် တိုးတက် ကောင်းမွန်အောင် စိမ်ဆောင်ရွက်နေသူများစသည်တို့သည် ရိသေထိုက်သူများ ဖြစ်ကြသည်။ ထိုသူတို့ကို ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ရှိခိုးခြင်း၊ ငုံ့လျှိုးကိုင်းရှိုင်းသွားလာခြင်း စသော ရိသေမှုတို့ကို ပြုလုပ်ခြင်းသည် အပစာယန မည်၏။ အပစာယနတရားနှင့် ပြည့်စုံသူသည် ဤဘဝတွင် လူတကာ၏ ချစ်ခင်ခြင်း၊ ကြီးပွားတိုးတက်ခြင်းကို ရရှိပြီး နောင်ဘဝမလွန်၌လည်း သုဂတိဘုံသို့ ရောက်နိုင်လေသည်။

ဝေယျာဝစ္စ

သူတပါးတို့၏ အပြစ်ကင်းသော ကိစ္စကြီးငယ်ကို ပြုစုဆောင်ရွက်ပေးခြင်းသည် ဝေယျာဝစ္စမည်၏။ ရိသေထိုက်သူတို့၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစုဆောင်ရွက်ပေးခြင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း၏ အလုပ်ကိစ္စများကို ကူညီဆောင်ရွက်ပေးခြင်း၊ ခရီးသွားလာရာ၌ ရိသေထိုက်သူတို့ကို နေရာပေးခြင်း၊ ကူညီပေးခြင်း၊ ဖျားနာသူ ရောဂါသည်တို့ကို ကူညီယိုင်းပင်းခြင်း၊ အိုမင်းသူတို့ကို

ဖေးမကူညီခြင်း၊ ကျောင်း အိမ် ရပ်ရွာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားစေတီ ဗောဓိပင်တို့ကို ရှင်းလင်းသန့်ရှင်းအောင် ပြုလုပ်ခြင်း၊ လူအများ ချမ်းသာစွာ သွားလာနေနိုင်ရေးအတွက် လမ်းပြင်ခြင်း၊ တံတားဆောက်ခြင်း၊ ရေချမ်းစင်တည်ထားခြင်း၊ တည်းခိုနားဓမ္မ ဆောက်လုပ်ခြင်း စသည်တို့သည် ဝေယျာဝစ္စမည်၏။ ကုသိုလ်ကောင်းမှုနှင့် စပ်လျဉ်းသော ထိုထို အမှုကိစ္စ အမျိုးမျိုးတို့ကို ပကာသနမဖက် သန့်ရှင်းစင်ကြယ်သောစိတ်၊ အများလူပရိုဟိတ် အကျိုးလိုလားသော စိတ်ဖြင့် ကိုယ်ရော စိတ်ပါ အားထုတ်မှုများပင် ဖြစ်လေသည်။

ပတ္တိဒါန

မိမိပြုလုပ်သော ကုသိုလ်အဖို့ကို အမျှပေးဝေခြင်းသည် ပတ္တိဒါနမည်၏။ မိမိရအပ်ပြီးသော ကုသိုလ်အဖို့ကို သူတပါးတို့အား မိမိနှင့်ထပ်တူ အကျိုးရစေရန် အမျှပေးဝေရသည်။ ဤသို့ အမျှပေးဝေလျှင် မိမိကုသိုလ်အဖို့ လျော့နည်းမသွားသည့်အပြင် အခြားသူများပါ မိမိကုသိုလ်၏အကျိုးကို ရရှိနိုင်သဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ပြီးတိုင်း မေတ္တာစေတနာဖြင့် အမျှပေးဝေရသည်။ ယမမင်းသည် ငရဲဘုံသို့ ရောက်လာသူအား သုဂတိဘုံသို့ ရောက်စေရန် ကုသိုလ်တရားတို့ကို စစ်မေးလေ့ရှိသည်။ ထို့ကြောင့် ယမမင်းအားလည်း အမျှဝေကြရသည်။ မိဘဘိုးဘွားကစ၍ (၃၁)ဘုံကျင်လည်ကုန်သော သတ္တဝါဝေနေယျအားလုံးတို့အား အမျှပေးဝေရမည်။

ပတ္တာနုမောဒနာ

သူတပါးတို့က ကုသိုလ်ကောင်းမှုအမျှပေးဝေလျှင် ဝမ်းမြောက်စွာ သာဓုခေါ်ခြင်းသည် ပတ္တာနုမောဒနာမည်၏။ အမျှဝေမှု သာဓုခေါ်မှုတို့သည် စိတ်စေတနာထက်သန်လျှင် ထက်သန်သလောက် အကျိုးပေးနိုင်သည်။ သာမန်ကိစ္စများမဟုတ်ကြပေ။ ဘဝများစွာကောင်းကျိုးပေးနိုင်ကြသည်။ သူတဦးကောင်းမှုပြုလုပ်သည်ကို မိမိမပြုနိုင်သေးလျှင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရမည်။ ဝမ်းမြောက်ကြည်နူးစွာ အားပေးထောက်ခံ သာဓုခေါ်မှုကြောင့်

နှစ်ဦးနှစ်ဘက်စလုံးတွင် ကုသိုလ်တရားတို့ တိုးပွားလာကြသည်။ အမျှဝေမှု သာဓုခေါ်မှုသည် ဆီမီးတိုင်တစ်တိုင်မှ ဆီမီးများကို ပွားယူမှုနှင့်တူသည်။ မိမိဆီမီးတိုင်တစ်တိုင်မှ အခြားသော ဆီမီးတိုင်ပေါင်းများစွာကို မျှဝေထွန်းညှိပေးသည်ရှိသော် မိမိဆီမီးတိုင်တွင်လည်း အလင်းရောင်မလျော့သလို အခြားဆီမီးတိုင်းများလည်း အလင်းရောင် ကျယ်ပြန့်များပြား ထွန်းတောက်သွားကြသည်။ ဤအတူပင် အမျှဝေသူမှာ ကုသိုလ်လျော့မသွားဘဲ သာဓုခေါ်သူမှာ ကုသိုလ်အကျိုးပွားတိုး ခံစားရလေသည်။

တမလွန်ဘဝရောက်နေကြသော ပေတဂတိရရှိသူများသည် မိမိကို ရည်ညွှန်း၍ ပေးပို့သော အမျှဝေမှုကို ဂမ်းမြောက်ဝမ်းသာ သာဓုခေါ်ရလျှင် ချက်ချင်းပင် အကျိုးပေးတတ်၏။ နတ်အမျိုးမျိုးနှင့် သူတပါးပေးကမ်းမှုကို မှီ၍ အသက်မွေးကြရကုန်သော ပရဒတ္တာပဒီဝီပြိတ္တာ၊ ဝေမာနိကပြိတ္တာတို့သည် အမျှဝေမှုကို သာဓုခေါ်ရလျှင် ချက်ချင်းပင် ချမ်းသာသုခရနိုင်ကြသည်။ တမလွန်ဘဝပြောင်းသူတို့အား အထူးရည်ညွှန်း၍ အမျှဝေမှုပြုလုပ်လျှင် အကျိုးထူးခံစားရကြောင်း ဗိမ္မိသာရမင်းနှင့် ပြိတ္တာဆွေမျိုးတို့အကြောင်းက ပြဆိုနေသည်။ သို့ဖြစ်၍ ဘဝတပါးပြောင်းသွားသူတို့အား အထူးရည်ညွှန်း၍ ကုသိုလ်ပြုကာ အမျှပေးဝေရမည်။

ဓမ္မသဝဏ

တရားဒေသနာတော်ကို ကောင်းစွာနာယူခြင်းသည် ဓမ္မသဝဏမည်၏။ လောကီလောကုတ္တရာ အကျိုးစီးပွားအမျိုးမျိုးတို့နှင့် စပ်လျဉ်းသော တရားစကားများကို ယောနိသော မနသိကာရ စေတနာဖြင့် ကြားနာမှုဖြစ်သည်။ အထူးသဖြင့် ဘဝသံသရာမှ လွတ်မြောက်ရေး တရားတော်များကို နာကြားမှုသည်သာ တရားတော်နာကြားမှု အစစ်အမှန်ဖြစ်သည်။ မြတ်စွာဘုရား၏ တရားတော်များကို နာကြားရဖို့ အရေးသည် လွန်စွာခဲယဉ်းသည်။ 'သဒ္ဓမ္မသဝဏံ ဒုလ္လဘံ' သူတော်ကောင်းတရား နာကြားဖို့ရန် ခဲယဉ်းလှသည်ဟု ဘုရားရှင်ကိုယ်တော်တိုင် ဒုလ္လဘတရားအဖြစ် ဖော်ပြထားသဖြင့် ကပ်ကမ္ဘာပေါင်းသချေ်သချ်ာ လွန်လေပါမှ ပွင့်ပေါ်တော်မူလာသော မြတ်စွာဘုရား၏ တရားတော်များကို ကြားနာမှတ်သားလိုက်နာရပေမည်။

ဓမ္မဒေသနာ

တရားဟော ပြသခြင်းသည် ဓမ္မဒေသနာမည်၏။ မြတ်စွာဘုရား၏ ဒေသနာတော်တရားတော်များကို ယောနိသော မနသိကာရ စေတနာဖြင့် လာဘ်လာဘရရှိမှု နာမည်ကျော်ကြားမှုစသည်တို့ကို မငဲ့ဘဲ ဟောကြားပြသမှု၊ စာပေရေးသားဖွဲ့စပ်မှု၊ စာပေပို့ချသင်ကြားပေးမှုစသည့် သူတပါးတို့ကို အသိပညာပေးမှုများသည် ဓမ္မဒေသနာမည်၏။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဟူသော ဒေသနာတော်အရ တရားဟောပြ ပို့ချသင်ကြားမှုသည် အလှူတကာတို့တွင် အကြီးမြတ်ဆုံးဖြစ်၍ ကြီးစားအားထုတ် ပြုလုပ်ရပေမည်။

ဒိဋ္ဌဓမ္မ

ဖြောင့်မှန်သော အယူဝါဒရှိခြင်း၊ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်းသည် ဒိဋ္ဌဓမ္မမည်၏။ အယူဖြောင့်မှန်ရေးသည် သတ္တဝါတိုင်းအတွက် အရေးအကြီးဆုံးဖြစ်သည်။ အလှူ၏ အကျိုးသည် အမှန်ရှိ၏ စသည်ဖြင့် သမ္မာဒိဋ္ဌိဖြစ်ရာ ဖြစ်ကြောင်း (၁၀)မျိုးကို ဖြောင့်မှန်စွာ ယုံကြည် သိမြင်လက်ခံကျင့်သုံးမှုသည် ဒိဋ္ဌဓမ္မ ဖြစ်၏။ ဒိဋ္ဌဓမ္မအယူဖြောင့်မှန်ရေးအတွက် သမ္မာဒိဋ္ဌိကဒသဝတ္ထုခေါ် သမ္မာဒိဋ္ဌိဖြစ်ကြောင်း တရားဆယ်ပါးတို့ကိုပါ နားလည်ထားသင့်သည်။ ထိုသမ္မာဒိဋ္ဌိဖြစ်ကြောင်းတရားဆယ်မျိုးတို့မှာ–

(၁) ပေးလှူရခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏(အတ္ထိဒိန်း)၊

(၂) ယဇ်ကြီး(အလှူကြီး)ပူဇော်ရခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏ (အတ္ထိ ယိဋ္ဌံ)၊

(၃) ယဇ်ငယ် (အလှူငယ်)ပူဇော်ရခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏ (အတ္ထိ ဟုတံ)

(၄) ကောင်းစွာပြုအပ်သော ကုသိုလ်ကံ၊ မကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံတို့၏ အကျိုးဆက်(ဖလ)အကျိုးရင်း(ဝိပါက)သည် အမှန်ရှိ၏ (အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော)၊

(၅) ဤလောကသည် အမှန်ရှိ၏ (အတ္ထိ အယံ လောကော)၊

(၆) တမလွန်လောကသည် အမှန်ရှိ၏(အတ္ထိ ပရော လောကော)

(၇) အမိဠ္ဍ ကောင်းမွန်စွာပြုခြင်း၊ မကောင်းသဖြင့် ပြုခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏ (အတ္ထိ မာတာ)၊

(၈) အဘဠ္ဍ ကောင်းမွန်စွာပြုခြင်း၊ မကောင်းသဖြင့် ပြုခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏ (အတ္ထိပိတာ)၊

(၉) သေ၍ တဖန်ဖြစ်ပြန်သော သတ္တဝါတို့သည် အမှန်ရှိကုန်၏ (အတ္ထိ သတ္တာ သြပပါတိကာ)၊

(၁၀) ဤလောကကို လည်းကောင်း၊ တမလွန်လောကကို လည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် လောကဠ္ဍ အမှန်ရှိကုန်၏ (အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာ ပဋိပန္နာ)-

တို့ဖြစ်ကြသည်။ ဤသမ္မာဒိဋ္ဌိက ဒသဝတ္ထုနှင့် ပြည့်စုံမှသာလျှင် သမ္မာဒိဋ္ဌိက အယူမှန်သူ အမျိုးကောင်းသား အမျိုးသမီး စင်စစ်ဖြစ်နိုင်ကြသည်။

မိစ္ဆာဒိဋ္ဌိ (၁၀)မျိုးမှလည်းကောင်း၊ ဣဿရနိမ္မာနဒိဋ္ဌိ စသည်တို့မှ လည်းကောင်း၊ လောကီအယူအဆ ဗေဒင် ယတြာ လောကီဒိဋ္ဌမင်္ဂလာတို့မှ လည်းကောင်း လွတ်ကင်းစင်ကြယ်၍ ကံ-ကံ၏ အကျိုးကို ဖြောင့်မှန်စွာ ယုံကြည်သိမြင်ပြီး လောကသံသရာ နှစ်ဖြာကောင်းကျိုး ပွားတိုးစည်ပင်စေရန် ကုသိုလ်ကံတို့ကို အားထုတ်ပြုလုပ်ရပေမည်။ သတ္တဝါတိုင်းအတွက် ကမ္မဿကတာသမ္မာဒိဋ္ဌိခေါ် ကံ-ကံ၏အကျိုးကို အမှန်သိမြင်ရေးသည် အရေးအကြီးဆုံးဖြစ်သကဲ့သို့ အကျိုးအကြီးဆုံးလည်း ဖြစ်သည်။ ထိုဉာဏ် အမြင်မှန်ဖြင့် ပြုလုပ်မှသာ အထက်တန်းကျသော ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိနှင့် ဘဝလွတ်ရာ နိဗ္ဗာန်အထိရောက်နိုင်သည်၊ အပြစ်ရှိသော အမှုတို့တွင် မိစ္ဆာဒိဋ္ဌိခေါ် အယူလွဲမှားမှုသည် အပြစ်အကြီးဆုံးဖြစ်၍ နိယတမိစ္ဆာဒိဋ္ဌိခေါ် ဘုရားရှုတ်၍ မျှ မကျွတ်သောသူများသည် သံသာရခါဏာကခေါ် သံသရာသစ်ငုတ်ကြီးများဖြစ်ကြရသည်။ အယူဖြောင့်မှန်သူဖြစ်ရန် အားထုတ်ကြရပေမည်။

ဒါနအကြောင်း

ဒါနအဓိပ္ပာယ်

ပေးကမ်းခြင်း, စွန့်ကြဲခြင်း, ဝေငှခြင်း, မျှတခြင်း, ဖြည့်စွက်ခြင်း, ချီးမြှောက်ထောက်ပံ့ခြင်း, ကူညီခြင်း, လှူဒါန်းဆက်ကပ်ခြင်း စသည့်အမှုများကို ပြုလုပ်လိုသော စေတနာကိုလည်းကောင်း၊ ပေးကမ်းအပ် စွန့်ကြဲအံ့ပ်သော ပစ္စည်းဝတ္ထုများကိုလည်းကောင်း ဒါနဟု ခေါ်သည်။

စေတနာရှိမှ ပေးလှူနိုင်၏၊ စေတနာမရှိက မပေးလှူနိုင်ပေ၊ သို့ဖြစ်၍ ဒါနဖြစ်မြောက်ရေးတွင် စေတနာသည် အလှူဖြစ်ကြောင်း အဓိကဖြစ်သည်။ ထို့ကြောင့် စေတနာကိုလည်း ဒါနဟုခေါ်သည်။ အကျိုးပေးရာ၌ စေတနာဒါနက အကျိုးပေးသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများသည်လည်း ဒါနဖြစ်မြောက်ရေးအတွက် များစွာအထောက်အပံ့ပေးကြသည်။ လှူဖွယ်ဝတ္ထုမပါရှိက ဒါနဟုခေါ်ဆိုနိုင်မည်မဟုတ်ပေ၊ သို့ဖြစ်၍ ပစ္စည်းဝတ္ထုများသည်လည်း ဒါနမည်ကြသည်။

ဗုဒ္ဓဘာသာတရားတော်တွင် ဒါန, သီလ, ဘာဝနာ ဤသုံးဖြာသည် မပါမပြီး အရေးကြီးပါသည်။ ဒါနသည် ပါရမီကုသိုလ်လုပ်ငန်းအစုစုတို့၏ မူလဘူတအခြေခံအုတ်မြစ်ဖြစ်ပါသည်။ ဒါနအလုပ်သည် ဘုရားအလောင်းသူတော်ကောင်းတို့ စတင်ကြိုးကုတ် အားထုတ်သော လုပ်ငန်းကြီးဖြစ်ပါသည်။ ဘဝသံသရာကျင်လည်ရာဝယ် သံသရာခရီးသည်အတွက် ရိက္ခာထုပ်ကြီးနှင့်လည်း တူပါသည်။ ဒါနရိက္ခာထုပ် အပြည့်အစုံပါလာသူအဖို့ လူဖြစ်လည်း လူချမ်းသာ, နတ်ဖြစ်လည်း နတ်ချမ်းသာ ဖြစ်လေရာရာဘဝတို့၌ ဘောဂသမ္ပတ္တိ ပြည့်စုံကြွယ်ဝ အထက်တန်းကျသူသာ ဖြစ်ရပါသည်။ ဒါနပါရမီရှင်သည် နိဗ္ဗာန်ဝင်စံမည့်နောက်ဆုံးဘဝမှာပင် ဒါနန္တမ်းပါးသူထက် အဘက်ဘက်မှ ပြည့်စုံကာ ကျက်သရေမင်္ဂလာရှိစွာဖြင့် ဝင်စံရပါသည်။ ဒါနတရားသည်ကား ပစ္စက္ခဘဝ, တမလွန်ဘဝတို့၌ အားကိုးအားထားပြုရမည့် မိတ်ဆွေကောင်းကြီးဖြစ်၍ ဒါနတရားကို ပစ်ပယ်မထားသင့်ပေ။ ဒါနတရားကို နည်းမှန်စနစ်မှန် ပြုလုပ်တတ်ပါမူ သံသရာလွတ်မြောက်ရာ နိဗ္ဗာန်ကို အမြန်ရစေနိုင်ပါသည်။

မြတ်စွာဘုရားသခင်ပွင့်တော်မမူမီ ရှေးအတိတ်ကာလများကပင် အသွင်အမျိုးမျိုးဖြင့် ဒါနတရားရှိနေပါသည်။ ထိုခေတ်က ဗြာဟ္မဏတို့၏ ဟောပြမှုအရ လူတို့သည် သုဂတိရောက်ရေးအတွက် အသက်ပေါင်းများစွာ သတ်ဖြတ်စတေး၍ ယဇ်ပူဇော်မှုများကို ဒါနအထင်ဖြင့် ပြုလုပ်ခဲ့ကြပါသည်။ ယဇ်ပူဇော်မှုဒါနတို့သည် လွန်စွာကြီးမား ကျယ်ပြန့်ခဲ့ကြပါသည်။ သတပဒီယဇ်ဆိုလျှင် ဆိတ်အကောင်တစ်ရာ၊ နွားအကောင်တစ်ရာ၊ လူတစ်ရာ စသည်ဖြင့် ကြောက်ခမန်းလိလိ သွေးချောင်းစီးမျှ သတ်ဖြတ်၍ ပူဇော်လှူဒါန်းခဲ့ကြပါသည်။

မင်းစိုးရာဇာ၊ သူဌေးသူကြွယ်တို့သည် အပြိုင်အဆိုင် အမျိုးအမည် စုံလင်သည်ထက် စုံလင်အောင် သတ်ဖြတ်ပူဇော်ခဲ့ကြပါသည်၊ ယဇ်ပူဇော်မှုကိုလည်း အမြင့်မြတ်ဆုံးသော ဒါနဟု သတ်မှတ် ထင်မြင် ခံယူခဲ့ကြပါသည်။

မြတ်စွာဘုရားပွင့်တော်မူသောအခါ ယဇ်ပူဇော်မှုများကို မပြုလုပ်ရန် ဟောပြတော်မူပြီး သတ္တဝါများ အသက်ဖြင့် ယဇ်ပူဇော်မှု၏ အပြစ်များကို ဟော်ပြတော်မူကာ ဘောဂသမ္ပတ္တိပြည့်စုံရေးအတွက် ဒါနအလှူပြုလုပ်နည်း ဒါနကထာများကို ဟောပြတော်မူခဲ့ပါသည်။ ထိုအခါမှ စ၍ ဗြာဟ္မဏ ဘာသာဝင်တို့သည်လည်း သတ်ဖြတ်မှုကို ရှောင်ကြဉ်လာကြပြီး နောက်ဆုံးတွင် အသက်သတ်လွတ် စားသောက်သည်အထိ ပြောင်းလဲလာခဲ့ပါသည်။

မြတ်စွာဘုရားသည် အလှူဒါနကို ဟောပြတော်မူရာ၌ မိမိပြုလုပ်သော အလှူဒါနကြောင့် သတ္တဝါတို့ သေကျေပျက်စီးမှုမရှိစေရန် ဟောပြတော်မူခဲ့ပါသည်။ အလှူအတန်းနှင့် ပတ်သက်၍ မလိုအပ်ဘဲ ဗုံးပေါ်လအော လှူဒါန်းမှုမျိုးကိုလည်း အားပေးတော်မမူပေ။ အလှူခံပုဂ္ဂိုလ်တို့သည် လိုအပ်သမျှ ပမာဏအထိသာ အလှူခံသင့်သည်ဟု မကြာမကြာ ဟောပြတော်မူပါသည်။ မိမိအင်အားအလိုက် လေးပုံတစ်ပုံလောက်သာ လှူဒါန်းရန် ဟောပြတော်မူပါသည်။ အလှူဒါနကြောင့် ဘဝပျက်နစ်နာ သွားစေမည့် ပကာသနဒါနများကို လိုလားတော်မမူပေ။

အထူးသဖြင့် သာသနာတော်အတွက် ထာဝရအကျိုးရှိစေမည့် အလှူမျိုး၊ မိမိသီတင်းသုံးရာ ကျောင်း အာရာမ်မြို့ရွာ နယ်ပယ်နှင့် အမျိုးဘာသာ သာသနာလူလောကကြီးတစ်ခုလုံး အရှည်တည်တဲ့ ကောင်းကျိုးတိုးပွားစေမည့် ထာဝရဒါနမျိုးကို အားပေးတော်မူသည်။ အလှူဒါနသည် အာစိဏ္ဏကံ ကုသိုလ်ဖြစ်နေလျှင် အာစိဏ္ဏကံဝတ်တစ်ခုအနေဖြင့် ကြိုးစားပြုလုပ်နိုင်လျှင် ဒါနအကျိုး ပိုမိုထက်သန်သည်။ ထိုကဲ့သို့သော နိဗ္ဗဒဝတ်အလှူမျိုးကို သားစဉ်မြေးဆက် မပျက် ဆောင်ရွက်ကြရန် ရှေးသူတော်ကောင်းတို့ အားထုတ်ခဲ့ကြသည်။

အနာထပိဏ်သူဌေးကြီးကွယ်လွန်ပြီးနောက် အနာထပိဏ်သူဌေး၏ မြေးမလေးကစ်ယောက်သည် ဆင်းရဲသူဘဝရောက်နေသည်။ မြေးမလေးသည် မိမိ၏ မျိုးရိုး အစဉ်အလာ စောင့်ထိန်းလာခဲ့သော ကုသိုလ်ဒါနဝတ်မပျက်စေရန် နေ့စဉ်ကြိုးပမ်းခဲ့သည်။ သံဃာတော်အများကို မတတ်နိုင်သဖြင့် သံဃာတော်တစ်ပါးကို ပင့်၍ နေ့စဉ် ဆွမ်းဒါန ဝတ်ပြုသည်။ ထိုသံဃာတော်အတွက် ဝတ်မပျက် ဆက်ကပ်ရန်အတွက် ကောက်ရိတ်ပြီးစ လယ်ကွင်းများသို့ သွားကာ မိမိကိုယ်တိုင် ကောက်သင်းကောက်ရောင်းချပြီး နိဗ္ဗဒဆွမ်းဝတ် မပျက်အောင် ကြိုးစားခဲ့သည်။ ဆင်းရဲနွမ်းပါးသော်လည်း မျိုးရိုးစဉ်ဆက် အလှူဝတ်မပျက်ရန် စောင့်ထိန်းခဲ့သည်။

ထို့အတူပင် မိမိ၏ ခန္ဓာကိုယ်ဖြင့် ရင်းနှီး၍ ဝိရိယတရားဖြင့် ဆောင်ရွက်ရသော ကုသိုလ်ဝတ်တို့လည်း များစွာရှိသည်။ ဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူသည့်ဝတ်များ၊ လမ်းမများ၌ ခရီးသွားတို့သောက်သုံးရန် ရေအိုးစင်များ တည်ထားလှူဒါန်းမှုများ စသည့် အလှူဝတ်တို့သည် ဝိရိယနှင့် စေတနာပြည့်စုံသူတို့သာ အာစိဏ္ဏကံပြုလုပ်နိုင်သော အဖိုးတန်သည့် နိဗ္ဗဒဒါနများ ဖြစ်ကြသည်။

ရှေးမြန်မာလူမျိုးတို့သည် အမြဲအကျိုးရှိနေမည့် ဒါနမျိုးများကို ကိုယ်ကျိုးမဖက်ဘဲ ပြုလုပ်လေ့ရှိသည်။ သစ်ပင်စိုက်ပျိုးခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ လမ်းတံတားပြုလုပ်ခြင်းစသည့် ကုသိုလ်များကို ပြုလုပ်ခဲ့ကြသည်။ သစ်ပင်စိုက်ပျိုးလှူဒါန်းရာတွင် နှစ်တိုပင်များဖြစ်သည့် အုန်းပင်၊

ပိန္နဲပင်များကို စိုက်ပျိုးလျှဒါန်းသကဲ့သို့ နှစ်ရှည်ပင်ဖြစ်သည့် ထန်းပင်များကိုလည်း စိုက်ပျိုးပေးခဲ့ကြသည်။ မိမိအတွက် မျှော်လင့်ချက်မထား၊ နောင်လာ နောက်သားတို့ ကောင်းစားရေးဟူသော ရေရှည်အကျိုး မြော်ကိုး စိုက်ပျိုးခဲ့ခြင်းဖြစ်၍ စိတ်ဓာတ်ဖြောင့်မှန်ကြသည်။ ထိုဒါနမျိုးများသည် ထာဝရအကျိုးများကို တုံ့ပြန်ပေးနေမည်သာ ဖြစ်သည်။

ဒါနတရားသည် အကျိုးကြီးလှသည်။ ဒါနပြုလုပ်နည်းမှန်ကန်ပါက တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကျိုးကို ပေးနိုင်သည်။ ကံ ကံ၏အကျိုးကို သိမြင်ယုံကြည်ကာ စေတနာသုံးတန်ပြည့်ဝစွာ လှူဒါန်းအပ်သော ဒါနသည် သံသရာအတွက် မိတ်ဆွေကောင်းကြီး ဖြစ်ပေသည်။

စေတနာသုံးတန်နှင့် ဒါနအင်္ဂါလက္ခဏာများ

ဒါနနှင့်ပတ်သက်လာလျှင် စေတနာသည် မပါမပြီး အရေးကြီးသည်။ စေတနာမရှိလျှင် မလှူဒါန်းနိုင်၊ စေတနာရှိမှသာ လှူဒါန်းနိုင်၏။ စေတနာဆိုရာမှာလည်း ပုဗ္ဗ မုဉ္စ အပရ ဟူ၍ သုံးမျိုးရှိသည်။ စွန့်လွှတ် လှူဒါန်းတုန်း လှူဒါန်းဆဲ၌ ဖြစ်ပေါ်သော စေတနာကို မုဉ္စစေတနာဟု ခေါ်သည်။ ဤမုဉ္စစေတနာသည်သာလျှင် ဒါနတရားကိုယ် အစစ်ဖြစ်သည်။

အလှူဒါနပြုလုပ်ရာတွင် မလှူဒါန်းမီရှေ့အဖို့၌ လှူဖွယ်ဝတ္ထုများကို စုဆောင်းရာဖွေရာအခါမှစ၍ "ငါသည် လောကီလောကုတ္တရာ များစွာသော စည်းစိမ်တို့၏ အကြောင်းဖြစ်သော အနုဂါမိက (ဘဝစဉ်ဆက်လိုက်တတ်သော) အလှူကုသိုလ်ကို ပြုရတော့မည်"စသည်ဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်းသည် ပုဗ္ဗစေတနာမည်၏။

လှူဖွယ်ဝတ္ထုပစ္စည်းအစုစုကို အလှူခံပုဂ္ဂိုလ်၏ လက်တွင်းသို့ ထည့်၍ စွန့်လွှတ်လှူဒါန်းဆဲအခါ "အနှစ်သာရမရှိသော ပစ္စည်းဥစ္စာမှ အနှစ်သာရရှိသော ကုသိုလ်မျိုးစေ့ကို ထုတ်ယူနေပါတကား"ဟု စိတ်ကြည်လင်ရွှင်ပြစွာ လှူဒါန်းမှုသည် မုဉ္စစေတနာမည်၏။

ပေးလှူပြီးနောက် "ငါသည် ပညာရှိတို့ ချီးမွမ်းအပ်သော လှူဒါန်းမှုကို ပြုလုပ်ခဲ့ရပေပြီ၊ ကောင်းပေစွ"ဟု အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်းသည် အပရစေတနာမည်၏။

ဤသို့လျှင် စေတနာသုံးတန်ပြည့်ဝစွာ လှူဒါန်းအပ်သော ဒါနသည် အကျိုးကြီးမားလှသည်။ လှူဒါန်းသူဘက်က ဤစေတနာသုံးတန်ပြည့်ဝရေးသည် အရေးကြီးသော အင်္ဂါရုပ်ဖြစ်သည်။

ထို့ပြင် အလှူဒါနအကျိုးကြီးမားထက်သန်ရေးအတွက် အလှူခံပုဂ္ဂိုလ်ဘက်ကလည်း အင်္ဂါလက္ခဏာများနှင့် ပြည့်စုံရန် အရေးကြီးပါသည်။ အလှူခံပုဂ္ဂိုလ်သည် ရာဂကင်းသူ၊ သို့မဟုတ် ရာဂကင်းရန် ကျင့်ကြံနေသူ ဖြစ်ရမည်။ ဒေါသကင်းသူ၊ သို့မဟုတ် ဒေါသကင်းရန် ကျင့်ကြံနေသူ၊ မောဟကင်းသူ၊ သို့မဟုတ် မောဟကင်းရန် ကျင့်ကြံနေသူ ဖြစ်ရမည်။ ရာဂ ဒေါသ မောဟကင်းရန် ကျင့်ကြံပြီး ကျင့်ကြံဆဲ ဖြစ်တော်မူကြကုန်သော ပုဂ္ဂိုလ်မြတ်တို့မှာ အကောင်းဆုံးသော အလှူခံပုဂ္ဂိုလ်မြတ်များ ဖြစ်ကြသည်။ အခြားပုဂ္ဂိုလ်တို့မှာမူ သာမန်အလှူခံပုဂ္ဂိုလ်တို့သာ ဖြစ်ကြသည်။ ဤသို့လျှင် အလှူပေးသူနှင့် အလှူခံသူ နှစ်ဦးနှစ်ဘက် အင်္ဂါလက္ခဏာနှင့် ပြည့်စုံရန် လိုအပ်ပါသည်။

ထို့ကြောင့် အလှူဒါနမြောက်ရန်အတွက် အလှူပေးသူ၊ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထု၊ လှူကြောင်းစေတနာ၊ ဤလေးပါးပြည့်စုံလျှင် ပေးလှူမှု ဒါနမြောက်၏။ လှူဖွယ်ဝတ္ထုသည် တရားသဖြင့် ရှာဖွေရရှိသော (ဓမ္မိယလဒ္ဓ) ပစ္စည်းဝတ္ထုဖြစ်ပါမူ ဒါနအကျိုးတရား ပိုမိုကြီးမားသည်။

သမုဒ္ဒရာရေ ပမာဏကို တစ်မှုတ် တစ်ဖလား တစ်အိုးစသည်ဖြင့် ရေတွက်ခြင်းငှါ မတတ်ကောင်းသလို အထက်ပါအင်္ဂါများနှင့် ပြည့်စုံသော အလှူဒါန၏ အကျိုးအာနိသင် အတိုင်းအရှည်ပမာဏကိုလည်း ဤမျှ.ဤမျှရှိ၏ဟု မရေတွက် မမှန်းဆနိုင်ပေ။

ဒါနအမျိုးမျိုး

အလှူဒါနသည် အမျိုးအစားအားဖြင့် များပြားစွာရှိရာ အဓိကအားဖြင့် သုတ္တန်ဒေသနာနည်းအရ ဒါန၊ ဝိနည်းဒေသနာနည်းအရ ဒါန၊ အဘိဓမ္မာ ဒေသနာနည်းအရ ဒါနဟူ၍ သုံးမျိုးရှိသည်။

သုတ္တန်ဒေသနာနည်းအရ ဒါနမှာ ဆယ်မျိုးရှိသည်။ ၎င်းတို့မှာ–

(၁) အန္နဒါန = ဆွမ်း ထမင်း အစားအစာအလှူ၊

(၂) ပါနဒါန = သောက်ရေ အဖျော်ယမကာအလှူ၊

(၃) ဝတ္ထဒါန = အဝတ် အထည် သင်္ကန်းစသည်အလှူ၊

(၄) ယာနဒါန = ဖိနပ်စသော ယာဉ်အလှူ၊

(၅) မာလာဒါန = ပန်းမျိုးစုံအလှူ၊

(၆) ဂန္ဓဒါန = နံ့သာခဲ နံ့သာတုံး အမွှေးတိုင်အမျိုးမျိုးအလှူ၊

(၇) ဝိလေပနဒါန = နံ့သာပျော်ငင်း နံ့သာအရည်အမျိုးမျိုးအလှူ၊

(၈) သေယျာဒါန = ညောင်စောင်း အင်းပျဉ် အိပ်ရာ နေရာ အမျိုးမျိုး အလှူ၊

(၉) အာဝါသဒါန = ကျောင်း ဓရုပ် သိမ် ဓမ္မာရုံစသည် အမျိုးမျိုး အလှူ၊

(၁၀) ပဒီပေယျဒါန = ဆီမီးစသည်အမျိုးမျိုးအလှူ – တို့ ဖြစ်ကြသည်။

ဝိနည်းဒေသနာနည်းအရ ဒါနမှာ လေးမျိုးရှိသည်။ ၎င်းတို့မှာ–

(၁) စီဝရဒါန = သင်္ကန်းအလှူ၊

(၂) ပိဏ္ဍပါတဒါန = ဆွမ်းဘောဇဉ်အလှူ၊

(၃) သေနာသနဒါန = ကျောင်း အိပ်ရာ နေရာအလှူ၊

(၄) ဘေသဇ္ဇဒါန = ဆေးပစ္စည်းအမျိုးမျိုးအလှူ – တို့ ဖြစ်ကြသည်။

အဘိဓမ္မာဒေသနာနည်းအရ ဒါနမှာ ခြောက်မျိုးရှိသည်။ ၎င်းတို့မှာ–

(၁) ရူပဒါန = အဆင်းအမျိုးမျိုး ရူပါရုံအလှူ၊

(၂) သဒ္ဒဒါန = အသံအမျိုးမျိုး သဒ္ဒါရုံအလှူ၊

(၃) ဂန္ဓဒါန = အနံ့အမျိုးမျိုး ဂန္ဓာရုံအလျှူ၊

(၄) ရသဒါန = စားဖွယ် သောက်ဖွယ် အမျိုးမျိုးရသာရုံ အလျှူ၊

(၅) ဖောဋ္ဌဗ္ဗဒါန = သက်နှံးကျောင်းစသော အထိအတွေ့ အမျိုးမျိုး ဖောဋ္ဌဗ္ဗာရုံအလျှူ၊

(၆) ဓမ္မဒါန = တရားဟောပြောခြင်း၊ သင်ကြားပို့ချခြင်း စသော အသိဉာဏ်အမျိုးမျိုးပေးသည့် ဓမ္မာရုံအလျှူ –

တို့ ဖြစ်သည်။

သုတ္တန်ဒေသနာနည်းလာ ဒါနမှာ အလျှူခံပုဂ္ဂိုလ်ကို ရွေးချယ်မှု မရှိဘဲ သာမန်အားဖြင့် ဟောကြားတော်မူခဲ့သည်။ ဝိနည်းဒေသနာနည်းလာ ဒါနမှာ သီလဝန္တ ပုဂ္ဂိုလ်အား သာ ရွေးချယ်လှူရန် ဟောကြားတော်မူခဲ့သဖြင့် သုတ္တန်နည်းလာ ဒါနထက် ပို၍ အကျိုးကြီးမားသည်။ အဘိဓမ္မာနည်းလာ ဒါနမှာ အာရုံခြောက်ပါး၌ ပညတ်အားဖြင့် နှလုံးမသွင်းဘဲ ပရမတ်အားဖြင့်သာ နှလုံးသွင်းလှူဒါန်းရသဖြင့် လွန်ကဲမွန်မြတ်သောဒါနဖြစ်၍ သုတ္တန်ဝိနည်းလာ ဒါနတို့ထက် အကျိုးကြီး၏။

သို့သော်လည်း အလျှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထု၊ စေတနာ၊ ဤသုံးဖြာ စင်ကြယ်ပြည့်စုံလျှင် မည်သည့်ဒါနမဆို ကြီးမားသော အကျိုးကို ပေးစွမ်းနိုင်၏။

ဒါနသည် အလှူရှင်၊ အလှူခံ၊ လှူဖွယ်ဝတ္ထု၊ လှူပုံအခြင်းအရာ၊ လှူဒါန်းသည့်အချိန်အခါ၊ လှူကြောင်း စေတနာစသည်ကို အကြောင်းပြု၍ ၂-ပါးတွဲ၊ ၃-ပါးတွဲ စသည်ဖြင့် ပိဋကတ်တော်တို့၌ လာရှိသည်။

၂-ပါးတွဲဒါနများ

ဆွမ်းသင်္ကန်းကျောင်းဆေးအားဖြင့် ပစ္စည်းလေးပါးကို ပေးလှူခြင်းသည် အာမိသဒါန ဖြစ်၏။ ဘုရားဟောတရားတော်ကို သူတပါးတို့အား

ဟောပြောပြသ ဆုံးမခြင်း၊ စာပေရေးသားထုတ်ဝေခြင်း၊ သင်ကြားပို့ချပေးခြင်း စသည်တို့သည် ဓမ္မဒါနဖြစ်၏။ တရားတော်ကို ပေးလှူခြင်းသည် မသေရာမှန် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်နှင့် တူ၏၊ ဒါနအားလုံးထက် ဓမ္မဒါနက သာလွန်မွန်မြတ်၏။

လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့ကို ကောင်းဆိုးယုတ်မြတ်ရွေးချယ်၍ လှူဒါန်းမှုသည် ဝိစိတဒါနမည်၏။ အမျိုးဘာသာ သာသနာတော်အတွက် အမှန်တကယ် လိုအပ်သော ပညာရေး ကျန်းမာရေး လူမှုရေးစသော ကိစ္စရပ်များကိုလည်း ရွေးချယ်၍ လှူဒါန်းသင့်သည်။ ရွေးချယ်စိစစ်၍ လှူဒါန်ခြင်းကိုသာ ဘုရားရှင်တို့ ချီးမွမ်းတော်မူကြ၏။ ထိုကဲ့သို့ ရွေးချယ်မှုမရှိဘဲ သာမန်လှူဒါန်းခြင်းသည် အဝိစိနနဒါနမည်၏။

ဝဋ်ဆင်းရဲဖြစ်သော လောကီစည်းစိမ်ချမ်းသာကို တောင့်တ၍ လှူအပ်သော အလှူသည် ဝဋ္ဋနိဿိတဒါန မည်၏။ ထိုဆင်းရဲကင်းရာနိဗ္ဗာန်ကို တောင့်တ၍ လှူအပ်သော အလှူသည် ဝိဝဋ္ဋနိဿိတဒါနမည်၏။

သားငါး ကြက်ဝက်များကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းသော ဒါနသည် အပြစ်နှင့်တကွဖြစ်သောကြောင့် သာဝဇ္ဇဒါနမည်၏။ သတ္တဝါများ၏ အသက်ကို မသတ်မူ၍ ကိုယ်တိုင်သတ်ဖြတ်မှု ကင်းရှင်းသော ဒါနမျိုးသည် အပြစ်မရှိသောကြောင့် အနဝဇ္ဇဒါနမည်၏။ အကုသိုလ်ကင်းသောဒါန၊ အကုသိုလ်မကင်းသောဒါနတို့ကို ဆိုလိုသည်။

ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်လှူဒါန်းအပ်သော ဒါနသည် သာဟတ္ထိကဒါန မည်၏။ သူတပါးကို စေခိုင်း၍ လှူဒါန်းအပ်သောဒါနသည် အာဏတ္တိကဒါန မည်၏။

ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဖွယ်ဝတ္ထုကို ကောင်းကောင်းမွန်မွန် ပြုပြင်စီရင်၍ အလှူခံပုဂ္ဂိုလ်ကို ရိုသေလေးစားစွာ ပေးလှူခြင်းသည် သက္ကစ္စဒါနမည်၏။ ယုံကြည်မှုမရှိဘဲ လှူဖွယ်ဝတ္ထုကိုလည်း မပြုမပြင်၊ အလှူခံပုဂ္ဂိုလ်ကိုလည်း မရိုသေမလေးစားဘဲ ပေးလှူခြင်းသည် အသက္ကစ္စဒါန မည်၏။

လှူဒါန်းရာ၌'ကံ' ကံ၏အကျိုးစသည်တို့ကို သိမြင်၍ လှူဒါန်းခြင်းသည် ဉာဏ်နှင့်ယှဉ်သည့်အတွက် ဉာဏသမ္ပယုတ္တဒါန မည်၏။ ကံ, ကံ၏အကျိုး

စသည်တို့ကို မသိမမြင်ဘဲ လှူဒါန်းမှုသည် ဉာဏ်နှင့်မယှဉ်သောကြောင့် ဉာဏဝိပွယုတ္တဒါနမည်၏။

သူတပါးတို့က်တွန်းနှိုးဆောင်၍ ပြုလုပ်အပ်သော ဒါနသည် သသင်္ခါရိကဒါနမည်၏။ မိမိ၏ ပင်ကိုစေတနာသဒ္ဓါတရားဖြင့် ထက်သန်စွာ လှူဒါန်းအပ်သောဒါနသည် အသင်္ခါရိကဒါနမည်၏။

ကျောင်း သင်္ကန်း ဆွမ်း ဆေး စသော ဝတ္ထုပစ္စည်းများကို လှူဒါန်းခြင်းသည် ဝတ္ထုဒါနမည်၏။ သတ္တဝါဟူသမျှတို့ကို ကယ်ဆယ်သောအားဖြင့် ဘေးမဲ့ပေးခြင်းသည် အဘယဒါနမည်၏။

အမြဲတည်နေမည့် ဘုရား တန်ဆောင်း ကျောင် ဧရပ် ရေတွင်း ရေကန် လမ်းတံတား စသည်တို့ကို ဆောက်လုပ်လှူဒါန်းခြင်းသည် ထာဝရဒါနမည်၏။ ခေတ္တခဏမျှသာ သုံးဆောင်ရသော ဆွမ်း သင်္ကန်း စသည့်ပစ္စည်းများကို လှူဒါန်းခြင်းသည် အထာဝရဒါနမည်၏။

နေ့စဉ်ဘုရားရှိခိုးခြင်း၊ ဆွမ်း ရေချမ်း ပန်း ဆီမီး ကပ်လှူခြင်း၊ ဆွမ်းလောင်းခြင်း စသည်ဖြင့် အမြဲမပြတ် အာစိဏ္ဏကံဝတ်ထား၍ ပြုလုပ်အပ်သောဒါနသည် နိဗဒ္ဓဒါနမည်၏။ နေ့စဉ်မဟုတ်ဘဲ တက်နိုင်သည့် အခါမှာသာ ပြုလုပ်အပ်သောဒါနသည် အနိဗဒ္ဓဒါန မည်၏။

ဝါဆိုသင်္ကန်းကို လှူခြင်း၊ ကထိန်သင်္ကန်းကို လှူခြင်း၊ မကျန်းမာသောသူ၊ ဧည့်သည်၊ ခရီးသွားစသည်တို့အား အချိန်အခါနှင့်ကိုက်ညီအောင် ထိုက်သင့်ရာကို စီမံလှူဒါန်းခြင်းသည် ကာလဒါနမည်၏။ အချိန်အခါကို မရွေးချယ်ဘဲ တိုက်ဆိုင်သည်ဖြစ်စေ၊ မတိုက်ဆိုင်သည်ဖြစ်စေ လှူလိုသောအခါ၌ စီမံလှူဒါန်းခြင်းသည် အကာလဒါနမည်၏။

အကြွင်းအကျန် အည့ဲအဖျင်းဖြစ်သော ပစ္စည်းကို လှူဒါန်းခြင်းသည် ဥစ္ဆိဋ္ဌဒါနမည်၏။ အကြွင်းအကျန် အည့ဲအဖျင်းမဟုတ် အဦးအဖျား အမွှန်အမြတ်ဖြစ်သောပစ္စည်းကို လှူဒါန်းခြင်းသည် အနုစ္ဆိဋ္ဌဒါန (အဂ္ဂဒါန)မည်၏။

ပဂ္ဂိုလ်ကို သီးခြားသတ်မှတ်ပိုင်းခြား၍ လှူဒါန်းခြင်းသည် ပုဂ္ဂလိကဒါနမည်၏။ အများသံဃာကို ရည်ရွယ်သတ်မှတ်၍ လှူဒါန်းခြင်းသည် သံဃိကဒါနမည့်၏။ သံဃာဟူသည် မြတ်စွာဘုရား၏ တပည့်သားတော်

ပုဂ္ဂိုလ်အပေါင်းကို ခေါ်သည်။ အရိယာပုဂ္ဂိုလ်ဟူသမျှလည်း ပါဝင်သည်။ မည်သည့် ပုဂ္ဂိုလ်ကိုမျှ အာရုံမထားဘဲ သံယာအများ အစုအပေါင်းကိုသာ အာရုံထား၍ လှူဒါန်းမှ သံဃိကဒါနမြောက်သည်။

ပုဂ္ဂလိကဒါန (၁၄)ပါး

မြတ်စွာဘုရားသည် ပုဂ္ဂလိကဒါနများ အကျိုးကြီးပုံအလိုက် အောက်ပါအတိုင်း ဟောကြားခဲ့သည်–

မြတ်စွာဘုရားအား လှူဒါန်းခြင်း၊ ပစ္စေကဗုဒ္ဓါ၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ် (ရဟန္တာ)၊ အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ အနာဂါမိမဂ်ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သာသနာပအခါ စျာန်အဘိညာဉ်ရ ရသေ့များ၊ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်၊ သီလမရှိသော ပုထုဇဉ်ပုဂ္ဂိုလ်၊ တိရစ္ဆာန်တို့အား လှူဒါန်းခြင်းဟူ၍ အလှူခံတစ်ကျိပ်လေးယောက်ကို ဟောကြားတော်မူခဲ့သည်။

ထို(၁၄)ဦးတို့တွင်တိရစ္ဆာန်တစ်ဦးအား တစ်နပ်စာဝအောင် ကျွေးမွေးလိုက်သောအလှူသည် ဘဝတစ်ရာတို့၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း ဟူသော ကောင်းကျိုးတို့ကို ပေးနိုင်၏။

ဒုဿီလအား ပေးလှူလျှင် ဘဝတစ်ထောင်၊ သီလဝန္တ ပုဂ္ဂိုလ်အား ပေးလှူလျှင် ဘဝတစ်သိန်း၊ စျာန်ရ ရသေ့တို့အား ပေးလှူလျှင် ဘဝကုဋေတစ်သိန်း၊ သောတပတ္တိမဂ်ပုဂ္ဂိုလ်တို့အား ပေးလှူလျှင် ဘဝအသင်္ချေအကျိုးပေးနိုင်၏။ အထက်အရိယာ ပုဂ္ဂိုလ်မြတ်များ၊ ပစ္စေကဗုဒ္ဓါ၊ မြတ်စွာဘုရားတို့အား ပေးလှူလျှင်မူ ဘဝပေါင်း အသင်္ချေအနန္တ ဆင့်ကာဆင့်ကာ တိုး၍ ကောင်းကျိုးများကို ပေးနိုင်သည်။

ဒုဿီလပုဂ္ဂိုလ်တို့အား လှူဒါန်းရာ၌ ထိုသူတို့၏ အကျင့်အကြံကို အလိုတူ အားပေးချီးမြှောက်လိုသော စိတ်စေတနာဆိုးဖြင့် လှူမှသာ အပြစ်ရှိသည်။ ထိုသူတို့၏ အကျင့်အကြံကို ပမာဏမပြုဘဲ စင်ကြယ်သော စိတ်ဖြင့်သာ အလှူခံပုဂ္ဂိုလ်ရောက်လာလျှင် လှူဒါန်းထိုက်သည့်ဟု သဘောထား၍ လှူဒါန်းမူကား အပြစ်မရှိနိုင်ပေ။

သံယိုက အလှူ (၇) မျိုး

(၁) မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါ ဘုရားအမှူးရှိသော ဘိက္ခု ဘိက္ခုနီ သံဃာတို့အား လှူဒါန်းခြင်း၊

(၂) ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် ဘိက္ခု ဘိက္ခုနီ သံဃာတို့အား လှူဒါန်းခြင်း၊

(၃) ဘိက္ခုသံဃာအားသာ လှူဒါန်းခြင်း၊

(၄) ဘိက္ခုနီ သံဃာအားသာ လှူဒါန်းခြင်း၊

(၅) ဘိက္ခု ဘိက္ခုနီ သံဃာများက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်တို့အား သံဃာကို စိတ်အာရုံထား၍ လှူဒါန်းခြင်း၊

(၆) ရဟန်း သံဃာများက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်တို့အား သံဃာဟူသော စိတ်ထားဖြင့် လှူဒါန်းခြင်း၊

(၇) ဘိက္ခုနီ သံဃာများက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်တို့အား သံဃာဟူသော စိတ်ထားဖြင့် လှူဒါန်းခြင်း–

ဟူ၍ သံယိုကဒါန (၇)မျိုး ရှိသည်။

သံယိုကဒါနအရာ၌ကား သံဃာတော်သည် တစ်မျိုးတစား၊တည်းသာ ဖြစ်၏။ ကောင်း, မကောင်း နှစ်မျိုးမရှိပေ။ ဘုရား၊တပည့်သား အရိယာ သံဃာအပေါင်းမှာ အယုတ် အမြတ်ဟူ၍ မရှိပေ။ မြတ်သော သံဃာချည်းသာ ဖြစ်သည်။ ထို့ကြောင့် အလှူခံပုဂ္ဂိုလ်ကို မကြည့်ဘဲ ဘုရား၊တပည့်သား သံဃာတော်အပေါင်းအား လှူပါ၏ဟူ၍ စိတ်က သံဃာကို အာရုံပြု၍ လှူဒါန်းသော အလှူသည် သံယိုကဒါနဖြစ်၏။ သံဃာသည်သာလျှင် အလှူခံပုဂ္ဂိုလ်ဖြစ်၏။ ရှေ့တွင်ရောက်နေသော ပုဂ္ဂိုလ်ကား သံဃာ့ကိုယ်စားမျှသာ ဖြစ်၍ မည်သို့ပင် ယုတ်ညံ့နေစေကာမူ မူရင်းအလှူခံ သံဃာတော်က မြင့်မြတ်နေသောကြောင့် မြတ်သော သံယိုကဒါနသာဖြစ်လေသည်။

၃-ပါးတွဲဒါနများ

ဒါနပြုလုပ်ရာ၌ ဆန္ဒစသော အဓိပတိတရားလေးပါးတို့ အားပျော့ယုတ်ညံ့လျက် လူဒါန်းခြင်း၊ လူချမ်းသာ နတ်ချမ်းသာများကို တောင့်တရည်စူး၍ လူဒါန်းခြင်းသည် ဟီနဒါနမည်၏။

အဓိပတိတရားလေးပါးတို့ အလတ်စားဖြစ်လျက် လူဒါန်းခြင်း၊ သာဝကဗောဓိ, ပစ္စေကဗောဓိဉာဏ်ကို တောင့်တ၍ လူဒါန်းခြင်းသည် မဇ္ဈိမဒါန မည်၏။

အဓိပတိတရားလေးပါးတို့ အမြတ်စားဖြစ်လျက် လူဒါန်းခြင်း၊ သမ္မာသမ္ဗောဓိ(သဗ္ဗညုတ)ဉာဏ်ကို ရည်သန်တောင့်တ၍ လူဒါန်းခြင်းသည် ပဏီတဒါနမည်၏။

လောက၌ မိမိကိုယ်တိုင် ကောင်းမွန်သည်တို့ကို သုံးဆောင်၍ အောက်လက်ငယ်သားများအား ယုတ်ညံ့သော ပစ္စည်းတို့ကို ပေးကမ်းသကဲ့သို့ အလူခံပုဂ္ဂိုလ်တို့အား မိမိသုံးစွဲသော ပစ္စည်းထက် ယုတ်ညံ့သောပစ္စည်းကို လူဒါန်းခြင်းသည် ဒါနဒါသမည်၏။

မိမိအသုံးအဆောင်နှင့် ဆိုးကောင်းယုတ်မြတ်တူညီသော ပစ္စည်းကို ပေးလူခြင်းသည် ဒါနသဟာယမည်၏။

မိမိသုံးဆောင်သည်ထက် ပိုမို ကောင်းမွန်သောပစ္စည်းကို ပေးလူခြင်းသည် ဒါနပတိ၊ ဒါနဇေဋ္ဌက၊ ဒါနသာမိမည်၏။

၄-ပါးတွဲဒါနများ

စီဝရဒါန = အဝတ်သင်္ကန်းလူဒါန်းခြင်း၊

ပိဏ္ဍပါတဒါန = ဆွမ်းခဲဖွယ်ဘောဇဉ်လူဒါန်းခြင်း၊

သေနာသနဒါန = ကျောင်းအိပ်ရာနေရာလူဒါန်းခြင်း၊

ဘေသဇ္ဇဒါန = ဆေးပစ္စည်းလူဒါန်းခြင်း။

၅-ပါးတွဲဒါနများ

ကာလဒါန (၅) ပါး

ဧည့်သည် အာဂန္တုအား လှူဒါန်းခြင်း၊
ခရီးသွား ပုဂ္ဂိုလ်များအား လှူဒါန်းခြင်း၊
မကျန်းမာသော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
ဝတ်မွတ်ခေါင်းပါးသောအခါ၌ လှူဒါန်းခြင်း၊
မိမိလုပ်ကိုင်သော ကောက်ဦး သစ်သီးဦးတို့ကို သီလဝန္တ ရဟန်းတော်တို့အား ဦးဦးဖျားဖျား လှူဒါန်းခြင်း။

မဟာဒါန (၅) ပါး

ငါးပါးသီလကိုပင် မဟာဒါနကြီးငါးပါးဟူ၍ ခေါ်သည်။ ပါဏာတိပါတ သိက္ခာပုဒ်ကို ဆောက်တည်၍ သီလနှင့်ပြည့်စုံလျှင် ထိုသူသည် သတ္တဝါတို့ကို သတ်ဖြတ်ခြင်းအမှု မပြုလုပ်တော့သဖြင့် အဘယဒါန = သတ္တဝါတို့အား ဘေးကင်းစေခြင်း အမှုကို ပြုသည်မည်၏။ ဤနည်းအတူ ငါးပါးသီလကို စောင့်ထိန်းသဖြင့် သတ္တဝါတို့အား ဘေးကင်းစေခြင်းအမှုကို ပေးလျှင် သီလအရင်းခံရှိသော ဒါနကိစ္စပါဝင် ပြီးစီးသွားသောကြောင့် သီလငါးပါးကိုပင် မဟာဒါနငါးပါးဟု ခေါ်သည်။

ထာဝရကုသိုလ် (၆) မျိုး

(၁) အာရာမရောပ ဒါန= ပန်းဥယျာဉ် သစ်သီးဥယျာဉ်များကို စိုက်ပျိုး၍ လှူဒါန်းခြင်း၊
(၂) ဝနရောပ ဒါန = အရိပ်ရုပင် စားသုံးပင်စသော သစ်ပင်ကြီးငယ်တို့ကို စိုက်ပျိုး၍ လှူဒါန်းခြင်း၊
(၃) သေတုကာရက ဒါန= တံတားခင်း လမ်းဖောက်၍ လှူဒါန်းခြင်း၊
(၄) ပပါ ဒါန = ရေချမ်းစင်တည်၍ လှူဒါန်းခြင်း၊
(၅) ဥဒပါန ဒါန = ရေတွင်းရေကန် ရေမြောင်းများတူး၍ လှူဒါန်းခြင်း၊

(၆) ဥပသယ ဒါန = ဇရပ် တန်ဆောင်း ဂူ ကျောင်းပြာသာဒ်နားနေရိပ်သာ ဆေးရုံ ဆေးခန်းစသော အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း။

ဤခြောက်ပါးသော ထာဝရကုသိုလ်တို့အနက် အလှူတစ်မျိုးမျိုးကို လှူဒါန်းသော အလှူရှင်သည် နေ့ရော ညဉ့်ပါ အခါခပ်သိမ်း အမြဲထာဝရကုသိုလ်တရားတိုးပွားနေ၍ ကွယ်လွန်သည့်နောက် နတ်ပြည်သို့ လားရောက်ရသည်။

အဓမ္မိကဒါန (၉) မျိုး

(၁) ကျောင်းတိုက်တစ်ခုရှိ သံဃာအား လှူရန် ရည်ရွယ်ပြီး ပစ္စည်းကို အခြားကျောင်းတိုက်ရှိ သံဃာအား လှူပါဟု အလှူရှင်အား ပြောဆို၍ ပေးလှူစေခြင်း(သံဃပရိဏာတ အညသံဃဒါန)၊

(၂) သံဃာအား လှူရန် ရည်ရွယ်ပြီး ပစ္စည်းကို စေတီတော်အား လှူပါဟု အလှူရှင်အား ပြောဆို၍ ပေးလှူစေခြင်း (သံဃပရိဏာတ စေတိယဒါန)၊

(၃) သံဃာအားလှူရန် ရည်ရွယ်ပြီး ပစ္စည်းကို ပုဂ္ဂိုလ်တစ်ဦးဦးအား လှူပါဟု အလှူရှင်အားပြောဆို၍ ပေးလှူစေခြင်း (သံဃပရိဏာတ ပုဂ္ဂလဒါန)၊

(၄) စေတီတစ်ဆူအား လှူရန်ရည်ရွယ်ပြီး ပစ္စည်းကို အခြားစေတီတစ်ဆူအား လှူပါဟု အလှူရှင်အား ပြောဆို၍ ပေးလှူစေခြင်း (စေတိယပရိဏာတ အညစေတိယဒါန)၊

(၅) စေတီတော်အား လှူရန် ရည်ရွယ်ပြီး ပစ္စည်းကို သံဃာအား လှူပါဟု အလှူရှင်အား ပြောဆို၍ ပေးလှူစေခြင်း (စေတိယပရိဏာတ သံဃဒါန)၊

(၆) စေတီတော်အားလှူရန် ရည်ရွယ်ပြီး ပစ္စည်းကို ပုဂ္ဂိုလ်တစ်ဦးဦးအား လှူပါဟု အလှူရှင်အား ပြောဆို၍ ပေးလှူစေခြင်း(စေတိယ ပရိဏာတ ပုဂ္ဂလဒါန)၊

(၇) ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦးအားပေးလှူရန် ရည်ရွယ်ပြီး ပစ္စည်းကို အခြားပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦးအား ပေးလှူပါဟု အလှူရှင်အား ပြောဆို၍ ပေးလှူစေခြင်း (ပုဂ္ဂလပရိဏာတ အညပုဂ္ဂလဒါန)၊

(၈) ပုဂ္ဂိုလ်တစ်ဦးဦးအား ပေးလှူရန် ရည်ရွယ်ပြီး ပစ္စည်းကို စေတီတော်အား လှူပါဟု အလှူရှင်အား ပြောဆို၍ ပေးလှူစေခြင်း (ပုဂ္ဂလပရိဏာတ စေတိယဒါန)၊

(၉) ပုဂ္ဂိုလ်တစ်ဦးဦးအား ပေးလှူရန် ရည်ရွယ်ပြီး ပစ္စည်းကို သံဃာအား လှူပါဟု အလှူရှင်အား ပြောဆို၍ ပေးလှူစေခြင်း (ပုဂ္ဂလပရိဏာတ သံဃဒါန)။

ဤနေရာ၌ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲဝင်ရောက် စွက်ဖက်ကြသဖြင့် တရားနှင့်အညီ ပေးလှူခြင်းမျိုး မဟုတ်သောကြောင့် အဓမ္မိကဒါနမည်၏။ အလှူရှင်တို့ မူလရည်ရွယ်ထားပြီးသော သံဃာ, စေတီ, ပုဂ္ဂိုလ်မှတပါး အခြားသော သံဃာ, စေတီ, ပုဂ္ဂိုလ်သို့ တရားနည်းလမ်းကျစွာ လှူဒါန်းစေခြင်း၊ ပုဂ္ဂလဓိဋ္ဌာန်မဖက်ဘဲ ပို၍ အကျိုးကြီးမားစေလိုသောစေတနာဖြင့် ညွှန်ပြခြင်း၊ အလှူရှင် ကိုယ်တိုင် အသိမှန်ရ၍ မူလရည်ရွယ်ရင်းမှ အခြားတပါးသို့ ပြောင်းရွေ့ လှူဒါန်းခြင်း၊ အလှူရှင်က သင့်လျော်ရာကို ညွှန်ပြပါဟု ပြောဆိုသဖြင့် ညွှန်ပြခြင်း၊ အလှူရှင် ရည်ရွယ်မှန်းထားသည်ကို မသိ၍ အခြားတပါးသို့ ညွှန်ပြခြင်းတို့ကိုကား အဓမ္မိကဒါနဟု မခေါ်ဆိုထိုက်ပေ။

မပေးလှူကောင်းသော အလှူ (၁၀) မျိုး

(၁) မဒ္ဒဒါန - သေရည်အရက်ကို ပေးလှူခြင်း၊
(၂) သမဒ္ဒဒါန - ဇာတ်ပွဲသဘင်ဖြင့် လှူဒါန်းပူဇော်ခြင်း၊
(၃) ဣတ္ထိဒါန - မေထုန်အလို့ငှာ မိန်းမကို ပေးလှူခြင်း၊

(၄) ဥသဘဒါန – နွားမအပေါင်းတို့၏ အလယ်၌ နွားလား ဥသဘကို လွှတ်ပေးခြင်း၊

(၅) စိတ္တကမ္မဒါန – ကိလေသာထကြွစေတတ်သော ရုပ်ပုံ ပန်းချီကားများကို ပေးလှူခြင်း၊

(၆) သတ္ထဒါန – လက်နက်ကို ပေးလှူခြင်း၊

(၇) ဝိသဒါန – အဆိပ်ကို ပေးလှူခြင်း၊

(၈) သန်လိကဒါန – သံခြေချင်းကို ပေးလှူခြင်း၊

(၉) ကုက္ကုဋ္ဌသူကရဒါန– ကြက်၊ ဝက်တို့ကို ပေးလှူခြင်း၊

(၁၀) တုလာကူဋ္ဌ မာနကူဋ္ဌဒါန – ချိန်စဉ်းလဲ၊ တောင်းစဉ်းလဲ (နှစ်ဘက်မညီမျှသော ချိန်ခွင်၊ တင်းမပြည့်သော တောင်း)တို့ကို ပေးလှူခြင်း။

ဤ (၁၀) ပါးတို့သည် လောက၌ အလှူစာရင်းမဝင်သော်လည်း အချို့သောသူတို့သည် ပေးလှူမိတတ်ကြ၏။ ပေးလှူမိလျှင် အပါယ်ဒုက္ခတိဘဝများသို့ ကျရောက်စေနိုင်သည်။ ထို့ကြောင့် ဤအလှူ (၁၀) မျိုးတို့ကို မပေးလှူမိကြရန် အထူးသတိထားသင့်သည်။

ဒါနအကျိုးတရားများ

အလှူဒါနပြုလုပ်သူသည် အောက်ပါ အကျိုးတရားများကို ရရှိခံစားရသည်၊ ၎င်တို့မှာ–

(၁) လူအများ၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရခြင်း၊

(၂) သူတော်ကောင်းအလှူခံပုဂ္ဂိုလ်များသည် အလှူရှင်ထံ ချဉ်းကပ် ရောက်လာကြခြင်း၊

(၃) ဂုဏ်သတင်းကောင်း ကျော်စောခြင်း၊

(၄) မင်းပရိသတ် ရဟန်းပရိသတ်စသော ပရိသတ်များအလယ်သို့ မကြောက်မရွံ့ ဝင်ရောက်နိုင်ခြင်း၊

(၅) သေသည့်၏နောက်၌ နတ်ပြည်သို့ ရောက်ရခြင်းတို့ ဖြစ်သည်။

ထို့ပြင် ရဟန္တာမထေရ်မြတ်တို့၏ ချီးမြှောက်မှုကို ရှေးဦးစွာခံယူရရှိခြင်း၊ ရဟန္တာမထေရ်မြတ်တို့၏ မိမိထံသို့ အလှူခံရန် ချဉ်းကပ်မှုကို ရှေးဦးစွာ ခံယူရရှိခြင်း၊ လှူဖွယ်ဝတ္ထုများကို ရှေးဦးစွာ လှူဒါန်းခွင့်ရရှိခြင်း၊ တရားတော်များကို ရှေးဦးစွာ နာယူခွင့်ရရှိခြင်း စသည့်အကျိုးတရားများကိုလည်း ရရှိလေသည်။

ထို့ပြင် အလှူဒါနပြုသူသည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ အခြံအရံများ၍ ကျော်စောခြင်း၊ ဆင်းရဲကင်း၍ ချမ်းသာခြင်း၊ ဘေးဥပဒ်ကင်းခြင်း၊ ရောဂါအန္တရာယ်ကင်းခြင်း၊ လူနတ်တို့၏ အပူဇော်ကိုခံရခြင်း၊ ချစ်သူခင်သူများနှင့် မကွဲမကွာနေရခြင်း ဟူသော အကျိုးထူးများကိုပါ ခံစားရသည်။

ဒါနသည် အလှူပေး အလှူခံနှစ်ဦးလုံး၏ စိတ်ကို နူးညံ့ပျော့ပျောင်းအောင် ပြုလုပ်နိုင်၏။ မယဉ်ကျေးသူများကို ယဉ်ကျေးစေနိုင်၏။ ကိစ္စခပ်သိမ်းကို ပြီးငြိမ်း အောင်မြင်စေနိုင်၏။ မိမိ၏ စကားကိုလည်း နားထောင်စေနိုင်၏။ စကြာမင်း, သိကြားမင်း, ဗြဟ္မာမင်းတို့၏ လောကီစည်းစိမ်နှင့် သာဝက ပါရမီဉာဏ် ပစ္စေကဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ်ဟူသော လောကုတ္တရာ စည်းစိမ်တို့ကို ပေးစွမ်းနိုင်၏။ စျာန် ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာကို ရောက်အောင် အထောက်အပံ့အဖြစ် ကျေးဇူးပြုနိုင်၏။

ပြဆိုခဲ့ပြီးသော ဒါန၏ အကျိုးတရားများသည် အနည်းငယ်မျှသာ ဖြစ်သည်။ ဒါန၏ အကျိုးတရားများသည် ဖော်ပြ၍ မကုန်နိုင်အောင် များပြားလှသည်။ ဒါန၏ အကျိုးတရားများကို ဘုရားရှင်မှတပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ကုန်စင်အောင်မသိနိုင်ပေ။

ထို့ကြောင့် အကျိုးတရားလွန်စွာကြီးမား များပြားလှသော ဒါနတရားကို ဆည်းပူးအားထုတ်သင့်ပေသည်။

အကျိုးကြီးသော ဒါနနှင့် အကျိုးနည်းသော ဒါန

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝေဠုကဏ္ဍတိမြို့သူ နန္ဒမာတာ ဥပါသိကာ ဒါယိကာမက

အဂ္ဂသာဝကနှစ်ပါး အမှူးရှိသော သံဃာတော်တို့အား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အလှူကြီးပေးလှူနေသည်ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူ၍ အကျိုးကြီးသော ဒါနအကြောင်းကို ဟောပြတော်မူခဲ့သည်။

အကျိုးကြီးသော ဒါန၏ အင်္ဂါရပ်များမှာ–

(၁) မလှူမီ ရှေ့အဖို့က ကြိုတင်ဝမ်းမြောက်ခြင်း၊

(၂) လှူဆဲအခါမှာ စိတ်စေတနာကောင်းစွာ ကြည်လင်ခြင်း၊

(၃) လှူဒါန်းပြီးနောက် နှစ်သက်ဝမ်းမြောက်သောစိတ်ရှိခြင်း–

ဟူသော အလှူရှင်ဘက်က အင်္ဂါ(၃)ပါးနှင့် ပြည့်စုံခြင်း၊

(၄) ရာဂကင်းပြီးသူ (သို့မဟုတ်) ရာဂကင်းရန် ကျင့်ကြံအားထုတ်နေသူ ဖြစ်ခြင်း၊

(၅) ဒေါသကင်းပြီးသူ (သို့မဟုတ်) ဒေါသကင်းရန် ကျင့်ကြံအားထုတ်နေသူ ဖြစ်ခြင်း၊

(၆) မောဟကင်းပြီးသူ (သို့မဟုတ်) မောဟကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း–

ဟူသော အလှူခံဘက်က အင်္ဂါသုံးပါးနှင့် ပြည့်စုံခြင်း။

ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသောအလှူကို အတိုင်းမသိ အကျိုးပေးခြင်း ရှိသည့် အကျိုးကြီးသော ဒါနဟူ၍ ဟောတော်မူ၏။ ဤအင်္ဂါခြောက်ပါးတွင် တစ်ပါးပါးယုတ်လျော့နေလျှင် အကျိုးပေးအားနဘော်ဆုတ်ယုတ်သဖြင့် အကျိုးနည်းသော ဒါနဟု ဟောတော်မူသည်။

ထို့အပြင် အောက်ပါအင်္ဂါလေးပါးနှင့် ညီညွတ်သော အလှူဒါနသည် ချက်ချင်းအကျိုးပေးတတ်သဖြင့် အကျိုးကြီးသော ဒါနဖြစ်သည်။ ၎င်းအင်္ဂါလေးပါးမှာ–

(၁) လှူဖွယ်ဝတ္ထုပစ္စည်းက တရားသဖြင့် ရှာဖွေရရှိထားသည့် ဓမ္မိယလဒ္ဓပစ္စည်းဖြစ်ခြင်း၊

(၂) လွှဒါန်းသူသည် သဒ္ဓါတရား ထက်ထက်သန်သန်စေတနာသုံးတန် ညီညွတ်၍ လွှဒါန်းခြင်း၊

(၃) အလှူခံပုဂ္ဂိုလ်က ရဟန္တာ (သို့မဟုတ်) အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၄) ထိုအလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှ ထပြီးစဖြစ်ခြင်း – တို့ဖြစ်ကြသည်။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော အလှူဒါနသည် ပုဏ္ဏာသူဌေး၊ ကာကဝလိယသူဌေး၊ သုမနပန်းသည် စသည်တို့ကဲ့သို့ ယခုဘဝမှာပင် ချက်ချင်း အကျိုးပေးသောကြောင့် အကျိုးကြီးသော ဒါနမည်၏။ ဤအင်္ဂါလေးပါးတွင် တစ်ပါးပါးယုတ်လျော့နေလျှင် အကျိုးပေးအားနုဘော် ဆုတ်ယုတ်သဖြင့် အကျိုးနည်းသော ဒါနမည်၏။

ထို့အပြင်လည်း အောက်ပါအင်္ဂါငါးပါးနှင့် ပြည့်စုံသော အလှူဒါနသည် အကျိုးကြီးသော ဒါနဖြစ်သည်။ ၎င်းအင်္ဂါငါးပါးမှာ–

(၁) အလှူ ဒါယကာ သီလရှိ၍ ကောင်းသောကိုယ်ကျင့်တရားနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(၂) အလှူခံပုဂ္ဂိုလ်ကလည်း သီလရှိ၍ ကောင်းသော ကိုယ်ကျင့် တရားနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(၃) လှူဖွယ်ဝတ္ထုကလည်း ဘရားသဖြင့် ရှာမှီး၍ ရအပ်သည့် ဓမ္မိယလဒ္ဓပစ္စည်း ဖြစ်ခြင်း၊

(၄) ပေးလှူသူသည် စေတနာသုံးတန် ထက်သန်ခြင်း၊

(၅) ကံ, ကံ၏အကျိုးကို ယုံကြည်မှုသဒ္ဓါတရားနှင့် ပြည့်စုံခြင်း– တို့ဖြစ်သည်။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ဒါနသည် ဘဝသံသရာ တလျှောက်၌ ဘောဂသမ္ပတ္တိများကို ပေးဆောင်နိုင်သဖြင့် အကျိုးကြီးသော ဒါနမည်၏။

ဤအင်္ဂါငါးပါးတွင် တစ်ပါးပါးယုတ်လျော့နေလျှင် အကျိုးပေး အာနုဘော် ဆုတ်ယုတ်သဖြင့် အကျိုးနည်းသော ဒါနမည်၏။

သောတာပန်နှင့် အလားတူသောဒါန

သောတာပန်နှင့်အလားတူအကျိုးကြီးသောဒါနမှာ–

(၁) ဆွမ်းဒါယကာ၏ အမည်ကိုရေး၍ သံဃာထဲမှ မဲကျသော ရဟန်းတို့အား လှူဒါန်းအပ်သော သလာကဘတ်အလှူ၊

(၂) လဆန်း–လဆုတ် ၇–ရက်၊ ၈–ရက်၊ ၁၄–ရက်၊ ၁၅–ရက်နေ့တို့၌ ဥပုသ်စောင့်သုံးကာ လှူဒါန်းအပ်သော ပက္ခိကဘတ်အလှူ၊

(၃) ဝါဆိုသင်္ကန်းအလှူ၊

(၄) ရေတွင်းရေကန်အလှူ၊

(၅) ဇရပ်၊ တန်ဆောင်း၊ ကျောင်းအလှူတို့ ဖြစ်သည်။

ထိုဒါနသည် သောတာပန်နှင့် အလားတူစွာ အပါယ်သို့ မကျရောက်ရ တော့ဘဲ သုဂတိဘဝတို့သို့သာ အမြဲလားရောက်ရခြင်းဟူသော အကျိုးကို ရရှိသည်။ သို့ဖြစ်၍ ဤဒါနသည် အကျိုးကြီးသောဒါနမည်၏။

သာသနာတွင်း သာသနာပ အလှူဒါန အကျိုးကွာခြားပုံ

အကျိုးကြီးသောဒါန အကျိုးနည်းသောဒါနတို့နှင့် ပတ်သက်၍ သာသနာတွင်းဒါန နှင့် သာသနာပဒါနတို့သည် လွန်စွာ အလေးထားသင့်သော ဒါနတို့ ဖြစ်ကြသည်။

လောကရှိလူမျိုးတိုင်း ဘာသာတိုင်းသည် အလှူဒါနတစ်ခုခုကို မိမိတို့ ယုံကြည်ထားသည့် အယူဝါဒအလိုက် ပေးလှူနေကြသည်။ သို့သော် အချို့ပုဂ္ဂိုလ်တို့သည် အလှူဒါနပြုလုပ်ရာ၌ ပုဗ္ဗ မုဉ္စစေတနာပြည့်စုံ တတ်ကြသော်လည်း အပရစေတနာချို့ယွင်းတတ်သည်။ အပရစေတနာ ချို့ယွင်းသော

သူတို့သည် လူဖြစ်လာ၍ ချမ်းသာ ကြွယ်ဝကြသော်လည်း ထူးထွေကောင်းမြတ်သော စားဖွယ်သောက်ဖွယ် အဝတ်တန်ဆာ အသုံးအဆောင် ဘဏ္ဍာတို့ကို သုံးဆောင်ခံစားလိုစိတ် မဖြစ်ပေါ်တတ်ခြင်း၊ သုံးဆောင်ခံစားဖို့ရန် စိတ်မညွတ်တတ်ခြင်း၊ သုံးဆောင်ခံစားလိုသော်လည်း စည်းစိမ်ဥစ္စာတို့ ရတ်တရက် ပျက်စီးတတ်ခြင်း စသော ဆိုးကျိုးများကို ခံစားရတတ်သည်။

အချို့ပုဂ္ဂိုလ်တို့မှာမူ စေတနာသုံးတန်ပြည့်ဝစွာဖြင့် လှူဒါန်းကြသဖြင့် အကျိုးပေးသောအခါ ဘဝတစ်ခုလုံး ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် အရွယ်သုံးပါးလုံး ပြည့်စုံစွာ အကျိုးပေးကြသည်။ သို့ရာတွင် ကုသိုလ်ပြုရာ၌ ကမ္မသကတာဉာဏ်ခေါ် ကံ, ကံ၏အကျိုးကို သိမြင်ယုံကြည်၍ ပေးလှူမှသာ အထက်တန်းကျသော တိဟိတ်ပဋိသန္ဓေကျိုးကို ရရှိနိုင်သည်။

စေတနာသုံးတန်ပြည့်ဝမှု၊ ကမ္မသကတာဉာဏ် ရှေးသွား၍မှုတို့ဖြင့် ကုသိုလ်ပြုကြရာတွင် သာသနာတွင်းကုသိုလ်နှင့် သာသနာပကုသိုလ်ဟူ၍ နှစ်မျိုးရှိလာပြန်သည်။ သာသနာတော်သည် တွေ့.ကြုံဖို့ရန် လွန်စွာ ခဲယဉ်းလှသည်၊ သာသနာပကာလသည်သာ လွန်စွာများပြားသည်။ သာသနာတွင်း အချိန်တွင် အနည်းငယ်လှူဒါန်းရသော ကုသိုလ်သည် သာသနာပအချိန်တွင် ထမင်းရည်ချောင်းစီး အကြီးအကျယ် လှူဒါန်းရသော ကုသိုလ်ထက် အကျိုးပေးထက်သန်လှသည်။ ဧကသာဋကပုဏ္ဏားသည် ဝိပဿီဘုရားရှင်အား အပေါ်ရုံကလေးတစ်ထည်လှူဒါန်းခြင်းကြောင့် ဝတ်စုံများစွာ ပူဇော်ခံရသည်။

အရှင်သာရိပုတ္တရာအား ပုဆိုးကြမ်းတစ်ထည်၊ နို့ဃနာဆွမ်းလှူဒါန်းခဲ့ခြင်းကြောင့် ဆွမ်းအုပ်တစ်ထောင်၊ ကမ္မလာထည်တစ်ထောင် နှစ်ရက်တည်းနှင့်ရသော တိဿသာမဏေ စသည်တို့မှာ သာသနာတွင်း ကုသိုလ်၏ အကျိုးကြီးမားပုံဖြစ်သည်။ အထင်ရှားဆုံးသာဓကမှာ အင်္ဂုတ္တိရနှင့် ဣန္ဒကနတ်သားတို့ ဒါနအကျိုးပေးပုံ ဖြစ်ပေသည်။

ဣန္ဒကနတ်သားနှင့် အင်္ဂုတ္တိရနတ်သား

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ အဘိဓမ္မာတရားဟောတော်မူရန် ကြွရောက်တော်မူသည်။ ထိုတရားပွဲသို့ ဣန္ဒကနတ်သား

ရောက်ရှိလာပြီး မြတ်စွာဘုရား၏ လက်ယာဘက်၌ ထိုင်သည်။ ထို့နောက် အကုံရနတ်သားလည်းရောက်ရှိလာ၍ လက်ဝဲဘက်၌ထိုင်သည်။ တန်ခိုးကြီးသော နတ် ဗြဟ္မာတို့ ရောက်လာတိုင်း ရောက်လာတိုင်း အကုံရနတ်သားသည် နောက်သို့ ဆုတ်၍ ဆုတ်၍ နေရာပေးရသဖြင့် တရားဟောသောအခါ မြတ်စွာဘုရားနှင့် (၁၂)ယူဇနာဝေးသော အရပ်၌ နေ၍ တရားနာရသည်။

ဣန္ဒကနတ်သားမှာမူ မူလနေရာ၌ပင် နေမြဲ နေထိုင်ရပြီး တရားနာရသည်။ တရားပွဲပြီးသောအခါ ထိုအဖြစ်အပျက်ကို ဘုရားရှင်က မေးသဖြင့် အကုံရနတ်သားက သာသနာတွင်းဒါနနှင့် သာသနာပဒါနတို့ အကျိုးပေးကွာခြားပုံကို ကိုယ်တွေ့အဖြစ်အပျက်ဖော်ပြလျက် လျှောက်ထားသည်။

အကုံရနတ်သားလောင်းလျာသည် ကဿပမြတ်စွာဘုရား သာသနာကွယ်ပြီးချိန်တွင် ဥတ္တရမဓုရာဇ်ပြည့်ရှင် မဟာသာဂရမင်း၏ သားတော် (၁၁)ယောက်တွင် အကုံရအမည်ရှိသော အငယ်ဆုံး သားတော် ဖြစ်ခဲ့သည်။

အရွယ်ရောက်သောအခါ အရောင်းအဝယ်ကုန်သွယ်ခြင်းဖြင့် အသက်မွေးခဲ့သည်။ တစ်နေ့တွင် မင်းသားသည် လှည်းအစီးငါးရာဖြင့် ကုန်ရောင်းသွားရာ သဲကန္တာရအတွင်း၌ လမ်းမှား ရိက္ခာပြတ်သဖြင့် ဒုက္ခကြီးစွာရောက်နေသည်။ ထိုအခါ သဲကန္တာရအတွင်း၌ ရှိသော ညောင်ပင်စောင့်နတ်မင်းကြီးသည် ရှေးဘဝက အလှူပေးသည့်နေရာကို အလှူခံပုဂ္ဂိုလ်တို့အား လက်ညှိုးညွှန်ပြခဲ့သည့် ကောင်းမှုကြောင့် မိမိ၏လက်ယာလက်မှ အလိုရှိသမျှ အသုံးအဆောင် ပစ္စည်းများ ယိုးစီးထွက်လာအောင် ဖန်ဆင်းပေးနိုင်သော တန်ခိုးနှင့် ပြည့်စုံသည်။

ထိုနတ်မင်းကြီးသည် ရှေးဘဝက မိမိအပေါ် ပြုခဲ့ဖူးသော အကုံရမင်းသား၏ ကျေးဇူးများကို အောက်မေ့၍ မင်းသားလိုသမျှ အသုံးအဆောင်များကို ဖန်ဆင်းပေးလေသည်။ အကုံရမင်းသားသည် နတ်မင်းကြီးပေးလိုက်သော ရတနာ ရွှေ ငွေများကို လှည်းအစီးငါးရာတို့ဖြင့် အပြည့် တင်ဆောင်ကာ မိမိရပ်ရွာသို့ ပြန်ခဲ့သည်။

မိမိနေရာသို့ ရောက်သောအခါ အနှစ်တစ်သောင်းကြာအောင် ထမင်းရည်ချောင်းစီးအလှူကြီးပေးလှူခဲ့သည်။ ထိုဘဝမှ စုတေလတ်သော် တာဝတိံသာနတ်ပြည်၌ အကုံရနတ်သား ဖြစ်လာသည်။

အကုံရမင်းသားသည် ထိုမျှကြီးစွာ အခါရှည်မြင့်လှူဒါန်းခဲ့ရသော်လည်း သာသနာပြင်ပဖြစ်၍ သီလမရှိသူ အလှူခံပုဂ္ဂိုလ်များကိုသာ လှူဒါန်းခဲ့ရကား မြေညှဉ်၌ စိုက်ပျိုးသော မျိုးစေ့ကဲ့သို့ အကျိုးဖြစ်ထွန်းသင့်သလောက်မဖြစ်ထွန်းဘဲ ရှိလေသည်။

ဣန္ဒကနတ်သားသည်ကား မြတ်စွာဘုရားလက်ထက်တော်အခါ၌ ဣန္ဒကအမည်ရှိသော လုလင်ဖြစ်ခဲ့သည်။ ဆွမ်းခံကြွလာသော အရှင်အနုရုဒ္ဓါ မထေရ်အား သဒ္ဓါကြည်ညိုသောစိတ်ဖြင့် တစ်ဇွန်းစာမျှသော ဆွမ်းကို လှူဒါန်းခဲ့သည်။ ဣန္ဒကလုလင်သည် ကွယ်လွန်သည်ရှိသော် တာဝတိံသာနတ်ပြည်၌ ဣန္ဒကနတ်သားဖြစ်လာသည်။ သာသနာတော်ဝန်ထမ်း အရှင်အနုရုဒ္ဓါ ရဟန်းတော်တည်းဟူသော လယ်မြေကောင်း၌ ဆွမ်းတဇွန်းတည်းဟူသော ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးခဲ့သော အာနုဘော်ကြောင့် တာဝတိံသာနတ်ပြည်၌ တန်ခိုးအာနုဘော်ကြီးသော နတ်သား ဖြစ်ပြီးလျှင်-သုံးဆောင်ဖွယ်ရာ အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အတွေ့အထိအာရုံတို့နှင့်တကွ အသက်ရှည်ခြင်း၊ အခြံအရံများခြင်း၊ ပုံပန်းသဏ္ဌာန် တင့်တယ်ခြင်း၊ ချမ်းသာကြီးခြင်း၊ အစိုးရခြင်း ဤဆယ်ရပ်သော ဂုဏ်ကျေးဇူးတို့၌ အကုံရနတ်သားထက် သာလွန် ဘင့်တယ်လေသည်။

ဤသို့လျှင် မြတ်စွာဘုရား၏ သာသနာတော်တွင်း၌ လှူအပ်သော အလှူသည် အကျိုးကြီးသော ဒါနဖြစ်သည်။ သာသနာပ အလှူဒါနနှင့် သာသနာခေတ်နှင့် ကြုံကြိုက်သော်လည်း ဗုဒ္ဓဘာသာကို မယုံကြည်မကိုးကွယ်သော သူတို့၏ အလှူဒါနတို့သည် အကျိုးနည်းသော ဒါနများပင် ဖြစ်လေသည်။

ဝေလာမ ပုဏ္ဏားကြီး၏ အလှူတော်

ရှေးလွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၌ ပုရောဟိတ်ပုဏ္ဏားကြီး၏ သားတော်ဖြစ်လေသည်။ ဝေလာမသတို့သားဟု အမည်မှည့်ကြသည်။ (၁၆)နှစ်အရွယ်ရှိသောအခါ ဗာရာဏသီမင်း၏ သားတော်နှင့် အတူ ပညာသင်ယူရန် တက္ကသိုလ်ပြည်သို့ သွားခဲ့သည်။ ဘုရားအလောင်းတော်သည် ဆရာသင်ပြသည့်အတိုင်း အတတ်ပညာများကို

သင်ယူနိုင်သဖြင့် ဆရာကြီး၏ အားကိုးရသော တပည့်ကြီးဖြစ်လာသည်။ မင်းသားပေါင်းများစွာတို့ကို ဆရာကြီးကိုယ်စား သင်ကြားပေးရသည်။

နောင်အခါဝေလာမလုလင်သည် ဗာရာဏသီသို့ ပြန်လာခဲ့သည်။ ဗာရာဏသီမင်းသားကို မင်းအဖြစ် အဘိသိက်သွန်းပြီး ဝေလာမလုလင်ကို ပုရောဟိတ်ရာထူးပေးသည်။ တနေ့သော် ဝေလာမပုဏ္ဏားကြီးသည် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ပိုင် စုဆောင်းထားခဲ့သော ရတနာခုနစ်ပါးဖြင့် ပြည့်နေသည့် တိုက်ခန်းတို့ကို ဖွင့်လှစ်ကြည့်ရှုပြီးလျှင် ဇမ္ဗူဒိပ်တကျွန်းလုံး တုန်လှုပ်သွားစေမည့် အလှူဒါနကြီးကို ပြုရမှု ကောင်းလေစွဟု ကြံစည်မိလေသည်။

ထိုအကြောင်းကို ဗာရာဏသီမင်းအား လျှောက်ထားပြီး ဂင်္ဂါမြစ်ကမ်းပါးခြေများပြားလှသော ဖိုခနောက်ဆိုင်အတန်းကြီးကို ပြုလုပ်၍ ထောပတ် ဟူးရည်ဆန် ဆီစသည်တို့ထားရန် ဘဏ္ဍာ ကျီ ကြ ဆောက်လုပ်စေပြီး "ယနေ့မှစ၍ ဝေလာမပုဏ္ဏားကြီး၏ အလှူဒါနပွဲသို့ လာရောက် စားသောက် ယူငင်ကြကုန်လော့" ဟု စည်လှည့်လည်စေသည်။ ထို့နောက် ဝေလာမပုဏ္ဏားကြီးသည် အဝတ် တန်ဆာ ရတနာများကို ပြည့်စုံစွာ ဆင်ယင်လျက် ရွှေကရားကိုယူကာ "ဤလောကၦ ကျွန်ုပ်၏အလှူကို ခံယူထိုက်သော မြတ်သော အလှူခံပုဂ္ဂိုလ်တို့ ရှိပါက ကရားထဲမှ ရေသည် မြေပေါ်သို့ ကျပါစေ၊ အကယ်၍ မရှိပါက မကျပါစေနှင့်" ဟု အဓိဋ္ဌာန်၍ ကရားကို မှောက်သွန်လိုက်သည်။ ကရားထဲမှ ရေ ထွက်ကျမလာပေ။

ထိုအခါ ဘုရားလောင်းသည် "ဤဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီးဖြစ်ခဲ့လေပြီ၊ ငါ၏ အလှူကို ခံယူနိုင်သော မြတ်သော အလှူခံပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မရှိပေ" ဟု သိရှိရပြီးနောက် စိတ်မချမ်းသာမှု မဖြစ်စေဘဲ "မိမိအလှူရှင်ဘက်မှ သန့်ရှင်းစင်ကြယ်ပါမူ ဤကရားမှ ရေသည် ထွက်၍ မြေပြင်၌ တည်ပါစေသား" ဟု ကြံစည်စိတ်ကူးလျက် ကရားကို သွန်ချလိုက်ရာ ရေထွက်ကျ၍ မြေ၌ တည်လေ၏။ ထိုအချိန်မှ စ၍ ယာဂုသောက်ချိန်၌ ယာဂုအလှူ၊ ခဲဖွယ်စားချိန်၌ ခဲဖွယ်အလှူ၊ ထမင်းစားချိန်၌ ထမင်းအလှူတို့ကို နေ့စဉ် နေ့တိုင်း ပေးလှူလေ၏။

ဗုဒ္ဓဘာသာတရားတော် အထက်တန်းအဆင့် - ၁၈

ထိုဒါနအလှူပွဲ၌ ဤအရာသည် ရှိသည်၊ ဤအရာ မရှိဟု ဆိုဖွယ်မရှိစေရန် ပြည့်စုံအောင်စီစဉ်ထား၏။ ဤအချိန်၌သာ ရနိုင်သည်၊ ထိုအချိန်၌ မရနိုင်ဟု အချိန်ကန့်သတ်ချက်မရှိ၊ အချိန်ပြည့်စီစဉ်ထား၏။

ငွေအပြည့်ထည့်ထား၊သော ရွှေခွက်၊ ရွှေအပြည့်ထည့်ထား၊သော ငွေခွက်၊ ငွေအပြည့်ထည့်ထား၊သော ကြေးခွက် ပေါင်း(၈၄၀၀၀)စီကို လည်းကောင်း၊ ရွှေထည်တန်ဆာဆင်ထား၊သော ဆင်ပေါင်း (၈၄၀၀၀)၊ ခြင်္သေ့ရေ ကျား၊ရေ သစ်ရေတို့ဖြင့် တန်ဆာဆင်ထား၊သော ရထား၊ပေါင်း (၈၄၀၀၀)၊ နို့ထွက် အလွန်ကောင်း၊သော နို့စား၊နွား၊မပေါင်း (၈၄၀၀၀)၊ ပတ္တမြား ပုလဲစသည့် ရတနာများဖြင့် တန်ဆာဆင်ထား၊သော အမျိုး၊သမီး၊ပေါင်း(၈၄၀၀၀)၊ သား၊သမင်ရုပ်တို့ဖြင့် တန်ဆာဆင်ထား၊သော ပလ္လင်ပေါင်း(၈၄၀၀၀)၊ ခေါမတိုင်းဖြစ် အလွန်နူး၊ညံ့သော ချည်ထည်ကမ္မလာထည်ပေါင်း ကုဋေပေါင်း များစွာတို့ကို လည်းကောင်း ပေး၊လှူခဲ့၁၊သည်။ စား၊ဖွယ် သောက်ဖွယ်များ၊မှာမူ အလိုရှိသူတိုင်း အလိုရှိသလောက် ယူငင်သုံး၊စွဲနိုင်ရန် စီစဉ်လှူဒါန်း၊သည်၊ ထမင်း၊ရည်ချောင်း၊စီး အလှူကြီး၊ကို ပေး၊လှူခဲ့သည်။

ထိုသို့ အလွန်ကြီး၊ကျယ်များပြား၊သည့် အလှူဒါနပွဲကြီး ပြုလုပ်ခဲ့သော်လည်း မြတ်သောအလှူကို ခံယူထိုက်သော အလှူခံပုဂ္ဂိုလ်တစ်ဦး တစ်ယောက်မျှ မပါရှိခဲ့ပေ။ အလှူခံပုဂ္ဂိုလ်အား၊လုံး၊တို့မှာ ငါး၊ပါး၊သီလကိုပင် မစောင့်ထိန်း၊ကြသည့် သီလမရှိသော ပုဂ္ဂိုလ်ချည်း၊သာဖြစ်ခဲ့သည်။ ထို့ကြောင့် ဝေလာမပုဏ္ဏား၊ကြီး၏ ဒါနသည် သာသနာပအလှူဒါနဖြစ်၍ ကြီး၊မား၊သော အကျိုး၊ပေး၊မှု မဖြစ်ပေ။

မြတ်စွာဘုရား၊သည် အကျိုး၊ကြီး၊သော ဒါနနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဟောပြတော်မူခဲ့သည် –

ဝေလာမပုဏ္ဏား၊ကြီး၏ ထမင်း၊ရည်ချောင်း၊စီး ရာသက်ပန်အလှူကြီး၊ထက် သောတာပန်ပုဂ္ဂိုလ်တစ်ဦး၊အား ဆွမ်း၊တစ်နပ်လှူဒါန်း၊ရခြင်း၊က ပို၍ အကျိုး၊ကြီး၊၏။ သောတာပန်ပုဂ္ဂိုလ်တစ်ရာအား လှူဒါန်း၊ရခြင်း၊ထက် သကဒါဂါမ်ပုဂ္ဂိုလ် တစ်ဦး၊အား လှူဒါန်း၊ရခြင်းက ပို၍ အကျိုး၊ကြီး၊၏။ ထို့အတူ သကဒါဂါမ် တစ်ရာထက် အနာဂါမ်တစ်ပါး၊၊ အနာဂါမ်တစ်ရာထက် ရဟန္တာတစ်ပါး၊၊ ရဟန္တာအပါး၊ တစ်ရာထက် ပစ္စေကဗုဒ္ဓါတစ်ပါး၊၊ ပစ္စေကဗုဒ္ဓါ အပါး၊ တစ်ရာထက် မြတ်စွာဘုရား၊တစ်ဆူ၊ ထို့နောက် ဘုရား၊အမှု၊ရှိသော ရဟန်း

သံဃာ အပေါင်းတို့ကို ဆွမ်းလှူဒါန်းရခြင်းက ပို၍ အကျိုးရှိ၏။ ထိုအလှူထက် အရပ်လေးမျက်နှာရှိ သံဃာတော်ကို ရည်စူး၍ ကျောင်းဆောက်လုပ် လှူဒါန်းခြင်းက ပို၍ အကျိုးရှိ၏။

ဤသို့လျှင် လောကဌ္ဌ လူတို့သည် အလှူဒါနအမျိုးမျိုးကို လူမျိုးအလိုက် ဘာသာအလိုက် ပြုလုပ်လျက်ရှိကြသည်။ ဗုဒ္ဓဘာသာမှတပါး အခြားသော သူတို့၏ ဒါနမှာ လောကီရေးကို ရှေးရှုသော ဒါနများဖြစ်ကြသည်။ ဤဘဝ ကြီးပွားရေး တိုးတက်ရေးပြည့်စုံရေးအတွက်သာ အဓိကရည်ရွယ်သော ဒါန မျိုးသာ ဖြစ်ကြသည်။ အမှန်မှာ ဒါနတရားသည် ပစ္စက္ခတမလွန် သံသရာ တလျှောက် ကြီးမားသော အကျိုးကို ပေးနိုင်သည့် တရားဖြစ်သည်။ ဒါနကို ပြုသောအခါ စေတနာသုံးတန်ပြည့်ဝစွာ ပြုလုပ်လှူဒါန်းခြင်း၊ ကံ, ကံ၏အကျိုးကို သိမြင်ယုံကြည်မှု ကမ္မဿကတာဉာဏ်ဖြင့် ပြုလုပ်လှူဒါန်းခြင်း၊ သာသနာတော် ပွင့်ထွန်းခိုက်မှာသာ လှူဒါန်းခွင့်ရသည့် ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါးတို့အား လှူဒါန်းရခြင်းတို့နှင့် ပြည့်စုံညီညွတ်မှသာ ကြီးမားသော အကျိုးကို ရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် သာသနာတော်တွင်း အလှူဒါနများကို နည်းစနစ်မှန်ကန်စွာ လှူဒါန်းခြင်းဖြင့် ဘဝသံသရာကောင်းမွန်သော ရိက္ခာထုပ်ကို ဖြည့်ဆည်းသင့်ကြပေသည်။

ဒါနထက် သီလက ပို၍ အကျိုးကြီးပုံ

အလှူဒါနသည် အကျိုးကြီးစွာပေးတတ်သည် မှန်သော်လည်း သီလကမူ ထိုဒါနထက် ပို၍ အကျိုးကြီးသည်။ ပုဂ္ဂိုလ်တစ်ယောက်သည် သူတပါးကို လှူဒါန်းသည်ထက် မိမိကိုယ်တိုင် ကြည့်ညှိသောစိတ်ဖြင့် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် (သရဏဂုံတည်) သည်က ပို၍ အကျိုးကြီးသည်။ ထိုသရဏဂုံတည်ရုံမျှထက် သရဏဂုံတည်ပြီး ငါးပါးသီလသိက္ခာပုဒ်တို့ကို ကျင့်သုံးဆောက်တည်သော သရဏဂုံသီလနှင့် ပြည့်စုံသူက ပို၍ အကျိုးကြီးသည်။

သီလထက် ဘာဝနာက ပို၍ အကျိုးကြီးပုံ

သီလသည် ကာယက်၊ ဝစီက် တို့ကို စောင့်ထိန်းရသော ကျင့်ဝတ် ဖြစ်သည်။ မနောက်သည် က်သုံးပါး တို့တွင် အကျိုးအကြီးဆုံး၊ အပြစ်အကြီးဆုံး ဖြစ်၍ မနောက်ကို တည်ငြိမ်အောင် ပွားများစောင့်ထိန်းရသော ဘာဝနာမှာ သီလထက် ပို၍ အကျိုးကြီးသည်။ နံ့သာတစ်ရှူ၊ နှံတစ်ညှစ်စာမျှ မေတ္တာဘာဝနာ ပွားများရခြင်းက သီလထက် ပို၍ အကျိုးကြီးသည်။ လက်ဖျစ်တစ်တွက်စာမျှ အနိစ္စသညာ-(အမြဲမရှိဟု အဖန်ဖန်အောက်မေ့ခြင်း) ဘာဝနာက မေတ္တာ ဘာဝနာထက် ပို၍ အကျိုးကြီးသည်။

ဤသို့လျှင် ဒါန၊ သီလ၊ ဘာဝနာ ဤသုံးဖြာသည် တဆင့်ထက် တဆင့် ပိုမို မြင့်မြတ်သော အကျိုးတရားများကို ပေးစွမ်းနိုင်သဖြင့် သူတော်ကောင်းတို့သည် ဒါန၊ သီလ၊ ဘာဝနာ လုပ်ငန်းများကို အစဉ်မပြတ် အားထုတ်ရပေမည်။

ဆွမ်း, ပန်း, ရေချမ်း, ဆီမီးကပ်လှူပုံနှင့် ဆုတောင်းများ

၁။ ဆွမ်းတော်ကပ်နှင့် ဆုတောင်း

အရဟတာဒိနဝဂုဏ်ကြောင့်၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ နတ် လူ တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ၊ အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတ ခါဒနီယဘောဇနီယံ၊ ဤဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား။

မေ၊ တပည့်တော်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာယဝဏ္ဏယာ ဝဟံ၊ အာသဝေါတရား လေးပါး တို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ ပန်းတော်ကပ်နှင့် ဆုတောင်း

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ နတ် လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှားသဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိသ၊ ရည်မှတ်၍။ စေတိယသ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိသစေတီ, ပရိဘောဂစေတီတော်မြတ်အား။ ဝန္ဒာ ဂန္ဓ သမ္မန္နံ၊ အဆင်း အနံ့နှင့် ပြည့်စုံသော။ ကုမံ ပုပ္ဖံ၊ ဤပန်းကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လျှဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား။

မေ၊ တပည့်တော်၏။ ကုဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ ရေချမ်းတော်ကပ်နှင့် ဆုတောင်း

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ နတ် လူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှားသဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိသ၊ ရည်မှတ်၍။ စေတိယသ၊ ဓာတုစေတီ ဓမ္မစေတီ, ဥဒ္ဒိသစေတီ, ပရိဘောဂစေတီတော်မြတ်အား။ သုဒ္ဓသီတလပသန္နံ၊ သန့်ရှင်း အေးမြ ကြည်လင်လှသော။ ကုမံ ပါနီယ ပရိဘောဇနီယံ၊ ဤသောက်တော်ရေ သုံးဆောင်တော်ရေကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လျှဒါန်းပါ၏အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား။

မေ၊ တပည့်တော်၏။ ကုဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာနကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၄။ ဆီမီးတော်ကပ်နှင့် ဆုတောင်း

အရဟာတာဒိနဝဂုဏော်ဟိ၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။သဗ္ဗညုတာနာဝရဏာညာဏော်ဟိ၊ သဗ္ဗညုတညာဏ် အနာဝရဏညာဏ်တော်တို့ဖြင့်။ တိလောကေ၊ သုံးပါးသော လောကဘဲ့။ အဝိဇ္ဇာအန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို။ ဝိဓမိတ္တာ၊ ပယ်ဖျောက်တော်မူ၍။ ဧလံ ဧလန္တံ၊ ထွန်းလင်းတောက်ပတော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီတော်မြတ်အား။ ပဘာဝဏ္ဏော်ဟိ၊ အရောင်အဆင်းတို့ဖြင့်။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ဝိနာသကံ၊ ပယ်ဖျောက်တတ်သော။ ဣမံ ဒီပဓာလံ၊ ဤဆီမီးလျှံကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏အရှင်ဘုရား။

မေ၊ တပည့်တော်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဇကန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဒါနအကျိုးပြဝတ္ထုများ

ပါယာသိမြို့စားနှင့် ဥတ္တရလုလင်

ရှေးအခါက ပါယာသိမြို့စားသည် အလှူဒါနပွဲကြီး တစ်ခုကို ပြုလုပ်သည်။ ထိုအလှူဒါနပွဲ၌ မိမိကိုယ်စား အလှူပွဲစီစဉ်ရန် ဥတ္တရလုလင်ကို စေခိုင်းသည်။

ဥတ္တရလုလင်သည် ကိုယ်စားအဖြစ်ဖြင့် ပေးလှူရသော်လည်း မိမိ၏ အလှူကဲ့သို့သဘောထားကာ အားထုတ်ကြိုးပမ်းခဲ့သည်။ အသက်တမ်း

ကုန်ဆုံးကြသောအခါ အလှူရှင်ပါယာသိမြို့စား သည် စတုမဟာရာဇနတ်ပြည်၌ ဖြစ်သည်။ ဥတ္တရလုလင်သည် တာဝတိံသာနတ်ပြည်၌ ဖြစ်သည်။

တစ်နေ့သော် ဂဝမွတိမထေရ်သည် နတ်ပြည်သို့ ကြွတော်မူသည်။ ပထမဦးစွာ စတုမဟာရာဇနတ်ပြည်၌ ရှိသော အခြံအရံ နတ်သမီး နတ်သား ကင်းမဲ့သည့် သေရီသကနတ်ဗိမာန်သို့ ကြွတော်မူသည်။ ထိုဗိမာန်တွင် မရိမသေ တော်စွာလျော်စွာ အလှူပေးခဲ့သော ပါယာသိမြို့စား နတ်သားကို တွေ့ရသည်။ ထိုနတ်သားက ဤသို့ လျှောက်သည်–

"အရှင်ဘုရား– တပည့်တော်သည် ပါယာသိမြို့စား ဖြစ်ပါသည်။ အလှူပြုစဉ်က အလှူခံပုဂ္ဂိုလ်တို့ကို မရိမသေ ပေးလှူခဲ့ခြင်း၊ မိမိလက်ဖြင့် ကိုယ်တိုင်ကိုင်၍ သာဟတ္ထိက မြောက်အောင် မပေးလှူခဲ့ခြင်း၊ သူတပါးတို့ အံ့ဖွယ်သရဲဖြစ်အောင် မပေးမလှူခဲ့ခြင်း၊ လှူဖွယ်ဝတ္ထုတို့ကို မိမိကိုယ်တိုင် မသုံးစွဲလို၍ ပစ်လွှင့်ထားအပ်သော ပတ္ထုကဲ့သို့ သဘောထားကာ ပေးလှူမိခဲ့ခြင်းကြောင့် ယုတ်ညံ့အောက်ကျသော စတုမဟာရာဇနတ်ဘုံ၌ ဖြစ်ရပါသည်။ မိမိအလှူ၌ ဝေယျာဝစ္စအမှု အားစိုက်ပြုလုပ်ခဲ့သော ဥတ္တရလုလင်မှာမူ ရိသေစွာပေးလှူခဲ့ခြင်း၊ ကိုယ်တိုင်လက်ဖြင့်ကိုင်၍ သာဟတ္ထိကမြောက်အောင် ပေးလှူခဲ့ခြင်း၊ သူတပါးတို့ အံ့ဖွယ်သရဲဖြစ်အောင် ပေးလှူခဲ့ခြင်း၊ လှူဖွယ်ဝတ္ထုကို ပစ်လွှင့်သကဲ့သို့ မဟုတ်ဘဲ ကောင်းမွန်စွာ ပေးလှူခဲ့ခြင်းတို့ကြောင့် မိမိနတ်ပြည်ထက် မြင့်မြတ် အထက်တန်းကျသော တာဝတိံသာနတ်ပြည်သို့ လားရောက်ရပါသည်။ အရှင်ဘုရား လူ့ပြည်သို့ ပြန်ရောက်သောအခါ လူအပေါင်းကို ရိသေစွာ ပေးလှူကြရန်၊ သူတပါးကို စေခိုင်းလျက် မျက်နှာလွဲခဲပစ်မပြုလုပ်ဘဲ မိမိလက်ဖြင့် ကိုယ်တိုင်ကိုင်၍ သာဟတ္ထိကမြောက်အောင် ပေးလှူကြရန်နှင့် ပစ္စည်းဝတ္ထုကို ပစ်လွှင့်သကဲ့သို့ မဟုတ်ဘဲ ကောင်းမွန်စွာ ပေးလှူကြရန် ဟောပြောပေးစေလိုပါသည်ဘုရား" ဟု တောင်းပန် လျှောက်ထားလေသည်။

ဂဝမွတိမထေရ်ကလည်း လူ့ပြည်သို့ ပြန်လည်ရောက်ရှိသောအခါ နတ်သားလျှောက်ထားသည့်အတိုင်း လူတို့အား ပြန်လည်ဟောပြလေသည်။

လူတို့လည်း ဂဝမွတိမထေရ်ဟောပြသည့်အတိုင်း လိုက်နာပြုကျင့်ကြသဖြင့် တာဝတိံသာနတ်ပြည်သို့ လားရောက်ကြရလေသည်။

ဆေးအလှူရှင် ဗာကုလ

အရှင်ဗာကုလအလောင်းရသေ့သည် အနောမဒဿီဘုရားရှင် ပွင့်တော်မူသောအခါ၌ စျာန်အဘိညာဉ်ရ ရသေ့တစ်ပါးဖြစ်သည်။ တစ်နေ့တွင် အနောမဒဿီဘုရားရှင်သည် လေနာရောဂါဖြစ်တော်မူသည်။ အရှင်ဗာကုလ အလောင်းရသေ့ ကြားသိရသောအခါ ဟိမဝန္တာတောင်ခြေမှ လေနာရောဂါ ပျောက်စေနိုင်သော ဆေးဖက်ဝင် သစ်မြစ် သစ်ဥတို့ကို ယူဆောင်ကာ ဆေးဖော်စပ်ပြီး ဘုရားရှင်အား ဆက်ကပ်သည်။

ထိုဆေးကို မှီဝဲဘဉ်းပေးရသဖြင့် အနောမဒဿီဘုရားရှင်သည် လေနာဇရောဂါပျောက်ကင်းပြီး ချမ်းချမ်းသာသာဖြစ်ခဲ့ရသည်။ ရသေ့သည် ဘုရားရှင်ဆံ ချဉ်းကပ်၍ ဤဆေးလှူရသည့်အကျိုးကြောင့် ဖြစ်လေရာဘဝတိုင်း၌ နို့တည့်စာအချိန်မျှ ဘုရားတပည့်တော်၏ ကိုယ်၌ အနာရောဂါမဖြစ်ပါစေသတည်း ဟု ဆုတောင်းခဲ့သည်။

ထိုဆေးအလှူကြောင့် လူ့ပြည် နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရသည်။ နောက်ဆုံးဘဝဝယ် ဗာကုလအမည်ရှိသော သတို့သားဖြစ်ခဲ့သည်။ အသက်(၈၀) တိုင်တိုင် လောကီစည်းစိမ်များကို ခံစားခဲ့ပြီးနောက် ရဟန်းပြုခဲ့သည်။ ရဟန်းတရားအားထုတ်ရာ မကြာမီပင် ရဟန္တာဖြစ်ပြီး အနာရောဂါ ကင်းသူတို့တွင် အမြတ်ဆုံးဧတဒဂ်ဆုကို ရခဲ့သည်။ အသက်(၁၆၀)အထိ သက်တမ်းရှည်စွာနေခဲ့ရပြီး ပရိနိဗ္ဗာန်စံခဲ့သည်။ ဆုတောင်းပြည့်သဖြင့် "အနာမဲ့သူရှင်ဗာကု" ဟူ၍ မှတ်တမ်းတင်ခဲ့ကြသည်။

****

အခန်း (၆)

သီလအကြောင်း

အခန်း (၆)

သီလအကြောင်း

သီလသည် ကာယကံ ဝစီကံ တို့ကို လုံခြုံစွာ စောင့်ထိန်းမှု ဖြစ်သည်။ သီလလုံခြုံလျှင် ဘဝသံသရာ ကျင်လည်ရာဝယ် သုဂတိဘဝများသို့သာလားရောက်ရသဖြင့် ဘဝသမ္ပတ္တိနှင့် ပြည့်စုံမှုအကျိုးကို ရရှိသည်။ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခွန်အားကြီးခြင်း အနာရောဂါကင်းရှင်းသာခြင်းတို့ကို ရရှိနိုင်သည်။ ဘဝသမ္ပတ္တိပြည့်စုံရေးအတွက် သီလရတနာကို ကောင်းစွာ ပန်ဆင်ရပေမည်။

ရှောင်ကြဉ်မှု(ဝိရတိ)သုံးမျိုး

သီလလုံခြုံရေးအတွက် • ရှောင်ကြဉ်ရေးသည် အဓိကဖြစ်သည်။ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းကို ဝိရတိဟု ခေါ်သည်။

- အသက်မွေးမှုနှင့် မပတ်သက်ဘဲ ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တ ဝိရတိမည်၏။
- အသက်မွေးမှုနှင့် မပတ်သက်ဘဲ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်လျှင် သမ္မာဝါစာဝိရတိမည်၏။
- အသက်မွေးမှုနှင့်ပတ်သက်၍ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့မှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝဝိရတိ မည်၏။

ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ရာတွင် ရှောင်ကြဉ်မှု(၃)မျိုးရှိသည်။

(၁) သမာဒါနဝိရတီ = ဆောက်တည်၍ ရှောင်ကြဉ်ခြင်း။

ဘုရားရှေ့၌ ဖြစ်စေ၊ သံဃာတော်များရှေ့၌ ဖြစ်စေ၊ လူကြီးသူမရှေ့၌ ဖြစ်စေ၊ ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ စသည်တို့ကို ခံယူဆောက်တည်၍ ရှောင်ကြဉ်ခြင်းသည် သမာဒါနဝိရတီမည်၏။ လွန်ကျူးရမည့် အကြောင်း ဝတ္ထု မတွေ့မီ ကြိုတင်ဆောက်တည်ခြင်း၊ ကြိုတင်၍ စိတ်ကို ဆုံးဖြတ်ထားခြင်းမျိုး ဖြစ်သည်။

ရှေးအခါက သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)တွင် ဥပါသကာ တစ်ယောက်သည် နွားပျောက်ရှာရာ တောအုပ်အတွင်း၌ စပါးကြီးမြွေတစ်ကောင်နှင့်တွေ့ပြီး စပါးကြီးမြွေ၏ ရစ်ပတ်ဖမ်းယူခြင်းကို ခံရသည်။ မိမိလက်၌ပါလာသော ထင်းခုတ်မားဖြင့် ခုတ်ဖြတ်ရန် ချိန်ရွယ်လိုက်၏။ ရုတ်တရက် မိမိခံယူဆောက်တည်ထားသော သီလကို သတိရ၍ "ငါ၏အသက်သေလိုက သေပါစေ၊ သူတပါးအသက်ကို ငါမသတ်တော့ပြီ၊ ဆောက်တည်ထားသော သီလကို ချိုးဖျက်ခြင်းမှာ တရားကို သတ်ခြင်းဖြစ်၍ အသက်သေရသည်နှင့် မထူးပြီ"ဟု စိတ်တုံးတုံးချ ဆုံးဖြတ်လိုက်၏။ ဓားကိုလွှတ်ချပြီး မိမိ၏သီလကိုသာ ဆင်ခြင်အောက်မေ့နေလိုက်သည်၊ မြွေသည် ဥပါသကာ၏ သီလတန်ခိုးကြောင့် ဆက်လက်မရစ်ပတ်နိုင်တော့ဘဲ ချက်ခြင်း ထွက်ခွာသွားခဲ့ရသည်။

ဤဥပါသကာကဲ့သို့ မိမိဆောက်တည်ထားသော သီလကို အသက်ပင် သေရသော်လည်း အပျက်မခံ၊ သီလအတွက် အသက်ကိုပင် စွန့်ရဲရ၏။ စီးပွားဥစ္စာ ဂုဏ်သိက္ခာ စသည်ကား ဆိုဖွယ်မရှိ၊ စွန့်လွှတ်မှု၏ နောက်ကွယ်၌ မိမိတို့ မမြင်နိုင်သော ကောင်းကျိုးရလဒ်များ ငုပ်ကွယ်နေမြဲ ဖြစ်သည်။

(၂) သမ္ပတ္တဝိရတီ = သီလကို ကြိုတင်ဆောက်တည် မထားသော်လည်း ရှောင်ကြဉ်ရမည့်အရာနှင့် ရင်ဆိုင်တွေ့ရသည့်အခါ ရှောင်ကြဉ်နိုင်ခြင်း။

လွန်ကျူးစရာအကြောင်း၊ လွန်ကျူးစရာဝတ္ထုနှင့် ရင်ဆိုင်တွေ့သော် မလွန်ကျူးမိအောင် လျှပ်တပြက် စောင့်ထိန်းခြင်း ရှောင်ကြဉ်ခြင်းကို သမ္ပတ္တဝိရတီဟု ခေါ်သည်။

ရှေးအခါက သီဟိုဠ်ကျွန်းဦးပင် စက်ကနမည်သော သူငယ်တစ်ဦးသည် မကျန်းမာသောမိခင်အား ဓာတ်စာကျွေးရန် တောသို့ ယုန်ရှာသွားသည်။ ယုန်ကို မိ၍ သတ်မည်ပြုသောအခါ သေမည်ကို ကြောက်၍ ချောက်ချား တုန်လှုပ်နေသော ယုန်သားငယ်ကို သနားကာ မသတ်ဘဲလွှတ်လိုက်သည်၊ အိမ်ပြန်ရောက်လျှင် ဤအဖြစ်အပျက်ကိုပင် ပြောပြကာ သစ္စာဆိုလိုက်၏၊ ဤ 'သမ္မတ္တဝိရတီ သီလ' တန်ခိုးကြောင့် မိခင်လည်း ရောဂါကို ယူပစ်လိုက် သကဲ့သို့ ကျန်းမာသွားခဲ့ဖူးသည်။

(၃) သမုဒ္ဆေဒဝိရတီ= မင်္ဂဖြင့် ကိလေသာကို အကြွင်းမဲ့ အဆင့်ဆင့် ပယ်သတ်ပြီးသော အရိယာပုဂ္ဂိုလ်၏ ဒုစရိုက် တရားများကို အမြဲရှောင်ကြဉ် ထားခြင်းသည် သမုဒ္ဆေဒဝိရတီ မည်၏။

ဒုစရိုက်ဆယ်ပါးကို ကျူးလွန်မှုပြုခြင်းသည် လောဘ, ဒေါသ မောဟ မာန ဒိဋ္ဌိ စသော ကိလေသာအရင်းခံကြောင့် ဖြစ်သည်။ မူလအကြောင်းရင်း ဖြစ်သော ကိလေသာတရားတို့ကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်ရှားလိုက်ပြီး ဖြစ်၍ အရိယာတို့၌ အထူးရှောင်ကြဉ်ဖွယ်မလို၊ အပြတ်ရှောင်ကြဉ်ပြီး ဖြစ်တော့သည်။

အဆိပ်ပင်ကို အမြစ်ပါမကျန် အမှန့်ကြိတ် ပြာချပစ်လိုက်သောအခါ နောက်ထပ် အသီး မသီးနိုင်တော့သကဲ့သို့ သမုဒ္ဆေဒပဟာန်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်၍ အရိယာပုဂ္ဂိုလ်တို့သည် ဒုစရိုက်တရားတို့ကို အမြဲရှောင်ကြဉ်ပြီး ဖြစ်သည်။ အနိမ့်ဆုံး သောတာပန်ပုဂ္ဂိုလ်သည်ပင် ဘဝ ခြောက်သောင်းလည်း ကံငါးပါးကို အထူးစောင့်ထိန်းမနေရ၊ အလိုလို လုံခြုံပြီး ဖြစ်သည်။

ဆောင်ရန် ရှောင်ရန်

စာရိတ္တနှင့် ဝါရိတ္တသီလ

သီလသည် မြတ်စွာဘုရားက 'ပြုလုပ်ရမည်'ဟု ပညတ်ထားသော သိက္ခာပုဒ်များကို ဖြည့်ကျင့်ခြင်း 'စာရိတ္တသီလ'နှင့် မြတ်စွာဘုရားက 'မပြုလုပ်ရ'ဟု ပယ်မြစ် ပညတ်ထားသော သိက္ခာပုဒ်များကို ပညတ်ထားသည့်အတိုင်း ရှောင်ကြဉ်ခြင်း 'ဝါရိတ္တသီလ'ဟု နှစ်မျိုးရှိသည်။

(၁) စာရိတ္တသီလ (ဆောင်ရန်သီလ)

စာရိတ္တသီလဆိုသည် အပြစ်မရှိသော လုပ်ငန်းတာဝန်များ၊ ဝတ္တရားများကို ပြုကျင့်လိုက်နာခြင်း၊ ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

လူကြီးသူမတို့ကို ရိုသေလေးစားခြင်း၊ အပြောအဆို လိမ္မာယဉ်ကျေးခြင်း၊ အသွားအလာ အနေအထိုင် နူးညံ့သိမ်မွေ့ခြင်း၊ ရဟန်းသံဃာ၊ ဆရာ၊ မိဘ၊ လူကြီးသူမတို့ရှေ့မှောက်၌ မိုးတိုးမဟ်တတ်မသွားဘဲ ကိုယ်ကို ကိုင်းညွတ်၍ သွားခြင်း၊ ဆရာ၊ မိဘ အလျင် စားဦး စားဖျားမစားခြင်း၊ ရဟန်း၊ သံဃာ၊ ဆရာ၊ မိဘတို့ရှေ့၌ ကိုးရိုးကားရားမနေခြင်းစသော လူမှုကျင့်ဝတ်များ၊ သိင်္ဂါလောဝါဒသုတ်လာ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ မယားကျင့်ဝတ်၊ လင်ကျင့်ဝတ် စသည်တို့ကို လိုက်နာကျင့်သုံးခြင်းစသော ကျင့်ဝတ်များကို စာရိတ္တသီလဟု ခေါ်သည်။

စာရိတ္တသီလကို ယုံကြည်မှုသဒ္ဓါတရား၊ မပျင်းမရိုပြုလုပ်မှု ဝီရိယတရား ဉာဏ်တရားနှစ်ပါးနှင့် ပြည့်စုံသူမှသာ ဖြည့်ကျင့်ဆောင်ရွက်နိုင်သည်။

ဉာဏ်အကျင့်ကို ကျင့်လျှင် ကောင်းသောအကျင့်ဖြစ်၍ နောင်အခါ ကောင်းကျိုးရနိုင်မည်ဟု ယုံကြည်မှု သဒ္ဓါတရားနှင့် မပျင်းမရိ စိတ်ရှည်လက်ရှည် အားထုတ်လုပ်ကိုင်မှု ဝီရိယတို့နှင့် ပြီးစီးအောင် အားထုတ်လုပ်ကိုင်နိုင်မှသာ စာရိတ္တသီလနှင့် ပြည့်စုံသူဟု ဆိုနိုင်သည်။

(၂) ဝါရိတ္တသီလ (ရှောင်ရန်သီလ)

ဝါရိတ္တသီလဆိုသည်မှာ မြတ်စွာဘုရားက 'ဉာဏ်အမှုမျိုး မပြုကျင့်ရ၊ မပြုကျင့်ကောင်း' ဟု ဆုံးမပညတ်ထားသော သူ့အသက်သတ်ခြင်းစသော ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်သည်။

ဝါရိတ္တသီလဟု ခေါ်သော ငါးပါးသီလကို ပြည့်စုံအောင် စောင့်ထိန်းခြင်းသည် နတ်ရွာနိဗ္ဗာန်သို့ ရောက်အောင်ပို့ဆောင်နိုင်သကဲ့သို့ ဒုစရိုက်မှုများကို ကမ္မပထမြောက် ကျူးလွန်ပါက မုချ အပါယ်ကျစေနိုင်သည်။

သီလညစ်ညူးခြင်း

ငါးပါးသီလ, ရှစ်ပါးသီလစသော သီလတို့၌ အစသိက္ခာပုဒ်ဖြစ်စေ၊ အဆုံးသိက္ခာပုဒ်ဖြစ်စေ၊ ပျက်လျှင် သီလကျိုးပြတ်သည်မည်၏။ အလယ် သိက္ခာပုဒ်ပျက်လျှင် ပေါက်သည် မည်၏၊ သိက္ခာပုဒ် တစ်ခုကျော် စသည်ဖြင့် အကြားအကြားမှာ သိက္ခာပုဒ်ပျက်လျှင် ပြောက်သည်မည်၏။ အစ အလယ် အဆုံး တစ်မျိုးမျိုး၌ သိက္ခာပုဒ်နှစ်မျိုး သုံးမျိုးဆက်၍ ပျက်လျှင် ကြားသည်မည်၏။

သီလကျိုးခြင်း၊ ပေါက်ခြင်း၊ ပြောက်ခြင်း၊ ကြားခြင်း တို့သည် သီလညစ်ညူးခြင်း ဖြစ်သည်။

ထိုကျိုးခြင်း၊ ပေါက်ခြင်း၊ ပြောက်ခြင်း၊ ကြားခြင်း တို့မရှိစေကာမူ မေထုန်ငယ်ခုနစ်ပါးကြောင့်လည်း သီလညစ်ညူးခြင်း ဖြစ်နိုင်သည်။ ထိုမေထုန်ငယ် ခုနစ်ပါးမှာ–

(၁) အမျိုးသမီး၏ ကိုယ်ထိလက်ရောက် ပြုစုမှုများကို သာယာခြင်း၊

(၂) အမျိုးသမီးနှင့် အတူ ပြင်းစွာ ရယ်မော တသောသော နေရသည်ကို သာယာခြင်း၊

(၃) အမျိုးသမီးနှင့် မျက်စိချင်းဆိုင် ပြိုင်၍ ကြည့်နေရသည်ကို သာယာခြင်း၊

(၄) အမျိုးသမီး၏ ရယ်မောသံ၊ စကားပြောသံ၊ သီချင်းဆိုသံတို့ကို နားထောင်၍ သာယာခြင်း၊

(၅) အမျိုးသမီးနှင့်အတူ ရယ်ရွှင်ပြောကြား ကစားခဲ့ဖူးသည်များကို အောက်မေ့သာယာခြင်း၊

(၆) သူတပါးတို့ စည်းစိမ်းခံစားနေသည်ကို ကြည့်၍ သာယာခြင်း၊

(၇) သီလအကျင့်ဖြင့် နတ်စည်းစိမ်ကို တောင့်တသာယာခြင်း –

တို့ဖြစ်သည်။ အမျိုးသမီးများလည်း အမျိုးသားများနည်းတူ မှတ်ယူရာ၏၊

ထိုမှတပါးလည်း အောက်ဖော်ပြပါ ယုတ်ညံ့သော တရားများကြောင့်လည်း သီလညစ်နွမ်းရ၏ –

- ကောဓ = အမျက်ထွက်ခြင်း၊
- ဥပနာဟ = ရန်ငြိုးဖွဲ့ခြင်း၊
- မက္ခ = သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း၊
- ပဠာသ = အပြိုင်ပြုခြင်း၊ ဖက်ပြိုင်တုပခြင်း၊
- ဣဿာ = သူတပါးကြီးပွားချမ်းသာသည်ကို မနာလိုခြင်း၊ မရှုဆိတ်နိုင်ခြင်း၊
- မစ္ဆရိယ = မိမိစည်းစိမ်ကို နှမြောဝန်တိုခြင်း၊ သူတပါးနှင့် ဆက်ဆံရမည်ကို တွန့်တိုစေနဲခြင်း၊
- မာယာ = မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံးကွယ်ထားခြင်း၊
- သာဌေယျ = မိမိ၌ ထင်ရှားမရှိသောဂုဏ်ကို ရှိလေဟန်ဆောင်ခြင်း။

သီလစင်ကြယ်ခြင်း

ထိုသို့ မကျိုး မပေါက် မပြောက် မကြားသော သီလသည် စင်ကြယ်သည်ဖြစ်၍ တဏှာ၏ကျွန်အဖြစ်မှ တော်လှန်လွတ်မြောက်သောကြောင့် 'ဘုဇိဿ သီလ'မည်၏။ ပညာရှိတို့ ချီးမွမ်းအပ်သောကြောင့် 'ဝိညုပသတ္ထသီလ'လည်းမည်၏၊ ငါ့သီလသည် အလွန်တရာစင်ကြယ်သည်၊ ဤသီလကြောင့် နောင်သောအခါ ကြီးကျယ်သော လူနတ်စည်းစိမ်ချမ်းသာများကို ရရှိပါစေ စသည်ဖြင့် မျှော်လင့်တပ်မက်ခြင်းမရှိ၊ သီလမျှဖြင့် နိဗ္ဗာန်ရနိုင်သည်ဟု တယူသန် အစွဲကြီးမှုလည်း မရှိခြင်းကြောင့် 'အပရာမဋ္ဌသီလ'လည်းမည်၏။

ဤသို့ ပြဆိုခဲ့ပြီးသောအတိုင်း သီလသည်-

(၁) မကျိုးမပြတ်ခြင်း၊

(၂) မပေါက်ခြင်း၊

(၃) မပြောက်ခြင်း၊

(၄) မကြားခြင်း၊

(၅) တဏှာကို တော်လှန်နိုင်ခြင်း၊

(၆) ပညာရှိတို့ ချီးမွမ်းအပ်ခြင်း၊

(၇) တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်မှုမရှိခြင်း။ (သီလနှင့်စပ်၍ တဏှာ, ဒိဋ္ဌိမဖြစ်ခြင်း)-

ဤအင်္ဂါခုနစ်ပါးသည် သီလစင်ကြယ်ကြောင်း တရားတို့ ဖြစ်ကုန်၏။

ထိုခုနစ်ပါးနှင့် ပြည့်စုံသော သီလသည်သာ သမာဓိကို ဖြစ်စေနိုင်သည်၊ ထို့ကြောင့် သမာဓိကို ရယူလိုသော ပုဂ္ဂိုလ်မြတ်သည် မိမိ၏သီလကို ဤအင်္ဂါ ခုနစ်ပါးနှင့် ပြည့်စုံအောင် အားထုတ်ရ၏။ ရစ်မသည် မိမိအသက်ကို စွန့်ကာ ဥကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း၊ စာမရီသားကောင်သည် အသက်ကို စွန့်ပြီး မိမိ၏အမွေးအမှင်ကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း၊ သားတစ်ယောက်တည်းသာရှိသော သူသည် မိမိ၏ တစ်ဦးတည်းသော သားကို ယုယုယယစောင့်ရှောက်သကဲ့သို့လည်းကောင်း၊ မျက်စိတစ်ဘက်ကန်း သူသည် ကျန်သောမျက်စိတစ်ဘက်ကို ယုယုယယစောင့်ရှောက်သကဲ့သို့ လည်းကောင်း ထို့အတူ သီလကို စောင့်ရှောက်ထိန်းသိမ်းကြရာသည်။

ငါးပါးသီလတောင်းခံ ဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမို့ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

တတိယမွိ အဟံ ဘန္တေ တိသရဏေန သဟ ပဗ္ဗသိလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သိလံ ဒေထ မေ ဘန္တေ။

သံဃာ - ယ'မဟံ ဝဒါမိ၊ တံ ဝဒေထ။

လူ - အာမ ဘန္တေ ပါ အရှင်ဘုရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (သုံးကြိမ်)။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမွိ - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမွိ - ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမွိ - သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမွိ - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမွိ - ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမွိ - သံဃံ သရဏံ ဂစ္ဆာမိ။

သံဃာ - တိသရဏဂမနံ ပရိပုဏ္ဏံ။

လူ အာမ ဘန္တေ ပါ အရှင်ဘုရား။

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယမဒ္ဒပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သံဃာ - တိသရဏေန သဟ ပဗ္ဗသိလံ ဓမ္မံ သာဓုကံ ကတ္တာ အပမာဒေန သမ္မာဒေထ။

လူ - အာမ ဘန္တေ ပါ အရှင်ဘုရား။

ပါဏာတိပါတ သိက္ခာပုဒ် သိမှတ်ဖွယ်

သေစေလိုသောစိတ်ဖြင့် မည်သည့်သတ္တဝါ၏အသက်ကိုမဆို သတ်ဖြတ်ခြင်းသည် ပါဏာတိပါတ မည်၏။

ပါဏာတိပါတ အင်္ဂါ (၅)ပါး

(၁) သတ္တဝါဖြစ်ခြင်း၊
(၂) သတ္တဝါ ဟု သိမှတ်ခြင်း၊
(၃) သတ်လိုသော၊ သေစေလိုသော စိတ်စေတနာရှိခြင်း၊
(၄) သေစေရန်ပြုလုပ် အားထုတ်ခြင်း၊
(၅) ထိုပြုလုပ် အားထုတ်မှုကြောင့် သေခြင်း။

ပါဏာတိပါတ၌ တရားကိုယ်မှာ သတ်လိုသော ဒေါသစိတ် စေတ်နာဖြစ်သည်။

ဤအင်္ဂါငါးပါးနှင့် ညီညွတ်ပါက ပါဏာတိပါတ ကမ္မပထ မြောက်သည်။ ပါဏာတိပါတ ကမ္မပထမြောက်လျှင် သေလွန်သောအခါ အပါယ်ဘုံဘဝ၌ ကျရောက်ရ၏။ ထိုအင်္ဂါငါးပါးအနက် တစ်ခုခု ချို့တဲ့လျှင် ပါဏာတိပါတ ကံမထိုက်၊ သတ်သည်မမည်၊ ဥပမာ– လမ်းသွားရင်း မတော်တဆ နင်းမိ၍ ပိုးကောင်ငယ်များ၊ ပုရွက်ဆိတ်များ စသည်သေခြင်းသည် ပါဏာတိပါတကံ် မထိုက်၊ ကျန်အင်္ဂါလေးပါးနှင့်ညီညွတ်သော်လည်း သေစေလိုသောစိတ် မရှိသောကြောင့် ဖြစ်၏။

ဤအင်္ဂါငါးရပ်စလုံးနှင့် ပြည့်စုံမှသာ ကမ္မပထမြောက်၏။ တစ်ပါးပါး ချွတ်ယွင်းသော် ကံမျှသာဖြစ်၍ ကမ္မပထ မမြောက်သောကြောင့် အပါယ်မလားနိုင်သော်လည်း အကုသိုလ်မှုကား ဖြစ်၏။ မကောင်းကျိုးများ အထိုက်အလျောက် ပေးနိုင်သည်ပင်။

အပြစ်အကြီးအငယ်

ဆက်လက် မှတ်သားရန်မှာ ပါဏာတိပါတကံ်ချင်း သူ့အသက် သတ်မှုချင်း တူသော်လည်း အခြေအနေ အမျိုးမျိုးသို့ လိုက်၍ အပြစ်ဖြစ်ပုံချင်း မတူ၊ အပြစ်ကြီးငယ် ကွာခြား၏။

သတ္တဝါအကြီးအငယ်ကို လိုက်၍လည်းကောင်း၊ သတ္တဝါ၏ အကျင့်သီလဂုဏ်သိက္ခာကို လိုက်၍လည်းကောင်း၊ အပြစ်အကြီး အငယ် ခြားနား၏။ အကျင့်သီလ ဂုဏ်မရှိသော တိရစ္ဆာန်စသော သတ္တဝါတို့၌ ခန္ဓာကိုယ်ငယ်လျှင် အပြစ်ငယ်၍ ခန္ဓာကိုယ်ကြီးလျှင် အပြစ်ကြီး၏။ လူ စသော သတ္တဝါတို့၌ အကျင့်သီလစသည် နည်းလျှင် အပြစ်ငယ်၍ အကျင့်သီလစသည် ကြီးလျှင် အပြစ်ကြီး၏။ ခန္ဓာကိုယ်နှင့်သီလစသော ဂုဏ်တို့ တူညီရာ၌ပင် စေတနာလုံ့လအား နည်းလျှင် အပြစ်နည်း၏။ စေတနာ လုံ့လအားကြီးလျှင် အပြစ်ကြီး၏။

ပါဏာတိပါတ ရှောင်ကြဉ်ရကျိုး

သူတပါးအသက်ကို မသတ်ခြင်း၊ သူ့အသက် သတ်မှု ရှောင်ကြဉ်သော ကုသိုလ်ကြောင့် လူ့ပြည်၊ နတ်ရွာ၊ သုဂတိဘဝသို့ ရောက်ရသည်။ လူဖြစ်သောအခါ၊ တွင်လည်း အနာရောဂါကင်း၍ အသက်ရှည်ခြင်း စသည်နှင့် ပြည့်စုံရသည်။ သက်ရှိသတ္တဝါတိုင်း သေရမည်ကို ကြောက်ကြ၏။ မိမိကိုယ်နှင့် နှိုင်းစာ၍ ညှဉ်းဆဲ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြရ၏၊ ရှောင်ကြဉ်ရသော ကောင်းကျိုးများမှာ–

(၁) မျက်စိ နား နှာ အင်္ဂါ ခြေလက် မချို့တဲ့ခြင်း၊

(၂) ဖြစ်လေရာဘဝ၌ ရုပ်အသွင် ညှိုးခြောက်ခြင်း မရှိ၊ စိုစိုပြည်ပြည်ရှိခြင်း၊

(၃) အားအင်ပြည့်ဖြိုးခြင်း၊

(၄) လျင်မြန်ဖြတ်လတ်ခြင်း၊

(၅) ဘေးရန်ပေါပေါက်လျှင် ရဲရင့်ခြင်း၊

(၆) သူတပါးပယောဂကြောင့် မသေရခြင်း၊

(၇) အနာရောဂါကင်းခြင်း၊

(၈) အခြွေအရံ ပြည့်စုံခြင်း၊

(၉) အသက်ရှည်ခြင်း –

စသော ကောင်းကျိုးများ ခံစားရသည်။

အဒိန္နာဒါန သိက္ခာပုဒ် သိမှတ်ဖွယ်

ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့် ဖြစ်စေ သူတပါးတို့က မပေးသော ဥစ္စာကို ခိုးယူခြင်း၊ ဓားပြတိုက်ယူခြင်း၊ လိမ်ညာယူခြင်း၊ လှည့်ပတ်ယူခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာ၌ အလေး တင်းတောင်း ချိန်ခွင် စသည်ဖြင့် မမှန်မကန်ပြုခြင်း၊ ရောင်းကုန်တိုးအောင် ရေထိုးခြင်း စသည်ဖြင့် မရိုးမသား မတရားပြုလုပ်၍ ယူခြင်းမှန်သမျှသည် အဒိန္နာဒါန ဖြစ်သည်။

အဒိန္နာဒါနအင်္ဂါ(၅)ပါး

(၁) သူတပါး ဥစ္စာဖြစ်ခြင်း၊

(၂) သူတပါးဥစ္စာဟု သိမှတ်ခြင်း

(၃) ခိုးယူလိုသော စိတ်ဓေတနာရှိခြင်း၊

(၄) ခိုးယူလိုသောကြောင်းဖြစ်သော ကိုယ်နှုတ် လုပ် တစ်ခုခုကို ပြုလုပ်ခြင်း၊

(၅) ခိုးယူခြင်း။

ယင်းအင်္ဂါ(၅)ပါးစုံလျှင် အဒိန္နာဒါန ကမ္မပထမြောက်သည်။ ကမ္မပထမြောက်လျှင် သေလွန်သောအခါ အပါယ်ဘုံဘဝ၌ ကျရောက်ရ၏။

အပြစ်ကြီးမှု၊ အပြစ်ငယ်မှု

အပြစ်ကြီးမှု အပြစ်ငယ်မှုမှာ ဥစ္စာရှင်၏ အကျင့်သီလ ဂုဏ်သိက္ခာကို လိုက်၍ လည်းကောင်း၊ ဥစ္စာတန်ဖိုး အနည်းအများကို လိုက်၍ လည်းကောင်း ဖြစ်၏။ အကျင့်သီလ သိက္ခာ ဂုဏ်နှင့်ပြည့်စုံသူ၏ ဥစ္စာကို ခိုးယူပါက အပြစ်ကြီး၏။ အကျင့်သီလ သိက္ခာ ဂုဏ်နည်းပါးသူ၏ ပစ္စည်းကို ခိုးယူခဲ့သော် အပြစ်ငယ်၏။

အဒိန္နာဒါန ရှောင်ကြဉ်ရကျိုး

အဒိန္နာဒါနကို ရှောင်ကြဉ်သူသည် နတ်မြာ သုဂတိသို့ လားရောက်၍ နတ်စည်းစိမ်ခံစားရ၏။ ဘဝအဆက်ဆက်တွင်လည်း အောက်ဖော်ပြပါ ကောင်းကျိုးများ ခံစားရ၏ -

(၁) ပစ္စည်းဥစ္စာ ပေါကြွယ်ဝခြင်း၊

(၂) မပင်မပန်း ချမ်းသာခြင်း၊

(၃) အစာရေစာ ပေါများခြင်း၊

(၄) အလိုရှိသော ပစ္စည်းကို အလွယ်တကူ ရရှိခြင်း၊

(၅) ကူးသန်းရောင်းဝယ်မှု ကျွမ်းကျင် လိမ္မာ၍ စည်းစိမ်ဥစ္စာ တိုးပွားခြင်း၊

(၆) ရေ၊ မီး၊ မင်း ခိုးသူ အမွေးခံ သားဆိုး သမီးဆိုး ဟူသော ရန်သူမျိုးငါးပါး၏ ဖျက်ဆီးမှု မခံရခြင်း။

ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် သိမှတ်ဖွယ်

ကာမဂုဏ်တို့၌ မှားယွင်းဖောက်ပြန်စွာ ကျင့်မှုနှင့် ပတ်သက်၍ သိလဆောက်တည်သော အမျိုးကောင်းသားသည် မိမိသီလ မကျိုးမပေါက်စေရန် မသွားမလာအပ်သော မိန်းမ(၂၀)ကို ရှောင်ကြဉ်ရမည်။

(၁) မိခင် အုပ်ထိန်းသော မိန်းမ၊

(၂) ဖခင် အုပ်ထိန်းသော မိန်းမ၊

(၃) မိဘနှစ်ပါး အုပ်ထိန်းသော မိန်းမ၊

(၄) မောင်ကြီး မောင်ငယ် အုပ်ထိန်းသော မိန်းမ၊

(၅) အစ်မ ညီမ စောင့်ထိန်းသော မိန်းမ၊

(၆) ဆွေမျိုး အုပ်ထိန်းသော မိန်းမ၊

(၇) အမျိုး အနွယ် အုပ်ထိန်းသော မိန်းမ၊

(၈) တရားကျင့်ဖော်ချင်း အုပ်ထိန်းသော မိန်းမ၊
(၉) ပြောဆို ကြောင်းလမ်းပြီးသော မိန်းမ၊
(၁၀) မင်းတို့သိမ်းပိုက်ရန် ရည်ရွယ်ထား၍ မင်းဒဏ်မကင်းသော မိန်းမ၊
(၁၁) ဥစ္စာဖြင့် ဝယ်ယူပေါင်းသင်းနေသော မိန်းမ၊
(၁၂) အလိုတူ၍ ပေါင်းသင်နေသော မိန်းမ၊
(၁၃) ဥစ္စာစည်းစိမ်အပ်နှင်း၍ ပေါင်းသင်းနေသော မိန်းမ၊
(၁၄) အဝတ်တန်ဆာ ဆင်ပေး၍ ပေါင်းသင်းနေသော မိန်းမ၊
(၁၅) လူကြီးစုံရာ လက်ထပ်ပေါင်းသင်းသော မိန်းမ၊
(၁၆) ထင်းခွေ ရေခပ် လုပ်ကိုင်ရသော မိန်းမအား ထိုအလုပ်ကို မလုပ်စေဘဲ မယားအဖြစ်ပေါင်းသင်းသော မိန်းမ၊
(၁၇) ကျွန်လည်းဟုတ်, မယားလည်းဟုတ်သော မိန်းမ၊
(၁၈) အလုပ်သမားလည်းဟုတ် မယားလည်းဟုတ်သော မိန်းမ၊
(၁၉) မယားအဖြစ်ပေါင်းသင်းခံရသော သုံ့ပန်း မိန်းမ၊
(၂၀) ခေတ္တ မယားပြုအပ်သော ပြည့်တန်ဆာမ။

"မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်လည်း ၊ မအိပ်လေရာ" ဟူသော ရှေးပညာရှိတို့ ဆုံးမစကားအရ အမျိုးကောင်းသား များသည် အုပ်ထိန်းခြင်း မကင်းသော မည့်သည့် အမျိုးသမီးနှင့်မဆို ဖောက်ပြန်ကျူးလွန်လျှင် ကာမသုမိစ္ဆာစာရက်ထိုက်သည်။ ဤကဲ့သို့ အလွန်ကြောက်ဖွယ်ကောင်း၏၊ သေလွန်၍ငရဲသို့ကျခံရပြီးနောက် လူ့ဘဝပြန်ရစေကာမူ ဘဝများစွာ နပုန်းပတ္တာကြာ်ဖြစ်ရခြင်း၊ချစ်သူနှင့် ကွဲကွာရခြင်းစသော မကောင်းကျိုးများ များလှကုန်၏။

အပြစ်ကြီးငယ်

သီလမရှိသူ၌ လွန်ကျူးလျှင် အပြစ်ငယ်၏။ သီလရှိသူ၌ လွန်ကျူးလျှင် အပြစ်ကြီး၏။ ဥပမာ- နန္ဒလုလင်သည် ရဟန္တာမ ဥပုလဝဏ်ကို ကျူးလွန်မိ၍ ချက်ချင်း အဝီစိကျခံရ၏။ သီလမရှိသူအပေါ်၌လည်း အနိုင်အထက် လွန်ကျူးလျှင် အပြစ်ကြီး၏။

ကာမေသုမိစ္ဆာစာရကံ အင်္ဂါ(၄)ပါး

(၁) မသွားလာအပ်သော မိန်းမ (၂၀)ဖြစ်ခြင်း၊
(၂) မိုဝဲလိုစိတ် ရှိခြင်း၊
(၃) လုံ့လ ပြုခြင်း၊
(၄) သာယာခြင်း။
ဤအင်္ဂါလေးပါး ညီညွတ်လျှင် ကာမေသုမိစ္ဆာစာရကံ မြောက်သည်။

ကာမေသုမိစ္ဆာစာရရှောင်ကြဉ်ရကျိုး

သူတပါး၏ မယားနှင့် အုပ်ထိန်းခြင်းမကင်းသော သမီးပျိုများကို မကျူးလွန်ခြင်း၊ အမျိုးကောင်းသမီးများအတွက် မိမိပိုင် ကာမပိုင် လင်မှ တပါး အခြား မည်သည့်ယောကျ်ားနှင့်မျှ မေထုန်မကျူးလွန်ခြင်းတို့ဖြင့် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို စောင့်ရှောက်သူသည် အောက်ပါအကျိုးများ ခစား၊ရသည်–

(၁) ရန်သူမရှိခြင်း၊
(၂) အလုံးစုံသော သတ္တဝါတို့၏ ချစ်ခင်မြတ်နိုးခြင်း၊ကိုခံရခြင်း၊
(၃) ထမင်း အဖျော်ယမကာ အဝတ်တန်ဆာစသည့်တို့ရခြင်း၊
(၄) ချမ်းသာစွာ အိပ်ရခြင်း၊
(၅) ချမ်းသာစွာ နိုး၊ထ ရခြင်း၊
(၆) အပါယ်ဘေးမှ လွတ်ရခြင်း၊
(၇) မိန်းမအဖြစ်, နပုန်းအဖြစ်မှ လွတ်ရခြင်း၊
(၈) အမျက်ဒေါသနည်းခြင်း၊
(၉) ပြောင်ပြောင်တင်းတင်း ပွင့်လင်းစွာ ပြုလုပ်ပြောဆိုနိုင်ခြင်း၊
(၁၀) လည်တိုင်ကြော့ကြော့ မော့မော့ နေထိုင်နိုင်ခြင်း၊
(၁၁) မျက်လွှာမချရဘဲ ကြည်လင်ရွှင်ပျစွာ နေနိုင်ခြင်း၊
(၁၂) မိန်းမနှင့် ယောကျ်ားအချင်းချင်းသာ ချစ်ခင်မြတ်နိုးခြင်း၊

(၁၃) မျက်စိ နား နှာ စသော ခြေလက် ကိုယ်အင်္ဂါများ ပြည့်စုံခြင်း၊
(၁၄) ကြန်အင်လက္ခဏာနှင့် ပြည့်စုံခြင်း၊
(၁၅) ယုံမှားသံသယကင်းရှင်း၍ ရဲရဲတင်းတင်း နေထိုင်နိုင်ခြင်း။
(၁၆) ချမ်းသာစွာ နေရခြင်း၊
(၁၇) ပူပန်ကြောင့်ကြ မရှိရခြင်း၊
(၁၈) ဘေးရန်မရှိခြင်း၊
(၁၉) ချစ်ခင်နှစ်သက်သူတို့နှင့်အတူတကွနေရခြင်း -
စသော အကျိုးတို့ကို ရရှိသည်။

မုသာဝါဒ သိက္ခာပုဒ် သိမှတ်ဖွယ်

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ကိုယ်လက်လှုပ်ပြ၍ ဖြစ်စေ လိမ်ညာမှု မှန်သမျှသည် မုသာဝါဒဖြစ်သည်။ သို့သော် နှုတ်ဖြင့် ပြောရသော မုသားကများ၍ ဝစီဒုစရိုက်၌ ထည့်သွင်းရသည်။

လိမ်လည်ပြောဆိုရာ၌ သူတပါးအကျိုးစီးပွားပျက်စီးအောင် လိမ်ညာပြောဆိုသော မုသားမျိုးသာ အပါယ်ရောက်ကြောင်း ဖြစ်သည်။ သူတပါးအကျိုးစီးပွားအနည်းငယ်ပျက်စီးလျှင် အပြစ်ငယ်၏။ များစွာ ပျက်စီးလျှင် အပြစ်ကြီး၏။

ဘုရားလောင်းသူတော်ကောင်းများသည် သံသရာဘဝကျင်လည်စဉ် သတ်မှု, ခိုးမှု ကာမကျူးလွန်မှု အရက်သေစာသောက်စားမှုကို ရံခါပြုလုပ်မိခဲ့ကြသော်လည်း သူတပါးအကျိုးစီးပွား ပျက်စီးစေလိုသော စိတ်ဖြင့် မုသာဝါဒကံကိုမူ လုံးဝ မလွန်ကျူးခဲ့ကြ။

မုသာဝါဒ အင်္ဂါ(၄) ပါး

(၁) မဟုတ်မမှန်သော အကြောင်းအရာဖြစ်ခြင်း၊
(၂) မဟုတ်မမှန် ပြောဆိုလိုစိတ်ရှိခြင်း၊

(၃) ပြောလည်း ပြောခြင်း၊

(၄) လိမ်လည်သော စကားအဓိပ္ပာယ်ကို လိမ်လည်ခံရသူ သိရှိခြင်း။

မုသာဝါဒရှောင်ကြဉ်ရကျိုး

ဤမုသာဝါဒပြောဆိုမှုမှ ရှောင်ကြဉ်ပါက သုဂတိဘဝသို့ ရောက်ရှိပြီးလျှင် အောက်ပါအကျိုးများကိုလည်း ခံစားရသည်–

(၁) စကားပီသ ပြတ်သားခြင်း၊

(၂) သွားများ ညီညာခြင်း၊

(၃) ခံတွင်း မွှေးကြိုင်ခြင်း၊

(၄) ကိုယ် ရေ အသား ပြည့်ဖြိုးခြင်း၊

(၅) မျက်စိ နား စသော ဣန္ဒြေများ ကြည်လင်ခြင်း၊

(၆) ပုံသဏ္ဌာန် ကိုယ်ရေလှပခြင်း၊

(၇) သူတပါး အပေါ် သြဇာအာဏာရှိခြင်း၊

(၈) အပြောအဆို နူတ်စ အာစ ကောင်းခြင်း၊

(၉) စိတ်တည်ငြိမ်ခြင်း (အကြီးအကဲဖြစ်ရတတ်ခြင်း)။

သုရာမေရယ သိက္ခာပုဒ် သိမှတ်ဖွယ်

သေရည် သေရက် ဘိန်း ဘင်း ကစော် လော်စာ ကုတ်ကင်း ဆေးခြောက် ဘိန်းဖြူစသော မူးယစ်စေတတ်သော မည်သည့်ပစ္စည်းတို့ကိုမဆို သောက်စား သုံးစွဲခြင်း မပြုရ။ ထိုအရာများကို သောက်စားသုံးစွဲခြင်းသည် ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သောကြောင့် ရှောင်ကြဉ်ရသည်။

သုရာမေရယ အင်္ဂါ(၄)ပါး

(၁) သုရာ စသည် တစ်ပါးပါး ဖြစ်ခြင်း၊

(၂) သောက်စားလိုသော စိတ်ရှိခြင်း၊

(၃) သောက်စားသုံးစွဲရန် အားထုတ် ပြုလုပ်ခြင်း၊

(၄) သောက်စားသုံးစွဲခြင်း။

အရက်သောက်ခြင်း အပြစ်(၆)ပါး

ဘုရားရှင်သည် သိင်္ဂါလ သတို့သားအား အရက်သေစာ သောက်စားခြင်းနှင့် ပတ်သက်၍ မျက်မှောက်ပစ္စက္ခ အပြစ်ခြောက်ပါးဖြစ်နိုင်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။ ထို အပြစ်ခြောက်ပါးတို့မှာ–

(၁) စီးပွားဥစ္စာ ကုန်ခန်း ပျက်စီးခြင်း၊

(၂) ခိုက်ရန် ပွားခြင်း၊

(၃) ရောဂါအမျိုးမျိုး ဖြစ်ပွားတတ်ခြင်း၊

(၄) ကျော်စောသတင်း ကင်းမဲ့ခြင်း၊

(၅) အရှက်အကြောက် ကင်းခြင်း၊

(၆) အသိပညာအားနည်းအောင် ပြုတတ်ခြင်းတို့ ဖြစ်ကြသည်။

သုရာမေရယ ရှောင်ကြဉ်ရကျိုး

ဤအရက်သေစာ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ပါက သုဂတိဘဝသို့ ရောက်ရှိပြီးလျှင် အောက်ပါအကျိုးများကိုလည်း ခံစားရသည်–

(၁) အရေးအခွင့် သင့်မသင့်ကို သိခြင်း၊

(၂) လုံလ ဝီရိယရှိခြင်း၊

(၃) သတိနှင့်ပြည့်စုံခြင်း၊

(၄) သူပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း၊

(၅) အရှက်အကြောက်ရှိခြင်း၊

(၆) ကုသိုလ်ကောင်းမှု ပြုလွယ်ခြင်း။

ငါးပါးသီလ အကျိုးပြဝတ္ထု

ကုရတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့၌ ဓနဥယကောရဗျမင်း မင်းပြုသည်။ ဘုရားလောင်းသည် ထိုမင်းသား၏ သားတော်ဖြစ်၍ အရွယ်ရောက်လျှင် တက္ကသိုလ်၌ ပညာသင်ယူသည်။ ပညာတတ်ပြီးသော် အိမ်ရှေ့မင်းအရာ၌ နေ၍ ဖခင်မင်းကြီးကွယ်လွန်သော် မင်းအဖြစ်ကို ရသည်။

ဘုရားလောင်းမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်ပြီး ပဉ္စသီလ(ဂရုဓမ္မသီလ)ကို အထူးစင်ကြယ်စွာ စောင့်ထိန်းသည်။ ထို့အတူ-

- မယ်တော် မိဖုရားကြီး
- ညီတော် အိမ်ရှေ့မင်း
- ပုရောဟိတ်ပုဏ္ဏား
- ကြီးကိုင် မြေတိုင်းအမတ်
- ရထားထိန်း
- သူငြေး
- တင်းခြင်အမတ်ကြီး
- တံခါးစောင့်

- ပြည့်တံဆာမများနှင့်- ပြည်သူပြည်သားတို့သည်လည်း ပဉ္စသီလကို အထူးစင်ကြယ်စွာ ထိမ်းသိမ်းကြသဖြင့် မိုးလေဝသ မှန်ကန်၍ သာယာဝပြောသည်။ မင်းသည် မြို့တံခါးလေးမျက်နှာ၊ မြို့လယ်၊ နန်းတော်တံခါးတို့၌ အလှူတင်းကုပ်ကို ဆောက်စေ၍ နေ့စဉ် နေ့တိုင်း ခြောက်သိန်းသော အသပြာတို့ကို စွန့်လွှတ် လှူဒါန်းသည်။

ထိုအချိန် ကလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကလိင်္ဂမင်း မင်းပြုလျက်ရှိရာ ထိုမင်း၏ ဘိုင်းပြည်၌ မိုးမရွာ၍ ဘဝ်တိုင်းပြည့်လုံး ငတ်မွတ်ခြင်း ဘေးဆိုက်၏။ အစာအာဟာရမရှိ၊ ရောဂါဘယထူပြောသည်။

ပြည်သူများသည် ကလေးသူငယ်များကို လက်ဆွဲ၍ နန်းတော်သို့ သွားကာ နန်းတော်မုခ်တံခါး၌ ဝုရုံ့ကြွေးကြော်ကြသည်။

မင်းသည် လေသာတံခါးကိုဖွင့်လျက် ထိုအသံကို နားထောင်ရာ တိုင်းသူပြည်သားများ မိုးမရွာ၍ အစာ ရေစာ ငတ်မွတ်ခေါင်းပါးသဖြင့် မိုးရွာစေရန် မင်း တရားကျင့်ဖို့ ဆန္ဒပြကြခြင်း ဖြစ်ကြောင်း သိရှိသွားသည်။

မင်းကြီး- ရွေးမင်းတို့သည် မိုးမရွာသော် အလှူပေး၍ သီလ ဆောက်တည်ကြပါသည်။ ဥပုသ်ကို အဓိဋ္ဌာန်၍ အသရေရှိသော တိုက်ခန်းသို့ ဝင်ကာ မြေဇာမြက်ကို ခင်းပြီး အိပ်ကြပါသည်။ ထိုအခါ မိုးရွာချပါသည်"ဟု အမတ်များ သံတော်ဦးတင်၍ သာသနာပ ဥပုသ်စောင့်သုံးသော်လည်း မိုးကားမရွာ၊ ထိုအခါ အမတ်များက-

"မြတ်သောမင်းကြီး၊ ဣန္ဒပတ္ထနဂိုရ်မြို့၌ ဓနဥယကောရဗျမင်းမှာ အဥနဝဏ္ဏာမည်သော မဂ်လာဆင်တော် ရှိပါ၏။ ထိုဆင်ကို ဤတိုင်းပြည်သို့ ယူဆောင်သည်ရှိသော် မိုးသည် ရွာပါမည်"ဟု သံတော်ဦးတင်ကြပြန်၏။ ထိုဆင်ကြောင့် ကုရုတိုင်း၌ မိုးရွာသည်ဟု ထင်မှတ်ကြလေသည်။

ကောရဗျမင်းကြီးလည်း မဆိုင်းမတွပင် လာရောက်အလှူခံသော ပုဏ္ဏားတို့အား ကကြီးတန်ဆာများနှင့်အတူ ဆင်ကို ရေစက်သွန်းချ လှူဒါန်းလိုက်သည်။

ပုဏ္ဏားတို့သည် ဆင်ကိုယူ၍ ဒန္တပုရမြို့သို့ ပြန်ကြပြီး မင်းအား ဆက်သသည်။ ဒန္တပုရမြို့၌ ဆင်ရောက်လာသော်လည်း မိုးက မရွာသဖြင့် မင်းကြီးသည် မှူးမတ်တို့ကို မေးမြန်းပြန်လျှင်-

"အရှင်မင်းကြီး- ဓနဥယကောရဗျမင်းသည် ဂရုဓမ္မကို အမြဲကျင့်သုံး၏။ ထို့ကြောင့် ထိုမင်း၏ တိုင်းပြည်၌ လခွဲတစ်ကြိမ် ဆယ်ရက်တစ်ကြိမ် မိုးရွာ၏။ ကောရဗျမင်းထံမှ ဂရုဓမ္မကို တောင်းခံ၍ အရှင်မင်းကြီး ကျင့်သုံးပါလျှင် မိုးရွာပါလိမ့်မည်"ဟု သံတော်ဦးတင်ကြပြန်သည်။ ပုဏ္ဏားတော် ရှစ်ဦးတို့ကို စေလွှတ်၍ မဂ်လာ ဆင်တော်ကို ပြန်လည်အပ်နှင်းကာ ဂရုဓမ္မကို တောင်းခံစေသည်။

ကောရဗျမင်းသည် ဂရုဓမ္မသီလကို တောင်းခံလာသော ပုဏ္ဏားတော်တို့အား -

"အမောင်တို့- ငါသည် ဂရုဓမ္မကို စောင့်သည်ကား မှန်၏။ သို့သော် ဂရုဓမ္မ၌ ငါသည်သံသယဖြစ်လျက်ရှိ၏၊ ငါကျင့်သောဂရုဓမ္မ၌ အားမရသေးသဖြင့် သင်တို့အား မပေးလို"ဟု မိန့်တော်မူကာ သံသယရှိပုံကို ဆက်၍ မိန့်ကြားသည်။

"အမောင်တို့- သုံးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော တန်ဆောင်မုန်းလပွဲ၌ ငါသည် မင်းဝတ်တန်ဆာဆင်ယင်ပြီး စိတ္တရာဇာမည်သော နှတ်ကွန်းမှနေ၍ အရပ်လေးမျက်နှာသို့ (ပန်းတို့ဖြင့် တန်ဆာဆင်သော)မြားတို့ကို ပစ်လွှတ်၍ ကစားလေ့ရှိသည်။ အခြားအရပ်သို့ ပစ်လွှတ်သော မြားတို့ကို မြင်ရသော်လည်း ရေသို့ ပစ်လွှတ်သော မြားကိုမူကား မမြင်ရ၊ ထိုမြားသည် ရေထဲရှိ ငါးတစ်ကောင် ကောင်ကို ထိမှန်လေမလား၊မသိ၊ ထိုပါဏာတိပါတကံအတွက် သံသယဖြစ်နေမိသည်။ ငါ၏ မယ်တော်သည်ကား ဂရုဓမ္မသီလကို ကောင်းစွာဆောက်တည်သည်။ မယ်တော်ထံမှာ သွားရောက်တောင်းယူပါ"။ ပုဏ္ဏားတော်များက အတင်းအကြပ် တောင်းခံကြသဖြင့် ဂရုဓမ္မကိုမူ ပေးသနားလိုက်သည်။ အမတ်တို့သည် ရွှေပြားပေါ်၌ မင်းကြီးချပေးသော ဂရုဓမ္မကို လိုက်၍ ရေးကြ၏။

- သတ္တဝါကို မသတ်ရ၊
- ပိုင်ရှင်မပေးသော ဥစ္စာကို မခိုးယူရ၊
- ကာမတို့၌ မှားယွင်းစွာ မကျင့်ရ၊
- မဟုတ်မမှန်သော စကားကို မပြောဆိုရ၊
- သေရည် သေရက်ကို မသောက်သုံးရ။

အမတ်တို့သည် ဂရုဓမ္မကို ကူးယူကြပြီးလျှင် မင်းအားရှိခိုးပြီးနောက် မင်း၏ မယ်တော်ထံသို့ ဆက်လက်သွားကြသည်။ မယ်တော်ထံတွင်လည်း ဂရုဓမ္မကို ချီးမြှင့်ရန် တောင်းခံကြရာ-

"အမောင်တို့- ငါသည် ဂရုဓမ္မကို စောင့်သည်ကား မှန်၏။ သို့သော် ငါ၏သီလ၌ သံသယရှိနေသေး၍ မပေးလိုပါ၊ ငါ့မှာ သားနှစ်ယောက်ရှိသည်။

သားတော်ကြီးသည် မင်းဖြစ်၍ သားတော်ငယ်မှာ အိမ်ရှေ့မင်းဖြစ်သည်။ တစ်နေ့တွင် တိုင်းတစ်ပါးမှ မင်းသည် သားတော်ကြီးအား အသပြာတစ်ထောင် ထိုက်သော ရွှေပန်းကုံးနှင့် အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနဲ့သာနှစ်များကို ဆက်သလာသည်။ ထိုရွှေပန်းကုံးနှင့် နံ့သာတို့ကို မင်းက ငါ့အား ပူဇော်ရာ မယ်တော်မှာ နံ့သာကို မလိမ်းကျုံ၊ ပန်းကိုလည်း မပန်သဖြင့် ရွှေးမတို့အားပေးရန် ကြံစည်မိသည်။ ထိုအခါ ငါစဉ်းစားမိသည်မှာ ရွှေးမကြီးသည် မင်းကြီးမိဖုရားဖြစ်သည်။ ရွှေးမကြီးကို ရွှေပန်းကုံးပေးမည်၊ ရွှေးမငယ်မူ ဆင်းရဲ၍ အဖိုးတစ်သိန်းတန်သော စန္ဒကူးနံ့သာနှစ်ကို ပေးမည်ဟု အကြံဖြစ်သည်။ အကြံဖြစ်သည့်အတိုင်းလည်း ခွဲဝေပေးလိုက်သည်။ ပေးပြီးမှ 'ငါသည် ဂရုဓမ္မကို စောင့်သုံး၏။ ဆင်းရဲချမ်းသာသည် ပမာဏမဟုတ်၊ အမျိုးဌိ ကြီးသော သူတို့အားသာ အရေးပေး လေးစားသင့်သည်။ ငါကား မပြုအပ်သည်ကို ပြုမိ၍ ငါ့သီလပျက်လေသလော'ဟု သံသယဖြစ်မိသည်။ ငါ၏ ရွှေးမသည်ကား ကောင်းစွာ စောင့်သုံးသည်။ ရွှေးမတော်ထံမှ ယူကြပါ"ဟု ဆိုကာ လွှတ်လိုက်၏။ ရွှေးမတော်မိဖုရားကြီးကလည်း အိမ်ရှေ့မင်းသားအပေါ် တိမ်းညွတ်သောစိတ်၊ တပ်မက်သောစိတ် ဖြစ်မိသဖြင့် သီလမစင်ကြယ်ဟု ထင်နေ၏။ ထို့ကြောင့် အိမ်ရှေ့မင်းသားထံမှာ တောင်းခံရန် စေလွှတ်ပြန်သည်။

အိမ်ရှေ့မင်းသားကလည်း သူ့ဌ သံသယဖြစ်ပုံကို ပုဏ္ဏားတော်တို့အား ဤသို့ မိန့်ကြား၏။

"အမောင်တို့- ငါသည် ငါ့သီလဌ သံသယရှိနေပါသေးသည်။ ညချမ်းအချိန် ငါသည် မင်းထံအခစားဝင်လေ့ရှိရာ ယခင်က မင်းထံမှာ အိပ်မည်ဆိုပါက ကြိုးနှင့် နှင်တံကို ရထားဦးဌ ထားခဲ့လေ့ရှိသည်။ ထိုအမှတ်သင်္ကေတဖြင့် အခြွေအရံများ ဖယ်ခွာသွားကြပြီး နောက်နေ့တွင်မှ စောစော်လာရောက် ကြိုဆိုကြသည်။ မင်းထံမအိပ်ဘဲ ပြန်မည်ဆိုက ကြိုးနှင့်နှင်တံကို ရထားတွင်းမှာပင် ထားခဲ့လေ့ရှိရာ ထို အမှတ်သကေတဖြင့် အခြွေအရံများ စောင့်ဆိုင်းနေကြရသည်။ တစ်နေ့သဌ မင်းကြီးထံ အခစားဝင်ရာ မိုးကြိုးသည်းစွာရွာ၍ မင်းက အိမ်ပြန်ခွင့်မပေးသဖြင့် မင်းထံပါးမှာ အိပ်ရသည်။

ခြွေရံသင်းပင်းများမှာ ယခုပင် ပြန်မည်ထင်၍ ရထားမှာပင် စောင့်အိပ်နေကြရာ တစ်ညလုံးမိုးရေတဲ့ နေကြရသည်။ နောက်နေ့နံနက်တွင်မှ မိုးစိုလျက် စောင့်နေကြသည်ကိုမြင်၍ ငါသည်ဂရုဓမ္မကိုစောင့်ရှောက်သူဖြစ်လျက် လူအများကို ပင်ပန်းစေခဲ့ပြီ။ ငါ၏ သီလသည် ပျက်စီးရာ၏ ဟု သံသယ ဝင်မိသည်။

ရှေးနည်းတူ ဂရုဓမ္မသီလကို ကူးယူခွင့်ပြုလိုက်ရသော်လည်း သံသယ မကင်းသဖြင့် မိမိထက်သာလွန်စင်ကြယ်သည်ဟု ထင်မှတ်ထားသော ပုရောဟိတ် အမတ်ကြီးထံ စေလွတ်လိုက်ပြန်၏။ အမတ်ကြီးကလည်း သူ့၌ သံသယရှိနေပုံကို ဤသို့ မိန့်ကြားပြန်၏။

"အမောင်တို့- ငါသည် ငါ့သီလ၌ သံသယဖြစ်လျက်ရှိနေ၏၊ တစ်နေ့သောအခါ ငါသည် မင်းကြီးထံ အခစားဝင်စဉ် တိုင်းတစ်ပါးက ကောရဗျမင်းထံ ဆက်သသော ရထားသစ် တစ်စီးကို တွေ့မြင်၍ 'ငါ့ရထားသည် ဟောင်းနွမ်းပြီး ဤရထားသစ်ကို မင်းက ငါအား ပေးပါမူ ကောင်းလေစွ၊ ငါသည် ရထားသစ်နှင့် ချမ်းသာစွာ လှည့်လည်ရပေမည်'ဟု စိတ်အကြံ ဖြစ်မိသည်။ ကျွန်ုပ်က မင်းကြီးအား **"ဓယတု ဘဝံ ရာဇာ - မင်းကြီး အသက်ရှည်ကြာ အောင်ပါစေ"**ဟု ကောင်းချီးမင်္ဂလာပြုသော ခဏ္ဍာမှာပင် မင်းကြီးအား ရထားကို ဆက်သကြရာ မင်းကြီးက ကျွန်ုပ်ကို မြင်၍ "ဤရထားသည် အလွန်ကောင်း၏၊ ဆရာအား ပေးကြကုန်လော"ဟု ဆိုပါသည်။ ကျွန်ုပ်က အလိုမရှိပါဟု အဖန်တလဲလဲ ပြောသော်လည်းမရပါ၊ 'ငါသည် ဂရုဓမ္မကို စောင့်သုံးသူဖြစ်ပါလျက် တပါးသူပစ္စည်းကို တပ်စွန်းမိလေပြီ၊ ငါ့သီလပျက်ရာ၏'ဟု သံသယရှိနေပါသေး၏။ ကြီးကိုင်မြေတိုင်းအမတ်မှာ သီလကို ကောင်းမွန်စင်ကြယ်စွာ စောင့်ထိန်းသူ ဖြစ်သည်၊ မြေတိုင်းအမတ် ထံမှလည်း တောင်းခံကြပါဦး"ဟု ပြောဆိုစေလွှတ်လိုက်ပြန်၏။

ပုဏ္ဏားတော်တို့သည် ကြီးကိုင်မြေတိုင်းအမတ်ထံသို့ သွား၍ အကျိုးအကြောင်းပြောပြပြီး ဂရုဓမ္မကို တောင်းကြပြန်သည်။ မြေတိုင်း အမတ်ကလည်း-

"အမတ်တို့ ကျွန်ုပ်သည် ကျွန်ုပ်၏သီလ၌ သသယဖြစ်မိပါ၏။ တစ်နေ့သ၌ ဇနပုဒ်တွင် လယ်မြေကို တိုင်းတာစဉ် ကြိုးစွန်းကို တုတ်ဖျား၌ချည်ပြီး

တစ်ဘက်ကြိုးစကို လယ်သမားအားကိုင်စေကာ တစ်ဘက်စွန်းကို ကျွန်ုပ်က ကိုင်ရပါသည်။ ကျွန်ုပ်ကိုင်သော ကြိုးစွန်းမှာ ပုစွန်တွင်း အလယ်တည့်တည့်သို့ ရောက်သည်၊ တုတ်ကို ပုစွန်တွင်း၌ စိုက်ပါက တွင်းထဲ၌ ပုစွန်ရှိသော် သေပေမည်။ တွင်းတစ်ဘက်၌ စိုက်ပါက မင်းပိုင်လယ်ယာမြေ ဆုံးရှုံးမည်၊ အကယ်၍ တုတ်ကို ဤမှာဘက်၌ စိုက်လျှင်လည်း သူ့ဥစ္စာ ပျက်စီးရာ၏။ ဤသို့ စဉ်းစားလျက် တွင်းထဲ၌ ပုစွန်မရှိတန်ရာ၊ ရှိလျှင်လည်း သိသာပေလိမ့်မည်ဟု အောက်မေ့၍ တွင်းထဲ၌ တုတ်ကို စိုက်လိုက်ရာ ကရိယာသော အသံကို ကြားလိုက်ရသည်၊ ပုစွန်သည် ကျောက်ကုန်းပေါ် တုတ်ထိုးမိ၍ သေရရှာပြီလော၊ ငါ၏သီလပျက်စီးခဲ့သလော ဟု သံသယ ဖြစ်မိပါသည်”ဟု ပြောဆိုကာ ကြိုးကိုင်မြေတိုင်းအမတ်က ရထားထိန်းထံ တဆင့်လွှတ်ပြန်သည်။

ရထားထိန်းကလည်း သူ့သီလကို စင်ကြယ်သည် မထင်၊ သူ သံသယဝင်ပုံကို ပုဏ္ဏားတော်တို့အား ဤသို့ ရှင်းပြပြန်၏–

“အမတ်တို့– ကျွန်ုပ်သည် ကျွန်ုပ်၏ ဂရုစမ္မသီလ၌ သံသယ ဖြစ်နေပါသည်။ တစ်နေ့သောအခါ မင်းကြီးသည် ဥယျာဉ်သို့သွား၍ တောကစား ထွက်ပါသည်။ အပြန်တွင် မိုးချုပ်နေဝင်ကာနီးအချိန် မိုးသားများ တက်လာပါသည်။ မင်းကြီး မိုးမိမည်စိုး၍– သိန္နောမြင်းကို နှင်တံတို့၍ အမှတ်သညာ ပေးမိပါသည်။ သိန္နောမြင်းသည် နှင်တံတို့ချက်ဖြင့် လျင်မြန်စွာ ပြေးသွားခဲ့သည်၊ ထိုအချိန်မှစ၍ သိန္နောမြင်းသည် ဥယျာဉ်သို့ အသွားအပြန် ထိုနေရာသို့ ရောက်တိုင်း လျင်မြန်စွာ ပြေးသွားပါ၏။ ‘ဤနေရာသည် ဘေးအန္တရာယ်ရှိ၍ ရထားထိန်းက ငါ့ကို နှင်တံဖြင့် အမှတ်သညာပြုသည်’ဟု မှတ်ယူကာ ထိုနေရာရောက်တိုင်း လျင်မြန်စွာ ပြေးသွားရပါသည်။ မင်းကြီး မိုးစိုသည် မစိုသည်မှာ အကြောင်းမဟုတ်၊ ငါသည် လိမ်မာသော သိန္နောမြင်းအား အရာမဟုတ်သည်၌ နှင်တံအမှတ်သညာကို ပေးမိ၏။ သိန္နောမြင်းခမျာ ဤအမှတ်သညာဖြင့် အကြိမ်ကြိမ်ပြေးသွားနေရရှာသဖြင့် ပင်ပန်းလှ၏။ ငါသည် ဂရုစမ္မစောင့်သူ ဖြစ်ပါလျက် ဤသို့ ပင်ပန်းစေသည်မှာ ငါ၏ သီလပျက်စီးရာ၏ဟု သံသယဖြစ်နေမိပါသည်။”

တဖန် ပုဏ္ဏားတော်တို့သည် ရာထားထိန်း၏ ညွှန်ကြားချက်အရ သူဌေးကြီးထံသို့ သွားကာ အကျိုးအကြောင်းပြောပြပြီး ဂရုဓမ္မကို တောင်းကြပြန်သည်။ သူဌေးကြီးကလည်း သူ၏သီလအပေါ် သံသယဝင်နေပုံကို ဤသို့ ပြောဆိုပြန်၏ –

"အရှင်တို့ ကျွန်ုပ်သည် ဂရုဓမ္မနှင့်စပ်၍ သံသယရှိနေပါသေး၏။ တစ်နေ့တွင် ကျွန်ုပ်သည် မိမိပိုင် သလေးလယ်သို့သွား၍ အိမ်သို့ပြန်အလာ ကြက်ဘစ်စ ကောက်နုံပန်း တစ်ဆုပ်ကို နုတ်ယူပြီး အိမ်တိုင်ထိပ်၌ အလှချည်ထားပါသည်။ ပြီးမှ စဉ်းစားမိသည်မှာ 'ငါသည် မင်းဘဏ္ဍာအတွက် ဆယ်ဖို့တစ်ဖို့ မပေးရသေးသော လယ်မှ သလေးနုံတစ်ဆုပ်ကို ယူမိခဲ့ပြီ၊ ငါစောင့်သုံးသော ဂရုဓမ္မသည် ပျက်လေသလော'ဟု အကြံဖြစ်မိပါသည်။" ပုဏ္ဏားတော်တို့သည် သူဌေးကြီး၏ ညွှန်ကြားချက်အရ တင်းခြင်အမတ်ထံသို့ သွားကာ အကျိုးအကြောင်း ပြောပြပြီး ဂရုဓမ္မကို တောင်းကြပြန်သည်။ တင်းခြင်အမတ်ကလည်း သူ၏ သီလစင်ကြယ်လှသည်မထင်၍ သူသံသယဝင်နေပုံကို ရှင်းပြပြန်၏။

"အဆွေတို့– ကျွန်ုပ်သည် ဂရုဓမ္မသီလနှင့် စပ်၍ သံသယရှိနေပါသည်၊ တစ်နေ့တွင် ကျွန်ုပ်သည် စပါးကျီတော်တံခါးအနီး ဘုရင့် ဘဏ္ဍာအတွက် စပါးများ ခြင်ယူစဉ် မခြင်ရသေးသော စပါးပုံမှ စပါး တစ်ဆုပ် တစ်ဆုပ်ယူ၍ ဂရိုအဖြစ် မှတ်သားရပါသည်၊ ရုတ်တရက် မိုးရွာလာသဖြင့် ဂရိုချိုး မှတ်သားသော စပါးဆုပ်များကို ဘုရင့်ဘဏ္ဍာအတွက်ခြင်ပြီး စပါးပုံ၌ ဆွဲယူထည့်ပြီး မိုးခိုနေမိပါသည်၊ ဤသို့ဖြစ်လျှင် ဘဏ္ဍာတော်စပါးဘက်တွင် အပိုရပြီး၊ စပါးရှင်အတွက် နစ်နာရပြီး၊ မည်သည့်အပုံ၌ ထည့်မိသည်ကိုလည်း ကောင်းစွာ မမှတ်မိပါ၊ ကျွန်ုပ်၏ သီလ ပျက်လေသလောဟု သံသယဖြစ်လျက် ရှိပါသည်"။

တင်းခြင်အမတ်ကလည်း ပုဏ္ဏားတော်များအား မိမိစောင့်သော သီလကို ရေးကူးခိုင်းပြီး ပေးလိုက်ရသော်လည်း အားရနှစ်သက်ခြင်း မရှိလှ၍ တံခါးစောင့်ထံမှလည်း သွားရောက်ကူးယူကြရန် စေလွှတ်လိုက်ပြန်သည်။ တံခါးစောင့်ကလည်း သူ၏သီလ၌ သံသယဖြစ်နေပုံကို ဤသို့ ပြောဆိုပြန်၏။

"အမတ်တို့ ကျွန်ုပ်သည် ဂရုဓမ္မ၌ သံသယရှိပါသည်။ တစ်နေ့သောအခါ မြို့တံခါးပိတ်ခါနီး၌ သုံးကြိမ် အသံကြွေးကြော်ရပါသည်၊ ထိုအသံကြားလျှင် ဆင်းရဲသားတစ်ယောက်သည် မိန်းမငယ်တစ်ဦးကို လက်စွဲလျက် အဆောတလျင် ပြေးလာပါသည်၊ ကျွန်ုပ်က တနေကုန်တောထဲမှာ ထင်သလို ပျော်ပါးပြီး တံခါးပိတ်မည်ရှိမှ ပြေးလာရသလောဟု ကြိမ်းမောင်းမိပါသည်။ ထင်းခွေယောကျ်ားက 'ဤသူငယ်မသည် မယားမဟုတ်၊ နှမဖြစ်ပါသည်' ဟု ပြောဆိုသောအခါ 'ငါသည် သီလစောင့်ထိန်းသူဖြစ်ပါလျက် မဆင်မခြင် ဆိုမိသည်၊ ငါ၏ ဂရုဓမ္မသီလ ပျက်စီးရာ၏'ဟု သံသယဝင်နေမိပါသည်။ သို့အတွက် ကျွန်ုပ်၏ ဂရုဓမ္မကို မပေးလိုပါ"ဟု ရှင်းပြသည်။

တံခါးစောင့်သည် မိမိသီလကို ရေးပေးလိုက်ရသော်လည်း အားရကျေနပ်ခြင်းမရှိလှ၍ ပြည့်တန်ဆာမထံမှလည်း ကူးယူသွားကြပါရန် ပြောဆိုပြန်၏။ ပြည့်တန်ဆာမကလည်း သူ၏သီလ၌ သံသယဖြစ်နေပုံကို ဤသို့ ပြောဆိုပြန်၏။

"ကျွန်မသည် ဂရုဓမ္မကို အသန့်ရှင်းဆုံး စောင့်ရှောက်ပါသော်လည်း တစ်နေ့တွင် လုလင်တစ်ယောက် ကျွန်မထံရောက်လာပြီး မိမိနှင့်ပျော်ပါးရန် အသပြာငွေတစ်ထောင်ပေးပြီး ထွက်သွားပါသည်။ ထိုလုလင်ကို စောင့်မျှော်ရာ သုံးနှစ်ကြာခဲ့ပါသည်၊ အခြားမည်သူ့ကိုမျှ လက်မခံခဲ့ပါ၊ ကြာသော် အနေအစားချို့ငဲ့လာသဖြင့် တရားရုံးတော်သို့ သွား၍ အဆုံးအဖြတ် ခံရပါသည်။ တရားသူကြီးက သုံးနှစ်ကျော်လျှင် စောင့်ရန်မလို၊ အခြားယောကျ်ားကို လက်ခံနိုင်ခွင့်ရှိသည်ဟု အဆုံးအဖြတ်ပေးပါသည်၊ တရားရုံးတော်မှ ထွက်လျှင် ထွက်လာခြင်း လုလင်ဟူတစ်ဦးက ကျွန်မထံ အသပြာတစ်ထောင် ကမ်းလှမ်းလာရာ ထိုငွေကိုလက်ခံရန် လက်ဖြန့်စဉ် ရုတ်တရက် ပထမလုလင် ရောက်လာပါသည်။ ထိုလုလင်ကိုမြင်သည်နှင့် ကျွန်မလက်ကို ပြန်ရုပ်သိမ်းပြီး ငွေကိုလက်မခံဘဲ တောင်းပန်လိုက်ပါသည်"။

အမှန်အားဖြင့် သုံးနှစ်ပျောက်နေသူမှာ ကျွန်မသီလကို လာရောက်စုံစမ်းသော သိကြားမင်းဖြစ်နေပါသည်။

သိကြားမင်းသည် ကောင်းကင်မှနေ၍ တိုင်းသူပြည်သားများအား ငါသည်ဤမိန်းမ၏ သီလကို စုံစမ်းလို၍ သုံးနှစ်ကျော်ကာလက အသပြာငွေ

တစ်ထောင် ပေးခဲ့သည်၊ သီလစောင့်သော သူတို့သည် ဤကဲ့သို့ သီလကို စောင့်သုံးသင့်ကြသည်ဟု ဆိုဆုံးမပြီး ကျွန်မအိမ်၌ ရတနာခုနစ်ပါးဖြင့် ပြည့်စေပြီး ပြန်သွားပါသည်။

"ကျွန်မသည် ပထမ လက်ခံထားသူရှိလျက် ဒုတိယလူကို လက်ခံရန် လက်ဖြန့်မိသည့်အတွက် သီလမစင်ကြယ်ဟု သံသယရှိနေမိပါသည်။ သို့အတွက် ကျွန်မ ဂရုဓမ္မကို မပေးလိုပါ"ဟု ငြင်းဆန်သော်လည်း မရ၊ ထိုမျှဖြင့် သီလမပျက်နိုင်ပါဟု တောင်းပန်ကြသဖြင့် ဂရုဓမ္မသီလကို ပေးလိုက်ရသည်။

ပုဏ္ဏားတော် အမတ်တို့သည် နောက်ဆုံး ပြည့်တန်ဆာမထံမှ ဂရုဓမ္မကို ရွေပြား၌ ကူးယူကြပြီးလျှင် ဒန္တပုရမြို့သို့ ပြန်ကာ အကြောင်းစုံ သံတော်ဦးတင်လျက် ကလိင်္ဂမင်းအား ဆက်သကြသည်။ ကလိင်္ဂမင်းသည် ဂရုဓမ္မကို ကိုယ်တိုင်လည်း စောင့်ထိန်း၊ တိုင်းသူပြည်သားတို့ကိုပါ ထိန်းသိမ်းစောင့်ရှောက်စေရာ ကလိင်္ဂတိုင်း၌ ထူးခြားသိသာစွာ မိုးရွာသွန်း လေသည်။ ဘေးသုံးပါးလည်း ကင်းဝေးကာ သာယာဝပြောလေတော့သည်။

ငါးပါးသီလကို စောင့်ထိန်းရာ၌ အသေးအဖွဲကလေးကအစ၊ အလေးအနက် ကြောင့်ကြစိုက်ပုံကို ဤဝတ္ထု၌ တွေ့နိုင်၏၊ သီလစောင့်သော တိုင်းပြည်နှင့် သီလပျက်သောတိုင်းပြည်နှစ်ခုတို့၏ ချမ်းသာဆင်းရဲကိုလည်း ကွဲပြားစွာတွေ့နိုင်၏၊ ကုရုတိုင်း၌ ရှင်ဘုရင်ကအစ ပြည့်တန်ဆာမ အဆုံး တနိုင်ငံလုံး သီလလုံခြုံကြသဖြင့် မြေဆီညစာ အသီးအနှံ ဖွံ့ဖြိုး၍ အနာရောဂါ ကင်းကာ သာယာဝပြောပုံကိုလည်း တွေ့ရသည်၊ ကုရုတိုင်းကား ယခုအခါ ဒေလီမြို့ဝန်းကျင်ဒေသ ဖြစ်သည်ဟု ဆိုကြ၏။

မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါ အလွန်မြင့်မြတ်လေးနက်သော မဟာသကိပဋ္ဌာနသုတ္တန်ကြီးကို ဟောကြားရန် မြို့ရွာဒေသ လူမျိုးများကို ရွေးချယ်တော်မူသောအခါ သီလလုံခြုံ၍ စားရေရိက္ခာ၊ ကျန်းမာရေး၊ ဆင်ခြင်ဉာဏ် စသည် အခြေခံခိုင်မာသော ကုရုတိုင်းသူပြည်သားများကိုသာ ရွေးချယ်၍ ဦးစွာ ဟောကြားတော်မူခဲ့သည်၊ သီလစောင့်မှ အကုသိုလ်သည်ကို သတိမူကြရာ၏။

ဗြဟ္မစရိယပဋ္ဌမကသိလ (ကောမာရဗြဟ္မစရိယသိလ)

'ကောမာရဗြဟ္မစရိယ' (မေထုန်အမှုမှ ရှောင်ကြဉ်ခြင်းလျှင် ငါးခုမြောက်သိလ) ဟူသည် ငယ်သွေးငယ်မူ ဖြူစင်သူတို့၏ ဥစ္စာဖြစ်သော မြတ်သော အကျင့်သိလဟု အနက်အဓိပ္ပါယ် ရသည်၊ အမျိုးသမီးအတွက်မူ 'ကောမာရီဗြဟ္မစရိယသိလ'ဟု ခေါ်သည်၊ သိလခံယူဆောက်တည်နည်းမှာ ငါးပါးသိလအတိုင်းပင် ဖြစ်သည်။ သိက္ခာပုဒ်တို့ကို ဆောက်တည်ရာ၌ 'ကာမေသုမိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ'အစား၊ 'အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ'ဟူ၍ ဆောက်တည်ရသည်။ သိလတောင်းခံသောအခါလည်း 'ပဋ္ဌသိလံ' အစား၊ 'ကောမာရဗြဟ္မစရိယ ပဋ္ဌမကသိလံ'ဟု တောင်းရသည်။ ဤမျှသာထူးသည်။

မေထုန်အကျင့်ဟူသည်ကား လူများဦသာမက ကာမ(၁၁)ဘုံအကုန်ရှိသည်။ နတ်ပြည်၌ကား ပို၍ပင် ခမ်းနားကြီးကျယ်လှသည်။ ယုတ်စွအဆုံး ရေနေ ကုန်းနေ ကောင်းကင်နေ ဖြစ်ကြသော ပိုးမွှားကလေးများမှအစ တိရစ္ဆာန် တို့ဦလည်း မေထုန်အမှု ရှိကြသည်။

ဤအမှုကို မစွန့်နိုင်ကြသည့်အတွက် ရိုက်နှက် သတ်ပုတ် ထိုးခုတ်လုယက် မတရား နိုင်ထက်ပြုမှု စသည်ဖြစ်ပွားကာ ပစ္စုပ္ပန်ဘဝတွင်ပင် ဆင်းရဲကြရ၏။ ထောင်ကျကြ အညှဉ်းဆဲခံကြရသည်။ တမလွန်ဘဝတွင်လည်း အပါယ် ဆင်းရဲ ဝဋ်ဆင်းရဲများ ခံစားကြရသည်။

ဆင်းရဲမှန်သမျှ ဤ ငါးဖြာအာရုံ ကာမဂုဏ်မှ စခဲ့သည်ဖြစ်ရာ သာသနာတော်တွင်း သာသနာပ သူတော်စင် မှန်သမျှတို့သည် အထူးသဖြင့် ဤမေထုန်ကာမမှ အကျွတ်အလွတ် ရှောင်ကြဉ်ကြသည်။

ကဿပဘုရားရှင်လက်ထက်တော်က ခေမာ၊ ဥပ္ပလဝဏ်၊ ပဋာစာရာ၊ ဓမ္မဒိန္နာ၊ 'ကုဏ္ဍလကေသီ၊ ကိသာဂေါတမီထေရီများနှင့် ဝိသာခါတို့၏ အလောင်းအလျာဖြစ်သော ကိကီမင်းကြီး၏ သမီးတော် ညီအစ်မ ခုနစ်ဖော်တို့သည် အနှစ် နှစ်သောင်းပတ်လုံး အပျိုစင်ဘဝဖြင့် ဤ ကောမာရီဗြဟ္မစရိယခေါ် ငါးပါးသီလကို စောင့်ထိန်းခဲ့ကြသည်။

အလားတူပင် အလောင်းတော် ဥဒယဘဒ္ဒမင်းနှင့် မင်းသမီးတို့သည် လည်းကောင်း၊ ဒုက္ကလနှင့်ပါရိကာတို့သည်လည်းကောင်း အိပ်ရာတစ်ခုတည်း၌ အိပ်ကြသော်လည်း ကျူးလွန်ဖောက်ပြားမှု မရှိကြဘဲ စင်ကြယ်သော မေတ္တာဓာတ်ဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက် သက်ဆုံးတိုင်အောင် စောင့်စည်းခဲ့ကြသည်။

အပျို လူပျိုများ အိမ်ထောင်မရှိသူများ၊ အိမ်ထောင်ရှိသော်လည်း အခိုက်အတန့်ခွဲခွာနေသူများ ရိုးရိုးငါးပါးသီလအစား ဤသီလကို ဆောက်တည်ကြသည်၊ ပို၍ နုပျိုကျန်းမာ အသက်ရှည်စွာ နေရ၏။

ရှစ်ပါးသီလ

ရှစ်ပါးသီလသည် အမြဲတစ်နိုင်လျှင် အမြဲစောင့်ထိန်းသင့်ပြီး ရံခါတစ်နိုင်လျှင် ရံခါ စောင့်ထိန်းသင့်သော သီလဖြစ်သည်။ လူတို့နှင့် အထူးသင့်လျော်သော သီလဖြစ်သည်၊

အထူးသဖြင့် ဤရှစ်ပါးသီလကို လဆန်း(၈)ရက်၊ လဆုတ်(၈)ရက်၊ လပြည့်၊ လကွယ်နေ့များ၌ ဥပုဒ်နေ့အဖြစ် သတ်မှတ်ပိုင်းခြား၍ ကျင့်သုံး'ဓလ့ရှိသည်။

ဤရှစ်ပါးသီလကို သာမန်စောင့်ရိုးစောင့်ရက်များတွင်သာမက အကြိုအပို စောင့်သုံးသောအားဖြင့် အဖိတ်နေ့ ဥပုဒ်အထွက်နေ့များတွင်ပါ စောင့်သုံးလေ့ရှိသည်။ ဤရှစ်ပါးသီလကို ကျင့်သုံးဆောက်တည်ခြင်းသည်–

- ဘုန်းတန်ခိုး အရှိန်အဝါ စည်းစိမ်ဥစ္စာ တိုးတက်မြင့်မားစေနိုင်သည်။
- စကြဝတေးမင်း ဧကန်ဖြစ်မည့် စကြာမင်းလောင်းသည်ပင် ရှစ်ပါးသီလဆောက်တည်မှသာ စကြာရတနာဆိုက်ရောက်ပြီး စကြဝတေးမင်း အဖြစ်သို့ ရောက်ရှိနိုင်သည်။
- ဘဝသံသရာ၌ ကောင်းရာသုဂတိသို့ ရောက်ရှိကာ လူ နတ်စည်းစိမ်ချမ်းသာအမျိုးမျိုးကို အကြိမ်ကြိမ်ခံစားရပြီး မဂ်ဖိုလ် နိဗ္ဗာန်အထိ အဆင့်ဆင့်သော အကျိုးတရားများကို ရရှိနိုင်သည်။

- မျက်မှောက်ဘဝတွင် လူတော်လူကောင်းတစ်ယောက်ဖြစ်ကာ အပြစ်ကင်းစင်၍ အမျှားချစ်ခင်လေးစားမှု ယုံကြည်မှု အားထားမှုကို ခံရသည်၊
- ယခု ဘဝတွင်ပင် စည်းစိမ်ဥစ္စာတို့ အစုလိုက် အပုံလိုက် တိုးတက် ကြီးပွားနိုင်သည်။

ရှစ်ပါးသီလ စံယူဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

သံဃာ - ယ, မဟံ ဝဒါမိ ဂ ဝဒေထ။

လူ - အာမ ဘန္တေ ပါအရှင်ဘုရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (သုံးခေါက်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သံဃာ - တိသရဏဂမနံ ပရိပုဏ္ဏံ။

လူ - အာမ ဘန္တေ ပါ အရှင်ဘုရား။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဒ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန မာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သံဃာ - တိသရဏေန သဟ အင်္ဂဴသမန္နာဂတံ ဥပေါသထသီလံ သာဓုကံ ကတ္တာ ဓမ္မံ အပွမာဒေန သမ္မာဒေထ။

လူ - အာမဘန္တေ ပါ အရှင်ဘုရား။

အဗြဟ္မစရိယ သိက္ခာပုဒ် သိမှတ်ဖွယ်

မမြတ်သော မေထုန်အကျင့်ဟူရာ၌ မိန်းမယောကျ်ားနှစ်ဦးသားတို့၏ အချင်းချင်း ပျော်ပါး ပေါင်းသင်းမှု ကိစ္စကို မေထုန်ဟု ဆိုသည်။

ကာမေသုမိစ္ဆာစာရမှာ မိမိတို့ ဇနီးခင်ပွန်းအချင်းချင်း ပေါင်းသင်းခွင့်ရသေးသည်၊ ဤအပြုဟူစရိယဆောက်တည်သူတို့မှာ ဇနီး ခင်ပွန်း အချင်းချင်း သော်မှ ပေါင်းသင်းဆက်ဆံခွင့်မရ။

အိမ်ထောင်မရှိသော သူတော်စင်များသည် ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရအစား ဤအပြုဟူစရိယသိက္ခာပုဒ်ကို ဆောက်တည်ပါက သာ၍ အကျိုးကြီးသည်။

ဝိကာလဘောဇနေ သိက္ခာပုဒ် သိမှတ်ဖွယ်

နေလွဲ ညစာ စားခြင်းမှ ရှောင်ကြဉ်ခြင်း

'နေလွဲအခါ အစာစားခြင်းမှ ရှောင်ကြဉ်ပါ၏'ဆိုရာ၌ နေ့လယ်မွန်းတည့်(၁၂)နာရီအချိန်မှ နောက်ပိုင်းကို ငနင်္ဒေ မွန်းလွဲဟု ခေါ်၏။ ထိုနေလွဲသည်မှစ၍ နောက်နေ့ နံနက်အရုဏ်တက်သည့်တိုင်အောင် ထမင်း ဟင်းလျာ မုန့်, ပဲ သရေစာ သစ်သီးစသည့် စားသောက်ဖွယ်ရာ ဟူသမျှကို မစားရ။ ယင်း အစားအစာများကို စားလျှင် ဝိကာလဘောဇနသိက္ခာပုဒ် ပျက်သည်။

ဆာလောင်မွတ်သိပ်မှု ဖြစ်ခဲ့သော် ဖျော်ရည်တစ်မျိုးမျိုးကို သောက်ကောင်း၏။ ထန်းလျက်ကိုပင် မစားရ၊ ဖျော်ရည်လုပ်၍ သောက်ရသည်။

ညစာ မစားခြင်းအကျိုး

ညစာ မစားဘဲ ရှောင်ကြဉ်ခြင်းသည် အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလတွင် တစ်ပါးမျှသာ ဖြစ်၏။ ညစာ မစားမှုတစ်ခုတည်းကို ဥပုသ်စောင့်သည်ဟု မဆိုနိုင်။ ဤသိက္ခာပုဒ်၏ ရည်ရွယ်ချက်မှာ–

(၁) ကိစ္စနည်း၍ တရားအာရုံပြုနိုင်ရန် အချိန်များစွာ ရစေခြင်း၊

(၂) လောကီအာရုံ ကာမဂုဏ်၌ စိတ်မဝင်စားအောင် လောဘ ဒေါသများ ထိန်းချုပ်ပြီး ဖြစ်စေခြင်းတို့ ဖြစ်၏။

ညစာစား‌လျှင် ညစာစားဖို့အတွက် ချက်စရာပြုတ်စရာ ရှာရ ဖွေရ ချက်ပြုတ် စီမံရသဖြင့် အလွန်ကိစ္စများ၏။ ထိုအလုပ်များကို လုပ်ကိုင်နေရလျှင် ဘုရား တရားအာရုံပြုရန် အချိန်နည်းသွားမည်။ ထို့ကြောင့် ညစာမစား‌ခြင်းသည် အလုပ်ကိစ္စနည်း တရားအာရုံပြုဖို့ရန် အချိန်များစွာ ရစေခြင်း အကျိုးရှိသည်။

ညစာ စား‌ခြင်းဖြင့် အင်အားပြည့်ဖြိုး၍ လောကီအာရုံ ကာမဂုဏ်ဘက်၌ စိတ်ညွတ်စေသည်။ ထို့ကြောင့် မေထုန်မှမှ ရှောင်ကြဉ်မှု အဇ္ဈတ္တစရိယ သိက္ခာပုဒ်ကို စောင့်ထိန်း‌ရာ၌ ညစာစား‌မှုကို ရှောင်ကြဉ်မှုသာ သင့်လျော်မည် ဖြစ်သည်။

ကဿပဘုရား‌ရှင်လက်ထက်တော်က ဂဝေသိဆရာကြီး‌နှင့် သီတင်းသည် ငါး‌ရာတို့သည် ဇြဟ္မစရိယငါး‌ပါး‌သီလနှင့် ဤ ဝိကာလဘောဇနသိက္ခာပုဒ်ကို ဆောက်တည်၍ ခြောက်ပါး‌သီလ ထိန်း‌သိမ်း‌ကြောင်း ပဋ္ဌဂုံတွဲရပါဠိတော် ဂဝေသီသုတ်၌ လာရှိသည်။

ဓမ္မိကဥပါသကာ၊ နန္ဒမာတာတို့လည်း ဇြဟ္မစရိယငါး‌ပါး‌သီလ၌ ဝိကာလဘောဇနသိက္ခာပုဒ်ထည့်၍ ခြောက်ပါး‌သီလကို အသက်ထက်ဆုံး ကျင့်သုံး‌ကြကြောင်း လာရှိသည်။

ကာမရာဂသံယောဇဉ် ကင်း‌ပြတ်ပြီး‌သော ဆတ္တပါဏိဥပါသကာ၊ ဝိသာခသူဌေး‌စသူတို့ကဲ့သို့ လူဝတ်ကြောင်အနာဂါမ်များ ဇြဟ္မစရိယသိက္ခာပုဒ်နှင့် ဝိကာလဘောဇနသိက္ခာပုဒ်များ အလိုလို စောင့်စည်း‌ပြီး‌ဖြစ်ကြောင်း ကျမ်း‌ဂန်တို့၌ ဆိုသည်။

နစ္စ ဂီတ ဝါဒိတ သိက္ခာပုဒ် သိမှတ်ဖွယ်

နစ္စ = ကခြင်း

ကခြင်း‌နှင့် ပတ်သက်၍ ကိုယ်တိုင် ကခုန်ခြင်း မပြုရ။ သူတပါး‌အား အကခိုင်း‌ခြင်း‌လည်း‌မပြုရ၊ အောက်ထစ်ဆုံး တိရစ္ဆာန်များကိုပင် အက မခိုင်း‌ရ။ ကပွဲများကို သွား‌ရောက်ကြည့်ရှု့ခြင်း‌လည်း မပြုရ။ ခရီး‌သွား‌နေစဉ် လမ်း‌ခရီး‌၌

ကပွဲများနှင့် မတော်တဆ တိုက်ဆိုင်မိ၍ မကြည့်ချင် မြင်လျက်သား အဖြစ်မျိုးနှင့် ကြုံရ၍ ကြည့်မိ မြင်မိလျှင် ဤသိက္ခာပုဒ်သီလ မပျက်ချေ။ သို့ရာတွင် ယင်းသို့ ကြုံရသည်ကို တမင်တကာ အခွင့်အရေးယူပြီး ဆက်လက် ရပ်ကြည့်နေလျှင်မူ သီလ ပျက်တော့သည်။

ဂီတ = သီဆိုခြင်း

ကိုယ်တိုင်သီဆိုခြင်း သူတပါးကို သီဆိုခိုင်းခြင်းမပြုရ။ စည်းလိုက် ဝါးလိုက် အသံကို ဆွဲငင်လျက် ပါဠိဂါထာများကို ရွတ်ဖတ်ခြင်း ဓမ္မတေးကဗျာများကို ရွတ်ဆိုခြင်း မပြုရ။ ဘုရားရှိခိုးရာ တရားစာရွတ်ဆိုရာ၌ပင် သီချင်းသံပေါက် အောင်ဆွဲဆွဲငင်ငင် မဆိုရ။ ကိုယ်တိုင် မဆိုရုံသာမက သူတပါးကိုလည်း သီဆိုခိုင်းခြင်းမပြုရ။ သူတပါး သီဆိုသည်ကို သွားရောက်နားထောင်ခြင်း မပြုရ။ နားထောင်လျှင် သီလပျက်၏။ လမ်းကြုံ၍ ကြားရခြင်း၊ မိမိနေရာ၌ နေစဉ် သူတပါးက လာရောက်သီဆို၍ ကြားရရာ၌ကား သီလမပျက်ချေ။

ဝါဒိတ = တီးမှုတ်ခြင်း

စည်း စောင်း ညှင်း ပတ်သာ စသော တူရိယာငါးမျိုးကို ကိုယ်တိုင်လည်း မတီးခတ်ရ။ သူတပါးကိုလည်း အတီးမခိုင်းရ။ တီးမှုတ်သံကိုလည်း နားမထောင်ရ၊ လမ်းကြုံ၍ ကြားရခြင်း၊ မိမိနေရာ၌ နေလျက်က သီဆိုသံကို ကြားရခြင်းကြောင့် သီလပျက်စီးမှုမရှိချေ။ တမင်လွန်ကျူးမှသာ သီလပျက်၏။

ဝိသူကဒဿန = ဆန့်ကျင်ဘက်ကို ကြည့်ရှုခြင်း

ကပြ သီဆို တီးမှုတ်မှုများသည် လောကအမြင်အားဖြင့် အနုပညာတစ်ရပ်အဖြစ် ချီးကျူးဖွယ်ရာဖြစ်သော်လည်း လောကုတ္တရာအမြင်အားဖြင့် ကြည့်သော် ကာမဂုဏ် အာရုံ ခံစားမှုကို အားပေး အားမြှောက် ပြုရာရောက်၏။ ထို့ကြောင့် နှစ္ဆ ဂီတ ဝါဒိတ အရ ကပြ သီဆို တီးမှုတ်ခြင်းများကို

ကြည့်ရှုနားထောင်ခြင်းများသည် 'ဝိသုကဒဿန- သာသနာတော်၏ ငြောင့်တံကျင်သဖွယ် ဖြစ်သော ကြည့်ရှုနားထောင်မှု'ဟု ခေါ်၏။ (ဝိသုက= ဆန့်ကျင်ဘက် + ဒဿန = ကြည့်ရှုနားထောင်ခြင်း)။

မာလာဂန္ဓ ဝိလေပန သိက္ခာပုဒ် သိမှတ်ဖွယ်

မာလာဓာရဏာ = ပန်းပန်ခြင်း

ဥပုသ်စောင့်ချိန်၌ ပန်းပွင့် ပန်းခိုင် ပန်းကုံးများကို ပန်ဆင်ခြင်း၊ သူတပါးအား အပန်ခိုင်းခြင်းများ မပြုရ၊ ပြုလုပ်လျှင် သီလပျက်၏။

ဂန္ဓဓာရဏာ = အမွှေး ရနံ့ဆောင်ခြင်း

ရေမွှေး နံ့သာ ဆီ ဆွတ်ဖျန်းခြင်း၊ နံ့သာမှုန့်(ပေါင်ဒါမှုန့်)လိမ်းကျံခြင်း။ ထုံမွှမ်းခြင်းများ မပြုလုပ်ရ။ သူတပါးအားလည်း မခိုင်းရ။ ပြုလုပ်လျှင် သီလပျက်စီးသည်။ အကြောင်းထူးမရှိဘဲ မွှေးကြိုင်သော ဆပ်ပြာမသုံးရ၊ ချွေးနံ့ပျောက်စေရန် မွှေးကြိုင်သော ဆပ်ပြာသုံးခြင်း၊ ပေါင်ဒါမှုန့်ဖြူးခြင်းကိုမူ ခွင့်ချက် ပြုထားသည်။

ဂန္ဓဝိလေပန = နံ့သာ နံ့သာပျော်း သုံးစွဲခြင်း

အမွှေးရနံ့ကို နံ့သာဟုခေါ်၍ သနပ်ခါးရည် အလှဆီ မိတ်ကပ်တို့ကို နံ့သာပျော်းဟု ခေါ်သည်။ ယင်း နံ့သာပျော်းကို လိမ်းကျံခြင်း၊ ခြယ်သခြင်း၊ နိမ့်ရာ၌ ဖို့သိပ်ခြင်း၊ မျက်နှာပေါင်းတင်ခြင်း၊ သူတပါးအား လိမ်းကျံခိုင်းခြင်းများ မပြုလုပ်ရ။ ပြုလျှင် သီလပျက်စီး၏။

မဏ္ဍနာ = အလှပြင်ခြင်း

ကျောက်ပေါက်မာ မဲ့ခြောက် ဝက်ခြံ တင်းတိပ် ညှင်း စသည် ယျောက်ကွယ်စေရန် ဆေးလိမ်းခြင်း၊ ဆံပင်အလှပြင်ခြင်း၊ တွန့်ခြင်း ကောက်ခြင်း၊ ပုံသွင်းခြင်း၊ လက်သည်း အလှပြင်ခြင်း၊ ခြေသည်းလက်သည်းဆိုးခြင်း၊ နှုတ်ခမ်းဆိုးခြင်း မျက်တောင်အတုတပ်ခြင်း၊ မျက်ခုံးမွေးနုတ်ခြင်း၊ မျက်စိ အရောင်ခြယ်(ကာခြယ်)ခြင်း စသည်ဖြင့် အလှပြင်ခြင်း မှန်သမျှကို မဏ္ဍနာဟုခေါ်သည်။ မည်သည့် အလှပြုပြင်ခြင်းမျိုးကိုမျှ မပြုရ။ ပြုလျှင် သီလပျက်၏။ သာမန်အားဖြင့် ခေါင်းဖြီးခြင်း လက်သည်းခြေသည်းရှည်၍ လှီးဖြတ်ခြင်း တို့မှာမူ အပြစ်မရှိ။ သီလမပျက်ချေ။

နံ့သာ နံသာပျောင်း မိတ်ကပ်တို့ဖြင့် တန်ဆာဆင်အလှပြင်ခြင်း၊ ဂန္ဓ(နံ့သာ)ဖြင့် အနံ့မွေးအောင်၊ ဝိလေပန (နံ့သာပျောင်း)ဖြင့် အသားအရေ လှပအောင် လိမ်းကျံခြယ်လှယ်ခြင်း မပြုရ၊ ပြုလျှင် သီလပျက်၏။

ဤသိက္ခာပုဒ်လာ အမွေးနံ့သာ ခြယ်လှယ်ပြုပြင်မှုအားလုံးသည် ကာမဂုဏ်၌ အကြောင်းခံ၏။ ဥပသံစောင့်သုံးခြင်းသည် ထိုကာမဂုဏ်လောဘကို ပယ်သတ်ခြင်းဖြစ်၏။ ထိုအရာ အားလုံးကို ဝိနည်းရောင်သောအားဖြင့် ဥပသံသီလမယူမီ ကြိုတင်၍လည်း မပြုလုပ်ရချေ။

ဝိဘူသန = တန်ဆာဆင်ခြင်း

ယ်န် ရွေ ငွေ လက်ဝတ် လက်စားများ ဝတ်ဆင်ခြင်း၊ အဝတ်အထည်ကို သာမန်ဝတ်ဆင်မှုမျိုးမဟုတ်ဘဲ အလှအပ တန်ဆာဆင်သည့်အနေဖြင့် အဆင်ဆန်း ပုံဆန်း အဝတ်များ ဝတ်ခြင်း၊ ဖိနပ်အလှစီးခြင်း၊ ထီး အလှဆောင်းခြင်းစသည်တို့သည် တန်ဆာဆင်မှုဖြစ်၍ ပြုလုပ်လျှင် သီလပျက်၏၊ ထို့ကြောင့် ဥပသံသည်များသည် အဝတ်ကို ရိုးရိုးယဉ်ယဉ်မျှသာ ဝတ်ဆင်၍ သာမန် စီးနေကျဖိနပ် ဆောင်းနေကျထီးကို အသုံးပြုကြရမည် ဖြစ်သည်။ ဝတ်ဖြူ စင်ကြယ်, ယောဂီရောင်များကို ဂတ်ဆင်ခြင်းသည် အကောင်းဆုံးပင် ဖြစ်၏။

ဌာန = အကြောင်းအရာ

ဤပန်းပန်မှုစသော အလှပြင်တန်ဆာဆင်မှုအားလုံးသည် ကိလေသာတဏှာတိုးပွားခြင်း၏ အကြောင်းရင်းဖြစ်၍ ရှောင်ကြဉ်ကြရခြင်းဖြစ်သည်။

ဥစ္စာသယန မဟာသယန သိက္ခာပုဒ် သိမှတ်ဖွယ်

မြင့်သောနေရာ မြတ်သောနေရာ၌ အိပ်ခြင်း နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

ဥစ္စာသယန = မြင့်သော နေရာ၊

အခြေတစ်တောင့်ထွာထက် ရှည်သော အိပ်ရာ ခုတင် ကုလားထိုင်ကြီးများစသည်ကို 'ဥစ္စာသယန'ဟုခေါ်သည်။ မထိုင်ကောင်း မအိပ်ကောင်း။

မဟာသယန = မြတ်သောနေရာ၊

စည်းစိမ်ခံစားလေ့ရှိသော လူချမ်းသာများ၏ အိမ်၌ လက်လေးသစ်မက အမွေးရှည်သော ကောဇောသားမွေးအခင်း၊ ခြသေ့ သစ် ကျားရုပ်များဖြင့် ခမ်းနားဆန်းကြယ်သော သားမွေးအခင်း၊ ဒွေခြည် ငွေခြည်တို့ဖြင့် ချုပ်လုပ်အပ်သော ပိုးအခင်း လဲမွေ့ရာ ဂွမ်းမွေ့ရာများကို မသုံးကောင်း၊ အသုံးပြုလျှင် ဤသိက္ခာပုဒ်သီလပျက်သည်။ အုန်းခွံအဆာသွတ် မွေ့ရာကိုမူ သုံးဆောင်းသည်။ သင်ဖြူးချော ကော်ဇောအမွေးတို့ စသည်တို့ကိုကား ဤသိက္ခာပုဒ်အရ မြတ်သော နေရာဟု မဆိုရချေ။

အာဇီဝဋ္ဌမက သီလ

အသက်မွေးမှုလျှင် ရှစ်ခုမြောက်သော သီလကို 'အာဇီဝဋ္ဌမက သီလ'ဟု ခေါ်သည်

စားဝတ်နေရေး ပစ္စည်းရှာဖွေမှု လုပ်ကိုင်မှု ဟူသမျှကို 'အာဇီဝ=အသက်မွေးမှု'ဟု ခေါ်သည်၊

- မတရားနည်းဖြင့် ပစ္စည်းဥစ္စာရှာဖွေ အသက်မွေးမှုကို မိစ္ဆာဇီဝ ဟုခေါ်သည်။

- ထိုမှ ရှောင်ကြဉ်ကာ တရားသဖြင့် ပစ္စည်းဥစ္စာရအောင် ရှာဖွေ အသက်မွေးမှုကို သမ္မာအာဇီဝ ဟုခေါ်သည်။

ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ ဤခုနစ်ပါး လုံခြုံလျှင် မိစ္ဆာဇီဝမှရှောင်ကြဉ်ပြီး ဖြစ်သည်။ သို့ရာတွင် မြဲရာသံပတ် ဆိုသကဲ့သို့ ရှေးသိကွာပုဒ်များဖြင့် ရှောင်ကြဉ်ဖွယ်ရာများသာ၍ ခိုင်မြဲအောင် –

- လက်နက် ကုန်ကူးခြင်း၊
- လူ ကုန် ကူးခြင်း၊
- အသား ကုန်ကူးခြင်း၊
- အရက်သေစာ မူးယစ်ဆေးဝါး ကုန်ကူးခြင်း၊
- အဆိပ် ကုန်ကူးခြင်း –

ဟူသော ဥပါသကာများ မပြုကောင်းသော ကုန်သွယ်မှု ငါးမျိုးစသော မိစ္ဆာဇီဝများ အားလုံး မကျန်ရလေအောင် ရှစ်ခုမြောက် နောက်ဆုံးသိကွာပုဒ် အဖြစ် အထူးသတ်မှတ်၍ "မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" ဟု ဆောက်တည်ရသည်။

အသက်မွေးဝမ်းကျောင်း(အာဇီဝ) စင်ကြယ်ဖို့ နည်းလမ်းများနှင့် စင်ကြယ်ခြင်း၏ အကျိုးများကို မြတ်စွာဘုရား အထူး ဟောတော်မူထားသည် ဖြစ်၍ ဤအာဇီဝဌမကသီလကို လုံခြုံအောင် စောင့်ထိန်းသင့်သည်။

အာဇီဝဌမကသီလ တောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဌမကသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမို့ .....။

တတိယမို့ .....။

ဘန္တေ - အရှင်ဘုရား၊ အဟံ-တပည့်တော် (တပည့်တော်မ)သည်၊ တိသရဏေန - သရဏဂုံ သုံးပါးနှင့်။ သဟ - တကွ၊ အာဇီဝဋ္ဌမကသီလံ-အာဇီဝဋ္ဌမကသီလတည်းဟူသော၊ ဓမ္မံ- သိက္ခာပုဒ်ကို၊ ယာစာမိ-တောင်းပါ၏။ (ဒုတိယမို့ - နှစ်ကြိမ်မြောက်လည်း၊ တတိယမို့ - သုံးကြိမ်မြောက်လည်း - စသည်ဆိုမြဲ။)

ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမို့ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမို့ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမို့ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမို့ သံဃံ သရဏံ ဂစ္ဆာမိ။

သီလယူပုံ

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၅) ပိသုဏဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၆) ဖရုသဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၇) သမ္ဖပ္ပလာပဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၈) မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၁) ပါဏာတိပါတာ - သူတပါးအသက်ကို သတ်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ- ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ကောင်းစွာ ကျင့်သုံးခံယူ ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ - အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ၊

(၃) ကာမေသုမိစ္ဆာစာရာ- ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသော အကျင့်မှ၊

(၄) မုသာဝါဒါ- မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ၊

(၅) ပိသုဏဝါစာ - ချောပစ် ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ၊

(၆) ဖရုသဝါစာ - ကြမ်းတမ်းစွာ ဆဲဆို ပြောဆိုခြင်းမှ၊

(၇) သမ္ဖပ္ပလာပဝါစာ - အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ၊

(၈) မိစ္ဆာဇီဝါ - မတရားစီးပွားရှာ အသက်မွေးခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ- ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ကောင်းစွာ ကျင့်သုံး ခံယူ ဆောက်တည်ပါ၏။

(ဤအာဇီဝဋ္ဌမကသီလသည် တစ်ကြိမ်ဆောက်တည်ထားပြီးလျှင် အသက်မွေးမြူမှု စင်ကြယ်နေသမျှ သီလမပျက်သောကြောင့် နေ့စဉ်ဆောက်တည်ရန် မလို၊ သို့သော် ထပ်မံဆောက်တည်ခြင်းကြောင့် အပြစ်မရှိ။)

ပိသုဏဝါစာ

သူနှစ်ယောက်တို့ ညီညွတ်နေရာ တစ်ယောက်အပြစ်ကို တစ်ယောက်ထံ ပြောကြားခြင်းဖြင့် တစ်ယောက်နှင့် တစ်ယောက် အချစ်ပြယ်၍ ညီညွတ်မှု ကွဲပြားသွားတတ်သည်။ ထိုသို့သော ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ရသည်။

ပိသုဏဝါစာ ဖြစ်ရန် အင်္ဂါ(၅)ပါး

(၁) ညီညွတ်သူနှစ်ဦးရှိခြင်း၊

(၂) ကွဲပြားစေလိုသော စိတ်ရှိခြင်း မိမိကိုချစ်စေလိုသော စိတ်ရှိခြင်း၊

(၃) ကွဲပြားအောင် လုံ့လပြု အားထုတ်ခြင်း၊

(၄) ထိုသို့ ပြောသည်ကို သူနှစ်ဦးတို့က နားလည်ခြင်း၊

(၅) ကွဲပြားကြခြင်း။

ပိသုဏဝါစာ၏ အပြစ် ဆိုးကျိုးများ

မိတ်ဆွေနှစ်ယောက် ညီညွတ်မှုကို ကွဲပြားအောင် ကုန်းတိုက်သောသူသည် သေသည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲကြီးစွာ ခံရသည်။ အပါယ်လေးပါးမှ လွတ်မြောက်ပြီးနောက် လူလာဖြစ်သော်လည်း အောက်ပါ ဆိုးကျိုးများကို ခံစားရပါသည်။ (ရှောင်ကြဉ်၍ ရရှိသော ကောင်းကျိုးများကို အပြန်နည်းအားဖြင့် မှတ်ယူပါ။)

(၁) အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့နှင့် စိတ်ဝမ်းကွဲပြားရခြင်း၊

(၂) သူတပါးလုံ့လကြောင့် သေကျေပျက်စီးရခြင်း၊

(၃) အခြွေအရံ မဲ့ရခြင်း၊

(၄) သူတော်ကောင်းတရား၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားမရှိခြင်း၊

(၅) မိတ်ဆွေအပေါင်းအသင်း မတည်မြဲခြင်း၊

(၆) လူအများ အမုန်းခံရခြင်း၊

(၇) စိတ်ဓာတ် ညစ်ညမ်းခြင်း။

ဖရုသဝါစာ

မကြားဝံ့ မနာသာ အယုတ်တမာ ဆဲဆိုမှု၊ ကျဲခတ်၍ သေပါစေ၊ ကားတိုက်၍ သေပါစေ၊ လောင်မီးကျပါစေ၊ မိုးကြိုးခပါစေ၊ ယုတ်ညံ့သော အင်္ဂါနှင့်တိုင်းပြီး ပြောဆိုခြင်း ကျိန်ဆဲခြင်းတို့သည် ဖရုသဝါစာ မည်ပါသည်။

တရားကိုယ်အားဖြင့် ဆဲဆိုလိုသော စေတနာသည် - ဖရုသဝါစာ မည်ပါသည်။ "ဖရုသဝါစာ၌ နှုတ်ထွက်ကြမ်းသည်ဖြစ်စေ၊ ချိုသာသည်ဖြစ်စေ၊ စေတနာကြမ်းကိုသာ အကြမ်းဟု ဆိုရပါမည်။ ထို့ကြောင့် မိဘတို့က သားသမီးတို့ကို ကျိန်ဆဲရာ၌ ဖရုသဝါစာမဖြစ်၊ ဘုရင်မင်းမြတ်တို့သည် လူတစ်ယောက်ကို သတ်စေရာ၌ "ချမ်းသာစွာ အိပ်ပါစေ"ဟု ဆိုလိုက်သည်။ စကားအရာ ချိုသာသော်လည်း ဖရုသဝါစာထိုက်သည်။

ဖရုသဝါစာ မြောက်ရန် အင်္ဂါ

(၁) အဆဲခံရသူရှိခြင်း၊

(၂) အမျက်ထွက် စိတ်ဆိုးခြင်း၊

(၃) ဆဲရေးခြင်း။

ဖရုသဝါစာ အပြစ်များ

ကြမ်းကြုတ်သော စကားကို ဆိုသောသူသည် သေသည်၏, အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲစွာ ခံစားရသည်။ အပါယ်လေးပါးမှ လွတ်မြောက်ပြီးနောက် လူဘဝရောက်သောအခါတွင်လည်း အောက်ပါ ဆိုးကျိုးများ ခံစားရပါသည်-

(၁) မနှစ်သက်သော အသံကို ကြားရခြင်း၊

(၂) အများအမုန်းခံရခြင်း၊

(၃) ကဲ့ရဲ့ပြစ်တင်ခံရခြင်း၊
(၄) ဆင်းဆင်းရဲရဲ နေထိုင်ရခြင်း၊
(၅) သာယာနာပျော်ဖွယ်သော အသံမရှိခြင်း၊
(၆) အလုံးစုံသော အသံအင်္ဂါပျက်စီးခြင်း (ဆွံ့အခြင်း)။

ဖရုသဝါစာ ရှောင်ကြဉ်ရကျိုး

မကြားဝံ့မနာသာ ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည် ဖြစ်လေရာဘဝတိုင်း၌ အောက်ပါ ကောင်းကျိုးများကို ခံစားရပါသည်–

(၁) လူ သတ္တဝါများ၏ ချစ်ခင်မှု ခံရခြင်း၊
(၂) လူ သတ္တဝါ၏ စိတ်နှလုံးကို နှစ်သက်စေနိုင်ခြင်း၊
(၃) ချမ်းသာစွာ နေရခြင်း၊
(၄) သာယာနာပျော်ဖွယ်သော စကားရှိခြင်း၊
(၅) လူအများ ချီးမွမ်းခံရခြင်း၊
(၆) အင်္ဂါရုစ်ပါးရှိသော အသံနှင့် ပြည့်စုံရခြင်း။

သမ္ဖပ္ပလာပဝါစာ

စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကား အနက်အဓိပ္ပာယ်မရှိ ပြိန်ဖျင်းသော စကားကို ဆိုကြောင်းဖြစ်သော စေတနာသည် သမ္ဖပ္ပလာပ မည်ပါသည်။

ယင်းစကားနှင့် ပတ်သက်၍ ပရမတ္ထစက္ခုကျမ်း၌ ဒီပဲယင်း ဆရာတော်ဘုရားကြီးက–

"အနှက်ဆဲကင်းဆိုသည်မှာ ရာမမင်း၏ သီတာဒေဝီမိဖုရားကို ခေါင်းဆယ်လုံးရှိ ဘီလူးမင်း ခိုးယူသည်။ ရွှေယုန်နှင့် ရွှေကျား သက်ကယ် ရိတ်သွားကြသည်။ ဤသို့ စသည့် ရှက ဖြစ်ဖူး၊ မရှိဖူးသည်ကို

ဖြစ်ဖူးရှိဖူးသကဲ့သို့ သူတပါး ရာဂပွားရန်၊ ဒေါသပွားရန်၊ မောဟပွားရန် ကြံဖန်ပြောဆိုသော စကားဟူသမျှ စပါးဖျင်းကဲ့သို့ အနက်ဆံ မပါသည်ကို ဆိုသည်။ သူ့ကို ဆုံးမရာ တရားဓမ္မဟောရာ၊ ပြောရာ၌ ထင်လွယ်အောင် ဥပမာ ပုံပြ၍ ထည့်သွင်းပြောဆိုရာတို့၌ သမ္မပ္ပလာပ မဖြစ်"ဟု ဖွင့်ဆို ထားပါသည်။

သမ္မပ္ပလာပဖြစ်ရန် အင်္ဂါ(၃)ပါး

(၁) အနက်ဆံကင်း ပြိန်ဖျင်းသောစကားကို ဆိုလိုသော စိတ်ရှိခြင်း၊
(၂) ပြိန်ဖျင်းသော စကားကို ဆိုခြင်း၊
(၃) သူတပါးယုံကြည်ခြင်း။

သမ္မပ္ပလာပ၏ မကောင်းဆိုးကျိုး

စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကား၊ အနက်အဓိပ္ပာယ်မရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုသောသူသည် ခန္ဓာပျက်သည်၏ အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲကြီးစွာ ခံစားရသည်။

အပါယ်လေးပါးမှ လွတ်မြောက်ပြီးနောက် လူ့ဘဝရောက်သည့်အခါ တွင်လည်း အောက်ပါ ဆိုးကျိုးများ ခံစားရပါသည်–

(၁) မိမိပြောဆိုသော စကားကို သူတပါး မယုံကြည်ခြင်း၊
(၂) မိမိကို လူအများ မုန်းတီးခြင်း၊
(၃) လူအများက မိမိကို အလေးမထားခြင်း၊
(၄) အများယုံကြည်ဖွယ်ဖြစ်အောင် မပြောတတ်ခြင်း၊
(၅) လာဘ်လာဘ နည်းပါးခြင်း၊
(၆) ဘုန်းတန်ခိုးအရှိန်အစော် အာနုဘော် နည်းပါးခြင်း၊
(၇) ပညာ သေးသိမ် မှေးမှိန်ခြင်း။

အဂုံတို့၏ ဥပေါသထသုတ်လာ
အကျိုးကြီးအောင် ဥပုသ်စောင့်နည်း

ဥပုသ်သည် သုံးမျိုးရှိ၏ -

(က) ဂေါပါလက ဥပုသ်၊

(ခ) နိဂဏ္ဌ ဥပုသ်၊

(ဂ) အရိယာ ဥပုသ်။

(က) အစား:အသောက်များကို မက်မောသောစိတ်ဖြင့် ရှစ်ပါး သီလ စောင့်ထိန်းပါက ဂေါပါလက ဥပုသ်မည်၏။ (ဂေါပါလက = နွားကျောင်းသား)။

(ခ) အပြောတစ်မျိုး၊ အလုပ်တစ်မျိုး မမှန်မကန် ဟောကြားသော နိဂဏ္ဌတို့စကားကို လိုက်နာ၍ ရှစ်ပါးသီလစောင့်ထိန်းပါက နိဂဏ္ဌဥပုသ်မည်၏။ (နိဂဏ္ဌ = တက္ကတွန်း။)

(ဂ) အရိယာ ဥပုသ်သည် -

- ဇြဟ္မ ဥပုသ်၊
- ဓမ္မ ဥပုသ်၊
- သံဃ ဥပုသ်၊
- သီလ ဥပုသ်၊
- ဒေဝတာ ဥပုသ် -

ဟူ၍ ငါးမျိုးရှိ၏။

ဇြဟ္မ ဥပုသ် = ဦးခေါင်းကို တန်ဆာဆင်လိုသူသည် ခေါင်းကို စင်ကြယ်စွာ ဆေးလျော်ပြီး တန်ဆာဆင်မှ တင့်တယ်လှပသကဲ့သို့ ထို့အတူ သီလတန်ဆာ ဆင်မြန်းလိုသူသည် ရှေးဦးစွာ ဗုဒ္ဓဂုဏ်တော်

များကို ပွားများဆင်ခြင်ကာ စိတ်ကို စင်ကြယ်အောင် ပြုလုပ်ပြီးမှ စောင့်ထိန်းသည့် သီလသည်သာ အကျိုးများပေသည်။ ဤဥပုသ်ကို ဇဟဥပုသ် ဟုခေါ်သည်။

ဓမ္မ ဥပုသ် = ဝတ်ကောင်းဝတ်သစ်များကို ဆင်မြန်းလိုသူသည် ရှေးဦးစွာ ညစ်ပေနေသည့် ခန္ဓာကိုယ်ကို စင်ကြယ်အောင် ရေချိုးပြီးမှ ဝတ်ကောင်း ဝတ်သစ်များကို ဆင်မြန်းမှ တင့်တယ်သကဲ့သို့ သီလတန်ဆာအဝတ်များကို ဆင်မြန်းလိုသူသည် ရှေးဦးစွာ တရားဂုဏ်တော်များကို ပွားများဆင်ခြင်ကာ စိတ်ကို စင်ကြယ်အောင် ပြုလုပ်ပြီးမှ စောင့်ထိန်းသည့်သီလသည်သာ အကျိုးများပေသည်။ ဤဥပုသ်ကို ဓမ္မဥပုသ် ဟု ခေါ်သည်။

သံဃ ဥပုသ် = ဖြူစင်သောအဝတ်များကို ဝတ်ဆင်လိုသူသည် ရှေးဦးစွာသူ ညစ်နွမ်းနေသော အဝတ်များကို ဖြူစင်အောင်လျှော်ဖွတ်ပြီး ဝတ်ဆင်မှ တင့်တယ်သကဲ့သို့ ထို့အတူ သီလတည်းဟူသော အဝတ်ကို ဝတ်ဆင်လိုသူသည် ရှေးဦးစွာ သံဃာ့ ဂုဏ်တော်များကို ပွားများဆင်ခြင်ကာ စိတ်ကို စင်ကြယ်အောင် ပြုလုပ်ပြီးမှ စောင့်ထိန်းသည့် သီလသည်သာ အကျိုးများပေသည်။ ဤဥပုသ်ကို သံဃဥပုသ် ဟုခေါ်သည်။

သီလ ဥပုသ် = ကိုယ်လုံးပေါ်မှန်ကို ထင်ထင်ရှားရှားမြင်အောင် ကြည့်ရှုလိုသူသည် မှန်သားပြင်မှ မြူမှုန်ချေးများကို စင်ကြယ်အောင် ပွတ်တိုက်ပြီး ကြည့်ရှုမှ ထင်ထင်ရှားရှား မြင်နိုင်သကဲ့သို့ ထို့အတူ သီလတည်းဟူသော မှန်ကို ကြည့်ရှုလိုသူသည် ရှေးဦးစွာ မိမိအမြဲစောင့်ထိန်းထားသည့် သီလဂုဏ်များကို ပွားများ ဆင်ခြင်ကာ စိတ်ကို စင်ကြယ်အောင် ပြုလုပ်ပြီးမှ စောင့်ထိန်းသည့် သီလသည်သာ အကျိုးများပေသည်။ ဤဥပုသ်ကို သီလဥပုသ် ဟု ခေါ်သည်။

၊ဒေဝတာ ဥပုသ်= အရောင်တောက်ပသည့် စိန်ရွှေ ရတနာ လက်ဝတ်တန်ဆာများ ဆင်မြန်းလိုသူသည် ရှေးဦးစွာ လက်ဝတ်ရတနာများကို ချေးများစင်ကြယ်အောင် အရောင်တင်ပြီးမှ ဝတ်ဆင်သကဲ့သို့

ထို့အတူ သီလတည်းဟူသော လက်ဝတ်ရတနာများကို ဆင်မြန်းလိုသူသည် ရှေးဦးစွာ သဒ္ဓါ သီလစသော တရားများ စောင့်ထိန်းခဲ့ကြသည့်အတွဲက် နတ်ပြည်ရောက်ကြရသည့် နတ်များကို စံထားကာ 'ငါ့မှာလဲ ထိုနတ်များကဲ့သို့ သဒ္ဓါစသော တရားများရှိ၏'ဟု ဆင်ခြင်ကာ စိတ်ကို စင်ကြယ်အောင် ပြုလုပ်ပြီးမှ စောင့်ထိန်းသည့် သီလသည်သာ အကျိုးများပေသည်။ ဤဥပုသ်ကို ဒေဝတာဥပုသ် ဟု ခေါ်သည်။

ဆယ်ပါးသီလ

ဆယ်ပါးသီလသည် ရှင်သာမဏေများ အမြဲတမ်း ဆောက်တည်သော သီလဖြစ်သည်။ လူများအတွက်မှာမူ မိမိပိုင် ရွေ ငွေ ရတနာများကို အမြဲတမ်း အာလယပြတ် မစွန့်နိုင်စေကာမူ မကိုင်တွယ် မသုံးစွဲဘဲ တစ်နေ့တာ စွန့်ပယ်ထားနိုင်ပါက ဆယ်ပါးသီလကို စောင့်သုံးကောင်းပေသည်။

သီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

အနက်

ဘန္တေ - အရှင်ဘုရား၊ အဟံ-တပည့်တော်(တပည့်တော်မ)သည်။ တိသရဏေန - သရဏဂုံသုံးပါးနှင့်၊ သဟ - တကွ။ ဒသဂဟဋ္ဌသီလံ-လူတို့၏ ဆယ်ပါးသီလဖြစ်သော၊ ဓမ္မံ-သိက္ခာပုဒ်တရားတော်ကို။ ယာစာမိ-

တောင်းပန်ပါ၏။ မေ - တပည့်တော်(တပည့်တော်မ)အား။ သီလံ-သီလကို။ ဒေထ - ပေးတော်မူပါဘုရား။(ဒုတိယမွိ....တတိယမွိ.... ဆက်ဆို။)

(အာမ ဘန္တေ)၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (သုံးခေါက်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမွိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမွိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမွိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမွိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမွိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမွိ သံဃံ သရဏံ ဂစ္ဆာမိ။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဒ္ဒပွမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အနက်

အမှတ်စဉ် ၁-မှ အမှတ်စဉ် ၉-သည် အနက်တူပြီ။ အမှတ်စဉ် ၁၀-ဇာတရူပရဇတပဋိဂ္ဂဟဏာ - ရွေ ငွေကို ကိုင်ခြင်း ခံယူခြင်း စီမံခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ - ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ - ကောင်းစွာ ကျင့်သုံး ခံယူ ဆောက်တည်ပါ၏။

ဇာတရူပသိက္ခာပုဒ်အဖွင့်

'ဇာတရူပ'အရ ရွှေတုံး ရွှေခဲ သာမက ရွှေဖြင့် ပြုလုပ်ထားသော အဝတ်တန်ဆာ အားလုံး အကျုံးဝင်သည်။

'ရဇတ'အရ ဘော်သာရွာငွေကိုသာမက ရောင်းဝယ်မှု သုံးစွဲရိုးဖြစ်သော ငွေစက္ကူအားလုံး အကျုံးဝင်သည်။

'ပဋိဂ္ဂဟဏ'အရ လက်ဖြင့် ကိုင်ခြင်း ခံယူခြင်း၊ စီမံ သုံးစွဲခြင်း တို့ဖြစ်သည်။

နစ္စ ဂီတနှင့် မာလာဂန္ဓ သိက္ခာပုဒ် တွဲခြင်း ခွဲခြင်း

နစ္စ ဂီတ သိက္ခာပုဒ်အရ ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း ကြည့်ရှုနားထောင်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု သဘောချင်းဆက်သွယ်နေသည်။ ထို့ကြောင့် ထိုအမှုများမှ ရှောင်ကြဉ်ခြင်းကို သိက္ခာပုဒ်တစ်ပါးအဖြစ် ခွဲခြားထားခြင်း ဖြစ်သည်။

မာလာဂန္ဓအရ - ပန်းပန်မှု နံ့သာလိမ်းကျံမှု စသည်တို့သည် တစ်ခုနှင့် တစ်ခု သဘောချင်း ဆက်သွယ်နေသည်။ ထို့ကြောင့် ထိုအမှုများမှ ရှောင်ကြဉ်ခြင်းကို သိက္ခာပုဒ်တစ်ပါးအဖြစ် ခွဲခြားထားသည်။

ထိုသိက္ခာပုဒ်နှစ်ပါးသည် တစ်ခုနှင့် တစ်ခု သဘောချင်း မဆက်သွယ်၍ ခွဲခြားကာ သိက္ခာပုဒ်(၂)ပုဒ်ဖြစ်ရသည်။

ရှစ်ပါးသီလ၌ နစ္စ ဂီတနှင့် မာလာဂန္ဓသိက္ခာပုဒ်ကို ပေါင်းစပ်ထားသည်။ (၁၀)ပါးသီလ၌ သိက္ခာပုဒ်နှစ်ခုကို ခွဲထားသည်။

ရှစ်ပါးသီလ၌ နစ္စ ဂီတ မာလာဂန္ဓပေါင်းစပ်၍ သိက္ခာပုဒ် တစ်ပုဒ်တည်း ထားခြင်းမှာ–

- နစ္စ ဂီတအမှုသည် ကာမဂုဏ်အရာ၌ လျှပ်ပေါ်သောအမှု၊
- မာလာဂန္ဓအမှုသည် ကာမဂုဏ်အရာ၌ လျှပ်ပေါ်သော အမှုများ ဖြစ်ကြသည်။

ထိုအမှုများသည် ဥပုသ်သီလနှင့် ဆန့်ကျင်ကြသည်။ ဘာဝနာ ပွားခြင်းနှင့်လည်း ဖြောင့်ဖြောင့်ဆန့်ကျင်သည်။ ဤသို့ ဆန့်ကျင်ဘက်ချင်း တူသောကြောင့် တစ်ပါးတည်း ပူးတွဲထားသည်။

အထက်တန်းအဆင့်

အခန်း (၇)

ဘာဝနာပွားများနည်း

အခန်း (၇)

ဘာဝနာပွားများနည်း
သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ

ဘာဝနာအဓိပ္ပာယ်

ဘာဝနာဟူသည် ပါဠိဝေါဟာရဖြစ်၏။ ရှုမှတ်အာဒုတ်သူအတွက် လွန်စွာ ကျေးဇူးများလှသဖြင့် သမထကို ဖြစ်စေ၊ ဝိပဿနာကို ဖြစ်စေ မိမိသန္တာန်၌ အကြိမ်ကြိမ်အထပ်ထပ် တိုးပွားဖြစ်လာအောင် အာဒုတ်နေမှုကို ဘာဝနာဟု ခေါ်သည်၊ ထိုဘာဝနာကား သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟု နှစ်မျိုးရှိ၏။

သမထအဓိပ္ပာယ်

လောဘ စသော အပူဓာတ်(ကိလေသာ)များကို ငြိမ်းအေးစေတတ်သောကြောင့် တည်ငြိမ်မှု (သမာဓိ)ကို သမထဟု ခေါ်ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်သည် သမာဓိထူထောင်မှုလုပ်ငန်း(သမထကျင့်စဉ်)ကို ကျင့်သောအခါ ရှုမှတ်နေသော အာရုံအပေါ်၌ စူးစိုက် တည်ငြိမ်သော သမာဓိတရားများ ဖြစ်ပွားလေ့ရှိ၏။ ထိုအခါ လောဘ၊ ဒေါသ စသော အပူဓာတ်(ကိလေသာ)များ ဖြစ်ပွားခွင့်မရဘဲ ယောဂီ၏စိတ်သည် ငြိမ်းအေးနေတတ်၏၊ ထိုသို့ငြိမ်းအေးနေမှု သမာဓိကိုပင် သမထဟုခေါ်သည်။ အပူဓာတ်(ကိလေသာ)တို့ကို ငြိမ်းအေးစေတတ်သောတရားဟု အဓိပ္ပာယ် ရှိသည်။

ကိလေသာကုန်ခမ်း၍ ရဟန္တာဖြစ်ပြီးမှ လောကီစျာန်များကို အားထုတ်ရာ၌ကား အပူဓာတ်(ကိလေသာ)များကို ငြိမ်းအေးစေဖွယ်မလို၊ ပင်ကိုကပင် ငြိမ်းအေးပြီးဖြစ်သည်။

ခြုံ၍ဆိုရလျှင် လောဘ စသော အပူဓာတ်(ကိလေသာ)များ၊ မငြိမ်မသက်သော စိတ်များ၊ ရုန့်ရင်းကြမ်းတမ်းသော စျာန်အင်္ဂါများကို ငြိမ်းအေးစေတတ်သောကြောင့် **သမထ** မည်သည်။

ဝိပဿနာ၏အဓိပ္ပာယ်

လောကတွင် ပုဂ္ဂိုလ် သတ္တဝါအရာဝတ္ထုဟူ၍မရှိ၊ ရုပ်နှင့်နာမ် သဘာဝသာ ရှိသည်။ ယင်း ရုပ် နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ဖြင့် ထူးထူး ခြားခြား ရှုမြင်တတ်သော ဉာဏ်ပညာကို ဝိပဿနာဟု ခေါ်၏။ ဝိပဿနာဉာဏ်အမြင်မရှိသော ပုဂ္ဂိုလ်တို့ကား ရုပ်နှင့်နာမ် ပေါင်းစပ်နေသော သတ္တဝါများကို လူ နတ် ဗြဟ္မာ၊ ယောကျ်ား၊ မိန်းမ စသည်ဖြင့်ဖြစ်စေ၊ ရုပ်ကလာပ် အပေါင်းအစုဖြစ်သော အရာဝတ္ထုတို့ကိုလည်း အိမ် ကျောင်း ဧရုပ် သစ်ပင် တောင် တောင် စသည်ဖြင့် ဖြစ်စေ ထင်မြင်တတ်ကြသည်။ ထိုအရာတို့ကို မြို၏(နိစ္စ)၊ ချမ်းသာ၏(သုခ)၊ ကိုယ်ပိုင်ဖြစ်၏(အတ္တ)၊ ကောင်း၏ (သုဘ)ဟုလည်း ထင်မြင်တတ်ကြသည်။

ဤအမြင်များကား အန္ဓပုထုဇဉ်တို့ ထင်မြင်လေ့ရှိသော သာမန်အမြင်များဖြစ်၏၊ ဝိပဿနာဉာဏ်ကား ထိုသာမန်အမြင်ထက် ထူးခြားထွင်းဖောက်ပြီး သတ္တဝါနှင့်အရာဝတ္ထုတို့သည် ရုပ်နာမ်သဘာဝသာဖြစ်၏၊ အမြဲမရှိ(အနိစ္စ)၊ ဆင်းရဲ၏(ဒုက္ခ)၊ အစိုးမရ(အနတ္တ)၊ မတင့်တယ်(အသုဘ)ဟု နက်နက်နဲနဲ သိမြင်လာသည်။ ထိုသို့ သိမြင်နိုင်သော ဉာဏ်ပညာကိုပင် ဝိပဿနာ ဟု ခေါ်ဆိုခြင်းဖြစ်သည်။

သမထကမ္မဋ္ဌာန်း(၄၀)သရုပ်နှင့် အဓိပ္ပာယ်အကျဉ်း

"ကမ္မဋ္ဌာန်း"ဟူသော ဝေါဟာရသည်လည်း ပါဠိသက်ဝေါဟာရဖြစ်၏၊ "ကမ္မဋ္ဌာန"ဟူသော ပါဠိမှ ဆင်းသက်လာ၏၊ ရှုမှတ်ဖွယ်အာရုံအမျိုးမျိုးဟု အဓိပ္ပာယ်ရှိသည်။ ထိုကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း၊ ဟု(၂)မျိုးရှိ၏။

ထိုတွင် သမထကမ္မဋ္ဌာန်းကား အမျိုးအစားအားဖြင့်(၄၀)ရှိသည်။ ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ အနုဿတိ(၁၀)ပါး၊ ဗြဟ္မဝိဟာရ(၄)ပါး၊ အာရုပ္ပ(၄)ပါး၊ သညာ(၁)ပါး၊ ဝဝတ္ထာန်(၁)ပါး တို့ဖြစ်သည်။

ကသိုဏ်း(၁၀)ပါး

'ကသိုဏ်း'ဟူသော ဝေါဟာရသည်လည်း ပါဠိသက်ဝေါဟာရဖြစ်၏၊ "ကသိဏ"ဟူသော ပါဠိမှ ဆင်းသက်လာ၏၊ "အလုံးစုံ"ဟု အဓိပ္ပာယ်ရှိသည်။ ကသိုဏ်းအာရုံတစ်မျိုးမျိုးကို ရှုမှတ်သော ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းအာရုံ တစ်စိတ်တစ်ပိုင်းကိုသာ ရှုမှတ်ရသည်မဟုတ်၊ ကသိုဏ်းအာရုံမြင်ကွင်းအလုံးစုံကို ရှုမှတ်ရသည်။ ကသိုဏ်းဆယ်ပါးကား အောက်ပါအတိုင်းဖြစ်သည် -

၁။ ပထဝီ ကသိုဏ်း - တစ်ထွာလက်လေးသစ်ခန့်(သို့မဟုတ်) ကောက်နယ်တလင်းခန့်ရှိ မြေဝန်းကသိုဏ်း၊

၂။ အာပေါ ကသိုဏ်း - အနည်းဆုံး တစ်ထွာနှင့် လက်လေးသစ်ခန့် မျက်နှာဝကျယ်သော အိုး စသည်၌ ထည့်ထားသည့် ရေကသိုဏ်း၊

၃။ တေဇော ကသိုဏ်း- အနှစ်အသား မာသော ထင်းဖြင့် မီးဖို ထား၍ တစ်ထွာလက်လေးသစ်ခန့် ဖောက်ထားသော ဗျာ သားရေ အဝတ်ပေါက်မှ ရွှမ်းရသော မီးကသိုဏ်း၊

၄။ ဝါယော ကသိုဏ်း - လေတဖြတ်ဖြတ် တိုက်ခတ် လှုပ်ရှားနေသော ဝါးပင်ဖျား ကြံပင်ဖျား၊ သစ်ပင်ဖျား တို့ကို ရှုမှတ်ရသော လေကသိုဏ်း၊

၅။ နီလ ကသိုဏ်း - ကြာညို စသော အညိုရောင်ပန်းတို့ကို ခြင်း တောင်း စသည်တို့၌ အပြည့်ထည့်၍

ဖြစ်စေ၊ နံရံ၊ ပျဉ်ချပ်၊ ပိတ် စသည်တို့၌
တစ်ထွာ လက်လေးသစ်ခန့်ရှိ အညိုရောင်
ဆေးကွက်ခြယ်၍ ဖြစ်စေ၊ ထိုအာရုံကို
ရှုပွားရသော အညိုရောင် ကသိုဏ်း၊

၆။ ပီတ ကသိုဏ်း - အဝါရောင်ပန်း၊ မွေ့ရာ၊ အခင်း စသည်
တို့ကို ခြုံး၊ တောင်း စသည်တို့၌
အပြည့်ထည့်၍ ဖြစ်စေ၊ နံရံ၊ ပျဉ်ချပ်၊
ပိတ် စသည်တို့၌ တစ်ထွာလက်လေးသစ်
ခန့်ရှိ အဝါရောင် ဆေးကွက်ခြယ်၍
ဖြစ်စေ၊ ထိုအာရုံကို ရှုပွားရသော
အဝါရောင် ကသိုဏ်း၊

၇။ လောဟိက ကသိုဏ်း - အနီရောင်ပန်း စသည်တို့ကို ခြင်း၊ တောင်း
စသည်တို့၌ ထည့်၍ဖြစ်စေ၊ နံရံ၊ ပျဉ်ချပ်၊
ပိတ် စသည်တို့၌ တစ်ထွာ
လက်လေးသစ်ခန့်ရှိ အနီရောင် ဆေးကွက်
ခြယ်၍ဖြစ်စေ၊ ထိုအာရုံကို ရှုပွားရသော
အနီရောင် ကသိုဏ်း၊

၈။ ဩဒါတ ကသိုဏ်း - အဖြူရောင် ပန်းစသည်တို့ကို ခြင်း၊
တောင်း စသည်တို့၌ ထည့်၍ဖြစ်စေ၊
နံရံ၊ ပျဉ်ချပ်၊ ပိတ် စသည်တို့၌ တစ်ထွာ
လက်လေးသစ်ခန့်ရှိ အဖြူရောင်
ဆေးကွက်ခြယ်၍ ဖြစ်စေ၊ ထိုအာရုံကို
ရှုပွားရသော အဖြူရောင် ကသိုဏ်း၊

၉။ အာလောက ကသိုဏ်း - နံရံပေါက်၊ အမိုးပေါက်၊ သစ်ခက်ကြား
တို့မှ ဝင်၍ မြေကြီး နံရံ စသည်တို့၌
ထင်လာသော နေရောင် လရောင်

တို့ကိုဖြစ်စေ၊ အိုးတွင်း၌ မီးထွန်း၍ အိုးပေါက်မှထွက်ပြီး နံရံတွင်ထင်သော အလင်းရောင်ကိုဖြစ်စေ၊ ရှုပွားရသော အလင်းရောင် ကသိဏ်း၊

၁၀။ အာကာသ ကသိဏ်း-တစ်ထွာလက်လေးသစ်ခန့်ရှိ နံရံပေါက်၊ အမိုးပေါက်၊ ပြူတင်းပေါက် စသည် တို့ကိုဖြစ်စေ၊ ဖျာ၊ သင်ဖြူး၊ သားရေ စသည်တို့၏ တစ်ထွာ လက်လေးသစ်ခန့် ရှိ အပေါက်ကိုဖြစ်စေ၊ ရှုပွားရသော အာကာသ ကသိဏ်း - တို့ဖြစ်သည်။

အသုဘ(၁၀)ပါး

"အသုဘ"ဟူသော ပါဠိစကားသည်"မတင့်တယ်"ဟု အဓိပ္ပာယ်ရှိ၏။ မတင့်တယ် စက်ဆုပ် ရွံရှာဖွယ် အလောင်းကောင်များကို"အသုဘ"ဟု ခေါ်သည်။ အသုဘ(၁၀)ပါးကား အောက်ပါအတိုင်းဖြစ်သည် -

၁။ ဥဒ္ဓုမာတက = သေပြီးနောက် နှစ်ရက် သုံးရက် အကြာတွင် ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် အလောင်းကောင်၊

၂။ ဝိနီလက = အသားများသောနေရာ၌ အနီကွက်၊ ပြည်စုရာ၌ အဖြူကွက် ထ၍ တကိုယ်လုံး ညိုမဲမဲဖြစ်နေသော စက်ဆုပ်ဖွယ် အလောင်းကောင်၊

၃။ ဝိပုဗ္ဗက = ပြည်များ ပေါက်ကွဲ ယိုကျနေသော အလောင်းကောင်၊

၄။ ဝိစ္ဆိဒ္ဒန္နက = နှစ်ပိုင်းဖြတ်ထားသော အလောင်းကောင်၊

၅။ ဝိက္ခာယိတက = ခွေး၊ ကြီး၊ ငှက်တ စသည်တို့ ကိုက်ခဲစားသောက်ထားသော အလောင်းကောင်၊

၆။ ဝိကွ်ိတ္တက = လက်၊ ခြေ၊ ခေါင်း၊ တကွဲတပြားဖြစ်ကာ ပြန့်ကြဲနေသော အလောင်းကောင်၊

၇။ ဟတဝိကွ်ိတ္တက = အင်္ဂါကြီးငယ်တို့ကို မား စသော လက်နက်ဖြင့် ခွဲ၍ သတ်ဖြတ် စွန့်ပစ်ထားသော အလောင်းကောင်၊

၈။ လောဟိတက = တကိုယ်လုံးမှာ သွေးများယိုထွက် ပေကျံနေသော အလောင်းကောင်၊

၉။ ပုဠုဝက = တကိုယ်လုံးမှာ ပိုးလောက်တို့ ပြန့်ကြဲနေသော အလောင်းကောင်၊

၁၀။ အဋ္ဌိက = အရိုးစုသာ ကြွင်းကျန်တော့သော အလောင်းကောင်–တို့ဖြစ်ပါသည်။

အနုဿတိ(၁၀)ပါး

"အနုဿတိ"ဟူသော ပါဠိဝေါဟာရသည် အဖန်ဖန်အောက်မေ့ဆင်ခြင်မှုဟု အဓိပ္ပာယ်ရှိသည်။ အနုဿတိဆယ်ပါးကား အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဗုဒ္ဓါနုဿတိ – မြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့အမှတ်ရခြင်း၊

၂။ ဓမ္မာနုဿတိ – မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ်ဟူသော တရားတော်၏ သွာက္ခာတတာစသော ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ အမှတ်ရခြင်း၊

၃။ သံဃာနုဿတိ – သံဃာတော်၏ သုပ္ပဋိပန္နစသော ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့အမှတ်ရခြင်း၊

၄။ သီလာနုဿတိ – မကျိုးမပျက်သော မိမိသီလ၏ ဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ ဘာ့တ်ရခြင်း၊

၅။ စာဂါနုဿတိ – ရက်ရက်ရောရော စွန့်ကြဲလှူဒါန်းသော အလှူကို အဖန်ဖန် အောက်မေ့ အမှတ် ရခြင်း၊

၆။ ဒေဝတာနုဿတိ – သဒ္ဓါစသည်နှင့် ပြည့်စုံကြသူများသည် နတ်ပြည်၌ဖြစ်ကြရ၏၊ ထိုပုဂ္ဂိုလ်တို့၏ သဒ္ဓါ စသော ဂုဏ်မျိုးသည် မိမိ၌လည်း ရှိ၏ဟု နတ်တို့ကို သက်သေအရာ၌ ထား၍ မိမိ၏သဒ္ဓါ စသော ဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ အမှတ်ရခြင်း၊

၇။ မရဏာနုဿတိ – သေခြင်းကို အဖန်ဖန် အောက်မေ့ အမှတ်ရခြင်း၊

၈။ ကာယဂတာသတိ – ဆဲပင်စသော ရုပ်အပေါင်းကို အဖန်ဖန် အောက်မေ့အမှတ်ရခြင်း၊

၉။ အာနာပါနုဿတိ – ထွက်လေဝင်လေကို သတိကပ်၍ ရှုမှတ် နေခြင်း၊

၁၀။ ဥပသမာနုဿတိ – နိဗ္ဗာန်၏ ငြိမ်းအေးပုံကို အဖန်ဖန် အောက်မေ့ အမှတ်ရခြင်း –တို့ဖြစ်သည်

ဗြဟ္မဝိဟာရ(၄)မျိုး

ဗြဟ္မဝိဟာရ ဟူသည် "မြတ်သောနေခြင်း၊ မြတ်သော ယောဂီသူတော်စင်၏ နေခြင်း" –ဟု အဓိပ္ပာယ်ရှိသည်။ ဗြဟ္မာတို့သည် အပြစ်ကင်းစွာ နေထိုင်ကြသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်လည်း မေတ္တာ စသော တရားလေးပါး တို့ကို ရှုပွားနေထိုင်ပါက အပြစ်ကင်းသောနေခြင်း မြတ်သော နေခြင်းပင် ဖြစ်သည်။ ဗြဟ္မဝိဟာရတရား(၄)ပါးကား အောက်ပါအတိုင်းဖြစ်သည် –

၁။ မေမ္ဟာ – ချစ်ခင်ခြင်း သတ္တဝါတို့အပေါ် အကျိုးစီးပွား ချမ်းသာသုခများကို လိုလားခြင်း၊

၂။ ကရုဏာ – ဆင်းရဲဒုက္ခရောက်နေသူများကို ကယ်ဆယ် လိုခြင်း၊ သနားကြင်နာခြင်း၊

၃။ မုဒိတာ – ဥစ္စာ စည်းစိမ် ဂုဏ်သိန်တို့နှင့် ပြည့်စုံသူများကို မြင်တွေ့လျှင် ဝမ်းမြောက်ခြင်း၊

၄။ ဥပေက္ခာ – မုန်းချစ်မပြုတည့်မတ်စွာ ရှုမြင်ခြင်း၊ ကံအတိုင်း ဖြစ်ကြပေသည်ဟု သဘောထားတတ်ခြင်း– တို့ဖြစ်သည်။

အာရုပ္ပ(၄)ပါး

'အာရုပ္ပ' ပ + အာရုပ္ပ ည် ကောင်းကင်ပညတ် စသော အာရုံကို ရှုမှတ်ရသော တရားဟု အဓိပ္ပာယ်ရှိသည်။ အာရုပ္ပလေးပါးသည် အောက်ပါအတိုင်းဖြစ်၏–

၁။ အာကာသာနဉ္စာယတနစျာန်ဖြစ်ပေါ်ရန် အဆုံးအပိုင်းအခြား မရှိသော ကောင်းကင်ပညတ်ကို အာရုံပြု၍ ရှုမှတ်ခြင်း၊

၂။ ဝိညာဏဉ္စာယတနစျာန်ဖြစ်ပေါ်ရန် အာကာသာနဉ္စာယတနစိတ်ကို အာရုံပြု၍ ရှုမှတ်ခြင်း၊

၃။ အာကိဉ္စညာယတနစျာန်ဖြစ်ပေါ်ရန် အာကာသာနဉ္စာယတန စျာန်စိတ်၏ မရှိခြင်းသဘော(နတ္ထိဘောပညတ်)ကို အာရုံပြု၍ ရှုမှတ်ခြင်း၊

၄။ နေဝသညာ နာသညာယတနစျာန်ဖြစ်ပေါ်ရန် အာကိဉ္စညာယတန စိတ်ကို အာရုံပြု၍ ရှုမှတ်ခြင်း –တို့ဖြစ်သည်။

သညာ(၁)ပါး

၁။ အာဟာရေ ပဋိကူလသညာ - အစာအာဟာရကို စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်သညာပြု၍ ရှုမှတ်သော ကမ္မဋ္ဌာန်း။

ဝဝတ္ထာန်(၁)ပါး

၁။ စတုဓာတုဝဝတ္ထာန် - ခန္ဓာကိုယ်၌ ပဂ္ဂိုလ် သတ္တဝါငါ သူတပါး ယောကျ်ား မိန်းမ ဟူသော အမှတ်သညာ ပျောက်၍ ပထဝီ စသော ဓာတ်လေးပါး အစုအဝေးသာဟု ထင်မြင်လာအောင် ရှုမှတ်သော ကမ္မဋ္ဌာန်း။

စတုရာရက္ခ ကမ္မဋ္ဌာန်း
(အစောင့်အရှောက်တရား ၄-ပါး)

မြတ်စွာဘုရားသာသနာတော်တွင် ခေတ်အဆက်ဆက်ပင် အစောင့်အရှောက်တရား (စတုရာရက္ခတရား)လေးပါးကို ပဋိပတ်ဝန်ဆောင်မထေရ်ကြီးတို့သည် အစဉ်အဆက် ကျင့်ကြံ အားထုတ် ခဲ့ကြပေသည်။ ထိုအစောင့် အရှောက် တရားလေးပါးကို ယခုခေတ် ကမ္မဋ္ဌာန်း အားထုတ်သူများလည်း အများအားဖြင့် ကျင့်ကြံအားထုတ်လျက်ရှိကြသည်။ အစောင့်အရှောက် တရားလေးပါးကား-

၁။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊
၂။ မေတ္တာ ကမ္မဋ္ဌာန်း၊
၃။ အသုဘ ကမ္မဋ္ဌာန်း၊
၄။ မရဏာဿတိ ကမ္မဋ္ဌာန်း-တို့ ဖြစ်သည်။

ထိုတရားလေးပါးတို့ကား ကျင့်ကြံသူတို့အား ပစ္စုပ္ပန်၌ တွေ့ကြုံရမည့် သောက၊ ပရိဒေဝ စသော တွင်း, ပနှစ်တန် ဘေးရန်များ၊ တမလွန်၌

ကြုံတွေ့ရမည့် အပါယ်ဘေးစသော ဆင်းရဲဒုက္ခများမှ လွတ်ကင်းအောင် စောင့်ရှောက်တတ်သည်။ ထို့ကြောင့် အစောင့်အရှောက်တရား (စတုရာရက္ခ) လေးပါးဟု ခေါ်ဆိုခြင်းဖြစ်သည်။

ထိုတွင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ဤကျမ်းစာအုပ် အခန်း(၃) ဘုရားဂုဏ်တော်ကိုးပါးအဖွင့်တွင် ပြဆိုခဲ့ပြီးဖြစ်သည်။

မေတ္တာဘာဝနာ ပွားများနည်း

မေတ္တာဘာဝနာပွားမည့်ပုဂ္ဂိုလ်သည် အမျက်ဒေါသ၏ အပြစ်နှင့် သည်းခံခြင်း၏ အကျိုးအာနိသင်တို့ကို ရှုးဦးစွာ ဆင်ခြင်ရမည်။

"အမျက်ဒေါသထွက်သူသည် အကြောင်းအကျိုးကို မသိ မြင်တတ်၊ အမျက်ဒေါသကြောင့် ပါဏာတိပါတကံ စသည်များအထိ ကျူးလွန်မိတတ်၏" စသည်ဖြင့် ဒေါသ၏ အပြစ်တို့ကို ဆင်ခြင်ရမည်။

"သည်းခံခြင်းသည်ကား မြတ်သော အကျင့်ဖြစ်၏။ သည်းခံစွမ်းအားကြီးမားသူကို မကောင်းမှု ပယ်ပြီးသော ရဟန္တာဟူ၍ မြတ်စွာဘုရားဟောကြားတော်မူ၏။ အကျိုးမဲ့ကို တားမြစ်ပြီး အကျိုးစီးပွားကို ဆောင်နိုင်သည့် တရားများတွင် သည်းခံခြင်းထက် သာလွန်သော တရားမရှိ" စသည်ဖြင့် သည်းခံခြင်း၏ အကျိုးအာနိသင်တို့ကို ဆင်ခြင်ရမည်။

မေတ္တာ စတင် မပွားသင့်သူများ

ဤနေရာ၌ မေတ္တာဘာဝနာ စတင်၍ မပွားသင့်သည့် ပုဂ္ဂိုလ် (၄)မျိုးကို သိထားသင့်၏။ ၎င်းတို့မှာ-

၁။ မချစ်မနှစ်သက်သူ၊
၂။ အလွန်ချစ်ခင်ကျွမ်းဝင်သော မိတ်ဆွေ၊
၃။ မမုန်းမချစ် အလယ်အလတ်ဖြစ်သူ၊
၄။ ရန်သူ-တို့ ဖြစ်ပေသည်။

မချစ်မနှစ်သက်သူကို ချစ်ခင်သည့်သဘော သက်ဝင်အောင် ဆေတွာပွားရန်မှာ စိတ်ပင်ပန်းတတ်၏၊ အလွန်ချစ်ကျွမ်းဝင်သူကို ချစ်ဘက်မပါ မုန်းဘက်မရောက်အောင် သဘောထားရန်မှာလည်း စိတ်ပင်ပန်းတတ်သည်။ မမုန်း မချစ် အလယ်အလတ် ဖြစ်သူကို အလေးအမြတ်ပြုသည့်သဘော၊ ချစ်ခင်သည့် သဘောထားရန်မှာလည်း စိုတ်ပင်ပန်းတတ်၏။ ရန်သူကို သတိရလျှင်လည်း အမျက်ဒေါသ ဖြစ်ပွားလာတတ်၏။ ထို့ကြောင့် ထိုလေးယောက်ကို စတင်၍ မေတ္တာ မပွားသင့်ချေ။

မေတ္တာ စတင် ပွားများရမည့်သူ

ပုဂ္ဂိုလ် သတ္တဝါအားလုံးတို့ကို မေတ္တာမပွားမီ ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာ ပွားရမည်။ မေတ္တာပွားပုံကား-

> "ငါသည် ချမ်းသာရပါလို၏၊ ဆင်းရဲကင်းရပါလို၏၊ ပြင်ပရန်ကင်းရပါလို၏၊ စိတ်ဆင်းရဲ ကင်းရပါလို၏၊ ကိုယ်ဆင်းရဲကင်းရပါလို၏၊ မိမိကိုယ်ကို ချမ်းသာအောင်ရွက်ဆောင်နိုင်ရပါလို၏" ဟူ၍ အဖန်ဖန် မေတ္တာပွားရမည်။

ဤသို့ မိမိကိုယ်ကို စတင်၍ မေတ္တာပွားရခြင်းမှာ အခြားသူတို့ကို မေတ္တာပွားသည့်အခါ မိမိကိုယ်နှင့် နှိုင်းစာတတ်ရန် ဖြစ်၏။ "မိမိချမ်းသာချင်သကဲ့သို့ အခြားသတ္တဝါတို့လည်း ချမ်းသာချင်ကြပေမည်၊ မိမိ အသက်ရှည်ချင်သကဲ့သို့ အခြား သတ္တဝါတို့လည်း အသက်ရှည်ချင်ကြပေမည်။ မိမိ မသေချင်သကဲ့သို့ အခြားသတ္တဝါတို့လည်း သေချင်ကြမည်မဟုတ်ပေ" ဟု မိမိကိုယ်ကို သက်သေထူ၍ (ကိုယ်ချင်းစာ၍) အခြားသတ္တဝါတို့အပေါ် ၌ စီးပွားချမ်းသာ လိုလားမှု ဖြစ်ပေါ်လာရန် မိမိကိုယ်ကို စတင်၍ မေတ္တာပွားရခြင်း ဖြစ်သည်။ ကိုယ်ချင်းစာစိတ် မွေးမြူ ထူထောင်ရသည်။

မေတ္တာ မပွားသင့်သူများ

မေတ္တာ မပွားသင့်သူများမှာ-

၁။ လိင်မတူသူ၊

၂။ သေဆုံးသူ-တို့ ဖြစ်ကြသည်။

လိင်မတူသူကို သီးသန့်(သြဓိသ)မေတ္တာပွားလျှင် ဈာဂ ဖြစ်တတ်ပါသည်။ သေဆုံးသွားသူကို မေတ္တာပွားလျှင် ဥပစာရသမာဓိ အပွနာစျာန် သမာဓိများ မရနိုင်၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်နှစ်မျိုးကို မေတ္တာ မပွားရခြင်းဖြစ်သည်။

ချစ်ခင်သူ၌ မေတ္တာပွားခြင်း

မိမိကိုယ်ကို ရှေးဦးစွာ အဖန်ဖန် မေတ္တာပွားပြီးနောက်-

- မြတ်နိုး လေးစားထိုက်သော ဆရာ၊
- ဆရာကဲ့သို့ လေးစားထိုက်သော ပုဂ္ဂိုလ်၊
- ဥပဇ္ဈာယ် ဆရာ၊
- ဥပဇ္ဈာယ်ဆရာကဲ့သို့ လေးစားထိုက်သော ပုဂ္ဂိုလ် -

တို့၏ သီလ သုတစသောဂုဏ်၊ အခြားမြတ်နိုးလေးစားဖွယ် ဂုဏ်တို့ကို ဆင်ခြင်အောက်မေ့၍ "ဤသူတော်ကောင်း ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ" စသည်ဖြင့် မေတ္တာပွားရမည်။

ထို့နောက် အလွန်ချစ်သော မိတ်ဆွေ၊ အလယ်အလတ် (မချစ်မမုန်း) ပုဂ္ဂိုလ်၊ ရန်သူတို့ကိုလည်း ဖော်ပြပါနည်းတူ အစဉ်အတိုင်း မေတ္တာပွားရမည်။

ရန်သူအပေါ် မေတ္တာပွားနည်း

အလယ်အလတ်ပုဂ္ဂိုလ်ကို မေတ္တာပွားပြီးနောက် ရန်သူကို မေတ္တာပွားရမည်ဟု ဆိုခဲ့၏။ ဤကား ရန်သူရှိသော ပုဂ္ဂိုလ်ကို ရည်ရွယ်၍ဆိုခြင်းဖြစ်သည်။ ရန်သူမရှိသော ပုဂ္ဂိုလ်၊ သို့မဟုတ် မိမိကို အကျိုးမဲ့ပြုစေကာမူ သဘောထားကြီးမြတ်သည့်အတွက် ရန်သူဟုပင် အမှတ်မထားသော ပုဂ္ဂိုလ်တို့ကား ရန်သူထံ မေတ္တာပို့လွှတ်ရန် စိတ်စိုက်ဖွယ်မလိုချေ။

ရန်သူ့အပေါ်၌ မေတ္တာစိတ် ပို့မည်ပြုသောအခါ ထိုရန်သူက မိမိအပေါ် ကျူးလွန်ထားသော အပြစ်များကို သတိရ၍ အမျက်ဒေါသဖြစ်လျှင် ယခင်ပွားလက်စ ပုဂ္ဂိုလ်ကို ပြန်လည်၍ အဖန်ဖန် မေတ္တာပွားရမည်။ ထိုသို့ပွားများပါက ရန်သူ့အပေါ် ဖြစ်ပွားနေသော ဒေါသကို ပယ်ဖျောက်ပြီးဖြစ်တော့၏။ ထိုသို့ စိတ်အာရုံ လွှဲပြောင်း၍ မေတ္တာပွားနေပါလျက် ရန်သူ့အပေါ် အမျက်ဒေါသ မပြေပျောက်ခဲ့သော်-

"အမျက်ထွက်သောသူကို တုံ့ပြန်၍ အမျက်ထွက်သူသည် ပထမ အမျက်ထွက်သူထက်ပင် ပိုမို စိတ်ထားနိမ့်ကျသူဖြစ်၏။ အမျက်ထွက် သူကို တုံ့ပြန်အမျက်မထွက်ဘဲ သည်းခံနိုင်သူသည်သာ အကြီးမား ဆုံးသော အောင်မြင်မှုကို ရရှိခြင်းဖြစ်၏" အစရှိသည်ဖြင့် မြတ်စွာဘုရား၏ ဆုံးမသြဝါဒများကို ဆင်ခြင်၍ အမျက်ဒေါသများကို ပယ်ဖျောက်ရမည်။

ဤဆိုခဲ့ပြီးသည့်အတိုင်း အမျက်ဒေါသကို ကြိုးစား၍ ပယ်ဖျောက် နေပါလျက် ပြေပျောက်ငြိမ်းအေးခြင်း မရှိသေးလျှင် ထိုရန်သူ၏ ကြည်ညိုဖွယ် ချစ်ခင်ဖွယ် ကိုယ်အမူအရာ နှုတ်အမူအရာ၊ စိတ်နေသဘောထားကို ကွက်၍ ဆင်ခြင်ကာ အမျက်ဒေါသကို ဖြေဖျောက်ရမည်။

ထိုသို့ ကိုယ် နှုတ် စိတ်အမူအရာ တစ်ခုခုမျှ ကြည်ညိုဖွယ် ချစ်ခင် ဖွယ်မရှိသော ရန်သူဖြစ်ပါက "ဤသူသည်• ယခုဘဝမှာသာ လူဖြစ်ရ၏။ နောင်ဘဝတွင် ငရဲ၌ နှစ်မွန်းရမည် ဧကန်ဖြစ်၏" ဟု သနားကရုဏာသက်ဝင်၍ အမျက် ဒေါသကို ဖြေဖျောက်ရမည်။

ထိုသို့ ဖြေဖျောက်ပါလျက် အမျက်ဒေါသမပြေပျောက်ပါက "ရန်သူသည် ဒေါသဖြင့် မုန်းဖွယ်အမူကို ပြုခဲ့၏။ ထိုဒေါသကို ပယ်လော့၊ ထိုပုဂ္ဂိုလ်၌ စိတ်ဆိုးကာ အဘယ်ကြောင့် မိမိကိုယ်ကို ပင်ပန်းအောင် ပြုနေသနည်း" စသည်ဖြင့် မြတ်စွာဘုရား ဟောကြားထားသော ဒေါသဖြေဖျောက်နည်း သြဝါဒ တစ်မျိုးမျိုးကို ဆင်ခြင်၍ ဖြစ်စေ၊ "မိမိနှင့် ရန်သူတို့သည် ကံစီမံရာအတိုင်း ဖြစ်ပျက်နေကြရပေသည်"ဟု ကမ္မသကာချ၍ ဖြစ်စေ၊ "ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းသည် မြားဖြင့် ပစ်၍ အသက်ကို ရန်မူသော မုဆိုးကို သည်းခံ၍ အစွယ်ကိုပင် ဖြတ်၍ လှူလိုက်ပေသေးသည်"။ "ဘုရားလောင်း မျောက်မင်းသည်လည်း မျက်စိလည် လမ်းမှား၍ ချောက်တွင်း ကျနေသော နွားပျောက်ရှာ ယောကျ်ား၏အသက်ကို ခက်ခဲစွာ ကယ်တင်ခဲ့၏။ ထိုယောကျ်ားက ဘုရားလောင်း၏ ဦးခေါင်းကို ကျောက်ခဲဖြင့် ထုနှက် သတ်ဖြတ်သော်လည်း သည်းခံ၍ ထိုယောကျ်ား အပြန်ခရီးအတွက် လမ်းမှန်ရောက်အောင်ပင် ပို့ဆောင်လိုက်ပေသေးသည်"။ "ဘုရားလောင်း ဘူရိဒတ်နဂါးမင်းသည်လည်း အလမ္ဗာယ်ပုဏ္ဏားက အမျိုးမျိုးနှိပ်စက်

ညှဉ်းပန်းသောအခါ နဂါးငွေ့လွှတ်၍ ပုဏ္ဏားကို သေအောင်ပြုလုပ်နိုင်သော်လည်း (သီလပျက်မည်စိုးသောကြောင့်) သည်းခံ၍ ဆိုအလမ္ဗာယ်ပုဏ္ဏား၏ အကျိုးစီးပွားအတွက် အလမ္ဗာယ်ပြဿမှုကိုပင် ဆောင်ရွက်ပေးသေးသည်"ဟူ၍ ဇာတ်တော်လာ သည်းခံပုံများကို ဆင်ခြင်၍ အမျက်ဒေါသကို ဖြဖျောက်ရ၏။

ထိုသို့ ဆင်ခြင်ပါလျက် အမျက်ဒေါသ မပြေပျောက်သေးပါက မေတ္တာပွားခြင်းသည် ချမ်းသာစွာ အိပ်စက်ရခြင်း၊ ချမ်းသာစွာ နိုးထရခြင်းစသော မေတ္တာ၏ အကျိုးအာနိသင်တို့ကို ဆင်ခြင်လျက် အမျက်ဒေါသကို ဖြဖျောက်ရမည်။

ထိုသို့ ဆင်ခြင်ပါလျက် အမျက်ဒေါသ မပြေပျောက်သေးပါက ယခုအမျက်ထွက်နေသည်မှာ ရန်သူ၏ ဆဲပင်ကို အမျက်ထွက်ခြင်းလော၊ အမွေး၊ ခြေသည်း လက်သည်း စသော အစိတ်အပိုင်းတို့ကို အမျက်ထွက်ခြင်းလော၊ ထို ဆဲပင်စသည့် အစိတ်အပိုင်းတို့၌ ပထဝီဓာတ်ကို အမျက်ထွက်ခြင်းလော၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်တို့ကို အမျက်ထွက်ခြင်းလော စသည်ဖြင့် ဆင်ခြင်၍ အမျက်ဒေါသကို ဖြဖျောက်ရမည်။

ထိုသို့ ရန်သူကို ပုဂ္ဂိုလ် သတ္တဝါအဖြစ် မရှု မမြင်ဘဲ ဓာတ်သဘောခွဲခြမ်းစိတ်ဖြာ၍ ဆင်ခြင်နိုင်စွမ်းမရှိလျှင် မိမိ၏ ပစ္စည်းဥစ္စာကို ရန်သူအား ပေး၍ ရန်သူက ပေးထားသော ပစ္စည်းဥစ္စာကိုလည်း မိမိက လက်ခံရယူခြင်း၊ အကယ်၍ ရန်သူသည် အသက်မွေးမှုသိုလ (အာဇီဝပါရိသုဒ္ဓိသီလ) ပျက်နေသူဖြစ်ပါက (ထိုရန်သူ၏ ဥစ္စာသည် မသုံးစွဲထိုက်သောကြောင့်) မိမိ၏ ပစ္စည်း၊ ဥစ္စာကိုသာ ပေးခြင်းဖြင့်လည်း ပစ္စည်းပေး၊ ပစ္စည်းယူ ပြုလုပ်ကာ အမျက်ဒေါသကို ဖြဖျောက်နိုင်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အမျက်ဒေါသ ဖြဖျောက်နည်း တစ်မျိုးမျိုးဖြင့် ဖြဖျောက်၍ ငြိမ်းအေးသွားပြီဆိုလျှင်(ချစ်ခင်သူ၊ အလွန်ချစ်ခင်သည့် မိတ်ဆွေ၊ အလယ်အလတ်ပုဂ္ဂိုလ်တို့အပေါ်၌ မေတ္တာစိတ်ဖြစ်ပေါ်သကဲ့သို့)ထိုရန်သူ့အပေါ်၌လည်း မေတ္တာသက်ဝင် ချစ်ခင်လာမည် ဖြစ်သည်။ ထိုသို့ ရန်သူ့အပေါ် မေတ္တာသက်ဝင်လာပါက ဆက်လက်၍ မေတ္တာဘာဝနာကို အကြိမ်ကြိမ် အထပ်ထပ် ပွားများရမည်။

ဤသို့ဖြင့် ရန်သူ့အပေါ်၌ အဖန်ဖန် မေတ္တာပွားပြီးလျှင် မိမိချစ်ခင်သူ အလယ်အလတ်ပုဂ္ဂိုလ် ရန်သူဟူသော ပုဂ္ဂိုလ်လေးဦးစလုံးအပေါ်၌ မေတ္တာစိတ် အညီအမျှ ဖြစ်စေလျက် တသားတည်းဖြစ်အောင် အားထုတ်ရပေမည်။

ဤ၌ မိမိ၊ အလွန်ချစ်ခင်သူ၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူ လေးဦးတို့. အတူနေကြစဉ် ဓားပြတို့ ရောက်ရှိလာပြီး သင်တို့လေးဦးထဲမှ တစ်ဦးဦးကို ပေးပါ။ထိုသူကို သတ်၍ လည်ချောင်းသွေးဖြင့် ယဇ်နတ်ပူဇော်မည်ဟု အတင်းအကြပ် တောင်းလာလျှင် မိမိကိုဖြစ်စေ၊ အခြား သူတစ်ဦးဦးကို ဖြစ်စေ ပေးလိုစိတ်ရှိနေသေးလျှင် ထိုပုဂ္ဂိုလ်လေးဦးတို့အပေါ်၌ မေတ္တာစိတ်တသားတည်း မဖြစ်သေးချေ။

အဘယ့်ကြောင့်ဆိုသော် အပေးခံရသူ၏ အကျိုးစီးပွားကို အလိုမရှိဘဲ ဓားပြတို့၏ အကျိုးစီးပွားကို အလိုရှိရာရောက်သောကြောင့် ဖြစ်သည်။ အမှန်စင်စစ် ထိုပုဂ္ဂိုလ်လေးဦးထဲမှ မိမိကိုဖြစ်စေ၊ အခြားတစ်ဦးဦးကို ဖြစ်စေ ခိုးသား ဓားပြတို့အား မပေးလိုဘဲ မိမိအပါအဝင်ပုဂ္ဂိုလ်လေးဦးတို့အပေါ်၌ အကျိုးစီးပွားကို လိုလားသောစိတ် အညီအမျှ ဖြစ်နေလျှင် မေတ္တာစိတ်တသားတည်း(သီမာသမ္ဘေဒ)ဖြစ်နေသည်ဟု ဆိုရသည်။ ထိုသို့ မေတ္တာစိတ်တသားတည်းထားနိုင်သော အဆင့်သို့ရောက်လျှင် ထိုမေတ္တာဘာဝနာပွားသူသည် လောကီစျာန်၏ အနီးအပါး (ဥပစာရအဆင့်)သို့ ရောက်ရှိနေပြီဖြစ်သည်။ ဆက်လက်၍ ပွားများပါက ပထမစျာန်စသော တရားထူးများကို ရရှိမည် ဖြစ်ပေသည်။

ထိုသို့ပထမစျာန် စသောတရားထူးများကို ရရှိသော ပုဂ္ဂိုလ်များသည် အပိုင်းအခြားအကန့်အသတ် မထားဘဲ ပို့လွှတ်သော မေတ္တာ(အနောဓိသ ဖရဏာ မေတ္တာ)၊ အပိုင်းအခြား အကန့်အသတ်ဖြင့် ပို့လွှတ်သော မေတ္တာ (သြဓိသ ဖရဏာ မေတ္တာ)၊ အရပ်မျက်နှာအသီးသီးကို ဖြန့်၍ ပို့လွှတ်သော မေတ္တာ (ဒိသာဖရဏာ မေတ္တာ)တို့ကို ပိုင်ပိုင်နိုင်နိုင် ပွားများနိုင်မည် ဖြစ်ပေသည်။

အနောဓိသဖရဏာ မေတ္တာပွားနည်း
(ကန့်သတ်မဲ့ မေတ္တာပွားနည်း)

အနောဓိသ ဖရဏာ မေတ္တာ ဟူသည် မည်သူ မည်ဝါယောကျ်ား မိန်းမ စသည်ဖြင့် ကန့်သတ်ချက် မထားဘဲ အားလုံးပျံ့နှံ့အောင် ပွားများရသော မေတ္တာဖြစ်သည်။

အနောဓိသဖရဏာ မေတ္တာပွားနည်းကား အောက်ပါအတိုင်း ဖြစ်ပါသည်–

၁။ (က) သဗ္ဗေ ၊သတ္တာ အဝေရာ ဟောန္တု = အားလုံးသော သတ္တဝါတွေ ဘေးရန် ကင်းကြပါစေ၊

(ခ) ။ အဗျာပဇ္ဈာ ဟောန္တု = အားလုံးသော သတ္တဝါတွေ စိတ်ဆင်းရဲ ကင်းကြပါစေ၊

(ဂ) ။ အနီဃာ ဟောန္တု = အားလုံးသော သတ္တဝါတွေ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

(ဃ) ။ သုခီ အတ္တာနံ ပရိဟရန္တု = အားလုံးသော သတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ၊ မိမ်ကိုယ်ကို မိမိ ချမ်းသာစွာ မွေးမြူနိုင်ကြပါစေ။

၂။ သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု = အားလုံးသော အသက်ရှူသူတွေ ဘေးရန်ကင်းကြပါစေ့ စသည်ဖြင့် လည်းကောင်း။

၃။ သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု = အားလုံးသော ထင်ရှားဖြစ်သူတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း၊

၄။ သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု = အားလုံးသော ပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း၊

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ အဝေရာ ဟောန္တု = အားလုံးသော အတ္တဘောဌ် အတွင်းဝင်သူတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း –

အမှတ်(၁)၌ ပြခဲ့သည့်အတိုင်း (၄)ချက်စီ မေတ္တာပွားရမည်။

ဤသို့ ပုဂ္ဂိုလ်(၅)ဦးတို့ကို ဘေးရန်ကင်းကြပါစေ စသည့်(၄)ချက်နှင့် မြောက်ပွားပါက အနောဓိသဖရဏာ မေတ္တာပွားနည်း (၅ x ၄ = ၂၀) နှစ်ဆယ်ရှိသည်။ သတ္တဝါကို သတ္တ ပါဏ ဘူတ ပုဂ္ဂလ အတ္တဘာဝပရိယာပန္န ဟူ၍ အသီးသီး အခေါ်အဝေါ်အလိုက် သုံးစွဲထားသော်လည်း အဓိပ္ပာယ်မှာ အတူတူပင် ဖြစ်သည်။

ဩဓိသဖရဏာမေတ္တာပွားနည်း
(အကန့်အသတ်ရှိ မေတ္တာပွားနည်း)

ဩဓိသဖရဏာ မေတ္တာပွားနည်းဟူသည် မဉ်သူမည်ဝါ ယောကျ်ားမိန်းမ အရိယာ ပုထုဇဉ် စသည်ဖြင့် တကန့်စီ တကန့်စီ ပိုင်းခြား၍ ပျံ့နှံ့အောင် ပွားများရသော မေတ္တာ ဖြစ်သည်။

ဩဓိသဖရဏာ မေတ္တာပွားနည်းကား အောက်ပါအတိုင်း ဖြစ်ပါသည်–

၁။(က)သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု = အားလုံးသော အမျိုးသမီးတွေ ဘေးရန် ကင်းကြပါစေ၊

(ခ) ။ အဗျာပဇ္ဈာ ဟောန္တု = အားလုံးသော အမျိုးသမီးတွေ စိတ်ဆင်းရဲ ကင်းကြပါစေ၊

(ဂ) ။ အနီဃာ ဟောန္တု = အားလုံးသော အမျိုးသမီးတွေ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

(ဃ) ။ သုခီ အတ္တာနံ ပရိဟရန္တု = အားလုံးသော အမျိုးသမီးတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ ဖြင့် မိမိကိုယ်ကို ရွက်ဆောင် နိုင်ကြပါစေ၊

၂။ သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု = အားလုံးသော အမျိုးသားတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း၊

၃။ သဗ္ဗေ အရိယာ အဝေရာ ဟောန္တု၊ = အားလုံးသော အရိယာတွေ ဘေးရန် ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း၊

၄။ သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု၊ = အားလုံးသော ပုထုဇဉ်တွေ ဘေးရန် ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း၊

၅။ သဗ္ဗေ ဒေဝါ အဝေရာ ဟောန္တု၊ = အားလုံးသောနတ် (ဗြဟ္မာ)တွေ ဘေးရန် ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း၊

၆။ သဗ္ဗေ မနုဿာ အဝေရာ ဟောန္တု၊ = အားလုံးသော လူတွေ ဘေးရန် ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း၊

၇။ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ =အားလုံးသော အပါယ်ဘုံသားတွေ ဘေးရန် ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း-

အမှတ်(၁)၌ ပြခဲ့သည့်အတိုင်း (၄)ချက်စီ မေတ္တာပွားရပါမည်။

ဤသို့ ပုဂ္ဂိုလ်(၇)ဦးတို့ကို ဘေးရန်ကင်းကြပါစေ စသည့်(၄)ချက်နှင့် မြှောက်ပွားပါက ဩဒိသဖရဏာမေတ္တာပွားနည်း (၇ x ၄ = ၂၈)နှစ်ဆယ့်ရှစ်ပါးရှိသည်။

ဒိသာဖရဏာ မေတ္တာပွားနည်း
(အရပ်မျက်နှာဖြန့်လျက် မေတ္တာပွားနည်း)

ဒိသာဖရဏာမေတ္တာဟူသည် အရှေ့အနောက် စသော အရပ်မျက်နှာ အသီးသီးသို့ ဖြန့်ကြက်၍ ပျံ့နှံ့အောင် ပွားများရသော မေတ္တာဖြစ်သည်။ ဒိသာဖရဏာမေတ္တာပွားနည်းကား အောက်ပါအတိုင်းဖြစ်သည်-

၁။ (က) အရှေ့အရပ်၌ရှိသော **အားလုံးသော သတ္တဝါတွေ** ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ

ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ခ) အရှေ့အရပ်၌ရှိသော **အားလုံးသော အသက်ရှူသူတွေ** ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ဂ) အရှေ့အရပ်၌ရှိသော **အားလုံးသော ထင်ရှားဖြစ်သူတွေ** ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ဃ) အရှေ့အရပ်၌ရှိသော **အားလုံးသော ပုဂ္ဂိုလ်တွေ** ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(င) အရှေ့အရပ်၌ရှိသော **အားလုံးသော အတ္တဘောဝ၌ အတွင်းဝင်သူတွေ** ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(စ) အရှေ့အရပ်၌ရှိသော **အားလုံးသော အမျိုးသမီးတွေ** ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ဆ) အရှေ့အရပ်၌ရှိသော **အားလုံးသော အမျိုးသားတွေ** ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ဇ) အရှေ့အရပ်၌ရှိသော **အားလုံးသော အရိယာတွေ** ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(စျ) အရှေ့အရပ်၌ရှိသော **အားလုံးသော ပုထုဇဉ်တွေ** ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ည) အရှေ့အရပ်၌ရှိသော **အားလုံးသော နတ် (ဗြဟ္မာ)တွေ** ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ဋ) အရှေ့အရပ်၌ရှိသော **အားလုံးသော လူတွေ** ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ဌ) အရှေ့အရပ်၌ရှိသော **အားလုံးသော အပါယ်ဘုံသားတွေ** ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ -

ဟု အရှေ့အရပ်၌(၁၂)ချက် မေတ္တာပွားသကဲ့သို့ ကျန်အရပ်(၉)မျက်နှာကိုကိုလည်း (၁၂)ချက်စီ မေတ္တာပွားရမည်။ စွာန် မရသေးသော ပုဂ္ဂိုလ်များလည်း ဤမေတ္တာပွား နည်းအတိုင်း မေတ္တာပွားနိုင်သည်။ ဖော်ပြပါ မေတ္တာပွားနည်းများအနက် တစ်နည်းနည်းဖြင့် မေတ္တာ ပွားများသော ပုဂ္ဂိုလ်သည် -

၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးထရခြင်း၊

၃။ အိပ်မက်ဆိုး မမြင်မက်ခြင်း၊
၄။ လူများ ချစ်ခင် မြတ်နိုးခြင်း၊
၅။ နတ်များချစ်ခင် မြတ်နိုးခြင်း၊
၆။ နတ်များချစ်ခင် စောင့်ရှောက်ခြင်း၊
၇။ မီး၊ အဆိပ်၊ လက်နက်ဘေး မသင့်ခြင်း၊
၈။ လျင်စွာ စိတ်တည်ကြည်ခြင်း၊
၉။ မျက်နှာ ကြည်လင်ခြင်း၊
၁၀။ မတွေဝေဘဲ သေရခြင်း၊
၁၁။ သေလျှင် ဗြဟ္မာပြည်သို့ ရောက်ရခြင်း -

ဟူသော မေတ္တာအကျိုး(၁၁)မျိုးတို့ကို ရရှိကြမည်ဖြစ်ပေသည်။

မေတ္တာဘာဝနာ အထူးမှတ်ဖွယ်

မေတ္တာပွားများနည်းနှင့် စပ်၍ အထူးမှတ်သားရန်မှာ မေတ္တာပွားရာ၌ စွာန်ရအောင်ပွားနည်း, ဘာဝနာကုသိုလ်ဖြစ်အောင်ပွားနည်းဟူ၍ နှစ်မျိုးရှိသည်။ ပဋိသန္ဓေဒါမက်ပါဠိတော်လာ အရပ်(၁၀)မျက်နှာ ပွားပုံ၊ ၅၂၈-သွယ် ပွားပုံတို့မှာ စွာန်ရပြီးသော ပုဂ္ဂိုလ်တို့၏ ပွားများပုံများသာ ဖြစ်၏။ ထိုနည်းအတိုင်း မည်သူမဆို ပွားများနိုင်သည်။ သို့သော် ဘာဝနာကုသိုလ်မျှသာ ဖြစ်မည်။ ပွားများစ ပုဂ္ဂိုလ်များအတွက် အာရုံကျယ်ပြော၍ သမာဓိမျှပင် ဖြစ်ရန် မလွယ်၊ ထိုကြောင့် သေကျွေတောင်ဆရာတော်စသော ဆရာတော်ကြီးများနည်းကို မှီး၍ ဦးစွာ ပုဂ္ဂိုလ်တစ်ဦးတည်းအပေါ်၌ စူးစိုက် ပိုင်နိုင်အောင် ပွားပို့ပြီးမှ အခြားပုဂ္ဂိုလ်(သတ္တဝါအာရုံ)သို့ ပြောင်းရွေ့ ပွားများသင့်သည်။

မြတ်စွာဘုရားရှင် ပဌဝဂ္ဂီငါးဦးနှင့် နာဠာဂိရိဆင်တို့အား မေတ္တာပွားပို့ပုံကိုပြရာ ဗုဒ္ဓဝင်နှင့် အပဒါန်အဋ္ဌကထာ, ဇာတ်အဋ္ဌကထာတို့၏ အဆိုအမိန့်ကို နည်းမှီ၍ မိမိပွားပို့လိုသူ၏ ပုံပန်းသဏ္ဌာန် ခြေဆုံး ခေါင်းဆုံး မြင်အောင်·ထင်အောင် အာရုံပြုလျက် 'ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ'ဟု ထိုမေတ္တာခံပုဂ္ဂိုလ်အပေါ်၌ မိမိ၏ မေတ္တာဓာတ် အားများ လွှမ်းခြုံဖိလွှတ်ခြင်းသည် ထူထောင်စ ပုဂ္ဂိုလ်များအတွက် အသင့်မြတ်ဆုံးနည်းဖြစ်၏။

အသုဘကမ္မဋ္ဌာန်းပွားများနည်း

အသုဘကမ္မဋ္ဌာန်းကား အလောင်းကောင်၏ အနေအထားပြောင်းလဲမှု အရ (၁၀)ပါးရှိသည်။ ထို(၁၀)ပါး၏ အကျဉ်းချုပ် အဓိပ္ပါယ်ကို ဤအခန်း သမထကမ္မဋ္ဌာန်း (၄၀)တွင် ဖော်ပြခဲ့ပြီးဖြစ်သဖြင့် အသုဘကမ္မဋ္ဌာန်း ရပွားပုံကိုသာ ဤဒြပ်ဆိုမည်။

အသုဘကမ္မဋ္ဌာန်း စီးဖြန်းမည့်သူသည် အသုဘကောင်ရှိရာ အရပ်ကို ရှေးဦးစွာ စုံစမ်းလေ့လာရမည်။ မည်သည့်နေရာတွင် အသုဘကောင်ရှိသည်ဟု သတင်းစကား ကြားရသောအခါတွင်လည်း အလျင်စလို မသွားသင့်ချေ။ အကြောင်းမူ ဘီလူး သားရဲ အစရှိသော ဘေးအန္တရာယ်များနှင့် တွေ့ကြုံရတတ်သောကြောင့် ဖြစ်သည်။ ထို့ပြင် အသုဘကောင်ရှိရာသို့ မသွားမီ ကြိုတင် အသိပေးသင့်သည့် ပုဂ္ဂိုလ်များကိုလည်း ကြိုတင်အသိပေးသင့်သည်။ ထိုသို့ အသိပေးထားခြင်းဖြင့် ဘေးအန္တရာယ်တခုခုကျရောက်သည့်အခါ၌ ကူညီစောင့်ရှောက်မှု ရရှိနိုင်မည်ဖြစ်သည်။

အသုဘကောင်ရှိရာသို့ သွားသောအခါ မိမိစီးဖြန်းနေကျ ကမ္မဋ္ဌာန်းကိုပင် နှလုံးသွင်းဆင်ခြင်ကာ တုတ်, တောင်ဝှေး ကိုင်ဆောင်လျက် မိမိသွားသည့် လမ်းကြောင်းတစ်လျှောက်၌ အမှတ်အသားများပြု၍ သွားရမည်။ အထူးသဖြင့် အသုဘကောင်၏ လေညှာ(လေတင်)ဘက်မှ သွားရမည်။ မလွဲမရှောင်သာ၍ လေအောက်မှသွားရလျှင် အဝတ်ဖြင့် နှာခေါင်းကို ပိတ်လျက် သွားရမည်။ အသုဘကောင်ရှိရာသို့ ရောက်သည့်အခါ အသုဘကောင်၏ လေညှာဘက်မှ ဖြစ်စေ၊ လေကြေ(လေအောက်)ဘက်မှ ဖြစ်စေ၊ ခေါင်းရင်းဘက်မှ ဖြစ်စေ၊ ခြေရင်းဘက်မှဖြစ်စေ မထိုင်မူ၍ အသုဘကောင်နှင့် မနီးမဝေး ခြေရင်းမကျ ခေါင်းမကျသော အသုဘကောင်၏ ဗဟိုချက်ကျသည့် နေရာ၌ ထိုင်ရမည်။

အသုဘကမ္မဋ္ဌာန်းရှုမည့် ပုဂ္ဂိုလ်သည် အသုဘကမ္မဋ္ဌာန်းရှုရန် သင့်လျော်ရာ နေရာ၌ ထိုင်ပြီးနောက် အသုဘကောင်၏ ပတ်ဝန်းကျင်ရှိ သစ်ပင် သစ်ငုတ် ခြုံနွယ် ကျောက်ခဲ တောင်ပို့ အစရှိသော အရာဝတ္ထုများနှင့် အသုဘကောင်ကို 'ဤကား အသုဘကောင်၊ ဤကား သစ်ပင်ဟု အရာဝတ္ထုများနှင့် အလောင်းကောင်ကို တွဲ၍ ကွဲပြားအောင် အပြန်အလှန် မှတ်သားရမည်။

ထိုသို့ မှတ်သားပြီးနောက် အသုဘကောင်၏ အဆင်း(ဝဏ္ဏ)၊ အရွယ်(လိင်္ဂ)၊ ပုံသဏ္ဌာန်(သဏ္ဌာန)၊ အရပ်မျက်နှာ(ဒိသာ)၊ တည်ရာ(ဩကာသ) ပိုင်းခြားချက် (ပရိစ္ဆေဒ)ဟူသော အချက်အလက်(၆)မျိုးတို့ဖြင့် အသုဘအာရုံထင်မြင်လာအောင် ရှုမှတ်ရမည်။ ရှုမှတ်ပုံမှာ-

ဤအသုဘကောင်သည် အသားဖြူသူ၊ မဲသူ၏ အသုဘကောင်တည်း (ဝဏ္ဏ)၊ ဤကား ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ရှိသူ၏ အသုဘကောင်တည်း (လိင်္ဂ)၊ ဤကား အသုဘကောင်၏ ဦးခေါင်း၊ လည်ပင်း၊ လက်၊ ရင်ဘတ်၊ချက်၊ တင်ပါး၊ ပေါင်၊ ခြေသလုံး၊ ခြေချောင်းတည်း(သဏ္ဌာန)၊ ဤကား အသုဘကောင်၏ အလယ်ပိုင်း၊ ဤကားအောက်ပိုင်းတည်း၊ တစ်နည်း ငါကားမြောက်ဘက် အရပ်၌ ထိုင်၍၊ အသုဘကောင်ကား ငါ၏ တောင်ဘက် အရပ်၌ ရှိသည်(ဒိသာ)။ အသုဘကောင်၏ လက်၊ ခြေ၊ ဦးခေါင်းစသည်တို့ကား ဤမည်သောနေရာ၌ တည်ရှိသည်(ဩကာသ)၊ ဤအသုဘကောင်ကား အောက်ပိုင်း၌ ခြေဖဝါး၊ အလယ်ပိုင်း၌ ဆံပင်များ၊ ခန္ဓာကိုယ်ပတ်ဝန်းကျင်၌ အရေပြားတို့ဖြင့် ပိုင်းခြားထား၍ စက်ဆုပ်ဖွယ်အပုပ်နံ့တို့ဖြင့် ပြည့်နှက်နေသည်(ပရိစ္ဆေဒ)- ဟု ရှုမှတ်စီးဖြန်းရမည်။

ဖော်ပြပါ အချက်အလက်(၆)မျိုးဖြင့် ရှုမှတ်စီးဖြန်း၍ အသုဘအာရုံမထင်မြင်သေးလျှင် အသုဘအာရုံ(နိမိတ်) ထင်မြင်လာစေရန် အသုဘကောင်၏ အဆက်အစပ်(သန္ဓိ) အပေါက်အကြား (ဝိဝရ)၊ အနိမ့်အချိုင့်(နိန္နဉ)၊ အမြင့်အမောက်(ထလ)၊ ပတ်ဝန်းကျင်(သမန္တ)ဟူသော အချက်အလက်(၅) မျိုးတို့ဖြင့် ဆက်လက်ရှုမှတ်ရမည်။ ရှုမှတ်ပုံမှာ -

ဤကား အသုဘကောင်၏ လည်ပင်းအစပ်၊ တံတောင်ဆစ်အစပ်၊ လက်ဖောက်ဝတ်အစပ်၊ ခါးအစပ်၊ ကျောရိုးအစပ်၊ ပေါင်ဆစ်၊ ဒူးဆစ်အစပ်၊ ခြေကျင်းဝတ်အစပ်တည်း(သန္ဓိ)၊ ဤကား အသုဘကောင်၏ ချိုင်းကြား၊ ခြေထောက်နှစ်ခုအကြား၊ ချက်နှင့်ဝမ်းဗိုက်အကြား၊ နားပေါက်အကြား၊ ဤကားအသုဘကောင်၏ မျက်စိမှိတ်နေခြင်း၊ ပွင့်နေခြင်း၊ ခံတွင်းပိတ်နေခြင်း၊ ပွင့်နေခြင်းတည်း(ဝိဝရ)၊ဤကား

အသုဘကောင်၏ မျက်တွင်းချိုင့်၊ ပါးစပ်တွင်းချိုင့်၊ လည်ပင်းချိုင့် စသည်တည်း (နိန္နံ)၊ ဤကား အသုဘကောင်၏ မြင့်မောက်နေသော ဒူးဆစ်၊ ရင်ဘတ်၊ နဖူးတည်း (ထလ)၊ ဤကား မတင့်တယ် စက်ဆုပ်ဖွယ် ဖူးဖူးရောင် နေသော အသုဘကောင်တည်းဟု အသုဘကောင်၏ တစ်ကိုယ်လုံးကို ဖြစ်စေ၊ ဤကား ဖူးဖူးရောင်နေသော အသုဘကောင်၏ ကိုယ်အထက်ပိုင်း တည်းဟု အသုဘကောင်၏ ဖူးဖူးရောင်လွယ်သော ခန္ဓာကိုယ် အထက်ပိုင်းကိုဖြစ်စေ၊ ဤကား ရောင်နေသော အသုဘကောင်၏ ဝမ်းဗိုက်တည်းဟု ဖူးဖူးအရောင်ဆုံး နေရာ ဝမ်းဗိုက်ကို ဖြစ်စေ (သမန္တာ) ရှုမှတ် စီးဖြန်းရပါမည်။

ဤကား သေပြီးနောက် နှစ်ရက်၊ သုံးရက်အကြာတွင် ဖူးဖူးရောင်နေသော အသုဘကောင်(ဥဒ္ဓုမာတက)ကို ရှုမှတ်ပုံဖြစ်သည်။

အသုဘကောင်သည် ဖူးဖူးရောင်ပြီးနောက် နီ ဖြူ။ ညို မဲစသော အကွက်များဖြစ်ပေါ်လျက် စက်ဆုပ်ဖွယ်အခြေအနေသို့ ရောက်ရှိလာလျှင် 'ဝိနီလက်- အသား:များ:ရာ၌ နီ၊ ပြည်စုရာ၌ ဖြူ။ ယေဘုယျအား:ဖြင့် ညိုမည်း:ဟောင်ပုပ် စက်ဆုပ်ဖွယ်သော အသုဘကောင်'ဟုလည်း:ကောင်း၊

ထို့နောက် အသုဘကောင်သည် ဖြူ။ နီ ညိုကွက် ထရံသာမက ပြည်များ ယိုစီး:ထွက်ကျလာလျှင် 'ဝိပုဗ္ဗက် - ပြည်များ:ပေါက်ကွဲယိုကျနေသော စက်ဆုပ်ဖွယ် အသုဘကောင်'ဟုလည်း:ကောင်း၊

နှစ်ပိုင်း:ပြတ်နေသော အသုဘကောင်ဖြစ်လျှင် 'ဝိစ္ဆိဒ္ဒက်-နှစ်ပိုင်း ပြတ်နေသော စက်ဆုပ်ဖွယ် အသုဘကောင်'ဟုလည်း:ကောင်း၊

ခွေး၊ ငှက်:တ၊ ကျီး:တို့ ကိုက်ခဲ စား:သောက်ထား:သော အသုဘ ကောင်ဖြစ်လျှင် 'ဝိကျွာယိတက်-ခွေး၊ ငှက်:တ၊ ကျီး: စသည်တို့ ကိုက်ခဲ စား:သောက်ထား:သော စက်ဆုပ်ဖွယ်အသုဘကောင်'ဟုလည်း:ကောင်း၊

ခြေ၊ လက်စသော အင်္ဂါအစိတ်အပိုင်း:များ: တကွဲတပြား:စီ ဖြစ်နေသော အသုဘကောင်ဖြစ်လျှင် 'ဝိကွိတ္တက် - လက် ခြေ ဦး:ခေါင်း: ကိုယ်ခန္ဓာ အစိတ်အပိုင်း:များ: တကွဲတပြား: ဖြစ်နေသော စက်ဆုပ်ဖွယ် အသုဘကောင်'ဟု လည်း:ကောင်း၊

ဓား စသည်ဖြင့် ခွဲ၍ သတ်ဖြတ်ခံထားရသော အသုဘကောင်ဖြစ်လျှင် 'ဟတ ဝိက္ခိတ္တကံ - အင်္ဂါကြီးငယ်တို့ကို ဓား စသော လက်နက်ဖြင့် ခွဲ၍ သတ်ဖြတ် စွန့်ပစ်ထားသော စက်ဆုပ်ဖွယ် အသုဘကောင်'ဟုလည်းကောင်း၊

နီတွေးသော သွေးများ ပေကျံလျက်နေသော အလောင်းကောင်ဖြစ်လျှင် 'လောဟိတကံ - တကိုယ်လုံး၌ သွေးများ ယိုထွက် ပေကျံနေသော စက်ဆုပ်ဖွယ် အသုဘကောင်'ဟုလည်းကောင်း၊

ပိုးလောက်များ ထွက်ကျနေသော အသုဘကောင်ဖြစ်လျှင် 'ပုဋ္ဌဝကံ -တစ်ကိုယ်လုံး၌ ပိုးလောက်တို့ ပြန့်ကျဲနေသော စက်ဆုပ်ဖွယ် အသုဘကောင်'ဟုလည်းကောင်း၊

အရိုးစုသာ ကျန်တော့သော အသုဘကောင်ဖြစ်လျှင် 'အဋ္ဌိကံ - စက်ဆုပ်ဖွယ် အရိုးစု အသုဘကောင်'ဟုလည်းကောင်း၊ အသီးသီး ရှုမှတ်စီးဖြန်းရမည်။

ဤသို့ အသုဘကမ္မဋ္ဌာန်း ရှုမှတ်စီးဖြန်းစဉ်မိမိ ရှုမှတ်စီးဖြန်းနေသော 'အသုဘကောင်သည် ထ၍ ရပ်လာသည်, မိမိအပေါ် မှီးထားသည်, မိမိနောက်မှ တကောက်ကောက် လိုက်လာသည်'ဟု စိတ်တွင် ထင်မြင်၍ ကြောက်လန့်တုန်လှုပ်ကာ အရူးသဖွယ် ဖြစ်သွားတတ်ကြသည်။ ထို့ကြောင့် မိမိစိတ်ကို သတိဖြင့် ထိန်းလျက် 'ကျောက်ခဲ တောင်ပို့၊ သစ်ပင် အစရှိသော သက်မဲ့အရာဝတ္ထုတို့သည် မသွား မလာ တည်မြဲနေရာ၌သာ တည်ရှိနေကြသကဲ့သို့ အသုဘကောင်သည်လည်း ထ၍ လိုက်မလာနိုင်ချေ။ စင်စစ် အသုဘကမ္မဋ္ဌာန်းအာရုံထင်မြင်လာခြင်းသာ ဖြစ်ပေသည်'ဟု နှလုံးသွင်းဆင်ခြင်ရမည်။

အသက်ရှင်ဆဲ ခန္ဓာကိုယ်၌ အသုဘရှုပွားပုံ

ဖော်ပြခဲ့ပါ အသုဘကမ္မဋ္ဌာန်းကို သူသေကောင်၌သာ ရှုမှတ်စီးဖြန်းနိုင်သည်မဟုတ်၊ အသက်ရှင်နေဆဲတွင် ဖောယောင်နေသူ၊ အနာ၊ ပြည်ဘစိုစို ယိုထွက်နေသူ၊ နီတွေးတွေးသွေးများ ယိုထွက်နေသူ ဖြူဖွေးသော

သွားများ ပေါ်ထွက်နေသူ အစရှိသူတို့၌လည်း ရှုမှတ် စီးဖြန်းနိုင်သည်။ ရှုမှတ်ပုံမှာ–

သူသေကောင်သည် မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ် ဖြစ်သကဲ့သို့ အသက်ရှင်ဆဲ ဤခန္ဓာကိုယ်သည်လည်း မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်ရှိ၏။ အဆင်တန်ဆာ အမျိုးမျိုးဖြင့် လှပတင့်တယ်နှစ်သက်ဖွယ်ကောင်းအောင် ဖုံးလွှမ်း ဆင်ယင်ထားသောကြောင့်သာ နှစ်သက်ဖွယ်ဟု ထင်မှတ်မှားနေကြခြင်း ဖြစ်သည်။ ဤခန္ဓာကိုယ်ကား စိုစွတ်သော အရေထူ အရေးပါးတို့ဖြင့် ဖုံးလွှမ်းထားသော အသားစိုင်၊ အကြော်စု၊ အရိုးစုတို့သာ ဖြစ်ချေ၏။ ပိုးအမျိုးမျိုးတို့၏ ကိန်းအောင်းရာ၊ ရောဂါအမျိုးမျိုးတို့၏ တည်ရာ၊ ဆင်းရဲဒုက္ခအမျိုးမျိုးတို့၏ မှီတွယ်ရာ ဖြစ်၏။ ဒွါရကိုးပေါက်နှင့် မွေးညှင်းပေါက်များစွာတို့မှ ယိုစီးထွက်ကျသော ကျင်ကြီး ကျင်ငယ်၊ နှပ်၊ တံတွေး၊ သလိပ်၊ ပြည်၊ သွေး ချွေး အစရှိသည်တို့သည် စက်ဆုပ်ရွံရှာဖွယ်များဖြစ်သကဲ့သို့ ယိုစီးထွက်ကျခြင်းမရှိသေးသော ခန္ဓာကိုယ်တွင်းရှိ ကျင်ကြီးကျင်ငယ် နှပ်၊ ထံတွေး၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး စသည်တို့သည်လည်း စက်ဆုပ်ရွံရှာဖွယ်များသာ ဖြစ်ချေ၏။ ဤခန္ဓာကိုယ်ကြီးကို သုတ်သင်ပြုပြင် ဆင်ယင် ခြယ်သခြင်း မရှိပါက မင်းစိုးရာဇာ သူတောင်းစား၊ သူဌေး၊ ဆင်းရဲသားမဟူ မည်သူမဆို အားလုံး စက်ဆုပ် ရွံရှာဖွယ်ချည်းပါတကား။ ဤခန္ဓာကိုယ်ကြီး၏ အတွင်းသားများကို နွားသေကို အရေဆုတ်ခွာသကဲ့သို့ အပြင်ကို ထုတ်ပြထားပါက ခွေး ကျီး စသည်တို့ မလာအောင် တုတ်ကိုင် စောင့်ရမည်သာ ဖြစ်၏ – ဤသို့ စသည်ဖြင့် ရှုမှတ်စီးဖြန်းရမည်။

မည်သူမဆို ခန္ဓာကိုယ်မှာ အညစ်အကြေးများ သုတ်သင်ရသောအခါ ဆေးကြောပေးရသောအခါ၊ ကျင်ကြီးကျင်ငယ်စွန့်သောအခါ စသည်တို့၌ မိမိခန္ဓာကိုယ်ကြီး၏ ဒွါရကိုးပေါက်မှ ယိုးစီးထွက်ကျပုံ၊ အသုဘ သဘောကို တရှုတရှိုက်မျှ နှလုံးသွင်း ဆင်ခြင်မိလျှင်ပင် များစွာအကျိုးရှိပေသည်။

အသုဘတစ်ခေါက် ကျောင်းဆယ်ခေါက် ဟူသော ဆိုထုံးအရ အသုဘပို့တတ် မသာပို့တတ်အောင်လည်း ကြိုးစားကြရာ၏။

ရှုမှတ် စီးဖြန်းရခြင်း၏ အကျိုး

ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ဤအသုဘကမ္မဋ္ဌာန်းကို စနစ်တကျ ရှုမှတ်ပွားများလျှင်–

၁။ လောကီစျာန်သမာပတ်များကို ရရှိခြင်း၊

၂။ မဂ် ဖိုလ်တရားထူးကို ရရှိခြင်း – ဟူသော အကျိုးအာနိသင်များကို မျက်မှောက်ဘဝ၌ပင် ရရှိ ခံစားရမည်ဖြစ်သည်။

အရိုးစုကမ္မဋ္ဌာန်းရှုနည်း

အရိုးစုကမ္မဋ္ဌာန်းဟူသည် သုံးဆယ့်နှစ်ကောဋ္ဌာသအစုအဝေးတွင် ပါဝင်သော အရိုး(အဋ္ဌိ)ကို စက်ဆုပ်ဖွယ်ထင်မြင်လာအောင် နှလုံးသွင်း ဆင်ခြင်၍ စီးဖြန်းရသော ကမ္မဋ္ဌာန်းဖြစ်သည်။ ထိုကမ္မဋ္ဌာန်းကို အသုဘဆယ်ပါးတွင် မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်အရိုးစု၊ အလောင်းကောင်(အဋ္ဌိကအသုဘ)ဟု ခေါ်ဆိုထားပေသည်။ ဤဌ အရိုးစုဟူသော စကားရပ်တွင် သုံးဆယ့်နှစ်ချောင်းသော သွားတို့မှအပ ခန္ဓာကိုယ်အရပ်ရပ်ရှိ အရိုးများ ပါဝင်သည်။ ကမ္မဋ္ဌာန်းစီးဖြန်းရာဌမူ အရိုးတစ်ချောင်းကိုဖြစ်စေ၊ အရိုးစုကိုဖြစ်စေ ပွားများစီးဖြန်းနိုင်သည်။

ဤအရိုးစုကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လိုသူသည် ရှေးဦးစွာ သုံးဆယ့်နှစ်ကောဋ္ဌာသကို အာဂုံနှုတ်တက် အရကျက်ခြင်း၊ စိတ်ဖြင့် အကြိမ်များစွာ ရွတ်ဆို နှလုံးသွင်းခြင်းတို့ကို ပြုလုပ်ပြီးမှသာ ဤကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်သင့်ပါသည်။ အကြောင်းမူ ဤအရိုးစုကမ္မဋ္ဌာန်းသည် သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးတွင် ပါဝင်သည့် ကမ္မဋ္ဌာန်းဖြစ်သောကြောင့် ဖြစ်သည်။

ကမ္မဋ္ဌာန်း စီးဖြန်းရန် အစီအစဉ်

ဤကမ္မဋ္ဌာန်းကို စီးဖြန်းမည့်သူသည်–
(ပထမ) အရိုးစုများကို ကျေညက်စွာ နှလုံးသွင်းဆင်ခြင်ခြင်း၊

(ဒုတိယ) အဆင်း စသည်ဖြင့် မှတ်သား၍ နှလုံးသွင်းဆင်ခြင်ခြင်း၊

(တတိယ) အဆင်း စသည်ကို စက်ဆုပ်ဖွယ် ထင်မြင်လာအောင် နှလုံးသွင်း ဆင်ခြင်ခြင်း –

ဟူသော အစီအစဉ်များအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အားထုတ်သင့်သည်။

အရိုးစုကို နှလုံးသွင်းစီးဖြန်းခြင်း

အရိုးစုကမ္မဋ္ဌာန်း စီးဖြန်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်–

- ငါ၏ ခန္ဓာကိုယ်၌ နှစ်သက်မြတ်နိုးဖွယ် အရာဝတ္ထုဟူ၍ အနည်းငယ်မျှပင်မရှိ၊
- စက်ဆုပ်ဖွယ် အရိုးစုတို့သာ ရှိချေ၏။ ဤကား အကျဉ်းစီးဖြန်းပုံတည်း။

အကျယ်စီးဖြန်းပုံမှာ ဤသို့ဖြစ်သည်။

ငါ၏ ခန္ဓာကိုယ်တွင် နှစ်သက်မြတ်နိုး တန်ဖိုးထားစရာဟူ၍ အနည်းငယ်မျှပင်မရှိ။ အမှန်စင်စစ် ခြေဖမိုး၏ အတွင်းဖက်၌တည်ရှိနေသော ခြေမရိုး၊ ခြေညှိုးရိုး၊ ခြေလယ်ရိုး၊ ခြေသူကြွယ်ရိုး၊ ခြေသန်းရိုး အားဖြင့် လက်ဝဲခြေရိုး၊ လက်ယာခြေရိုး၊ ဤအတူ ဝဲ ယာ လက်ရိုး၊ ခန္ဓာကိုယ် အတွင်းသား၌ရှိသော အရိုးနုများ၊ ဝဲ ယာ နံရိုး၊ ကျောက်ဆစ်ရိုး၊ ဝဲ ယာ ရင်ရိုး၊ ဦးခေါင်းခွံရိုး၊ လည်ပင်းရိုး၊ ဝဲ ယာ ဖမျက်ရိုး၊ ဝဲ ယာ ဒူးခေါင်းရိုး၊ ဝဲ ယာ ပုဆစ်ရိုး၊ ဝဲယာ ပေါင်ရင်းရိုး၊ ဝဲ ယာ မောင်းဖျားရိုး၊ ဝဲ ယာ ညှပ်ရိုး၊ ထက်အောက်မေးရိုး၊ နှာခေါင်းရိုး၊ နား၊ ရိုး၊ မျက်ကွင်းရိုး၊ နဖူးရိုး၊ ထိပ်ရိုး စသော အရိုးစုတို့သာ ရှိကြကုန်၏ဟု အဖန်ဖန် စီးဖြန်းပွားများရမည်။

အဆင်းစသည်ဖြင့် မှတ်သား၍ စီးဖြန်းခြင်း

ဆက်လက်၍ အောက်ပါအတိုင်း စီးဖြန်းရပါမည်–

ဤအရိုးတို့သည် အလွန်ဖြူဩဘာအဆင်းရှိကုန်၏။ ပုံသဏ္ဌာန်အမျိုးမျိုးရှိကုန်၏၊ခြေချောင်းများ၏ အဖျားပိုင်း(အဆစ်)ရိုးတို့သည် အရင်းနှင့်အဖျားကြီး၍

အလယ်သိမ်၏။ ခြေချောင်းများ၏ ဒုတိယအဆစ်ရိုးတို့သည် ပိန်နဲစေ့ပုံသဏ္ဌာန်ရှိ၍ တတိယအဆစ်ရိုးတို့သည် ထက်စည်ပုံသဏ္ဌာန်ရှိကုန်၏။ စတုတ္ထအဆစ်ရိုးတို့သည် အဖျားဌ ဖြတ်ထားသော ပဒိုင်း ခတ္တာငုံ သဏ္ဌာန်ရှိကုန်၏။ ပဉ္စမအဆစ်ရိုးတို့သည် အရင်းနှင့်အဖျားဌ ဖြတ်ထားသော ပဒိုင်း ခတ္တာငုံ သဏ္ဌာန်ရှိကုန်၏။ ဆဋ္ဌနှင့်သတ္တမအဆစ်ရိုးတို့သည် အညာရင်းဌ ဖြတ်ထားသော ပဒိုင်း ခတ္တာငုံ သဏ္ဌာန်ကုန်၏။

ဖနှောင့်ရိုးသည် အနည်းငယ်ကောက်သော ထန်းသီးမှုတ်ပုံသဏ္ဌာန်၏။ ဖမျက်ရိုးတို့ကား ကလေးသူငယ်တို့ကစား‌သော ဂေါလီလုံးနှစ်လုံးကို ပူးထားသည့် ပုံသဏ္ဌာန်ရှိကုန်၏၊ မြင်းခေါင်း(ဒူးခေါင်း)တို့ တည်ရာ အရပ်သည် အလယ်ခွက်၍ အဖျားရှည်သော သင်ပေါင်းညောက်ကို အခွံခွာထား‌သည့်ပုံသဏ္ဌာန်ရှိ၏။ ငယ်သော မြင်းခေါင်းတို့သည် လေးကိုင်းပုံသဏ္ဌာန်ရှိ၍ ကြီး‌သော မြင်းခေါင်းတို့သည် ပိန်သော မြွေ၏ ကျောကုန်းပုံသဏ္ဌာန်ရှိကုန်၏။ ပုဆစ်ရိုးတို့သည် အပေါ် မောက်အောက်ခွက်၍ အပေါက်ပေါက်ဖြစ်နေသော ရေမြှုပ်ပုံသဏ္ဌာန်ရှိကုန်၏။

ပေါင်ရိုးတို့သည် ခပ်စောင်းစောင်းလိမ်၍ထား‌သော ပုဆိန်ရိုး ပုံသဏ္ဌာန်ရှိကုန်၏။ ထိုပေါင်ရိုးတို့၏ ခါးရိုးဌ တည်ရာသည် ကလေးသူငယ်တို့ ကစား‌သည့် ခုံညင်းကွဲသို့ လုံးလုံးဝန်းဝန်းပုံသဏ္ဌာန်ရှိ၏။ ထိုခါးရိုးတို့၏ ပေါင်ရိုးတို့ဌ တည်ရာအရပ်သည် မျက်နှာဝဖြတ်ထား‌သော ပုန်းညက်သီးပုံသဏ္ဌာန်ရှိ၏။ တစ်ခုချင်း ဖြစ်မူ ပန်းဘဲသမား‌တို့၏ တူကို ဖွဲ့ချည်ထား‌သော သားရေကြိုး ပုံသဏ္ဌာန်ရှိ၏။ ဤသို့ စသည်ဖြင့်, အထက်ဖော်ပြပါ အရိုးများ၏ ပုံသဏ္ဌာန်ကိုလည်း ဆက်လက် ရှုပွား‌ရမည်။

အရိုးများ စုပေါင်း‌ထား‌သော ဤအရိုးကောင်သည် ကြိမ်နွယ်တို့ဖြင့် ရစ်သိုင်း‌ကာ နွား‌ချေး‌စိုတို့ဖြင့် သုတ်လိမ်း‌ထား‌သော ကောက်ရိုးပြုပ် သစ်သားရုပ်ပုံသဏ္ဌာန်ရှိ၏၊ (သဏ္ဌာန)

အရိုးတို့သည် ကိုယ်ခန္ဓာ၏ အထက်ပိုင်းနှင့်အောက်ပိုင်းအရပ်အား‌လုံး ဖြစ်ကုန်၏(ဒိသ)။ သာမန်အား‌ဖြင့် တစ်ကိုယ်လုံးဌ တည်ကုန်၏၊ အထူး‌သဖြင့် ဦးခေါင်းရိုးတို့သည် လည်ပင်းရိုးတို့ဌ တည်၍ လည်ပင်းရိုးတို့သည်

ကျောက်ကုန်းရိုးတို့၌ တည်ကုန်၏။ ကျောက်ကုန်းရိုးတို့သည် မြင်းခေါင်း(ဒူးခေါင်း)ရိုးတို့၌ တည်၍ မြင်းခေါင်း(ဒူးခေါင်း)ရိုးတို့သည် ဖဖျက်ရိုးတို့၌ တည်ကုန်၏။ ဖမျက်ရိုးတို့သည် ခြေဖမိုးရိုးတို့၌ တည်ကုန်၏။ ကြွင်းကျန်သော အရိုးတို့သည် အချင်းချင်း သဘောတူရာ အရိုးအသားတို့ကို မှီ၍ တည်ကုန်၏။ (သြဘာသ)။

ဦးနှောက်၊ အသား၊ အသွေး၊ ခြင်ဆီ၊ အစေး တို့ဖြင့် ဆက်စပ်ဖွဲ့စည်းထားသော ဦးခေါင်းရိုးတို့သည် ဦးနှောက်အစရှိသော ကောင်္ဘာသ(အစိတ်အပိုင်း)တို့နှင့် ရောနှောခြင်းမရှိ၊ ဦးခေါင်းရိုးအချင်းချင်းလည်း ရောနှောခြင်းမရှိ၊ တစ်ခုစီတစ်ခုစီ သီးခြားတည်ကြကုန်၏။

ဤသို့စသည်ဖြင့် အရိုးတို့သည် ဆံပင်၊ အမွေး အစရှိသော အခြားကောင်္ဘာသတို့၏ အတွင်း၌ တည်လျက် ထိုဆံပင်အစရှိသော ကောင်္ဘာသတို့နှင့် မရောမနှော၊ သီးခြားကောင်္ဘာသတစ်ခုအဖြစ် တည်ကြကုန်၏။ (ပရိဏ္ဍေဒ)ဟု အဖန်ဖန်နှလုံးသွင်း စီးဖြန်းရမည်။

ဥဂ္ဃဟနီမိတ်ထင်လာခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ၊ အကြိမ်ကြိမ် အထပ်ထပ် စီးဖြန်းပွားများရပါမည်။ ဤသို့ စီးဖြန်းပွားများဖန်များလာသောအခါ အရိုးစု၏ အဆင်း၊ ပုံသဏ္ဌာန်၊ ဖြစ်ရာအရပ်၊ တည်ရှိရာဌာန(သြကာသ) ခွဲခြားမှတ်သားချက်(ပရိဏ္ဍေဒ)တို့သည် မျက်စိဖြင့် မြင်ရသကဲ့သို့ သဘာဝအရှိတရားအတိုင်း စိတ်တွင် တရေးရေးထင်မြင်လာမည် ဖြစ်သည်။ ထင်မြင်လာလျှင် ဥဂ္ဃဟနီမိတ်ထင်ပြီ ဖြစ်သည်။ ဤ၌ ဥဂ္ဃဟနီမိတ်ဟူသည် စိတ်ဖြင့် မှန်းဆ၍ ယူအပ်သော အာရုံဖြစ်ပါသည်။ မျက်စိဖြင့် ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်း ပြတ်ပြတ်ရှင်းရှင်း မြင်ရသကဲ့သို့ စိတ်ထဲ၌ ရှင်းလင်းပြတ်သားစွာ မြင်လာ ထင်လာသော အာရုံဟု ဆိုလိုသည်။

စက်ဆုပ်ဖွယ် ထင်မြင်လာအောင် စီးဖြန်းခြင်း၊

ထို့နောက် ဆက်လက်၍ ဆက်ဆုပ်ရွံရှာဖွယ် အမှတ်သညာ (ပဋိကူလသညာ) ထင်လာစေရန် အောက်ပါအတိုင်း စီးဖြန်းရမည်--

ငါ၏ ခန္ဓာကိုယ်ရှိ အရိုးစုတို့သည် ခရုသင်းရောဂါ စွဲကပ်နေသူပမာ လွန်စွာ ဖြူခြင်း၊ သုသာန်တစပြင်ရှိ အသားအကြော မရှိတော့သည့် လူသေကောင်၏ အရိုးနှင့် မခြားနားခြင်းတို့ကြောင့် အလွန်စက်ဆုပ်ရွံရှာဖွယ် အဆင်းရှိကုန်၏ (ဝဏ္ဏ)။

အလွန်နံစော်သော အမိဝမ်းတွင်းဝယ် ကိုးလ၊ ဆယ်လပတ်လုံး အပုပ်နံ့ အသားအသွေး၊ ကျင်ကြီး၊ကျင်ငယ် စသည်တို့ဖြင့် အမြဲရောထွေးနေခဲ့ရခြင်း မွေးဖွားပြီးနောက်ပိုင်းတွင်လည်း ယနေ့အထိ လုံးဝ ဆေးကြော သန့်စင်မှု မရှိခြင်း၊ တို့ကြောင့် လွန်စွာ နံစော်၍ ညှီသောအနံ့ရှိကုန်၏ (ဂန္ဓ)။

ကျီး၊ ဋင်းတ၊ ခွေးတို့ ကိုက်ခဲစားသောက်ထားကြသဖြင့် အသား၊ အကြော၊ လုံးဝ မရှိတော့သည့် သွေးပုပ်၊ ကျင်ကြီး၊ ကျင်ငယ်တို့ဖြင့် လိမ်းကျံ ညစ်ပေနေသော လူသေကောင်၏ အရိုးနှင့်မခြားနားလေသောကြောင့် အလွန်စက်ဆုပ်ဖွယ် ပုံသဏ္ဌာန်ရှိကုန်၏ (သဏ္ဌာန)။

စက်ဆုပ်ရွံရှာဖွယ် အသား၊ အသွေး၊ အစာဟောင်း၊ အစာသစ်အစရှိသော ကောင္ဘာသတို့သည် အတွင်းစာသောက်ဖွယ်၊ ပြင်ပစားသောက်ဖွယ်တို့ကို စွဲမှီ၍ ဖြစ်ကြလေသောကြောင့် မစင်တွင်း၌ ပေါက်သော နွယ်ပင်တို့ကဲ့သို့ ရွံရှာဖွယ်အတိဖြစ်ကုန်၏ (အာသယ)။

ဆံပင် အစရှိသော အခြားကောင္ဘာသတို့ စုဝေးရာအရပ်၌ ထက်အောက် တွင်းပြင် အားလုံးတို့ ဆံပင်အစရှိသော (၃၂)ကောင္ဘာသတို့နှင့် ထိကပ် နေခြင်းကြောင့် ဒွန်းစက္ကားရွာတံခါးဝအနီးရှိ မစင်တွင်း၌ စိုက်နှစ်ထားသော လုံး၊ တံ(တုတ်ချောင်း)ကဲ့သို့ စက်ဆုပ်ရွံရှာဖွယ် ဖြစ်တည်ရာရှိကုန်၏ (သြကာသ)။

ဤသို့ အရိုးစုတို့သည် အဆင်း၊ အနံ့၊ ပုံသဏ္ဌာန်၊ ဖြစ်ကြောင်း (အကြောင်းခံ)ဖြစ်တည်ရာအားလုံးပင် အလွန်စက်ဆုပ်ရွံရှာဖွယ် ရှိကုန်၏။

ဤအရိုးစုသည်ကား ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ အသေကောင်၏အရိုး၊ သစ်သားရုပ်အရိုးတို့နှင့် လုံးဝမခြားနားချေ။ အမှန်စင်စစ် အရိုးစုဟူ၍ပင် ပရမတ္ထအားဖြင့် အထင်အရှားမရှိ၊ သုံးဆယ့်နှစ်ကောဋ္ဌာသအဖွဲ့အစည်းတွင် ပါဝင်သော သတ္တဝါလည်းမဟုတ် အသက်ဇီဝလည်း မဟုတ်သော သီးခြားစက်ဆုပ်ဖွယ် ကောဋ္ဌာသတစ်ခုပင် ဖြစ်ပေ၏ဟု အဖန်ဖန်နှလုံးသွင်းစီးဖြန်းရမည်။

ပဋိဘာဂနိမိတ်ထင်လာခြင်း

ဤအတိုင်း အဖန်ဖန်နှလုံးသွင်းဆင်ခြင်သွားလျှင် မိမိခန္ဓာကိုယ်ရှိအရိုးစုနှင့် သူသေကောင်၏ အရိုးစုတို့ကို ထပ်တူ ထပ်မျှ စက်ဆုပ်ရွံရှာဖွယ်အဖြစ် ထင်မြင်လာမည်ဖြစ်သည်။ ထိုသို့ ထင်လာမြင်လာလျှင် ပဋိဘာဂနိမိတ် ထင်လာပြီဖြစ်သည်။

ဤ၌ ပဋိဘာဂနိမိတ်ဟူသည် ယခင်နှလုံးသွင်းစီးဖြန်းခဲ့သော အာရုံနှင့်တူသည့် အာရုံမျိုး ဖြစ်သည်။ အမှန်စင်စစ် ရှေ့က ထင်ခဲ့သော ဥဂ္ဂဟနိမိတ်နှင့် ပုံသဏ္ဌာန်တူ ပမာဏတူ အာရုံပင်ဖြစ်သည်။ ထိုအာရုံသည် စိတ်ထဲ၌ ထည့်သွင်း ထားသကဲ့သို့ မပျောက်မပျက် ကွက်ကွက် ကွင်းကွင်း ထင်လာမြင်လာခြင်းကိုပင် ပဋိဘာဂနိမိတ် ထင်လာခြင်းဟု ဆိုသည်။

ထို့ပြင် ဤအရိုးစုကမ္မဋ္ဌာန်းစီးဖြန်းသူ၏ စိတ်၌ လူသေကောင်၏အရိုးများကို မိမိခန္ဓာကိုယ်တွင်း သွတ်သွင်းထားရသကဲ့သို့ လည်းကောင်း၊ လူသေ၏ ဦးခေါင်းရိုးကို မိမိ၏ ဦးခေါင်းရေ အတွင်း သွင်းထားရသကဲ့သို့ လည်းကောင်း ထင်မြင်လာပြီး အခြားပုဂ္ဂိုလ်များကို ကြည့်ရှု၍ ဦးခေါင်းရိုးမှ ခြေရိုး၊ ခြေရိုးမှ ဦးခေါင်းရိုးတိုင်အောင် နှလုံးသွင်း ဆင်ခြင်သည့်အခါ မိမိအပါအဝင် ပုဂ္ဂိုလ်၊ သတ္တဝါအားလုံးကို “အရိုးစု”အဖြစ်သာထင်မြင်လာလျှင် ထင်မြဲ ပဋိဘာဂနိမိတ်သည် ယခင်ကထက် ပိုမိုထင်ရှားလာပြီ ဖြစ်သည်။ ဥပမာ- တိမ်ညိုတိမ်မဲများအတွင်း ဆွတ်ဆွတ်ဖြူသော ဗျိုင်းတစ်ကောင် ပျံသန်းနေသည့် အခါ မြင်ကွင်းသည် လွန်စွာထင်ရှား ပြတ်သားလှသကဲ့သို့ ဤပဋိဘာဂ နိမိတ်သည် အလွန်သန့်ရှင်း စင်ကြယ်နေပြီ ဖြစ်သည်။

လောကီစျာန်ရရှိနိုင်ခြင်း

ထိုထင်မြင်လာသည့် အာရုံ(ပဋိဘာဂနိမိတ်)ကိုပင် အာရုံပြု၍ အဋ္ဌ၊ အဋ္ဌ၊ အရိုး၊ အရိုး ဟု ဆက်လက်ကာ အဖန်ဖန် နှလုံးသွင်းဆင်ခြင်သွားလျှင် ပထမစျာန် အစရှိသော တရားထူးများကို ရရှိမည်ဖြစ်သည်။

ဤ ကမ္မဋ္ဌာန်း စီးဖြန်းသူသည် ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်၊ ထင်လာလျှင် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကို ရပ်တန့်မထားပဲ ပထမစျာန်အစရှိသော တရားထူးများသို့ မရောက်မချင်း ကြိုးစား၍ နှလုံးသွင်း ဆင်ခြင်ရပါသည်။ ထိုသို့ နှလုံးသွင်း စီးဖြန်းလျှင် ပထမစျာန် အစရှိသော တရားထူးများကို ဧကန် မုချ ရရှိမည်ဖြစ်သည်။

မရဏာဿတိ ဆင်ခြင်နည်း

လက်ရှိဘဝ၌ သတ္တဝါတစ်ဦး၏ သေခြင်းတရားကို အမှတ်ရခြင်း ဆင်ခြင်ခြင်းသည် မရဏာဿတိ မည်၏။

သေခြင်း(၄)မျိုး

မရဏာဿတိကမ္မဋ္ဌာန်းနှင့်စပ်လျဉ်း၍ သေခြင်းလေးမျိုးကို သတိထား သင့်ပေသည်။

သေခြင်းလေးမျိုးကား-

၁။ အသက်(ဇီဝိတိန္ဒြေ) ပြတ်စဲခြင်း ဟူသော သေခြင်း၊

၂။ ရဟန္တာတို့၏ ဝဋ်ဒုက္ခ (ရုပ်နာမ်အစဉ်) အကြွင်းမဲ့ပြတ်ခြင်း ဟူသော သေခြင်း၊

၃။ သခ်ၤါရတရားတို့၏ ပျက်ခြင်း (ဘင်) ခဏဟူသော သေခြင်း၊

၄။ သစ်ပင်သေ၏၊ သံသေ၏ စသော လောကလူတို့အခေါ်အဝေါ်အရ သေခြင်း - တို့ဖြစ်ပါသည်။

စီးပြန်းရမည့်သေခြင်းအမျိုးအစား

အထက်ပါ သေခြင်းလေးမျိုးအနက် အသက်(၆၀တိမခြွေ) ပြတ်စဲခြင်းဟူသော သေခြင်းကိုသာ မရဏာသတိကမ္မဋ္ဌာန်းစီးပြန်းရမည်ဖြစ်ပေသည်။ ဤကမ္မဋ္ဌာန်းစီးပြန်းလိုသူသည် တာယောက်တည်းလည်း ဆိတ်ငြိမ်ရာ၌ တောအရပ် သုသာန်တို့၌ အလောင်းကောင်ကို ကြည့်ရှု၍ ဖြစ်စေ၊ ရှေးယခင်က မြင်တွေ့ခဲ့ဖူးသော စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝသူတို့၏ သေခြင်းကို ဆင်ခြင် နှလုံးသွင်းပြီး ဖြစ်စေ။ သတိသံဝေဂ ဆင်ခြင်ဉာဏ် သက်ဝင်လျက် "ဤသို့ သေရဦးမည်၊ ဤသို့ သေရဦးမည်"ဟူ၍ လည်းကောင်း၊ "သေခြင်းသဘောရှိပေ၏ တကား သေခြင်းသဘောရှိပေ၏ တကား"ဟူ၍ လည်းကောင်း နှလုံးသွင်းရမည်။ ဤကား နည်းလမ်းမှန်ကန်စွာ နှလုံးသွင်းခြင်းဖြစ်သည်။

ထိုသို့ မဟုတ်မူ၍ မိမိချစ်ခင် လိုလားသူ၏ သေခြင်းကို အောက်မေ့ဆင်ခြင်မိလျှင် ပူဆွေးသောကဖြစ်ရတတ်သည်။ မိမိမလိုလားသူ မုန်းသူ၏ သေခြင်းကို အောက်မေ့ဆင်ခြင်မိလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်၏။ မမုန်းမချစ် အလယ်အလတ်ဖြစ်သူ၏ သေခြင်းကို အောက်မေ့ ဆင်ခြင်မိလျှင် ထိတ်လန့်မှု သံဝေဂ မရတတ်ပေ။ မိမိ၏ သေခြင်းကို အောက်မေ့ဆင်ခြင်မိလျှင် အလွန်ပြင်းပြသော ပူပန်မှု ဖြစ်တတ်သည်။ ထိုသို့ ဖြစ်ကြရခြင်းမှာ သတိသံဝေဂ ဆင်ခြင်ဉာဏ် ကင်းမဲ့သောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ နည်းလမ်းမှန်ကန်စွာ နှလုံးသွင်း ဆင်ခြင်တတ်ရန် လွန်စွာ အရေးကြီးလှပေသည်။

ဖော်ပြပါအတိုင်း နည်းလမ်းမှန်ကန်စွာ နှလုံးသွင်းရှုမှတ်လျှင် လောဘ, ဒေါသ စသောအကုသိုလ်တရားများ ကင်းကွာ၍ ဥပစာရစျာန် ဖြစ်ပေါ်လာခြင်း၊ မြင်မြင်သမျှ သတ္တဝါတို့အား ယခုပင် သေရတော့မည်ကဲ့သို့ ထင်မြင်လာခြင်း၊ ကုသိုလ်တရားကို လွန်စွာ ကြိုးစားအားထုတ်လိုခြင်း စသော အကျိုးတရားများကို ရရှိနိုင်ပါပေသည်။

မရဏာသတိဆင်ခြင်နည်း(၈)မျိုး

မရဏာသတိဆင်ခြင်နည်းကား (၈)မျိုးရှိ၏။ ယင်းတို့ကား–

၁။ သေခြင်းသဘောကို သူသတ်သမားသဖွယ် ထင်မြင်အောင် ဆင်ခြင်ခြင်း၊

၂။ ဖြစ်လျှင် ပျက်မြဲဓမ္မတာဟု ထင်မြင်အောင် ဆင်ခြင်ခြင်း၊

၃။ သူတပါးသေခြင်းကို ရှု၍ မိမိသေရမည်ကို ထင်မြင်အောင် ဆင်ခြင်ခြင်း၊

၄။ မိမိကိုယ်ခန္ဓာ၏ ဘေးအန္တရာယ် များပြားပုံကို ထင်မြင်အောင် ဆင်ခြင်ခြင်း၊

၅။ အသက်၏ မခိုင်မြဲသည်ကို ထင်မြင်အောင် ဆင်ခြင်ခြင်း၊

၆။ မည်သည့်အချိန်တွင် မည်သည့်ရောဂါဖြင့် သေရမည်ဟု ကြိုတင် မသိနိုင်ကြောင်း ထင်မြင်အောင်ဆင်ခြင်ခြင်း၊

၇။ သက်တမ်း တိုတောင်းပုံကို သတိပြု၍ သေခြင်းကို ထင်မြင်အောင် ဆင်ခြင်ခြင်း၊

၈။ အသက်ရှင်ဆဲ ခဏ၏ တိုတောင်းပုံကို ထင်မြင်အောင် ဆင်ခြင်ခြင်း တို့ ဖြစ်သည်။

၁။ သူသတ်သမားသဖွယ် ဆင်ခြင်ခြင်း

သူသတ်သမားသည် လက်နက်ကို စွဲကိုင်၍ "သင့်ကို သတ်ရလိမ့်မည်" ဟု ပြောဆိုပြီး အသတ်ခံရမည့်သူ၏ အနီးသို့ သတ်မည့်ဟန်ဖြင့် ချဉ်းကပ်လာသကဲ့သို့ သေခြင်းသည်လည်း မိမိထံသို့ ဦးတည်လာနေသည်။ မိုဂုံသည် ပေါက်လာကတည်းကပင် မြေမှုန့်ကို ဦးထိပ်ပေါ်တင်၍ ပေါက်လာသကဲ့သို့ သတ္တဝါတို့သည်လည်း ပဋိသန္ဓေတည်နေကတည်းကပင် အိုခြင်း သေခြင်းတို့ကို ယူဆောင်လာခဲ့ကြပေသည်ဟု အဖန်ဖန်ဆင်ခြင်ရပေမည်။

ထို့ပြင် တရိပ်ရိပ်တက်လာသော မိုးတိမ်သည်အနည်းငယ်မျှ ရပ်တန့်မနေဘဲ ရှေ့သို့သာ တရွေ့ရွေ့ သွားနေသကဲ့သို့လည်းကောင်း၊ ထွက်ပြူလာသော နေမင်းသည်လည်း အနည်းငယ်မျှ ရပ်တန့်မနေဘဲ ဝင်ရာအရပ်သို့ တရွေ့ရွေ့ သွားနေသကဲ့သို့ လည်းကောင်း တောင်ကျရေသည်လည်း

အနည်းငယ်မျှ ရပ်တန့်မနေဘဲ တရွေ့မွေ့ စီးဆင်းနေသကဲ့သို့လည်းကောင်း၊ ပဋိသန္ဓေတည်နေလာသော သတ္တဝါသည်လည်း အနည်းငယ်မျှ ရပ်တန့်မနေ၊ သေခြင်း သဘောသို့ ဦးတည်ရွေ့လျား နေပေသည်ဟု အဖန်ဖန်ဆင်ခြင်ရပေမည်။

တဖန် နေ့ည့ဉ့်တို့သည် ရွေ့ရွေ့ကုန်လွန်ရသကဲ့သို့လည်းကောင်း၊ မြစ်ငယ်ချောင်းငယ်ရေများသည်လည်း နွေရာသီ၌ တနေ့တခြား ကုန်ခန်းသွားသကဲ့သို့လည်းကောင်း၊ သတ္တဝါတို့၏ အသက်ရှင်နေရမည့် အချိန်ကာလသည်လည်း တရွေ့ရွေ့ကုန်လွန်လျက်ရှိ၏ ဟူ၍ ဖြစ်စေ၊ ရင့်မှည့်သော သစ်သီးသည် ဧကန်မုချ ကြွေကျရသကဲ့သို့ ပဋိသန္ဓေ တည်နေလာသော သတ္တဝါမှန်သမျှ ဧကန်မုချသေကြရမည်ဟူ၍ ဖြစ်စေ၊ အိုးထိန်းသည်တို့ ပြုလုပ်ထားသော အိုးခွက်မှန်သမျှသည် နောက်ဆုံး၌ ကွဲပျက်ကြသကဲ့သို့ သတ္တဝါတို့၏ အသက်သည်လည်း နောက်ဆုံး၌ သေပျောက်ပျက်စီးကြရ၏ဟူ၍ဖြစ်စေ၊ မြက်ဖျားပေါ်၌ ကျရောက်နေသော နှင်းဆီး, နှင်းပေါက်သည် နေပူရှိန်ကြောင့် ပျက်လွယ် ပျောက်လွယ်သကဲ့သို့ သတ္တဝါတို့၏ အသက်သည်လည်း မမြဲသော သဘောကြောင့် သေလွယ် ပျောက်လွယ်၏ဟူ၍ ဖြစ်စေ သေခြင်းသဘောကို အဖန်ဖန် အောက်မေ့ ဆင်ခြင်ရမည်။

၂။ ဖြစ်လျှင် ပျက်မြဲဟု ဆင်ခြင်ခြင်း

"ဤလောက၌ ပြည့်စုံခြင်းမည်သည် ပျက်စီးခြင်းတရားက မလွှမ်းမိုးမီ ကာလအတွင်းသာ ကောင်းမြတ် တင့်တယ်၏။ အမှန်စင်စစ် မပျက်စီးနိုင်သော ပြည့်စုံခြင်း မည်သည် မရှိချေ"ဟု ပြည့်စုံခြင်းနှင့် ပျက်စီးခြင်းကို အတွဲလိုက်ရှု၍ ဆင်ခြင်ရမည်။

တနည်းအားဖြင့် " အနာကင်းရှင်း ကျန်းမာခြင်းကား နာခြင်းနောက်ဆုံး ရှိချေ၏။ ရုပ်ရည်အဆင်း နုပျိုခြင်းကား အိုခြင်းနောက်ဆုံးရှိချေ၏ " ဟူ၍လည်းကောင်း၊ "သတ္တဝါဟူသမျှသို့ ပဋိသန္ဓေနေရခြင်းဘေးသည် ထက်ကြပ်မကွာ လိုက်ပါနေချေ၏။ အိုရခြင်းဘေးသည် အစဉ်ပျံ့နှံ့နေချေ၏။ အနာရောဂါဘေးသည် ဖိစီး နှိပ်စက် နေချေ၏။ သေရခြင်းဘေးသည် ပြင်းစွာ ပုတ်ခတ်နေချေ၏"ဟူ၍လည်းကောင်း၊ မိုးထိ မြင့်မားသော

ကျောက်တောင်ကြီးတို့သည် အရပ်လေးမျက်နှာမှ ရှိသမျှ အရာတို့ကို ကြိတ်ချေကာ လိမ့်၍လိမ့်၍ လာကြကုန်သကဲ့သို့ အိုခြင်းနှင့် သေခြင်းတို့သည်လည်း မင်းစိုးရာဇာ ပုဏ္ဏား သူကြွယ် ဆင်းရဲသား ဒွန်းစဏ္ဍား အယုတ်အလတ် အမြတ်မထား အားလုံးသော သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်ကုန်၏"ဟူ၍လည်းကောင်း၊ သေခြင်းတရားကို စစ်မက်တိုက်ခိုက်ခြင်း လက်ဆောင်တံစိုးထိုးခြင်း တို့ဖြင့်လည်း အနိုင်ယူရန် မစွမ်းနိုင်ချေ"ဟူ၍ လည်းကောင်း အဖန်ဖန် အောက်မေ့ ဆင်ခြင်ရမည်။

၃။ သူတပါးသေခြင်းကို ရှု၍ မိမိသေရမည်ကို ဆင်ခြင်ခြင်း

လောကဌ် အခြွေအရံများပြားသူများ၊ ဘုန်းရှင် ကံရှင်ကြီးများ၊ ခွန်အားကြီးမားသော သူရဲကောင်းကြီးများ၊ တန်ခိုးရှင်ကြီးများ ပညာရှင်ကြီးများ၊ ပစ္စေကဗုဒ္ဓါများနှင့် မြတ်စွာဘုရားတို့သည်လည်း သေခြင်းကို မလွန်ဆန်နိုင်ကြ၊ မိမိသည်လည်း သေခြင်းကို အဘယ်မှာ လွန်ဆန်နိုင်ပါမည်နည်း၊ ဧကန်မုချ သေရမည်သာ ဖြစ်သည်ဟု ဆင်ခြင်ရမည်။

အကျယ်ဆင်ခြင်ပုံကား ဤသို့ဖြစ်သည်- လောကဌ် အကျော်အစော အခြွေအရံ စည်းစိမ်ဥစ္စာကြီးမားကြသော မဟာသမ္မတမင်း၊ မန္ဓာတုစကြာမင်း စသည့်ပုဂ္ဂိုလ်တို့သည်ပင် အဆုံးတနေ့၌ သေလွန်ကြရ၏။ ငါသည်ကား အဘယ်မှာ မသေဘဲ ရှိပါမည်နည်း၊ မုချ သေရပေဦးမည်ဟူ၍ ဖြစ်စေ၊ ဘုန်းရှင် ကံရှင်ကြီးများဖြစ်ကြသော ဇောတိက၊ ဇဋိလ၊ ဥဂ္ဂ၊ မေဏ္ဍက၊ ပုဏ္ဏ၊ အနာထပိဏ် စသော သူဌေးသူကြွယ်ကြီးများပင် သေကြရလေ၏။ ဘုန်းကံနည်းပါးသော ငါသည်ကား အဘယ်မှာ မသေဘဲ ရှိပါမည်နည်း ဟူ၍ ဖြစ်စေ ခွန်အားကြီးမား သူရဲကောင်းကြီးများဖြစ်ကြသော ဝါသုဒေဝမင်း၊ ဗလဒေဝမင်းစသည်တို့သည်ပင် သေဆုံးကြရသေး၏။ ငါသို့သော သာမန်လူသည်အဘယ်မှာ မသေဘဲ ရှိပါမည်နည်း ဟူ၍ ဖြစ်စေ သိကြားမင်းစံရာ ဝေဇယန္တာပြာသာဒ်ကြီးကိုပင် ခြေမတော်ဖြင့် လှုပ်ခါပစ်နိုင်စွမ်း ရှိတော်မူသော တန်ခိုးတော်ရှင် အရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်သည်ပင် သေဆုံးရသေး၏။ ငါကဲ့သို့သော သာမန်လူသည် အဘယ်မှာမသေဘဲ ရှိပါမည်နည်း ဟူ၍

ဖြစ်စေ၊ မြတ်စွာဘုရားမှ တပါး တလောကလုံးတွင် ဉာဏ်ပညာအကြီးမားဆုံး ဖြစ်သော အရှင် သာရိပုတ္တရာသည်ပင် ဒေသလွန်ရသေး၏။ ငါကဲ့သို့သော သာမန်လူသည် အဘယ်မှာ မသေဘဲရှိပါမည်နည်း ဟူ၍ဖြစ်စေ၊ မိမိ၏ဉာဏ် ဝိရိယစွမ်းဖြင့် ကိလေသာတို့ကို ပယ်သတ်ပြီး သစ္စာဉာဏ်ကို သိတော်မူနိုင်သော ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တို့သည်ပင် သေဆုံးကြရသေး၏။ ငါကဲ့သို့သော သာမန်လူသည် အဘယ်မှာ မသေဘဲ ရှိပါမည်နည်းဟူ၍ ဖြစ်စေ၊ လောကဌ် သိစရာရှိသမျှ တစုံမကျန် သိမြင်တော်မူနိုင်စွမ်းသော သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရား သည်ပင် သေခြင်းကို မလွန်ဆန်နိုင်ဘဲ ပရိနိဗ္ဗာန် ပြုတော်မူရသေး၏။ ငါကဲ့သို့သော သာမန်လူသည် အဘယ်မှာ မသေဘဲ ရှိပါမည်နည်း ဟူ၍ ဖြစ်စေ သူတပါးတို့၏ သေခြင်းကို ရှု၍ မိမိ၏ သေခြင်းကို အဖန်ဖန် ဆင်ခြင်ရမည်။

၄။ ကိုယ်ခန္ဓာ၏ ဘေးအန္တရာယ်များပြားပုံကို ဆင်ခြင်ခြင်း

ဤကိုယ်ခန္ဓာသည် ပိုးမျိုးရှစ်ဆယ်တို့နှင့် ရောပြွမ်းနေ၏။ ထို ပိုးမျိုးရှစ်ဆယ်တို့သည် ခန္ဓာကိုယ်နေရာအနှံ့အပြားကို ကိုက်ခဲ စားသောက်နေကြ၏။ ထို ပိုးတို့သည် ဤခန္ဓာကိုယ်တည်း၌ပင် မွေးကြ အိုကြ သေကြ ကျင်ကြီး ကျင်ငယ်စွန့်ကြ၏၊ ထို ပိုးမျိုးရှစ်ဆယ် အန္တရာယ်တို့နှင့် ဆက်ဆံနေကြရသကဲ့သို့ပင် သေစေနိုင်လောက်သော ကိုယ်တွင်းရောဂါများ၊ အသက်အန္တရာယ်ပြုတတ်သော မြွေ ကင်းစသည့် ပြင်ပ ဘေးရန်များနှင့်လည်း ဆက်ဆံနေရ၏။ ထိုသို့ ဆက်ဆံနေရသဖြင့် အချိန်မရွေး သေဆုံးနိုင်ပေသည်ဟု အဖန်ဖန်ဆင်ခြင်ရမည်။

၅။ အသက်၏ မနိုင်မြဲသည်ကို ဆင်ခြင်ခြင်း

သတ္တဝါတို့၏ အသက်သည် ထွက်သက် ဝင်သက် ဣရိယာပုတ်၊ အအေးအပူ၊ ဓာတ်ကြီးလေးပါး၊ အာဟာရတို့နှင့် ဆက်စပ်နေ၏။ ဤအသက်သည်၊ ထွက်သက် ဝင်သက် ညီမျှနေမှသာ ဆက်လက် အသက်ရှင်နိုင်၏။ ထွက်သက် ဝင်သက် ပြတ်လျှင် သေတော့၏။ ဣရိယာပုတ် မျှတ

နေမှလည်း အသက်ရှင်နိုင်၏။ ကြာရိယာပုတ် မည်မျှဘဲ တစ်ပါးပါးလွန်ကဲသွားလျှင် သေဆုံးနိုင်၏။ အပူ အအေး မျှတမှလည်း အသက်ရှင်နိုင်၏။ အပူအအေး မမျှတဘဲ တစ်ခုခု လွန်ကဲပါက သေဆုံးတတ်၏။ ဓာတ်ကြိုးလေးပါးညီမျှမှသာ ဆက်လက် အသက်ရှင်နိုင်၏။ ဓာတ်တစ်ပါးပါး ပျက်က အနာရောဂါ တစ်မျိုးမျိုး ဝင်ရောက်ကာ သေဆုံးတတ်သည်။ ထို့ပြင် သင့်တင့်သော အာဟာရကို မှီဝဲနေရမှသာ အသက်ရှင်နိုင်၏။ အာဟာရပြတ်က သေဆုံးတတ်သည်ဟု အသက်၏ မခိုင်မြဲပုံကို အဖန်ဖန် ဆင်ခြင်ရမည်။

၆။ မည်သည့်အချိန် မည်သည့်ရောဂါဖြင့် သေရမည်ကို မသိနိုင်ကြောင်း ဆင်ခြင်ခြင်း၊

သတ္တဝါတို့သည် အမိဝမ်းတွင်း၌ ဖြစ်စေ။ မွေးဖွားပြီးမှဖြစ်စေ၊ သက်တန်းအတွင်း၌ဖြစ်စေ သက်တမ်းကျော်လွန်ပြီးမှဖြစ်စေ သေကြရသည်ကို လည်းကောင်း၊ မည်သည့်ရောဂါ၊ မည်သည့်ဝေဒနာဖြင့် သေကြရမည်ကို လည်းကောင်း၊ မည်သည့်အချိန် ကာလ၌ သေကြရမည်ကို လည်းကောင်း၊ အလောင်းကောင်ကို မည်သည့် အရပ်ဒေသ၌ မြုပ်နှံရမည်ကိုလည်းကောင်း၊ သေဆုံးပြီးနောက် မည်သည့် ဘုံဘဝ၌ ရောက်ရမည်ကိုလည်းကောင်း ကြိုတင်၍ မသိနိုင်ကြပေဟု သတ္တဝါ တစ်ဦး၏ အသက် ရောဂါ သေရမည့် အချိန်အခါ၊ အလောင်းကောင်ပစ်ချရာ အရပ်၊ ရောက်ရမည့်ဘုံဘဝနှင့် ပတ်သက်ပြီး ကြိုတင်၍ မသိနိုင်ပုံကို အဖန်ဖန် ဆင်ခြင်ရမည်။

၇။ သက်တမ်းတိုတောင်းပုံကို သတိပြု၍ သေခြင်းကို ထင်မြင်အောင် ဆင်ခြင်ခြင်း

ယခုအခါ လူတို့၏ သက်တမ်းကား အလွန်တိုတောင်းလှ၏။ အသက်အရှည်ဆုံးနေသူပင် နှစ်တစ်ရာ၊ တစ်ရာထက်အနည်းငယ်သာ ပို၍ နေကြရ၏၊ ထို့ကြောင့် ကုသိုလ်ကောင်းမှုကို ပြုသင့်၏။ မြတ်သော အကျင့်ကို ကျင့်သင့်၏။ ပဋိသန္ဓေနေလာသူမှန်သမျှ ဧကန်ပင် သေကြရမည်ဟု လောက၌ သတ်မှတ် ထားသည့် သက်တမ်းတိုတောင်းပုံကို သတိပြု၍ သေခြင်းသဘောကို အဖန်ဖန် ဆင်ခြင်ရမည်။

၈။ အသက်ရှင်ဆဲ ခဏ၏ တိုတောင်းပုံကို ဆင်ခြင်ခြင်း

သတ္တဝါတို့၏ အသက်ရှင်ဆဲခဏသည် ပရမတ္ထအားဖြင့် အလွန်ပင် တိုတောင်း၏၊ စိတ္တက္ခဏတစ်ချက်မျှသာ ရှိချေ၏။ ထိုစိတ် ချုပ်သွားလျှင် သေသည်ဟု ခေါ်ဆိုရ၏ဟု အသက်ရှင်ဆဲခဏ၏ တိုတောင်းလှပုံကို အဖန်ဖန်ဆင်ခြင်ရ၏။

အထက်တွင် ဖော်ပြခဲ့သော နည်းများအနက် တစ်နည်းနည်းဖြင့် သေခြင်းသဘောကို အဖန်ဖန် ဆင်ခြင်လျှင် ဘဝနာစိတ် အထုံရ၍ သေခြင်း သဘောတစ်ခုခု၌သာ သတိပြုလျက် ကိလေသာ နီဝရဏတရားများကို ဖွာချနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဥပစာရစျာန်ကို ရရှိနိုင်မည် ဖြစ်သည်။

မရဏာသတိကမ္မဋ္ဌာန်း ဆင်ခြင်ရခြင်း၏ အကျိုးများ

မရဏာသတိကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော ပုဂ္ဂိုလ်သည် –

၁။ အမြဲ သတိကောင်းခြင်း၊
၂။ ဘဝအားလုံးတို့၌ ငြီးငွေ့သည့် အမှတ်သညာကို ရရှိခြင်း၊
၃။ အသက်၌ နှစ်သက်ခြင်းကို ဖွန့်လွတ်နိုင်ခြင်း၊
၄။ မကောင်းမှုကို ကဲ့ရဲ့ရွံတ်ချလေ့ရှိခြင်း၊
၅။ ပစ္စည်းအသုံးအဆောင်တို့ကို မတပ်မက်ခြင်း၊ နှမြောဝန်တိုမှု မရှိခြင်း၊
၆။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောများ ဆင်ခြင်ခြင်း၊
၇။ သေခါနီးကာလ၌ ကြောက်လန့်မှုကင်း၍ မတွေ့ မဝေ သေရခြင်း၊
၈။ ပစ္စုပ္ပန်ဘဝ၌ နိဗ္ဗာန်ကို မရရှိသေးပါက သေလွန်ပြီးနောက် သုဂတိ ဘုံဘဝသို့ ရောက်ရခြင်း စသော အကျိုးတရားများကို ရရှိနိုင်ပေသည်။

ထို့ကြောင့် အကျိုးအာနိသင်အမျိုးမျိုးကို ရရှိစေနိုင်သော ဤမရဏာသတိကမ္မဋ္ဌာန်းကို မမေ့မလျော့ဘဲ ဇွဲ လုံ့လ ဝီရိယ ဖြင့် ကြိုးစား အားထုတ်သင့်ကြပေသည်။

အခန်း (၈)

အဘိဓမ္မာတရားတော်

အခန်း (၈)

အဘိဓမ္မာတရားတော်

ပရမတ္ထတရား (၄)ပါး

ပြောင်းလဲမှုမရှိဘဲ သဘောတရားသီးခြား ထင်ရှားရှိသော တရားကို ပရမတ္ထဟု ခေါ်သည်။

ဥပမာ – လောဘသည် လိုချင်ခြင်းသဘောရှိ၏၊ ထိုလောဘသည် လူ နတ် ဗြဟ္မာ သတ္တဝါအမျိုးမျိုး၌ ဖြစ်သော်လည်း လိုချင်ခြင်းသဘောမှ မပြောင်းလွဲချေ၊ ခွေးလောဘ၊ လူလောဘ၊ နတ်လောဘ၊ အားလုံးသဘောချင်း တူမျှ၏၊ ထိုသို့ လောဘ၏ လိုချင်ခြင်း သဘောမှ ပြောင်းလွဲမှုမရှိပဲ မိမိလိုချင်ခြင်းသဘောတရားအတိုင်း ဖြစ်တတ်သောကြောင့် ပရမတ်ဟုခေါ်သည်။

ထိုပရမတ်သည်-

၁။ စိတ်၊

၂။ စေတသိက်၊

၃။ ရုပ်၊

၄။ နိဗ္ဗာန်–အားဖြင့် လေးပါးရှိသည်။

မရှိပညတ် ရှိပရမတ်

လူဟုခေါ်အပ်သော ခန္ဓာကိုယ် ဒြပ် အထည် ပညတ်ကြီးကို ဖျက်ဆီး၍ ဆံပင်တစ်ပုံ၊ အမွေးတစ်ပုံ၊ ခြေသည်းလက်သည်းတစ်ပုံ၊ သွားတစ်ပုံ၊ အရေတစ်ပုံ စသည်ဖြင့် ၃၂-ပုံ စုပုံထားလျှင် လူ မဟုတ်ပြီ၊ လူ ဟူသော ပညတ် မရှိတော့ပြီ၊ ဆံပင်၊ အမွေး စသော ပညတ်တွေသာ ရှိတော့၏၊ ထို ၃၂-ပုံတွင် အမာခံဖြစ်သော အရိုးပညတ် အထည်ကိုယ်ဒြပ်ကို မီးရှို့လိုက်၊ အရိုးမဟုတ်တော့ပြီ၊ အရိုးဟူသော ပညတ်မှ မီးသွေးဟူသော ပညတ်သို့ ပြောင်းလဲသွားပြီး ထိုမီးသွေးဟူသော ပညတ်ကို မှုန့်မှုန့်ညက်ညက် ထောင်းထုပြန်လျှင် မီးသွေးပင် မဟုတ်တော့ဘဲ မြေမှုန့်အဖြစ်သို့ ပြောင်းလွဲလေ၏၊ ဤသို့လျှင် ပညတ်သည် သီးခြားသဘာဝ အတိအကျ မရှိသောတရားဖြစ်သည်။

ရုပ်နာမ်တရားတို့တွင် (ပထဝီ) မြေဓာတ်သည် ခိုင်မာခြင်းသဘောရှိ၏၊ ယခင်မြေမှုန့်ထဲ၌ ဤ (ပထဝီ) မြေဓာတ်မှုန့်တွေ များစွာပါရှိ၏၊ ဤ(ပထဝီ) မြေဓာတ်၏ ခိုင်မာခြင်းသဘောသည် ဖွဲ့စည်းခြင်း စသော သဘောသို့ ပြောင်းလွဲသွားမှုမရှိဘဲ သဘာဝသီးခြားစီ အမှန်တကယ် ရှိနေသော တရားဖြစ်သည်။

၁။ အာရုံကိုသိတတ်သော သဘောတရားကို စိတ်ဟုခေါ်သည်။ အာရုံကို သိရာ၌ သညာသိ, ပညာသိ, ဝိညာဉ်သိဟု ကွဲပြားလျက်ရှိ၏၊ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မှတ်မိရုံသာ သိခြင်းသည် သညာသိတည်း၊ အမှားမရှိ၊ အမှန်အတိုင်း ထိုးထွင်း၍ သိခြင်းသည် ပညာသိတည်း၊ အာရုံတစ်ခုခုကို ရအောင် ယူခြင်းသည် ဝိညာဉ်သိတည်း၊ ထိုဝိညာဉ်သိဖြင့် သိခြင်းကို စိတ်ဟုခေါ်သည်။

၂။ စိတ်နှင့် ယှဉ်တွဲ၍ အတူတကွဖြစ်တတ်သော သဘောတရားတို့ကို စေတသိက်ဟု ခေါ်သည်။

ဥပမာ - ဖဿစေတသိက်၏ အာရုံကို တွေ့ထိရာ၌ ခေါင်းဆောင်ရှေ့သွားဖြစ်သော စိတ်မပါလျှင် မပြီးနိုင်၊ စိတ်နှင့် စပ်ယှဉ်၍သာ ဖြစ်ရသောကြောင့် ဖဿကို စေတသိက် ဟုခေါ်သည်။

စိတ်သည်ရေနှင့်တူ၍ စေတသိက်သည် ဆေးမှုန့်နှင့်တူပုံ

ဥပမာ-နီ, ဖြူ, ညို, ဝါ, ရွှေ, စိမ်း, ပြာ စသောအားဖြင့် အထူးထူး အပြားပြား အဆင်းရှိသော ဆေးမှုန့်အမျိုးမျိုးတို့ကို ရေနှင့် အသီးသီး ဖျော်၍ တစ်ခုသောပန်းချီကားချပ်၌ အထူးထူးသော ရုပ်စုံ ရုပ်ဆန်း ခြုံးပန်း ခြုံးနွယ်တို့ကို ခြယ်လှယ်ရေးသား ရာဝယ် ပန်းချီကားချပ်ထက်၌ ဆေး၏ပျံ့နှံ့ခြင်း, စွဲငြိခြင်းသည် ရေ၏ကိစ္စသာဖြစ်၏၊ ဆေးမှုန့် အမျိုးမျိုး၏ ကိစ္စမဟုတ်၊ အနီ, အပြာ, အဝါ, အစိမ်းစသော အရောင် အမျိုးမျိုး ထင်ရှားမှုသည် ဆေးမှုန့်အမျိုးမျိုး၏ ကိစ္စဖြစ်၏၊ ရေ၏ကိစ္စမဟုတ်။

ထိုဥပမာ၌ ပန်းချီကားချပ်သည် အာရုံနှင့်တူ၏၊ ရေသည် စိတ်နှင့်တူ၏၊ ဆေးမှုန့်အမျိုးမျိုးသည် စေတသိက်နှင့်တူ၏။

ဆေးမှုန့်သည် ရေ၌မှီ၍ အရောင်အမျိုးမျိုးဖြစ်အောင် ဖန်ဆင်း ခြယ်လှယ်သကဲ့သို့ စေတသိက်တို့သည်လည်း စိတ်၌မှီ၍ လောဘ ဒေါသ ဣဿာ မစ္ဆရိယ သဒ္ဓါ ပညာ စသော သဘောအမျိုးမျိုးတွေဖြစ်အောင် ဖန်ဆင်းခြယ်လှယ်တတ်သည်။

၃။ အအေး,အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ရုပ်စဉ် အမျိုးမျိုး ဖြစ်တတ်သော သဘောတရားကို ရုပ်ဟုခေါ်သည်။

ရုပ်အမျိုးမျိုးဖြစ်ပုံ

ရုပ်၏ ဌိ အခိုက်သည် နာမ်၏ ဌိ အခိုက်ထက် ကြာ၏၊ ထို့ကြောင့် ဌိ အခိုက်၌ တည်ရှိစဉ်မှာပင် ဆန့်ကျင်ဘက် အကြောင်းများနှင့် ပေါင်းဆုံတတ်၏။

ဥပမာ-အပူဥတုစိုးအုပ်၍ အပူရုပ်အစဉ်ဖြစ်ခဲ့လေရာ အအေးဥတု ပေါ်လာ၍ ထိုအအေးဥတုနှင့် ဌိ အခိုက်မှာ ပထမအကြိမ် တွေ့ဆုံမိကြ၏၊ သို့သော် မထင်ရှားသေး၊ ဒုတိယအကြိမ်၊

တတိယအကြိမ် တွေ့ဆုံမိကြပြန်၏၊ ထိုကဲ့သို့ ဌီ အခိုက်၌ ဆန့်ကျင်ဘက် အအေးဥတုနှင့် ပေါင်းမိဖန်များသည့်အခါ ရှေးက အပူရုပ်အစဉ် ကွယ်ပျောက်၍ အအေးရုပ်အစဉ် ပြောင်းလဲဖြစ်ပေါ်လာလေသည်။

အအေးကြောင့် ရုပ်စဉ်အမျိုးမျိုးပြောင်းရာ၌ အအေးမိ၍ ဖျားနာမှု, ဆောင်းအခါ၌ အသားအရေကွဲအက်မှု စသည်တည်း။

အပူကြောင့် အသားအရေ ကွဲအက်မှု, ထမင်းဆာ ရေငတ်မှုကြောင့် ရုပ်ညှိုးနွမ်းမှု စသည်တို့သည်လည်း ရုပ်စဉ်အမျိုးမျိုး ပြောင်းလဲ ဖြစ်ပေါ်မှုပင် ဖြစ်သည်။

၄။ လိုချင်မှုတဏှာမှ လွတ်မြောက်သည့်သဘောတရားကို နိဗ္ဗာန်ဟု ခေါ်သည်။ (တနည်း) ရာဂစသော မီး(၁၁)ပါးတို့မှ ငြိမ်းအေးမှု သဘောတရားကို နိဗ္ဗာန်ဟု ခေါ်သည်။

နိဗ္ဗာန် (၂)မျိုး

၁။ သဥပါဒိသေသ နိဗ္ဗာန် = ခန္ဓာငါးပါးရှိနေဆဲ ရောက်ရှိသည့် နိဗ္ဗာန်၊

၂။ အနုပါဒိသေသ နိဗ္ဗာန် = ခန္ဓာငါးပါးမရှိမှ ရောက်ရှိသည့် နိဗ္ဗာန်၊

နိဗ္ဗာန် (၃)မျိုး

၁။ သုညတ နိဗ္ဗာန် =ရာဂစသည်တို့မှ ကင်းဆိတ်သည့် နိဗ္ဗာန်၊

၂။ အနိမိတ္တ နိဗ္ဗာန် = ရာဂစသော အကြောင်းတရားတို့ မရှိသည့် နိဗ္ဗာန်၊

၃။ အပ္ပဏိဟိတ နိဗ္ဗာန်= လိုချင်ဆောင့်တမှု (ရာဂ)မရှိသည့် နိဗ္ဗာန်၊

၁။ ခန္ဓာငါးပါး

အတိတ်; အနာဂတ်, ပစ္စုပ္ပန် စသည် ကွဲပြားသောတရားများကို ပေါင်းစုထားမှုကို ခန္ဓာဟုခေါ်သည်။

ထိုခန္ဓာသည်-

၁။ ရုပ်အစု = ရူပကွန္ဓာ၊
၂။ ခံစားမှုအစု = ဝေဒနာကွန္ဓာ၊
၃။ မှတ်သားမှုအစု = သညာကွန္ဓာ၊
၄။ ပြုပြင်စီရင်မှုအစု = သင်္ခါရကွန္ဓာ၊
၅။ သိမှု (စိတ်) အစု = ဝိညာဏကွန္ဓာ-အားဖြင့် ငါးပါး ရှိသည်။

ခန္ဓာငါးပါး၏တရားကိုယ်

ရုပ် (၂၈)ပါးအစုသည် ရူပကွန္ဓာမည်၏၊ ခံစားမှုဝေဒနာအစုသည် ဝေဒနာကွန္ဓာမည်၏၊ မှတ်သားမှု သညာအစုသည် သညာကွန္ဓာမည်၏၊ ဝေဒနာ၊ သညာ စေတသိက်မှ ကြွင်းသော ကျန်စေတသိက် (၅၀) အစုသည် သင်္ခါရကွန္ဓာမည်၏၊ စိတ် (၈၉)ပါး အစုသည် ဝိညာဏကွန္ဓာမည်၏။

ခန္ဓာငါးပါးအမည်မရသောတရား

နိဗ္ဗာန်သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန် စသည် ကွဲပြားမှုမရှိသောကြောင့် ခန္ဓာအမည်မရပါ။

ခန္ဓာငါးပါး၏ အနှစ်သာရကင်းမဲ့ပုံ ဥပမာ

ခန္ဓာငါးပါးတွင် ရူပကွန္ဓာသည် ရေမြှုပ်နှင့်တူ၏၊ ဝေဒနာကွန္ဓာသည် ရေပွက်နှင့်တူ၏၊ သညာကွန္ဓာသည် တံလျှပ်နှင့်တူ၏၊ သင်္ခါရကွန္ဓာသည် ငှက်ပျောတုံးနှင့်တူ၏၊ ဝိညာဏကွန္ဓာသည် မျက်လှည့်ဆရာနှင့်တူ၏။

ဝေဒနာနှင့် သညာတို့ကိုသာ ခန္ဓာသီးခြားပြု၍ ဟောရခြင်း

ဝေဒနာ စေတသိက်သည် ဒုက္ခဘုံဝယ် အမျိုးမျိုးသော အာရုံကို အဖုံဖုံ ခံစားလျက်ရှိသောကြောင့် ဝဋ်တရား၌ ပျော်ပါးနိုင်ရန် နှစ်သက်သာယာမှု တဏှာသည် အရေးကြီးပေသည်။ နှစ်သက်သာယာမှု တဏှာမရှိလျှင် မည်သူမျှ ဝဋ်တရား၌ မပျော်မွေနိုင်၊ ခံစားမှု ဝေဒနာ မရှိလျှင်လည်း တဏှာက သာယာမည်မဟုတ်၊ ထို့ကြောင့် တဏှာက သာယာနိုင်ရန် ဝေဒနာသည်အရေးကြီး၏၊ "ထမင်းစားရာ၌ ဟင်းကောင်းလိုသကဲ့သို့" ဝေဒနာ၏ ခံစားမှု၌ မှတ်သားမှုသညာသည် အရေးကြီးပြန်၏၊ မှတ်သားမှုသညာက အမျိုးမျိုးမှတ်ပေးလေလေ ဝေဒနာကခံစားမှု၌ အရသာ ရှိလေလေဖြစ်၏၊ သို့ဖြစ်၍ ဝေဒနာနှင့် သညာ စေတသိက် (၂)ပါးကို ခန္ဓာသီးခြားပြု၍ ဟောတော်မူသည်။

တနည်းအားဖြင့် သတ္တဝါတို့အား သုခဟူ၍ မှားမှားယွင်းယွင်း ထင်စေတတ်သော တရားတို့တွင် ဝေဒနာသည် အလွန်ကဲဆုံးဖြစ်၏၊ ထို့ကြောင့် ဝေဒနာကွန်ကို သီးခြားဟောသည်။

သတ္တဝါတို့အား အတ္တဟူ၍ မှားမှားယွင်းယွင်း ထင်စေတတ်သော တရားတို့တွင် သညာသည် အလွန်ကဲဆုံးဖြစ်၏၊ ထို့ကြောင့်သညာကွန်ကို သီးခြားဟောသည်။

သတ္တဝါတို့အား နိစ္စဟူ၍ မှားမှားယွင်းယွင်း ထင်စေတတ်သော တရားတို့တွင် စိတ်သည် အလွန်ကဲဆုံးဖြစ်၏၊ ထို့ကြောင့် ဝိညာဏကွန်ကို သီးခြားဟောသည်။

ဥပါဒါနကွန်ကာငါးပါး

လောကုတ္တရာမဖက် သက်သက်သော လောကီဖြစ်သော ခန္ဓာငါးပါးကို ဥပါဒါန်တရားလေးပါးတို့၏ အာရုံဖြစ်သောကြောင့် ဥပါဒါနကွန်ကာဟု ခေါ်သည်။

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ဒေသနာထူးခြားပုံ

လောကီဖြစ်စေ, လောကုတ္တရာဖြစ်စေ၊ ခန္ဓာဖွဲ့၍ ရကောင်းသမျှ တရားများကို အားလုံး သိမ်းကျုံး၍ ပြခြင်းငှာ ပဌမ ခန္ဓဒေသနာကို ဟောပြတော်မူသည်။

ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသည့်အခါ၌ကား လောကုတ္တရာခန္ဓာများကို အရုံပြု၍ မစီးဖြန်းရ၊ ဝဋ်ဒုက္ခတရားများကို အာရုံပြု၍ စီးဖြန်းမှ အနိစ္စ, ဒုက္ခ, အနတ္တသဘော ထင်မြင်နိုင်သည်။ လောကုတ္တရာစိတ်, စေတသိက်သည် အနိစ္စ, ဒုက္ခ, အနတ္တတွင်ပါဝင်သော သင်္ခါရများပင် ဖြစ်စေကာမူ ကမ္မဋ္ဌာန်းရှုသည့်အခါ လောကီခန္ဓာများကိုသာ ရှုရသည်။

ဤသို့လျှင် ဝိပဿနာရှုရန် အကျိုးငှာ လောကီသက်သက် ဥပါဒါနက္ခန္ဓာ ဒေသနာကို တစ်ဖန် ဟောတော်မူရပြန်လေသည်။

၂။ အာယတန (၁၂)ပါး

စိတ်, စေတသိက်, တရားတို့၏ ဖြစ်ပေါ်ရာဌာန ဖြစ်သောကြောင့် လည်းကောင်း၊ ဖြစ်ပေါ်ကြောင်းဖြစ်သောကြောင့်လည်းကောင်း အာယတန ဟု ခေါ်သည်။

ထိုအာယတနသည်-

၁။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် စက္ခာယတန၊
၂။ ကြားသိစိတ်(သောတဝိညာဏ်) ဖြစ်ရာ နားအကြည် သောတာယတန
၃။. နံသိစိတ်(ဃာနဝိညာဏ်)ဖြစ်ရာ နှာခေါင်းအကြည် ဃာနာယတန၊
၄။ လျက်သိစိတ်(ဇိဝှာဝိညာဏ်)ဖြစ်ရာ လျှာအကြည် ဇိဝှာယတန၊
၅။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည်ကာယာယတန၊
၆။ သိမှုစိတ်ဖြစ်ရာ မနာယတန၊

၇။ မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ကြောင်း အဆင်း ရူပါယတန။

၈။ ကြားသိစိတ်(သောတဝိညာဏ်)ဖြစ်ကြောင်း အသံ သဒ္ဒါယတန။

၉။ နံသိစိတ်(ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ ဂန္ဓာယတန။

၁၀။ လျက်သိစိတ်(ဇိဝှာဝိညာဏ်)ဖြစ်ကြောင်း အရသာ ရသာယတန။

၁၁။ ထိသိစိတ်(ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ ဖောဋ္ဌဗ္ဗာယတန။

၁၂။ သိမှုစိတ်ဖြစ်ကြောင်း ဓမ္မာယတန- အား‌ဖြင့် (၁၂)ပါး‌ရှိသည်။

၁။ (က) အဋ္ဌတ္တိုက (အတွင်း) အာယတန ၆-ပါး

စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတန။

(ခ) ဗာဟိရ (အပြင်) အာယတန ၆-ပါး

ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန။

အာယတနအမည်ရပုံ ရှင်းချက်

စိတ်, စေတသိက်တရား‌တို့သည် တစ်ခုသော ဘဝ၌လည်း‌ကောင်း၊ အနုမတဂ္ဂသံသရာ၌လည်း‌ကောင်း အဖန်ဖန် အတူတကွ ဖြစ်ပွား‌ကြကုန်သည် ရှိသော် အခြား‌သော ဒေသဌာန‌တို့၌ မဖြစ်၊ စက္ခုစသော ဒွါရခြောက်ပါး‌တို့၌သာ ဖြစ်ကြကုန်၏။ အစဉ်မပြတ် ဆက်လက် ဖြစ်ပွား‌သည်၏ အစွမ်း‌ဖြင့် တည်နေကြကုန်သော်လည်း အခြား၌တည်နေကြသည်မဟုတ်၊ စက္ခုစသော ဒွါရခြောက်ပါး‌တို့၌သာ တည်နေကြကုန်၏။ ထို့ကြောင့် စက္ခုစသော အဋ္ဌတ္တိုက အတွင်း အာယတန ခြောက်ပါး‌သည် စိတ်, စေတသိက်တို့ဖြစ်ရာ ဖြစ်၍ အာယတန မည်၏။

အနမတဂ္ဂသံသရာ အနန္တသတ္တဝါတို့၏ သန္တာန်၌ စိတ်, စေတသိက်တရားတို့ အစဉ်မပြတ် ဖြစ်နေခြင်းသည် ရူပါရုံစသော (ဗာဟိရ) အပြင် အာယတန ၆-ပါးတို့ကြောင့်သာ ဖြစ်ကြကုန်၏။ ထို ရူပါရုံစသော (ဗာဟိရ)အပြင် အာယတနတို့ မရှိကြလျှင် စိတ်, စေတသိက်တရားတို့ ဖြစ်ကြလိမ့်မည်မဟုတ်ကုန်၊ ထို့ကြောင့် ရူပါရုံစသော (ဗာဟိရ)အပြင် အာယတန ၆-ပါးသည် စိတ်, စေတသိက်တို့၏ ဖြစ်ကြောင်း ဖြစ်၍ အာယတန မည်သည်။

အာယတနတို့၏ တရားကိုယ်များ

စက္ခုပသာဒသည် စက္ခာယတနမည်၏။ သောတပသာဒသည် သောတာယတနမည်၏။ ဃာနပသာဒသည် ဃာနာယတနမည်၏။ ဇိဝှာပသာဒသည် ဇိဝှာယတနမည်၏။ ကာယပသာဒသည် ကာယာယတနမည်၏။ စိတ် ၈၉-ပါးသည် မနာယတနမည်၏။ ရူပါရုံသည် ရူပါယတနမည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ ရသာရုံသည် ရသာယတနမည်၏။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။ စေတသိက် ၅၂-ပါး၊ သုခုမရုပ် ၁၆-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။

အာယတန (၁၂) ပါး ဟောကြားပုံ အစီအစဉ်

အာယတန (၁၂) ပါးတွင် စက္ခု အစ, မန အဆုံးရှိသော ၆-ပါးသော အဋ္ဌကထာတို့ကာယတနများသည် ခန္ဓာကိုယ်အား ကျေးဇူးများသောကြောင့် အဋ္ဌကထာတို့ကာယတန ၆-ပါးကို ဗာဟိရာယတန၏ ရှေ့ကထား သည်။

အဋ္ဌကထာတို့ကာယတန ၆-ပါးတွင်လည်း စက္ခာယတန၏ ရူပါရုံကို မြင်မှသည် ထင်ရှားသောကြောင့် စက္ခာယယတနကို ရှေးဦးစွာ ပြသည်။ မိမိထံမှောက် ရောက်မလာသော အာရုံကို ယူမှုအားဖြင့် သဘောတူသောကြောင့် စက္ခာယတနနောင် သောတာယတနကိုပြသည်။ ထိုနောင်အာရုံယူပုံ

လျှင်မြန်သောကြောင့် ဃာနာယတနကိုပြသည်။ ထိုနောင် ကိုယ်၏ တစိတ်တဒေသ၌ ဖြစ်မှုချင်း တူသောကြောင့် ဇိဝှာယတနကို ပြသည်။ ထိုနောင် အလုံးစုံသော ကိုယ်အရပ်၌ဖြစ်သောကြောင့် ကာယာယတနကိုပြသည်။ ထိုနောင် ရူပါရုံစသော အာရုံငါးပါးလုံးကိုပင် အကုန်သိမ်း၍ယူနိုင်သောကြောင့် မနာယတနကို နောက်ဆုံးကထား၍ ပြသည်။

ဗာဟိရာယတန ၆-ပါးကိုလည်း အစ္ဈတ္တိကာယတန ၆-ပါး အစီအစဉ်နှင့် အဆင်သင့်အောင်ပြဆိုထားသည်။

၃။ ဓာတ် (၁၈) ပါး

လူ၏အလိုသို့လည်းကောင်း၊ နတ်၏အလိုသို့လည်းကောင်း၊ ဗြဟ္မာ၏အလိုသို့လည်းကောင်း၊ ဘုရားအလိုသို့လည်းကောင်း၊ တစုံတယောက်သော သတ္တဝါ၏ အလိုသို့ မလိုက်, မပါမူ၍ မိမိသဘောကိုသာ တည့်တည့်မတ်မတ် ဆောင်ရွက်တတ်သောကြောင့် ဓာတ်ဟုခေါ်သည်။

ထိုဓာတ်သည်-

၁။ မြင်မှု သဘော	စက္ခုဓာတ်
၂။ ကြားမှုသဘော	သောတဓာတ်
၃။ နံမှု သဘော	ဃာနဓာတ်
၄။ လျက်မှုသဘော	ဇိဝှာဓာတ်
၅။ ဖောင်ဖွာရုံကို တွေထိမှုသဘော	ကာယဓာတ်
၆။ အဆင်းသဘော	ရူပဓာတ်
၇။ အသံသဘော	သဒ္ဒဓာတ်
၈။ အနံ့သဘော	ဂန္ဓဓာတ်
၉။ အရသာသဘော	ရသဓာတ်
၁၀။အတွေ့သဘော	ဖောဋ္ဌဗ္ဗဓာတ်
၁၁။မြင်သိစိတ်သဘော	စက္ခုဝိညာဏဓာတ်
၁၂။ကြားသိစိတ်သဘော	သောတဝိညာဏ ဓာတ်

၁၃။ နံသိစိတ်သဘော ဃာနဝိညာဏဓာတ်
၁၄။ လျှာသိစိတ်သဘော ဇိဝှာဝိညာဏဓာတ်
၁၅။ ထိသိစိတ်သဘော ကာယဝိညာဏဓာတ်
၁၆။ (အာရုံကို) သိကာမျှသဘော မနောဓာတ်
၁၇။ အထူးသိမှုသဘော မနောဝိညာဏဓာတ်
၁၈။ (ဓာတ် ၁၇-ပါး တို့မှကြွင်းသော)
သိမ်မွေ့သောတရားသဘော ဓမ္မဓာတ် အားဖြင့် ၁၈-ပါး ရှိသည်။

ဓာတ် (၁၈) ပါး တို့၏ တရားကိုယ်

စက္ခုဓာတ်မှစ၍ ဖောဋ္ဌဗ္ဗဓာတ်အထိ တရားကိုယ်များနှင့် ဓမ္မဓာတ် တရားကိုယ်ကား အာယတနပိုင်း၌ ဆိုခဲ့ပြီးသည်နှင့်တူ၏။

ကျန်ခုနစ်ပါးတွင် စက္ခုဝိညာဏ်စိတ် ၂-ပါးသည် စက္ခုဝိညာဏဓာတ် မည်၏။ သောတဝိညာဏ်စိတ် ၂-ပါးသည် သောတဝိညာဏဓာတ်မည်၏။ ဃာနဝိညာဏ်စိတ် ၂-ပါးသည် ဃာနဝိညာဏဓာတ် မည်၏။ ဇိဝှာဝိညာဏ်စိတ် ၂-ပါးသည် ဇိဝှာဝိညာဏဓာတ်မည်၏။ ကာယဝိညာဏ်စိတ် ၂-ပါးသည် ကာယဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိန်းစိတ် ၂-ပါးသည် မနောဓာတ်မည်၏။ ကျန်သောစိတ် (၇၆)ပါးသည် မနောဝိညာဏဓာတ်မည်၏။

အခံဓာတ်, အတိုက်ဓာတ်, အပွင့်ဓာတ်

စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှာဓာတ်၊ ကာယဓာတ်တို့သည် ထိလာ တိုက်လာ ခိုက်လာသော အာရုံတို့ကို ခံယူတတ်သော အခံဓာတ် တို့တည်း။

ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်တို့သည် အတိုက်ဓာတ်, အခိုက်ဓာတ်တို့တည်း။

စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်တို့သည် အခံဓာတ်နှင့် အတိုက်ဓာတ်တို့၏ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော အပွင့်ဓာတ်တို့တည်း။

သိတတ်သည့်ဓာတ် (၃) ပါး

အာရုံကိုသိကာမျှသဘောသည် မနောဓာတ်မည်၏။ အာရုံသိမှုသဘောသည် ပဉ္စဝိညာဏဓာတ် မည်၏။ အာရုံကို အထူးသိမှုသဘောသည် မနောဝိညာဏဓာတ်မည်၏။

၄။ သစ္စာ (၄) ပါး

မဂ်ကိုရ၍ ဖြူစင်မြင့်မြတ်သဖြင့် **အရိယာ** ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သည့် အမှန်သဘောတရားကို သစ္စာဟု ခေါ်သည်။

ထိုသစ္စာသည်-

၁။ အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန်တရား ဆင်းရဲမှု ဒုက္ခအရိယသစ္စာ၊

၂။ အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုဖြစ်ပွားကြောင်း အမှန်တရား ဒုက္ခသမုဒယအရိယသစ္စာ၊

၃။ အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲချုပ်မှု အမှန်တရား ဒုက္ခနိရောဓ အရိယသစ္စာ၊

၄။ အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့်အမှန်တရား ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ (မဂ္ဂသစ္စာ) အားဖြင့် လေးပါးရှိသည်။

သစ္စာလေးပါး တရားကိုယ်

လောကီစိတ် ၈၁-ပါး၊ လောဘကြွင်သော စေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါးသည် ဒုက္ခအရိယသစ္စာမည်၏။ လောဘသည် ဒုက္ခသမုဒယ

အရိယသစ္စာမည်၏။ နိဗ္ဗာန်သည် နိရောဓအရိယသစ္စာမည်၏။ မဂ်စိတ်လေးခုဌ်
ယှဉ်သော မဂ္ဂင်တရားကိုယ် ၈-ပါးသည် ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ
(မဂ္ဂသစ္စာ) မည်၏။

ဒုက္ခ (၃) မျိုး

၁။ ဒုက္ခ ဒုက္ခ=(ကာယိကဒုက္ခ)ကိုယ်ဆင်းရဲမှုနှင့် (စေတသိကဒုက္ခ)
စိတ်ဆင်းရဲမှု (ဒုက္ခဝေဒနာ)

၂။ သင်္ခါရဒုက္ခ=ပြုပြင်စီရင်မှုဆင်းရဲ (ဥပေက္ခာဝေဒနာနှင့် အခြားသော
တေဘူမက တရားများ)

၃။ ဝိပရိဏာမဒုက္ခ=ဖောက်ပြန် ပျက်စီးမှုဆင်းရဲ (သုခဝေဒနာ)

တဏှာအစစ် (၁၀၈) ပါး ဖြစ်ပုံ

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟု တဏှာ ၃-မျိုးကိုတည်၊
ထိုတဏှာ ၃-မျိုးက အာရုံ ၆-မျိုးကို အာရုံပြုသောကြောင့် အာရုံ ၆-
ပါးဖြင့်မြှောက်၊ ၁၈-ပါးဖြစ်၏။ ထိုတဏှာ ၁၈-ပါးလုံးသည် အတိတ်,
အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါးဌ် ရှိသော အာရုံတို့ကို အာရုံပြု၍ဖြစ်ရကား
ကာလ ၃-ပါးဖြင့်မြှောက် ၅၄-ပါးဖြစ်၏၊ ၅၄-ပါးလုံးပင် မိမိသန္တာန်ဌ်
လည်းကောင်း၊ သူများသန္တာန်ဌ်လည်းကောင်းဖြစ်ရကား သန္တာန် ၂-ပါး
ဖြင့်မြှောက် ၁၀၈-ပါး ဖြစ်၏။

လောဘတဏှာကိုသာ သမုဒယသစ္စာဟုဆိုရခြင်း

တဏှာသည် ဆန်းကြယ်များပြားသော လောကီ ကုသိုလ်, အကုသိုလ်
ကံတို့၏ အကြောင်းရင်းဖြစ်သည်။ ဆင်းရဲမှု အမျိုးမျိုးတို့သည် လောကီကုသိုလ်,
အကုသိုလ်ကံတို့ကြောင့် ဖြစ်လာရသည်။ သို့ဖြစ်၍ တဏှာသည်
ဆန်းကြယ်များပြားသော ဆင်းရဲမှုတို့၏ အကြောင်းရင်း ဖြစ်သည်။ ယင်းသို့

ဆင်းရဲအမျိုးမျိုး၏ ပဓာန အကြောင်းတရားဖြစ်ရကား လောဘတဏှာကိုသာ သမုဒယသစ္စာဟု ဆိုသည်။

မဂ္ဂင် (၈)ပါး

၁။ အမှန်တရားကို သိမြင်မှုပညာ = သမ္မာဒိဋ္ဌိ၊

၂။ အမှန်တရားကို ကြံစည်မှုဝိတက် = သမ္မာသင်္ကပ္ပ၊

၃။ အမှန်တရားကို ပြောဆိုမှု (သက်မွေးမှုနှင့်မဆိုင်သည့် ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှု) = သမ္မာဝါစာ၊

၄။ အမှန်တရားကိုပြုလုပ်မှု (သက်မွေးမှုနှင့်မဆိုင်သည့် ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်မှု) = သမ္မာကမ္မန္တ၊

၅။ အမှန်တရားဖြင့် အသက်မွေးမှု (သက်မွေးမှုနှင့်ဆိုင်သည့် ကာယ, ဝစီ, ဒုစရိုက် ၇-ပါးမှ ရှောင်ကြဉ်မှု) = သမ္မာအာဇီဝ၊

၆။ အမှန်တရားကို အားထုတ်မှု ဝီရိယ = သမ္မာဝါယာမ၊

၇။ အမှန်တရားကို ရှုမှတ်မှု သတိ = သမ္မာသတိ၊

၈။ အမှန်တရားကို တည်ဆောက်မှု သမာဓိ= သမ္မာသမာဓိ။

သီလ, သမာဓိ, ပညာမဂ္ဂင်

၁။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-မဂ္ဂင် ၃-ပါးသည် သီလမျိုးဖြစ်၍ သီလမဂ္ဂင် မည်၏။

၂။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-မဂ္ဂင် ၃-ပါးသည် သမာဓိမျိုးဖြစ်၍ သမာဓိမဂ္ဂင် မည်၏။

၃။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, မဂ္ဂင် ၂-ပါးသည် ပညာမျိုးဖြစ်၍ ပညာမဂ္ဂင် မည်၏။

ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး အမျိုးအစား ခွဲခြားဟောရပုံ

ဉာဏ်ထက်မြက်သူ=တိက္ခိန္ဒြိယပုဂ္ဂိုလ်၊ ဉာဏ်အလတ်စား ရှိသူ=မဇ္ဈိမိန္ဒြိယပုဂ္ဂိုလ်၊ ဉာဏ်နုံ့နေးသူ=မုဒိန္ဒြိယပုဂ္ဂိုလ်ဟု ပုဂ္ဂိုလ် ၃-မျိုး ရှိသည်။

၁။ ဉာဏ်ထက်မြက်သူများမှာ အသိအမြင် လျင်မြန်ထက်မြက် သွက်လက်သူများ ဖြစ်သောကြောင့် တရားစကားကို ကြားနာလေ့လာရာ၌ နည်းနည်းကျဉ်းကျဉ်း ဟောပြောပြလျှင် သိနိုင်ကြသည်။ အကျဉ်းချုပ်နှင့်လည်း လိုက်လျောကိုက်ညီသည်။ အကျဉ်းကိုလည်း ကြိုက်တတ်ကြသည်၊ မြတ်စွာဘုရားသည် ဉာဏ်ထက်မြက်သူ, ဒေသနာအကျဉ်းနှင့် လိုက်လျောသူတို့ အတွက် ကျဉ်းကျဉ်းနှင့် စုံစုံပါဝင်နိုင်သော ခန္ဓာ ၅-ပါးကို ဦးစွာ ဟောသည်။

၂။ ထို့နောက် အလယ်အလတ်စား ဉာဏ်ထက်မြက်သူတို့နှင့် လိုက်လျောကိုက်ညီသည့် မကျဉ်းမကျယ် အာယတန ၁၂-ပါးကို ဟောသည်။

၃။ ထို့နောက် ကျယ်ဝန်းစွာ ရှင်းလင်း ဟောပြမှ သိနိုင်မည့် ဉာဏ်နုံ့နေးသူတို့အတွက် ဓာတ် ၁၈-ပါးကို ဟောသည်။

၄။ ထိုခန္ဓာ, အာယတန, ဓာတ်တို့၏ ဖြစ်ပေါ်ခြင်း၊ ဖြစ်ပေါ်ခြင်း၏ အကြောင်း၊ ချုပ်ငြိမ်းခြင်း၊ ချုပ်ငြိမ်းခြင်း၏အကြောင်း ဟူသော အခြင်းအရာ ၄-ပါးကို သိမှသာလျှင် အမှန်အတိုင်း တရားကို ထိုးထွင်းသိမြင်နိုင်မည်ဖြစ်သောကြောင့် ယင်းအခြင်းအရာ ၄-မျိုးနှင့်အညီ သစ္စာ ၄-ပါးကို ဟောသည်။

အာသဝ-စသည်နာမည်ရသည့် အကုသိုလ် စေတသိက်များ

အာသဝ (၄)ပါး

ကြာမြင့်စွာ စိမ်ထားအပ်သောကြောင့်လည်းကောင်း၊ ယစ်စေတတ်၊ မူးစေတတ်သောကြောင့်လည်းကောင်း၊ စိမ်ရည်အရက်ကို အာသဝဟု ခေါ်သည်။

လောဘ၊ ဒိဋ္ဌိ မောဟ စေတသိက်သုံးပါးတို့ကို သတ္တဝါတို့သန္တာန်၌ ကြာမြင့်စွာလည်း စိမ်အပ်ကုန်၏။ ၎င်းတို့သည် သတ္တဝါတို့ကိုလည်း ယစ်စေတတ်၊ မူးစေတတ်ကုန်၏။ ထို့ကြောင့် ၎င်း စေတသိက်သုံးမျိုးလုံးကို စိမ်ရည်အရက်နှင့်တူသည်ဖြစ်၍ အာသဝဟု ခေါ်သည်။

ထိုအာသဝသည်-

၁။ ကာမာသဝ = ဝတ္ထု အာရုံ ကာမဂုဏ်၌ တပ်မက်တတ်သော တဏှာ လောဘ တည်းဟူသော ယစ်မူးစေတတ်သော တရား၊

၂။ ဘဝါသဝ = ရူပ၊ အရူပစ္ဈာန်နှင့် အကျိုးဝိပါက်ဖြစ်သော ဇြဟ္မာဘဝ၌ နှစ်သက်မှု တဏှာလောဘ တည်းဟူသော ယစ်မူး စေတတ်သော တရား၊

၃။ ဒိဋ္ဌာသဝ = မှားသောအားဖြင့် ရှုမြင်တတ်သော မိစ္ဆာဒိဋ္ဌိ တည်းဟူသော ယစ်မူးစေတတ်သော တရား၊

၄။ အဝိဇ္ဇာသဝ= သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာမောဟ တည်းဟူသော ယစ်မူးစေတတ်သော တရားဟူ၍ လေးပါး ရှိ၏။

အာသဝ တရားကိုယ်

၁။ လောဘမူစိတ် ၈-ခု၌ရှိသော လောဘသည် ကာမာသဝ မည်၏။

၂။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘသည် ဘဝါသဝ မည်၏။

၃။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိသည် ဒိဋ္ဌာသဝ မည်၏။

၄။ အကုသိုလ်စိတ် ၁၂-ခု၌ရှိသော မောဟသည် အဝိဇ္ဇာသဝ မည်၏။

အာသဝတရားကိုယ်သည် အကျဉ်းအားဖြင့် လောဘ၊ ဒိဋ္ဌိ၊ မောဟ စေတသိက် သုံးပါးသာ ဖြစ်သည်။ ထိုသို့ အာသဝတရားကိုယ် သုံးပါးသာ ရှိသော်လည်း လောဘ စေတသိက်ကို ကာမာသဝ၊ ဘဝါသဝအားဖြင့် နှစ်မျိုးခွဲ၍ ဟောထားသောကြောင့် အာသဝတရား (၄)ပါး ဖြစ်သည်။

သြဃ (၄) ပါး

ပကတိ ဝဲသြဃကြီးသည် မိမိအပေါ်၌ ကျရောက်လာသမျှသော သတ္တဝါတို့ကို အတင်းနှစ်၍ သတ်တတ်၏၊ ကူးမြောက်ခြင်းငှာလည်း ခဲယဉ်း၏၊ ထို့အတူ လောဘ၊ ဒိဋ္ဌိ၊ မောဟ စေတသိက် သုံးပါးတို့သည် မိမိတို့နှင့် ဆက်ဆံသမျှသော သတ္တဝါတို့ကို ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် အပါယ်လေးဘုံအတွင်း၌ နှစ်၍လည်း သတ်တတ်ကုန်၏။ ကူးမြောက်ခြင်းငှာလည်း ခဲယဉ်းကြကုန်၏။ ထို့ကြောင့် ယင်း စေတသိက်တို့ကို သြဃဟု ခေါ်သည်။

ထိုသြဃသည်-

၁။ ကာမောဃ = ဝတ္ထုအာရုံ ကာမဂုဏ်၌ တပ်မက်တတ်သော တဏှာလောဘ တည်းဟူသော ဝဲသြဃ၊

၂။ ဘဝေါဃ = ရူပ၊ အရူပဈာန်နှင့် အကျိုးဝိပါက်ဖြစ်သော ဇဟ္မာဘဝ၌ နှစ်သက်မှု တဏှာလောဘတည်း ဟူသော ဝဲသြဃ၊

၃။ ဒိဋ္ဌောဃ = မှားသောအားဖြင့် ရှုမြင်တတ်သော မိစ္ဆာဒိဋ္ဌိ တည်းဟူသော ဝဲသြဃ၊

၄။ အဝိဇ္ဇောဃ = သစ္စာလေးပါးကို မသိတတ်သော မောဟ တည်းဟူသော ဝဲသြဃ ဟူ၍ လေးပါးရှိ၏။

သြဃလေးပါး၏ တရားကိုယ်

၁။ လောဘမူစိတ် ၈-ခု၌ရှိသော လောဘစေတသိက်သည် ကာမောဃ မည်၏

၂။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုဌ်ရှိသော လောဘစေတသိက်သည် ဘဝေါဃမည်၏။

၃။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုဌ်ရှိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌောဃမည်၏။

၄။ အကုသိုလ်စိတ် ၁၂-ခုဌ်ရှိသော မောဟစေတသိက်သည် အဝိဇ္ဇောဃမည်၏။

သြဃသည် တရားကိုယ် အကျဉ်းအားဖြင့် လောဘ, ဒိဋ္ဌိ, မောဟ သုံးပါးသာ ရှိသော်လည်း လောဘကို ကာမောဃ, ဘဝေါဃ အားဖြင့် နှစ်မျိုးခွဲ၍ ဟောထားသောကြောင့် သြဃ (၄)ပါး ဖြစ်လာသည်။

ယောဂ (၄) ပါး

လူည်း, ရထား တို့၏ ထမ်းပိုးတုံးဌ် မြင်းတို့, နွားတို့ကို တပ်၍ ကာ မောင်းကုန်ဘိသကဲ့သို့ လောဘ, ဒိဋ္ဌိ, မောဟ တို့သည်လည်း သတ္တဝါတို့ကို ဝဋ်ဒုက္ခ ဘဝစက်ယန္တရားကြီးဌ် တပ်၍ ကာ မောင်းတတ်ကုန်၏။ ထို့ကြောင့် ၎င်းတရားတို့ကို မြင်း, နွား, တို့ တပ်ရာ က,ရာ ထမ်းပိုးနှင့်တူသည်ဖြစ်၍ ယောဂဟုခေါ်သည်။

ထိုယောဂသည်-

၁။ ကာမယောဂ = ဝတ္ထုအာရုံ ကာမဂုဏ်ဌ် တပ်မက်တတ်သော လောဘဟူသောထမ်းပိုး၊

၂။ ဘဝယောဂ = ရူပစျာန် အရူပစျာန်နှင့် ဩဟာဘဝတို့ဌ် တပ်မက်တတ်သော ဘဝထမ်းပိုး၊

၃။ ဒိဋ္ဌိယောဂ = အမြင်မှားမှု မိစ္ဆာဒိဋ္ဌိ ထမ်းပိုး၊

၄။ အဝိဇ္ဇာယောဂ= သစ္စာလေးပါးကို မသိမှု မောဟ ထမ်းပိုး၊ ဟူ၍ လေးပါးရှိ၏။ (အာသဝ သြဃတို့နှင့် တရားကိုယ်ချင်း တူ၏)။

ယောဂလေးပါး၏ တရားကိုယ်

၁။ လောဘစေတသိက်သည် ကာမယောဂမည်၏။

၂။ လောဘစေတသိက်သည် ဘဝယောဂမည်၏။

၃။ ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိယောဂမည်၏။

၄။ မောဟစေတသိက်သည် အဝိဇ္ဇာယောဂမည်၏။

ယောဂသည် တရားကိုယ်အကျဉ်းအားဖြင့် လောဘ, ဒိဋ္ဌိ, မောဟ ၃-ပါးသာ ရှိသော်လည်း လောဘကို ကာမယောဂ, ဘဝယောဂအားဖြင့် နှစ်မျိုး ဟောထားသောကြောင့် ယောဂ ၄-ပါး ဖြစ်လာသည်။

နာမည်အမျိုးမျိုးဖြင့် ဟောထားခြင်း

အာသဝ, ဩဃနှင့် ယောဂတို့သည် တရားကိုယ်အရကောက်အားဖြင့် လုံးဝတူသော်လည်း ဝေနေယျသတ္တဝါတို့၏ အလို အဇ္ဈာသယအားလျော်စွာ နာမည်အမျိုးမျိုးဖြင့် ဟောထားသည်။

ဂန္ထ (၄) ပါး

ထိပ်တုံးနှင့် လက်ထိပ်တို့သည် ဖမ်းဆီးချည်နှောင်ထားသူ လူဆိုးကို လွတ်ထွက်မသွားရအောင် ချုပ်နှောင်ထားသကဲ့သို့ လောဘ, ဒေါသ, ဒိဋ္ဌိတို့သည်လည်း သတ္တဝါတို့ကို ဝဋ်ဆင်းရဲမှ မလွတ်အောင် ချုပ်နှောင်ထား တတ်သောကြောင့် ၎င်းတရားတို့ကို ဂန္ထဟု ခေါ်သည်။

ထိုဂန္ထသည်-

၁။ အဘိဇ္ဈာကာယဂန္ထ = သူတပါးစည်းစိမ်ကို မတရား သဖြင့်လိုချင်ခြင်း တည်းဟူသော လောဘထိပ်တုံး (လက်ထိပ်, ခြေထိပ်)

၂။ ဗျာပါဒကာယဂန္ထ = သူတပါးကို ပျက်စီးစေလိုခြင်း
တည်းဟူ သော ဒေါသထိပ်တုံး၊

၃။ သီလဗ္ဗတပရာမာသကာယဂန္ထ = အကျင့်သီလတို့ကို
မှားယွင်းစွာ စွဲယူမှု
ဟူသော ဒိဋ္ဌိထိပ်တုံး၊

၄။ ကဉ်သစ္စာဘိနိဝေသကာယဂန္ထ = အယူမှားကိုယူထား
လျက် ဤအယူသာ
မှန်၏ဟု စွဲမြဲစွာ
နှလုံးသွင်းခြင်းဟူ
သော ဒိဋ္ဌိထိပ်တုံး
ဟူ၍ လေးပါး
ရှိသည်။

ဂန္ထ လေးပါး၏ တရားကိုယ်

၁။ လောဘသည် အဘိဇ္ဈာကာယဂန္ထ မည်၏။
၂။ ဒေါသသည် ဗျာပါဒကာယဂန္ထ မည်၏။
၃။ ဒိဋ္ဌိသည် သီလဗ္ဗတပရာမာသကာယဂန္ထ မည်၏။
၄။ ဒိဋ္ဌိစေတသိက်သည်ပင် ကဉ်သစ္စာဘိနိဝေသကာယဂန္ထ မည်၏။

ဂန္ထ တရားကိုယ်သည် အကျဉ်းအားဖြင့် လောဘ, ဒေါသ, ဒိဋ္ဌိ သုံးပါးသာရှိသော်လည်း ဒိဋ္ဌိစေတသိက်ကို ယူဆပုံ အခြင်းအရာအားဖြင့် သီလဗ္ဗတပရာမာသကာယဂန္ထ၊ ကဉ်သစ္စာဘိနိဝေသကာယဂန္ထ အားဖြင့် နှစ်မျိုး ခွဲ၍ ဟောထားသောကြောင့် ဂန္ထ (၄) ပါး ဖြစ်လာသည်။

ဥပါဒါန် (၄) ပါး

မြွေသည် ဖားကို ဖမ်းယူသောအခါ လွတ်မသွားစေရန် မြဲမြံစွာ ဖမ်းယူသကဲ့သို့ လောဘဒိဋ္ဌိတို့သည် မိမိဆိုင်ရာအာရုံကို မလွတ်တမ်း စွဲမြဲစွာ ယူတတ်သောကြောင့် လောဘ, ဒိဋ္ဌိတို့ကို စွဲလမ်းမှု ဥပါဒါန်ဟုခေါ်သည်။ တနည်း-ထင်းစသော လောင်စာအမျိုးမျိုးသည် မီးကို ကောက်လောင်စေသကဲ့သို့ လောဘ, ဒိဋ္ဌိတို့သည် သတ္တဝါတို့၏ သန္တာန်၌ ရာဂစသော မီးများကို လောင်စေတတ်သောကြောင့် ယင်းတို့ကို ဥပါဒါန်ဟု ခေါ်သည်။

ထိုဥပါဒါန်သည်-

၁။ ကာမုပါဒါန် = ကာမဂုဏ်တို့၌ လွန်လွန်ကဲကဲ စွဲလမ်းမှု၊

၂။ ဒိဋ္ဌုပါဒါန် = မှားသောအယူဝါဒတို့၌ စွဲလမ်းမှု၊

၃။ သီလဗ္ဗတုပါဒါန် = အလေ့မှား အကျင့်မှားတို့၌ လွန်လွန်ကဲကဲ စွဲလမ်းမှု၊

၄။ အတ္တဝါဒုပါဒါန် = ခန္ဓာငါးပါးကို ငါဟုပြောဆိုသော အတ္တဝါဒ၌ စွဲလမ်းမှု- ဟူ၍ လေးပါး အပြားရှိပါသည်။

ဥပါဒါန်လေးပါး၏ တရားကိုယ်

၁။ လောဘသည် ကာမုပါဒါန် မည်၏၊

၂။ ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန် မည်၏၊

၃။ ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန် မည်၏၊

၄။ ဒိဋ္ဌိသည် အတ္တဝါဒုပါဒါန် မည်၏။

ဥပါဒါန်တရားကိုယ်သည် အကျဉ်းအားဖြင့် လောဘ, ဒိဋ္ဌိ နှစ်ပါးသာ ဖြစ်သော်လည်း ဒိဋ္ဌိ စေတသိက်၏ မှားယွင်းစွာ ယူရာ၌ စွဲလမ်းပုံ အခြင်းအရာ သုံးမျိုး ကွဲပြားသောကြောင့် (ဒိဋ္ဌိသုံးမျိုး ဖြစ်ရကား) ဥပါဒါန်လေးပါး ဖြစ်လာသည်။

ဒိဋ္ဌိယူဆပုံ သုံးမျိုး

သီလကျွန်ဝဂ္ဂ ပါဠိတော် ဗြဟ္မဇာလသုတ်၌လာသော ၆၂-ပါးသော ဒိဋ္ဌိများသည် ဒိဋ္ဌုပါဒါန်မည်၏။ မှားသော အလေ့အကျင့်များကို ဤအကျင့်၊ ဤအလေ့များသည် သံသရာမှ စင်ကြယ်ကြောင်းဖြစ်၏ဟူ၍ စွဲမြဲစွာ ယူခြင်းသည် သီလဗ္ဗတုပါဒါန်မည်၏။

ခန္ဓာငါးပါးသည် ငါ၊ ငါသည် ခန္ဓာငါးပါးစသည်ဖြင့် ပြောဆိုသော ၂၀-သော အတ္တဝါဒ၌ စွဲလမ်းမှုသည် အတ္တဝါဒုပါဒါန်မည်၏။

နိဝရဏ (၆) ပါး

ကင်းစောင့်သမားတို့သည် အလိုမရှိအပ်သော ထိုထို ပုဂ္ဂိုလ်များ၏ ဝင်ရာ, ထွက်ရာ ဝင်ခွင့် ထွက်ခွင့်ကို တားမြစ်သကဲ့သို့ လောဘ, ဒေါသစသော စေတသိက်တို့သည်လည်း သတ္တဝါတို့၏ စိတ်သန္တာန်၌ ကုသိုလ်တရားနှင့် စျာန်, မဂ်, ဖိုလ်တရားတို့၏ ဖြစ်ခွင့်, တိုးပွားခွင့်ကို မပေးဘဲ တားမြစ် ပိတ်ပင် ဖျက်ဆီးတတ်၏။ ထို့ကြောင့် လောဘ၊ ဒေါသစသော စေတသိက်တို့ကို ကင်းစောင့်သမား နိဝရဏဟု ခေါ်သည်။

ထိုနိဝရဏသည်-

၁။ ကာမစ္ဆန္ဒနိဝရဏ = ကာမဂုဏ်တရားတို့၌ အားကြီး သော ရာဂ လောဘ ဟူသော တားမြစ် ပိတ်ပင်တတ်သော တရား၊

၂။ ဗျာပါဒနိဝရဏ = သူတပါးစည်းစိမ်ကို ပျက်စီးစေ လိုခြင်း ဒေါသ တည်းဟူသော တားမြစ် ပိတ်ပင်တတ်သော တရား၊

၃။ ထိနမိဒ္ဓနိဝရဏ = တရားအားထုတ်သူတို့၏ ထိုင်းမှိုင်း စေတတ်သော ထိန မိဒ္ဓဟူသော တားမြစ်ပိတ်ပင် တတ်သောတရား၊

၄။ ဥဒ္ဓစ္စကုက္ကုစ္စ နိဝရဏ= တရားအားထုတ်သူတို့၏ စိတ်ကို ပျံ့လွင့်စေတတ်, နောင်တတဖန် ပူပန် စေတတ်သော ဥဒ္ဓစ္စ ကုက္ကုစ္စ ဟူသော တားမြစ်ပိတ်ပင်တတ်သော တရား။

၅။ ဝိစိကိစ္ဆာနိဝရဏ = တရားအားထုတ်သူတို့၏ စိတ်ကို ယုံမှားသံသယဖြစ်စေတတ်သော ဝိစိကိစ္ဆာ ဟူသော တားမြစ်ပိတ်ပင် တတ်သော တရား၊

၆။ အဝိဇ္ဇာနိဝရဏ = တရားအားထုတ်သူတို့၏ စိတ်ကို အမှန်တရားကို မသိအောင် ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော တားမြစ် ပိတ်ပင်တတ်သော တရား၊ ဤသို့ (၆)ပါး အပြားရှိသည်။

နိဝရဏ (၆) ပါး၏ တရားကိုယ်

၁။ လောဘသည် ကာမစ္ဆန္ဒနိဝရဏ မည်၏။

၂။ ဒေါသသည် ဗျာပါဒနိဝရဏ မည်၏။

၃။ ထိနနှင့် မိဒ္ဓသည် ထိနမိဒ္ဓနိဝရဏ မည်၏။

၄။ ဥဒ္ဓစ္စ ကုက္ကုစ္စသည် ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏ မည်၏။

၅။ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာနိဝရဏမည်၏။

၆။ မောဟသည် အဝိဇ္ဇာနိဝရဏမည်၏။

နိဝရဏတရားကိုယ်သည် လောဘ ဒေါသ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ မောဟ အားဖြင့် (၈)ပါး ရှိ၏။ ထိုသို့ (၈)ပါး ရှိသော်လည်း ထိနနှင့် မိဒ္ဓ၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့ကို နိဝရဏ တစ်ပါးစီအနေဖြင့် ပေါင်း၍ ဟောထား သောကြောင့် နိဝရဏ (၆) ပါးသာ ရှိသည်။

ထိနနှင့် မိဒ္ဓ, ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့ကို တွဲ၍ ဟောရပုံ

ယင်းစေတသိက်တို့သည် ကိစ္စ, အကြောင်းဆန့်ကျင်ဘက် အားဖြင့် တူနေကြကုန်၏။ ထို့ကြောင့် ထိုစေတသိက်တို့ကို တွဲ၍ ဟောသည်။

ထင်ရှားစေအံ့-ထိန, မိဒ္ဓ နှစ်ပါးလုံးသည် စိတ်၊ စေတသိက်တို့၏ တွန့်ဆုတ်သည်၏အဖြစ်သို့ ရောက်စေခြင်း ကိစ္စရှိ၏။ ဥဒ္ဓစ္စ, ကုက္ကုစ္စ နှစ်ပါးလုံးသည် စိတ်၊ စေတသိက်တို့၏ မငြိမ်သက်သည်၏အဖြစ်သို့ ရောက်စေခြင်း ကိစ္စရှိ၏။ ဤကား ကိစ္စတူပုံတည်း။

ထိန, မိဒ္ဓ နှစ်ပါးလုံးသည် ပျင်းရိခြင်း, ကိုယ်လက်တဆန့်ဆန့် ဖြစ်ခြင်းလျှင် အကြောင်းရှိ၏။ ဥဒ္ဓစ္စ, ကုက္ကုစ္စ နှစ်ပါးလုံးသည် ဆွေမျိုး ပျက်စီးခြင်း ဥစ္စာပြုန်းတီးခြင်း စသည်တို့ကြောင့် အထူးထူးကြံစီသော ဝိတက်လျှင် အကြောင်းရှိ၏။ ဤကား အကြောင်းတူပုံတည်း။

ထိန, မိဒ္ဓ နှစ်ပါးလုံးသည် အားထုတ်ခြင်း ဝီရိယ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဥဒ္ဓစ္စနှင့်ကုက္ကုစ္စနှစ်ပါးလုံးသည် တည်ကြည်မှု သမထ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဤကား ဆန့်ကျင်ဘက် တူပုံတည်း။

ဤသို့လျှင် ထိနနှင့် မိဒ္ဓ, ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် ကိစ္စ အကြောင်း ဆန့်ကျင်ဘက်အားဖြင့် တူကြကုန်၏။ ထို့ကြောင့် နိဝရဏအရာ၌ တပေါင်းတည်း တွဲ၍ ဟောသည်။

အနုသယ(၇) ပါး

မျိုးစေ့မာတ်သည် ရေ မြေ စသော အကြောင်း တိုက်ဆိုင်လာလျှင် အပင် ဖြစ်ပေါ်လာသကဲ့သို့ လည်းကောင်း၊ အနာမန်း အနာမြိုသည် ညှော်နှံ့နှင့် ပေါင်းဆုံမိသောအခါ နောက်ထပ်တဖန် အနာဖြစ်လာသကဲ့သို့ လည်းကောင်း၊ လောဘ ဒေါသ စသော စေတသိက်တို့သည်လည်း မဂ်ဖြင့် အပြီးသတ် မပယ်ရသေးသမျှ အကြောင်းတိုက်ဆိုင်လာလျှင် ဖြစ်တတ်ကြကုန်၏။ ထို့ကြောင့် ယင်းစေတသိက်တို့ကို အနုသယဟုခေါ်သည်။

ထိုမျိုးစေ့မာတ် အနုသယသည်-

၁။ ကာမရာဂအနုသယ =ကာမဂုဏ်ကို တပ်မက်သော လောဘဟူသော အနုသယ၊

၂။ ဘဝရာဂအနုသယ = ဈာန်ဘုံနှင့် စျာန်တို့ကို တပ်မက်သော လောဘဟူသော အနုသယ၊

၃။ ပဋိဃအနုသယ = ပြစ်မှားတတ်သော ဒေါသဟူသော အနုသယ၊

၄။ မာနအနုသယ = ထောင်လွှားမှု မာန်မာနဟူသော အနုသယ၊

၅။ ဒိဋ္ဌိအနုသယ = အမြင်မှားမှု ဒိဋ္ဌိဟူသော အနုသယ၊

၆။ ဝိစိကိစ္ဆာအနုသယ = ယုံမှားမှု ဝိစိကိစ္ဆာဟူသော အနုသယ၊

၇။ အဝိဇ္ဇာအနုသယ = မသိမှု မောဟ ဟူသော အနုသယ- ဟူ၍ ခုနစ်ပါးအပြားရှိသည်။

အနုသယ (၇) ပါး၏ တရားကိုယ်

၁။ လောဘသည် ကာမရာဂါနုသယ မည်၏။
၂။ လောဘသည် ဘဝရာဂါနုသယ မည်၏။
၃။ ဒေါသသည် ပဋိဃာနုသယ မည်၏။
၄။ မာနသည် မာနာနုသယ မည်၏။
၅။ ဒိဋ္ဌိသည် ဒိဋ္ဌာနုသယ မည်၏။
၆။ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာနုသယ မည်၏။
၇။ မောဟသည် အဝိဇ္ဇာနုသယ မည်၏။

သံယောဇဉ် (၁၀) ပါး

ကြိုးဖြင့် ထိုထိုအရာဝတ္ထုများကို လွတ်ထွက်မသွားအောင် ချည်နှောင်သကဲ့သို့ လောဘ စသော စေတသိက်တို့သည်လည်း မိမိဖြစ်ပေါ်ရာ သတ္တဝါတို့ကို သံသရာမှ မလွတ်ရအောင် ချည်နှောင်တတ်ကုန်၏။ ထို့ကြောင့် ထိစေတသိက်တို့ကို သံယောဇဉ်ဟု ခေါ်သည်။

ထိုသံယောဇဉ်သည်-

၁။ သုတ္တန်ပါဠိတော်၌ ဟောအပ်သော သုတ္တန်နည်း သံယောဇဉ်(၁၀)ပါး၊

၂။ အဘိဓမ္မာပါဠိတော်၌ ဟောအပ်သော အဘိဓမ္မာနည်း သံယောဇဉ် (၁၀)ပါးဟု နှစ်မျိုးရှိ၏။ ထိုတွင်-

သုတ္တန်ပေါင်းတော်၌ ဟောအပ်သော သုတ္တန်နည်း သံယောဇဉ်တို့သည်-

၁။ကာမရာဂ သံယောဇဉ် = ကာမဂုဏ်၌ တပ်မက်မှု လောဘ ဟူသော သံယောဇဉ်၊

၂။ရူပရာဂ သံယောဇဉ် = ရူပစျာန်နှင့်အကျိုး၌ တပ်မက်မှု လောဘ ဟူသော သံယောဇဉ်၊

၃။အရူပရာဂ သံယောဇဉ် = အရူပစျာန်နှင့်အကျိုး၌ တပ်မက်မှု လောဘဟူသော သံယောဇဉ်၊

၄။ပဋိဃ သံယောဇဉ် = ပြစ်မှားတတ်သော ဒေါသ သံယောဇဉ်

၅။မာန သံယောဇဉ် = ထောင်လွှားမှု မာန်မာန သံယောဇဉ်၊

၆။ဒိဋ္ဌိ သံယောဇဉ် = အမြင်မှားမှု မိစ္ဆာဒိဋ္ဌိဟူသော သံယောဇဉ်

၇။သီလဗ္ဗတပရာမာသ
သံယောဇဉ် = အကျင့်သီလ၌ မှားသောအားဖြင့် သုံးသပ်ရှုမြင်သော ဒိဋ္ဌိသံယောဇဉ်၊

၈။ဝိစိကိစ္ဆာ သံယောဇဉ် = ယုံမှားမှု ဝိစိကိစ္ဆာ သံယောဇဉ်၊

၉။ဥဒ္ဓစ္စ သံယောဇဉ် = ပျံ့လွင့်မှု ဥဒ္ဓစ္စ သံယောဇဉ်၊

၁၀။အဝိဇ္ဇာသံယောဇဉ် = မသိမှု မောဟ သံယောဇဉ်၊ ဤသို့ (၁၀)ပါး အပြားရှိသည်။

သံယောဇဉ် (၁၀) ပါး၏ တရားကိုယ်

၁။ လောဘသည် ကာမရာဂ သံယောဇဉ် မည်၏။

၂။ လောဘသည် ရူပရာဂ သံယောဇဉ် မည်၏။

၃။ လောဘသည် အရူပရာဂ သံယောဇဉ် မည်၏။

၄။ ဒေါသသည် ပဋိဃ သံယောဇဉ် မည်၏။

၅။ မာနသည် မာန သံယောဇဉ် မည်၏။

၆။ ဒိဋ္ဌိသည် ဒိဋ္ဌိ သံယောဇဉ် မည်၏။

၇။ ဒိဋ္ဌိသည် သီလဗ္ဗတပရာမာသ သံယောဇဉ် မည်၏။

၈။ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာ သယောဇဉ် မည်၏။

၉။ ဥဒ္ဓစ္စသည် ဥဒ္ဓစ္စ သံယောဇဉ် ၁ည်၏။

၁၀။ မောဟသည် အဝိဇ္ဇာ သံယောဇဉ် မည်၏။

သံယောဇဉ်တရားကိုယ်သည် အကျဉ်းအားဖြင့် လောဘ ဒေါသ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ မောဟ အားဖြင့် (၇)ပါးသာရှိ၏။ သို့သော်လည်း လောဘကို ကာမရာဂသံယောဇဉ် ရူပရာဂ သံယောဇဉ် အရူပရာဂ သံယောဇဉ် အားဖြင်းလည်းကောင်း၊ ဒိဋ္ဌိကို ဒိဋ္ဌိ သံယောဇဉ် သီလဗ္ဗတ ပရာမာသ သံယောဇဉ် အားဖြင့်လည်းကောင်း ခွဲ၍ ဟောထားသောကြောင့် (၁၀) ပါး ဖြစ်လာသည်။

အဘိဓမ္မာပါဠိတော်၌ ဟောအပ်သော အဘိဓမ္မာနည်း သံယောဇဉ် တို့ကား-

၁။ ကာမရာဂ သံယောဇဉ်= ကာမဂုဏ်၌ တပ်မက်မှု လောဘ ဟူသော သံယောဇဉ်၊

၂။ ဘဝရာဂ သံယောဇဉ်= ဖြဟ္မာဘုံနှင့် စျာန်တို့ကို တပ်မက်မှု လောဘ ဟူသော သံယောဇဉ်၊

၃။ ပဋိဃ သံယောဇဉ် = ပြစ်မှားတတ်သော ဒေါသ ဟူသော သံယောဇဉ်၊

၄။ မာန သံယောဇဉ် = ထောင်လွှားမှု မာနဟူသော သံယောဇဉ်၊

၅။ ဒိဋ္ဌိ သံယောဇဉ် = အမြင်မှားမှု ဒိဋ္ဌိ ဟူသော သံယောဇဉ်၊

၆။ သီလဗ္ဗတပရာမာသ
သံယောဇဉ် = အလေ့အကျင့်၌ အမှားသုံးသပ်မှု ဒိဋ္ဌိ ဟူသော သံယောဇဉ်၊

၇။ ဝိစိကိစ္ဆာ သံယောဇဉ် = ယုံမှားမှု ဝိစိကိစ္ဆာဟူသော သံယောဇဉ်၊

၈။ ဣဿာ သံယောဇဉ် = မနာလို ငြူစူမှု ဟူသော သံယောဇဉ်၊

၉။ မစ္ဆရိယ သံယောဇဉ် = ဝန်တိုမှု မစ္ဆရိယ ဟူသော သံယောဇဉ်၊
၁၀။ အဝိဇ္ဇာ သံယောဇဉ် = မသိမှု မောဟ ဟူသော သံယောဇဉ်၊
ဤသို့ (၁၀) ပါး အပြားရှိ၏။

အဘိဓမ္မာနည်း သံယောဇဉ်သည် တရားကိုယ်အကျဉ်းအားဖြင့် လောဘ ဒေါသ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဣဿာ မစ္ဆရိယ မောဟ အားဖြင့် ၈-ပါးသာ ရှိ၏။ သို့သော်လည်း လောဘကို ကာမရာဂသံယောဇဉ် ဘဝရာဂ သံယောဇဉ်အားဖြင့် လည်းကောင်း၊ ဒိဋ္ဌိကို ဒိဋ္ဌိသံယောဇဉ် သီလဗ္ဗတပရာမာသ သံယောဇဉ်အာဖြင့်လည်းကောင်း နှစ်မျိုးစီခွဲ၍ ဟောထားသောကြောင့်(၁၀)ပါး ဖြစ်လာသည်။

သံယောဇဉ်တရားကိုယ် (၉) ပါး

အဘိဓမ္မာနည်း၌ တရားကိုယ်သည် သုတ္တန်နည်းထက် ဣဿာနှင့် မစ္ဆရိယ(၂)ပါးပို၏။ ဥဒ္ဓစ္စ လျော့၏။ ထို့ကြောင့် နည်းနှစ်ပါး ပေါင်းလျှင် လောဘ ဒေါသ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ ဣဿာ မစ္ဆရိယ မောဟ ဟူ၍ သံယောဇဉ် တရားကိုယ် (၉) ပါးရှိသည်။

ကိလေသာ (၁၀) ပါး

မီးသည် အရာဝတ္ထုတို့ကို လောင်းကျွမ်းသကဲ့သို့လည်းကောင်း၊ အညစ်အကြေးတို့သည် ဖြူစင်သော အဝတ်စသည်ကို ညစ်နွမ်းစေတတ်သကဲ့သို့ လည်းကောင်း၊ လောဘ စသော စေတသိက်တို့သည်လည်း သတ္တဝါတို့၏ စိတ်အစဉ်ကို လောင်းကျွမ်းတတ်ကုန်၏။ ညစ်နွမ်းစေတတ်ကုန်၏။ ထို့ကြောင့် ထိုစေတသိက်တို့ကို ကိလေသာမီး ကိလေသာအညစ်အကြေးဟု ခေါ်သည်။

ကိလေသာသည်-

၁။ လောဘ ကိလေသာ= လိုချင်မှု လောဘ ဟူသော အညစ်အကြေး၊
၂။ ဒေါသ ကိလေသာ = အမျက်ထွက်မှု ဒေါသဟူသော အညစ် အကြေး၊
၃။ မောဟ ကိလေသာ= မသိမှုမောဟ ဟူသော အညစ်အကြေး၊

၄။ မာန ကိလေသာ =ထောင်လွှားမှု မာနဟူသော အညစ်အကြေး၊
၅။ ဒိဋ္ဌိ ကိလေသာ = အမြင်မှားမှု ဒိဋ္ဌိဟူသော အညစ်အကြေး၊
၆။ ဝိစိကိစ္ဆာကိလေသာ= ယုံမှားမှု ဝိစိကိစ္ဆာဟူသော အညစ်အကြေး၊
၇။ ထိန ကိလေသာ = ထိုင်းမှိုင်းမှု ထိနဟူသော အညစ်အကြေး၊
၈။ ဥဒ္ဓစ္စ ကိလေသာ = ပျံလွှင့်မှု ဥဒ္ဓစ္စဟူသော အညစ်အကြေး၊
၉။ အဟိရိက ကိလေသာ=မကောင်းမှုမှ မရှက်မှု အဟိရိက ဟူသော အညစ်အကြေး၊
၁၀။အနောတ္တပ္ပ ကိလေသာ=မကောင်းမှုမှ မကြောက်လန့်မှု အနောတ္တပ္ပ ဟူသော အညစ်အကြေး။

(တရားကိုယ်မှာ နာမည်အတိုင်းပင်ဖြစ်၍ ထင်ရှားပြီ။)

တစ်ထောင်ငါးရာ ကိလေသာ

အာရုံကို သိခြင်း လက္ခဏာအားဖြင့် စိတ်(၁)ပါး၊ စေတသိက်(၅၂)ပါး၊

ပေါင်း = နာမ်တရား (၅၃) ပါး၊
နိပ္ပန္နရုပ် (၁၈) ပါး၊
လက္ခဏာရုပ် (၄) ပါး၊

ပေါင်း = (၇၅) ပါးကို လောဘ စသော တရားတို့က အာရုံပြုကြ၏။

ထို (၇၅) ပါးသော အာရုံသည် မိမိအစ္ဆတ္တသန္တာန်မှာလည်း ရှိ၏။ ဗဟိဒ္ဓသန္တာန်မှာလည်း ရှိ၏။ ထို့ကြောင့် အစ္ဆတ္တသန္တာန်ကို အာရုံပြု၍ လောဘ (၇၅) ပါး ဗဟိဒ္ဓသန္တာန်ကို အာရုံပြု၍ လောဘ (၇၅) ပါးရှိရကား လောဘပေါင်း (၁၅၀) ဖြစ်၏။ လောဘ ကိလေသာကဲ့သို့ ဒေါသစသော ကိလေသာများလည်း(၁၅၀) စီရှိရကား (၁၅၀)ကိုတည် ကိလေသာ (၁၀) ပါး ဖြင့် မြှောက်လျှင် (၁၅၀၀) တစ်ထောင်ငါးရာ ကိလေသာ ဖြစ်သည်။

" ခုနစ်ဆဲငါး၊ နာမ်ရုပ်ထား၍ ၊ နှစ်ပါးဆယ်တွေ၊
မြှောက်ပွားရသော်၊ ကိလေသာစက်၊ ဘုံးထောင်ဝက်"

(ရှင်မဟာရဿသာရ)

ဟိတ်စသည် နာမည်ရသည့် ကုသိုလ် အကုသိုလ်စေတသိက်များ

ဟိတ် (၆) ပါး

ရသောက်မြစ်သည် သစ်ပင်ကို ထောက်ပံ့ ခိုင်ခံ့စေသကဲ့သို့ လောဘ စသော စေတသိက်တို့သည်လည်း မိမိနှင့်တကွဖြစ်ဖက် ရုပ်နာမ်တရားတို့ကို ထောက်ပံ့ ခိုင်ခံ့စေတတ်၏။ ထို့ကြောင့် ယင်းစေတသိက်တို့ကို ဟေတု = ရသောက်မြစ်ဟိတ်ဟု ခေါ်သည်။

ထိုဟိတ်သည်–

၁။ လောဘဟိတ် = လိုချင်တပ်မက်မှု လောဘ ရသောက်မြစ်၊
၂။ ဒေါသဟိတ် = အမျက်ထွက်မှု ဒေါသ ရသောက်မြစ်၊
၃။ မောဟဟိတ် = မသိမှု တွေဝေမှု မောဟ ရသောက်မြစ်၊
၄။ အလောဘဟိတ်= မလိုချင် မတပ်မက်မှု အလောဘ ရသောက်မြစ်၊
၅။ အဒေါသဟိတ်= အမျက်မထွက်မှု အဒေါသ ရသောက်မြစ်၊
၆။ အမောဟဟိတ်= သိမှု မတွေဝေမှု အမောဟ ရသောက်မြစ်၊

ဤသို့ (၆) ပါး အပြားရှိသည်။

(ဟိတ် ၆-ပါးတရားကိုယ်ကား – နာမည်အတိုင်းထင်ရှားပြီ။)

စျာန် (၇) ပါး

ဝိတက်စသော တရားအပေါင်းသည် ကောင်းသော အာရုံ မကောင်းသော အာရုံတို့ကို စူးစူးစိုက်စိုက်ရှုတတ်၏။ ထို့ကြောင့် ယင်းစေတသိက် အပေါင်းကို စျာန = စျာန်ဟု ခေါ်သည်။

ထိုစျာန်အပေါင်း၏ အစိတ်အင်္ဂါတစ်ပါးပါးကို စျာနင် = စျာနင် (စျာန်အင်္ဂါ စူးစိုက်ရှုမှု အစိတ်အင်္ဂါ)ဟု ခေါ်သည်။

ထိုစျာနင်သည်–

၁။ ဝိတက်စျာနင် = ကြံစိမှု ဝိတက်ဟူသော စူးစိုက်ရှုမှု အစိတ်အင်္ဂါ၊

၂။ ဝိစာရ စျာနင် = သုံးသပ်မှု ဝိစာရဟူသော စူးစိုက်ရှုမှု အစိတ်အင်္ဂါ၊

၃။ ပီတိစျာနင် = နှစ်သက်မှု ပီတိဟူသော စူးစိုက်ရှုမှု အစိတ်အင်္ဂါ၊

၄။ ဧကဂ္ဂတာစျာနင် = (တစ်ခုတည်းသော အာရုံ၌မှု) တည်ကြည်မှု ဧကဂ္ဂတာ ဟူသော စူးစိုက်ရှုမှု အစိတ်အင်္ဂါ၊

၅။ သောမနဿဝေဒနာစျာနင် = အကောင်းအာရုံကို ခံစားမှု သောမနဿဟူသော စူးစိုက်ရှုမှု အစိတ်အင်္ဂါ၊

၆။ ဒေါမနဿ စျာနင် = အဆိုးအာရုံကိုခံစားမှု ဒေါမနဿဟူသော စူးစိုက်ရှုမှု အစိတ်အင်္ဂါ၊

၇။ ဥပေက္ခာစျာနင် = အလယ်အလတ်အာရုံကို ခံစားမှု ဥပေက္ခာဟူသော စူးစိုက်ရှုမှု အစိတ်အင်္ဂါ - ဤသို့ (၇) ပါး အပြားရှိသည်။

စျာနင်၏ တရားကိုယ်

၁။ ဝိတက်စေတသိက်သည် = ဝိတက်စျာနင်မည်၏။

၂။ ဝိစာရ စေတသိက်သည် = ဝိစာရစျာနင်မည်၏။

၃။ ပီတိ စေတသိက်သည် = ပီတိစျာနင်မည်၏။

၄။ ဧကဂ္ဂတာ စေတသိက်သည် = ဧကဂ္ဂတာ စျာနင်မည်၏။

၅။ သောမနဿဝေဒနာသည် = သောမနဿ စျာနင်မည်။

၆။ ဒေါမနဿဝေဒနာသည် = ဒေါမနဿစျာနင်မည်။

၇။ ဥပေက္ခာဝေဒနာသည် = ဥပေက္ခာစျာနင်မည်။

စျာနင်၏တရားကိုယ်သည် အကျဉ်းအားဖြင့် ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာ ဝေဒနာဟု ငါးပါးသာရှိ၏။

သို့သော်လည်း ဝေဒနာကို စျာနင် ၃-မျိုးအနေဖြင့် ဟောထား သောကြောင့် စျာနင်(၇)ပါး ဖြစ်လာသည်။

မဂ္ဂင် (၁၂) ပါး

လူတို့၏ သွားရာလမ်းကို မဂ္ဂဟု ခေါ်၏။ ထိုလမ်းသည် သွားလိုသူတို့ကို လိုရာသို့ ရောက်အောင် ပို့ဆောင်တတ်သကဲ့သို့ အမောဟ-စသော စေတသိက်တို့သည်လည်း သုဂတိဘုံဘဝသို့ လည်းကောင်း၊ နိဗ္ဗာန်သို့ လည်းကောင်း၊ ဒုဂ္ဂတိ ဘုံဘဝသို့လည်းကောင်း ရောက်အောင် ပို့ဆောင်တတ်၏။ ထို့ကြောင့် ယင်းစေတသိက်အပေါင်းကို မဂ္ဂ = မဂ်(လမ်း)ဟုခေါ်သည်။

ထိုမဂ္ဂ = လမ်းမည်သော တရားအပေါင်း၏ အစိတ်အင်္ဂါတစ်ပါးပါးကို မဂ္ဂင် = မဂ္ဂင်(လမ်းအစိတ်အင်္ဂါ)ဟု ခေါ်သည်။

ထိုမဂ္ဂင်သည်-

၁။ သမ္မာဒိဋ္ဌိမဂ္ဂင် = မှန်ကန်စွာ သိမြင်မှု၊

၂။ သမ္မာသင်္ကပ္ပမဂ္ဂင် = မှန်ကန်စွာ ကြံစိမှု၊

၃။ သမ္မာဝါစာမဂ္ဂင် = မှန်ကန်စွာ ပြောဆိုမှု၊ (ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်မှု)

၄။ သမ္မာကမ္မန္တမဂ္ဂင် = မှန်ကန်စွာ ပြုလုပ်မှု(ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်မှု)

၅။ သမ္မာအာဇီဝမဂ္ဂင် = မှန်ကန်စွာ အသက်မွေးမှု (အသက် မွေးမှုနှင့်ဆိုင်သည့် ကာယ-ဝစီ ဒုစရိုက် တို့မှ ရှောင်ကြဉ်မှု)

၆။ သမ္မာဝါယာမ မဂ္ဂင် = မှန်ကန်စွာ အားထုတ်မှု၊

၇။ သမ္မာသတိ မဂ္ဂင် = မှန်ကန်စွာ အောက်မေ့မှု၊
၈။ သမ္မာသမာဓိ မဂ္ဂင် = မှန်ကန်စွာ စူးစိုက်တည်ကြည်မှု၊
၉။ မိစ္ဆာဒိဋ္ဌိ မဂ္ဂင် = မှားယွင်းစွာ သိမြင်မှု
၁၀။ မိစ္ဆာသင်္ကပ္ပ မဂ္ဂင် = မှားယွင်းစွာ ကြံစည်မှု၊
၁၁။ မိစ္ဆာဝါယာမ မဂ္ဂင် = မှားယွင်းစွာ အားထုတ်မှု၊
၁၂။ မိစ္ဆာသမာဓိမဂ္ဂင် = မှားယွင်းစွာ စူးစိုက်တည်ကြည်မှု
ဤသို့ (၁၂) ပါးအပြားရှိ၏။

မဂ္ဂင်၏ တရားကိုယ်

၁။ ပညာစေတသိက်သည် သမ္မာဒိဋ္ဌိ မဂ္ဂင် မည်၏။
၂။ ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပ မဂ္ဂင် မည်၏။
၃။ သမ္မာဝါစာ စေတသိက်သည် သမ္မာဝါစာ မဂ္ဂင် မည်၏။
၄။ သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တ မဂ္ဂင် မည်၏။
၅။ သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝ မဂ္ဂင် မည်၏။
၆။ ဝီရိယ စေတသိက်သည် သမ္မာဝါယာမမ ဂ္ဂင် မည်၏။
၇။ သတိစေတသိက်သည် သမ္မာသတိ မဂ္ဂင် မည်၏။
၈။ ဧကဂ္ဂတာစေတသိက်သည် သမ္မာသမာဓိ မဂ္ဂင် မည်၏။
၉။ ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိ မဂ္ဂင် မည်၏။
၁၀။ ဝိတက်စေတသိက်သည် မိစ္ဆာသင်္ကပ္ပ မဂ္ဂင် မည်၏။
၁၁။ ဝီရိယစေတသိက်သည် မိစ္ဆာဝါယာမ မဂ္ဂင် မည်၏။
၁၂။ ဧကဂ္ဂတာစေတသိက်သည် မိစ္ဆာသမာဓိ မဂ္ဂင် မည်၏။

မဂ္ဂင်၏ တရားကိုယ်သည် အကျဉ်းအားဖြင့် ပညာ၊ ဝိတက်၊ ဝိရတီ ၃-ပါး၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိအားဖြင့် ၉-ပါးသာရှိ၏။ သို့သော်လည်း ဝိတက် ဝီရိယ ဧကဂ္ဂတာ တို့ကို မဂ္ဂင် ၂-မျိုးစီ ဟောထား သောကြောင့် မဂ္ဂင် (၁၂) ပါး ဖြစ်သည်။

ကုန္ဒြေ (၂၂) ပါး

နိုင်ငံတော်၏ တာဝန်အမျိုးမျိုးကို ထမ်းဆောင်နေကြသည့်အကြီးအကဲတို့သည် မိမိတို့၏ ဆိုင်ရာဌာန ဆိုင်ရာ ကိစ္စတို့၌ အစိုးရသကဲ့သို့ စိတ်စေတသိက် ရုပ်တို့သည်လည်း မိမိဆိုင်ရာကိစ္စ ဌာနတို့၌ အစိုးရကုန်၏။ ထို့ကြောင့် ယင်းတို့ကို ကုန္ဒြေယ ဟုခေါ်သည်။

ထိုကုန္ဒြေသည်–

၁။ စက္ခုန္ဒြေ = မြင်မှုကို အစိုးရခြင်း၊
၂။ သောတိန္ဒြေ = ကြားမှုကို အစိုးရခြင်း၊
၃။ ဃာနိန္ဒြေ = နံမှုကို အစိုးရခြင်း၊
၄။ ဇိဝှိန္ဒြေ = အရသာသိမှုကို အစိုးရခြင်း၊
၅။ ကာယိန္ဒြေ = အတွေ့သိမှုကို အစိုးရခြင်း၊
၆။ ကုတ္ထိန္ဒြေ = မ– ဖြစ်မှုကို အစိုးရခြင်း၊
၇။ ပုရိသိန္ဒြေ = ကျား– ဖြစ်မှုကို အစိုးရခြင်း၊
၈။ ဇီဝိတိန္ဒြေ = အသက်ရှင်မှုကို အစိုးရခြင်း၊
၉၊ မနိန္ဒြေ = အာရုံသိမှုကို အစိုးရခြင်း
၁၀။ သုခိန္ဒြေ = ချမ်းသာမှုကို အစိုးရခြင်း
၁၁။ ဒုက္ခိန္ဒြေ = ဆင်းရဲမှုကို အစိုးရခြင်း၊
၁၂။ သောမနဿိန္ဒြေ = ဝမ်းမြောက်မှု အစိုးရခြင်း၊
၁၃။ ဒေါမနဿိန္ဒြေ = စိတ်ဆင်းရဲမှု အစိုးရခြင်း၊
၁၄။ ဥပေက္ခိန္ဒြေ = မဆင်းရဲ မချမ်းသာမှု အစိုးရခြင်း၊
၁၅။ သဒ္ဓိန္ဒြေ = သဒ္ဓါအစိုးရခြင်း
၁၆။ ဝီရိယိန္ဒြေ = ဝီရိယ အစိုးရခြင်း
၁၇။ သတိန္ဒြေ = သတိ အစိုးရခြင်း
၁၈။ သမာဓိန္ဒြေ = သမာဓိ အစိုးရခြင်း
၁၉။ ပညိန္ဒြေ = ပညာ၊ အစိုးရခြင်း

၂၀။ အနာညာတညဿာမိတိန္ဒြေ = မသိဖူးသေးသော သစ္စာလေးပါးကို အစိုးတရသိခြင်း (သောတာပတ္တိ မဂ်ဉာဏ်)

၂၁။ အညိန္ဒြေ = သိပြီးသား သစ္စာလေးပါးကို ထပ်၍ အစိုးတရသိခြင်း (အထက်မဂ်ဉာဏ်, အောက် ဖိုလ်ဉာဏ် ၆-ပါး)

၂၂။ အညာတာဝိန္ဒြေ = သိပြီးသား သစ္စာလေးပါးကို အပြီးသတ် အစိုးတရသိခြင်း (အရဟတ္တဖိုလ်ဉာဏ်) ဤသို့ (၂၂) ပါးအပြားရှိသည်။

ဣန္ဒြေ (၂၂) ပါး၏ တရားကိုယ်များ

၁။ စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေမည်၏။

၂။ သောတပသာဒရုပ်သည် သောတိန္ဒြေမည်၏။

၃။ ဃာနပသာဒရုပ်သည် ဃာနိန္ဒြေမည်၏။

၄။ ဇိဝှါပသာဒရုပ်သည် ဇိဝှိန္ဒြေမည်၏။

၅။ ကာယပသာဒရုပ်သည် ကာယိန္ဒြေမည်၏။

၆။ ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေမည်၏။

၇။ ပုရိသဘာဝရုပ်သည် ပုရိသိန္ဒြေမည်၏။

၈။ ရုပ်ဇီဝိတ နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေမည်၏။

၉။ စိတ် ၈၉-ပါးသည် မနိန္ဒြေမည်၏။

၁၀။ ဝေဒနာ စေတသိက်သည် သုခိန္ဒြေမည်၏။

၁၁။ ဝေဒနာ စေတသိက်သည် ဒုက္ခိန္ဒြေမည်၏။

၁၂။ ဝေဒနာ စေတသိက်သည် သောမနဿိန္ဒြေမည်၏။

၁၃။ ဝေဒနာ စေတသိက်သည် ဒေါမနဿိန္ဒြေမည်၏။

၁၄။ ဝေဒနာ စေတသိက်သည် ဥပေက္ခာန္ဒြေမည်၏။
၁၅။ သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်၏။
၁၆။ ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။
၁၇။ သတိစေတသိက်သည် သတိန္ဒြေမည်၏။
၁၈။ ဧကဂ္ဂတာ စေတသိက်သည် သမာဓိန္ဒြေမည်၏။
၁၉။ ပညာစေတသိက်သည် ပညိန္ဒြေမည်၏။
၂၀။ သောတာပတ္တိမဂ်စိတ်၌ ရှိသော ပညာစေတသိက်သည် အနညာတညဿာမိတိန္ဒြေမည်၏။
၂၁။ အထက်မဂ် ၃-ခု၊ အောက်ဖိုလ် ၃-ခု၌ရှိသော ပညာစေတသိက်သည် အညိန္ဒြေမည်၏။
၂၂။ အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေမည်၏။

ဤန္ဒြေ၏တရားကိုယ်သည် အကျဉ်းအားဖြင့် စက္ခု သောတ ဃာန ဇိဝှါ ကာယ - ဟူသော ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး ၊ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာ၊ ပညာ ဟူ၍ (၁၆)ပါးသာ ရှိ၏။ သို့သော်လည်း ဝေဒနာကို ၅-ဌာန၊ ပညာကို ၄-ဌာနအားဖြင့် ဟောထား၍ ဤန္ဒြေ (၂၂) ပါး ဖြစ်လာသည်။

ဖိုလ် (၉) ပါး

ခေါင်းဆောင်ဖိုလ်သည် နိုင်ငံတော်၏ ဆန့်ကျင်ဘက်ဖြစ်သော ရန်သူတို့ကို တိုက်ဖျက်၍ ငြိမ်းအေးမှု တည်တံ့ခိုင်မြဲအောင် ရွက်ဆောင်ကြသကဲ့သို့ ထို့အတူ သဒ္ဓါ ဝီရိယစသော ကုသိုလ်စေတသိက်တို့သည်လည်း မိမိတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သာ တရားတို့ကို တိုက်ဖျက်၍ အေးချမ်းသာယာပြီး မြဲမြံခိုင်ခံ့တည်တံ့အောင် ရွက်ဆောင်ကြကုန်၏။ ထို့ကြောင့် ယင်းစေတသိက်တို့ကို ဗလ=ဖိုလ်ဟုခေါ်သည်။

ထို ဗိုလ်သည်–

၁။ သဒ္ဒါဗိုလ် = ရတနာသုံးပါး ကဲ့ကဲ့၏ အကျိုးဒ္ဒ မယုံကြည် သူများကို တိုက်ဖျက်သည့်ဗိုလ်၊

၂။ ဝိရိယဗိုလ် = ကုသိုလ်ကောင်းမှု အားမထုတ်သူများကို တိုက်ဖျက်သည့်ဗိုလ်၊

၃။ သတိဗိုလ် = ကုသိုလ်ကောင်းမှုဌ မေ့လျော့နေသူများကို တိုက်ဖျက်သည့်ဗိုလ်၊

၄။ သမာဓိဗိုလ် = ကုသိုလ်ကောင်းမှုဌ မတည်မြဲသူများကို တိုက်ဖျက်သည့်ဗိုလ်၊

၅။ ပညာဗိုလ် = ကောင်းမှု မကောင်းမှုဌ ခွဲခြားမသိသူ များကို တိုက်ဖျက်သည့်ဗိုလ်၊

၆။ အဟိရိကဗိုလ် = မကောင်းမှုမှ မရှက်သူများကို တိုက်ဖျက် သည့်ဗိုလ်၊

၇။ ဩတ္တပ္ပဗိုလ် = မကောင်းမှုမှ မကြောက်သူများကို တိုက်ဖျက် သည့် ဗိုလ် ဟူ၍ (၇) မျိုးရှိ၏။

၁။ ဟိရိကဗိုလ် = ဟိရိဗိုလ်၏ ရန်သူ အကုသိုလ်ဗိုလ်၊

၂။ အနောတ္တပ္ပဗိုလ် = ဩတ္တပ္ပဗိုလ်၏ ရန်သူ အကုသိုလ် ဗိုလ်ဟူ၍ ဗိုလ် (၂) မျိုးရှိ၏။

ဤသို့ ဓမ္မနှင့် အဓမ္မအင်အားစုနှစ်ခု ဗိုလ် (၉) ယောက်ရှိ၏။

အကုသိုလ်ဗိုလ်တို့ကလည်း မကောင်းမှုတရားများ တည်မြဲအောင် ရွက်ဆောင်ပေးနေကြ၏။

ဗိုလ်တရားကိုယ်များ

၁။ သဒ္ဒါစေတသိက်သည် သဒ္ဒါဗိုလ်မည်၏၊

၂။ ဝိရိယစေတသိက်သည် ဝိရိယဗိုလ်မည်၏။

၃။ သတိစေတသိက်သည် သတိဗိုလ်မည်၏။
၄။ ဧကဂ္ဂတာစေတသိက်သည် သမာဓိဗိုလ်မည်၏။
၅။ ပညာစေတသိက်သည် ပညာဗိုလ်မည်၏။
၆။ ဟီရိစေတသိက်သည် ဟီရိဗိုလ်မည်။
၇။ ဩတ္တပ္ပစေတသိက်သည် ဩတ္တပ္ပဗိုလ်မည်၏။

၁။ အဟိရိက စေတသိက်သည် အဟိရိကဗိုလ်မည်၏။
၂။ အနောတ္တပ္ပစေတသိက်သည် အနောတ္တပ္ပဗိုလ်မည်၏။

အဓိပတိ (၄) ပါး

တစ်ဦးတည်းသော ဧကာဓိမင်းသည် တိုင်းသူပြည်သားတို့ကို တစ်ဦးတည်း လွှမ်းမိုးအုပ်ချုပ်သကဲ့သို့ -

ဆန္ဒ ဝီရိယ စိတ္တ ပညာ တရားတို့သည်လည်း မိမိနှင့် ဖြစ်ဖော်ဖြစ်ဖက် တရားတို့ကို လွှမ်းမိုးအုပ်ချုပ်နိုင်၏။ ထို့ကြောင့် ယင်းတရားတို့ကို အဓိပတိ ဧကာဓိတစ်ဦးတည်းမင်းဟုခေါ်သည်။

ထိုတစ်ဦးတည်းမင်း အဓိပတိသည်-

၁။ ဆန္ဒာဓိပတိ = အားကြီးသည့် လိုးလားတောင့်တမှု
၂။ ဝီရိယာဓိပတိ = အားကြီးသည့် အားထုတ်မှု
၃။ စိတ္တာဓိပတိ = အားကြီးသည့် စိတ်
၄။ ဝီမံသာဓိပတိ = အားကြီးသည့် စူးစမ်းဆင်ခြင်းမှု - ဟူ၍ လေးပါးအပြားရှိ၏။

အဓိပတိ၏ တရားကိုယ်

၁။ ဆန္ဒသည် ဆန္ဒာဓိပတိမည်၏။
၂။ ဝီရိယသည် ဝီရိယာဓိပတိမည်၏။
၃။ ဒွိဟိတ်စော တိဟိတ်စော ၅၂-ပါးသည် စိတ္တာဓိပတိ မည်၏။
၄။ ပညာသည် ဝီမံသာဓိပတိ မည်၏။

လောကဌ ဧကရာဇ်မင်းတို့သည် နှစ်ယောက်ပြိုင်၍ မအုပ်စိုးကြ တစ်ယောက်တည်းသာ အုပ်စိုးသကဲ့သို့ အဓိပတိ သဘော သည်လည်း နှစ်ပါးပြိုင်၍ မဖြစ်နိုင်၊ ကစ်ပါးက အဓိပတိဖြစ်လျှင် ကျန်သုံးပါးက နောက်လိုက်ဖြစ်ရမည်။

အာဟာရ (၄) ပါး

အာဟာရသည် ခန္ဓာကိုယ်ကို အသက်ကြာရှည်အောင် ဆောင်ရွက် ထောက်ပံ့ထားသကဲ့သို့ ဩဇာရုပ်-ဖဿ စေတနာ ဝိညာဏ်တရားတို့ သည်လည်း သတ္တဝါတို့ အသက်ရှည်ရန် လွန်စွာဆောင်ရွက်တတ် လွန်စွာ အားပေးတတ် လွန်စွာကျေးဇူးပြုတတ်ကြကုန်၏။ ထို့ကြောင့် ယင်းတရားတို့ကို အာဟာရဟု ခေါ်သည်။

ထို အာဟာရသည်-

၁။ ကဗဠီကာရအာဟာရ = စားဖွယ် ခဲဖွယ်တို့၌ ပါသော ဩဇာ ဟူသော ရုပ်အာဟာရ အစား အစာ၊

၂။ ဖဿအာဟာရ = အာရုံ ၆-ပါးနှင့် တွေထိမှုဟူသော နာမ်အာဟာရ အစားအစာ၊

၃။ မနောသဉ္စေတနာအာဟာရ = လုပ်ကိုင်အားထုတ်မှုဟူသော နာမ်အာဟာရ အစားအစာ၊

၄။ ဝိညာဏအာဟာရ = အာရုံကို သိမှုဟူသော နာမ် အာဟာရ အစားအစာ။ ဤသို့ အာဟာရ အစားအစာ လေးပါး ရှိ၏။

အာဟာရ၏ တရားကိုယ်

၁။ စားဘွယ်သောက်ဘွယ်၌ပါသော ဩဇာရုပ်သည် ကဗဠီကာရ အာဟာရမည်၏။

၂။ ဖဿစေတသိက်သည် ဖဿအာဟာရမည်၏။
၃။ စေတနာစေတသိက်သည် မနောသဉ္စေတနာ အာဟာရမည်၏။
၄။ စိတ်အာလုံးသည် ဝိညာဏအာဟာရမည်၏၊

ရုပ်အမျိုးအစားများ၊

သြဇာရိကရုပ်၊ သုခုမရုပ်

ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်သောအခါ ပေါ်လွင်ထင်ရှားသောကြောင့် စက္ခုပသာဒ စသည်နှင့် ရူပါရုံ စသည်တို့ကို သြဇာရိကရုပ်(ရုပ်ကြမ်း)ဟု ခေါ်သည်။

ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်သောအခါ ထင်ရှားမတွေ့သိမ်မွေ့သောကြောင့် သုခုမရုပ် (ရုပ်နု) ဟု ခေါ်သည်။*

သြဇာရိက ရုပ်ကြမ်း (၁၂) ပါး

စက္ခု သောတ ဃာန ဇိဝှါ ကာယ အားဖြင့် ပသာဒရုပ်၅-ပါး၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊(ပထဝီ၊ တေဇော၊ ဝါယော ဟူသော) ဖောဋ္ဌဗ္ဗအားဖြင့် ဝိသယရုပ် ၇-ပါး၊ ပေါင်း ၁၂-ပါးသည် သြဇာရိကရုပ်ကြမ်းမည်၏။

ထိုသြဇာရိကရုပ် ၁၂-ပါးကိုပင် နီးကပ်နေသော ဝတ္ထုကို ယူဖို့ရာ လွယ်ကူသကဲ့သို့ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ရာ၌ လွယ်ကူသောကြောင့် သန္တိကေရုပ်(နီးသော ရုပ်)ဟုလည်းကောင်း၊

အာရုံနှင့် ဝတ္ထုရုပ်အားဖြင့်အချင်းချင်း ထိခိုက်ခြင်းရှိသောကြောင့် သပ္ပဋိဃရုပ်= (ထိခိုက်ခြင်းရှိသော ရုပ်) ဟုလည်းကောင်း ခေါ်သည်။

သုခုမ ရုပ်နု (၁၆) ပါး

အာပေါ၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ မုဒုတာ ကမ္မညတာရုပ် ၃- ပါး ဥပစယ သန္တတိ ဇရတာ အနိစ္စတာ ဟူသော လက္ခဏာရုပ် ၄-ပါး၊ ;ပါင်း ၁၆ ပါးသည် သုခုမ ရုပ်မည်၏။

သုခုမရုပ် ၁၆-ပါးကိုပင် ဝေးနေသော ဝတ္ထုကို ယူဘိုရာ မလွယ်ကူသကဲ့သို့ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ရာ၌ မသိလွယ်သောကြောင့် ဒူရ ရေရုပ် (ဝေးသောရုပ်)ဟု လည်းကောင်း၊ အာရုံနှင့် ဝတ္ထုရုပ်အားဖြင့် အချင်းချင်းမာတ်သဘာဝအလိုက် ထိခိုက်မှု မရှိသောကြောင့် အပွင့်ိုယရုပ် = (ထိခိုက်ခြင်းမရှိသော) ရုပ် ဟုလည်းကောင်း ခေါ်သေးသည်။

ဥပါဒိန္နရုပ်၊ အနုပါဒိန္နရုပ်

ကံကြောင့်ဖြစ်သော ရုပ်ကို ဥပါဒိန္နရုပ် ဟုခေါ်သည်။ ကံကြောင့်မဖြစ်သော စိတ် ဥတု အာဟာရ ၃-ပါးကြောင့် ဖြစ်သော တီဇရုပ်ကို အနုပါဒိန္နရုပ်ဟုခေါ်သည်။

(က) ဟဒယရုပ်၊ ဣန္ဒြိယရုပ် ၈-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ပေါင်း ၁၈-ပါးသည် ကံကြောင့်ဖြစ်သော ကြောင့် ကမ္မဇရုပ်မည်၏။

(ခ) ဝိညတ်ဒွေး၊ သဒ္ဒရုပ်၊ လဟုတာ မုဒုတာ ကမ္မညတာ၊ အဝိနိဗ္ဘောဂ ရုပ် ၈-ပါး၊ အာကာသဓာတ် ပေါင်း ၁၅-ပါးသည် စိတ်ကြောင့် ဖြစ်သောကြောင့် စိတ္တဇရုပ် မည်၏။

(ဂ) သဒ္ဒရုပ်၊ လဟုတာ မုဒုတာ ကမ္မညတာ၊ အဝိနိဗ္ဘောဂ ရုပ် ၈-ပါး၊ အာကာသဓာတ်ပေါင်း ၁၃-ပါးသည် ဥတုကြောင့် ဖြစ်သောကြောင့် ဥတုဇရုပ် မည်၏။

(ဃ) လဟုတာ မုဒုတာ ကမ္မညတာ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ်ပေါင်း ၁၂-ပါးသည် အာဟာရကြောင့် ဖြစ်သောကြောင့် အာဟာရဇရုပ် မည်၏။

ဓမ္မသင်္ဂဏီပါဠိတော် စာပိုဒ်(၈၅)၌ ဥပစယနှင့် သန္တတိကို ပရိယာယ်အားဖြင့် အကြောင်း၄-မျိုးကြောင့် ဖြစ်သောရုပ် ၄-မျိုး၌ သွင်းသောနည်း ရှိပါသည်။ ဤနည်းကို လိုက်၍ ဥပစယနှင့် သန္တတိနှစ်ပါးကို ထပ်၍ ပေါင်းလျှင်—

(က) ကမ္မဇရုပ် - ၂၀

(ခ) စိတ္တရုပ် - ၁၇

(ဂ) ဥတုဇရုပ် - ၁၅

(ဃ) အာဟာရဇရုပ် ၁၄-=ပါးရှိပါသည်။

ဤနည်းသည် မူရင်း ပါဠိတော်နည်းဖြစ်ပါသည်။

အဝိနိဗ္ဘောဂရုပ်၊ ဝိနိဗ္ဘောဂရုပ်

တစ်ခုစီခွဲ၍ မရကောင်း တပေါင်းတည်းဖြစ်သော ရုပ်ကို အဝိနိဗ္ဘောဂရုပ်ဟု ခေါ်သည်။

ခွဲခြား၍ ရကောင်းသော ရုပ်ကို ဝိနိဗ္ဘောဂရုပ် ဟုခေါ်သည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါး

ဝဏ္ဏ ဂန္ဓ ရသ သြဇာ၊ ပထဝီ အာပေါ တေဇော ဝါယော ဟူသော မဟာဘုတ် ၄-ပါး၊ ပေါင်း ၈-ပါးသည် အဝိနိဗ္ဘောဂ ရုပ်မည်၏။

ကျန် ၂၀-သည် ဝိနိဗ္ဘောဂရုပ်မည်၏။

အဝိနိဗ္ဘောဂ ဟုဆိုအပ်သော ဝဏ္ဏ ဂန္ဓ ရသ သြဇာနှင့် မဟာဘုတ်ကြီး ၄-ပါး၊ ဤရုပ် ၈-ပါးသည် ဘယ်နေရာ၌မှခွဲခြား၍ မဖြစ်၊ စားဘွယ် သောက်ဘွယ် အစားအစာတို့၌ ထင်ရှား၏၊ မြေ ရေ လေ မီးတို့၌ ပထဝီ အာပေါ, တေဇော, ဝါယော ဓာတ်ကြီးလေးပါးတို့ အသီးသီးထင်ရှား၏။ သို့သော် အခြားရုပ်များလည်း မထင်မရှားပါဝင်ကြသည်သာ၊ ထို့ကြောင့် ဝဏ္ဏ စသော ရုပ် ၈-ပါးကို အဝိနိဗ္ဘောဂရုပ်ဟု ခေါ်သည်။

ကျန်ရုပ်များတွင်ကား စက္ခုနှင့် သောတသည် ခွဲ၍ ရ၏။ ဤသို့ စသည်ဖြင့် ခွဲ၍ရကောင်းသောကြောင့် ဝိနိဗ္ဘောဂရုပ် ဟုခေါ်သည်။

ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရား ၄-ပါး

ရုပ်ကို ဖြစ်စေတတ်သောအကြောင်းတရားသည် ကံ စိတ် ဥတု အာဟာရအားဖြင့် ၄-ပါး ရှိ၏။ ထို ၄-ပါးတို့တွင်

(၁) ကာမ စေတနာစေတသိက် ၂၀ နှင့် ရုပ စေတနာစေတသိက် ၅-ပါး၊ ဤ ၂၅-ပါးသော စေတနာသည်သာ ရုပ်ကို ဖြစ်စေနိုင်၏၊

ထိုစေတနာ (က်)ကြောင့် ဖြစ်သော ရုပ်ကို ကမ္မဇရုပ်ဟုခေါ်သည်။ နောင်အကျိုးပေးဘို့ရန် မိမိတို့ ပြုလုပ်ခဲ့သော အတိတ်စေတနာ (က်)၂၅-ပါးတို့သည် သတ္တဝါတို့သန္တာန်ဝယ် အကျိုးပေးခွင့်သာလျှင် သင့်လျော်ရာဘဝ ပဋိသန္ဓေတည်စဉ် စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ ဥပါဒ်ခဏ ဌိခဏ ဘင်ခဏတိုင်း၌ ကမ္မဇရုပ်များကို အသစ်အသစ် ထပ်၍ ထပ်၍ ဖြစ်စေသည်။

(၂) အရူပဝိပါက် ၄-ခု၊ ဒွေးပဉ္စဝိညာဏ် ၁၀၊ (ပဋိသန္ဓေစိတ် ၁၉-ပါး၊ ရဟန္တာ တို့၏ စုတိစိတ် ၁၃-ပါး)မှတပါး ၇၅ပါးသော စိတ်သည် ပဋိသန္ဓေစိတ်နောက် ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ ရုပ်ကို ဖြစ်စေနိုင်၏။

ထိုစိတ်တို့ကြောင့် ဖြစ်သောရုပ်ကို စိတ္တဇရုပ်ဟုခေါ်သည်။

အထက်ပါ စိတ် ၇၅ပါးသည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ မိမိတို့ ဥပါဒ်ခိုက် ဥပါဒ်ခိုက်၌ စိတ္တရုပ်ကို ဖြစ်စေသည်။

ရုပ်ကို ဖြစ်စေသော စိတ်တို့တွင်–

(က) မနောဓာတ် ၃-ပါး၊ တဒါရုံ ၁၁-ပါး၊ ရူပဝိပါက် ၅-ပါး၊ ဤ၁၉-ပါးသည် 'ရုပ်ကိုသာဖြစ်စေနိုင်၏။

(ခ) အပုနာဇော ၂၆-ပါးသည် ရုပ်အပြင် သွားခြင်းစသော ဣရိယာပုတ် ကိုလည်း ခိုင်မြဲစေနိုင်၏။

(ဂ) ဝုဋ္ဌော ၁-ပါး၊ ကာမဇော ၂၉-ပါး၊ အဘိညာဉ်၂-ပါး၊ ပေါင်း ၃၂-ပါးကား ရုပ် ဣရိယာပုထ်တို့ အပြင် ကာယဝိညတ် ဝစီဝိညတ် ၂-ပါးကိုလည်း ဖြစ်စေနိုင်၏'။

(ဃ) ထို ၃၂-ပါးတို့တွင် လောဘမူသောမနဿဇော ၄-ပါး၊ ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကုသိုလ်ကြိုယာ- သောမနဿဇော ၈-ပါး၊ ပေါင်း သောမနဿဇော ၁၃-ပါးကား ရုပ် ဣရိယာပုထ် ဝိညတ် အပြင် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်၏။

(ဂ) ကြွင်းသောအာရုပ္ပဝိပါက် ၄-ပါးနှင့် ဒွေး ပဋ္ဌဝိညာဏ် (၁၀) (ပဋိသန္ဓေစိတ်၊ ရဟန္တာတို့၏ စုတိစိတ်)တို့ကား လေးပါးစလုံးကို မဖြစ်စေနိုင်ပါ။

[ဆောင်] မနောမာတုံ၊ တဒါရုံက၊ ရုပဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ကိုသာတည်း၊ အပ္ပနာဇဝန်၊ ဆဗ္ဘီသကား၊ ယာပထုလည်း၊ ဖွဲ့တည်းခိုင်စေ၊ တထွေဝုဋ္ဌော၊ ကာ-ဇောဘိညာ၊ ဒွတ္တိံသကား၊ နှစ်ဖြာဝိညတ် ကိုလည်း တတ်၏။ သောမနဿဟု၊ ဆယ့်သုံးခုကား၊ ရယ်မှုစွင့်ခြင်း၊ လည်းပြုံလျှင်း၏။ ကြွင်းအာရုပ္ပ၊ ဧပါကနှင့်၊ ပဋ္ဌဝိညာ၊ ဆယ့်လေးဖြာသည် ဘယ်ဟာ ဖြစ်စေနိုင်ဘူးတည်း။

သောမနဿဇော ၁၃-ပါးတို့သည် ပြုံးစွင့်ခြင်းကို ဖြစ်စေနိုင်၏ ဟူရာ၌-

[ဆောင်] ရုစ်ပုထုဇဉ်၊ ခြောက်သေက္ခန်၊ ငါးတန် ရဟန္တာ၊ ဟာသအကြောင်း၊ ထူးပြားရောင်း၊ စိတ်ပေါင်းတေရသာနှင့်အညီ ------

(က) ပုထုဇဉ်တို့သည် လောဘမူ မဟာကုသိုလ် သောမနဿဇော ၈-ပါးတွင် တပါးပါးဖြင့် ပြုံးရယ် ကြကုန်၏။

(ခ) သောတာပန် သကဒါဂါမ် အနာဂါမ် ဟုဆိုအပ်သော သေက္ခ ပုဂ္ဂိုလ်တို့ကား ဒိဋ္ဌဂတသမ္ပယုတ်သော မနဿဇော ၂-ပါး၊ မဟာကုသိုလ်သောမနဿဇော ၄-ပါး၊ ပေါင်း ၆-ပါးတွင် တပါးပါးဖြင့် ပြုံးရယ်ကြကုန်၏။

(ဂ) ဘုရားရဟန္တာတို့ကား ဟသိကုပ္ပါဒ်ဇော ၁-ပါး မဟာကြိယာ သောမနဿဇော ၄-ပါး၊ ဤ ၅-ပါးတွင် တပါးပါးဖြင့် ပြုံးတော်မူကြကုန်၏။

(၃) သီတဉတု ဥဏှဉတု ဟုခေါ်သော တဇောဓာတ်သည် ပဋိသန္ဓေစိတ် ဥပါဒ်ပြီးနောက် ဌီသို့အရောက်တွင် အစ္ဆတ္တ ဗဟိဒ္ဓသန္တာန်၌ ရုပ်ကို ရထိုက်သလို ဖြစ်စေနိုင်၏။ ထို ဉတုကြောင့် ဖြစ်သော ရုပ်ကို ဉတုဇရုပ်ဟုခေါ်သည်။

မဟာဘုတ် ၄-ပါးတွင် တဇောဓာတ်ကိုပင် ယခုလောက၌ သီတဉတု (အအေးငွေ့) ဟူ၍လည်းကောင်း၊ ဥဏှဉတု (အပူငွေ့) ဟူ၍လည်းကောင်း၊အသိအမှတ်ပြုကြလေသည်။ အေးသော အရာဝတ္ထုဟူသမျှ၌ သီတဉတု (သီတတေဇော) ပါ၏၊ ပူနွေးသော အရာဝတ္ထုဟူသမျှ၌ သီတဉတု (သီတတေဇော)ပါ၏၊ ဉတုနှင့်တေဇောမှာ အသံသာ ကွဲ၍ အနက်အရမှာ အငွေ့ဓာတ်ချည်းသာတည်း၊ မည်သည့်ဝတ္ထု၌မဆို အအေးငွေ့နှင့် အနွေးငွေ့တခုခု အမြဲရှိသည်။

ရုပ်တရား၌မည်သည် ဌီအခိုက်အတန့်၌ ကြာမြင့်စွာ တည်နေရသောကြောင့် ဥပါဒ်အခိုက်ထက် ဌီအခိုက်၌ ပို၍အားကောင်း၏၊ ထို့ကြောင့် ဉတုဟုခေါ်သော ဤတေဇောဓာတ်သည် ပဋိသန္ဓေစိတ် ဥပါဒ်ပြီးနောက် ဌီအခိုက်သို့ရောက်မှသာ အစ္ဆတ္တသန္တာန် (ခန္ဓာကိုယ်တွင်း) ၌လည်းကောင်း၊ ဗဟိဒ္ဓသန္တာန်(ကိုယ်၏ ပြင်ပ သစ်ပင်တောတောင် ရေ မြေစသည်)၌ လည်းကောင်း၊ ထိုက်သင့်သလို ဉတုဇရုပ်ကို ဖြစ်စေသည်။

(၄) ဩဇာ ဟုဆိုအပ်သော အာဟာရသည် စားဖွယ်ကို မျိုလိုက်ရာအခါဝယ် ရောက်လေရာ အရပ်၌ အသစ်အသစ် ဥပါဒ်ပြီးနောက် ဌီသို့ ရောက်မှသာ ရုပ်ကိုဖြစ်စေနိုင်၏။ ထိုအာဟာရကြောင့် ဖြစ်သော ရုပ်ကို အာဟာရဇရုပ်ဟု ခေါ်သည်။

စားဖွယ်သောက်ဖွယ်ဟူသမျှတို့၌ ပါရှိသော အဆီအနှစ် အစေးကို ဩဇာဟုလည်းကောင်း၊ အာဟာရဟု လည်းကောင်း ခေါ်၏။ တစုံတခုသော စားဖွယ်သောက်ဖွယ်ကို စားသောက်သောအခါ ထိုအစာအတွင်း၌ ပါသော ဩဇာနှင့် တကွ

ရုပ်ဟူသမျှသည် ဥပါဒ် ဌီ ဘင်အားဖြင့် အစဉ်သဖြင့် ဖြစ်ပျက်ကြလေရာ ဥပါဒ်ပြီးနောက် ဌီအခိုက်သို့ အရောက်တွင် "ဩဇာ" ဟုဆိုအပ်သော အာဟာရရုပ်သည် ရုပ်သစ်တမျိုးကို တိုးပွားဖြစ်စေသည်။

ထိုတွင် ရုပ်ကို ဖြစ်စေနိုင်သော ကံ စိတ် ဥတု အာဟာရတို့၏ အရကို အကျဉ်းကောက်လျှင်–

(က) ကံအရ အကုသိုလ်ကံ=၁၂-ပါး
မဟာကုသိုလ်ကံ = ၈-ပါး
ရူပကုသိုလ်ကံ = ၅-ပါး
ပေါင်း ၂၅-ပါး =သော ကံရ၏။

(ခ) စိတ်အရ အရူပဝိပါက် ၄-ပါး
ဒွေးပဋ္ဌဝိညာဏ် ၁၀၊
(အားလုံးသော ပဋိသန္ဓေစိတ်၊ ရဟန္တာတို့၏ စုတိစိတ်)မှ တပါး ကျန်စိတ် ၇၅ ပါးရ၏။

(ဂ) ဥတုအရ သီတဥတု ဥဏှဥတု ဟုဆိုအပ်သော တေဇောဓာတ် ရ၏။

(ဃ) အာဟာရအရ = ဩဇာဟုဆိုအပ်သော အာဟာရရုပ်ရ၏။

ဗောဓိပက္ခိယတရား၌ ပါဝင်သော သတိပဋ္ဌာန်စသည် နာမည်ရသည့် ကုသိုလ်စေတသိက်များ

'ဗောဓိပက္ခိယ' ဟူသော စကားရပ်၌ ဗောဓိ-တစ်ပုဒ်၊ ပက္ခ-တစ်ပုဒ်၊ ဏှယ-တစ်ပုဒ်ဖြစ်၏။ ထိုပုဒ်တို့၏ အဓိပ္ပာယ်များကား ဤသို့ ဖြစ်သည်။

သစ္စာလေးပါးကို သိတတ်သောကြောင့် မဂ်လေးပါး၌ ရှိသော ပညာကို ဗောဓိ=မဂ်ဉာဏ်ဟု ခေါ်သည်၊ သစ္စာလေးပါးကို သိတတ်သော မဂ်ဉာဏ်၏ အသင်းအဖွဲ့ကို ဗောဓိပက္ခိယ=မဂ်ဉာဏ်အသင်းအဖွဲ့ဟုခေါ်သည်။

မင်္ဂလာအသင်းအဖွဲ့၌ ပါဝင်သော သတိ ဝိရိယ စသော စေတသိက်များကို ဗောဓိပက္ခိယ=မင်္ဂလာအသင်းအဖွဲ့ဝင်တရားများဟု ခေါ်သည်။

ထို ဗောဓိပက္ခိယတရားကား (၃၇)ပါးရှိ၏။ ယင်းတို့မှာ-

သတိပဋ္ဌာန် ၄-ပါး၊
သမ္မပ္ပဓာန် ၄-ပါး၊
ဣဒ္ဓိပါဒ် ၄-ပါး၊
ဣန္ဒြေ ၅-ပါး၊
ဗိုလ် ၅-ပါး၊
ဗောဇ္ဈင် ၇-ပါး၊
မဂ္ဂင် ၈-ပါး၊

ပေါင်း = ၃၇-ပါး ဖြစ်သည်။

သတိပဋ္ဌာန် (၄) ပါး

မိမိဆိုင်ရာ အာရုံတို့၌ စွဲမြဲစွာ တည်နေမှု အမှတ် ရနေမှု သတိ စေတသိက်ကို သတိပဋ္ဌာန်ဟု ခေါ်သည်။

ထိုစွဲမြဲစွာ အမှတ်ရနေမှု သတိပဋ္ဌာန်သည်-

၁။ ကာယာနုပဿနာသတိပဋ္ဌာန်= ကိုယ်၌ ကိုယ်ဟု အဖန်ဖန် စွဲမြဲစွာ အမှတ်ရနေမှု သတိ ပဋ္ဌာန်

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန= ခံစားမှု ဝေဒနာတို့၌ ခံစားမှု စေဒနာဟု အဖန်ဖန်စွဲမြဲစွာ အမှတ်ရနေမှု သတိပဋ္ဌာန်

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန် = သိမှုစိတ်၌ သိမှုစိတ်ဟု အဖန်ဖန် စွဲမြဲစွာ အမှတ်ရနေမှု သတိပဋ္ဌာန်၊

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် = တရားဓမ္မတို့၌ တရားဓမ္မဟု အဖန်ဖန် စွဲမြဲစွာ အမှတ်ရနေမှု သတိပဋ္ဌာန်။ ဤသို့ (၄) ပါး အပြားရှိ၏။

သတိပဋ္ဌာန်လေးပါး၏ တရားကိုယ်ကား သတိတစ်ပါးတည်းသာ ဖြစ်သော်လည်း–

(၁) အာရုံအားဖြင့် ကာယ ဝေဒနာ စိတ္တ ဓမ္မဟု လေးမျိုး ပြားခြင်း၊

(၂) ထိုအာရုံများ၌ ကာယကို အသုဘ၊ ဝေဒနာကို ဒုက္ခ၊ စိတ်ကို အနိစ္စ၊ ဓမ္မကို အနတ္တဟု ရှုပုံ အခြင်းအရာအားဖြင့် (၄) မျိုး ပြားခြင်း၊

(၃) ကာယကို သုဘ၊ ဝေဒနာကို သုခ၊ စိတ်ကို နိစ္စ၊ ဓမ္မကို အတ္တဟု ထင်မှားမှုကို ပယ်ခွာခြင်း ကိစ္စအားဖြင့် လေးမျိုး ပြားခြင်းတို့ကြောင့် သတိပဋ္ဌာန်တရား(၄) ပါး ကွဲပြားရသည်။

သတိပဋ္ဌာန်တရားလေးပါးတို့တွင်–ကာယာနုပဿနာသတိပဋ္ဌာန်ဖြင့် ရှုပကွန်ကို ယူသည်။ ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြင့် ဝေဒနာကွန်ကို ယူသည်။ စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြင့် ဝိညာဏကွန်ကို ယူသည်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြင့် သညာကွန်၊ သင်္ခါရကွန်တို့ကို ယူသည်၊ သမ္မပ္ပဓာန် (၄) ပါး

ကောင်းမွန် မှန်ကန်စွာ အားထုတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိရိယကို သမ္မပ္ပဓာန်ဟု ခေါ်သည်။

သမ္မပ္ပဓာန်ဟူသော အမည်သည် ဝိရိယ စေတသိက်၏ အမည်ဖြစ်၏။ “ငါ၏ကိုယ်၌ အရိုးအရေအကြောတို့သာလျှင် ကြွင်းလေစေကုန်။ အသား

အသွားတို့သည် ခြောက်ခန်းသော်လည်း ခြောက်ခန်းလေစေကုန်။ သူတော်တကာတို့၏ အာထုတ်မြဲတိုင်းသော လမ်းစဉ်ဖြင့် အားထုတ်ကြိုးစားသည်ရှိသော် လိုရင်းဖြစ်သော တရားထူးကိုရနိုင်၏။ ဆိုလိုရင်းပဓာနဖြစ်သော တရားထူးကို မရသမျှ ငါမနေ ဝီရိယကို ငါမလျော့၊ ဆုတ်နစ်ခြင်းကိုလည်း ငါမပြုရှေ့သို့သာ လျှင် တိုးတက်၍ အားထုတ်ပေအံ့"ဟူ၍ မဆုတ်မနစ်အားထုတ်မှု ဝီရိယစေတသိက်သည် သမ္မပ္ပဓာန ဝီရိယမည်၏။

ထိုအားထုတ်မှု သမ္မပ္ပဓာန်တို့သည်-

၁။ ဖြစ်ပြီးအကုသိုလ် (ထိုအကုသိုလ်နှင့် အလားတူ အကုသိုလ်) တို့ကို ပယ်ခြင်းငှာ အားထုတ်မှု သမ္မပ္ပဓာန်၊

၂။ မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ပေါ်စေရန် အားထုတ်မှု သမ္မပ္ပဓာန်၊

၃။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် အားထုတ်မှု သမ္မပ္ပဓာန်၊

၄။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို အဆင့်ဆင့်တိုးပွားစေရန် အားထုတ်မှု သမ္မပ္ပဓာန် - ဟူ၍ (၄) ပါး ရှိ၏။

သမ္မပ္ပဓာန်၏ တရားကိုယ်

ကုသိုလ်စိတ် ၂၁-ပါး၌ ယှဉ်သော ဝီရိယကိုသာ ယူရသည်။

[သမ္မပ္ပဓာန် ကိစ္စသည် ရဟန္တာများနှင့် မဆိုင်၊ ထို့ကြောင့် ရဟန္တာတို့ သန္တာန်၌သာ ဖြစ်လေ့ရှိသော ကြိယာ၌ ယှဉ်သော ဝီရိယစေတသိက်ကို မကောက်ထိုက်၊ ထို့ပြင် ဖိုလ်တရားများလည်း ထိုကိစ္စ ၄-ပါးလုံးကို မပြုနိုင် ရကား ဖိုလ်တရားများနှင့်လည်း မဆိုင်ချေ။]

သမ္မပ္ပဓာန်သည် တရားကိုယ်အားဖြင့် တစ်ပါတည်းသာ ဖြစ်သော်လည်း ဖြစ်ပြီး အကုသိုလ်ကို ပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်စေခြင်း၊ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေခြင်း၊ ဖြစ်ပြီးကိုသိုလ်ကို တိုးပွားစေခြင်း အားဖြင့် ကိစ္စလေးမျိုးပြားသောကြောင့် သမ္မပ္ပဓာန်(၄) မျိုး ကွဲပြားလာသည်။

ကွန်ပါဒ် (၄) ပါး

အကျိုးဖြစ်သော စွာန် မဂ် ဖိုလ်ကို ပြီးပြည့်စုံမှု ထမြောက်အောင်မြင်မှု၏ အခြေခံ အကြောင်းတရားဖြစ်သောကြောင့် ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ(ပညာ)တို့ကို ကွန်ပါဒ်=ပြီးပြည့်စုံမှု အောင်မြင်မှု၏ အခြေခံဟု ခေါ်သည်။

ထိုအောင်မြင်မှု၏ အခြေခံ ကွန်ပါဒ်တို့သည်–

၁။ ဆန္ဒကွန်ပါဒ် = အောင်မြင်မှု၏ အခြေခံ ဆန္ဒ၊
၂။ ဝီရိယကွန်ပါဒ် = အောင်မြင်မှု၏ အခြေခံ ဝီရိယ၊
၃။ စိတ္တကွန်ပါဒ် = အောင်မြင်မှု၏ အခြေခံ စိတ်၊
၄။ ဝီမံသကွန်ပါဒ် = အောင်မြင်မှု၏ အခြေခံ ပညာ ဟူ၍
(၄) ပါး အပြားရှိ၏။

ဣဒ္ဓိ (၅) မျိုး

ဆိုင်ရာ ဆိုင်ရာတို့၌ အစိုးရသောကြောင့် သဒ္ဓါ ဝီရိယ သတိ ကေဂ္ဂတာ ပညာ စေတသိက်တို့ကို ဣဒ္ဓိ (အစိုး၎) ဟုခေါ်သည်။

ထိုဣဒ္ဓိတို့သည်–

၁။ သဒ္ဓိဣဒ္ဓိ = သဒ္ဓါဟူသော အစိုးရခြင်း၊
၂။ ဝီရိယိဣဒ္ဓိ = ဝီရိယဟူသော အစိုးရခြင်း၊
၃။ သတိဣဒ္ဓိ = သတိဟူသော အစိုးရခြင်း၊
၄။ သမာဓိဣဒ္ဓိ = သမာဓိဟူသော အစိုးရခြင်း၊
၅။ ပညိဣဒ္ဓိ = ပညာဟူသော အစိုးရခြင်း ဟူ၍ (၅)မျိုးရှိ၏။

ဣဒ္ဓိ (၅) ပါး၏ တရားကိုယ်

၁။ သဒ္ဓါစေတသိက်သည် သဒ္ဓိဣဒ္ဓိ သဒ္ဓါအစိုးရမည်၏။
၂။ ဝီရိယစေတသိက်သည် ဝီရိယိဣဒ္ဓိ ဝီရိယအစိုးရမည်၏။

၃။ သတိစေတသိက်သည် သတိန္ဒြေ သတိအစိုးရမည်၏။
၄။ ဧကဂ္ဂတာ စေတသိက်သည် သမာဓိန္ဒြေ သမာဓိအစိုးရမည်၏။
၅။ ပညာစေတသိက်သည် ပညိန္ဒြေ ပညာအစိုးရမည်၏။

ဗိုလ် (၅) ပါး

မယုံကြည်မှုစသော ရန်သူတရား‌တို့ကို တိုက်ခိုက်ရာ၌ ခေါင်းဆောင်ရသောကြောင့် သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ စေတသိက်တို့ကို ဗိုလ်ဟု ခေါ်သည်။ ထို ခေါင်းဆောင်ဗိုက်တို့သည်–

၁။ သဒ္ဓါဗိုလ် = မယုံကြည်မှု ရန်သူများကို တိုက်ဖျက်သည့် သဒ္ဓါဗိုလ်၊
၂။ ဝီရိယဗိုလ် = ပျင်းရိမှု ရန်သူတို့ကို တိုက်ဖျက်သည့် ဝီရိယဗိုလ်၊
၃။ သတိဗိုလ် = မေ့လျော့ ပေါ့ဆမှု ရန်သူတို့ကို တိုက်ဖျက်သည့် သတိဗိုလ်၊
၄။ သမာဓိဗိုလ် = မတည်ကြည်မှု ရန်သူတို့ကို တိုက်ဖျက်သည့် သမာဓိဗိုလ်၊
၅။ ပညာဗိုလ် = အမှားအမှန်မခွဲခြားနိုင်မှုရန်သူတို့ တိုက်ဖျက်သည့် ပညာဗိုလ် ဟူ၍ (၅) ယောက်ရှိ၏။

ဗိုလ် (၅) ပါး၏ တရားကိုယ်များ

၁။ သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ်မည်၏။
၂။ ဝီရိယစေတသိက်သည် ဝီရိယဗိုလ်မည်၏။
၃။ သတိစေတသိက်သည် သတိဗိုလ်မည်၏။
၄။ ဧကဂ္ဂတာ စေတသိက်သည် သမာဓိဗိုလ်မည်၏။
၅။ ပညာစေတသိက်သည် ပညာဗိုလ်မည်၏။

ဤကြွေးနှုန်း ဗိုလ်တရားတို့သည် ပြဆိုခဲ့ပြီးသော ကြွေး ဗိုလ်တို့နှင့် မတူတတ်ချေ။ ဆိုင်ရာဌာနတို့၌ ပိုင်နိုင်စွာ အစိုးရကြကုန်၏။ အာဏာရှိကြကုန်၏။ ထိုတွင်–

၁။ ဘုရား၌ သက်ဝင် ယုံကြည်ခြင်း၊ တရားတော်၌ သက်ဝင် ယုံကြည်ခြင်း၊ သံဃာတော်၌ သက်ဝင် ယုံကြည်ခြင်း၊အကျင့်သိက္ခာ၌ သက်ဝင် ယုံကြည်ခြင်းဟုဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါ (၄) ပါး၌ သဒ္ဓါသည် လွန်စွာ အားရှိ၏။ စိတ်ကို ပိုင်နိုင်စွာ အစိုးရ၏။ တစ်စုံတစ်ခုသော ဆန့်ကျင်ဘက်တရားကြောင့် လှုပ်ရှားခြင်း မရှိ။ ထို့ကြောင့် ထိုသဒ္ဓါသည် သဒ္ဓိန္ဒြေမည်၏၊ သဒ္ဓါဗိုလ်လည်း မည်၏။

၂။ သမ္မပ္ပဓာန် (ပြင်းထန်သော လုံ့လ) အရာတို့၌ ဝီရိယသည် လွန်စွာ အားရှိ၏။ စိတ်ကို ပိုင်နိုင်စွာ အစိုးရ၏။ တစ်စုံတစ်ခုသော ဆန့်ကျင်ဘက်တရားကြောင့် လှုပ်ရှားခြင်း မရှိ။ ထို့ကြောင့် ဝီရိယသည် ဝီရိယိန္ဒြေမည်၏၊ ဝီရိယဗိုလ်လည်း မည်၏။

၃။ သတိပဋ္ဌာန်တရားတို့၌ သတိသည် လွန်စွာအားရှိ၏။ စိတ်ကို ပိုင်နိုင်စွာ အစိုးရ၏။ တစ်စုံတစ်ခုသော ဆန့်ကျင်ဘက်တရားကြောင့် လှုပ်ရှားခြင်း မရှိ။ ထို့ကြောင့် ထိုသတိသည် သတိန္ဒြေမည်၏၊ သတိဗိုလ်လည်း မည်၏။

၄။ သမာဓိသည် စတုက္ကနည်းအားဖြင့် စျာန်လေးပါးတို့၌ လွန်စွာ အားရှိ၏။ စိတ်ကို ပိုင်နိုင်စွာ အစိုးရ၏။ တစ်စုံတစ်ခုသော ဆန့်ကျင်ဘက်တရားကြောင့် လှုပ်ရှားခြင်း မရှိ။ ထို့ကြောင့် ထိုသမာဓိ သည် သမာဓိန္ဒြေမည်၏၊ သမာဓိဗိုလ်လည်း မည်၏။

၅။ ပညာသည် သစ္စာလေးပါးတို့၌ လွန်စွာအားရှိ၏။ စိတ်ကို ပိုင်နိုင်စွာ အစိုးရ၏။ တစ်စုံတစ်ခုသော ဆန့်ကျင်ဘက်တရားကြောင့်

လူပ်ရှားခြင်း မရှိ။ ထို့ကြောင့် ထိုပညာသည် ပညိန္ဒြေမည်၏၊ ပညာဗိုလ်လည်း မည်၏။

ဗောဇ္ဈင် (၇) ပါး

ဗောဇ္ဈင် ဟူသော စကားသည် ဗောဇ္ဈဂ်ပါဠိမှ ဆင်းသက်လာသော စကားဖြစ်၏။ သစ္စာလေးပါးကို သိကြောင်းဖြစ်သော သတိ ပညာ စသော တရားအပေါင်း၏ အစိတ်အဂ်ါဖြစ်သောကြောင့် သတိ ပညာ စသော တရားတစ်ပါးပါးကို ဗောဇ္ဈဂ် = ဗောဇ္ဈင်ဟု ခေါ်သည်။

ထိုဗောဇ္ဈင်သည်-

၁။ သတိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိနိုင်သည့် သတိ ဟူသော အင်္ဂါ၊

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိနိုင်သည့် ပညာ ဟူသော အင်္ဂါ၊

၃။ ဝီရိယသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိနိုင်သည့် ဝီရိယ ဟူသော အင်္ဂါ၊

၄။ ပီတိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိနိုင်သည့် ပီတိဟူသော အင်္ဂါ၊

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိနိုင်သည့် ကိုယ်စိတ် ငြိမ်းမှု ပဿဒ္ဓိဟူသော အင်္ဂါ၊

၆။ သမာဓိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိနိုင်သည့် သမာဓိ ဟူသော အင်္ဂါ၊

၇။ ဥပေက္ခာသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိနိုင်သည့် ဥပေက္ခာ ဟူသော အင်္ဂါ – ဟူ၍ (၇) ပါးအပြားရှိ၏။

ဗောဇ္ဈင်(၇) ပါး၏ တရားကိုယ်

၁။ သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင် မည်၏။
၂။ ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်၏။
၃။ ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင် မည်၏။
၄။ ပီတိစေတသိက်သည် ပီတိသမ္ဗောဇ္ဈင် မည်၏။
၅။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက်နှစ်ပါးတို့သည် ပဿဒ္ဓိ သမ္ဗောဇ္ဈင် မည်၏။
၆။ ဧကဂ္ဂတာ စေတသိက်သည် သမာဓိသမ္ဗောဇ္ဈင် မည်၏။
၇။ တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင် မည်၏။

မဂ္ဂင် (၈) ပါး

သံသရာဝဋ်မှ လွတ်မြောက်ကြောင်း ထွက်မြောက်ကြောင်းဖြစ်သောကြောင့် ပညာ ဝိတက် စသော စေတသိက်အပေါင်းကို မဂ္ဂ=မဂ်ဟု ခေါ်သည်။ထိုမဂ်၏ အစိတ် အင်္ဂါဖြစ်သောကြောင့် ပညာ ဝိတက်စသော စေတသိက် တစ်ပါး တစ်ပါးကို မဂ္ဂင် = မဂ္ဂင်ဟု ခေါ်သည်။

ထိုမဂ္ဂင်သည်–

၁။ သမာဒိဋ္ဌိ = အမှန်တရားကို သိမြင် ပညာ၊
၂။ သမ္မာသင်္ကပ္ပ = အမှန်တရားကို ကြံစည်မှု ဝိတက်၊
၃။ သမ္မာဝါစာ = ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှု၊
၄။ သမ္မာကမ္မန္တ = ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှု၊
၅။ သမ္မာအာဇီဝ = အသက်မွေးမှုနှင့် ဆိုင်သည့် ကာယ ဝစီ ဒုစရိုက်တို့မှ ရှောင်ကြဉ်မှု၊
၆။ သမ္မာဝါယာမ= အမှန်တရားကို အားထုတ်မှု ဝီရိယ၊
၇။ သမ္မာသတိ = အမှန်တရားကို စွဲမြဲစွာ ရှုမှတ်မှု သတိ၊
၈။ သမ္မာသမာဓိ = အမှန်တရားတို့၌ စိတ်ကို တည်ကြည်အောင် ထားနိုင်မှု သမာဓိ– ဟူ၍ (၈) ပါး အပြားရှိ၏။

မဂ္ဂင် (၈) ပါး၏ တရားကိုယ်

၁။ ပညာသည် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

၂။ ဝိတက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

၃။ သမ္မာဝါစာသည် သမ္မာဝါစာမဂ္ဂင်မည်၏။

၄။ သမ္မာကမ္မန္တသည် သမ္မာကမ္မန္တမဂ္ဂင်မည်၏။

၅။ သမ္မာအာဇီဝသည် သမ္မာအာဇီဝမဂ္ဂင်မည်၏။

၆။ ဝီရိယသည် သမ္မာဝါယာမ မဂ္ဂင်မည်၏။

၇။ သတိသည် သမ္မာသတိမဂ္ဂင်မည်၏။

၈။ ဧကဂ္ဂတာသည် သမ္မာသမာဓိမဂ္ဂင်မည်၏။

အခန်း (၉)

တန်ခိုးထက်မြက်သည့်
နှုတ်ငုံဆောင် ဂါထာတော်များ

အခန်း (၉)

တန်ခိုးတက်မြတ်သည့် နှုတ်ငုံဆောင် ဂါထာတော်များ

ဤအခန်းတွင် ဖော်ပြထားသည့် ဂါထာပါဠိများသည် မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည့် ပါဠိတော်များဖြစ်သည်။ ဘုရားဟော ပါဠိတော်များကို လေ့လာကြည့်လျှင် စုဏ္ဏိယပါဠိ၊ ဂါထာပါဠိ နှစ်မျိုးဖြင့် ဟောကြားထားသည်ကို တွေ့ရ၏။ စကားပြေပါဠိကို စုဏ္ဏိယခေါ်၍ ဆန်းဂိုဏ်းနှင့်အညီ ဖွဲ့ဆိုထားသော ပါဠိဂဇ္ဈကို ဂါထာဟုခေါ်သည်။ မြတ်စွာဘုရား၏ တရားတော်များ၌ စုဏ္ဏိယ၊ ဂါထာ နှစ်မျိုးရောပြီး ဟောကြားထားသည့် တရားတော်များ ရှိသကဲ့သို့ စုဏ္ဏိယချည်းသက်သက် ဂါထာချည်းသက်သက် ဟောကြားထားသည့် တရားတော်များလည်း ရှိ၏။ ထေရဂါထာ၊ ထေရီဂါထာ၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် စသည်တို့မှာ ဂါထာချည်းသက်သက် ဟောကြားထားသော တရားတော်များဖြစ်၏။

ဘုရားဟောပါဠိတော်များကို မန္တန်ဟု သုံးနှုန်းထားသည်ကို သံဂါယနာတင် ထေရဝါဒပိဋကတော်များ၌ အလျဉ်းမတွေ့ရချေ၊ မန္တန်ဟူသောဝေါဟာရမှာ တစ္ဆေ၊ မှော်ဝိဇ္ဇာအတတ်ဟူသော မန္တရဝါဒ အယူရှိသည့် ဟိန္ဒူဗြာဟ္မဏတို့ သုံးခဲ့သော ဝေါဟာရဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်များကို မန္တန်ဟု မခေါ်ဝေါ်ရကြောင်း မှတ်သားရန်ဖြစ်သည်။

ရွတ်ဆိုပုံ ရွတ်ဆိုနည်း

ဘုရားဟောဂါထာစသည်ကို မရွတ်ဆိုမီ သီလတရားဖြင့် ထုံမွှမ်းထားသော သမာဓိဘာဝနာသည် ကြီးကျယ်သောအကျိုးရှိ၏၊ ကြီးကျယ်သောအကျိုးဆက်ဂုဏ်အင် အာနိသင်ရှိ၏၊ (သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော) ဟူသော ဘုရားဟော ဒေသနာတော်နှင့်အညီ ရှေးဦးစွာ ငါးပါးသီလ ခံယူဆောက်တည်ရမည်။ ထို့နောက် ဝေဿလီပြည်၌ ဘေးကြီးသုံးမျိုး ဆိုက်ရောက်ချိန်တွင် အရှင်အာနန္ဒာမထေရ်မြတ်သည် မြတ်စွာဘုရားသင်ကြားပေးသည့် ရတနသုတ်ပရိတ်တော်ကို မရွတ်ဆိုမီ ဘုရားရှင်၏ ဂုဏ်တော်များကို ဆင်ခြင်တော်မူသကဲ့သို့ အရဟံ စသော ဘုရားဂုဏ်တော်များကို ခေတ္တာမျှ ဆင်ခြင် ပွားများရမည်။ ရွတ်ဆိုခိုက်တွင်လည်း ပွားများရမည်၊ သို့မှသာလျှင် ရွတ်ဆိုသော အသံနောက် နှလုံးသွင်းဆင်ခြင်မှု သတိကပ်၍ ပါလာသဖြင့် ဘာဝနာပွားခြင်းကိစ္စလည်း အတန်အသင့် ပါဝင်သွားနိုင်သည်။

သီလဆောက်တည်၍ ဘုရားဂုဏ်တော်များကို ပွားပြီးနောက် မည်သည့် လောကီကျိုးကိုမျှ မမျှော်ကိုးဘဲ 'ငါသည် သတ္တဝါများ ဘေးကင်းချမ်းသာအောင် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်သည့် ကုသိုလ်ကိုပြုမည်'ဟု နှလုံးသွင်းကာ မိမိလေ့ကျက်ထားသည့် ဘုရားဟောဂါထာတော်တို့ကို ပုဒ်ပါဠိ အက္ခရာမှန်စွာ ပီပီသသ မနှေးမမြန် ရွတ်ဆိုရမည်။ ဂါထာစသည်တို့ကို ရွတ်ဆိုပြီးတိုင်း-

"ဇတေန သစ္ဖဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ"ဟု သုံးကြိမ် သစ္စာဆိုရမည်။

ရွတ်ဆို ပွားများမှု ကုသိုလ်တွင် ပို၍ ကုသိုလ်အင်အားကောင်းအောင်၊ ပို၍အစွမ်းထက်အောင် သစ္စာပါရမီကုသိုလ် ဖြည့်စွက်ပေးခြင်းဖြစ်သည်။

ဤသို့ ငါးပါးသီလ ဆောက်တည်ခြင်း၊ ဘုရားဂုဏ်တော်ပွားများခြင်း ဂါထာကို မှန်ကန်စွာ ရွတ်ဆိုခြင်း၊ သစ္စာပြုခြင်းဟူသော အင်္ဂါလေးရပ်နှင့် ညီညွတ်အောင် အားထုတ်နိုင်လျှင် သာမန်ရွတ်ဆိုသည်ထက် အကျိုးကြီးမည်

ဧကန်ဖြစ်ပါသည်။ ထို့ကြောင့် အင်္ဂါလေးရပ်နှင့်အညီ ရွတ်ဆိုနိုင်ရန် ကြိုးစားသင့်ကြပေသည်။

ရွတ်ဆိုရကျိုးများ

မြတ်စွာဘုရား ဟောကြားတော်မူထားခဲ့သည့် တရားတော်များသည် သွာက္ခာတမမှ စသော ဂုဏ်တော်များနှင့် ပြည့်စုံသော တရားတော်များဖြစ်၏။ ထို့ကြောင့် ထိုတရားတော်များကို ရွတ်ဆိုပွားများလျှင်ဖြစ်စေ၊ တရားတော်အတိုင်း လိုက်နာ ကျင့်သုံးလျှင်ဖြစ်စေ အကာလိကော ဟူသော တရားဂုဏ်တော်အရ အခါမလင့် အကျိုးတရားများကို ရရှိနိုင်မည့်အပြင် သွာက္ခာတမမှဂုဏ်တော်နှင့် အညီ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှုကိုလည်း ခံစားရမည်ဖြစ်သည်။

မြတ်စွာဘုရား၏ တရားတော်များတွင် ကမ္မဝါစာနှင့် ပရိတ်တရားတော်တို့သည် ရောဂါဘေးရန်အပေါင်းကို ကာကွယ် ဖယ်ရှားနိုင်သော အဏာစက်များ ရှိသကဲ့သို့ အခြားတရားတော်များ၌ အာဏာစက်များ ရှိသည်။ သို့ဖြစ်၍ ဖော်ပြထားသည့် ဘုရားဟောဂါထာစသည်တို့ကို ရွတ်ဆိုခြင်းကြောင့် ဖြစ်ပေါ်လာမည့် ရောဂါဘေးရန်များ ဖြစ်မလာခြင်း၊ ဖြစ်ဆဲရောဂါဘေးရန်များ ပျောက်ကင်းသွားခြင်း အကျိုးများကို ရရှိမည်ဖြစ်သည်။

မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူစ ပထမဆုံး စိတ်ထဲက ကျူးရင့်တော်မူသော ဥဒါန်းဂါထာတော်-

ပါဠိ

၁။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခံတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ, မဇ္ဈဂါ။

အနက်

၁။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ အို နာ သေရေး ဒုက္ခဘေးတို့နှင့် ရောထွေး၍ နေသောကြောင့် ဆင်းရဲလှပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဂဟကာရံ၊ ခန္ဓာအိမ်ကို ကြိမ်ကြိမ် ကြိုးကုတ် တည်ဆောက်လုပ်သည့် တဏှာယောကျ်ား လက်သမား‌ကို။ ဂဝေသန္တော၊ မတွေ့လျှင် မနေဟူသော ဇွဲမာန်ဖြင့် အဖန်ဖန် စူးစမ်း ရှာဖွေနေသော ငါဘုရားသည်။ အနိဗ္ဗိသံ=အနိဗ္ဗိသန္တော၊ တဏှာယောကျ်ား လက်သမား‌ကို ပိုင်းခြားထင်ထင် သိမြင်နိုင်သည့် သဗ္ဗညုတာ ဉာဏ်မဟာကို မရသေးသောကြောင့်။ အနေကဇာတိသံသာရံ၊ ဘဝများစွာ သံသရာ ကာလပတ်လုံး။ သန္ဓာဝိဿံ၊ ဆုံလည်တပ်နွှား ရဟတ်ခြား‌သို့ မရပ်မနား တဖွားဖွားလျှင် ပြေးသွားကျင်လည်ခဲ့ရလေပြီ။ ။

၂။ ဂဟကာရက၊ တဏှာယောကျ်ား ဟယ်---လက်သမား။ ဏ္ဍဒါနိ၊ ဘုရားဖြစ်လာ ယခုအခါ၌။ တံ့၊ တဏှာယောကျ်ား သင်လက်သမား‌ကို။ ဒိဋ္ဌော၊ သဗ္ဗညုတ ဉာဏ်ကိုရသဖြင့် ဒိဋ္ဌထင်ထင် တွေ့မြင်အပ်သည်။ အသိ၊ ဖြစ်၏။ တံ့၊ တဏှာယောကျ်ား သင်လက်သမား‌သည်။ ဂေဟံ၊ ခန္ဓာအိမ်ကို။ ပုန နာ ကာဟသိ၊ တဖန်ထပ်လျှောက် ဆောက်လုပ်နိုင်တော့မည် မဟုတ်ချေ။

တေ၊ တဏှာယောကျ်ား သင်လက်သမား၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဖါသုကာ၊ ခန္ဓာအိမ်၏ ထုပ် လျှောက် ဒိုင်း မြား ကိလေသာတရား‌တို့ကို။ ဘဂ္ဂါ၊ ဝါသနာအငွေ့အသက်နှင့် တကွ စိစိကြေညက် ငါချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ အဝိဇ္ဇာတည်းဟူသော အိမ်၏ အထွဋ်ကို။ ဝိသင်္ခိတံ၊ မှုန့်မှုန့်ကြေမွ ငါ ဖျက်ချအပ်လေပြီ။ စိတ္တံ၊ ကိလေသာဟူ မြူအညစ်ကြေး ကင်းဝေးဖြူစင် ငါဘုရား၏ စိတ်အစဉ်သည်။ ဝိသင်္ခါရဂတံ၊ သင်္ခါရစက်ကွင်း ဒုက္ခဝပင်းမှ လွတ်ကင်းရာမှန် နန်းနိဗ္ဗာန်သို့ အာရုံပြုသောအာဖြင့် ရောက်ခဲ့လေပြီ။ တဏှာနံ၊ တဏှာယောကျ်ား လက်သမား‌တို့၏။ ခယံ၊ ပျက်ပြားကုန်ခန်းရာ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ကို။ အဇ္ဈဂါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၌ ကိုယ်တိုင် ရရှိတော်မူခဲ့လေပြီ။ ။

ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ ပါဠိ

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဗောဓိပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူစဉ် ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံ ပဋိလုံ ဆင်ခြင်တော်မူ၍ နှုတ်တော်မှ ပထမဦးစွာ ဖွင့်ဟ မြွက်ဆိုတော်မူသော ဂါထာတော်များ။

ပဋိစ္စသမုပ္ပါဒ် အနုလုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စာယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊
ဇာတိ ပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ပါဠိ

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

အနက်

အာတာပိနော၊ ကိလေသာတို့ကို ပူလောင်စေတတ်သော လုံ့လ ရှိတော်မူသော။ စျာယတော၊ စူးစူးစိုက်စိုက် ရှုတော်မူထသော။ ဗြာဟ္မဏသ၊ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌။ ယဒါ၊ အကြောင်အခါ၌။ ဓမ္မာ၊ ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါး တို့သည်။ ဟဝေ၊ စင်စစ်။ ပါတုဘဝန္တိ၊ ထင်ရှား ဖြစ်ကုန်၏။ ယတော၊ ယင်းသို့ ဗောဓိပက္ခိယတရာ သုံးဆယ့်ခုနစ်ပါး ဖြစ်ခြင်းကြောင့်။ သဟေတုဓမ္မံ၊ အကြောင်းနှင့်တကွသော အကျိုးတရားကို၊ ပဇာနာတိ၊ ပိုင်းခြားထင်ထင် သိမြင်တော်မူ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ကခ်ါ၊ ယုံမှားခြင်း တို့သည်။ ဝပယန္တိ၊ ကင်းပျောက်ကြကုန်၏။

ပဋိစ္စသမုပ္ပါဒ် ပဋိလုံ

အဝိဇ္ဇာယတ္တေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊
ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတန နိရောဓော၊
သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓာ တဏှာနိရောဓော၊
တဏှာနိရောဓာ ဥပါဒါနနိရောဓော၊
ဥပါဒါနနိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊
ဇာတိ နိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ပါဠိ

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
အထဿ ကခ်ါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

အနက်

အာတာပိနော၊ ကိလေသာတို့ကို ပူလောင်စေတတ်သော လုံ့လ ရှိတော်မူသော။ ဈာယတော၊ စူးစူးစိုက်စိုက် ရှုတော်မူထသော။ ဗြာဟ္မဏဿ၊ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌။ ယဒါ၊ အကြင်အခါ၌။ ဓမ္မာ၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး တို့သည်။ ဟဝေ၊ စင်စစ်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ယတော၊ ယင်းသို့ ဗောဓိပက္ခိယတရား သုံးဆယ့် ခုနစ်ပါးဖြစ်ခြင်းကြောင့်။ ပစ္စယာနံ၊ အဝိဇ္ဇာစသော အကြောင်းတရားတို့၏။ ခယံ၊ ကုန်ခန်းရာမှန် မြတ်နိဗ္ဗာန်ကို။ အဝေဒိ၊ သိမြင်တော်မူ၏။ အထ၊ ထိုအခါ၌ အဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ကခ်ါ၊ ယုံမှားခြင်းတို့သည်။ ဝပယန္တိ၊ ကင်းပျောက်ကြကုန်၏။

ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊

ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတ္တေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊
ဝိညာဏနိရောဓာ နာမရူပနိရောဓော
နာမရူပနိရောဓာ သဠာယတနနိရောဓော၊
သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓာ တဏှာနိရောဓော၊
တဏှာနိရောဓာ ဥပါဒါနနိရောဓော၊
ဥပါဒါနနိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊
ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ပါဠိ

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယံ, မန္တ လိက္ခံ။

အနက်

အာတာပိနော၊ ကိလေသာတို့ကို ပူလောင်စေတတ်သော လုံ့လ ရှိတော်မူသော။ ဈာယတော၊ စူးစူးစိုက်စိုက် ရှုတော်မူထသော။ ဗြာဟ္မဏဿ၊ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌။ ယဒါ၊ အကြင်အခါ၌။ ဓမ္မာ၊ ဗောဓိပက္ခိယတရား

သုံးဆယ့်ခုနစ်ပါးတို့သည်။ ဟဝေ၊ စင်စစ်။ ပါတုဘဝန္တို့၊ ထင်ရှားဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ သူရိယော၊ နေမင်းသည်။ အန္တလိက္ခံ၊ အဇ္ဈာပြင်မိုးကောင်းကင်ကို။ ဩဘာသယံ-ဩဘာသယန္တော၊ ထွန်းလင်းတောက်ပစေလျက်။ တိဋ္ဌတု ဣဝ၊ တည်သကဲ့သို့။ သော ဗြာဟ္မဏော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ တေဟိ ဓမ္မေဟိ၊ ထိုဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ဖြင့်။ မာရသေနံ၊ ကာမရာဂ စသည်ဆယ်ထပ် မာရ်စစ် တပ်ကို။ ဝိဓုပယံ-ဝိဓုပယန္တော၊ ပယ်ဖျောက်လျက်။ တိဋ္ဌတိ၊ တည်တော်မူ၏။

ပဌာန ပစ္စယုဒ္ဒေသ ပါဠိ

ဟေတု ပစ္စယော
အာရမ္မဏ ပစ္စယော
အဓိပတိ ပစ္စယော
အနန္တရ ပစ္စယော
သမနန္တရ ပစ္စယော
သဟဇာတ ပစ္စယော
အညမည ပစ္စယော
နိဿယ ပစ္စယော
ဥပနိဿယ ပစ္စယော
ပုရေဇာတ ပစ္စယော
ပစ္ဆာဇာတ ပစ္စယော
အာသေဝန ပစ္စယော
ကမ္မ ပစ္စယော
ဝိပါက ပစ္စယော
အာဟာရ ပစ္စယော
ဣန္ဒြိယ ပစ္စယော
ဈာန ပစ္စယော

မဂ္ဂ ပစ္စယော
သမ္မယုတ္တ ပစ္စယော
ဝိပ္ပယုတ္တ ပစ္စယော
အတ္ထိ ပစ္စယော
နတ္ထိ ပစ္စယော
ဝိဂတ ပစ္စယော
အဝိဂတ ပစ္စယော တိ။

နာညတြ ဂါထာ

ဂါထာဖြစ်ပေါ်လာပုံ

သုဇြဟ္မနတ်သား၌ အခြံအရံနတ်သမီးတစ်ထောင်ရှိသည်။ နန္ဒဝန် ဥယျာဉ်တွင် နတ်တို့၏ စည်းစိမ်ကို ခံစားရင်း နတ်သမီးငါးရာသည် ဘဝဖောင်း အကုသိုလ်ကံကြောင့် နတ်ပြည်မှ စုတေပြီး ငရဲသို့ ကျခံရသည်။ သုဇြဟ္မနတ်သားသည် ထိုအဖြစ်ကို မြင်ပြီး သူ၏ နောင်ရေးကို ဆင်ခြင်ကြည့်ရာ ယနေ့မှ ခုနစ်ရက်လွန်လျှင် နတ်သက်ကြွေ စုတေကွယ်လွန်ပြီး အဝီစိငရဲ၌ ကျရောက်မည့် ဘေးဒုက္ခကြီးကို တွေ့မြင်ရ၍ အလွန်ထိတ်လန့်ကြောက်ရွံ့မိသည်။ ထို့ကြောင့် မြတ်စွာဘုရားထံမှောက် ရောက်ရှိသွားသည်။ ဘုရားရှင်က နတ်သားအား "နာညတြ" အစချီသော ပစ္စုပ္ပန်သံသရာ ချမ်းသာကြောင်း ဂါထာကို ဟောကြားတော်မူခဲ့သည်။

သုဇြဟ္မာနတ်သားသည် ဒေသနာတော်ကို ကြားနာရပြီးသည့် အဆုံး၌ သောတာပန်အရိယာ ဖြစ်သွား၍ အပါယ် ငရဲဘေးမှ ကင်းဝေးကာ အသက်ရှည် ကြာစွာ နတ်စည်းစိမ်ကို ခံစားသွားရသည်။

ဂါထာ

နာညတြ ဗောဇ္ဈာတပသာ။ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

အထက်တံန်းအဆင့်

မြန်မာပြန်

ဗောဓျင်တရား ပွားများခြင်း၊ ကိလေသာတရား ခေါင်းပါးအောင် ကျင့်ခြင်းကို ကြဉ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရား မမြင်။ ဣန္ဒြေတို့ကို စောင့်ရှောက်ခြင်းကို ကြဉ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရား မမြင်။ အလုံးစုံ တွယ်တာခြင်းကင်းသော် နိဗ္ဗာန်ကို ကြဉ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရားမမြင်။

မှတ်ချက်။ ဤဂါထာများမှာ သစ္စာတရားကို ဖော်ပြသော ဂါထာများဖြစ်၍ အဆုံးပိုဒ်တွင် "ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ" ဟုထည့်သွင်း ရွတ်ဆို ပူဇော် သစ္စာပြုနိုင်သည်။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့်။ မေ၊ တပည့်တော်အား။ (တေ၊ သင့်အား)။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဘဝေ ဝါဟံ ဘယဲ ဒဿာ ဂါထာ

ဂါထာဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားနှင့် ဗကဗြဟ္မာကြီးတို့ တန်ခိုးပြိုင် ပုန်းအောင်းကြရာတွင် ဗြဟ္မာကြီးက ပထမစတင်ပုန်းအောင်းသည်။ ဗြဟ္မာကြီး ပုန်းအောင်းသမျှ ဘုရားရှင်က ဖော်ထုတ်နိုင်သည်။ ဘုရားရှင်အလှည့်သို့ ရောက်သော် မြတ်စွာဘုရားက "ဗြဟ္မာအများ ငါဘုရားအသံကိုသာ ကြားပါစေ၊ ငါဘုရား ကိုယ်တော်ကိုမူ မမြင်ကြရစေကုန်သတည်း"ဟု အဓိဋ္ဌာန်တော်မူ၍ ထိုင်တော်မူလျက်ပင် ပုန်းကွယ်နေစဉ် "ဘဝေ ဝါဟံ" အစချီသော ဂါထာကို ရွတ်ဆို ဟောကြားတော်မူခဲ့သည်။

ဗြဟ္မာများကား မြတ်စွာဘုရားအသံတော်ကိုသာ ကြားနေကြရသည်။ မြတ်စွာဘုရား ကိုယ်တော်ကိုမူ လုံးဝမမြင်ကြရပေ။ ဤဂါထာသည် မူလပဏ္ဏာသပါဠိတော်၊ ဗြဟ္မနိမန္တနိကသုတ်၌ ပါရှိ၏။

ဂါထာ

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပါဒိယိံ။

မြန်မာပြန်

ငါဘုရားသည် ဘဝ၌ အိုနာသေရေးစသော ဘေးဒုက္ခကို လည်းကောင်း၊ ကာမရူပ အရူပဟု လောကသုံးဘုံ အလုံးစုံကို လည်းကောင်း၊ ဘဝကင်းရာ ရှာသူတို့၏ သံသရာ၌ အဖန်တလဲလဲ ဖြစ်ခြင်းကိုလည်းကောင်း၊ သိမြင်တော်မူသောကြောင့် သာလျှင် တစ်စုံတစ်ခုသော ဘဝကိုမျှ (တဏှာဒိဋ္ဌိတို့ဖြင့်) မစွဲလမ်း မတပ်မက်၊ ဘဝ၌ နှစ်သက်ခြင်း (ဘဝတဏှာ)ကိုလည်း မစွဲယူတော့ပြီ။

အဋ္ဌာနမေတံ ပါဠိ

ပါဠိဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားရှင်ကို ဒေဝဒတ် လုပ်ကြံသတ်ဖြတ်ရာ၌ မြတ်စွာဘုရားသည် မိမိ၏ အသက်ကို သူတပါးတို့ မသတ်ဖြတ်နိုင်ကြောင်း "အဋ္ဌာနမေတံ"အစရှိသော ပါဠိတော်ကို ဟောကြားတော်မူခဲ့သည်။

ပါဠိ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဧဝိတာဝေါရောပေဒ္ဓယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တီ။

မြန်မာပြန်

ရဟန်းတို့ ---- သူတပါး လုံ့လ ပယောဂဖြင့် မြတ်စွာဘုရားကို လုပ်ကြံသတ်ဖြတ်ရန် အကြောင်းမရှိ၊ အခွင့်အလမ်းမရှိ။ သူတပါး လုံ့လ ပယောဂ မဖက် မိမိသဘောသက်သက်ဖြင့်သာလျှင် မြတ်စွာဘုရားတို့သည် ပရိနိဗ္ဗာန်ဝင်စံကြကုန်၏။

ဒိဝါ တပတိ အာဒိစ္စော ဂါထာ

ဂါထာ ဖြစ်ပေါ်လာပုံ

အရှင်အာနန္ဒာမထေရ်က မြတ်စွာဘုရားရှင်၏ အသရေတော်ကို နေရောင်၊ လရောင်၊ စျာန်ဝင်စားနေသူ၏ ကိုယ်ရောင်၊ ကောသလမင်းကြီး၏ တင့်တယ်သော အသရေတို့ဖြင့် နှိုင်းယှဉ်ပြီး ချီးကျူး လျှောက်ကြားတော်မူသောအခါ မြတ်စွာဘုရားရှင်က "ဒိဝါ တပတိ" အစရှိသော ဤဂါထာတော်ကို ဟောကြားတော်မူခဲ့ပါသည်။

ဂါထာ

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

မြန်မာပြန်

နေမင်းသည် နေ့အခါ၌သာ ထွန်းလင်းတောက်ပနိုင်၏။ လမင်းသည် ညဉ့်အခါ၌သာ ထွန်းလင်းတောက်ပနိုင်၏။ မင်းသည် မင်းမြောက်တန်ဆာ ငါးပါး ဝတ်ဆင်မှသာလျှင် တင့်တယ်၏၊ ရဟန္တာသည် စျာန်ဝင်စားနေမှသာလျှင် တင့်တယ် တောက်ပ၏။ စင်စစ်သော်ကား မြတ်စွာဘုရားသည်သာလျှင် အလုံးစုံသော နေ့ည၌ပတ်လုံး တန်ခိုးတော်ဖြင့် တင့်တယ် တောက်ပတော် မူပါပေ၏။

"ဇယန္တော ဗောဓိယာ မူလေ" မဟာပရိတ္တပါဠိတော် ဂါထာ

ရွေးဆရာတော်ကြီးများသည် အန္တရာယ်ကင်းစေရန်၊ လိုရာဆန္ဒပြည့်ဝစေရန်၊ အောင်မြင်မှုရရန် ရည်ရွယ်ပြီးလျှင် ပုဗ္ဗကုသုတ်တွင် အောက်ပါ အောင်မြင်ခြင်း မင်္ဂလာကို ရေးဖွဲ့ပေးထားခဲ့ပါသည်–

ဂါထာများ

ဇယန္တော ဗောဓိယာ မူလေ၊ သက္ယာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

အပရာဇိတ ပလ္လင်္ကေ၊ သီသေ ပထဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ်္ဂပ္ပတ္တော ပမောဒတိ။

မြန်မာပြန်

သာကီဝင် မင်းမျိုးတို့၏ နှစ်သက်မြတ်နိုးခြင်းကို တိုးပွားစေတော်မူတတ်သော မြတ်စွာဘုရားသည် မြေတကာတို့၏ ဦးထိပ်ဖြစ်၍ ကျယ်ပြန့်တင့်တယ် လှစွာသော မြတ်စွာဘုရားအဆူဆူတို့၏ အဘိသိက်သွန်းရာ မဟာဗောဓိပင်ရင်း အပရာဇိတပလ္လင်ထက်တွင် မာရ်ငါးပါးကို အောင်မြင်တော်မူပြီး အမြတ်ဆုံး ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဝမ်းမြောက်တော်မူသကဲ့သို့၊ ထို့အတူပင် ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့ကို အောင်မြင်ပါစေသတည်း။ အောင်အပ်အောင်ရာ မင်္ဂလာအဖြာဖြာ၌ အောင်မြင်ပါစေသတည်း၊ ဝမ်းမြောက် ကြည်သာ ရွှင်လန်းနိုင်ပါစေသတည်း။

အန္တရာယိက ၄-ပါး

ပါဠိ

(၁) ဗုဒ္ဓါနံ ဇိဝိတသ နု သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၂) ဗုဒ္ဓါနံ သဗ္ဗညုတညာဏသ နု သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၃) ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ နှ သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၄) ဗုဒ္ဓါနံ ဒွတ္တိံသမဟာပုရိသလက္ခဏာနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ နှ သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

မြန်မာပြန်

(၁) ဘုရားရှင်တို့ အသက်တော်ကို မည်သူကမျှ အန္တရာယ်မပြုနိုင်သကဲ့သို့၊ ထို့အတူ အကျွန်ုပ်၏ အသက်ကိုလည်း မည်သူကမျှ အန္တရာယ် မပြုနိုင်ပါစေသတည်း။

(၂) ဘုရားရှင်တို့ သဗ္ဗညုတဉာဏ်တော်ကို မည်သူကမျှ အန္တရာယ် မပြုနိုင် သကဲ့သို့၊ ထို့အတူ အကျွန်ုပ်၏ အသိဉာဏ်ကိုလည်း မည်သူကမျှ အန္တရာယ် မပြုနိုင်ပါစေသတည်း။

(၃) ဘုရားရှင်တို့အား လှူဒါန်း ရည်ရွယ်ထားသော ပစ္စည်းလေးပါးတို့ကို မည်သူကမျှ အန္တရာယ် မပြုနိုင်သကဲ့သို့၊ ထို့အတူ အကျွန်ုပ်၏ စည်းစိမ် ဥစ္စာကိုလည်း မည်သူကမျှ အန္တရာယ် မပြုနိုင်ပါစေသတည်း။

(၄) ဘုရားရှင်တို့၏ လက္ခဏာတော်ကြီး၀ယ် အသွယ်သွယ်နှင့် ပေါင်တယ်လှပသော ကိုယ်တော်ရောင်တို့ကို မည်သူကမျှ အန္တရာယ် မပြုနိုင် သကဲ့သို့၊ ထို့အတူ အကျွန်ုပ်၏ လှပတင့်တယ်မှု ဂုဏ်ကျက်သရေ အထွေထွေတို့ကိုလည်း မည်သူကမျှ အန္တရာယ် မပြုနိုင်ပါစေသတည်း။

အဝေဏိက ဂုဏ်တော် ၁၈-ပါး

(၁) အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပွဋိဟတံ ဉာဏံ၊

(၂) အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပွဋိဟတံ ဉာဏံ၊

(၃) ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပွဋိဟတံ ဉာဏံ။

ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော–

(၄) သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

(၅) သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

(၆) သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတသ္သ ဗုဒ္ဓဿ ဘဂဝတော—

(၇) နတ္ထိ ဆန္ဒဿ ဟာနိ၊

(၈) နတ္ထိ ဓမ္မဒေဿနာယ ဟာနိ၊

(၉) နတ္ထိ ဝီရိယဿ ဟာနိ၊

(၁၀) နတ္ထိ သမာဓိဿ ဟာနိ၊

(၁၁) နတ္ထိ ပညာယ ဟာနိ၊

(၁၂) နတ္ထိ ဝိမုတ္တိယာ ဟာနိ၊

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော—

(၁၃) နတ္ထိ ဒေါ၊

(၁၄) နတ္ထိ ရဝါ၊

(၁၅) နတ္ထိ အဖုံ၊

(၁၆) နတ္ထိ ဝေဂါယိတတ္တံ၊

(၁၇) နတ္ထိ အဗျာဝဋမနော၊

(၁၈) နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

မြန်မာပြန်

(၁) ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဉာဏ်တော်သည် အတိတ်ကာလ၌ အပိတ်အပင် အတားအဆီးမရှိ။

(၂) ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဉာဏ်တော်သည် အနာဂတ်ကာလ၌ အပိတ်အပင် အတား အဆီး မရှိ။

(၃) ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဉာဏ်တော်သည် ပစ္စုပ္ပန်ကာလ၌ အပိတ်အပင် အတား အဆီးမရှိ။

ဤဂုဏ်တော်(၃)ပါးတို့နှင့် ပြည့်စုံတော်မူသော ဘုန်းတော်သခင် မြတ်စွာဘုရားရှင်၏ –

(၄) ကာယကံမှူ အားလုံးသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်တော်နှင့် အမြဲ ယှဉ်၏။

(၅) ဝစီကံမှူ အားလုံးသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်တော်နှင့် အမြဲ ယှဉ်၏။

(၆) မနောကံမှူ အားလုံးသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်တော်နှင့် အမြဲ ယှဉ်၏။

ဤဂုဏ်တော် (၆) ပါးတို့နှင့် ပြည့်စုံတော်မူသော ဘုန်းတော် သခင် မြတ်စွာဘုရားရှင်အား –

(၇) သတ္တဝါတို့အား တရားဟောပြောလိုသော ဆန္ဒတော်သည် ဆုတ်ယုတ်ခြင်းမရှိ။

(၈) တရားဟောပြောခြင်း၏ ဆုတ်ယုတ်ခြင်းမရှိ။

(၉) ဝီရိယတော်၏ ဆုတ်ယုတ်ခြင်းမရှိ။

(၁၀) သမာဓိတရား၏ ဆုတ်ယုတ်ခြင်းမရှိ။

(၁၁) ပညာတရား၏ ဆုတ်ယုတ်ခြင်းမရှိ။

(၁၂) အရဟတ္တဖိုလ် (ဖလသမာပတ်) ဝင်စားခြင်းမှ ဆုတ်ယုတ်ခြင်းမရှိ။

ဤဂုဏ်တော်(၁၂)ပါးတို့နှင့် ပြည့်စုံတော်မူသော– ဘုန်းတော်သခင် မြတ်စွာဘုရားရှင်အား –

(၁၄) ရယ်မြူးလို၍ ပြုမူ ပြောဆိုခြင်း မရှိ။

(၁၄) သတိလွတ်ကင်း ချွတ်ယွင်းစွာ ပြုလုပ်ပြောဆိုခြင်းမရှိ။

(၁၅) ဉာဏ်တော်ဖြင့် မတွေ့ထိ မသိအပ်သော အရာမည်သည်မရှိ။

(၁၆) ဉာဏ်တော်ဖြင့် မဆင်မခြင်ဘဲ အဆောတလျင်ပြုသော အမှု ကိစ္စသည် မရှိ။

(၁၇) ကြောင့်ကြိမဲ့ဖြစ်သော စိတ်နှလုံးတော်မရှိ။

(၁၈) ဉာဏ်တော်ဖြင့် မဆင်ခြင်နိုင်၍ လျစ်လျူရှုရသော အရာဟူ၍ မရှိ။

ဤ(၁၈)ပါး မြတ်တရားတို့နှင့် ပြည့်စုံတော်မူသော ဘုန်းတော် ခြောက်ပါးသခင် မြတ်စွာဘုရာရှင်အား လည်းကောင်း၊ ဝိပဿီ စသော ပွင့်တော်မူပြီးသော ဘုရား (၇) ဆူတို့အား လည်းကောင်း၊ ရှိခိုးပါ၏ဘုရား။

အခက်အခဲဟူသမျှ ကျော်လွှား လွန်မြောက်နိုင်သည့် ဂါထာတော်

ဂါထာ ဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ညတစ်ညဝယ် လနတ်သားသည် ရာဟူ အသူရိန်မင်းကြီး၏ ဖမ်းယူခြင်းကို ခံရ၏။ ထိုအခါ လနတ်သားသည် မြတ်စွာဘုရားကို သတိရ အာရုံပြုလျက် တမ်းတ တိုင်တည်သောအားဖြင့် ပထမဂါထာကို ရွတ်ဆိုသည်။ ထိုအခါ မြတ်စွာဘုရားသည် ဒုက္ခရောက်နေသော လနတ်သား အခက်အခဲမှ လွတ်မြောက်ရေးအတွက် ဒုတိယဂါထာကို ရွတ်ဆိုတော်မူကာ ရာဟုအသူရိန်နတ်ကြီးအား အမိန့်ပေးတော်မူသည်။ မြတ်စွာဘုရား၏ အမိန့်ပေး မေတ္တာရပ်ခံစကားကြောင့် ရာဟုအသူရိန်သည် လဗိမာန်ကို ဖမ်းထားရာမှ လွတ်လိုက်သဖြင့် ချမ်းသာသုခ ရခဲ့သည်။

ဂါထာ

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပွမုတ္တောသိ သဗ္ဗဓိ။
သမ္မာဓပွဋိပန္နော သို့၊ တဿ မေ သရဏံ ဘဝ။

၂။ ထထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စသု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

၁။ ဝိရ၊ ကြီးမြတ်သော လုံ့လ ဝိရိယ ရှိတော်မူသော။ ဗုဒ္ဓ၊ ရှင်တော်မြတ်ဘုရား။ တေ၊ ရှင်တော်မြတ်ဘုရားအား။ မေ၊ တပည့်တော်၏။ နမော၊ လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ တံ့၊ ရှင်တော်မြတ်ဘုရားသည်။ သဗ္ဗဓိ၊ ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် ဟူသော ကျဉ်းကျပ်ရာ ဌာနအပေါင်းမှ။ ဝိပွမုတ္တော၊ ကောင်းစွာမချွတ် ကျွတ်လွတ်တော်မူသည်။ အသိ၊ ဖြစ်ပြီ။ အဟံ ပန၊ တပည့်တော်မှာမူကား။။ သမ္မာဝပွဋိပန္နော၊ ရာဟု အသူရိန် နတ်မင်းကြီး၏ ဖမ်းဆီးခြင်းကို ခံနေရ၍ ကျပ်တည်းကျဉ်းမြောင်း လဲလျောင်းနေရသည် (ဝါ) အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ အသို့၊ ဖြစ်၏။ တံ့၊ ရှင်တော်မြတ်ဘုရားသည်။ တဿ မေ၊ ထိုသို့ အခက်အခဲနှင့် ရင်ဆိုင်နေရသည့် တပည့်တော်၏။ သရဏံ၊ ကိုးကွယ်အားထားရာသည်။ ဘဝ၊ ဖြစ်တော်မူပါဘုရား။

၂။ ရာဟု၊ အို– ရာဟုအသူရိန်။ စန္ဒိမာ၊ လနတ်သားသည်။ အရဟန္တံ၊ပူဇော်အထူးကို ခံတော်မူထိုက်သော။ တထာဂတံ၊ မြတ်စွာဘုရားကို။ သရဏံ၊ မှီခိုအားထား ကိုးစားရာဟူ၍ မှီဝဲဆည်းကပ်သိမှတ်ပါ၏။ စန္ဒံ၊ လဗိမာန်ကို။ ပမုဉ္စသု၊ လွှတ်လိုက်ပါလော။ ဗုဒ္ဓါ၊ ဘုရားရှင်တို့မည်သည်။ လောကာနုကမ္ပကာ။ လူ နတ် ဗြဟ္မာ သတ္တဝါ ဟူသမျှကို သနားသမှု ကြောင့်ကြပြု၍ ဂရုစိုက်တော်မူကြကုန်၏။ ရာဟု၊ ရာဟုအသူရိန်နတ်။ တံ့၊ သင်သည်။ စန္ဒံ၊ လဗိမာန်ကို။ ပမုဉ္စသု၊ လွှတ်လိုက်ပါလော။

အခန်း (၁၀)

ဗုဒ္ဓသာသနာတော် ပြန့်ပွားး ဆင်းသက်လာပုံသမိုင်း

အခန်း (၁၀)

ဗုဒ္ဓသာသနာတော် ပြန့်ပွားဆင်းသက်လာပုံ သမိုင်း

ပိဋကတ်နိကာယ် သိမှတ်ဖွယ်

ဗုဒ္ဓမြတ်စွာအလောင်းတော် သုမေဓာရှင်ရသေ့သည် လွန်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်က ပွင့်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားထံ၌ နိယတဗျာဒိတ်ခံယူတော်မူကာ ဘဝများစွာတို့၌ ပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့သဖြင့် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်တွင် သဗ္ဗညုတ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။

မြတ်စွာဘုရားသည် သတ္တဝါဝေနေယျတို့ အကျိုးစီးပွားအလို့ငှာ ၄၅-ဝါ ကာလပတ်လုံး မနေမနား ဟောပြော ပြသတော်မူခဲ့သည်။ မြတ်စွာဘုရား၏ ဟောပြော ပြသ ဆုံးမတော်မူသော တရားတော်များကို ဗုဒ္ဓသာသနာဟူ၍ ခေါ်ဆိုရသည်။ ထို ဗုဒ္ဓမြတ်စွာ သာသနာတော်သည်-

၁။ ပရိယတ္တိ သာသနာ၊

၂။ ပဋိပတ္တိ သာသနာ၊

၃။ ပဋိဝေဓ သာသနာ-ဟူ၍ သုံးပါးရှိ၏။

မြတ်စွာဘုရား ဟောကြားခဲ့သော တရားဒေသနာတော်များကို သင်ယူခြင်းသည် ပရိယတ္တိသာသနာမည်၏။ ဓမ္မတင် ၁၃-ပါး၊ ဝတ္တက္ခန္ဓကဋ္ဌ

ဟောတော်မူအပ်သော ဝတ် ၁၄-ပါး၊ သီလအကျင့် သမာဓိအကျင့် ပညာအကျင့် တရားတို့သည် မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ကျင့်ကြံလိုက်နာအပ်သော တရားများဖြစ်သောကြောင့် ပဋိပတ္တိသာသနာမည်၏။ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ သစ္စာလေးပါး၊ နိဗ္ဗာန်တရားတို့သည် ထိုးထွင်း၍ သိမြင်အပ်သောကြောင့် ပဋိဝေဓ သာသနာမည်၏။

ထိုသာသနာသုံးရပ်တွင် ပရိယတ္တိသာသနာတော်သည် အရင်းမူလ ပဓာနဖြစ်သည်။ မြတ်စွာဘုရား လက်ထက်တော်အခါကပင် ရဟန်းတော်တို့သည် ပရိယတ္တိကို ဆောင်ယူတော်မူခဲ့ကြသည်။ ထိုပရိယတ္တိသည် ဝိနယပိဋကသုတ္တန္တပိဋကအဘိဓမ္မပိဋကဟူ၍ ပိဋကအားဖြင့် သုံးပါးရှိ၏။

အစုအပေါင်း နိကာယ်အားဖြင့်-

(၁) ဒီဃနိကာယ်၊
(၂) မဇ္ဈိမနိကာယ်၊
(၃) သံယုတ္တနိကာယ်၊
(၄) အင်္ဂုတ္တရနိကာယ်၊
(၅) ခုဒ္ဒကနိကာယ်-ဟူ၍ ၅-မျိုးရှိသည်။

ပိဋကနိကာယ်ဟူသော အမည်များဖြင့် ပရိယတ္တိသာသနာတော်ကို စနစ်တကျ စုစည်းခဲ့သည့်အချိန်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် သုံးလနှင့် လေးရက်အလွန် ပထမသံဂါယနာတင်ပွဲကြီး ကျင်းပချိန်ဖြစ်သည်။ ပိဋကစာပေခေါ် ပရိယတ္တိသာသနာတော်ကြီး ပေါ်ပေါက်လာပုံကို ကြည့်ညိုနိုင်ရန် အကျဉ်းမျှ ရေးသားဖော်ပြအံ့။

မဟာသက္ကရာဇ် (၁၄၈) ခုနှစ်၊ ကဆုန်လပြည့်နေ့ အရဏ်တက်ချိန်တွင် သုံးလောကထွတ်ထား မြတ်စွာဘုရားသည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် ပြုတော်မူသည်။ ထိုအချိန် အရှင်မဟာကဿပမထေရ်ကြီးသည် ပါဝါပြည်၌ ရှိနေပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည့် အကြောင်းကို ကြားသိရ၍ မထေရ်ကြီးသည် ပါဝါပြည်မှ ကုသိနာရုံသို့ ရဟန်းတော် (၅၀၀) နှင့်အတူ ကွာလာသည်။ လမ်းခုလတ်တနေရာ

သစ်ပင်ရင်း၌ ခရီးတထောက်နားနေစဉ် မန္နာရဝ နတ်ပန်းကို ယူဆောင်၍ လာနေသော အာဇီဝက တစ်ယောက်ကိုမြင်၍ မထေရ်ကြီးသည် အာဇီဝက "ငါ့ရှင် သင်သည် ငါတို့၏ဆရာ မြတ်စွာဘုရားကို သိပါ၏လော၊ သင်သည် ယခု ဘယ်အရပ်မှလာခဲ့သနည်း"ဟု မေးတော်မူ၏။ အာဇီဝကကလည်း "ငါ့ရှင် သင်တို့ဆရာ မြတ်စွာဘုရားကို သိပါ၏၊ သင်တို့ဆရာ မြတ်စွာဘုရား ကွယ်လွန်ခဲ့သည်မှာ ၇-ရက် ရှိပါပြီ၊ ဤ မန္နာရဝ နတ်ပန်းကို ငါသည် ထိုမြတ်စွာဘုရားအလောင်းတော်အား နတ်တို့ပူဇော်ရာ နေရာမှ ယူဆောင် ခဲ့ပါသည်"ဟု ဖြေဆိုလေသည်။

ထိုသတင်းကို ကြားသိရသောအခါ ပုထုဇဉ်, သောတာပန်ရဟန်းတို့သည် လဲ့က်မောင်း ဆန့်တန်းလျက် အော်ဟစ်ငိုကြွေးကြကုန်၏၊ မြေပြင်၌ လူးလိမ့် ငိုကြွေးကြကုန်၏၊ မတ်တပ်မှ လဲ့ချလျက်ရှိက်ကြီးတင်ငင် ငိုကြွေးကြကုန်၏၊ "မြတ်စွာဘုရား, မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် မြန်ဆန်လွန်း လှပါသည်ဘုရား" စသည်ပြောဆိုကာ သဲအုပြတ်မျှ လွမ်းတပူဆွေး ငိုကြွေးကြကုန်၏၊ မထေရ်ကြီးမှာ ရဟန်းငယ်တို့ ငိုကြွေးကြမည့် အဖြစ်ကို ကြိုတင်သိတော်မူပြီး၍ တောထဲ ရပ်နားစဉ်မှာပင် အာဇီဝကကို မေးမြန်းခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပုထုဇဉ် သောတာပန်တို့ ငိုကြွေးနေကြစဉ် သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးက ဝမ်းသာရွှင်ပျသော အမူအရာဖြင့် "ငါ့ရှင်တို့၊ မငိုကြွေး မပူဆွေးကြနှင့် ငါတို့သည် ထိုရဟန်းကြီး ဂေါတမလက်မှ လွတ်ကြပြီ၊ သူရှိစဉ်က 'ဒါကိုမလုပ်ကြနှင့် ဒါကိုလုပ်ကြ ဒါကသင်တို့နှင့် မအပ်စပ်ဘူး' စသည်ဖြင့် အမျိုးမျိုး ချုပ်ချယ်ခဲ့သည်။ ယခုမူ လုပ်ချင်ရာ လုပ်နိုင်ကြပြီ၊ ထို့ကြောင့် ငါ့ရှင်တို့ ငိုမနေကြနှင့်"စသည်ဖြင့် ပြောဆိုလေသည်။

အရှင်မဟာကဿပ မထေရ်ကြီးသည် သုဘဒ္ဒ တောထွက်ရဟန်းကြီး၏ စကားကို ကြားတော်မူရသောအခါ လွန်စွာ စိုးရိမ် ထိတ်လန့်လျက် ဓမ္မသံဝေဂ ရတော်မူသည်။

"အော်---မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု၍မျှ ၇-ရက်လောက်ပဲရှိသေးတယ်၊ မြတ်စွာဘုရား၏ တရားတော်များ၊ ဝိနည်းတော်များကို နှောင့်ယှက်

ဖျက်ဆီးသည့်သူ ပေါ်ပေါက်နေပါပြီကောလား၊ ဓမ္မဝိနယများကို အဓမ္မအဝိနယ ဖြစ်အောင် ပြုလုပ်မည့်သူများ အင်အား မကောင်းသေးခင် ငါသည် မြတ်စွာဘုရား၏ တရားတော်များကို စနစ်တကျ စုစည်း၍ သံဂါယနာတင်ရမှ ကောင်းပေလိမ့်မည်။

'မြတ်စွာဘုရား၏ တရားတော်များသည် မသီကုံးရသေးသော ပန်းများနှင့်တူနေသည်။ မသီကုံးရသေးသော ပန်းများသည် လေတိုက်ပါက လွင့်သွားနိုင်သကဲ့သို့ စနစ်တကျ မစုစည်းရသေးသော မြတ်စွာဘုရား၏ တရားတော်များသည်လည်း အဓမ္မဝါဒီတို့ကြောင့် လွင့်စင် ပျောက်ကွယ်သွားနိုင်သည်၊ ထိုသို့လွင့်စင်ပျောက်ကွယ်မသွားနိုင်ရန် စနစ်တကျ ကြိုးဖြင့် သီကုံးသကဲ့သို့ သဘောတူရာ စုစည်းသီကုံးထားသင့်သည်။ဤတာဝန်သည် ငါ့တာဝန်ဖြစ်သည်။ မြတ်စွာဘုရား၏ သာသနာတော်တွင် အဂ္ဂသာဝက မထေရ်နှစ်ပါးလည်း ပရိနိဗ္ဗာန် ပြုတော်မူသွားပြီ ဖြစ်သည်။ ဤအချိန်တွင် ငါသည် တာဝန်အရှိဆုံးသူ ဖြစ်သည်။ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော် တို့ကို ပူဇော်သောအား, ဆပ်သောအားဖြင့် ဤတာဝန်ကြီးကို ထမ်းဆောင်ရမည်'ဟု မထေရ်ကြီး ဆုံးဖြတ်တော်မူသည်။ မြတ်စွာဘုရားရှင်က သူ့အား ချီးကျူး,မြှောက်စားတော် မူခဲ့သည်များကိုလည်း မြင်ယောင်နေ၏။

သုဘဒ္ဒ တောထွက်ရဟန်းအိုကြီးကို သာသနာဖျက်စကားကြောင့် ချက်ချင်းပင် နှင်ထုတ်လိုသော်လည်း ယခုအခါ ဤတောထွက်ရဟန်းကြီးကို နှင်ထုတ်လိုက်ပါက "ရဟန်းဂေါတမ၏ တပည့် သာဝကတို့သည် အလောင်းတော် မကွယ်ပျောက်သေးခင်မှာပင် အချင်းချင်း မသင့်မတင့်ဖြစ်ကြ ငြင်းခုံကြ ရန်ဖြစ်ကြပြီ၊ နောင်အခါမှာကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့ အံ့နည်း"ဟု အခြားဘာသာဝင်များက ကဲ့ရဲ့ကြလိမ့်မည်၊ ထို့ကြောင့် နှင်ထုတ်ရန် မသင့်လျော်သေးဟု ဆင်ခြင်တော်မူပြီး ကုသိနာရုံခရီးကို ဆက်လက် ကြွတော်မူလေသည်။

အရှင်မဟာကဿပ မထေရ်ကြီးသည် မြတ်စွာဘုရား၏ ဓာတ်တော် ခွဲဝေမှု ပြုလုပ်ပြီးသောအခါ စည်းဝေးရောက်လာသော သံဃာတော်တို့အား သုဘဒ္ဒရဟန်းအိုကြီး၏ စကားကို ပြန်လည် မိန့်ကြားတော်မူပြီး သံဂါယနာတင်ရန် စီစဉ်တော်မူသည်။ အရှင်မဟာကဿပ, အရှင်အာနန္ဒာ,

အရှင်ဥပါလိ စသော ဆဋ္ဌဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်ကြီး(၅၀၀) တို့သည် ရာဇဂြိုဟ်ပြည် သတ္တပဏ္ဏိလိဏ်ဂူဝယ် ၇-လတိုင်တိုင် ဓမ္မဝိနယတို့ကို စနစ်တကျ စီစစ်တော်မူပြီး စုပေါင်း ရွတ်ဆိုကာ သံဂါယနာတင် အတည်ပြုတော်မူကြသည်။ ဓမ္မဒေသနာတော်များကို သဘောတူရာ တူရာ စနစ်တကျ စုစည်းသိုက်ုံး ထုံးဖွဲ့တော်မူခဲ့ကြလေသည်။

မြတ်စွာဘုရား၏ တရားဒေသနာ ပန်းများစွာကို ပိဋကခေါ် တောင်းကြီးသုံးလုံး၌ ခွဲ၍ ထည့်တော်မူကြသည်။ ပန်းကောက်သူသည် အရောင်မျိုးစုံ အပွင့်မျိုးစုံ ပန်းပုံကြီးထဲမှ ပန်းများကို သဘော သဘာဝ တူမျှရာ ပန်းတို့ကို ရွေးထုတ်၍ ခြင်းတောင်းကြီး သုံးလုံးထဲ ထည့်သကဲ့သို့ မြတ်စွာဘုရား ပညတ်ချက် သိက္ခာပုဒ်တော်များကို စုစည်း ရွေးနှုတ်၍ **ဝိနယပိဋက** ဟူသော ဝိနည်းခြင်းတောင်းကြီးထဲသို့ ထည့်သွင်းတော်မူသည်။ တာဝတိံသာနတ်ပြည်ဝယ် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့သော အဘိဓမ္မာဒေသနာတော်ပန်းများကို **အဘိဓမ္မပိဋက** ဟူသော တောင်းကြီးထဲသို့ ထည့်သွင်းတော်မူသည်။ လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ၄၅-ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သမျှ ကျန်တရားဓမ္မပန်းများကိုမူ သုတ္တန္တ ပိဋက ဟူသော တောင်းကြီးထဲသို့ ထည့်တော်မူသည်။ ဤသို့လျှင် သဘောတူရာ တောင်းကြီးသုံးလုံး ပိဋကသုံးပုံကို ခွဲဝေသတ်မှတ်တော်မူခဲ့သည်။

ထို့နောက် နိကာယ်ခေါ် အရှည်အတို ပမာဏတူရာ စုပေါင်းသိုက်ုံးရန်အတွက် နိကာယ်ကြီး၎င်းရပ် ထပ်မံ စီစဉ်တော်မူသည်။ ရှည်လျားသော သုတ်တော်တို့ကို ရွေးထုတ်၍ တူရာ တူရာ အုပ်စုများဖွဲ့ကာ **ဒီဃနိကာယ်** ဟု သုတ်ရှည်ကြီးများကို တသီးတသန့် စုစည်းထားတော်မူသည်။ မရှည်လွန်း မတိုလွန်းသော သုတ်တော်တို့ကို ရွေးထုတ် အုပ်စုခွဲကာ **မဇ္ဈိမနိကာယ်** ဟု သတ်မှတ်တော်မူသည်။ မြတ်စွာဘုရားလက်ထက်က လာရောက်မေးခွန်းမေးလေ့ရှိသော နတ်များ၊ မထေရ်တဦးဦးနှင့်ပတ်သက်သော သုတ်တော်များ၊ ဒါယကာ တဦးဦးနှင့်ပတ်သက်သော သုတ်တော်များ စသည်ဖြင့် ကျက်မှတ်ဆောင်ယူ လွယ်ကူစေရန် သဘောသဘာဝ ဆက်နွယ် ယှဉ်စပ်နေသော

သုတ်တို့ကို အုပ်စုခွဲကာ **သံယုတ္တနိကာယ်** ဟု စီစဉ်တော်မူသည်။ ထို့နောက် တစ် နှစ် သုံး လေး စသည့် အချက်အလက်များနှင့်ပတ်သက်၍ အင်္ဂါသို့မဟုတ် တရားတစ်ပါး၊ တစ်ပါးစီအလိုက် တိုး၍ တိုး၍ ဟောတော်မူသော သုတ်တော်တို့ကို စုစည်း၍ **အင်္ဂုတ္တရနိကာယ်** ဟု သတ်မှတ်တော်မူသည်။ ကျန်သော ဒေသနာတော်စုကို **ခုဒ္ဒကနိကာယ်** ဟု သတ်မှတ်တော်မူသည်။

ဒီဃနိကာယ်တွင် -

(၁) သီလက္ခန္ဓဝဂ္ဂ၊

(၂) မဟာဝဂ္ဂ၊

(၃) ပါထိကဝဂ္ဂ ဟူ၍ သုံးကျမ်းရှိသည်။ ရှည်လျားကျယ်ပြန့်သော သုတ်တော်များကို စုပေါင်း ဖော်ပြထားသော နိကာယ်ဖြစ်သည်။ ဗြဟ္မာ့ဓာလသုတ် အစရှိသော သုတ်တော်ပေါင်း(၃၄)သုတ် ပါဝင်သည်။

မဇ္ဈိမနိကာယ်တွင် -

(၁) မူလပဏ္ဏာသ၊

(၂) မဇ္ဈိမပဏ္ဏာသ၊

(၃) ဥပရိပဏ္ဏာသ ဟူ၍ သုံးကျမ်းရှိသည်။ မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သော သုတ်များကို စုပေါင်းဖော်ပြထားသော နိကာယ် ဖြစ်သည်။ မူလပရိယာယသုတ်အစရှိသော (၁၅၂) သုတ်တို့ကို အုပ်စုပေါင်း (၁၅)အုပ်စု ခွဲခြားဖွဲ့ထားသည်။

သံယုတ္တနိကာယ်တွင် -

(၁) သဂါထာဝဂ္ဂသံယုတ်၊

(၂) နိဒါနဝဂ္ဂသံယုတ်၊

(၃) ခန္ဓဝဂ္ဂသံယုတ်၊

(၄) သဠာယတနဝဂ္ဂသံယုတ်၊

(၅) မဟာဝဂ္ဂသံယုတ် ဟူ၍ ၅-ကျမ်းရှိသည်။ စာအုပ်အရေအတွက် အားဖြင့် ၃-အုပ်ဖြစ်သည်။ သြဃတရဏသုတ် အစရှိသော သုတ်ပေါင်း

(၇၇၆၂)သုတ် ပါဝင်သည်။

အင်္ဂုတ္တရနိကာယ်၌ -

(၁) ဧကကနိပါတ၊
(၂) ဒုကနိပါတ၊
(၃) တိကနိပါတ၊
(၄) စတုက္ကနိပါတ၊
(၅) ပဉ္စကနိပါတ၊
(၆) ဆက္ကနိပါတ၊
(၇) သတ္တကနိပါတ၊
(၈) အဋ္ဌကနိပါတ၊
(၉) နဝကနိပါတ၊
(၁၀) ဒသကနိပါတ၊
(၁၁) ဧကာဒသကနိပါတ ဟူ၍ ၁၁-ကျမ်းရှိသည်။ စာအုပ် အရေအတွက်အားဖြင့် ၃-အုပ် ဖြစ်သည်။ စိတ္တပရိယာဒါန အစရှိသော သုတ်ပေါင်း (၉၅၅၇) သုတ် ပါဝင်သည်။

အထက်ပါ နိကာယ်လေးရပ်တွင် ပါဝင်သော တရားတော်များမှ တပါး ကျန်ရှိသောတရားတော်များကို ခုဒ္ဒကနိကာယ်၌ ထည့်သွင်း ရေတွက်ထားသည်။ သို့ဖြစ်၍ ၎င်းခုဒ္ဒကနိကာယ်၌ ပိဋကအားဖြင့် ဝိနယပိဋက၊ သုတ္တန္တပိဋက အဘိဓမ္မပိဋက သုံးမျိုးလုံး ပါဝင်နေကြသည်။

ခုဒ္ဒကနိကာယ် သုတ္တန္တပိဋက၌

(၁) ခုဒ္ဒကပါဌ၊
(၂) ဓမ္မပဒ၊
(၃) ဥဒါန၊
(၄) ဣတိဝုတ္တက၊
(၅) သုတ္တနိပါတ၊
(၆) ဝိမာနဝတ္ထု၊
(၇) ပေတဝတ္ထု

(၈) ထေရဂါထာ၊
(၉) ထေရီဂါထာ၊
(၁၀) အပဒါန၊
(၁၁) ဗုဒ္ဓဝံသ၊
(၁၂) စရိယာပိဋကဝ၊
(၁၃) မဟာနိဒ္ဒေသ၊
(၁၄) စူဠနိဒ္ဒေသ၊
(၁၅) ပဋိသမ္ဘိဒါမဂ္ဂ၊
(၁၆) ပဋိသမ္ဘိဒါမဂ္ဂ၊
(၁၇) နေတ္တိ၊
(၁၈) ပေဋကောပဒေသ၊
(၁၉) မိလိန္ဒပဉှာ ဟူ၍ ၁၉-ကျမ်းရှိသည်။ စာအုပ်အရေအတွက်အားဖြင့် ၁၁-အုပ် ဖြစ်သည်။

ခုဒ္ဒကနိကာယ် အဘိဓမ္မပိဋကဋ္ဌ

(၁) ဓမ္မသင်္ဂဏီ၊
(၂) ဝိဘင်္ဂ၊
(၃) ဓာတုကထာ၊
(၄) ပုဂ္ဂလပညတ္တိ၊
(၅) ကထာဝတ္ထု၊
(၆) ယမက၊
(၇) ပဋ္ဌာန-ဟူ၍ ၇-ကျမ်းရှိသည်။ စာအုပ်အရေအတွက်အားဖြင့် ၁၂-အုပ် ဖြစ်သည်။

ခုဒ္ဒကနိကာယ် ဝိနယပိဋကဋ္ဌ

(၁) ပါရာဇိက၊
(၂) ပါစိတ္တိယ၊
(၃) မဟာဝဂ္ဂ၊
(၄) စူဠဝဂ္ဂ၊
(၅) ပရိဝါရ-ဟူ၍ ၅-ကျမ်းရှိသည်။ စာအုပ်အရေအတွက်အားဖြင့်လည်း ၅-အုပ်ပင်ဖြစ်သည်။

ဤသို့လျှင် ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်အားဖြင့် မြတ်စွာဘုရား၏ တရားတော်များကို အပြည့်အစုံ မှတ်တမ်းတင် ထိန်းသိမ်းခဲ့ကြ၏။ ဘုရားရှင်ကို သိမီသော သံဂါယနာတင် ထေရ–မထေရ်ကြီး အဆက်ဆက်တို့ လက်ဆင့်ကမ်း ထိန်းသိမ်းတော်မူခဲ့ကြသဖြင့် ထေရဝါဒ ထေရဝါဒပိဋကဟု ခေါ်သည်။ စာအုပ်အရေအတွက်အားဖြင့် ပါဠိတော် အုပ်ရေ ၄၀–ရှိသည်။ စာမျက်နှာအားဖြင့် ဆဋ္ဌသံဂါယနာမူအရ ၁၆၅၂၈–မျက်နှာရှိသည်။ ထို မြတ်စွာဘုရား တရားတော်များ၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုသော ကျမ်းများကို အဋ္ဌကထာ ကျမ်းများဟု ခေါ်ဆိုကြသည်။ ထိုအဋ္ဌကထာကျမ်းများကို ထပ်ဆင့်ဖွင့်ဆို အကျယ်ချဲ့ပြသော ကျမ်းများကို ဋီကာကျမ်းများဟု ခေါ်ဆိုကြသည်။ မြတ်စွာဘုရား၏ တရားတော်များကို စုစည်း သံဂါယနာတင်တော်မူပြီး ကြသောအခါ မပျောက်မပျက် မယိုမယွင်းရအောင် နှုတ်ဆုံဆောင်တော် မူခဲ့ကြသည်။ ဝိနည်းပိဋကသည် ဘာဏဝါရ (ရွတ်ဆိုသော အကြိမ်၊ တကြိမ်ရွတ်)အားဖြင့် ၁၆၉–ဘာဏဝါရ အတိုင်းအရှည်ရှိ၏။ ထိုဝိနယပိဋကကို အရှင်ဥပါလိ, အရှင်ဒါသက, အရှင်သောနက, အရှင်သိဂ္ဂဝ, အရှင်မောဂ္ဂလိ ပုတ္တတိဿ စသော မထေရ်အဆက်ဆက်တို့ ဆောင်တော်မူခဲ့ကြသည်။

ဒီဃနိကာယ်သည် ဘာဏဝါရအားဖြင့် ၆၄–ဘာဏပါရ ရှိသည်။ ထိုဒီဃနိကာယ်ကို အရှင်အာနန္ဒာနှင့် တပည့်အဆက်ဆက်တို့ ဆောင်တော်မူခဲ့ကြကုန်၏။

မဇ္ဈိမနိကာယ်သည် ဘာဏဝါရအားဖြင့် ၈၀–ရှိသည်။ ထိုမဇ္ဈိမနိကာယ်ကို အရှင် ဿရိပုတ္တရာနှင့် တပည့်အဆက်ဆက်တို့ ဆောင်တော်မူခဲ့ကြကုန်၏။

သံယုတ္တနိကာယ်သည် ဘာဏဝါရအားဖြင့် ၁၀၀–ရှိသည်။ ထိုသံယုတ္တနိကာယ်ကို အရှင်မဟာကဿပ မထေရ်ကြီးနှင့် တပည့်အဆက်ဆက်တို့ ဆောင်တော်မူခဲ့ကြကုန်၏။

အင်္ဂုတ္တရနိကာယ်သည် ဘာဏဝါရအားဖြင့် ၂၂၀–ရှိသည်။ ထို အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါမထေရ်နှင့် တပည့် အဆက်ဆက်တို့ ဆောင်တော်မူခဲ့ကြကုန်၏။

အဘိဓမ္မပိဋကသည် ဘာဏဝါရအားဖြင့် ၁၄၃-ဘာဏဝါရရှိသည်။ ထိုအဘိဓမ္မပိဋကကို အရှင်သာရိပုတ္တရာမထေရ်နှင့် တပည့် အဆက်ဆက်တို့ ဆောင်တော်မူခဲ့ ကြကုန်၏။

ကြွင်းသော ခုဒ္ဒကပါဋ စသော ခုဒ္ဒကနိကာယ်ကျမ်းများကို ဆရာ အဆက်ဆက် တပည့် အဆက်ဆက်တို့ နှုတ်တက်အာဂုံ ဆောင်တော်မူခဲ့ ကြကုန်၏။

ထိုပိဋကသုံးပုံ နိကာယ်ငါးရပ် ပါဠိတော်များကို ဆရာစဉ်ဆက် တာဝန်ခွဲဝေ၍ အာဂုံဆောင်ခဲ့ကြသည်။ အာဂုံဆောင်ခဲ့ကြသော ပုဂ္ဂိုလ်တို့မှာ ကိလေသာ အာသဝေါ ကင်းစင်ကြသည့် ရဟန္တာပုဂ္ဂိုလ်ကြီးများ ဖြစ်ကြရုံမျှမက ပဋိသမ္ဘိဒါပတ္တိ စသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူကြသည်။ အထူးသဖြင့် အရှင်အာနန္ဒာသည် သတိ သမာဓိ ပညာ အရာ ဧတဒဂ်ငါးတန် ရပြီး မြတ်စွာဘုရား ဟောသမျှ မမေ့မပျောက်အောင် နာယူ မှတ်သား ဆောင်ထားနိုင်သော ထူးခြားသော စွမ်းရည်ထူးရှိသည့် မထေရ်ကြီးဖြစ်သည်။ သို့ဖြစ်၍ ပိဋကစာပေတို့ကို နှုတ်ငုံဆောင်ခဲ့ကြသော်လည်း မှားယွင်းမှု၊ အပိုအလို အလျှဉ်းမရှိ၊ ဘုရားဟောတော်မူသည့်အတိုင်း အပြည့်အစုံ ဆောင်တော်မူနိုင်ခဲ့ကြသည်။

သာသနာတော်နှစ် ၁၀၀-ပြည့်နှစ်တွင် ဒုတိယသံဂါယနာတင်ကာ ပိဋကတော်များကို ထပ်မံ၍ တိုက်ဆိုင် စိစစ်တော်မူခဲ့ကြပြန်သည်။ သာသနာတော်နှစ် ၂၃၅-ခုတွင် တတိယသံဂါယနာ တင်တော်မူသောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် မြတ်စွာဘုရား၏ နည်းပေးတော် မူခဲ့သည့်အတိုင်း မိစ္ဆာအယူဝါဒများကို ဖြေရှင်းကာ ကထာ ဝတ္ထုကျမ်းကြီးကို အကျယ်ဟောတော်မူခဲ့ရာ ထိုကျမ်းကို အဘိဓမ္မပိဋကအဖြစ် ထည့်သွင်း ရေတွက်ခဲ့ကြသည်။

သာသနာတော်နှစ် ၄၅၀-မတိုင်မီ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)၌ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ပေါ်ပေါက်ခဲ့ရာ သံဃာတော်တို့ ဆွမ်းအာဟာရ ခက်ခဲခဲ့ကြသည်။ သီဟိုဠ်မှ ရဟန်းတော်များ အိန္ဒိယသို့ ကြွကြရသည်။ သီဟိုဠ်တွင် ကျန်ရစ်ခဲ့သော သံဃာတော်တို့သည် သစ်ဥ သစ်ဖုများကို

ဘုဉ်းပေးလျက် ခက်ခက်ခဲခဲ ပိဋကတော်များကို အာဂုံပြန်ဆိုဆောင်ခဲ့ကြရသည်။ စစ်ကြီးပြီးသောအခါ သာသနာတော်နှစ် ၄၅၀-တွင် မလယ ဧနပုဒ် အာလောကလိဏ်၌ သီဟိုဠ်နှင့် အိန္ဒိယ သံဃာတော်တို့ စုဝေးကြကာ ပိဋကတော်များကို တိုက်ဆိုင်ညှိနှိုင်း ရွတ်ဆို၍ စတုတ္ထ သံဂါယနာ တင်ကြပြန်သည်။

စတုတ္ထသံဂါယနာအပြီးတွင် နောင်အခါ၌ ဤကဲ့သို့ ဘေးဒုက္ခနှင့် ရင်ဆိုင်ကြရသောအခါ နောက်လူတို့ သတိ သမာဓိ ပညာ ဝီရိယအားနည်းကြပြီး ပိဋကတော်များကို မဆောင်နိုင်၍ မေ့ပျောက်မည့် အန္တရာယ်ကို စိုးရိမ်တော်မူကြပြီး အမြော်အမြင် ကြီးမားစွာ ပေရွက်များပေါ်၌ စာပေ ရေးသားမှတ်တမ်းတင်ထားခဲ့ကြသည်။ ထိုအခါမှစ၍ ပိဋကစာပေ ပေါ်ပေါက်လာခဲ့သည်။

သာသနာတော်နှစ် ၂၄၁၂-ခုနှစ်တွင် မြန်မာနိုင်ငံမှ မင်းတုန်းမင်းကြီးသည် ပဋ္ဌမသံဂါယနာတင်တော်မူကာ ပိဋကစာပေတို့ကို ပိုမို ခိုင်ခန့် အရှည်တည်တံ့စေရန် စကျင်ကျောက်သား‌ချပ်ပေါင်း (၇၂၉)ချပ်ပေါ်တွင် ထွင်းထု၍ မှတ်တမ်းတင်တော်မူခဲ့သည်။ အမှားအယွင်းမရှိ တိတိကျကျ ဖြစ်စေရန် ရာဇဂုရု ဆရာတော်ကြီးများကိုယ်တိုင် ကြပ်မတ်၍ စိစစ်ရေးထိုးစေတော်မူသည့်အပြင် အမှားပြန်သူအား ရွှေဒင်္ဂါးတစ်ပြား ပေးမည်ဟုပင် မင်းကြီးက အမိန့်ထုတ်ကာ သန့်ရှင်းစင်ကြယ်စေရန် စီမံတော်မူခဲ့သည်။

ထို့နောက် ပုံနှိပ်စက်များ မြန်မာနိုင်ငံသို့ ရောက်လာသဖြင့် ကျောက်စာမူ ပါဠိတော်များကို စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေကြ၏။ ထိုအခါ ပိဋကစာမူ အမျိုးမျိုး ဖြစ်လာကြသဖြင့် တစ်မူတည်း သန့်ရှင်းစေရန် ထေရဝါဒ ငါးနိုင်ငံမှ ဆရာတော်ကြီးများ၊ နိုင်ငံအကြီးအကဲများနှင့် ပြည်သူများ စုပေါင်း၍ (သာသနာတော်နှစ် ၂၅၀၀) တွင် ဆဋ္ဌသံဂါယနာတင်တော်မူခဲ့ကြသည်။ ထိုသံဂါယနာပွဲတော်ကြီးအပြီးတွင် သန့်ရှင်းသော ပိဋကစာမူများရရှိကာ ကမ္ဘာအရပ်ရပ်ရှိ ပိဋကတိုက်ကြီးတိုင်းသို့ ရောက်ရှိသွားလေတော့သည်။ အသန့်ရှင်းဆုံးသော ပိဋကတ်အဖြစ် တစ်ကမ္ဘာလုံးက လက်ခံထားကြလေသည်။

ဤသို့ဖြင့် ပိဋကစာပေသည် နှစ်ပေါင်း (၂၅၀၀)ကျော် သမိုင်းရှည်ကြီးကို ဖြတ်သန်းလာခဲ့ရသည်။ နှစ်ပေါင်း (၂၅၀၀)ကျော်မျှ နှစ်ပရိစ္ဆေဒ ကြာညောင်းလာပြီဖြစ်သဖြင့် 'ပင်ရင်းမူလ ဟုတ်မှဟုတ်ပါမည်လော'ဟု မယုံကြည်သူတချို့က သံသယဝင်ကြသည်။ စင်စစ် သံသယဖြစ်ဖွယ်မရှိ၊ ခေတ်အဆက်ဆက် နှုတ်ဖြင့် ဆောင်ခဲ့ကြသောပုဂ္ဂိုလ်ကြီးများမှာ လူသာမန်များမဟုတ်၊ ကိလေသာ အရှုပ်အထွေး ကင်းစင်ပြီး သတိ သမာဓိ ပညာအားကြီးတော်မူကြသော ရဟန္တာမထေရ်ကြီးများ ဖြစ်တော်မူကြသည်။ အထူးသဖြင့် ဤယနေ့ တိုင်အောင်ပင် ပိဋကစာပေလာ အဆိုအမိန့်များအတိုင်း လက်တွေ့ စမ်းသပ်ကျင့်ကြံ အောင်မြင်နေမှုက ပိဋကတော်၏ စစ်မှန်တိကျကြောင်း အကောင်းဆုံးသော သာဓက ဖြစ်နေလေပြီ။

မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော်ရောက်ရှိ ထွန်းကား ပြန့်ပွားလာပုံ

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀-ကျော်က မဇ္ဈိမဒေသတွင် မြတ်စွာဘုရား ပွင့်ပေါ်တော်မူသည်မှစ၍ ၄၅-ဝါပတ်လုံး တရားတော်များကို ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရား၏ တရားတော်များကို နာကြားကြရသဖြင့် လူနတ် ဗြဟ္မာ သတ္တဝါများစွာတို့ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက် ကြကုန်၏။ မြတ်စွာဘုရား၏ တပည့်သာဝက အဆက်ဆက်များကလည်း တရားတော်များကို ဆက်လက် ဟောပြောကြပြန်သဖြင့် ဗုဒ္ဓသာသနာတော်သည် ကမ္ဘာအနှံ့ ပြန့်ပွား တိုးတက်လာသည်။ သာသနာတော်သည် ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့သည့်နည်းတူ မြန်မာနိုင်ငံသို့လည်း ရောက်ရှိထွန်းကား ပြန့်ပွားလာခဲ့သည်။

ပုဂံခေတ်တွင် သန့်စင်ပျိုးထောင်ခဲ့သော ထေရဝါဒ ဗုဒ္ဓဘာသာကြောင့် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုကြီး ဖြစ်လာသည်အထိ မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာတရားတော်က သွန်သင်ခဲ့သည်။ မြန်မာတို့၏ စည်းလုံးညီညွတ်သော အမျိုးဘာသာ သာသနာစိတ်ဓာတ်အားမာန်ကို ဗုဒ္ဓဘာသာတရားတော်က ပြုစုပျိုးထောင်ပေးခဲ့သည်။ ဗုဒ္ဓဘာသာတရားတော်သည် မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ အကျိုးစီးပွားကို အမြဲ ဆောင်ရွက်ပေးတော်မူသဖြင့် သာသနာ့သမိုင်း အပြည့်အဝကို စနစ်တကျ လေ့လာသင့်ပေသည်။

မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးအခါက အိန္ဒိယနိုင်ငံတွင် ပဋ္ဌာလမင်းနှင့် သာကီဝင်များဖြစ်သော ဒေဝဒဟ၊ ကပိလဝတ်၊ ကောလိယမင်းတို့ စစ်ဖြစ်ကြရာ သာကီဝင်မင်းမျိုးတို့ စစ်ပွဲတွင် အရေးနိမ့်ခဲ့ သည်။ ကပိလဝတ်ပြည်မှ အဘိရာဇာ သာကီဝင်မင်းသည် စစ်သည် အလုံးအရင်းနှင့် မြန်မာနိုင်ငံ တကောင်းအရပ်သို့ ထွက်ခဲ့သည်။ သင်္ဃနဂိရိဟု အမည်သမုတ်ပြီး တကောင်းပြည်ကို တည်ထောင်စိုးစံသည်။ တကောင်းသို့ ရောက်နှင့်နေသော ရှေးဦး မြန်မာလူမျိုးတို့နှင့် မဇ္ဈိမမှ နောက်ရောက်လာသော သာကီဝင် အဘိရာဇာတို့မှာ တိဗက်မြန်မာအုပ်စုတူ လူမျိုးချင်းဖြစ်၍ ပေါင်းစု နေနိုင်ကြသည်။ အဘိရာဇာ တကောင်းပြည်ကို တည်ထောင်ချိန်မှာ ဘီစီ ၆-ရာစုကျော် အချိန်ဖြစ်သည်။

ဘုရားမပွင့်မီကာလ မြန်မာပြည်အခြေအနေ

တကောင်းပြည်ကို စတင်တည်ထောင်ချိန်က မြန်မာနိုင်ငံအထက်ပိုင်းတွင် အရှေ့ဘက်၌ ပျူလူမျိုး၊ အနောက်ဘက်၌ ကမ်းယံလူမျိုး၊ မြောက်ဘက်၌ သက်လူမျိုး၊ ဇရာဝတီ၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းတို့တွင် မွန်လူမျိုးများလည်း ရောက်ရှိနေကြပြီး ဖြစ်သည်ဟု ဆိုကြသည်။

တွေ့ရှိရသောအထောက်အထားများအရ မြန်မာနိုင်ငံ၏ ရှေးဟောင်း မြို့ပြနိုင်ငံများအဖြစ် အောက်ပါအတိုင်းတွေ့ရသည်။ မြန်မာနိုင်ငံမြောက်ပိုင်း ဇရာဝတီမြစ်အရှေ့ဘက်ကမ်း၌ တကောင်းပြည်ကြီး တည်ရှိနေသည်။ မြန်မာပြည်အနောက်ပိုင်း ရခိုင်ပြည်မြောက်ပိုင်းဒေသ၌ ဝေသာလီပြည် တည်ရှိနေသည်။ မြန်မာပြည်၏တောင်ဘက် ပင်လယ်ကမ်းခြေ အရပ်၌ သုဝဏ္ဏဘူမိခေါ် သထုံပြည်တည်ရှိနေသည်။ ပြည်မြို့အရှေ့ဘက် မော်ဇာရွာ တည်ရာအရပ်၌ သရေခေတ္တရာပြည် တည်ရှိနေသည်။ ၎င်းပြင် မြန်မာပြည် အလယ်ပိုင်း ဗိသနိုး၊ ပြည်၊ ဟန်လင်း၊ ပျူနိုင်ငံတို့လည်း တည်ရှိနေကြသည်။

တကောင်းပြည်သည် မြတ်စွာဘုရား ပွင့်တော်မမူမီကပင် တည်ရှိပြီး ဖြစ်သည်။ ဣန္ဒိယပြည်မြောက်ပိုင်းနှင့် ပတ်ကျိုင်တောင်ကြားလမ်း၊ ဟူးကောင်း တောင်ကြားလမ်း အဆက်အသွယ်ရှိခဲ့သည်။ တရုတ်ပိုးလမ်းမကြီးပေါ်တွင်

တည်ရှိပြီး အိန္ဒိယ တရုတ်ကုန်သွယ်ရေး အချက်အချာဒေသ ဖြစ်သည်။ သာကီဝင်မင်းတို့နှင့် ရောနှောသွားပြီးသည့်နောက် ပါဠိ သက္ကတအမည်များ တွင်ကျယ်လာသည်။ အိန္ဒိယနိုင်ငံမှ လာသူများဖြစ်၍ အိန္ဒိယနိုင်ငံမှ မြို့ မြစ် တောင်များ၏ အမည်များကို အတုယူ မှည့်ခေါ်ကြသည်။ (ဧရာဝတီမြစ်၊ သလွှာဝတီမြစ်၊ သက်သနဂိုရ်၊ ပဉ္စာလရာဇ် စသည်တို့ဖြစ်ကြသည်။)

သုဝဏ္ဏဘူမိနိုင်ငံ

သုဝဏ္ဏဘူမိနိုင်ငံ၏ အချက်အချာဒေသမှာ သထုံခရိုင် ဘီးလင်းမြို့နယ် ကေလာသတောင်တဝိုက် ဖြစ်သည်။ မွန်လူမျိုးတို့ အခြေစိုက်၍ မြို့ပြ ထီးနန်း တည်ထောင်ခဲ့ကြသည်။ ယင်းဒေသသည် ပင်လယ်ဆိပ်ကမ်းတစ်ခု ဖြစ်သည်။ မုတ္တမတောင်တန်း၏ အနောက်ဘက် လွင်ပြင်မှာ ရှေးယခင်က ပင်လယ်လွှမ်းနေခဲ့သည်။ ထိုစဉ်က ပင်လယ်ကမ်းစပ်သည် ယခုအရက်သည်မ (တိုက်ကလား)ရွာ ဖြစ်သော ကေလာသတောင်ခြေအထိ ရောက်ရှိခဲ့သည်။ အရက်သည်မရွာနှင့် သထုံမြို့နေရာတို့မှ လေး မြားများ၊ ကျောက်ကြိုးများ၊ နိုင်ငံခြားသင်္ဘောများ၏ အပိုင်းအစများကို တူးဖော်တွေ့ရှိခဲ့သည်။

သုဝဏ္ဏဘူမိသည် မွန်တို့၏ ဌာနဖြစ်သော ရာမညတိုင်း ဖြစ်သည်။ ရှေးယခင်က သုဝဏ္ဏဘူမိသည် စစ်တောင်းမြစ်နှင့် သံလွင်မြစ်နှစ်သွယ်ကြား ဒေသဖြစ်သည်။ လွန်ခဲ့သော ဘီစီ ၂၀၀၀-ကျော်လောက်အချိန်က မွန်ခမာ အနွယ်ဝင်တို့သည် အရှေ့တောင် အာရှ မြစ်ဝှမ်းဒေသများသို့ တစတစ ပြောင်းရွှေ့လာကြသည်။ မြစ်နီမြစ်ဝကျွန်းပေါ်၊ မဲခေါင်မြစ်ဝကျွန်းပေါ်၊ စစ်တောင်း သံလွင်၊ ဂျိုင်း မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ပျံ့နှံ့နေထိုင်ခဲ့ကြသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ထိ ကျယ်ပြန့်သည် မွန်ခမာ၊အနွယ်ဝင် အချို့သည် ဗုဟ္မပုတ္တရမြစ်ဝှမ်းနှင့် ဂင်္ဂါမြစ်ဝှမ်းဒေသများသို့လည်း ရောက်ခဲ့ကြသည်။

မွန်လူမျိုးတို့သည် ဘီစီ ၁၇-ရာစုအတွင်းက သုဝဏ္ဏဘူမိကို တည်ထောင်ခဲ့ကြသည်။ အိန္ဒိယကုန်သည်များနှင့် စွန့်စားသူများ ရောင်းဝယ် ဖောက်ကားကြသဖြင့် သုဝဏ္ဏဘူမိဒေသသည် လွန်စွာ ကြွယ်ဝချမ်းသာခဲ့သည်။ ထိုအချိန်က သုဝဏ္ဏဘူမိသည် ရာမညတိုင်းကြီးအဖြစ် ကျယ်ပြန့်သည်။ ပုသိမ် ၃၂-မြို့၊

၁လ ၃၂-မြို့၊ မုတ်သုမ ၃၂-မြို့ ပိုင်းခြား၍ အုပ်ချုပ်ကြသည်။ ရွေ ဆင်စွယ်ဟူးရည်တို့ ထွက်၍ သုဝဏ္ဏဘူမိ ရွှေမြေဟု ခေါ်တွင်ခဲ့ကြသည်။ ပင်လယ်ရပ်ခြားနိုင်ငံတို့နှင့် ကုန်သွယ်မှု ပြုရုံသာမက သုဝဏ္ဏဘူမိမှ တနင်္သာရီ ရိုးမကို ဖြတ်ကျော်၍ အရှေ့ဘက်ရှိ နိုင်ငံများနှင့်လည်း ကုန်းလမ်းခရီးဖြင့် ကုန်သွယ်ခဲ့သည်။ အိန္ဒိယနိုင်ငံနှင့် ပင်လယ်ရေကြောင်း အဆက်အသွယ် ကောင်းသည်။

ဂင်္ဂါလွင်ပြင်သို့ရောက်ရှိသွားသော မွန်ခမာအနွယ်ဝင်တို့နှင့်ဆက်သွယ်၍ ကုန်းကြောင်းခရီး ကုန်ရောင်းကုန်ဝယ် သွားကြသည်။ အိန္ဒိယတောင်ပိုင်း ကလိင်္ဂတိုင်း၊ တေလင်္ဂာတိုင်း အရပ်ဒေသတို့မှ တိလင်္ဂာလူမျိုးတို့လည်း စစ်မက်ရေးကြောင့် ပြေးဝင်လာကြပြီး ဒဂုံဒေသတွင် နေထိုင်လာကြသည်။ မွန်ခမာအနွယ်ဝင်ချင်း ဖြစ်ကြသဖြင့် မကြာခင်မှာပင် ရောနှောသွားကြသည်။ မွန်ရှေးဟောင်းကလေးချော့ သီချင်းအရ အိန္ဒိယတောင်ပိုင်းမှ ဝင်ရောက်လာသူတို့သည် ဒဂုံဒေသကို ဥက္ကလာ (ဥက္ကလာပ)ဟု အမည် သမုတ်ကြသည်။ အမည်များမှာလည်း ပါဠိ သက္ကတအမည်များ ဖြစ်ကြသည်။ မိမိတို့ နေရင်းဒေသ ဂင်္ဂါလွင်ပြင်သို့ ရာသီဥတုသာယာသော အချိန်တွင် လှည်းများဖြင့် ကုန်ကူးသန်းရောင်းဝယ်သွားလာကြသည်။ အိန္ဒိယနှင့် သုဝဏ္ဏဘူမိ ကုန်းလမ်း ဆက်သွယ်ရေးသည် ဘီစီ ၆-ရာစု မတိုင်မီကပင် ရှိနေလိမ့်မည်ဟု ဆိုကြသည်။

ဝေသာလီနိုင်ငံ

ရခိုင်ပြည်မြောက်ပိုင်း၊ ကုလားတန်မြစ်ဂွမ်းဒေသ ဓညဝတီနိုင်ငံကို ဘီစီ ၂၆၆၆-ခန့်က မာရယုမင်းတည်ထောင်ခဲ့သည်။ ဝေသာလီမြို့ပြနိုင်ငံဟု ခေါ်တွင်ခဲ့ကြသည်။ အိန္ဒိယနိုင်ငံနှင့် ကုန်းလမ်း ရေလမ်း အဆက်အသွယ်ရှိသည်။ ကူးလူးဆက်ဆံမှု အများဆုံး ပြုလုပ်သည်။

မြတ်စွာဘုရား ပွင့်တော်မမူမီ ဘီစီ ၆-ရာစုလောက်က မြန်မာနိုင်ငံတွင် တကောင်းပြည်၊ သုဝဏ္ဏဘူမိပြည်၊ ဝေသာလီပြည် ဟူ၍ လူနေစည်ကားသော မြို့ပြ နိုင်ငံများ ဖြစ်ထွန်း ပေါ်ပေါက်နေပြီး မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံနှင့် ရေလမ်း ကုန်းလမ်း ဆက်သွယ်နေကြပြီဖြစ်သည်။ မြို့ရွာနယ်ပယ်နှင့် လူအမည်များကို ပါဠိ သက္ကတ အမည်များ မှည့်ခေါ်လေ့ရှိကြသည်ကို တွေ့ရသည်။

ဘုရားပွင့်တော်မူစေ သာသနာ မြန်မာနိုင်ငံသို့ ရောက်လာပုံ

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ (ဘီစီ ၆-ရာစု) တွင် အိန္ဒိယနိုင်ငံ ဥရဝေလတော မဟာဗောဓိပင်ရင်း အပရာဇိတပလ္လင်ဝယ် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခဲ့သည်။ သတ္တသတ္တာဟ ရက်ပေါင်း ၄၉-ရက်ကြာ ဆွမ်းအာဟာရ မဘုဉ်းပေးဘဲ ဖလသမာပတ် ချမ်းသာဖြင့် မျှတနေတော်မူခဲ့သည်။ နောက်ဆုံး သတ္တာဟဖြစ်သော ရာဇာယတန သတ္တာဟတွင် လင်းလွန်းပင်ရင်း၌ ၇-ရက်တိုင်တိုင် ဖလသမာပတ်ချမ်းသာဖြင့် နေတော်မူသည်။

ထိုအချိန်တွင် ဥက္ကလာတိုင်းမှ တပုဿ ဘလ္လိက ကုန်သည်ညီနောင်တို့သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းကုန်ဝယ်သွားကြလေရာ ဆွေမျိုးတော်စပ်ဖူးသော နတ်၏ လမ်းညွှန်ချက်အရ မြတ်စွာဘုရား ထံတော်မှောက်သို့ ဖူးတွေ့ရန် ရောက်လာကြသည်။

တပုဿ ဘလ္လိက ကုန်သည်ညီနောင်တို့က မိမိတို့တွင်ပါလာသော ပျားရည် ထောပတ်တို့ ပေါင်းစပ်၍ မုန့်မှုန့်နှင့် ဆုပ်ထားသော ပျားမုန့်ဆုပ်ကို ဆက်ကပ်လေသည်။ မြတ်စွာဘုရားသည် စတုမဟာရာဇ်၏ နတ်မင်းကြီး လေးပါးတို့ လှူဒါန်းအပ်သော သပိတ်တော်ဖြင့် ခံယူတော်မူပြီး ဘုဉ်းပေး သုံးဆောင်တော်မူသည်။ ကုန်သည်ညီနောင်တို့သည် ပထမဆုံး ဆွမ်းကပ်ခွင့် ရရုံမျှမက မြတ်စွာဘုရား ဟောကြားအပ်သော တရားစကားကို နာယူကြပြီး (ဘုရားနှင့်တရား) သရဏဂုံ နှစ်ပါးကို ခံယူဆောက်တည်ခွင့်လည်း ရကြသည်။ ဤဘုရားလက်ထက်၌ ပထမဆုံး ဒွေဝါစိက သရဏဂုံ (သရဏဂုံ နှစ်ပါး) ဆောက်တည်သူများ ဖြစ်ကြသည်။ သံဃာတော်ဟူ၍ မပေါ်ပေါက် သေးသဖြင့် သံဃသရဏဂုံကို မဆောက်တည်ရ၊ ထို့နောက် အမြဲမပြတ် ကိုးကွယ် ဆည်းကပ်ဖို့ရန် ချီးမြှင့်တော်မူပါဟု လျှောက်ထားကြရာ မြတ်စွာဘုရား သည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ပါလာသော ဆံတော် (၈) ဆူကို ဝါဆိုလဆန်း ၃-ရက်နေ့၌ ချီးမြှင့်တော်မူသည်။

ကုန်သည်ညီနောင်တို့သည် မဇ္ဈိမဒေသမှ မိမိတို့ နေထိုင်ရာ သုဝဏ္ဏဘူမိတိုင်း ဥက္ကလာပဇနပုဒ်သို့ ပြန်လာခဲ့ကြသည်။ မဟာသက္ကရာဇ်

၁၀၃-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့၌ ပြန်ရောက်လာကြသည်။ မင်းနှင့်တကွသော ပြည်သူပြည်သားတို့က ကြိုဆို ပူဇော်ကြပြီး သိဂုံတွင်ရ ကုန်းတော်၌ တိကုမ္ဘမည်သော စေတီတော်တည်၍ ဆံတော်မြတ်များကို ဌာပနာကြလေသည်။ ထိုစေတီတော်ကား မြန်မာနိုင်ငံ ရန်ကုန်မြို့တော်တွင် ကိန်းဝပ် စံပယ်တော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီးပင် ဖြစ်လေသည်။

သာသနာတော် အစမှအဆုံးတိုင် တည်တံ့ ပြန့်ပွား ထွန်းကားတော်မူမည်ကို အနာဂတံသဉာဏ်တော်ဖြင့် သိတော်မူသော မြတ်စွာဘုရားသည် မိမိ၏ သရီရဓာတ်တော် ဆံတော်မြတ်တို့ကို ချီးမြှင့်ပေးသနားတော်မူခဲ့ခြင်း ဖြစ်သည်။ မြတ်စွာဘုရား၏ သာသနာတော်တွင် ပထမဦးဆုံး အထူးခြားဆုံး ချီးမြှင့်တော်မူခြင်း ဖြစ်သည်။ ဤဆံတော်မြတ်များသည် ဗုဒ္ဓသာသနာတော်၏ အထိမ်းအမှတ် လက္ခဏာများ ဖြစ်သည်။ သာသနာတော်အစမှ အဆုံးတိုင် တည်နေ ကိန်းဝပ်တော်မူမည့် နိမိတ်ဖြစ်လေသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် (သဇ်ဝ-ဇ်ဝမာနက) အသက်ရှင်ဆဲသော ကိုယ်တော်မှ ခွဲစိတ်၍ ကိုးကွယ်ရာ ပေးလိုက်သဖြင့် ဆံတော်ကိုလည်း ဇ်ဝမာနက ဆံတော်-အသက်ရှင်သော ဆံတော်ဟု ရည်ရွယ်၍ ရွှေတိဂုံဆံတော်ရှင်ဟု (ရှင်) ထည့်၍ ခေါ်ဆိုကြသည်။

ရွှေတိဂုံဆံတော်ရှင်စေတီတော်မြတ်မှာ ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် လူပြည်၌ ရှေးဦးစွာ တည်ထားကိုးကွယ်သော စေတီတော်မြတ် ဖြစ်လေသည်။

ဦးငါးဦး

(၁) ဘုရားရှင်အား ပထမဆုံးဖူးတွေ့ရသူ (ဘုရားဖူးဦး)၊
(၂) ပထမဆုံး မုန့်ဆွမ်းလှူဒါန်းရသူ (ဆွမ်းလှူဦး)
(၃) ပထမဆုံး ဒွေဝါစိက သရဏဂုံတည်ကြသူ (သရဏဂုံဦး)
(၄) ပထမဆုံး ဆံတော်ရှင် အချီးမြှင့်ခံရသူ (ဆံတော်ဓာတ်တော်ဦး)
(၅) ပထမဆုံး ဘုရားစေတီတည်ကြရသူ (စေတီဦး-ဘုရားဦး)

ဦးငါးဦးဖြင့် သာသနာတော်ကို ကိုးကွယ်ခွင့် ရသောသူများမှာ ဥက္ကလာတိုင်းဖွား မြန်မာပြည်သားတို့ပင်ဖြစ်ကြောင်း သာသနာ့သမိုင်းများတွင်

မှတ်တမ်းတင်ခဲ့ကြသည်။ ဤဘုရားလက်ထက်တွင် ဗုဒ္ဓသာသနာတော် မြန်မာနိုင်ငံ၌ ပထမဆုံး အခြေတည်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတော်မြတ် အတွက် ဘူမိနက်သန် မှန်ရာဒေသ ဖြစ်လေသည်။

ဥက္ကလာတိုင်းဟူသည်မှာ မြန်မာပြည် သုဝဏ္ဏဘူမိအရပ်ရှိ ဥက္ကလာပတိုင်းပင် ဖြစ်သည်၊ ဘုရားမပွင့်မီကပင် ပြောင်းရွှေလာကြသော မဇ္ဈိမဒေသ တေလင်္ကဘာတိုင်းသား တို့သည် မိမိတို့ နေရပ်အမည်များကို ယူ၍ ဥက္ကလာ (ဥက္ကလာပ)တိုင်းဟု မှည့်ခေါ်ကြသည်၊ မိမိတို့နေထိုင်ရာမြို့ကိုလည်း အသိတဉ္ဇနမြို့ဟူ၍လည်းကောင်း၊ ပေါက္ခရဝတီမြို့ဟူ၍လည်းကောင်း၊ ဥက္ကလာမြို့ဟူ၍လည်းကောင်း အမည်သုံးမျိုးဖြင့် မှည့်ခေါ်ခဲ့ကြကုန်၏။ ထိုမြို့သည်ပင် နောင်အခါ၌ တိဂုံမြို့၊ ဒဂုံမြို့ဟု အမည်တွင်ပြန်၏။ ယခုအခါ ရန်ကုန်မြို့ဟု ခေါ်တွင်လာကြလေသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်ကပင် အရှင်ပုဏ္ဏမထေရ်၊ အရှင်ဂဝံပတိမထေရ်တို့၏ ပင့်လျှောက်ချက်ကြောင့် မြတ်စွာဘုရားသည် မြန်မာနိုင်ငံသို့ ကြွရောက်တော်မူခဲ့ကြောင်း သမိုင်းမှတ်တမ်းများလည်း ရှိပါသည်။ မြတ်စွာဘုရားတို့မည်သည် တရားဟောပြ ချေဖျတ်ရမည့်သူသာ ရှိပါက ယူဇနာပေါင်း ထောင်သောင်းဝေးကွာသော ဒေသပင်ဖြစ်စေ ကြွရောက်တော်မူခဲ့သည့် သာဓကများ ရှိခဲ့သည်။

အနာဂတ်သဉ္ဇာဏ်တော်မြတ်ဖြင့် အနာဂတ်သာသနာတော် တည်တံ့ထွန်းကားမည့် မြန်မာပြည်ကို သိမြင်တော်မူမည်မှာလည်း သံသယဖြစ်စရာ မရှိပါချေ။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် မြန်မာနိုင်ငံသို့ ကြွရောက်တော်မူ၍ အနာဂတ်သာသနာတော်အတွက် ပရိတ်မေတ္တာစသော တစုံတခုသော ဓမ္မအင်အားများ ပေးသနားတော် မူခဲ့မည်ကိုလည်း ယုံမှားဖွယ် မရှိပေ။

မြတ်စွာဘုရားလက်ထက်တော်ကပင် ဝိဇ္ဇဉ္ဇျောဘမင်းသား၏ တိုက်ခိုက်သတ်ဖြတ်မှုကြောင့် ဘုရားအမျိုးတော်များဖြစ်သော ကပိလဝတ်နေပြည်တော်မှ ဓဇရာဇာမင်းသည် မြန်မာနိုင်ငံ တကောင်းပြည်သို့ ရောက်လာခဲ့သည်။ ပထမ တကောင်းဆက်ဘုရင် ဘိန္နကမင်း၏ မိဖုရားကြီး နာဂဆိန်နှင့်

'မလည်' အရပ်တွင် တွေ့ရှိကြပြီး အမျိုးတူများဖြစ်ကြသဖြင့် အဘိသိက် ခံယူခဲ့ကြသည်။ ထိုအဘိသိက်ခံယူပြီး ရွှေနန်းတည်တော်မူသည့် အကြောင်း မှန်နန်းရာဇဝင်၌ မှတ်တမ်းတင်ရာတွင် ရဟန္တာမထေရ်မြတ်နှစ်ပါးတို့က ပရိတ်ရွတ်ဆော်မူကြောင်းကို တွေ့ရသဖြင့် ဗုဒ္ဓသာသနာသည် တကောင်းပြည့်၌ ထွန်းကားနေပြီဖြစ်ကြောင်း သိနိုင်သည်။ သို့သော်လည်း တပြည်လုံး အတိုင်း အတာထိ ကျယ်ပြန့်မှု မရှိသေးပေ။

ပထမသံဂါယနာခေတ်နှင့် မြန်မာ့သာသနာ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ၃-လနှင့် ၄-ရက်အကြာ မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့မှစ၍ အရှင်မဟာကဿပမထေရ် ဦးဆောင်သော ရဟန္တာကြီး အပါး ၅၀၀-တို့သည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်ကို အမှီပြု၍ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ယံ စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိလိုဏ်ဂူ၌ ပထမသံဂါယနာ တင်တော်မူကြရာ ၇-လ ကြာသည်၊ သံဂါယနာတင်ပွဲကြီး ပြီးစီးအောင်မြင် သောအခါ နဝစန္ဒကိန်းအရ သက္ကရာဇ်ရှည် ၁၄၈-ခုကို အကုန်ချေ၍ သာသနာတော်နှစ် ၁-မှစတင် ရေတွက်ခဲ့ကြသည်။ သာသနာတော်နှစ် ၁-နှစ် အချိန်တွင် အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း နန်းစံ (၈)နှစ်ဖြစ်သည်။ မြန်မာနိုင်ငံ တကောင်းသင်းတွဲပြည်၌ ဇမ္ဗုဒီပဓဇမင်းကြီး နန်းစံ (၅) နှစ်ကျော်အချိန်ဖြစ်သည်။ **အဇာတသတ်မင်းနှင့် ဇမ္ဗုဒီပဓဇမင်း** နန်းပြိုင်ဖြစ်သည်။ ဗုဒ္ဓသာသနာတော် တကောင်းပြည်၌ ထွန်းကားနေချိန် ဖြစ်သည်။ ရခိုင်ဝေသာလီပြည်၌လည်း ဗုဒ္ဓသာသနာတော် ရောက်ရှိနေပြီ ဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် ရေမြေချင်း ဆက်စပ်နေသဖြင့် သာသနာတော် လွယ်လင့်တကူ ရောက်ရှိ ပျံ့နှံ့လာခြင်းဖြစ်သည်။

ဒုတိယသံဂါယနာခေတ်နှင့် မြန်မာ့သာသနာ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် အနှစ် (၁၀၀)မြောက်၌ သာသနာတော်ယုတ်လျော့ မှေးမှိန်ခြင်း၏ အကြောင်းဖြစ်သော အဓမ္မဝတ္ထု

ဆယ်ပါး ပေါ်ပေါက်လာသည်။ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းများသည် 'ရွေ ငွေကို အလှူခံကောင်းသည်'စသော ဆယ်ပါးသော အဓမ္မဝတ္ထုတို့ကို အပ်စပ်လေဟန် ဓမ္မဝတ္ထုပြုလုပ်ကြသဖြင့် အရှင်အာနန္ဒာ မထေရ်၏ တပည့်ဖြစ်သော အရှင်ယသ ရဟန္တာမထေရ်ကြီးက အမှန်ဖြစ်ရန် ကြိုးပမ်းခဲ့သည်။ အရှင်ယသမထေရ်၏ ကြိုးပမ်းအား‌ထုတ်မှုကြောင့် အရှင်ရေဝတ၊ အရှင်သဗ္ဘကာမိ စသော ရဟန္တာမထေရ်ကြီးများသည် ဝေသာလီပြည် ဝါလိကာရုံကျောင်းတော်၌ စည်းဝေးကြသည်။ အဓမ္မဝတ္ထု ဆယ်ပါးကို သံဃာ့အလယ်တွင် ဖြေရှင်း ဆုံးဖြတ်တော်မူပြီး မြတ်စွာဘုရား၏ တရားတော်များ သန့်ရှင်းစေရန် ရှစ်လတိုင်တိုင် သံဂါယနာတင်တော်မူကြသည်။ ကာလာသောကမင်း၏ အကူအညီကို ရယူတော်မူခဲ့ကြသည်။

ထိုအခါ မဇ္ဈိမဒေသ ပါဋလိပုတ်၌ ကာလာသောကမင်း နန်းစံ (၁၀)နှစ် ဖြစ်သည်။ မြန်မာနိုင်ငံ သရေခေတ္တရာပြည်၌ ဒွတ္တပေါင်မင်းကြီး ဘိသိက်မခံမီ တစ်နှစ်အချိန်ဖြစ်သည်။ **ကာလာသောကမင်းနှင့် ဒွတ္တပေါင်မင်းတို့** နန်းပြိုင် ဖြစ်ကြ၏။

ဗိသနိုးသို့ သာသနာတော် ရောက်ရှိခြင်း

ဗိသနိုး ဟန်လင်း သရေခေတ္တရာတို့ကို မြန်မာနိုင်ငံသမိုင်းဝင်ခေတ်တွင် ပျူလူမျိုးတို့၏ မြို့ပြနိုင်ငံများအဖြစ် ရှေးဟောင်းတူးဖော်မှု သုတေသနပြုချက်များအရ လက်ခံထားကြသည်။ တကောင်း သရေခေတ္တရာ မတိုင်မီကပင် ပျူမင်းပေါင်း ၁၃၉၃-ပါး အုပ်စိုးခဲ့သည့် နိုင်ငံကြီး ရှိခဲ့ကြောင်း ဇမ္ဗုကွန်ချာ မြန်မာပုရာဏ်ကျမ်းတွင် ပြဆိုထားသည်။

ဗိသနိုးမြို့ဟောင်း တူးဖော်တွေ့ရှိချက်များအရ သုတေသနပညာရှင်တို့က အောက်ပါအတိုင်း ခန့်မှန်းကြသည်။ ဗိသနိုးမြို့သည် သရေခေတ္တရာနှင့် ဟန်လင်းတို့ထက် ရှေးကျသော မြို့ပြနိုင်ငံဖြစ်၍ အေဒီ ၁-ရာစုခန့်ကပင် စတင်တည်ရှိခဲ့သည်။ တရုတ်နိုင်ငံ အိန္ဒိယနိုင်ငံတို့နှင့် ကူးသန်း ဆက်သွယ်မှု ရှိခဲ့သည်။ အိန္ဒိယတောင်ပိုင်းနှင့် ဆက်သွယ်မှု ပိုမိုများပြားသည်၊ အများစု

ကိုးကွယ်သော ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်သည်။ ဗုဒ္ဓဘာသာသည် အိန္ဒိယပြည်မှ ရောက်ရှိလာခဲ့သည်၊ အိန္ဒိယနိုင်ငံ အနွှရဒေသမှ ဆင်းသက်လာသည်ဟု ယူဆကြသည်။

စာပေအရေးအသားအဖြစ် အိန္ဒိယပြည် အနွှရနိုင်ငံတွင် အေဒီ ၂-ရာစုခန့်က ဗြဟ္မီအက္ခရာဖြင့် ရေးသားသော ပါဠိစာပေမျိုးကို တွေ့ရသည်။ ဗိသနိုးမြို့ဟောင်းကို တူးဖော်၍ သုတေသနပြုကြရာ ကျောင်းသစ်မ်း အဆောက်အဦ ဖြစ်ဟန်တူသော အဆောက်အဦများကို တွေ့ရသဖြင့် ဗုဒ္ဓဘာသာကိုးကွယ်မှု အဆင့်အတန်း မြင့်မားလျက်ရှိကြောင်း သိရှိရသည်။ ထေရဝါဒရဟန်းတော်ပေါင်း ထောင်ပေါင်းများစွာ သီတင်းသုံးသည်ဟုလည်း ခေတ်သမိုင်းပညာရှင်တို့ ရေးသားကြသည်။

သရေခေတ္တရာပြည်သို့ သာသနာတော် ရောက်ရှိလာပုံ

မှန်နန်းရာဇဝင်တော်ကြီးတွင် သရေခေတ္တရာပြည်ကို သာသနာသက္ကရာဇ် ၁၀၁-ခုနှစ်၊ တန်ခူးလဆန်း ၁-ရက်၌ တည်ကြောင်း အဆိုရှိသည်။ ဒွတ္တပေါင်မင်းကြီးလက်ထက်၌ ရဟန္တာအရှင်မြတ် သုံးထောင်ရှိသည်။ နေ့စဉ် ပစ္စည်းလေးပါး လှူဒါန်း၍ ဓာတ်တော်မွေတော်များကိုလည်း "ပေါပေါ၊ ညည်းညည်း၊ စည်စည်၊ လျောလျော၊ သောကြမွာ၊ မြင်ဗာဟု၊ မြသီထင်၊ ဘုရားတောင်၊ ဆုတောင်းပြည့် ၂-ဆူ၊ ပုထိုးကြီး"ဟူ၍ စေတီကြီး ၁၁-ဆူ တည်တော်မူ၏။ ယခုထက်တိုင် ဖူးမြော်နိုင်ကြသည်။

ဒွတ္တပေါင်မင်းကြီး၏ မိဖုရားကြီးများသည် ရဟန္တာအရှင်မြတ်များကို ကိုးကွယ်ကြသည်။ မင်းကြီးသမီးတော် သုဝဏ္ဏမာလာ မင်းသမီးသည် မဟာယာန ရဟန္တာမထေရ်ကြီး၏ တရားကို နာကြားရသဖြင့် အခွေအရံတစ်ထောင်နှင့်အတူ ဘိက္ခုနီမ ဝတ်သည်၊ သုဓမ္မာထေရီအမည်ဖြင့် ထင်ရှားတော်မူသည်။

ဒွတ္တပေါင်မင်းကြီးသည် မိဖုရား သားတော် သမီးတော်တို့အား ဆန္ဒအလျောက် ရဟန်း၊ ရဟန်းမ ပြုခွင့်ပေးတော်မူ၏။ မင်းကြီးကိုယ်တိုင်လည်း

သားတော် ရဟန္တာ နှစ်ပါး၏တရားကို နာကြားရသဖြင့် သောတာပန် တည်သည်။ တစ်နေ့ တစ်နေ့လျှင် ကိုးသိန်းသော ဥစ္စာတို့ကို စွန့်ပေ၏။ ရဟန်းယောကျ်ား လေးသိန်း၊ ရဟန်းမိန်းမ သုံးသိန်း၊ တစ်နေ့ တစ်နေ့လျှင် ၇-သိန်းသော ရဟန်း သာမဏေတို့ကို စွန့်လှူကုန်၏။ သရေခေတ္တရာပြည်တွင် ဘိက္ခုသာသနာ ဘိက္ခုနီသာသနာတော် နှစ်ရပ်စလုံး တည်ရှိသည်။

သရေခေတ္တရာ ပျူတို့၏ ပေါင်းသင်းဆက်ဆံရေး အပြုအမူတို့သည် ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာတရားတော်မှ သက်ရောက်လာသည့် လက္ခဏာများ ဖြစ်သည်။ ရုပ်ပွားဆင်းတုတော် စေတီတော်များကို ပူဇော်သော အလေ့အထ ကောင်းမွန်စွာ ထွန်းကားလျက်ရှိပြီးဖြစ်သည်။ ရှေးဟောင်း သာသနိကပစ္စည်းများကို ထောက်ထား၍ ဗုဒ္ဓဘာသာသည် သရေခေတ္တရာ နယ်မြေ၌ စောစီးစွာကပင် စည်ပင်နေပြီဖြစ်ကြောင်း သိသာသည်။

ခင်ဘကုန်းမှ တူးဖော်ရရှိသည့် ရွှေပေအချပ် ၂၀-တွင် အိန္ဒိယပြည် တောင်ပိုင်း ရှေးဟောင်း တေလုဂုနာဒေါအက္ခရာဖြင့် ပိဋကတော် ကောက်နုတ်ချက်များ ပါရှိခြင်း၊ ကန်ဝက်ခေါင်းကုန်းမှ တူးဖော်တွေ့ရှိရသော မဏိတောက်ကျိုး ဗုဒ္ဓရုပ်ပွားတော် တစ်ဆူ၏ ပလ္လင်ပတ်လည် မျက်နှာလေးဘက် စလုံး၌ ပျူနှင့် သက္ကတစာ ရောစပ်ရေးထိုးထားချက်များ စသည်တို့ကို အထောက်အထားပြု၍ ဗုဒ္ဓဘာသာစာပေကောင်းစွာ ထွန်းကား၍ ဘာသာရေး အသိစိတ်ဓာတ် အလွန်မြင့်မားနေကြပြီဖြစ်ကြောင်း သိသာသည်။

ဗိသနိုး၊ သရေခေတ္တရာတို့နှင့် မရှေးမနှောင်းမှာပင် ဟန်လင်း ပျူမြို့ပြနိုင်ငံ ပေါ်ထွန်းခဲ့ဖူးသည်။ ဟန်လင်းခေတ်တွင်လည်း ဗုဒ္ဓဘာသာ ရောက်ရှိနေပြီဟု ခန့်မှန်းကြသည်။ ခရစ်မပေါ်မီကာလ ပျူ မြို့ပြနိုင်ငံခေတ်တွင် ဗုဒ္ဓဘာသာ ကိုးကွယ်မှုနှင့် စပ်၍ 'ယောကျ်ားလေးရော မိန်းကလေးပါ အသက်ခုနစ်နှစ်အရွယ်ရောက်လျှင် ဆံချ၍ ဘုန်းကြီးကျောင်းသို့ ပို့ကာ သာသနာ့အဆုံးအမကို ယူလေ့ရှိကြသည်။ အသက် ၂၀-ပြည့်၍ သာသနာ ဘောင်၌ မပျော်မွေ့လျှင် ဆံရှည်ပြန်ထားကာ လူဝတ်လဲပြီး လူတို့ကျင့်ဝတ် အတိုင်း နေကြသည်'ဟု တရုတ်ရာဇဝင်များက ဆိုသည်။ သို့ဖြစ်၍ သရေခေတ္တရာ အချိန်တလျှောက်တွင် သာသနာတော်သည် လွန်စွာထွန်းကား နေပြီဖြစ်ကြောင်း သိရှိရသည်။

မဇ္ဈိမဒေသတွင် သာသနာရေး ရှုပ်ထွေးလာခြင်း

သာသနာတော်နှစ် ၁၀၀နှင့် ၂၃၅-အကြား အချိန်သည် မဇ္ဈိမဒေသ၌ သာသနာကိုဏ်းအသီးသီး ပေါ်ပေါက်လာချိန်ဖြစ်သည်၊ အရှင်ယသမထေရ်ဦးဆောင်သော မထေရ်တို့သည် အဓမ္မဝတ္ထုဆယ်ပါးကို မအပ်စပ်ကြောင်း ဆုံးဖြတ်၍ ရဟန္တာမထေရ် ၇၀၀-ဖြင့် ဝေသာလီ၌ သံဂါယနာတင်တော်မူကြသောအခါ ဆန့်ကျင်ဘက်ကို လိုလားကြကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အဓမ္မဝါဒီ ရဟန်းတစ်သောင်း စုဝေးကြလျက် ကောသမ္ဗီမြို့တော်၌ စင်ပြိုင် သံဂါယနာတင်ကြကုန်၏။ သုတ် ဝိနည်း အဘိဓမ္မာ ပဋိသမ္ဘိဒါ နိဒ္ဒေသ ဇာတက အချို့ကိုပယ်ထုတ်ကြကုန်၏။ မဟာသံဃိက သံဂါယနာဟု ခေါ်သည်။ လဇ္ဇီသူတော်ကောင်း မထေရ်ကြီးများ၏ အစဉ်အလာ ကျင့်ဆောင်မြဲထေရဝါဒမှ ခွဲထွက်ကာ မဟာသံဃိတိ ဂိုဏ်းဟု ဂိုဏ်းသီးခြား တည်ထောင်ကာ ၎င်းတို့ဝါဒ ကျယ်ပြန့်အောင် အားထုတ်ကြကုန်၏။

ထို့နောက် ထပ်မံ၍ မဟာသံဃိတိဂိုဏ်းမှ ဂေါကုလိကဂိုဏ်း၊ ဧကဗ္ဗောဟာရဂိုဏ်း ကွဲပြန်သည်။ ဂေါကုလိကဂိုဏ်းမှ ပဏ္ဏတ္တိဂိုဏ်း (ပညတ္တိဝါဒဂိုဏ်းဟုလည်း ခေါ်၏)၊ ဗဟုဿုတိကဂိုဏ်းဟု ကွဲပြန်သည်။ ထိုဂိုဏ်းတို့အတွင်းမှ စေတိယဂိုဏ်း ပေါ်လာပြန်သဖြင့် ဂိုဏ်း ၆-ဂိုဏ်း ကွဲလာသည်။ ထေရဝါဒဂိုဏ်းကြီးမှလည်း မဟိံသာသကဂိုဏ်း၊ ဝဇ္ဇိပုတ္တကဂိုဏ်းဟု ၂-ဂိုဏ်း ကွဲပြန်သည်။ မဟိံသာသကဂိုဏ်းမှ သမ္မတ္တိဂိုဏ်း (သမ္မတ္တိဝါဒဂိုဏ်းဟုလည်းခေါ်၏)၊ ဓမ္မဂုတ္တိဂိုဏ်းဟုကွဲပြန်သည်။ ဝဇ္ဇိပုတ္တကဂိုဏ်းမှ ဓမ္မုတ္တရိယဂိုဏ်း၊ ဘဒ္ဒယာနိကဂိုဏ်း၊ ဆန္နာဂါရိကဂိုဏ်း (အနာဂါရိကဂိုဏ်းဟုလည်းခေါ်၏)၊ သမိတိဂိုဏ်းဟု ၄-ဂိုဏ်းကွဲပြန်၏၊ သမ္မတ္တိဂိုဏ်းမှ ကဿပိယဂိုဏ်း (ကာဿပိယဂိုဏ်းလည်းခေါ်၏)၊ သင်္ကန္တိကဂိုဏ်း၊ သုတ္တဝါဒဂိုဏ်းအားဖြင့် ၁၁-ဂိုဏ်း ကွဲသဖြင့် ထေရဝါဒဂိုဏ်းရင်းနှင့်တကွ ၁၂-ဂိုဏ်း ဖြစ်၍ မဟာသံဃိကဂိုဏ်းကွဲ ၆-ဂိုဏ်း၊ ထေရဝါဒဂိုဏ်းကွဲ ၁၂-ဂိုဏ်း ဤသို့အားဖြင့် တဆယ့်ရှစ်ဂိုဏ်း ကွဲခဲ့ကြကုန်၏။

ဤသို့ ဂိုဏ်းအမျိုးမျိုး ကွဲသော်လည်း ပင်ရင်းမူလ ပင်မ ထေရဝါဒဂိုဏ်းကြီးသည်သာလျှင် တည့်မတ်မှန်ကန်စွာ ရှင်သန် ကျန်ရစ်ခဲ့ပြီး ကျန်

ဂိုဏ်းတို့ကား အချင်းချင်း ငြင်းခုံတိုက်ခိုက်ရင်း တဖြည်းဖြည်း ပျောက်ကွယ်သွားကြကုန်၏။ အချို့ဂိုဏ်းများလည်း လူကြိုက်များစေရန် ဗြာဟ္မဏဝါဒ၊ ဒေသန္တရအကျင့်ဓလေ့များနှင့် ရောမွှေ ကျင့်သုံးကြလျက် မဟာယာန ဗုဒ္ဓဘာသာအမည်ဖြင့် ပင်မ ထေရဝါဒမှ ဝေးကွာ၍ ဝေးကွာ၍ သွားကြလေသည်။ ဒီပဝင်ကျမ်း၌ ထေရဝါဒမှ ကျန်ဂိုဏ်းကွဲ ၁၇-ခုကို ပင်မ ပညောင်ပင်ကြီး၌ မှီတွယ်ပေါက်ရောက်လာသော ဆူးငြောင့်များဟု ဆိုလေသည်။

အဓမ္မဝါဒများ တိုးဝင်လာသဖြင့် မဇ္ဈိမဒေသ၌ သာသနာတော် ယုတ်လျော့အားနည်းနေသည်ကို သိတော်မူကြသော ဒုတိယသံဂါယနာတင် မထေရ်တို့သည် သာသနာတော် အရှည်တည်တံ့အောင် ဆောင်ရွက်နိုင်မည့်သူကို ရှာဖွေကြည့်တော်မူကြသောအခါ ဗြဟ္မာ့ပြည်ရှိ တိဿဗြဟ္မာကြီးကို တွေ့၍ လူ့ပြည်၌ ပဋိသန္ဓေယူကာ သာသနာပြုပါရန် တောင်းပန်ကြကုန်။ ဗြဟ္မာကြီးလည်း မထေရ်မြတ်တို့ကို ကတိပေးပြီး ဗြဟ္မာ့ပြည်မှ စုတေကာ မောဂ္ဂလိပုတ္တ်ကြီး၏ ဝမ်း၌ ပဋိသန္ဓေ ယူလေ၏။ မွေးဖွားလာသောအခါ မောဂ္ဂလိပုတ္တတိဿဟု အမည်တွင်၏၊ ပုဏ္ဏားလူမျိုးတို့၏ အတတ်ပညာ ဝေဒသုံးပုံ၌ ပါရဂူမြောက် တတ်ကျွမ်း၏။ အရှင်သိဂ္ဂဝမထေရ်၏ ကြိုးပမ်းမှုကြောင့် သာသနာတော်ဘောင်သို့ ဝင်ရောက်လာသည်။ အရှင်စန္ဒဝဇ္ဇီမထေရ်၏ သင်ပြမှုကြောင့် ပိဋကတ္တယပါရဂူ ဖြစ်လာ၏။ နောင်အခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿဟူသော အမည်ဖြင့် လွန်စွာ ထင်ရှားသော ရဟန္တာမထေရ်ကြီး ဖြစ်တော်မူကာ အဟောဂင်္ဂါ အရပ်၌ သီတင်းသုံးတော်မူ၏။

ထိုအချိန်တွင် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ မောရိယမင်းဆက် စန္ဒဂုတ္တမင်းမျိုးတို့ အုပ်စိုးနေချိန်ဖြစ်၏။ ဗိန္ဒုသာရမင်းကြီးသည် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအဖြစ် ဓမ္မာ မိဖုရားကြီးကို ချီးမြှောက်တော်မူသည်။ ထို မိဖုရားကြီးမှ အသောကမင်းသားကို မွေးဖွားသည်၊ အရွယ်ရောက်သောအခါ ဥဇ္ဇေနီမြို့ကို စားရသည်။ ဝေဒိသကမြို့မှ သူဌေးသမီးကို မိဖုရားမြှောက်ရာ သားတော် မဟိန္ဒနှင့် သမီးတော် သဃ်မိတ္တာတို့ ထွန်းကားသည်၊ ခမည်းတော်

ကွယ်လွန်ချိန်တွင် ထီးနန်းကို သိမ်းပိုက်ခဲ့သည်။ တိုင်းရေးပြည်ရေး မအေးဆေး သဖြင့် လေးနှစ်တိုင်တိုင် အဘိသိက်မခံယူသေးဘဲ နိုင်ငံတော်ကို ချုပ်ထွင်ခဲ့သည်။ အင်ပါယာ ဧကရာဇ်ဘုရင်ကြီးအဖြစ် သာသနာတော်နှစ် ၂၁၈-နှစ်တွင် အဘိသိက်ခံယူခဲ့သည်။ ဗြာဟ္မဏဘာသာဝင် ခြောက်သောင်းကျော်ကို ဆွမ်းဝတ် မပျက် ကျွေးနေခဲ့သည်။

တစ်နေ့သော် နောင်တော် သုမနမင်းသား၏ သားတော် ၇-နှစ် အရွယ် နိဂြောဓသာမဏေကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင် မင်းတရားကြီး ဖြစ်လာသည်။ မင်းကြီးသည် တိတ္ထိတို့ကို ထောက်ပံ့လှူဒါန်းမှု ရပ်စဲ၍ သာသနာတော်မြတ်အား အကြီးအကျယ် လှူဒါန်းတော်မူသည်။ တိတ္ထိ ခြောက်သောင်းတို့သည် လာဘ်လာဘနည်းပါးကြသဖြင့် လာဘ်ပေါများရာ သာသနာဘောင်သို့ ရဟန်းယောင်ဆောင်၍ ဝင်လာကြကုန်၏။ ၎င်းတို့၏ ဝါဒများကိုလည်း သွတ်သွင်းလာကြကုန်၏။ ထိုအခါ ဥပုသ် ပဝါရဏာ ကံကြီး ကံငယ်ကိစ္စတို့၌ သံဃာ့ပရိသတ် မစင်ကြယ် မသန့်ရှင်း တော့ပေ။ ပရိတ်သတ် မစင်ကြယ်သောကြောင့် ရဟန်းသံဃာတော်တို့ ဥပုသ်မပြုကြကုန်။ သာသနာတော်၌ အညစ်အကြေး ဆူးငြောင့်ဘေးရန် များစွာဖြစ်၍ ခုနစ်နှစ်တိုင်အောင် ဥပုသ်မပြုကြကုန်။

မင်းကြီးကြားသိသောအခါ အဓိကရဏ်းကို ငြိမ်းစေ ဥပုသ်ပြုစေဟု အမတ်တစ်ယောက်ကို စေလိုက်သော် ဥပုသ်ပြုခိုင်းရာ မပြုသူ သံဃာကောင်းမှုကို သတ်မိလေသည်။ မင်းကြီး၏ညီတော် တိဿမထေရ်အလှည့်တွင် မသတ်ရဲသဖြင့် မည်သို့ပြုရပါမ့ည်နည်းဟု မင်းကြီးကို မေးလျှောက်၏၊ ထိုအခါ မင်းကြီးသည် 'ထိုသို့ ငါမစေခိုင်းဘဲလျက် သတ်လေသည်ကား ငါ့အား မကောင်းမှုဖြစ်လေသလော'ဟု သံသယဝင်သဖြင့် သံဃာအား မေးတော်မူ၏။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မှာ အဟောဂင်္ဂါတွင် သီတင်းသုံးနေသဖြင့် ထိုအမေးကို ဖြေရန် ပင့်ဆောင်စေ၏။ စေတနာမပါရှိလျှင် မကောင်းမှုမှလွတ်ကြောင်း တိတ္ထိရဟန်တော်ကိုကိုးကား၍ ဖြေတော်မူ၏။ ခုနစ်ရက်တိုင်အောင်လည်း မြတ်စွာဘုရား၏ အယူဝါဒကို သင်ကြားပေးတော်မူ၏။ ရဟန်းတို့ကို စုဆေးစေ၍ မင်းကြီးကိုယ်တိုင် မေးမြန်းစစ်ဆေးတော်မူသည်။ မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒ ရှိတော်မူ၏ဟု ဖြေဆိုသော ရဟန်းတို့ကိုသာ

အမှန်ဖြေဆိုသူများဟု သတ်မှတ်၍ အခြား ဝါဒဖြေဆိုသူတို့ကို လူဝတ်လဲစေ၏။ သံဃာတော်တို့ သန့်ရှင်းစင်ကြယ်သွားပြီဖြစ်၍ ဥပုသ်ပြုတော်မူကြကုန်၏။

ထိုသံဃာ့အစည်းအဝေးပွဲကြီးတွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် မြတ်စွာဘုရား ထားတော်မူခဲ့သော မာတိကာရှစ်ပါးကို အဦးထားလျက် မြတ်စွာဘုရား၏ဝါဒ (သကဝါဒ) ၌ သုတ်ငါးရာ၊ အခြားသူတို့၏ အယူဝါဒ (ပရဝါဒ)၌ သုတ်ငါးရာ ဝါဒပေါင်း တစ်ထောင်၊ သုတ်ပေါင်းတစ်ထောင်တို့ကို ထုတ်နုတ်ရှင်းပြ၍ ပရဝါဒတို့ကို ပယ်ရှားကာ ကထာဝတ္ထုကျမ်းကြီးကို ဟောတော်မူ၏။ ထို့နောက် သာသနာတော် သန့်ရှင်းစင်ကြယ်စေရန်အတွက် ရဟန္တာမထေရ်ကြီးတစ်ထောင် ရွေးချယ်တော်မူကာ ကိုးလပတ်လုံး ပါဋလိပုတ်ပြည် အသောကာရုံ ကျောင်းတော်၌ တတိယ သံဂါယနာတင်တော်မူ၏။ တတိယ သံဂါယနာတင်ချိန်သည် မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကြီး နန်းစံ တစ်ဆယ့်ရှစ်နှစ်၊ မြန်မာနိုင်ငံ သရေခေတ္တရာပြည်၌ ရန်ပေါင်မင်း နန်းစံ ၂၁-နှစ် ဖြစ်လေ၍ သာသနာတော်နှစ် ၂၃၅-ခုနှစ် ဖြစ်လေသည်။ **သီရိဓမ္မာသောကနှင့် ရန်ပေါင်မင်း** နန်းပြိုင်ဖြစ်၏။

ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူခြင်း

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် ဝါဒမျိုးစုံ ရှုပ်ထွေးနေသည့် မိစ္ဆာဝါဒ သာသနာ့အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်တော်မူကာ သံဂါယနာတင် သန့်စင်စေတော်မူပြီးနောက် သာသနာတော်၏ အနာဂတ် အရေးကို မြော်တွေးတော်မူကာ သာသနာတော်သည် မဇ္ဈိမဒေသ ပြင်ပနိုင်ငံများ၌ ထွန်းကားမည်ကို အနာဂတံသဉာဏ်တော်ဖြင့် သိမြင်တော်မူသည်။ သို့ဖြစ်၍ သာသနာပြုနိုင်မည့် စွမ်းရည်ရှိတော်မူကြကုန်သော ရဟန္တာမထေရ်ကြီးတို့ကို ရွေးချယ်တော်မူ၍ အသောကမင်းကြီးနှင့် တိုင်ပင်ကာ အောက်ပါ ၉-တိုင်း ၉-ဌာနတို့သို့ သာသနာပြု စေလွှတ်တော်မူသည်။

၉-တိုင်း ၉-ဌာန

(၁) မဇ္ဈန္တိကမထေရ် အမှူးရှိသော သာသနာပြုများကို ကသ္မီရဂန္ဓာရတိုင်းသို့လည်းကောင်း၊

(၂) မဟာရေဝတမထေရ် အမှူးရှိသော သာသနာပြုများကို မဟိံသကမဏ္ဍလ (မိုက်ဆိုးပြည်နယ်) သို့ လည်းကောင်း၊

(၃) ရက္ခိတမထေရ်အမှူးရှိသော သာသနာပြုများကို ဒက္ခိဏာပထတောင်ပိုင်း ဝနဝါသီ (မလဗာနယ်)သို့ လည်းကောင်း၊

(၄) ယောနကဓမ္မရက္ခိတမထေရ် အမှူးရှိသော သာသနာပြုများကို အပရန္တ (ကွန်ဒီယအနောက်ပိုင်း ကောဇနယ်) သို့ လည်းကောင်း၊

(၅) မဟာဓမ္မရက္ခိတမထေရ် အမှူးရှိသော သာသနာပြုများကို မဟာရဋ္ဌတိုင်း (ဗုံဗာကျ်-ဗုံဗိုင်နယ်) သို့ လည်းကောင်း၊

(၆) မဟာရက္ခိတမထေရ် အမှူးရှိသော သာသနာပြုများကို ယောနကတိုင်း (ပါသိယန်-ဂရိတ်နိုင်ငံ) သို့ လည်းကောင်း၊

(၇) မဇ္ဈိမမထေရ် အမှူးရှိသော သာသနာပြုများကို ဟိမဝန္တာတိုင်းနယ်များသို့ လည်းကောင်း၊

(၈) မဟိန္ဒမထေရ် အမှူးရှိသော သာသနာပြုများကို တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့ လည်းကောင်း၊

(၉) သောဏမထေရ်နှင့် ဥတ္တရမထေရ် အမှူးရှိသော သာသနာပြုများကို သုဝဏ္ဏဘူမိ-ရာမညတိုင်းသို့ လည်းကောင်း –

သံဃကံများ ဆောင်ရွက်နိုင်ရန် ငါးပါးစီ စေလွှတ်တော်မူသည်။ ထိုမထေရ်တို့သည် သံဂါယနာတင်ဆဲကာလ၊ သာသနာတော်နှစ် ၂၃၅-ခုနှစ် တပို့တွဲလအတွင်း၌ပင် ကြွသွားတော်မူကြ၍ အရှင်မဟိန္ဒမထေရ်မှာမူ သာသနာတော်နှစ် ၂၃၆-ခုနှစ် နယုန်လကျမှ သီဟိုဠ်သို့ ကြွတော်မူသည်။

မဇ္ဈိမဒေသမှ ကမ္ဘာအရပ်ရပ်သို့ သာသနာတော်ပြန့်ပွားခြင်း

(၁) ကသ္မီရ ဂန္ဓာရ

ကသ္မီရ, ဂန္ဓာရတိုင်းတို့တွင် သာသနာတော်သည် နှစ် ၁၀၀၀-ကျော် တည်ရှိခဲ့သော်လည်း သာသနာနှစ် ၅၀၀-လောက်အထိသာ ထေရဝါဒ

သာသနာတည်ရှိပြီး နောက်ပိုင်းတွင် မဟာသံဃိတိုက်ဏ်း ရောက်လာကာ မဟာယာနသာသနာအဖြစ် သာသနာတော်နှစ် ၁၀၀၀-လောက်ထိ လွှမ်းမိုးခဲ့သည်။ နောင်အခါ ဘာသာခြားတို့ လွှမ်းမိုးသွားသည်။

(၂) မဟိသကမဏ္ဍလ

မဟိသကမဏ္ဍလ (မိုက်ဆိုးရ)ပြည်မှာ မဇ္ဈိမဒေသတောင်ပိုင်းတွင် တည်ရှိ၍ ကလိင်္ဂတိုင်း အန္ဓတိုင်း၊ စောင်္ဂတိုင်း၊ ဒမိလတိုင်း၊ ပဏ္ဍုတိုင်း၊ မာလကုဋ္ဌတိုင်းစသော ဣန္ဒိယ တောင်ဘက်စွန်းနိုင်ငံများသို့တိုင် ထေရဝါဒသာသနာရောက်ခဲ့၍ သာသနာတော်နှစ် တစ်ထောင်ကျော်အထိ သာသနာထွန်းကားခဲ့သည်။ အဋ္ဌကထာ ကျမ်းပြုအကျော် မထေရ်မြတ်တို့ ထွက်ပေါ်ရာ တိုင်းဖြစ်၏။

(၃) ဒက္ခိဏာပထ

ဝနဝါသီမှာ ဒက္ခိဏာပထအနောက်ဘက်တိုင်းနိုင်ငံများဖြစ်သည်။ ကျေးကုလားဟု မြန်မာတို့ ခေါ်ဆိုကြသော ပြည်နယ်များဖြစ်၍ ပင်လယ်ကမ်းရိုးတန်းတလျောက် ကေရလာ, မလဘာနယ်တို့ ပါဝင်သည်။ သာသနာတော်နှစ် ၁၀၀၀ ကျော်အထိ ထေရဝါဒသာသနာထွန်းကား၏။ အသောကမင်းတရားကျောက်စာတွင် ဓမ္မမဟာမတ္တ သာသနာရေးရာမင်းကြီးလက်အောက်၌ ဝါဒပျံ့နှံ့ရေးမှူးများ ခန့်အပ်ဆောင်ရွက်ခဲ့သည့် ဌာနများအဖြစ် ကေရလပုတ တိုင်း သတိယပုတ တိုင်းတို့ကို ဖော်ပြထားသည်။

(၄) အပရန္တတိုင်း

အပရန္တတိုင်း ဗုဒ္ဓာဂျ္ဂါ (ဘုံဘိုင်)နယ်ဖြစ်သည်။ အဇန္တာ အဲလိုရာဒေသ ဝိဇ္ဇာတောင်တန်းဒေသတို့ ပါဝင်၏။ အဇန္တာကျောင်းတော် ကြီးမှာ နာမည်ကျော်ခဲ့၍ သာသနာတော်နှစ် ၇၀၀ လောက်ထိ ထေရဝါဒ ထွန်းကား၏။ နောက်ပိုင်း မဟာယာနကိုဏ်းထွန်းကားခဲ့၍ သာသနာတော်နှစ် ၁၀၀၀-ကျော်အထိ တည်ရှိခဲ့သည်။

(၅) မဟာရဋ္ဌ

မဟာရဋ္ဌတိုင်းမှာ အန္ဓရတိုင်း ဝနဝါသီတိုင်း အပရန္တတိုင်းတို့ အကြားတွင် တည်ရှိ၍ ထေရဝါဒသာသနာထွန်းကားခဲ့သည်။ နှစ်ပေါင်း ၁၀၀၀ကျော်ထိ သာသနာတော် တည်ရှိခဲ့သည်။

(၆) ယောနက

ယောနကတိုင်းသည် အနောက်မြောက်ပိုင်းဖြစ်သည်။ ဂန္ဓာရတိုင်း အပြင်ဘက် ကျရောက်သည်။ နေပြည်တော်မှ ယူဇနာရှစ်ရာ ကွာဝေးသည်။ ယောနသို့မဟုတ် ယောနကတိုင်းပြည်များကို ဂရိနိုင်ငံဟု ဆိုကြသည်။ အသောကကျောက်စာအမှတ် ၁၃-တွင် ထိုတိုင်းသို့ ဓမ္မမဟာမတ္တ သာသနာရေးရာ အမတ်၊ ဓမ္မနိယုတ္တ တရားဖြန့်ဖြူးရေး တမန်အဖွဲ့များ ခန့်ထားစေလွှတ်ကြောင်း ယောနကနိုင်ငံနှင့် အနီးအနားနိုင်ငံများသို့ တရား ဓမ္မ ပျံ့နှံ့ရန် ၎င်းနိုင်ငံရှိ ဘုရင်များဖြစ်သော-

(၁) အံတိအိုက (အံတိယိုခ္ခ်စစ်မင်း) ဆိုက်ရီယ (ဆီရီယနိုင်ငံ)
(၂) တုလမယ (တိုလမီမင်း) ဖိလစ်ဒလ (အီဂျစ်နိုင်ငံ)
(၃) အံတိကိနီ (အံနိုကိနော့စ်မင်း) မက်ဆီဒိုနီယာနိုင်ငံ၊
(၄) မက (မဂ့ါစ်မင်း) ဆိုက်ရံနီ (အီဂျစ်အနောက်ပိုင်း)၊
(၅) အလိကသုဒရ (အဲလက္ကဇန္ဒြာမင်း) အပိုရောဆီနိုင်ငံ-

တို့ထံ သာသနာပြုစေလွှတ်သည်။ သာသနာတော်နှစ် ၅၀၀ လောက်တွင် အရှင်ပီယုဟထေရ (အလက္ကဇန္ဒြိယပြည်သား)နှင့် အရှင်ဂ္ဂသေနေသ (ပါလစ္ဆတိုင်းပြည်သား)တို့ ထိုနယ်များ၌ တရားဟောပြကြောင်း မှတ်တမ်းရှိ၍ သာသနာတော်နှစ်-၃၀၀ ကျော်ထိ တည်ရှိခဲ့သည်။ တူရကီစတန် အာဖဂန်နီစတန် ပါသီယန်နိုင်ငံတို့တွင် ဗုဒ္ဓသာသနာအနှစ် ၈၀၀ ကျော်ထိ ပျံ့နှံ့ခဲ့သည်။ မဟာယာန သာသနာထွန်းကားခဲ့သည်။

ကမ္ဘောဇတိုင်း ကာဗူဉလ် ဥဒယာန တိုင်းမှာလည်း မဟာယာန သာသနာရောက်ရှိ ထွန်းကားခဲ့သည်။

(၇) ဟိမဝန္တာဒေသ

ဟိမဝန္တာနယ်စပ်ဒေသများမှာ နေပါလနယ် တောင်တန်းဒေသများ၊ စိန္ဒဲ့ခေါ် တရုပ်ပြည်၊ ဆီကန်၊ ဘူတန်၊ တိဘက်၊ ဝူထန် (ခွူတန်၊ခိုတန်) နိုင်ငံများဖြစ်သည်။ ရာသီဥတု အေးလွန်းပြီး တောင်စဉ်အထပ်ထပ်ခရီး ဖြစ်သော်လည်း မဇ္ဈိမ မထေရ် ခေါင်းဆောင်သော မထေရ်တို့ သာသနာပြုခဲ့

ကြသည်၊ အစပိုင်းတွင် ထေရဝါဒ သာသနာရောက်ရှိသွားသော်လည်း နောင်သောအခါ မဟာယာန သာသနာထွန်းကားသွားသည်။ ယခုထက်တိုင် မဟာယာနသာသနာ ထင်ရှားရှိသေးသည်။

(၈) လင်္ကာဒီပ သာသနာ

အရှင်မဟိန္ဒမထေရ်သည် သာသနာတော်နှစ် ၂၃၆-ခုနှစ် နယုန်လပြည့်နေ့တွင် သီဟိုဠ်သို့ ကြွတော်မူသည်။ ဒေဝါနံပိယတိဿ မင်းသည် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကိုးကွယ်ပြီး သာသနာပြုခဲ့သည်။ မဟာဝိဟာရ ကျောင်းတိုက်ကြီးကို တည်ဆောက်လှူဒါန်းခဲ့သည်။ ထိုအချိန်မှစ၍ သီဟိုဠ်နိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတော်ဖြစ်လာသည်။ အရှင်မဟိန္ဒမထေရ်သည် မဟာအဋ္ဌကထာကျမ်းများကို သီဟဠဘာသာသို့ ပြန်ဆိုပို့ချသဖြင့် သီဟိုဠ် သာသနာ ခိုင်မြဲလာသည်။ နောင်အခါဝယ် သာသနာတော်နှစ် ၄၅၀ ခုနှစ်၌ စတုတ္ထသံဂါယနာတင်တော်မူကြပြီး ပေထက်အက္ခရာ တင်ထားခဲ့ကြသဖြင့် ပိဋကတ်စာပေသည် တိုးတက်ဖွံ့ဖြိုးလာသည်။ အသောကမင်းကြီး သားတော် အရှင်မဟိန္ဒကို သီဟိုဠ်သို့စေလွှတ်ခြင်းသည် အကြောင်းထူးရှိသည်။ သီဟိုဠ်နိုင်ငံသည် သာသနာတော် ခိုင်မြဲတည်တံ့ကျယ်ပြန့်မည့် နိုင်ငံဖြစ်ကြောင်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ် အနာဂတ်သဉာဏ်တော်ဖြင့် မြင်တော်မူပြီး ဖြစ်၍ မင်းကြီး၏ သားတော်ကို ရွေးချယ် စေလွှတ်တော်မူခဲ့သည်ဟု ဆိုရပေမည်။

မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ သာသနာတော် ရောက်ရှိလာခြင်း

(၉) သုဝဏ္ဏဘူမိ

သုဝဏ္ဏဘူမိ ခေါ် ရာမညတိုင်း သထုံမြို့တော်သို့ သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိလာသည်။ အရှင်သောဏ၊ အရှင်ဥတ္တရ၊ အရှင်အနုရုဒ္ဓါ၊ အရှင်တိဿဂုတ္တ

အရှင်သောဏယ မထေရ်ငါးပါးတို့သည် သာသနာပြုရန် သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွတော်မူသည်။ သထုံမြို့ကား သုဓမ္မပူရအမည်ရှိ၏။ မင်းကား သီရိမာသောကမင်းဖြစ်သည်။

ထိုအချိန်မတိုင်မီက မင်းနန်းတော်၌ ဖွားမြင်တိုင်းသော သားသူငယ်တို့ကို ဘီလူးမတစ်ကောင်သည် သမုဒ္ဒရာမှ တက်လာ၍ ခိုးယူစားသောက်လေ့ရှိ၏။ မထေရ်တို့ရောက်သည့်နေ့၌လည်း နန်းတော်တွင် မင်းသားကလေးတစ်ဦး ဖွားမြင်သည်။ စောင့်ရှောက်နေကြသော သူတို့သည် ရုပ်သွင်ထူးဆန်းသော ထိုရဟန်းတို့ကို တွေ့လျှင် ဘီလူးမ၏ အပေါင်းအဖော်များဟုထင်ကာ ရိုက်ပုတ်ရန် ပြေးလာကြသည်။ အရှင်သောဏနှင့် အရှင်ဥတ္တရတို့က သံဃာတော်များဖြစ်ကြောင်း ရှင်းပြနေစဉ်မှာပင် ဘီလူးမသည် အခြံအရံများနှင့်တကွ သမုဒ္ဒရာမှ တက်လာ၏။ မထေရ်တို့လည်း ဘီလူးမထက် နှစ်ဆကြီးသော ပုံသဏ္ဌာန်ဖန်ဆင်း၍ ဘီလူးမများကို နှင်ထုတ်တော်မူသည်။ စည်းဝေးရောက်လာသော သူတို့အား ဒီဃနိကာယ သီလက္ခန္ဓဝဂ် ဗြဟ္မဇာလ သုတ်တော်မြတ်ကို ဟောပြတော်မူရာ ပရိသတ်ပေါင်း ခြောက်သောင်းကို အရိယာဖြစ်ကြ၏။ သုံးထောင်ငါးရာသော ယောကျ်ားတို့ ရဟန်းပြုကြကုန်၏။ တစ်ထောင့်ငါးရာသော အမျိုးသမီးတို့ ရဟန်းမ ပြုလုပ်ကြကုန်၏။ ဤသို့လျှင် သုဝဏ္ဏဘူမိ တိုင်း၌ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် အခြေတကျ ထွန်းကားခဲ့လေသည်။

သာသနာဝင်စာပေတို့တွင် သုဝဏ္ဏဘူမိနှင့် စပ်၍ အကျဉ်းမျှသာ ရေးသားတော်မူခဲ့ကြသဖြင့် သုဝဏ္ဏဘူမိနှင့်စပ်၍ ခိုင်လုံမှုရှိစေရန် လိုအပ်လာ၏။ မြန်မာတို့က သုဝဏ္ဏဘူမိသည် မြန်မာပြည်ဟု ယုံကြည်ကြသကဲ့သို့ပင် စုမတြာကျွန်းကို သုဝဏ္ဏဘူမိဟု အချို့က ဆိုကြပြန်၏။ ယိုးဒယားပြည် တောင်ပိုင်း ဒွါရာဝတီ နိုင်ငံသည်လည်း သုဝဏ္ဏဘူမိဖြစ်နိုင်ကြောင်း ရေးကြပြန်၏။ ဣန္ဒိယတောင်ပိုင်း အနောက်ဘက်ကမ်း ဘုံဘိုင်နယ်ကို လည်းကောင်း၊ တချို့က သူရဋ္ဌတိုင်းနယ်ကိုလည်းကောင်း၊ သုဝဏ္ဏဘူမိ ဖြစ်လေဟန် ပြောဆိုကြ၏။ သို့ဖြစ်၍ သုဝဏ္ဏဘူမိကို စိစစ်ရန်လိုအပ်လာသည်။

သုဝဏ္ဏဘူမိ သထုံပြည်

ကလျာဏီကျောက်စာ၌ ရာမညတိုင်း၊ ကေလာသတောင် စေတီတော်၏ အနောက်တောင်အရပ်မှာ သုဝဏ္ဏဘူမိ တည်ရှိသည်ဟု ရေးထိုးထားသည် သထုံခရိုင်၊ ဘီးလင်းမြို့.နယ် ကေလာသတောင်တဝိုက်၌ ရှိသည်။ ဂေါလမတ္တိကမြို့တော်ဟု ခေါ်တွင်ခဲ့၏။ အရှင်သောဏနှင့်အရှင်ဥတ္တရတို့ ကြွရောက်ကာ ဘီလူးများကို နှင်ထုတ်၍ အရံအတား ပြုလုပ်ရာ၌ "ဒီပသဿ သမန္တာ တော အာရက္ခံ ဌပေတွာ"ဟူသော ပါရာဇိကဏ်အဋ္ဌကထာဆရာ၏ စကားတော်အရ "ဒီပသဿ-ကျွန်းမြေ၏၊ သမန္တာ တော- ထက်ဝန်ကျင်မှ၊ အာရက္ခံ ဌပေတွာ-အစောင့်ရှောက်ထား၍ "ဟု ဆိုသဖြင့် ကျွန်းသာ ဖြစ်ရမည်ဟု ယူဆကြသည်။ သုဝဏ္ဏဘူမိကို စိစစ်ကြည့်သောအခါ ကျွန်းဖြစ့်ရမည်။ တာမလိတ္တိဆိပ်ကမ်းမှ ယူဇနာ(၇၀၀) ဝေးကွာသော နေရာ ဖြစ်ရမည်။ မဟာဇနက ဇာတကဋ္ဌကထာ အရ ဘင်္ဂလားပင်လယ် အရှေ့ဘက်၌ တည်ရှိရမည်ဟု အဆိုပြုကြသည်။

ဒီပသဒ္ဒါသည် ရေတို့ဖြင့် ပိုင်းခြားသော ကျွန်းဆွယ်ကိုလည်း ဖော်ပြနိုင်သည်။ ဥပမာ-ဇမ္ဗုဒီပါကျွန်းကြီးသည် အနောက်ဘက်၌ အနောက် အာရေဗျပင်လယ်၊ အရှေ့ဘက်၌ အရှေ့သမုဒ္ဒရာဘင်္ဂလားပင်လယ်၊ တောင်ဘက်၌ လင်္ကာဒီပ ရေလက်ကြားဟုဆိုအပ်သော ရေသုံးမျက်နှာတို့ဖြင့် ပိုင်းခြားအပ်သောကြောင့် ဇမ္ဗုဒီပဟု ဒီပသဒ္ဒါဖြင့် သုံးစွဲရိုး ရှိခဲ့ကြသည်။ ယခုခေတ်၌ ဣန္ဒိယကျွန်းဆွယ်ဟု ခေါ်ဆိုကြသည်။ သုဝဏ္ဏဘူမိ သထုံသည်လည်း အရှေ့ဘက်၌ ထိုင်းပင်လယ်ကွေ့၊ တောင်ဘက်၌ မလက္ကာ ရေလက်ကြား၊ အနောက်ဘက်၌ မုတ္တမကွေ့၊ ရေတို့ပတ်လည် ဝိုင်းနေသည်ကို ရည်ရွယ်၍ ဒီပဟု အဋ္ဌကထာဆိုခဲ့ခြင်းဖြစ်ဟန်တူသည်။ ဒီပဟူသော စကားအရလည်း သုဝဏ္ဏဘူမိသည် သထုံဖြစ်နိုင်သည်။

'တာမလိတ္တိဆိပ်ကမ်းမှ ယူဇနာ (၇၀၀) ဝေးကွာသော နေရာဖြစ်ရမည်'ဟု ဆိုရာ၌လည်း စုမတြာကျွန်းသည် တာမလိတ္တိဆိပ်ကမ်းနှင့် မျဉ်းဖြောင့် သဏ္ဌာန်ခပ်ဝိုက်ဝိုက် တိုင်းသဖြင့် ယူဇနာ (၇၀၀) ဝေးခြင်း ဖြစ်သည်၊ သထုံသည် တာမလိတ္တိနှင့် မျဉ်းကွေးသဏ္ဌာန် ယူဇနာ (၇၀၀) လောက်ပင် ရှိနိုင်သဖြင့် ဤစကားအရလည်း သုဝဏ္ဏဘူမိသည် သထုံဖြစ်နိုင်သည်။

မဇ္ဈိမဒေသ သားတို့သည် ရောက်ရာနေရာများကို အမည်ပေးလေ့ရှိပါသည်။ အဓိကထွက်ကုန်ပေါ်မှာ မူတည်၍ ပေးလေ့ရှိသည်။ လှေရွက်နှင့် တူသောကျွန်းကို လင်္ကာဒီပ၊ ရွှေထွက်သော စုမတြာကျွန်းကို သုဝဏ္ဏဒီပ၊ မုယောစပါးထွက်သောကျွန်းကို ယဝဒီပ(ဂျာဗားကျွန်း)ဟု အမည်ပေးခဲ့ပြီး ရွှေထွက်ရာ တောင်တန်းမြေပြင်ရှိသော သထုံဒေသကို သုဝဏ္ဏဘူမိဟု အမည်ပေးခဲ့ကြသည်။ စုမတြာကျွန်းကို သုဝဏ္ဏဒီပဟုသာ ခေါ်တွင်၍ သုဝဏ္ဏဘူမိမှာ သထုံသာ ဖြစ်နိုင်သည်။

နာလန္ဒာကျောင်းတော်ကြီးတူးဖော်ရာမှ တွေ့ရှိချက်အရ- (၁)ဦးခံခန်းမကြီးအဝင် အနောက်မြောက်ထောင့် တစ်နေရာတွင် (ဝင်္ဂီတိုင်း ပါလမင်းဆက် သုံးဆက်မြောက် ခရစ်သက္ကရာဇ် (၉၀၀)သာသနာတော်နှစ် ၁၄၄၄-ခု၊ နောက်ပိုင်း အနှစ်ငါးဆယ်လောက်က အုပ်စိုးခဲ့သော ဒေဝပါလမင်း ရေးသားခဲ့သော ကြေးပုရပိုက်ကို တူးဖော်တွေ့ရှိရသည်။ ၎င်းပုရပိုက်၌ ဖော်ပြထားသည်မှာ-

"သုဝဏ္ဏဒီပခေါ် သုမာတြာကျွန်းဘုရင် သိရိဗလပုတ္တဒေဝသည် နာလန္ဒာကျောင်းတော်ကြီးတည်မြဲစေရန် သိရိနာဂရခေါ် ပါဋလိပုတ်၊ နိုင်ငံအတွင်း ရာဇဂယာ စီရင်စုတွင်ရှိသော ရွာ ငါးရွာတို့ကို ပေးလှူရာ ၎င်းရွာ ငါးရွာအတွက် မိမိပိုင်ဆိုင်သော ရွာ ငါးရွာကို အစားထိုး၍ ဒေဝပါလမင်းအား ဖလယ်ပေးကြောင်း" စသည်တို့ ဖြစ်သည်။

ဤကြေးပုရပိုက်အရ သုဝဏ္ဏဒီပကို သုမာတြာကျွန်းဟု တိုက်ရိုက်ရေးထားသဖြင့် ယခု စုမတြာကျွန်းသည် သုဝဏ္ဏဒီပ သာ ဖြစ်၍ သုဝဏ္ဏဘူမိမှာမူ သထုံသာဖြစ်ကြောင်းပို၍ ခိုင်လုံသွားသည်။

သက္ကတ ရေး ရာမာယနဝတ္ထုဥဒ္ဒါလည်း သုမာတြာကျွန်းကို သုဝဏ္ဏရူပဟု ဆိုထားသည် သုဝဏ္ဏဘူမိဟု မဆိုခဲ့ချေ။

ခေတ်သစ်စာပေတို့ကို လေ့လာလျှင် အေဒီ ၅၀-ခုနှစ်လောက်က ပေါ်ထွက်ခဲ့သော **PONPONIUS MELA** ပွန်ပိုနီးယတ်မေလ ပထဝီဝင် ပညာရှင်က ဂင်္ဂါမြစ်အလွန်တွင် ခရိုင်စေ **CHRYSE** = ရွှေမြေ(သုဝဏ္ဏဘူမိ)

နှင့် အာရ်ဂျရေ **ARGYRE** = ငွေမြေ (ဟိရည်ပဒေသ)ကျွန်းတို့ ရှိကြောင်း ရေးသားခဲ့၏။ အနီးရှိ ကမ်းများပေါ်တွင် လူမည်းများ နေထိုင်သည်ဟုလည်း ဆိုခဲ့သည်။ အေဒီ ၁၅၀ ခန့်က ရေးသားခဲ့သည်ဟု ခန့်မှန်းထားသော တောလမီခေါ် ဂရိပညာရှင်၏ ပထဝီဝင်ကျမ်း ၃၇-၅၂ တွင်–

"ဂင်္ဂါမြစ်၏ အရှေ့တောင်ဖက်သို့ သွားသော် ပထမ ကိရဒိယနှင့် ဗရကုရ (စစ်တကောင်း) (**BARAKURA**) သဘော်ဆိပ်သို့ ရောက်၏။ ထို့နောက် အာရ်ဂျရေ (ငွေမြေ)သို့ ရောက်၏။ ဤနိုင်ငံတွင် စင်ဗြ (**SYMBRA**) စဒ(**SADA**) ဗေရဗုန္နု(**BERABOONA**) နှင့် တေမလ (**TEMALA**) မြို့များရှိ၏။ ထိုမြို့များကို လွန်ပြီးနောက် ပင်လယ်အင္ဂ တစ်ခုသို့ ရောက်သည်" ဟု ဖော်ပြထား၏။

ဤတွင် အာရ်ဂျရေ (ငွေမြေ)မှာ ရခိုင်ကမ်းမြောင်ဒေသ ပင်လယ်အင္ဂမှာ နေဂရေအင္ဂ (မော်တင်စွန်း)ဟု ဖွင့်ဆိုကြ၏။ ယခုထက်တိုင် မော်တင်စွန်း ဗေတိအနီးရှိ ဇီးချိုင့်ရွာဦးစေတီကို ငွေတောင်စေတီဟု ခေါ်နေသေးသည်။

တော်လမီကပင် ဆက်လက်၍ ရေးထားသည်မှာ –

"ဗေစင်ဂဟု ခေါ်သော မုတ္တာမကွေ့ပင်လယ် ကမ်းရိုးတန်းတလျှောက်တွင် အရပ်ပုရ၍ ကြဲ့ခိုင်သော လူကြမ်းများနေကြောင်း ဆိုထားသည်။ တရုတ်ရာဇဝင်၌လည်း သုဝဏ္ဏဘူမိသည် ရွှေနှင့် ဆင်စွယ်တို့ ထွက်သည်ဟုဆိုသည်။ အာရပ်ကုန်သည်များ၏ မှတ်တမ်းတွင်လည်း ရွှေငွေနှင့် လှပသော အဝတ်အထည်၊ အမွေးနုံသာများကို သုဝဏ္ဏဘူမိမှ ကုန္ဒီယသို့ တင်ပို့သည်ဟု ဖော်ပြထားသည်။ ခေတ်သစ်မှတ်တမ်းများအရ သံလွင်မြစ်နှင့် ဧရာဝတီမြစ်ခွဲဖြစ်သော တိုးမြစ်စပ်ကြား ပင်လယ်ကမ်းတဝိုက်မှာ သုဝဏ္ဏဘူမိဖြစ်သည်ဟု မှတ်ယူနိုင်သည်။

မူလင်းတိုင်းရင်းသားများမှာ သြစတြလွိုက်များဖြစ်ဟန်တူသည်။ စာပေတွင် ပိသာစ=ဘီလူးဟု ခေါ်ခဲ့သည်။ မွန်လူမျိုးတို့ ရောက်လာသောအခါ မခုခံနိုင်သည့်အတွက် ပင်လယ်ကျွန်းများသို့ ဆုတ်ပြေးခဲ့သည်။ တခါတရံ ကမ်းပေါ်တက်လာပြီး ကလေးသူငယ်များကို လုယက်ပြေးကြဟန်တူသည်ဟု သမိုင်းပညာရှင်တို့က ယူဆကြသည်။

ဓမ္မစေတီမင်းကြီး၏ ကလျာဏီကျောက်စာတွင်လည်း သထုံဒေသကို ရကွမ္ပရ (ရေဘီလူးတို့၏နိုင်ငံ)ဟု ရှေးဦးစွာ ခေါ်တွင်ကြောင်း၊ ဘီလင်းမြို့နယ် ဇုတ်သုတ်ရွာ ထီးဆောင်းဘုရားကို ဘီလူးများတည်ခဲ့ကြောင်းနှင့် ယခုတိုင် သံလွင်မြစ်ဝှေ့ ဘီလူးကျွန်းရှိနေခြင်းတို့က စာပေတွင်ပါသော ပိသာစ=ဘီလူး တို့ကို နှိပ်နင်းကြောင်း အဋ္ဌကထာကြီး စကားကို ထောက်ခံနေပေသည်။

သုမာတြာကျွန်းကို သုတေသနပြုကြရာတွင် မဇ္ဈိမဒေသမှ ရေကြောင်း ကုန်သည်ကြီးများသည် သာသနာတော်နှစ်(၄၀၀) လောက်တွင် သုမိတ္တ=သုမိတြ မည်သော ကုန်သည်ကြီး အမှူးထားလျက် ဣန္ဒိယတောင်ပိုင်း ကဏ္ဏနဒီ=ကစ္ဆနား မြစ်ဝ ကစ္ဆတနတိုင်းနယ်၊ သီရိကုလမ=သီရိကုမ္ဘ=သျှရိကုလမမြို့မှ သင်္ဘောဖြင့် ထွက်လာခဲ့ကြသည်။ ဤကျွန်းတွင် နေထိုင်ကြသော လူရိုင်းများနှင့် ဆွေဆုံကြပြီး အနိပ်စက်ခံကြရသော်လည်း နောင်အခါတွင် အနိုင်ရခဲ့ကြသည်။ ခေါင်းဆောင် သုမိတ္တကုန်သည်ကြီးကို အစွဲပြုကာ သုမိတြာကျွန်းဟု ခေါ်တွင်ခဲ့ကြသည်။ နောင်အခါ သုမာတြာကျွန်း ဆုမတြာကျွန်း ဖြစ်လာသည်။ ထိုသူတို့သည် ဟိန္ဒူ၊ဗြာဟ္မဏ ဘာသာဝင်များဖြစ်၍ ဗြာဟ္မဏဘာသာ ထွန်းကားခဲ့သည်။ ၎င်းနောက် အနှစ်(၄၀၀)လောက် (သာသနာတော်နှစ် ၈၀၀ လောက်) ကြာသောအခါမှ အိန္ဒိယ အနောက်မြောက်ပိုင်း သိန္ဓုတိုင်းမှလည်းကောင်း၊ ဝုဂ္ဂရာဒ်နယ်၊ ဒါရကမြို့တော်မှလည်းကောင်း၊ နောက်ထပ် ရောက်လာကြပြန်ရာ အဇ္ဈ=အချင်ပြည်နယ်၌ ပါသိရမြို့တော်ကို တည်ထောင်ကြသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ ဗုဒ္ဓဝါဒကို ဖြန့်ဖြူးကြပြန်ရာ ယဉ်ကျေးမှု နှစ်ရပ်ရောစပ်သွားသည်ဟု ကမ္ဘာရာဇဝင်တွင် ဖွင့်ဆိုထားသဖြင့် သာသနာတော်နှစ် ၂၃၅ ခုတွင် အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ကြွလာသော သုဝဏ္ဏဘူမိသည် စုမတြာကျွန်းဖြစ်နိုင်ချေ အလျဉ်းမရှိကြောင်း သေချာသွားသည်။

အထောက်အထားတွေ့ရှိချက်များအရ သုဝဏ္ဏဘူမိသည် စုမတြာကျွန်း မဖြစ်နိုင်။ ထို့အတူပင် ဒွါရာဝတီနိုင်ငံလည်း မဖြစ်နိုင်၊ အိန္ဒိယပြည်တွင်း၌လည်း မဖြစ်နိုင်တော့ပေ။ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ သာသနာပြုကြွရောက်ခဲ့သော နိုင်ငံမှာ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ (သထုံပြည်)သာလျှင် ဖြစ်ကြောင်း မှတ်ယူအပ်ပေမည်။ ရဟန္တာမထေရ်မြတ်ကြီးများသည်

သာသနာတော်အဝွန့်ရှည်စွာ ထွန်းတောက်ပမည့် မြန်မာနိုင်ငံတော်ကို သိမြင်တော်မူကြ၍သာ ယခုကဲ့သို့ ရွေးချယ်သာသနာပြု ကြွခဲ့ခြင်း ဖြစ်ပေမည်။

ရှေးယခင်က ရောက်နှင့်နေသော သာသနာတော်မှာ ဗြာဟ္မဏဝါဒ ရောယှက်နေသဖြင့် မသန့်ရှင်း ရှိနေ၍ အရှင်သောဏနှင့် အရှင်ဥတ္တရတို့သည် မိစ္ဆာဒိဋ္ဌိအယူ အမျိုးမျိုးကို ခွဲခြားရှင်းပြရာ ဗြဟ္မဇာလသုတ်တော်ကို ဟောရခြင်း ဖြစ်ပေသည်။ ထိုသို့ ဟောပြမှသာ စစ်မှန်သော ဗုဒ္ဓဝါဒ ပေါ်လွင်လာသည်။ ထေရဝါဒ ဗုဒ္ဓသာသနာတော် သုဝဏ္ဏဘူမိ၌ အခြေတည်လာလေသည်။ မြန်မာပြည်သို့ ထေရဝါဒသာသနာတော် ရောက်လာချိန်နှင့်စပ်၍ အခိုင်အမာ ပြောဆိုနိုင်သည်မှာ သာသနာတော်နှစ် ၂၃၅ ခုနှစ် တတိယ သံဂါယနာခေတ် ဖြစ်လေသည်။

ရခိုင်၊ သျှစ်သောင်းဘုရားအနီးရှိ နိတိစန္ဒြမင်း အေဒီ(၅၂၀-၅၇၅)၏ သာဝိကာစန္ဒြသြိယာ မိဖုရားကျောက်စာတွင် 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' ဂါထာတော်ကို တွေ့ရှိရသည်။ သရေခေတ္တရာမြို့တော်ဟောင်း ခင်ဘကုန်းမှ တူးဖော်ရရှိသော ရွှေပေလွှာအချပ် ၂၀ တို့တွင် ပဋိစ္စသမုပ္ပါဒ် အဘိဓမ္မတရားတော်များ၊ 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ'စသော ပဋိဇ်တော်များကို ရေးထားသည်။ ထိုအရေးအသားများမှာ ထေရဝါဒ ဗုဒ္ဓသာသနာ စာပေအသုံးနှုန်းများဖြစ်ပြီး ယနေ့ထက်တိုင် ထေရဝါဒသာသနာတွင် ထင်ရှားသော ပါဠိစာပေများ ဖြစ်သည်။ အေဒီ ၁-ရာစုလောက်က တည်ဆောက်ခဲ့သော မြို့ဇတ် တနေရာမှ တူးဖော်ရခြင်းဖြစ်၍ ပါဠိပိဋကစာပေတို့သည် ဘီစီ ၃-၄-ရာစုလောက်ကထဲက မြန်မာပြည်အနှံ့ ရောက်ရှိနေကြောင်း ခိုင်လုံသော သက်သေများ ဖြစ်သည်။

သို့ဖြစ်၍ တတိယသံဂါယနာပွဲကြီးအပြီးတွင် အရှင်မဟိန္ဒ သာသနာပြုခဲ့သော သီဟိုဠ်သာသနာ၊ အရှင်သောဏ, အရှင်ဥတ္တရတို့ သာသနာပြုခဲ့သော မြန်မာသာသနာတို့မှာ ထေရဝါဒ ဗုဒ္ဓသာသနာတော် ဖြစ်ကြောင်း ရှေးဟောင်း အထောက်အထားများက သက်သေခံနေပေသည်။ ထို့ကြောင့် သုဝဏ္ဏဘူမိ သထုံပြည်သည်ကား ကိုးတိုင်းကိုးဌာန သာသနာတော် ပြုစုပျိုးထောင်ခဲ့ရာ ဘူမိနက်သန် နေရာမှန်ဖြစ်ကြောင်း မှတ်ယူကြရာ၏။

သို့ဖြစ်၍ တတိယသံဂါယနာပွဲကြီးအပြီးတွင် အရှင်မဟိန္ဒ သာသနာပြု ခဲ့သော သီဟိုဠ်သာသနာ၊ အရှင်သောဏ, အရှင်ဥတ္တရတို့ သာသနာပြုခဲ့သော မြန်မာသာသနာတို့မှာ ထေရဝါဒ ဗုဒ္ဓသာသနာတော် ဖြစ်ကြောင်း ရှေးဟောင်း အထောက်အထားများက သက်သေခံနေပေသည်။ ထို့ကြောင့် သုဝဏ္ဏဘူမိ သထုံပြည်သည်ကား ကိုးတိုင်းကိုးဌာန သာသနာတော် ပြုစုပျိုးထောင်ခဲ့ရာ ဘူမိနက်သန် နေရာမှန်ဖြစ်ကြောင်း မှတ်ယူကြရာ၏။

စတုတ္ထသံဂါယနာခေတ်နှင့် မြန်မာ့သာသနာ

သီဟိုဠ်နိုင်ငံ၌ ဒုဋ္ဌဂါမဏိမင်းကြီးသည် သာသနာတော်နှစ် ၃၇၇-ခုနှစ်၌ နန်းတက်၏။ လောဟပါသာဒ ကြေးပြာသာဒ်ကျောင်းတော်ကြီး၊ မရိစိဝဋ္ဌစေတီတော်နှင့် ကျောင်းတိုက်ကြီး၊ မဟာစေတီတော်ကြီးတို့ကို ဆောက်လုပ်လှူဒါန်း၏။ သာသနာတော်အတွက် အသပြာ ကုဋေတစ်ထောင် လှူဒါန်းခဲ့သော သာသနာပြုမင်းကြီး ဖြစ်သည်။ သီဟိုဠ် ထေရဝါဒ ဗုဒ္ဓသာသနာ အလွန်ထွန်းကားသောခေတ် ဖြစ်၏။ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ သထုံပြည် ကေလာသတောင် ကျောင်းတိုက်ကြီးမှ အရိယာသံဃာတော်ပေါင်း ခြောက်သောင်းမျှ မဟာစေတီ အုတ်မြစ်ချပွဲသို့ ကောင်းကင်မှ ကြွတော်မူကြကြောင်း မှတ်တမ်းတင်ခဲ့သည်။ သုဝဏ္ဏဘူမိနှင့် သီဟိုဠ်တို့သည် ထေရဝါဒ သာသနာဝင်နိုင်ငံများဖြစ်ကြ၍ ယခုကဲ့သို့ ဆက်သွယ်ကြောင်း ထင်ရှားသည်။

သာသနာတော်နှစ် ၄၅၀-ခုနှစ်တွင် ပိဋကစာပေများကို ပေထက် အက္ခရာတင်ကာ စတုတ္ထသံဂါယနာတင်၍ ဆောင်ရွက်တော်မူခဲ့ကြသည်။ အကြိမ် ၁၀၀-တိုင်တိုင် သုတ်သင်တည်းဖြတ်၍ သန့်စင်အောင် အားထုတ်ခဲ့ကြကုန်၏။ သာသနာတော်နှစ် ၉၃၀ တွင် အရှင်မဟာဗုဒ္ဓယောသ မထေရ်သည် လ္ကန္နိယတောင်ပိုင်းမှ သီဟိုဠ်သို့ ကူး၍ သီဟိုဠ်ဘာသာ အဋ္ဌကထာများကို မဂဓဘာသာပြန်ဆို၍ အဖွင့်အဋ္ဌကထာသစ်များ ရေးသားခဲ့သည်။ မြန်မာနိုင်ငံ၌လည်း၊ ဒေသအလိုက် သာသနာတော် ထွန်းကားလျက်ရှိသည်။

ပုဂံခေတ်သာသနာ

မြန်မာလူမျိုးတို့သည် ယုန်လွတ်ကျန်းအရပ်၌ အရိမဒ္ဒနပုရမည်သော ပုဂံမြို့တော်ကို တည်ဆောက်ကြသည်။ ပုဂံ နေပြည်တော်သည် သာသနာတော်နှစ် ၁၅၆၁-ခုနှစ်၊ ခရစ်နှစ် ၁၀၄၄-ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်းကြီး လက်ထက်တွင် ဧကရာဇ်နိုင်ငံတော်ကြီး ဖြစ်လာသည်။ သုဝဏ္ဏဘူမိ နောက်ပိုင်း ခေတ်သို့ ရောက်လာသောအခါ သာသနာတော်သည် ရဟန်းတု ရဟန်းယောင် တို့၏ အပြုအမူကြောင့် လွန်စွာယုတ်လျော့လာသည်။။ သမထိုးအရပ်၌

အခြေစိုက် နေထိုင်ကြကုန်သော အရည်းကြီးတို့သည် သာသနာတော်၏ ဆန့်ကျင် ဘက်လုပ်ရပ်များကို ပြုလုပ်နေကြကုန်၏။ ပုဂံနေပြည်တော်ဝန်းကျင်၌ ယခင်ကရှိနေခဲ့သော ထေရဝါဒ သာသနာမှာလည်း မှေးမှိန်းကွယ်ပျောက်နေ၏။

အနော်ရထာသည် ဘုရင်ဖြစ်လာသောအခါ သာသနာတော်ပြုစုရန် အာသီသပြင်းပြနေ၏။ နန်းစံ၍ ၉-နှစ်ရှိသောအခါ သထုံပြည်မှ အရှင်ဓမ္မဒဿီ အမည်ရှိသော ရဟန္တာမထေရ်တစ်ပါး ကြွရောက်လာသည်။ အနော်ရထာ ဘုရင်သည် မထေရ်ကို ကြည်ညိုသဖြင့် သာသနာပြုရန် လျှောက်ထားသည်။ ရှင်အရဟံဟု အများခေါ်ဝေါ်နေသော ဓမ္မဒဿီမထေရ်မြတ်သည် အနော်ရထာမင်းနှင့် လက်တွဲကာ သာသနာပြုခဲ့သည်။ အရည်းကြီးတို့ကို လူဝတ်လဲခိုင်းသည်။ မြတ်စွာဘုရား၏ ပိဋကတ်တော်များ ဓာတ်တော်များကို ပင့်ဆောင်ရန်အတွက် သထုံပြည်ကို သိမ်းယူတော်မူပြီး ပိဋကတ်တော်အစုံ (၃၀)၊ ဓာတ်တော်မွေတော်၊ ရဟန်းသံဃာတော်တို့ကို သာသနာတော်နှစ်-၁၆၀၁၊ ကောဇာသက္ကရာဇ် ၄၁၉-တွင် ပုဂံနေပြည်တော်သို့ ပင့်ဆောင်ကာ ထေရဝါဒသာသနာတော်ကို ထွန်းကားသန့်စင်အောင် ဆောင်ရွက်ခဲ့သည်။

အနော်ရထာမင်းကြီး ယင်းသို့ဆောင်ရွက်လိုသော စိတ်ဓာတ်နှင့် ၎င်း၏ ခမည်းတော် ကွမ်းဆော်မင်းကြီး၏ ဖြစ်ရပ်တို့ကို သုံးသပ်ကြည့်လျှင် ပျူနိုင်ငံတော်ကြီးပျက်စီး၍ ပုဂံနေပြည်တော်ကြီး ဖြစ်ပေါ်လာရာ ယခင်ကတည်းက ထေရဝါဒသာသနာတော် တည်ရှိခဲ့ကြောင်းလည်း သိသာနိုင်လေသည်။

သီဟိုဠ်နိုင်ငံမှ ပိဋကတော်တို့ကိုပါ ပင့်ဆောင်စေပြီး သရုပါတံခါးအနီး ပိဋကတ်တိုက်ကျောင်းကြီး၌ သီဟိုဠ်မှ သထုံမှ မှုန်စ်မှ တိုက်ဆိုင် စစ်ဆေးသုတ်သင်စေပြီး သံဃာတော်တို့ကို ပို့ချစေတော်မူသည်။ အနော်ရထာမင်းကြီး၏ ကြီးပမ်းအားထုတ်မှုကြောင့် မြတ်စွာဘုရား၏ သာသနာတော် အစစ်အမှန် ဖြစ်သော ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးသည် ပုဂံနေပြည်တော်ကို အခြေစိုက်ကာ မြန်မာနိုင်ငံတပြည်လုံးသို့ ပျံ့နှံ့ထွန်းကားသွား လေတော့သည်။

အနော်ရထာမင်းမြတ်နောက် ဆက်ခံကြသောမင်းတို့မှာလည်း ဗုဒ္ဓဘာသာဝင် မင်းတို့သာ ဖြစ်ကြသဖြင့် သာသနာ့ဒါယကာအဖြစ် သာသနာတော်ကြီး တိုးတက်စေရန် နည်းမျိုးစုံဖြင့် အားထုတ်ခဲ့ကြသည်သာ ဖြစ်သည်။ မိမိတို့ အုပ်စိုးရသော အချိန်ကာလအတွင်း၌ သာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားရန် မင်းအဆက်ဆက် ဆောင်ရွက်တော်မူခဲ့ကြသည်။ ပုဂံသို့ သာသနာတော်ရောက်ခဲ့သည့် သာသနာတော်နှစ် ၁၆၀၀ လောက်မှစ၍ ထေရဝါဒဗုဒ္ဓသာသနာတော်သည် အဆက်မပြတ် တိုးတက်ထွန်းကားလာသည်။ ကျန်စစမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ ကျစွာမင်းစသော မင်းအဆက်ဆက်တို့နှင့် ပြည်သူတို့၏ သာသနာတော်အတွက် ကြိုးပမ်းချက်ကြောင့် 'လှည်းဝင်ရိုးသံ တည်ညံ ပုဂံဘုရားပေါင်း'ဟု ဆိုစမှတ်ပြုရလောက်အောင် ပုဂံနေပြည်တော်တွင် ဘုရားစေတီတော်ပေါင်းများစွာ ပေါ်ထွန်း လာခဲ့ပေသည်။

ပုဂံ ပင်းယ စစ်ကိုင်း အင်းဝ ညောင်ရမ်း ကုန်ဘောင်းခေတ် အဆက်ဆက် မင်းအဆက်ဆက်တို့ သာသနာတော်အတွက် အားတက်သရော ကြိုးပမ်းခဲ့ကြသဖြင့် ထေရဝါဒသာသနာတော်သည် တပြည်လုံးအနှံ့ ဖြန့်ကျက်ထွန်းကားခဲ့သည်။

ပဋ္ဌမသံဂါယနာတင်ခေတ် မြန်မာ့သာသနာ

ပုဂံခေတ်မှ စတင်ခဲ့သော ထေရဝါဒဗုဒ္ဓသာသနာတော်သည် ရတနာပုံ မန္တလေးခေတ်သို့ ရောက်သောအခါ လွန်စွာထွန်းကားနေပြီ ဖြစ်သည်။ သာသနာတော်နှစ် ၂၃၉၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၁၄-ခုတွင် မင်းတုန်းမင်းကြီး ထီးနန်းစိုးစံတော်မူရသောအခါ သာသနာတော်အတွက် လေးနက်ခိုင်မာ၍ ထာဝရတည်တံ့စေရန် ရည်သန်၍ ပဋ္ဌမသံဂါယနာ တင်တော်မူ၏။

သာသနာတော်နှစ် ၂၄၀၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၂၂-ခုနှစ်၊ တန်ဆောင်မုန်းလမှစ၍ စကျင်ကျောက်တောင်ကြီးမှ သလင်း ကျောက်ဖြူပြား

တို့၌ ပိဋကတော်ကို ကျောက်ထက်အက္ခရာတင်စေတော်မူ၏။ ဝိနည်းပိဋကအတွက် ကျောက်ချပ်ရေ ၁၁၁-ချပ်၊ အဘိဓမ္မာပိဋကအတွက် ကျောက်ချပ်ရေ ၂၀၈-ချပ်၊ သုတ္တန်ပိဋကအတွက် ကျောက်ချပ်ရေ ၄၁၀-ချပ်၊ စုစုပေါင်း ၇၂၉-ချပ်တို့ အပေါ်၌ ပိဋကသုံးပုံကို အမှားအယွင်းမရှိစေရန် ကြပ်မတ်စီစဉ် ထွင်းထုလှူတော်မူ၏။ ၁၂၃၀-ပြည့်နှစ် ကဆုန်လဆန်း ၁၄-ရက်နေ့တွင် အလုံးစုံ ပြီးစီးအောင်မြင်သည်။

ထို့မှနောက်၌ လွတ်လပ်ရေးဆုံးရှုံး၍ နယ်ချဲ့လက်အောက် ကျရောက်သွားသောအခါ ဇထေရဝါဒ ဗုဒ္ဓသာသနာတော်သည် များစွာ ယုတ်လျော့မှေးမှိန်သွားခဲ့သည်။

ဆဋ္ဌသံဂါယနာခေတ် မြန်မာ့သာသနာ

လွတ်လပ်ရေးရရန်အတွက် မြန်မာပြည်သားတို့ ကြိုးပမ်းကြသောအခါ အနာဂတ်မြန်မာပြည်ကို အမျိုး ဘာသာ သာသနာတိုးတက်စေမည့် နိုင်ငံတော်ဖြစ်ရန် ရည်သန်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးသောအခါ မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင်များသည် သာသနာတော်နှစ် ၂၄၉၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၆-ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၅၄-ခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိဏ်ဂူတော်ကြီး၌ ခြောက်ကြိမ်မြောက် သံဂါယနာတင်ပွဲ ဆင်နွှဲခဲ့ကြသည်။ ထေရဝါဒငါးနိုင်ငံမှ သံဃာတော် ၂၅၀၀ တို့သည် ပိဋကတော်များကို အထူးသန့်စင်အောင် သုတ်သင်ပြီး သံဂါယနာ တင်တော်မူခဲ့ကြသည်။ အသန့်ရှင်းဆုံးသော ပိဋကစာတော်မူများကို ကမ္ဘာအနှံ့ဖြန့်ချိနိုင်ခဲ့ကြသည်။

မျက်မှောက်ခေတ် ဗုဒ္ဓသာသနာတော်

ယခုအချိန်တွင်မူ နိုင်ငံတော်အစိုးရနှင့် ပြည်သူအများ၏ အားကြိုးမာန်တက်ဆောင်ရွက်မှု၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ဦးဆောင်သော သံဃာတော်အရှင်မြတ်များ၏ သာသနာတော်အတွက် အလေးအနက်ဆောင်ရွက်မှုတို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် ယခင်

ခေတ်များနှင့်မတူ တမူထူးခြား၍ မြင့်မားသော အရှိန်အဟုန်ဖြင့် ပရိယတ် ပဋိပတ်ဘက်စုံ တိုးတက်လာသည်။ စေတီ ကျောင်း ကန် တန်ဆောင်း ဧရပ် ပြာသာဒ်မျိုးစုံတို့သည် သစ်လွင်တောက်ပ ခမ်းနား ဝင့်ကြွားစွာ တိုးတက် လာသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများနှင့် စာသင်တိုက်ကြီးများလည်း တိုးတက်လာသည်။ တိပိဋကဓရ သာသနာ့ အာဇာနည် ပုဂ္ဂိုလ်မြတ်များနှင့် ပိဋကစာပေပညာရှင်များ မြောက်များစွာ ထွန်းကားလာသည်၊ တောင်တန်းနယ်စပ်များပါမကျန် သာသနာတော် ထွန်းလင်းစေရန် အားထုတ်ကြသည်။ ပြည်ပနိုင်ငံများသို့လည်း ထေရဝါဒ ဗုဒ္ဓသာသနာတော် ပြန့်ပွားရန် ကြိုးပမ်းလျှက်ရှိကြသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ သာသနာတော်သည် ရှေးကထက် ပို၍ သန့်ရှင်း တည်တံ့ပြန့်ပွားလျှက်ရှိပေသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ အဆုံးအမအောက်တွင် ထေရဝါဒ အသိအမြင်၊ ထေရဝါဒယဉ်ကျေးမှုဖြင့် အစဉ်တစိုက် ငြိမ်းချမ်းစွာ ရပ်တည် လာခဲ့ကြသော ယနေ့မြန်မာနိုင်ငံသူ နိုင်ငံသား ဗုဒ္ဓဘာသာဝင် သူတော်ကောင်း များသည်လည်း ဘုရားရှင့်သာသနာတော်နှင့် ဖွားဘက်တော် လူမျိုးများဖြစ်ကြ သည်ကို ဂုဏ်ယူကာ သာသနာတော်အတွက် မိမိတို့တတ်နိုင်သည့်ဘက်က ဆက်လက်ပြန့်ပွား တွန်းကားအောင် အားထုတ် ကြိုးပမ်းကြရာ၏။

အခန်း (၁၁)

ဗုဒ္ဓယဉ်ကျေးမှုများ

အခန်း (၁၁)

ဗုဒ္ဓယဉ်ကျေးမှုများ

အနန္တ ငါးပါးကျေးဇူး

လောကလူသားတို့အတွက် ကျေးဇူးကြီးမားသော အရာငါးမျိုးရှိသည်၊ ပေးဆပ်၍မကုန်အောင် ကျေးဇူးများလှသောကြောင့် အနန္တငါးပါးဟု ခေါ်၏၊ ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာသမားများ ဖြစ်ကြသည်။

ဘုရား၊ တရား၊ သံဃာ ရတနာတော် မြတ်သုံးပါး၏ ကျေးဇူးကား အကြီးမားဆုံး ဖြစ်၏၊ အတုမဲ့ ဖြစ်၏၊ သံသရာတလျောက်လုံး ဘေးရန်ကင်းကွာ၍ ကြီးပွားချမ်းသာစေနိုင်၏၊ ရတနာသုံးပါးပြီးလျှင် ကျေးဇူးကြီးမားသူများမှာ မိဘနှင့်ဆရာသမားတို့ ဖြစ်သည်၊ အနည်းဆုံး တစ်ဘဝတာအတွင်း ဘေးကင်းချမ်းသာအောင် စောင်မ, လမ်းညွှန် ပေးနိုင်ကြ၏။

ကမ္ဘာလူသားတိုင်းအတွက် ရတနာသုံးပါးကို ထား၍ မိဘနှင့်ဆရာသမားတို့၏ ကျေးဇူးကိုမူ လူသားတိုင်း သိသင့်၏၊ ကျေးဇူးသိမှုသည် ပထမ၊ သိဘည့်အတိုင်း ပေးဆပ်နိုင်မှုသည် ဒုတိယဖြစ်၍ သိလျှင်ပင် တော်လှပြီ၊ မိဘနှင့် ဆရာသမားတို့၏ ကျေးဇူးသိမှု ဆပ်မှုသည် ဘာသာတရားက ဟောပြောညွှန်ပြ၍ ဘာသာတရားအရသာလျှင် တုံ့ဆပ်ရသည်မဟုတ်၊ သတ္တလောက၏ သဘာဝတရားတစ်ခုလည်း ဖြစ်သည်၊ လူကို မဆိုထားဘိ၊

တိရစ္ဆာန်တို့ပင်လျှင် ဆရာ(အထူးသဖြင့်) မိဘကျေးဇူးကို သိကြ၏၊ ကူညီပံ့ပိုးကြ၏၊ တုံ့ဆပ်ကြ၏။

ကျေးဇူးကြီးလှ မိနှင့်ဖ

"မကောင်းမြစ်ထာ ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝေနှိုးရင်း ထိမ်းမြားခြင်း"ဟူသော မိဘဝတ္တရားတို့မှာ သားသမီးများ ဝမ်းကကျွတ်သည်မှ စသော စောင့်ရှောက်မှုများ ဖြစ်၏၊ ကိုယ်ဝန်သန္ဓေလွယ်ရသည့်အချိန်မှစ၍ ကျေးဇူးပြုခဲ့ကြပုံကိုလည်း သိသင့်သည်။

အနန္တဂုဏ်ရည် သိမှတ်ဖွယ်များ

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ အနန္တကျေးဇူး ဂုဏ်ကို ဤခြံ့ အကျယ်ထပ်မံ ပြဆိုရန်မလိုပေ၊ သက်ဆိုင်ရာ ဂုဏ်တော်အခန်း တို့၌ ပြဆိုခဲ့သည့်အတိုင်း အာရုံပြုလျက် ရှိခိုးကန်တော့ရမည်။ ဆင်ခြင် အောက်မေ့ကာ ပွားများရမည်။

ဤခြံ့ မိဘနှင့် ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကိုသာ ဆင်ခြင် နှလုံးသွင်းနိုင်ရန် ဖော်ပြမည်။ မိဘတို့၏ ကျေးဇူးကို 'မြင်းမိုရ်တောင်ဦး မကကျူး'ဟု ပြောစမှတ်ပြုကြသော်လည်း ကျေးဇူးကို တကယ်သိ၍ပေးဆပ် နိုင်သူကား ရှားလှပေ၏။

မိဘတို့ အသက်ထင်ရှား ရှိစဉ်အခါ ရာသီအလိုက် အဝတ်အစား နေရာထိုင်ခင်း စီမံပေးခြင်း၊ ခြေဆုပ်လက်နယ် ပြုပေးခြင်း၊ မိဘတို့စကား နားထောင်ပြီး မိဘများ စိတ်ချမ်းသာအောင် နေထိုင်ပြခြင်း၊ ခရီးဝေးနှီး သွားရန်ရှိသောအခါ ဦးချ ကန်တော့သွားခြင်း၊ ပြန်လာလျှင်လည်း တန်ဖိုးနည်းများမဆို လက်ဆောင်ပစ္စည်း စားသောက်ဖွယ်များဖြင့် ဦးချ ကန်တော့ခြင်း ပြုလုပ်ဖော်ရလျှင်ပင် ကျေးဇူးကြွေး မကျေသော်လည်း

မိဘတို့အဖို့ အားဆေးများ အသက်ရှည်ဆေးများ ပင် ဖြစ်ပေသည်။ နေ့စဉ် အိပ်ရာဝင်အိပ်ရာထ ဦးချကန်တော့ခြင်းသည်လည်း ကျေးဇူးသိခြင်းပင် မည်၏။

အချို့ကား 'ပစ္စည်းရှိလာမှ ထိုက်ထိုက်တန်တန် ကန်တော့မည်'ဟု ယူဆထားကြ၏။ မိမိမြော်မှန်းသည့်အတိုင်း ပစ္စည်းရှိလာသောအခါ မိဘတို့ ကွယ်လွန်ကြလေပြီ၊ ပစ္စည်းရှိမှသာ မိဘတို့အား ကျေးဇူးဆပ်နိုင်သည်မဟုတ်၊ ရသမျှ ရှိသမျှနှင့် ယနေ့ ပြုစု ကျွေးမွေးဖြစ်ဖို့က အရေးကြီးလေသည်။ အဇာတသတ်လိုပင် နောင်တကြီးစွာ ဖြစ်တတ်သည်။

လက်ဦးဆရာ

မိဘတို့သည် မိမိတို့ ရင်သွေးများ စကားမပြောတတ်မီကပင် သင်ပြပေးခဲ့ကြရ၏။ သွားပုံ၊ လာပုံ၊ လမ်းလျှောက်ပုံ၊ ဦးတော်လုပ်ပုံ၊ အမေ အဖေခေါ်ပုံမှအစ အရွယ်အလိုက် ပြောဆိုပြုမူပုံများကို ဘာမျှ လိုလေသေးမရှိ၊ အကွက်ဆေ့အောင် သင်ပြပေးခဲ့ကြရသဖြင့် မိဘနှစ်ပါးကို "လက်ဦးဆရာ"ဟုပင် မြတ်စွာဘုရား ဟောတော်မူထားသည်။

သားသမီးများ အိမ်ထောင်ကျသွားကြသော်လည်း အိမ်ခွဲရန်မလိုလား၊ မိဘရိုးရာ အလုပ်အကိုင်များကို လုပ်တတ်အောင်၊ အရင်းအနှီး စုဆောင်းမိအောင် မိမိတို့နှင့်အတူ ထားကာ သေသည့်နေ့အထိ သင်ပြပေးသွားကြလေသည်။ ကြက်သားပေါက်ကလေးများကို မိခင်ကြက်မကြီးသည် မိမိတောင်ပံနှစ်ဘက်ဖြင့် ထွေးပိုက်ကာ အမြဲတမ်း မိခင်မေတ္တာများ မွမ်းထုံပေးသကဲ့သို့ ရှိပေသည်။ ကြက်မကြီးသည် မိမိကြက်သားငယ်များအား ပျံတတ်၊ ပြေးတတ်၊ ရန်သူကို ရှောင်တတ်၊ ယက်၍ အစာရှာတတ်အောင်လည်း သင်ပြပေး၏။ မိဘတို့မေတ္တာကား ကြီးမားလှပေ၏။

ဗြဟ္မာနှင့်တူသောမိဘ

မြတ်စွာဘုရားက မိဘများကို ဗြဟ္မာနှင့်တူသော ပုဂ္ဂိုလ်များဟုလည်း ဟောတော်မူသည်။

ဗြဟ္မာဘုံ၌နေသော ဗြဟ္မာတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား လေးပါးနှင့် အမြဲနေထိုင်ကြသည်၊ ထို့အတူ မိဘတို့သည်လည်း ယင်းဗြဟ္မစိုရ်တရားလေးပါးနှင့် နေကြသည်ဟု ဟောတော်မူ၏။ မိဘများနေပုံမှာ-

(၁) မိခင်သည် သားသမီးများ ကိုယ်ဝန်သန္ဓေတည်ရှိသောအခါ ပူစပ်ချဉ်ငန် အစားအသောက်ရှောင်ရခြင်း၊ အကုန်းအကွ အထအထိုင် ဆင်ခြင်ရခြင်း၊ အလေးအပင်မထမ်းမရွက် ဆင်ခြင်ရခြင်း၊ ကိုယ်ဝန်သားငယ် ဒုက္ခဖြစ်စေမည့် အနေအစားအားလုံး ဆင်ခြင်နေရခြင်း စသည်ဖြင့် 'ငါ့သားသမီး ကလေး ချမ်းသာပါစေ၊ ခြေလက်အင်္ဂါ ပြည့်ပြည့်စုံစုံနှင့် ချမ်းသာစွာ မွေးဖွားပါစေ'ဟု ချစ်ခြင်း မေတ္တာစိတ်သည် အမြဲဖြစ်ပွားနေ၏။ ဖခင်လုပ်သူကလည်း လိုအပ်သည်များကို ဖြည့်ဆည်းပေးနေ၏။

(၂) မွေးဖွားလာသောအခါတွင်လည်း သားသမီးကလေးမျက်နှာမြင်ရသည်နှင့် ကိုးလလွယ် ဆယ်လဖွားရသော အာဝေဏိက ဒုက္ခကြီးကိုပင် မေ့ပျောက်သွားရ၏။ မွေးဖွားပြီးနောက် တအုဝဲဝဲ ငိုယိုကာ ထားသလိုနေရခြင်း၊ တစ်စုံတစ်ရာ အခံခက်၍ နာကျင်၍ ဆာလောင်၍နေသော်လည်း မပြောမဆိုတတ်၊ ပက်လက်ကလေး ထားသည့်အတိုင်းပင် နေရပြီး တစာစာ ငိုကြွေးလျှင် မိခင်၏ နှလုံးသားတွင် သနားခြင်း ကရုဏာ စိတ်များ ဖြစ်ပွားရပြန်သည်။

(၃) သားသမီးကလေးများ မှောက်နိုင် လှန်နိုင် ထိုင်နိုင် ထနိုင် သွားစပြုနိုင် ပြုံးရယ်စပြုနိုင်၊ စကားတီတီတာတာ ပြောနိုင် ဆိုနိုင် ချို့မိုင်မိုင်လုပ်နိုင်လာသောအခါ မိဘတို့ရင်၌ ဖြစ်ရသော ဝမ်းမြောက်ကြည်နူးမှု မုဒိတာစိတ်မှာ ပြောဖွယ်ရာ မရှိပြီ။ မိဘကို မဆိုထားဘိ၊ ဘေးကမြင်တွေ့ရသူများပင် ဝမ်းမြောက်၍ နေကြရ၏။

သားသမီးငယ်များက ကစားပြေးလွှား၍ ကျန်းမာပျော်ရွှင်နေသည်ကို မြင်ရတိုင်း မိဘတို့နှလုံးသားတွင် မုဒိတာတရားဖြစ်ပွားရ၍ အရွယ်အလိုက် စာကြိုးစားခြင်း၊ အလုပ်ကူညီလုပ်ခြင်း စသည်ဖြင့် သားသမီးတို့ လိမ္မာလျှင် လိမ္မာသလောက် မိဘတို့ ဝမ်းမြောက်ရ၏။ ချမ်းသာရ၏။ အသက်ရှည်၏။ ထို့ကြောင့် သားသမီးတို့သည် မိဘတို့အသက်ရှင်သမျှ ဝမ်းမြောက်ဝမ်းသာ ကျန်းမာချမ်းသာ၍ အသက်ရှည်စေရန် သားသမီးတို့က လိမ္မာပြကြဖို့ အရေးကြီးလှပေသည်။

သားသမီးများ အချိန်တန် အရွယ်ရောက်၍ အိမ်ထောင်ပြုကြသောအခါ၊ ကိုယ့်အိုး ကိုယ့်အိမ်နှင့် နေထိုင် ကြသောအခါ "သြော်- ငါ့သားသမီးများ ကိုယ့်စွမ်း ကိုယ့်စဖြင့် နေထိုင်နိုင်ကြပေပြီ"ဟု လျစ်လျူပြုသောအားဖြင့် သင့်တင့် မျှတသော ဥပေက္ခာစိတ်ထားကို ထားကြလေသည်။

သားသမီးများနှင့် စပ်၍ တွယ်တာမှု (လောဘ)၊ . ပူပန်စိုးရိမ်နေရမှု, ကြောင့်ကြမှု(ဒေါသ) ဟူသော အစွန်းနှစ်ဘက်မှ လွတ်ကာ ဥပေက္ခာစိတ်ထားဖြင့် ငြိမ်းအေးစွာ စိတ်ချလက်ချ နေထိုင် သွားနိုင်ကြ၏။

မိခင်စိတ်

ဤ မျှတ၍ မြင့်မြတ်သော ဥပေက္ခာအရသာကို ခံစားလိုသဖြင့် မျက်စိမမှိတ်ခင် သားသမီးများကို အိမ်ထောင်လျှာထား ချထားပေးသွားကြသည်လည်း ရှိပေသည်။

သားသမီးများအပေါ် သူစိမ်းတရံဆံတို့ ချစ်သည်၊ အကျိုးလိုလားပါသည်ဆိုခြင်းမှာ မိဘများမုန်းသလောက်သာ ရှိပေသေး၏။ သားသမီးတို့ အပေါ်၌ ထားရှိသော မိဘတို့ မေတ္တာကား သေခါမှသာ ရပ်စဲတော့၏၊

ထို့ကြောင့် သတ္တလောကဌ္ဌ "မိခင်စိတ်" လောက် မြင့်မြတ်သော စိတ်မရှိပေ။ မြတ်စွာဘုရားကလည်း သတ္တဝါတိုင်းအပေါ် မေတ္တာထား ရန် ညွှန်ပြတော်မူရာ၌ ထိုမိခင်စိတ်ကို ဥပမာပေးတော်မူခဲ့သည်။

သားသည် နွားမကြီးအား လှံဖြင့် ထိုးသတ်၍ မသေခြင်းမှာ နို့စို့နေသော နွားသားငယ်အပေါ်ထားသော ထိုသည့် မိခင်မေတ္တာကြောင့်ပင် ဖြစ်ပေသည်။

မဟာပထဝီမြေကြီးသည်လည်းကောင်း၊ မဟာသမုဒ္ဒရာ၊ မြင်းမိုရ် တောင်နှင့် အဇဋာကောင်းကင်ကြီးသည်လည်းကောင်း မိဘမေတ္တာနှင့် နှိုင်းစာလျှင် သေးငယ်ကျဉ်းကျဉ့်၍ သွားကုန်၏၊ မိဘမေတ္တာသည် အနန္တ ဖြစ်သောကြောင့်ပေတည်း။

ဆပ်၍မကုန်သော ကျေးဇူး

လောကဌ္ဌ ရွှေငွေ စသည်ကြွေးဆပ်လျှင် ကြွေးတင်သည့် အရေအတွက် အားလျော်စွာ ပေးဆပ်လို့ရ၏။ ကြွေးကျေ၏၊ မိဘတို့မေတ္တာကား အနန္တဖြစ်၍ မကျေနိုင်။ မကျေနိုင်၍ မဆပ်လျှင် ကြွေးထပ်တင်ရန်သာ ရှိတော့သည်။

မြတ်စွာဘုရားဟောတော်မူသည်မှာ သားသမီးတို့သည် ကျေးဇူးရှင် မိဘနှစ်ပါးအား ပခုံးတစ်ဘက်စီ၌ တင်ထား၍ အမြဲတမ်း မိဘနှစ်ပါးအား အစာကျွေးမွေးပေးခြင်း၊ ရေချိုးပေးခြင်း၊ နှင်းနှိပ်ပေးခြင်း၊ သိပ်ပေးခြင်း၊ မိမိတို့ပခုံးပေါ်၌ပင် ကျင်ကြီးကျင်ငယ်စွန့်သော်လည်း မငြူမစူ ပြုစုသုတ်သင်ပေးခြင်း စသည်ဖြင့် အနှစ်တစ်ရာတိုင်တိုင် ပခုံးထမ်း၍ ပြုစုလုပ်ကျွေးသော်လည်း ကျေးဇူးကြွေး မကျေနိုင်ဟုပင် ဟောတော်မူသည်။

အကောင်းဆုံး ကျေးဇူးဆပ်နည်း

'ကျေးဇူးကြွေး မကျေနိုင်'ဟုဆိုသည်မှာ ကျေးဇူးကြီးမားပုံကို ပြဆိုလိုခြင်းသာ ဖြစ်ပေသည်။

မိဘနှစ်ပါးအသက်ထင်ရှားရှိစဉ် ပြဆိုခဲ့သည့်အတိုင်း ရာသီအလိုက် ကျွေးမွေးပြုစုပေးခြင်း၊ အထူးသဖြင့် အမွေခံထိုက်အောင် နေခြင်း၊ မိဘနှစ်ပါး စိတ်ချမ်းသာအောင် သားသမီးတို့ လိုက်နာရမည့် ဝတ္တရားငါးပါးနှင့်အညီ လိမ်လိမ်မာမာ နေပြခြင်း၊ ကွယ်လွန်သွားကြသောအခါတွင်လည်း မိဘနှစ်ပါးကို ရည်စူး၍ အလှူဒါန ပြုလုပ်ပြီး အမျှတမ်းပေးဝေခြင်း ပြုပေးလျှင်ပင် ဝတ္တရားကျေပြီဟု ဆိုသင့်၏။

ကျေးဇူးရှင် မိဘနှစ်ပါးတို့၏ ကျေးဇူးကြွေးကို ပေးဆပ်ရာ၌ အကောင်းဆုံးနည်းကို မြတ်စွာဘုရားဟောကြားထားသည်မှာ တရားဖြင့် ကျေးဇူးဆပ်ခြင်းပင် ဖြစ်၏။ တရားဖြင့် ကျေးဇူးဆပ်ခြင်းဆိုသည်မှာ--

(၁) ရတနာသုံးပါးမယုံကြည်သေးသော မိဘတို့အား ယုံကြည်လာအောင်၊ သရဏဂုံမတည်သေးသော မိဘတို့အား သရဏဂုံတည်အောင် ဆောင်ရွက်ပေးခြင်း၊

(၂) အလှူဒါနအားနည်းသော မိဘတို့အား အလှူဒါနပြုလုပ်ဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊

(၃) စစ်မှန်သော ကိုယ်ကျင့်သီလ မရှိသေးသော မိဘတို့အား ကိုယ်ကျင့်သီလစောင့်ထိန်းလာအောင် ဆောင်ရွက်ပေးခြင်း၊

(၄) အသိပညာမရှိသေးသော မိဘတို့အား အသိပညာရှိအောင် ဆောင်ရွက်ပေးခြင်းတို့ ဖြစ်သည်။ အသိပညာဆိုရာ၌ ရတနာသုံးပါးနှင့် စပ်သော အသိပညာ၊ ဝိပဿနာပညာ၊ သစ္စာမြင်သော ပညာများသည် အမြတ်ဆုံးဖြစ်၍ ထိုပညာများဖြစ်ပွားအောင် စာဖတ်ပြခြင်း၊ တရားနာဖြစ်အောင်၊ တရားထိုင်ဖြစ်အောင် ဆောင်ရွက်ပေးခြင်းများသည် အကောင်းဆုံး ကျေးဇူးဆပ်ခြင်း ဖြစ်ပေသည်။

သားသမီးများ ကိုယ်တိုင်က သီလရှင်၊ ရှင်သာမဏေ၊ ရဟန်းပြု၍ တရားအားထုတ်ခြင်း၊ မိဘများအပေါ် မေတ္တာပွားများခြင်းများလည်း မိဘနှစ်ပါးအား သာသနာ့အမွေခံစေ၍ တရားဖြင့် အကောင်းဆုံး ကျေးဇူးဆပ်ခြင်း ဖြစ်သည်။

အရှင်သာရိပုတ္တရာသည် မိစ္ဆာအယူရှိသော မိခင်အား၊ သမ္မာအယူရှိအောင် ဆောင်ရွက်ပေးခြင်း၊ မြတ်စွာဘုရားသည်ပင် မယ်တော် တော်စပ်ဖူးသော သန္တုသိတနတ်သားအား အဘိဓမ္မာတရားဟောကြားခြင်းဖြင့် အကောင်းဆုံး မွေးကျေးဇူးပေးဆပ်တော်မူသွားကြလေသည်။

ဤမျှ ကျေးဇူးကြီးမားလှသောကြောင့် မိဘလုပ်ကျွေး ကျေးဇူးဆပ်၍ ချမ်းသာကြီးပွားသော ဖြစ်ရပ်များကို များစွာ ဟောတော်မူထားသည်။ မိဘတို့အား စိတ်ဆင်းရဲအောင်လုပ်၍၊ တမင်ပြစ်မှား၍ ယခုဘဝမှာပင် ဆင်းရဲရသူများ၊ မြေမျိုခံရသူများ၊ နောက်ဘဝတွင် ငရဲကျသူများလည်း များလှလေပြီ။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးသော်မှပင် နုစဉ်ဘဝက မိုက်မဲသော မယားစကားနားထောင်မိ၍ မိဘနှစ်ပါးကို ရိုက်နှက်မိသောကံကြောင့် ခိုးသားရိုက်နှက်ခံရ၍ ပရိနိဗ္ဗာန် ပြုတော်မူရရှာသည်။

ဆရာ့ကျေးဇူး

ကျေးဇူးရှင်မိဘနှစ်ပါးတို့၏ ကျေးဇူးဂုဏ်သည် အနန္တဖြစ်သကဲ့သို့ ဆရာသမားတို့၏ ကျေးဇူးဂုဏ်သည်လည်း အနန္တပင်ဖြစ်၏။

လောကဌ် သတ္တဝါတိုင်း လူသားတိုင်းအတွက် အရေးကြီးဆုံးမှာ အသိဉာဏ်ပညာဖြစ်၏။ ပညာသည် နားမျက်စိဖြစ်၏၊ နားနှင့် မျက်စိမရှိသူသည် အရာမဝင်သကဲ့သို့ ပညာမတတ်သူလည်း အရာမဝင်ပေ။

ထိုပညာကို ပထမဆုံးမိဘနှစ်ပါးထံမှ ဆည်းပူးကြရ၏၊ ထိုမျှနှင့် မပြည့်စုံ၊ ဆရာသမားများထံ သီးခြားသင်ယူကြရသည်။ ထိုသို့ သင်ယူကြရာဌ် ဆရာကလည်း ဆရာ့ဝတ်ကျေ၍ တပည့်ကလည်း တပည့်ဝတ် ကျေရသည်။

> "အတတ်လည်းသင် ပဲ့ပြင်ဆုံးမ သိပ္ပမချန် ဟေားရန်ဆီးကာ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ။"
>
> "ညီညာ ထကြွ ဆုံးမနာယူ လာမှကြိုဆီး ထံနီးလုပ်ကျွေး သင်ထွေးအံ့ရွတ် တပည့်ဝတ် မချွတ်ငါးခုသာ"

မြန်မာနိုင်ငံသားတို့၏ အစဉ်အလာယဉ်ကျေးမှု

ပညာရှိသူတို့သည်သာ လောကဌ္ဌ ရှေ့တန်းရောက်နေ၏။ ပညာတတ်ပေါသော နိုင်ငံသည်သာ ကမ္ဘာပေါ်တွင် အထက်ဆုံးနေရာကို ရ၏။ နည်းကောင်း၊ စနစ်ကောင်း၊ ပညာကောင်းရှိသော ဆရာကို ရမှ နည်းကောင်း၊ စနစ်ကောင်း ပညာကောင်းကို ရနိုင်၏။ ပညာကောင်းရှိလေ၊ အထက်တန်းရောက်လေ၊ ကြီးပွားချမ်းသာရလေ ဖြစ်သည်။

ထို့ကြောင့် ရှေးအခါက ဆရာသမားများထံ၌ ခြေဆုပ်လက်နယ် ဝတ်ကြီးဝတ်ငယ်ပြုလျက် အနည်းဆုံး သုံးနှစ်သုံးမိုးကျွန်သဖွယ် ဆည်းကပ်ကာ ပညာကို ရယူကြရသည်။ ဦးစွာ တပည့်ကောင်းဖြစ်မှ ဆရာကောင်းဖြစ်လာနိုင်၏။ ဆရာအချစ်ခံရသောတပည့်မှ ဆရာ့ပညာအပြည့်အစုံရနိုင်၏။ ဆရာကောင်းတပည့်မှ ပန်းကောင်းပန်ရသည်။

လူသည် မိမွေးတိုင်း ဖမွေးတိုင်းအခြေအနေ၌ အားလုံးအတူတူပင်ဖြစ်၏။ လက်ဦးဆရာနှင့် အာစရိယတို့ကြောင့် လူဆွန်လူမွန်များ ဖြစ်လာကြရသည်။ ဖယောင်း သို့မဟုတ် ပလပ်စတစ်ပမာ လိုရာပုံသွင်းလို့ရသော လူငယ်တို့၏ ဘဝကို အလှပဆုံး တန်ဖိုးအရှိဆုံးဖြစ်အောင် သွန်းထုပြုလုပ် ပေးနိုင်သူမှာ ဆရာများပင် ဖြစ်ကြသည်။

ဆရာသမားတို့၏ကျေးဇူး မည်မျှကြီးမားသည်ကို စဉ်းစားလေ အဆုံးအပိုင်းအခြား မရှိလေဖြစ်၏။ 'ဝ'လုံးရေးသင်ပေးသော ဆရာနှင့် ဘွဲ့ပေးသော ဆရာ မထူးခြား၊ အတူတူကျေးဇူးကြီးမားကြသည်ပင် ဖြစ်သည်။ ထို့ကြောင့် အိပ်ရာဝင် အိပ်ရာထ ရတနာသုံးပါးနှင့် မိဘတို့ကို ရှိခိုးကန်တော့ရသကဲ့သို့ လောကီ၊ လောကုတ္တရာ ဝိဇ္ဇာသိပ္ပ အတတ်ပညာ သင်ကြားပေးကြသော ဆရာအမျိုးမျိုးတို့ကိုလည်း ရှိခိုးကန်တော့ကြရသည်။

ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားတို့ အရိုးစွဲ၊ အသားစွဲ ယဉ်ကျေးမှုအရ အခါကြီး ရက်ကြီးများ၌ မိဘဆရာသမားတို့အား အထူးတလည် ရှိခိုးကန်တော့ကြရသည်။ ကောင်းမှုမင်္ဂလာကြီးပွားရာ ကြီးပွားကြောင်းလည်း ဖြစ်၏။ မိမိက မသိသော်လည်း ကျေးဇူးကြီးမားသူများအား ကိုယ် နှုတ်

စိတ် တစ်မျိုးမျိုးဖြင့် ပြစ်မှားခဲ့မိသော် ရှိခိုးကန်တော့ခြင်းဖြင့် ထိုအပြစ်များလည်း ပြေပျောက်၏၊ သို့မှသာ ကြံတိုင်းအောင်၍ ဆောင်တိုင်း မြောက်နိုင်သည်။

ရတနာသုံးပါး မိဘဆရာသမားတို့အား ပြစ်မှားမိသူများ မည်သည့် လုပ်ငန်းကို လုပ်လို့မျှ အပေါက်အလမ်းမတည့်၊ မကြိုးပွား၊ တွေးသမျှလွဲ၏။ လုပ်သမျှ မှား၏။ ရောဂါလည်းများ၍ ကြိုးပွားလမ်း အကုန်ပိတ်သည်။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ ရှိခိုးကန်တော့ကြရသည်။

ဆရာ့ကျေးဇူးသိပုံများ

"မိဘပြစ်မှား အဝိစိသွားသည်၊ မိဘကာပြန် မြေမျိုခံရသည်။ ဆရာကာပြန် အာလံစူးသည်"ဟု ပြောစမှတ်ပြုကြ၏။ မိဘ ဆရာပြစ်မှား၍ မျက်စိကွယ်သူ၊ နားပင်းသူ၊ မြေမျိုခံရသူ၊ လူညွှန့်တုံးသူ၊ နာတာရှည်ရောဂါစွဲသူ၊ သေခြင်ဆိုးသေသူတို့ကို ယခုအခါတွင်လည်း တွေ့မြင်နိုင်ကြသည်။

မိဘဆရာသမားကျေးဇူးသိသူတို့ကလည်း မိအို ဖအို ဆရာအို များကို ပြုစုလုပ်ကျွေးနေရသည့်အတွက် လောကအလယ် ဘဏ္ဍာတိုက်ကြီးတစ်ခု ပိုင်ဆိုင်နေသူကဲ့သို့ ဝမ်းသာအားရ ပြုစုလုပ်ကျွေးနေကြပေသည်။ လောကီဆရာမိဘ၊ လောကုတ္တရာ ဆရာ ရရှိသူတို့ကား ပြောဖွယ်ရာ မရှိပြီ။ သံသရာနှင့်ချီ၍ ကျေးဇူးကြီးတော့သည်။ ကျေးဇူးကြွေးလည်း များတော့သည်။

အရှင်သာရိပုတ္တရာသည် မိမိအား သရဏဂုံတည်အောင်၊ သစ္စာမြင်အောင် လုပ်ပေးသော အရှင်အဿဇိဆရာ သိတင်းသုံးရာအရပ်ဘက် အမြဲတမ်း ဦးတိုက်၍ အိပ်တော်မူ၏။ အယူဝါဒရေးရာ၌ ဆရာသည် ပို၍အရေးကြီး၏၊ ပို၍လည်း ကျေးဇူးကြီးလှသည်။ 'ဆရာလွဲက ငရဲကျ'ဟု ဆို၏။

ကိုရင်သာမဏေကလေး ရှင်ရာဟုလာကမူ နံနက်အိပ်ရာထသည်နှင့် သဲများကို လက်ခုပ်ဖြင့် ကျုံးယူပြီးလျှင် 'ဤသဲလုံးနှင့်အမျှ ငါ့ကို လိမ်မာအောင် ဆုံးမသည့်ဆရာများ ရပါရစေ'ဟုပင် တောင့်တသည်။ မည်သူက ဆုံးမသည်ဖြစ်စေ မငြင်းမဆန် နာခံ၏။ လိုက်နာ ကျင့်သုံး၏။

အိုးလုပ်သောသူသည် အိုးကောင်းတစ်လုံးဖြစ်လာစေရန် လက်ကိုင်တုတ်နှင့် ရိုက်ပုတ်ပြီး မလုပ်လျှင် အိုးကောင်း မဖြစ်သကဲ့သို့ ရိုက်နှက်သင့်သော အပြစ် ကျူးလွန်သူတပည့်အား ရိုက်နှက်ဆုံးမသော ဆရာသည် ပို၍ပင် ပူဇော်ထိုက်သည်။

မြတ်စွာဘုရားကလည်း "တပည့်၏ အပြစ်များကို ထုတ်ဖော်ပြောဆိုပြီး နှိပ်နှိပ်ချချ ဆုံးမသောဆရာကို ရွှေအိုးတူးဖော်ပေးသူကဲ့သို့ ကျေးဇူးတင်ဝမ်းသာရမည်"ဟု ဟောတော်မူ၏။

ဆရာ့စကား နားထောင်သူ

ဆရာ့စကားကို မြေဝယ်မကျ နားထောင်ခြင်းသည် လောကသံသရာနှစ်ဖြာ ကြီးပွား ချမ်းသာကြောင်း 'သောဝစဿတာ' မင်္ဂလာတစ်ပါးပင် ဖြစ်သည်။

ရှေးအခါက ရဟန်းငယ်သုံးပါး ဆရာဘုန်းကြီး တစ်ပါးထံ တပည့်ခံလာကြရာ ဆရာ့စကားကို မည်မျှလောက်နာယူနိုင်ကြောင်း၊ ဆရာခိုင်းသမျှ မငြင်းမဆန် နာခံမည့်အကြောင်း အားကျမခံ လျှောက်ထားကြပုံမှာ အတုယူဖွယ် ကောင်းလှသည်။

တစ်ပါးက – "ဆရာအတွက် အကျိုးကျေးဇူး တစ်စုံတစ်ရာ ရှိ၍ အသက်အောင့်ပြီး သေပေးပါဟု ဆရာက ခိုင်းလျှင် သေပေးပါမည်"ဟု လျှောက်၏။

တစ်ပါးက – "အလွန်မြင့်မား မတ်စောက်သော ကမ်းပါးထိပ်က ခုန်ချပါဆိုလျှင် ခုန်ချပါမည်"ဟု လျှောက်၏။

ဒုတိယတစ်ပါးကမူ – "ကျောက်ပျဉ်ကြမ်းပေါ် မတ်တတ်ရပ်ပြီး ခြေဖျားကဦးခေါင်းကျအောင် သွေးပါဟု ခိုင်းလျှင် တစ်ကိုယ်လုံး ပျောက်ကွယ်သွားအောင် သွေးပါမည်"ဟု လျှောက်လေသည်။

ဤကား ဆရာ့စကားမြေဝယ်မကျ နားထောင်ပုံဖြစ်၏။ ဆရာမိဘတို့သည် အပြစ်ကျူးလွန်သော တပည့်သားသမီးတို့အား အပြစ်သေးငယ်သည်ဟု မယူဆဘဲ အိုးကောင်းလိုလျှင် နာနာရိုက်ရသကဲ့သို့ ရိုက်နှက်၍ ဆုံးမသင့်သည့်အခါ ဆုံးမကြရသည်။ ထိုအဆုံးအမကို ခံယူနိုင်သော တပည့်သားသမီးတို့မှသာ ကြီးပွားနိုင်သည်။

တပည့်ကို ရိုက်နှက်၍ဆုံးမခြင်း

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးတွင် ဗြဟ္မဒတ္တကုမာရအမည်ရှိသော သားတစ်ယောက်ရှိ၏။ ထိုဗြဟ္မဒတ်မင်းသည် ဘဖြန့်ပြည့်သော မိမိ၏သားတော်ကို မာန်မာနမထောင်လွှားစေရန်၊ အချမ်းအပူဒုက္ခကို ကြုံကြုံခံနိုင်စေရန်၊ လောကဗဟုသုတ စာရိတ္တအကျင့် စရိုက်မျိုးစုံကို သိရှိစေရန် ရည်ရွယ်၍ ရေမြေရပ်ခြား တိုင်းတပါးရှိ ဒိသာပါမောက္ခဆရာကြီးထံ အတတ်ပညာသင်ကြားရန် စေလွှတ်ခဲ့သည်။

ထိုသို့ စေလွှတ်ရာ၌ မိမိ၏သားတော်အား လွှာချင်းဖိနပ်တရန်၊ ထီးတလက်နှင့် အသပြာငွေတစ်ထောင်သာ ပေးလိုက်၏။ မင်းသားငယ်သည် မိဘနှစ်ပါးကို ရှိခိုးကန်တော့လျက် ဗာရာဏသီပြည်မှ ထွက်ခဲ့လေသည်။ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ ရောက်သောအခါ ဖိနပ်ချွတ်၊ ထီးရုပ်လျက် ဆရာကြီးအား ရှိခိုးကန်တော့ပြီးနောက် မိမိလာခဲ့ရခြင်း၏ အကြောင်းနှင့် မိမိ၏ နေရပ်ဇာတိမျိုးနွယ်တို့ကိုပါ ပြောကြားသည်။

ထိုအခါ ဒိသာပါမောက္ခဆရာကြီးက ထိုနေ့မှစ၍ မင်းသားငယ်အား အတတ်ပညာများကို သင်ပေးလေ၏။ မင်းသားငယ်သည် ထိုသို့ ပညာသင်ယူနေဆဲတွင် တနေ့သ၌ ဆရာနှင့်အတူ ရေချိုးသွားစဉ် နေလှန်းထားသော နှမ်းဖျာတို့ကို တွေ့မြင်သောအခါ မနေနိုင်၍ လက်တဆုပ်စာ ကောက်ယူပြီး စားလေ၏။

ဤသို့ သုံးရက် သုံးကြိမ်တိုင်တိုင် ယူ၍စားသည်ကို နှမ်းရှင်မိန်းမအို တွေ့မြင်လျှင် ဆရာကြီးအား တိုင်ကြားရာ ဆရာကြီးက မင်းသားငယ်အား ဝါးခြမ်းစိတ်ဖြင့် ကျောက်ကုန်း၌ သုံးချက်ရိုက်လေ၏။

မင်းသားငယ်သည် ဆရာအပေါ်အမျက်ထွက်၍ မျက်ထောင့်နီဖြင့် စောစောကြည့်လျှက် 'ငါဘုရင်ဖြစ်သည့်အခါ ဤဆရာကို သတ်ပစ်မည်'ဟု ရန်ငြိုးဖွဲ့လေ၏၊ မင်းသားငယ်သည် ပညာသင်ပြီး၍ ပြန်ခါနီးတွင် "ဆရာ – ကျွန်ုပ်မင်းဖြစ်သည့်အခါ ဆရာထံလူလွတ်လိုက်ပါမည်၊ ဆရာ ဆက်ဆက် ကြွခဲ့ပါ"ဟု ဖိတ်ကြား၍ ပြန်ခဲ့လေ၏။

မင်းသားငယ်ဘုရင်ဖြစ်လာသောအခါ ဆရာကြီးထံ လက်ဆောင်များနှင့် တကွ တမန်ကို စေလွှတ်လေရာ ဒီသာပါမောက္ခဆရာကြီးသည် 'ငယ်ရွယ်သူ သည် ကျေးဇူးတရားကို မသိနိုင်သေး'ဟု သိမြင်၍ မင်းသားထံ မသွားခဲ့ချေ။ ကျေးဇူးတရားကို သိနိုင်လောက်သော အရွယ်ရောက်မှ သွားလေ၏။

မင်းသားသည် ဆရာကို မြင်လျှင်မြင်ခြင်း "သင်ရိုက်ခဲ့သည်ကို ငါမမေ့၊ ယနေ့ သင့်ကို ငါသတ်ရပေမည်"ဟု ခြိမ်းခြောက်ပြောဆိုရာ ဆရာကြီးက–

"မင်းသား ၊ လောကဌ္ဌ အပြစ်ကျူးလွန်သော သားသမီး တပည့်များကို မိဘဆရာသမားတို့က ရိုက်ပုတ်ဆုံးမခြင်းသည် ရန်ငြိုးဖွဲ့လျက် ဒေါသထွက်၍ ရိုက်ခြင်းမဟုတ်၊ လိမ္မာယဉ်ကျေးစေရန် ဆုံးမသွန်သင်ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် မိဘဆရာသမားတို့အပေါ် ရန်ငြိုးမဖွဲ့သင့်၊ သင် မင်းသားအား မပြောပလောက်သော အပြစ်ဟု ယူဆကာ နှမ်းခိုးစားမှုကိုသာ ငါ မဆုံးမခဲ့သော် တစတစခိုးဆိုးလုယက် ပြည်ရွာကိုပင် ဖျက်၍ မင်းဒဏ်သင့်ပြီး အကျိုးမဲ့ ပျက်စီးကာ ထီးနန်းကိုပင်လျှင် လက်လွတ်ခဲ့ရာ၏။ ယခု သင်မင်းသား ရနေသော ထီးနန်း စည်းစိမ်သည် ငါ့ကျေးဇူးပင် မဟုတ်လော"ဟု ပြောဆို လိုက်သည်။

အနိုးအနားတွင် ခစားနေသော ပညာရှိမှူးမတ်များကလည်း ဆရာကြီး၏ ထီးနန်းစည်းစိမ်ပင်ဖြစ်ကြောင်း ပြောဆိုကြသဖြင့် ဘုရင်ကလည်း ဆရာ့ အဆုံးအမကို နှစ်သက်ကာ ဆရာကြီးအား ထီးနန်းစည်းစိမ်ကိုပင် အပ်နှင်းလိုက်ရာ ဆရာကြီးက လက်မခံခဲ့ချေ။ ရှင်ဘုရင်လည်း ကျေးဇူးသိသော ဆရာကောင်းတပည့် ပီသစွာ တိုင်းပြည်ကို တရားသဖြင့် အုပ်ချုပ်မင်းလုပ်ခဲ့လေသည်။ (တိလမုဋ္ဌိဇာတ်)။

ဤကား ဆရာ့ကျေးဇူးသိပုံ၊ ကျေးဇူကြီးပုံ အနည်းငယ်မျှ ပြဆိုခြင်း ဖြစ်သည်။ ဆရာက ဆရာ့ဝတ္တရားကျေ၍ တပည့်ကလည်း တပည့်ဝတ္တရား ကျေမှ လောကဘဲ့ ဆရာတပည့် ဖြစ်ရကျိုးနပ်သည်။အကျိုးအပြစ်ပြဝတ္ထု သက်သေ သာဓကများ များစွာရှိ၏။

နိဂုံးချုပ်အားဖြင့် မိဘကျေးဇူး၊ ဆရာသမားများကျေးဇူး သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ မိဘဆရာသမားများ စိတ်ဆင်းရဲအောင်လုပ်သူ၊ ပြစ်မှားသူများ ယခုဘဝ၌ပင် ဆင်းရဲ၍ နောက်ဘဝ၌လည်း အပါယ်ငရဲကျရောက်မည်မှာ သေချာ၏။ မိဘဆရာသမားများအား ကောင်းစွာ ပြုစုလုပ်ကျွေးသူများ ခုရောနောင်ပါ ချမ်းသာကြီးပွားကြမည်မှာ မလွဲချေ။ ထို့ကြောင့် ကျေးဇူးသိ၍ သိသည့်အဟိုင်း ပေးဆပ်ထိုက်ပေသည်။

ဤကဲ့သို့ မိဘဆရာသမားတို့၏ ကျေးဇူးနှင့်ဆက်၍ ဖော်ပြရာ၌ မိဘရှိသူ၊ ဆရာသမားရှိသူတိုင်းနှင့် ဆိုင်၏။ ဗုဒ္ဓဘာသာကျမ်းစာက ပြဆိုမှု မပြဆိုမှုသည် အကြောင်းမဟုတ်၊ ကောင်းသောအလုပ်သည် ကောင်းကျိုးပေး၍ မကောင်းသောအလုပ်က မကောင်းကျိုးပေးသည်မှာ နိယာမပင်ဖြစ်သည်။ မည်သည့်အယူဝါဒ ရှိ-မရှိနှင့်လည်း မဆိုင်ချေ။ မီးကိုကိုင်လျှင် ပူ၍ ရေကိုကိုင်လျှင် အေးသည်မှာ လူမျိုး ဘာသာ အယူဝါဒနှင့် မဆိုင်ချေ။

ဗုဒ္ဓဝါဒသည် သဘောတရားကိုသာပြ၏။ ထိုသဘောတရားဝါဒကို လိုက်နာကျင့်သုံးရသဖြင့် အနန္တငါးပါး ကျေးဇူးမှစ၍ ရှောင်စရာ ဆောင်စရာ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ပြည့်ပြည့်စုံစုံ ယခုလို သိခွင့်ရသူ ဗုဒ္ဓဘာသာဝင်ဖြစ်ရသည်ကို ဝမ်းသာဂုဏ်ယူကြပါလေ။

ဆုံးမစာကောက်နုတ်ချက်များ

ရှင်မဟာရဋ္ဌသာရ ဆုံးမစာများ

၁။ အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကားနူတ်သက်၊ ဖက်၍မဆို၊ ရိုသေလှစေ၊ ကိုကြီးအစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့မှတ်ပါလေ။

၂။ သေတ္ထရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍၊ ရုန်းကြလေ။

၃။ တစ်ယောက်စကား၊ တစ်ယောက်နား၌မှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ။

၄။ မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကို ချုပ်ကြလေ။

၅။ သေနှင့်အရက်၊ စီးပွားပျက်ကို၊ တစ်စက်ကယ်မှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ။

၆။ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ။

၇။ နောင်သံသရာ၊ ရိက္ခာအတူ၊ ကံကျွေးဟူသည်၊ အလှူဆိုက၊ မဆုတ်ကြနှင့်၊ ရဲလှပါစေ၊ တံစက်အောက်တွင်၊ ခံသောက်အိုးတန်၊ ကျဖန်များက၊ ပြည့်ငြားသည်သာ၊ ထုံးဟောင်းစာကို ထောက်ပါလေ။

၈။ သူ၏စီးပွား၊ ငါ့စီးပွားကို၊ ထောက်ထားမိစေ၊ ကြီးလောဘကို မျှတစေ။

၉။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ မှန်လှစေ။

၁၀။ မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရွာ၍မပြတ်၊ အိမ်တွင်ဖတ်။

၁၁။ ဖတ်ပြန်သော်ကား၊ ဖတ်ပြန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်း။

၁၂။ အသုံးအဆောင်၊ အိမ်ထောင်ခမ်းနား၊ အပါးပါးကို ပြန့်ပွားလေအောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ ယောကျ်ားပီထွေ၊ ဝီရိယနှင့်၊ လုံ့လကိုလည်း ရှိလှစေ။

ရှင်မဟာသီလဝံသ ဆုံးမစာများ

၁။ ရိုင်းစိုင်းနိုးကပ်၊ မကိုင်းညွတ်ဘဲ၊ မတ်တတ်ထိုး၍ မသွားနှင့်။

၂။ မိဉီးဖဉီး၊ ဆရာဉီးကို၊ ရှူး၍အလျင် မစားနှင့်။

၃။ မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊
လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ၊ တောင်းပါကြ။

၄။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွဲဖည်မသွေ၊ နှိမ့်ချလေ။

၅။ ဗဟုသုတ၊ တတ်ပါချင်လျှင်၊ သင်သာခိုက်ကို၊ သင်လိုက်ကြ။

၆။ ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။

၇။ လိမ္မာသိတတ်၊ လောကဓာတ်၊ တတ်လိမ့်များဂုဏ်အင်။

ညောင်ပင်သာ ဦးပုည ဆုံးမစာများ

၁။ သူတပါးကို၊ ကဲ့ရဲ့လို၊ ကိုယ့်မှာရန်သူ ပေါတတ်သည်။

၂။ မော်မော်ကြွားကြွား၊ လူရမ်းကား၊ အများမချစ် မုန်းတတ်သည်။

၃။ တောင်းတတ်သောသူ၊ တောင်းမူ မပေး၊ သည်နှစ်ရေး၊ မအေးစိတ်က
မုန်းတတ်သည်။

၄။ ဆိုခွင့်ပြုခွင့်၊ သင့်မသင့်၊ နှိုင်းချင့်အခါလင့်ရမည်။

၅။ အကျယ်အကျယ်၊ မငြိမ်းဖွယ်၊ မာန်စွယ်ချုံး၍ ကျဉ်းတတ်စေ။

၆။ တံတားအို မှောင်ခိုမလျှောက်နှင့်၊
စကားဆို တောင်လိုမမောက်နှင့်၊
တံတားအို မှောင်ခိုလျှောက်က ကျိုးတတ်သည်။
စကားဆို တောင်လိုမောက်က ငြိုးတတ်သည်။

ဖိုးသူတော် ဦးနု စကားပုံ ဆုံးမစာများ

၁။ သေရည်ကိုလည်း မသောက်နှင့်၊ ရေကြည်ကိုလည်း မနှောက်နှင့်၊
သေရည်ကိုသောက်က အပါယ်ဘုံသို့ ကျတတ်သည်။
ရေကြည်ကိုနှောက်က အနည်မှုန်တို့ ထတတ်သည်။

၂။ ထင်တိုင်းလည်းနိပ်၍ မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်၊
ထင်တိုင်းနိပ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်။
ဝင်တိုင်းသိပ်၍မျိုက အန္တရာယ်များတတ်သည်။

၃။ အဟုတ်အမှန်လည်းသိမှ၊ အလုပ်အကြံလည်းရှိမှ၊
အဟုတ်အမှန်သိမှ သံသရာဘေးပ၍ အနေကြွယ်ဝမည်။
အလုပ်အကြံရှိမှ ဆန်ရှာရေးလှ၍ အခြေတည်ကြမည်။

မြန်မာ့ရှေးအစဉ်အလာ ဆုံးမစာ

၁။ ကိုယ့်ကာယကံ၊ ကိုယ့်ဆီပြန်၊ အမှန်ကြုံရမြဲ၊
၂။ ကိုယ့်ဝစီကံ၊ ကိုယ့်ဆီပြန်၊ အမှန်ကြုံရမြဲ၊
၃။ ကိုယ့်မနောကံ၊ ကိုယ့်ဆီပြန်၊ အမှန်ကြုံရမြဲ၊

ဆားတုံဆရာတော်၏ ပုတ္တောဝါဒ ဆုံးမစာ

မောင်ငယ်ရင်သွေး၊ နာဘီသေးလော့-

"ရွေးသရောခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးအားလျှင်၊
သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ၊ အိမ်မှာနေ၍၊ စာပေမကျ၊
မိဘစုတော့၊ ခန္ဓာရွေ့ဆော်၊ အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ၊
မသိပါငြား၊ သူဌေးသားသည်၊ သိုထားမတတ်၊ အရပ်ရပ်၌၊
နံ့အပ်ဥစ္စာ၊ ရှိသည်ငှာကို၊ များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ၊
ယူ၍ပြေးရောင်း၊ အိမ်ကိုရောင်း၍၊ ထောင်းထောင်းကြေလျက်၊
ခွက်လက်စွဲကာ၊ တောင်းစားပါလည်း၊ နင်သာလူမိုက်၊ ဒုစရိုက်ဟု၊
ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေသည်၊
ကောင်သေလင်းတ ကျ၏တည်း"

အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေ လက်ာ

- သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။
- ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တသက်လျာတည်း။
- ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွတ်လည်း၊ မလွတ်ကြမှာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။
- ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံး၏၊ ခိုက်ကြုံဝပါက်၊ သံသာစက်၌၊ ကြိုက်လတ်တွန်မူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည် အနီစွာ၊ ငါ့ခန္ဓာတည်း။

စာတော်ပြင်ဆရာကြီး ဦးပညာ ၏ သားချွေ ဆုံးမစာများ

၁။ နှုတ်လျှင်ချိုငြား၊ သျှိုတစ်ပါးဟု၊ စကားလူတွင်၊ ပြဲ.ပြဲ.ထင်၏။

၂။ တင့်တယ်ဆင်းဝါ၊ လှတုံပါလည်း၊ ပညာမဲ့မူ၊ လောကီလူဝယ်၊ နည်းတူပုံဆောင်၊ ရနံ့ရှောင်သား၊ အရောင်ရှိဆန်း၊ ပေါက်ပွင့်ပန်းနှင့် သဖန်းသီးမှည့်၊ ဆိုနှိုင်းရည့်လော့၊ ကိုယ်၏ရုပ်ဝါ၊ မလှပါလည်း၊ လိမ္မာသိကြား၊ ရှိတုံငြားက၊ ချယားပွင့်သေး၊ ကြိုင်ကြိုင်မွေးနှင့်၊ နက်လေးရသာ၊ ဂုဏ်သြဇာကြောင့်၊ စားငှာမငြီး၊ ပိန္နဲသီးသို့၊ မြှောက်ချီးအားရ၊ နှစ်လိုကြ၏။

၃။ ဆွေမြတ်မျိုးကြီး၊ သမီးဖြစ်လျက်၊ ရောက်ယက်ယက်လျင်၊ ကြောက်ရွံ့သရော်၊ မစောင့်ချေမူ၊ အလေအဖျင်း၊ ရိုင်းစုသွင်း၍၊ စာရင်းဦးချ၊ ကဲ့ရဲ့.ကြလိမ့်။

၄။ သားရွေဥ၊ မျက်ရှူကြေးမှဲ၊ သက်လုံးပုံကို၊ တူစုံမိဘ၊ ဝိသေသဖြင့်၊ ဆုံးမဆိုမည်၊ မောင်နားလည်လော့။ ချစ်ကြည်သောအား၊ ရင်ခွင်ထား၍၊ ကစားလိုရာ၊ ပျော်ပါးစွာလျှင်၊ အိမ်မှာသို့ပင်၊ နေစေချင်လည်း၊ မယ့်ရွေရင်နှစ်၊ ယောကျ်ားဖြစ်လျက်၊ စင်စစ်စွဲမှတ်၊ အတတ်ပညာ၊ မရှိပါက၊ ရုပ်မှာမတော်၊ ဂုဏ်ညှိုးလျော်သား၊ လေလျော်ဝန်ထမ်း၊ အမှုကြမ်းကို၊ ကြိုးပမ်းဆောင်ရွက်၊ အသက်မွေးတတ်၊ ရှိတို့တတ်၏၊ စွဲမှတ်ပညာ၊ ဝိဇ္ဇာ သိပ္ပ၊ တတ်စွမ်းကမူ၊ ဓနဥစ္စာ၊ ရတနာကို၊ ရှာလည်းရလွယ်၊ ပြည့်စုံကြွယ်၏၊ တင့်တယ်လျောက်ပတ်၊ သက်မွေးမြတ်၏။ မှတ်လော့စေ့စေ့၊ သို့ဖြစ်၍လျှင်၊ လောက်လွှ.ပညာ၊ တတ်လိမ္မာအောင်၊ ဆရာကောင်းထံ၊ နည်းနာခံ၍၊ သင်အံလေ့လာ၊ ကြိုးစားရာသည်။ ရတနာမျက်ရှူ သားရွေဥ။ ။

ကန်တော်မင်းကျောင်းဆရာတော် ဆုံးမစာများ

၁။ သူမကောင်းကိုခွာ၊ သူကောင်းကိုရှာ၊ သူတော်ဆုံးမ နာ၊ သူ့.နည်းမကျင့်ရာ၊ သူ့.ထက်စောင့်စည်းပါ၊ သူကောင်းဖြစ်စိမ့်ငှာ၊ သူချစ်ရှစ်ချပ်ကြာ။

၂။ မပေးဘဲကို မလိုလင့်၊ မမေးဘဲကို မဆိုလင့်၊ မခေါ်ဘဲကို မသွားလင့်၊ မမြိန်ဘဲကို မစားလင့်၊ မမှည့်ဘဲကို မဆွတ်လင့်၊ တိ့တ်တိတ်နေသော် ထောင်တန်၏၊ လူလိုက နတ်လိုကာ၊ လူကြိုက်က နတ်ကြိုက်ကာ၊ မပေါ့မလေး၊ မနှေးမလျင်၊ ရွေချိန်ခွင်သို့၊ မတင်မလျှော့၊ လေဖောင်ဖော့သို့၊ မလျှော့ပညာ၊ တံငါလုလင်၊မျှားကြိုးငင်သို့၊ ပညာရှိမှ ခွင့်သိသည်၊ လိမ္မာမှ စကားတတ်သည်၊ သူ့.ကျေးဇူးကိုသိမှ စည်းစိမ်တည်သည်၊ လာမည့်ဘေးကို အဝေးကမြင်မှ အသက်ရှည်ရာသည်။

၃။ ဥစ္စာကိုလိုသော်၊ အမှိုက်ကောင်းကိုရှာ၊ ကိုယ်အနာလည်းကင်းလှစေ၊ မပျင်းဝိရိယ အားထုတ်ကြ၊ မာနဟူသည့် မှန်ကင်းထွတ်ကိုချ၊

ပုညရေးလည်း ကူမစေ၊ သုံးထွေစရိုက်မျှ၊ ယစ်သမျှဆင်ခြင်လေ၊
သဘင်ကြည့်ရှု နည်းလှစေ၊ လောင်းထွေကစား မှု ပျော်မှု
ဆင်ခြင်လေ။ ။

မဟာစည်ဆရာတော်ဆုံးမစာ

မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်း ချမ်းသာကြရမည်။

တောင်ဖီလာဆရာတော်၏ ဆုံးမစာများ

၁။ ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်သည်။

၂။ သုခမိန်ဟု၊ကျော်ရှိန်နှံ့သိ၊ ပညာရှိလည်း၊ ကြီးဘိအမျက်၊ ဒေါသဖျက်သည်။

၃။ မင်းကောင်းပါလျက်၊ မင်းမြှောင်ဖျက်သည်။

၄။ သူကောင်းဖြစ်ငြား၊ မှုထားကောင်းလျက်၊ အပေါင်းဖျက်သည်။

မဃဒေဝလင်္ကာ ဆုံးမစာများ

၁။ သူ့.ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြှောက်၏။
သူ့.ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏။

၂။ ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆမရှိ၊ မသိတတ်သူ၊ လူမိုက်ဟူ၏၊
သိမှု ပဏ္ဍိ၊ ပညာရှိ။

၃။ ကံမွဲဥာဏ်နှံ့၊ မလုံ့မလ၊ နတ် မ,မဘူး။
အန္ဓဗာလ၊ လူထိုမျှတို့၊ ကံဝိရိယ၊ မယုံကြ။

၄။ ပယောဂစက်၊ ပျက်သည့်သူအား၊ လူကိုထား၍ ဘုရားသော်မှ၊
ကယ်မရ။

၅။ ပေးကမ်းလေ့ဟူ၊ မရှိသူတို့၊ နတ်, လူ, နိဗ္ဗာန်၊ ချမ်းသာမွန်ကို၊ ဇကန်ဘယ်ခါ၊ မရရာ။

၆။ မပေးမလူ၊မုန်းဆေးဟူ၏။ပေးလူတတ်သော်၊ချစ်ဆေးကျော်တည်း။

၇။ တရားမကြိုက်၊ လျှာဒုစရိုက်နှင့်၊ လူမိုက်တသောင်း၊ ချီးမွမ်းရှောင်းလည်း၊ သူကောင်းတစ်ယောက် ပြစ်တင်၊ ကြောက်လော့။

၈။ ဆရာမိဘ၊ ဆုံးမစကား၊ မလိုက်ငြားတတ်သည်း၊ ပျက်ပြားဆင်းရဲ၊ ဖြစ်မြဲဇကန်။

၉။ လောကီ ဓမ္မတာ၊ လူတို့မှာတိ၊ စဉ်လာတရား၊ ဖျက်မမှားလင့်။

၁၀။ လောဘအလို၊ လိုက်မပို့နှင့်၊ ဤကိုယ်ပျက်ပြား၊ ဘဝလားသော်၊ မယားမပါ၊ သားမပါဘူး။

ဒီဃာဝု ဆုံးမစာ

- အရှည်ကိုလည်း မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်၊
- ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်။
- ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏။

၁။ ရန်စကို မရှည်စေလင့်၊
၂။ မိတ်စကို မတိုစေလင့်၊
၃။ ရန်မလိုမှ ရန်ပြိုသည်။
၄။ ရန်လိုလျှင် ရန်ပိုတတ်သည်။

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဆုံးမစာများ

၁။ ရေကန်၌ မှော်ကိုဖယ်၍ သောက်ရေခတ်ရသည်။
၂။ မသူတော်၌ အပြစ်ဖယ်၍ ဂုဏ်ကောင်းရှာရသည်။
၃။ တုံးတံတား လျှောက်စဉ် အရပ်တပါးမကြည့်နှင့် ချောက်သို့ ကျလိမ့်မည်။
၄။ သံသရာတံတား လျှောက်စဉ် သူတစ်ပါးအပြစ်မကြည့်နှင့် သံသရာချောက်သို့ ကျလိမ့်မည်။

၅။ ရိသေစွာခစားလျှင် မင်းခစားပင် မင်းကို နိုင်သည်။

၆။ ကျင့်ဝတ်မချွတ်လျှင် တပည့်ပင် ဆရာကို နိုင်သည်။

၇။ မြင်းနိုင်လို ဇက်ဆွဲ၊ လှေနိုင်လို တက်စွဲ၊ ဆရာနိုင်လို ကျင့်ဝတ်ရိသေမြဲ၊

၈။ ပန်းပဲဆရာ အထုမခံရသော သံတုံး လက်နက်မဖြစ်။

၉။ ကျောက်ဆစ်ဆရာ အဖြတ်မခံရသော ကျောက်တုံး အရုပ်မဖြစ်။

၁၀။ ဆရာကောင်းအဆုံးအမ မခံရသောတပည့် သူကောင်းမဖြစ်။

၁၁။ သစ်ပင်ကြီးသည် ခုတ်လှဲသူကို မလဲမချင်း အရိပ်ဖြင့် အေးစေ၏။

၁၂။ နံ့သာတုံးသည် မီးရှို့သူကို မကျမ်းမချင်း အနံ့ဖြင့် မွှေးစေ၏။

၁၃။ သူတော်ကောင်းသည် ညှဉ်းဆဲသူကို သော်လည်း မသေမချင်း အကျိုးဆောင်၏။

၁၄။ တုတ် ဓားကိုင်လျှင် ခွေးဟောင်သည်၊ အစာကြွေးလျှင် အမြီးနှံ့သည်၊ ထို့ကြောင့် တုတ်ဓား အားမကိုးကြနှင့်။

၁၅။ တရားဟောတတ်လျက် အကျင့်တန်လျှင် မျောက်အုန်းသီး ရသည်နှင့် တူ၏။

၁၆။ ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမတည်သောကန်နှင့် တူ၏။

၁၇။ ပညာရှိလျက် သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့်တူ၏။

၁၈။ ကျမ်းဂန်တတ်လျက် သီလမရှိလျှင် အဆိပ်သီးပင်နှင့်တူ၏။

၁၉။ မသူတော်ကား လာဘ်ရဖို့ကြံသည်။ သူတော်ကောင်းကား တရားရဖို့ကြံသည်။

၂၀။ ပညာမှီ၍ မာန်တက်လျှင် ထိုပညာသည် ရွံဖွယ်တည်း။

၂၁။ စာတတ်လျက် မိမိကိုယ်ကို မဆုံးမလျှင် ထိုစာ ငရဲရိက္ခာတည်း။

၂၂။ သရက်ပင်ငယ် အသီးကြွယ်လျှင် ကျိုးပဲ့ဟတ်သည်၊ ကြိုးဆွဲ၍ ဝွထောက်ရမည်။

၂၃။ ရဟန်းငယ်ငယ်၊ ဂုဏ်ထူးကြွယ်လျှင် ကျိုးပဲ့တတ်သည်၊ သီလ ကြိုးဆွဲ၍ သမာဓိဝွ ထောက်ရမည်။

လုံးတော်ဆရာတော်ကြီး၏ ဆုံးမစာများ

၁၊ ကုသိုလ် ဥစ္စာ၊ ပညာသုံးခု၊ တနေ့မှမှာ၊ တခုခုကို ရအောင်ကြံ။

၂။ ကံကို ချည်းလည်း မယိုးနှင့်။

၃။ ဉာဏ်ကိုချည်းလည်း မကိုးနှင့်။

၄။ လိမ္မာတုကို ခိုး၊ ကိုယ်ကျိုးကို ရှိအောင်ကြံ။

၅။ လောဘ ခက်ထန်လျှင် စားသုံးရ၏။

၆။ ဒေါသခက်ထန်လျှင် ပစ္စပ္ပန်သံသရာ၊နှစ်ဖြာရှုံး၍၊ စုံးစုံးနစ်တတ်၏။

၇။ အကြံပင်ကောင်းသော်လည်း၊ နှောင်းလျှင် အကျိုးမရှိ။

၈။ များစွာသော ဆွေမျိုးတို့၏ အကျိုးကို မြော်ထောက်၍ တစ်ယောက်ကို စွန့်ရဲသည်။

၉။ တစ်ရွာလုံးအကျိုးကြောင့်လည်း အမျိုးကိုစွန့်ရာသည်။

၁၀။ ပြည်သူတို့အကျိုးငှာ ရွာကိုပင် စွန့်ရာသည်။

ကျည်းကန်ရှင်ကြီး၏ ဆုံးမစာများ

၁။ ကံကြမ္မာမြောက်စားမှ စီးပွားဖြစ်သည်။

၂။ အတတ်မျိုးစုံမှ ကံပေးသည်။

၃။ ပညာရှာ မာန်သာနှိမ့်ချထား။

၄။ သီလရှာ ကိုယ်သာလွန်ကြိုးစား။

၅။ သုတရှာ ပမာ သူဖုန်းစား။

၆။ ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်။

၇။ ကံရှိမှ ဥစ္စာတင်သည်။
၈။ တရားကျမ်းလာ တတ်ပါသော်လည်း အသာအယာ ပြောဆိုတတ်မှ ပညာရှိလက္ခဏာရောက်မည်။
၉။ ပညာရှိသော်လည်း ဂတိလေးပါးသို့ မကပ်ဘဲ ဓမ္မသတ်နှင့် တည့်မတ်အောင် ဆုံးဖြတ်မှ လူနတ်သာဓုခေါ်မည်။
၁၀။ တည်ကြည်ဖြောင့်မတ်မှ မကောင်းမှု ကင်းမည်။

လေကြံ့ မောင်ချို စကားပုံ ဆုံးမစာများ

၁။ အသုံးကြီးသော် မပြီးစီး၊ စကားလုံးကြီးသော် အချည်းနှီး။
၂။ ငါးတစ်ကောင်ပုပ်သော် တလှေလုံး ပုပ်သည်။
၃။ တစ်ယောက် မကောင်းသော် အားလုံး ပျက်စီးသည်။
၄။ တစ်ယောက် ကောင်းသော် အပေါင်း ချမ်းသာသည်။
၅။ တရားသိသော် အမှားကို မြင်နိုင်သည်။
၆။ ဥစ္စာရတနာ ကုံလုံကြွယ်ဝပြည့်စုံသည် မှန်စေ၊ လွှဲဒါန်း ပေးကမ်း စွန့်ကြဲခဲသည်။
၇။ ဒါန သီလ အကျိုးအပြစ်ကို အသိအမြင် အသင်အကြား ရှိသည် မှန်စေ၊ ကျင့်ဆောင်နိုင်ခဲသည်။
၈။ ပညာကိုလိုသော် မပျင်းနှင့်။
၉။ ဥစ္စာကိုလိုသော် မငြင်းနှင့်။
၁၀။ အရပ်ကို ချစ်စေလိုသော် ပေးကမ်း။

နောက်ဆက်တွဲ

ခက်ဆစ်ဝေါဟာရ အဓိပ္ပာယ်

နောက်ဆက်တွဲ

ခက်ဆစ်ဝေါဟာရ အဓိပ္ပာယ်

[အ]

အစိန္ဓေယျ = ကြံတွေးမကုန် တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊

အညတိတ္ထိယ = မြတ်စွာဘုရားသာသနာတော်မှ တပါးသော အယူရှိသော သူ၊

အနုတ္တရိပသဿနာဉာဏ် = အလိုသို့မလိုက်၊ အစိုးမရဟု ရှုမြင်တတ်သော ဉာဏ်

အနိစ္စဝိပဿနာဉာဏ် = မမြဲဟု ရှုမြင်တတ်သော ဉာဏ်

အနုလုံ = မဂ်ဉာဏ်အား လျော်သော ဉာဏ်

အပွဓေယျ = နှိုင်းယှဉ် တိုင်းတာမရသော တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊

အရူပရာဂ = အရူပဘဝကို တပ်မက်ခြင်း၊

[အာ-ဥ-ဇ]

အာစိဏ္ဏကံကုသိုလ် = အမြဲမပြတ်ပြုလုပ်အပ်သောကောင်းမှုကံ၊

ဥဇ္ဇောဒဒိဋ္ဌိ = သေလျှင် ဘဝပြတ်သည်ဟု ယူဆခြင်း၊

ဥဒ္ဓစ္စ = ပျံ့လွင့်ခြင်း

ဥပစာ = စျာန်၏အနီးဌ် ဖြစ်သော သမာဓိ၊

ဧကသာဋကပုဏ္ဏား = ဝတ်ရုံတစ်ထည်တည်းရှိသော ပုဏ္ဏား

ဧဟိဘိက္ခု = မြတ်စွာဘုရားက 'ရဟန်း လာလော့'ဟု ခေါ်လိုက်ကာမျှဖြင့် သင်္ဃန်း ပရိက္ခရာနှင့် တကွ ရဟန်းအဖြစ်ကို ရရှိသူ

[က-ဂ-စ-ဇ-ည]

ကမ္ဘာ = လူတို့ နေထိုင်ရာ မဟာပထဝီမြေကြီး၊ သြဃာသလောက၊ မဟာကပ်၊ လေးကျွန်း တမြင်းမိုရ်ရှိသော စကြဝဠာတိုက်၊

ဂေါတြဘုဉာဏ် = ပုထုဇဉ်အနွယ်ကို ဖိစီးလွှမ်းမိုး၍ အရိယာအနွယ်ကို ကြီးပွား တိုးတက်စေတတ်သော ဉာဏ်

စာမရီ = မြီးဆံအမွေးရှည်သည့် သားကောင်၊ အောင်း ဟုလည်း ခေါ်ဆိုကြ၏။

ဇောတိရသ = ထွန်းလင်းတောက်ပသော အရည်အသွေး ရှိသည့် ပတ္တမြားတမျိုး

ဇမ္ဗုဒိပ်ကျွန်း = သပြေပင်ပေါက်သော တောင်ကျွန်း

ဥယျဉ် = သိသင့်သိထိုက်သော တရား

[တ-ဒ-ဓ-န]

တက္ကတွန်း = နှစ်မျိုးနှစ်ခွ ကြံဆ၍ အယူလွဲမှားသူ

တဒင်္ဂပဟာန် = အခိုက်အတန့်မျှ ပယ်ခြင်း

တိတ္ထိ = မြတ်စွာဘုရားနှင့် ဆန့်ကျင်ဘက် အယူဝါဒ ရှိသူ

တိဟိတ်ပဋိသန္ဓေ = ဉာဏ်နှင့်ယှဉ်သော ပဋိသန္ဓေ

ဒါနကထာ = အလှူဒါနနှင့် စပ်သောစကား

ဒုက္ခဝိပဿနာဉာဏ် = ဆင်းရဲဟု ရှုမြင်တတ်သော ဉာဏ်

ဓမ္မိက ဥပါသကာ = တရားရှိသော ဥပါသကာ

နိဗ္ဗဒ္ဓအလှူ = အမြဲပြုလုပ်အပ်သော အလှူ

[ပ-ဗ-ဘ-မ]

ပဋိစ္စသမုပ္ပါဒ် = ကြောင်းကျိုးဆက်စပ်သော တရား၊

ပရိကံ = ရှေးဦးပြုလုပ် အားထုတ်ခြင်း၊

ပုထုဇဉ် = အရိယာမှ သီးခြားဖြစ်သော သူ၊
ကိလေသာ ထူပြောသူ

ဗောဓိမဏ္ဍိုင် = မြတ်စွာဘုရားပွင့်တော်မူသော နေရာ

ဘောဂသမ္ပတ္တိ = ပစ္စည်းဥစ္စာ ပြည့်စုံခြင်း

ဘွဲ့ဖြူလက်နက် = အာဠဝကဘီလူး အသုံးပြုသော အစွမ်း
ထက်သော လက်နက်

မိစ္ဆာဇီဝ = မကောင်းသော အသက်မွေးမှု

ယ-ရ-ဝ]

ယုဂန် = ယုဂန္ဓိုရ်တောင်၊ တောင်စဉ်ခုနစ်ထပ်အနက်
အတွင်းကျဆုံးတောင်။ (မြင်းမိုရ်တောင်၏
ထက်ဝက်မြင့်၍ လ, နေ တို့သွားရာအရပ်သို့
ဆိုက်ရောက်သည်။)

ယောကျ်ားနိမိတ် = ယောကျ်ား အင်္ဂါဇာတ်

ရူပရာဂ = ရူပဘဝကို တပ်မက်ခြင်း

ဝိကာရ = ဖောက်လွဲဖောက်ပြန် ဖြစ်ခြင်းသဘော

ဝိက္ခမ္ဘနပဟာန် = အချိန်ကြာမြင့်စွာ ပယ်ခြင်း

ဝိစိကိစ္ဆာ = ယုံမှားသံသယ ဖြစ်ခြင်း

ဝိဇယုတ္တရ ခရသင်း = အောင်ပွဲ၌ သိကြားမင်း အသုံးပြုသော လေမှုတ်ကိရိယာ

ဝေနေယျ = ကျွတ်ထိုက်သည့် သတ္တဝါ

ဝေမာနိကပြိတ္တာ = နတ်ပြိတ္တာ

[သ]

သက္ကာယဒိဋ္ဌိ = ငါ, ငါ့ဥစ္စာဟု ယူဆခြင်း၊ ငါစွဲ စွဲခြင်း

သဂ္ဂကထာ = နတ်ပြည်နှင့် စပ်သောစကား

သမုဒ္ဆေဒပဟာန် = အပြီးအပြတ် ပယ်ခြင်း

သရဒ္ဒါယ် = မိမိရပြီးသောစာကို အလွတ် ရွတ်ဆိုခြင်း

သဿတဒိဋ္ဌိ = ဘဝ ခန္ဓာ မြဲသည်ဟု ယူဆခြင်း

သာသနာပ = ဘုရားရှင်မပွင့်ပေါ်သော အချိန်အခါကာလ ၊ဟမ္ဟာ

သိက္ခာ = ကျင့်ဝတ်

သိန္ဒောမြင်း = ခြင်းကောင်းတမျိုး၊ ကောင်းကင် ပျံနိုင်သည့် မြင်းအာဇာနည်

သိဒ္ဓတ္ထ = ဂေါတမမြတ်စွာဘုရား၏အမည်၊ လိုအပ်သည့် အကျိုး ကျေးဇူးကို ပြီးစေနိုင်သူ

သိလကထာ = အကျင့်သီလနှင့်စပ်သော စကား

သံသရာ = တပြောင်းပြန်ပြန် ကျင်လည်ရာ